www.burmeseclassi.com

# မုန်း၍မဟု

ဂျာနယ်ကျော်မမလေး



BURMESE CLASSIC .com

www.burmeseclassi.com

THIHAYADANAR

သီဟရတနာစာပေ

အမှတ် ၁၀၀ (D) အင်းယားလမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

BURMESE CLASSIC .com

www.burmeseclassi.com

သီဟရတနာစာစဉ် - (၄၄)

# ဇွန်းချိုဓတ္တူ

# ဂျာနယ်ကျော်မမလေး

၂၀၀၃ ခုနှစ်၊ မေလ

BURMESE CLASSIC .com

www.burmeseclassi.com

**ပုံနှိပ်မှတ်တမ်း** ■ ပထမအကြိမ် (၁၉၅၅ခုနှစ်၊ ရှုမဝစာအုပ်တိုက်)
ဒုတိယအကြိမ် (၁၉၅၅ခုနှစ်၊ ရှုမဝစာအုပ်တိုက်)
တတိယအကြိမ် (၁၉၅၇ခုနှစ်၊ ရှုမဝစာအုပ်တိုက်)
စတုတ္ထအကြိမ် (၁၉၅၉ခုနှစ်၊ သီဟရတနာ)
ပဉ္စမအကြိမ် (၁၉၆၈ခုနှစ်၊ သမြေဦးစာပေ)
ဆဋ္ဌမအကြိမ် (၁၉၇၂ခုနှစ်၊ အနုပညာစာပေ)
သတ္တမအကြိမ် (၁၉၇၄ခုနှစ်၊ ဂျာနယ်ကျော်)
အဋ္ဌမအကြိမ် (၁၉၉၁ခုနှစ်၊ ယောမင်းကြီး)
နဝမအကြိမ် (၁၉၉၂ခုနှစ်၊ ပါမိုးတောင်စာပေ)
ဒသမအကြိမ် (၂၀၀၀ခုနှစ်၊ ရာပြည့်စာအုပ်တိုက်)
ဧကာဒသမအကြိမ် (၂၀၀၃ခုနှစ် မေလ)
သီဟရတနာစာပေ

**အုပ်ရေ** ■ (၁၀၀၀)

**ထုတ်ဝေသူ** ■ ဦးသိမ်းမိုး
(ယာယီ-၇၅၇)
(သီဟရတနာစာပေ)
အမှတ် (၁၀၀-D) အင်းယားလမ်း၊
ကမာရွတ်မြို့နယ်။

**မျက်နှာဖုံးနှင့်** ■ ဒေါ်ခင်အေးမြင့်
**အတွင်းပုံနှိပ်** (ရာပြည့်အော့ဖ်ဆက်)
၁၉၉ လမ်း-၅၀၊ ပုဇွန်တောင်။

**ဖြန့်ချိသောစာတိုက်** ■ သီဟရတနာ

**မျက်နှာဖုံးပန်းချီ** ■ ကိုထန်း

**စာအုပ်ချုပ်** ■ ကိုမြင့်

**တန်ဖိုး** ■ (၈၀၀)ကျပ်

BURMESE CLASSIC .com

www.burmeseclassi.com

၁။ ဂျာနယ်ကျော်မမလေး၏ သူမ
၂။ ဂျာနယ်ကျော်မမလေး၏ ရင်မှတချက်
၃။ ဂျာနယ်ကျော်မမလေး၏ မေတ္တာ
၄။ ဂျာနယ်ကျော်ဦးချစ်မောင်၏ သူ
၅။ ဂျာနယ်ကျော်မမလေး၏ နတ်ဧရေးငယ်ရွှေစာ
၆။ ဂျာနယ်ကျော်မမလေး၏ ကမ္ဘာမြေဝယ်
၇။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ဘိမ်ကြီးမာယာ
၈။ ဂျာနယ်ကျော်မမလေး၏ စိတ်
၉။ ဆောင်းဝင်းလတ်၏ လွှမ်းလောက်ပေသည်
၁၀။ ဂျာနယ်ကျော်မမလေး၏ သူလိုမိန်းမ
၁၁။ မောင်သိန်းတန်၏ သည်အရွယ်
၁၂။ မလေးသူရဲတစ်ဦး(ဦးလှဝင်း)၏ မိသဖြစ်းနှင့် အားမာန်
၁၃။ ပါရဂူ၏ ဘုရားကျောင်း တံမြက်လှည်းသမား
၁၄။ ဒေါက်တာခင်လေးမြင့်၏ ကျွန်ုပ်၏သဒ္ဓါ
၁၅။ မလေးသူရဲတစ်ဦး(ဦးလှဝင်း)၏ မှန်တိုင်း
၁၆။ ဂျာနယ်ကျော်မမလေး၏ ရွှေလင်းယုန်
၁၇။ ဂျာနယ်ကျော်မမလေး၏ ပုဂ္ဂလပညတ်
၁၈။ မြတ်ခဆွေ၏ စာရေးဆရာတို့၏ အနီးအဝေးပုံရိပ်များ
၁၉။ မင်းဆွေ၏ နာမည်
၂၀။ မိချမ်းဝေ၏ အလွမ်းပင်ဆင့် ကျွမ်းရင်နှင့်
၂၁။ ဦးလှမို၏ ရဟန္တာအစ ကောဏ္ဍည
၂၂။ လှထုစိန်ဝင်း၏ ပထမအမျိုးသမီးလမ်းထွင်သူများ
၂၃။ ဂျာနယ်ကျော်မမလေး၏ ရဲဘော်ဖခင်မှတ်တမ်း
၂၄။ မင်းဗိုင်ဦး၏ ပန်းတို့သည်လည်း ရနံ့ချင်းပြိုင်မည်နိုင်
၂၅။ ဇော်နောင်၏ အာရှမျက်လုံးများဖြင့် အနောက်ကမ္ဘာကိုကြည့်ရှုခြင်း
၂၆။ ဟိန်းလတ်၏ သိစိတ်စီးကြောင်းဖြစ်တည်မှုသစ် ပဥ္စလက်သရုပ်မှန် နှင့် စာပေအနုပညာရေးရာ
၂၇။ ဂျာနယ်ကျော်မိသားစု၏ ဂျာနယ်ကျော်စီးဆင်းမှု

www.burmeseclassi.com


၂၈။ ငွေဥဒေါင်း၏ ဟေဝရာမာင်လင်ကွန်း
၂၉။ ဒဂုန်တာရာ၏ မေ
၃၀။ နတ်နွယ်၏ ရင်သွေးနှင့် မိုရေးဗီးယား ဝတ္ထုတိုများ
၃၁။ ဂျာနယ်ကျော်မမလေး၏ သုခုမအနုပညာရှင်
၃၂။ ဂျာနယ်ကျော်မမလေး၏ အမြွှာ
၃၃။ ချစ်ဦးညို၏ လက်ဘီပချစ်သူ
၃၄။ ဂျာနယ်ကျော်မမလေး၏ တွေးတာစိမ့်စိမ့်
၃၅။ မဆုံဖြစ်ကြသူများ
၃၆။ လူထုဒေါ်အမာ၏ ငွေနှင့်လက်နက်
၃၇။ ဒဂုန်တာရာ၏မြိုင်
၃၈။ ငွေဥဒေါင်း၏ နိုတ်စပီးယား ဝတ္ထုတိုများ
၃၉။ မိချမ်းဝေ၏ လှိုင်းနှစ်ထပ်ပင်လယ်
၄၀။ လူထုစိန်ဝင်း၏ အရှေ့ကိုမျှော်၍ အနောက်ကိုကြည့်ခြင်း
၄၁။ မြသန်းတင့်၏ ကံကောင်း
၄၂။ ချစ်ဦးညို၏ သုဝဏ္ဏဘုမ္မိဝေဒနာ
၄၃။ မင်းသုဝဏ်၏ ပန်းနှင့်ပင်စည်


မှန်းမှီမဟူ

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


၄၅။ ဆောင်းဝင်းလတ်၏ မီးပြတိုက်
၄၆။ အောင်သေး၏ အေးမြမြမီးလျှံ
၄၇။ မင်းဆွေ၏ မနိုင်ငံ
၄၈။ မြသန်းတင့်၏ အညတရရုပ်ပုံလွှာ
၄၉။ ဟိန်းလတ်၏ ကမ္ဘာကျော်စာရေးဆရာများနှင့် သူတို့၏စာများ
၅၀။ မန္တလေးမိမိကြီး၏ သားသနားမြူးပုံရိုက်ကျော် မန္တပါလ
၅၁။ ဒဂုန်တာရာ၏ စန္ဒရားဆရာ (သို့) မဟာအချစ်
၅၂။ ဒဂုန်တာရာ၏ စိမ်းမြစရာ
၅၃။ ကျော်ဝင်း၏ လူများဖြစ်ရပ်များတွေ့ရှုချက်များ
၅၄။ မောင်ဝံသ၏ ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏ နိုင်ငံရေးစီးပွားရေး
မြင်ကွင်းကျယ်လေ့လာချက်
၅၅။ ဂျာနယ်ကျော်မမလေး၏ ဆွေး
၅၆။ ဂျာနယ်ကျော်မမလေး၏ မြန်မာ့ဆေးပညာ
၅၇။ လူထုဒေါ်အမာ၏ သက်တန့်ရောင်
၅၈။ ဝသုန်၏ သားကလေးအမည်မသိနှင့် ဝတ္ထုတိုများ


BURMESE CLASSIC .com

www.burmeseclassi.com

# ဂျာနယ်ကျော် မမလေး [၁၉၁၇ – ၁၉၈၂]

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့ ကမာကလူကျေးရွာ၌ အဖ ဒေါ်ဆင်ဘတ် မန်နေဂျာ ဦးပုချို၊ အမိ ဒေါ်ကျွဲတို့က ၁၉၁၇ ခု ဧပြီလ ၁၃ ရက် သောကြာနေ့တွင် မွေးဖွားသည်။ မွေးချင်း ငါးဦးအနက် စတုတ္ထမြောက်ဖြစ်သည်။ အမည်ရင်း မတင်လှိုင် ဖြစ်သည်။

၁၉၂၂ ခုတွင် ဖျာပုံအေဘီအမ်ကျောင်း၌ ကျောင်းစနေခဲ့သည်။ ဘိုကလေးမြို့ အစိုးရကျောင်းမှ ၁၉၂၇ ခုတွင် သတ္တမတန်းအောင်သည်။ ထို့နောက် ရန်ကုန်မြို့ မြို့မ အမျိုးသမီးကျောင်း၌ နဝမတန်း (၁၉၃၂)အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၆ ခုတွင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်သည်။ ၁၉၄၆ ခု ဧပြီလ ၃ ရက်တွင် ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်၍ သားနှစ်ဦးနှင့် သမီးတစ်ဦး ကျန်ရစ်ခဲ့သည်။ ၁၉၅၅ ခု မေလ ၁၄ ရက်တွင် ဦးအောင်စေယျနှင့် အိမ်ထောင်ပြုသည်။

ဘိုကလေးမြို့ တိုးမောအစည်းအရုံးတွင် အဖွဲ့ဝင်နှင့် ဘာက်ဆေတ်အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ (၁၉၃၆–၃၇)၊ ဂျာနယ်ကျော် ထုတ်ဝေသူ၊ ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင် သတင်းစာ အယ်ဒီတာ (၁၉၃၉)၊ အမျိုးသမီး ကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင်မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ (၁၉၄၇)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၄၈–၄၉)၊ မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ် အတွင်းရေးမှူး (၁၉၆၁–၆၂) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တရုတ်နှင့် ဆိုဗီယက်သို့ ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင် (၁၉၅၂)၊ အာရှတိုက် စာရေးဆရာများ ကွန်ဖရင့် [နယူးဒေလီ] (၁၉၅၆)၊ အာရှပြည်ဆန့်ကျင်ရေး ကွန်ဖရင့် [ဂျပန်] (၁၉၅၈)၊ ဂျပန်ဘာသာပြန် "သွေး" ဝတ္ထုအတွက် ဂုဏ်ပြုမိတ်ကြားခြင်း [ဂျပန်] (၁၉၈၀) စသည်ဖြင့် နိုင်ငံရပ်ခြားသို့ သွားခဲ့သည်။ ပုဂ္ဂိုလ်ရေး 'ပန်းဓာ' တစ်စောင်ကို ဖတ်ပြန်စောင်းပေါ်ရေးရာမှ သတင်းစာတိုက်နှင့် ဆက်သွယ်မိပြီး စာပေနယ်ထဲ ရောက်ခဲ့သည်ဆို၏။ "အမျိုးသမီးများ "အကြီးသတ်"ဥာဏ် ရှိကြရန်" (မြန်မာ့အလင်း၊ ၁၉၃၆–၃၇)သည် ပထမ ပုံနှိပ်ဆောင်းပါးဖြစ်သည်။ ပထမ ပုံနှိပ်ဝတ္ထုမှာ "မသိရလေခြင်း" [ဂျာနယ်ကျော်၊ ၃၁–၅–၁၉၄၁]ဖြစ်သည်။ ထင်ရှားသော စာအုပ်များမှာ သူမ(၁၉၄၅)၊ သူလိုလူ(၁၉၄၇)၊ သူ့ကိုမိန်းမ(၁၉၄၈)၊ မွန်ကြီး(၁၉၄၈)၊ စီတန်(၁၉၅၁)၊ ကမ္ဘာမကြေတော့(၁၉၅၂)၊ မုန်းရွာမဟု (၁၉၅၅)၊ တွေးတာမိန်ဖိန်(၁၉၆၃)၊ လူတစ်ယောက်မှ(၁၉၆၅)၊ ရင်နှင့်အသောင်မေ(၁၉၆၇)၊ ရင်မှတကြိတ်(၁၉၇၀)၊ သွေး(၁၉၇၃) တို့ဖြစ်ကြ၏။ မုန်းရွာမဟုဖြင့် ၁၉၅၅ ခု စာပေဗိမာန်ဆု၊ တွေးတာမိန်ဖိန်ဖြင့် ၁၉၆၃ ခု အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆု) ရရှိခဲ့သည်။ နိုင်ငံခြားဘာသာသို့ ပြန်ဆိုခဲ့သည်များမှာ မြတ်ကာလလေတစ်စင်း(ဂျပန်–၁၉၆၈)၊ တွေးတာမိန်ဖိန်(ရုရှ–၁၉၇၄)၊ သွေး(ဂျပန်–၁၉၇၇)၊ မုဆိုးမ(အင်္ဂလိပ်)၊ မုန်းရွာမဟု(ရုရှ၊ ဥဇဘက်၊ ပြင်သစ်၊ တရုတ်၊ အင်္ဂလိပ်)တို့ ဖြစ်ကြသည်။

ဂျာနယ်ကျော် မမလေး၏ ကလောင်ခွဲများမှာ ရတနာလှိုင်၊ လှတင်နိုင်၊ ဘိုကလေး မတင်လှိုင်တို့ ဖြစ်ကြသည်။ စာရေးဆရာ သတင်းစာဆရာ အဖြစ်သာမက တိုင်းရင်းဆေးပညာရှင် အဖြစ်လည်း ထင်ရှား၏။ ဆေးပညာဆောင်းပါးများ(၁၉၆၂)၊ [မြန်မာ့ဆေးပညာ–၁၉၆၇]ကို ပြုစုခဲ့သည်။ ၁၉၈၂ ခု ဧပြီ ၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

BURMESE CLASSIC .com

www.burmeseclassi.com

# LA MAL AIMÉE

## Journal-Gyaw Ma Ma Lay

Traduit du birman
par Jean-Claude Augé
et Khin Lay Myint



Lettres Asiatiques


Birmanie

L'Harmattan

Jean Claude Auge Dr. Khin Lay Myint

BURMESE CLASSIC .com

www.burmeseclassi.com





Margaret Aung Thwin ဘာသာပြန်ဆို၍
Willam H.Frederik တည်းဖြတ်ပြီး
Ohio University မှ အင်္ဂလိပ်ဘာသာဖြင့်
၁၉၉၃-ခုနှစ်တွင် ထုတ်ဝေခဲ့သည့် စာအုပ်မျက်နှာဖုံး

www.burmeseclassi.com

Дженечо Ма Ма Лей

# ДВЕ ЖИЗНИ

V.D.Mazo ... G.P.Popov ...
(Science Academy) ...



BURMESE CLASSIC .com

www.burmeseclassi.com

# BUSHIHEN



# 不是恨

东方文学作品选·（缅甸）加尼娃·玛玛礼著

ကိုဖွန့်မှန် နှင့် လောင်းဝင်းထိုက Bu shi hen အမည်ဖြင့် တရုတ်ဘာသာသို့
အရှေ့တိုင်းစာပေလက်ရွေးစင်များ စာစဉ်တွင်ထည့်သွင်း၍
၁၉၈၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် စာအုပ်မျက်နှာဖုံး

BURMESE CLASSIC .com

www.burmeseclassi.com

# အမှာ

စိန်ကောင်းကျောက်ကောင်း ရောင်းရာ၌ ဆေးရိုးသည်က ကန့်လန့်ကန့်လန့် လုပ်သလို ဤ၀တ္ထု၌ ကျွန်တော်က အမှာစာ မရေးချင်ပါ။

သို့သော် ရှုမ၀မဂ္ဂဇင်း၌ ၀တ္ထုရှည်အဖြစ် ထည့်သွင်းခဲ့ရာ၌ တစ်လနှင့် အပြီးမသတ်၊ နှစ်လနှင့်လည်း မပြီးမသတ်ဘဲ စာအုပ်လုံးချင်းကျမှ 'မုန်း၍မဟူ'ကို အပြီးဖတ်ပါတော့ဟူ၍ လေပြေထိုးခဲ့ရသဖြင့် ရှုမ၀ ပရိသတ်ကြီးက မကျေမနပ် ဖြစ်ကြရသော အချက်ကလေးကိုကား တင်ပြရှင်းလင်းလိုပေသည်။

စင်စစ်အားဖြင့် 'မုန်း၍မဟူ'ကို မမလေးသည် သူ့ကိုယ်ပိုင်ထုတ်ဝေသည့်ဌာနမှ လုံးချင်းအဖြစ် မူလကတည်းက ထုတ်ဝေလိုခဲ့ပေသည်။ တစ်ပါးသူ၏ မဂ္ဂဇင်းသို့ ရေးသားပေးခြင်းကား မပိုင်ဝက်မွေးနှင့် တူလှ၏။ မိမိ ထင်သလို ရေးသားနိုင်သော နေရာ ရချင်မှ ရပေမည်။ မိမိ ကိုယ်ပိုင်တိုက်၌ကား စာမျက်နှာ များချင်သမျှများ၊ အချိန် ယူချင်သမျှယူ၊ ရိုက်နေတုန်း တန်းလန်း၌ပင် ပြင်ချင်ပြင်၊ ဖြတ်ချင်ဖြတ်၊ ဖြည့်ချင်ဖြည့်၊ စိတ်ရှိလက်ရှိ ထင်တိုင်းကြဲနိုင်ပေသည်။

**သီဟရတနာ စာပေ**

BURMESE CLASSIC .com

www.burmeseclassi.com



တစ်ပါးသူ တိုက်မှာကား စာမူကို စ၍ ပေးလိုက်မိသည်နှင့် တစ်ပြိုင်နက် ကျားလိုက်သလို အပြေးအလွှား ရေးနိုင်မှ နံနက်တစ်သွယ်၊ နေ့လယ် တစ်ချည်၊ နေရီရီ တစ်ဝ၊ ညဘက်လည်း မရှောင်၊ သန်းခေါင်အရောက် အခေါက်ခေါက် အခါခါ စာမူကို အလီလီအလာလာ တောင်းတတ်သည့်ဘေးမှ ကင်းဝေးနိုင်မည် ဖြစ်လေသည်။

ဤနေရာ၌ ကျွန်တော်တို့ မြန်မာစာရေးဆရာများ၏ အလေ့အကျင့်ကလေးများကို နည်းနည်းပါးပါး ပြောပြချင်ပါသည်။

စာရေးဆရာ ဖြစ်ချင်၍ စာရေး၏၊ စာရေး၍ စာရေးဆရာဖြစ်သည်ဟု အများက အသိအမှတ်ပြုကာ ထောမနာ ဩဘာပေးလာကြသောအခါမှာကား စာရေးဆရာဆိုသူ ခမျာ များမှာ စာမရေးနိုင်သော ရောဂါနှင့် တိုးတတ်ကြလေသည်။

ရေးမည်ကြံလျက် စိတ်ကူးမထွက်။

စိတ်ကူးရလျက် လက်က မသွက်။

စိတ်ရောလက်ပါ သွက်လက်လာပြန်သော အခါ၌လည်း အနှောင့်အယှက်များက ပေါ်လာတတ်ပြန်သည်။

ဧည့်သည်က မနည်း၊ အစည်းအဝေးက မျိုးစုံ၊ လမ်းကြုံရင်း ဝင်၍ လေကန်သူက ကန်၊ စာရှု ချစ်ဆွေများထံက ပေးစာများ ပြန်ကြားရသည်က တစ်ပုံတစ်ခေါင်း၊ အမှတ်တရ သိမ်းထားဖို့ တစ်ကြောင်း နှစ်ကြောင်းလောက် ရေးပြီး လက်မှတ်ကလေး ပေးစမ်းပါဦးဟု ဆိုလာသူက ဆို။ ကလောင်ကို လက်ကချပြီး အလဟဿ အချိန်ဖြုန်းကြရသည်မှာ နာမည်ကျော် စာရေးဆရာ အားလုံးလိုလို ဖြစ်၏။



BURMESE CLASSIC .com

www.burmeseclassi.com



သို့မို့ကြောင့် စာမူတစ်ခုကို အစအဆုံး နိဂုံးကမွတ် အပြီးသတ်နိုင်ကြသည်က ခပ်ရှားရှား။ ဖူးစကတ်စက္ကူ ၄၊ ၅ ရွက်လောက် စာမူကို တစ်ကြိမ်တည်းရလျှင် ထုတ်ဝေသူများမှာ ထကရမလောက် ဝမ်းမြောက်ဝမ်းသာ ရှိကြရပေတော့သည်။

ဒီကနေ့ သုံးရွက်၊ နက်ဖြန်ခါ နှစ်ရွက်၊ သန်ဘက်ခါ ဆက်သွားဦးမှ၊ ဖိန်းနွှဲခါကျလျှင် အဆုံးသတ် ရတန် ကောင်းပါရဲ့ ဟူသော ဆုတောင်းခန်းပျို့ကို ရွတ်လို့ မကုန်နိုင်ပါ။

ချွင်းချက်ကား ရှိ၏။ အစအဆုံး ပေးတတ်သော စာရေးဆရာလည်း ရှိ၏။ သို့သော် အလွန့်အလွန် လူနည်းစုမျှသာ။

ဤနည်းအားဖြင့် မဂ္ဂဇင်းတစ်စောင်သည် တစ်လအတွင်း ရက်ကန်း ရှယ်သလို စာရေးဆရာနှင့် ပုံနှိပ်စက်၊ ပုံနှိပ်စက်နှင့် စာရေးဆရာ သံသရာလည်၍ နေကြရပေသည်။

ဤနည်းအားဖြင့် မမလေး၏ ‘မုန်း၍မဟူ’ သည် ရှုမဝမဂ္ဂဇင်းတွင် ဝတ္ထုအဖြစ် ရောက်လာခဲ့ရလေသည်။ ရေးသူကရေး၊ အပြေးအလွှား ယူသူက ယူ၊ စီသူက စီ၊ ရိုက်သူက ရိုက်နှင့် မဂ္ဂဇင်း နောက်ဆုံးဖောင်သို့သာ ဆိုက်လာတော့၏။ ဝတ္ထုကား တစ်ဝက်ပင် မကျိုးသေး။

သို့ကြောင့်ပင်လျှင် နောက်လ ဆက်ဖတ်ပါဟု ညွှန်းရလေတော့သည်။

နောက်လကျတော့လည်း ထိုနည်းလည်းကောင်း၊ ဇာတ်ကား မပေါင်းနိုင်သေးချေ။

စာရေးဆရာနှင့် ထုတ်ဝေသမား၊ တကာတဲ စကားများကြလေတော့၏။

www.burmeseclassi.com



စာရေးဆရာက နောက်ထပ် စာမျက်နှာ တောင်း၏။ ကိုရွှေထုတ်ဝေသူက ခေါင်းသာ တွင်တွင်ခါလေသည်။ အချိန်က မရ၊ လစဉ်လို စာမျက်နှာ ထူလပျစ်ကြောင့် ထုတ်ဝေသူတွေ 'ဘူ' ဖြစ်ရမည့်ကိန်း ကြုံနေရကြောင်းဖြင့် တောင်းပန်လေသည်။

ယင်းသို့ဖြစ်လျှင် စာရေးဆရာက စာမျက်နှာ ငဲ့ရသော မဂ္ဂဇင်း၌ နောက်တစ်လ မဆက်ချင်၊ လုံးချင်းစာအုပ်သာ ထုတ်ဖို့ ပြင်ပါတော့ဟုဆိုကာ ဆန္ဒပြ ကလောင်မှောက်သဖြင့် တစ်ပိုင်းတစ်စနှင့် ဖြတ်တောက်ကာ ရပ်ထားခဲ့ရပါသည်။

ဤသည်လျှင် မဂ္ဂဇင်း နှစ်ကြိမ်ဆက် ဝတ္ထုမှ ထွက်ပေါ်လာရသော "မုန်း၍မဟူ" လုံးချင်းဝတ္ထု၏ ပင်မအကြောင်းခံ အစစ်အမှန် ပါပေတည်း။

မေးသူများကို အပြစ်မထားလိုပါ။ ကျွန်တော်တို့၏ ယိုယွင်းချက်များသာ ဖြစ်သည်ဟု ဝန်တာခံလျက်၊ ဤ 'မုန်း၍မဟူ' ဝတ္ထုကြီးကို စာမျက်နှာ များများနှင့် အရှုံးဘက်ချိန်ခွင်လျှာသွားနေသည်ကို ၂ ကျပ်တည်းထားကာ ဆက်သလိုက်ပါပြီ။

စာရှုသူအများ ကျေနပ်အားရ နှစ်သိမ့်ဆုပါစေသော်။

**မောင်ကျော်(၂၉-၉-၅၅)**

---

* ပထမအကြိမ် ပုံနှိပ်စဉ်က ထုတ်ဝေသူ၏အမှာဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassi.com

# အမှာ

'မုန်း၍မဟူ'ဝတ္ထုကား ရှုမဝစာတည်းအဖွဲ့သမိုင်းတွင် မှတ်တမ်းတင်အပ်သော ဝတ္ထုတစ်ပုဒ် ဖြစ်လေသည်။

ဂျာနယ်ကျော် မမလေးသည် 'မုန်း၍မဟူ' ဝတ္ထုကို မူလရေးစက ၁၉၅၅ ခုနှစ်၊ မေလထုတ် ရှုမဝမဂ္ဂဇင်းတွင်မဂ္ဂဇင်း ဝတ္ထုရှည်ကြီး စ ဆုံး အဖြစ် ရေးခဲ့၏။ ရေးရင်းရေးရင်း လက်တွေ့လှသဖြင့် မေလထုတ်နှင့် မဆုံးနိုင်သေးဘဲ ဇွန်လထုတ်တွင် ဆက်လက်၍ 'မုန်း၍မဟူ' ဇာတ်သိမ်းအဖြစ် ဆက်လက်ဖော်ပြခဲ့ရ၏။ သို့သော် ဇွန်၌လည်း 'မုန်း၍မဟူ' ဇာတ်မသိမ်းနိုင်ခဲ့။

ရှုမဝ စာတည်းအဖွဲ့ဝင်တို့မှာ ထိုစဉ်အခါက မဂ္ဂဇင်းအားလုံး အညီအညွတ် ဆုံးဖြတ်ထားသော စာမျက်နှာ ၂၆၀ ထက် ကျော်လွန်၍လည်း မဖြစ်နိုင်ခဲ့။ လဆန်းတစ်ရက် အမီထွက်နိုင်အောင် စီစဉ်ရသည်က တစ်ကြောင်းကြောင့် ဝတ္ထုကို အချိန်မီ အဆုံးသတ်ရန် ဂျာနယ်ကျော်မမလေးထံ နှိုးဆော်ခဲ့ရ၏။

**သီဟရတနာ စာပေ**

BURMESE CLASSIC .com

www.burmeseclassi.com



စာရေးဆရာမှာ လက်တွေ့က စာမျက်နှာ ရေးချင်သလောက် အကန့်အသတ်မရှိ ရေးတတ်၏။ အချိန်ကိုလည်း စိတ်မှာပါသော အခါမှသာ ရေးသဖြင့် မေလ၌ စသော ဝတ္ထုကို ဇွန်လ၌ဆုံးမည်ဟု အတိအကျ မပြောနိုင်ခဲ့။ရေးချင်သောအချိန်တွင် ရေး၍ အဆုံးသတ်ချင်သော အချိန်တွင်မှ အဆုံးသတ်တတ်၏။ ထို့ကြောင့် ကျွန်ုပ်တို့မှာ စာရေးဆရာအား သဘောရှိ ရေးချင်သလို မရေးနိုင်အောင် ချုပ်ချယ်ထားသကဲ့သို့ဖြစ်ရသည်ကိုလည်း စိတ်ပျက်ကြရ၏။ ဂျာနယ်ကျော်မမလေး အနေဖြင့် မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် နှစ်ပတ်ဆက်၍ ထည့်ရသည့်တိုင် ဝတ္ထုမှာ တစ်ဝက်ခန့်သာ ရှိနေသည် ဆို၏။ ထိုမှ စာရေးသူနှင့် တည်းဖြတ်ထုတ်ဝေသူတို့ အကြိမ်ကြိမ် ဆွေးနွေး ငြင်းခုံ ပြီးသည့်အဆုံး၌ 'မုန်း၍မဟူ'ကို မဂ္ဂဇင်းဝတ္ထုရှည်အနေဖြင့် နှစ်လမျှသာ ထည့်၍ ရပ်ထားပြီးနောက်၊ ကျန်ဝတ္ထုတစ်ဝက်ကို စာရေးသူ၏ စိတ်တိုင်းကျ ဆက်လက်ရေးသားကာ လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ရလေသည်။ ထိုလုံးချင်းစာအုပ်တွင်မှ မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် ရေးခဲ့သောကြောင့် ရှေ့ပိုင်း၌ ချုံ့ခဲ့ရသမျှတို့ကိုလည်း ပြန်လည်ဖြည့်စွက်၍ ရေးရလေတော့သည်။

ကျွန်ုပ်တို့ စာတည်းအဖွဲ့ အနေဖြင့်ကား စာရေးဆရာနှင့် ပူးပေါင်း၍ စားပေါက်ထွင်သည်ဟု စာဖတ်သူတို့၏ အပြစ်တင်ခြင်းကို ခံခဲ့ရလေသည်။ သို့သော် . စာဖတ်သူတို့ မကျေနပ်မှုကို စာရေးသူအား စိတ်ရှိလက်ရှိ ရေးခွင့် ပေးခြင်းအားဖြင့် ဖြေသိမ့်ခဲ့ရ၏။ နောက်ဆုံး ဝတ္ထုထွက်လာသော အခါတွင်မှ စာဖတ်သူတို့၏ မကျေနပ်မှုကို ကျေနပ်လာစေရမည်ဟု သဘောထားခဲ့ရ၏။

သို့နှင့် 'မုန်း၍မဟူ' သည် လုံးချင်းဝတ္ထုအဖြစ်သို့

www.burmeseclassi.com



ရောက်ခဲ့ရ၏။ ဂျာနယ်ကျော်မမလေး စိတ်တိုင်းကျ ရေးရသော ဝတ္ထုပီပီ ပရိသတ် အသည်းစွဲ ဖြစ်ခဲ့ရ၏။ ဝတ္ထုစာအုပ် ထွက်ပြီး တစ်လအတွင်းမှာပင် ဒုတိယအကြိမ် ထမ်မံ ရိုက်နှိပ်ခဲ့ရ၏။

ထို့မျှမကသေး. . မြန်မာနိုင်ငံ ဘာသာပြန်စာပေ အသင်းကြီးမှလည်း ၁၉၅၅ ခုနှစ်ထုတ် ဝတ္ထုများအနက် အကောင်းဆုံးဝတ္ထုအဖြစ် ဆုံးဖြတ်ကာ စာပေဗိမာန်ဆုကို ပေး၍ ဆုရွေးချယ်ရေး ကော်မတီမှလည်း အောက်ပါအတိုင်း မှတ်ချက် ချလေသည်။

**'မုန်း၍မဟူ' ဝတ္ထုတွင် ဇာတ်လမ်းမှာ ရိုးရိုးပင် ဖြစ်ပေသည်။ သို့သော် စေတနာအပြည့် ရှိလင့်ကစား အမြင်တူမှု၊ လိုက်လျောနိုင်မှုတို့ မများသောကြောင့် အဆင်မပြေ ဖြစ်ရသော အိမ်ထောင်ရေးဘဝတစ်ခုကို တင်ပြထားလေသည်။ ထိုဝတ္ထုတွင် ဘဝလေ့လာမှု၊ ဘဝအမြင် ရှိမှုတို့လည်း ပါဝင်၍ ရသပေါ်အောင် သရုပ်ဖော်နိုင်သော အစွမ်းလည်း ပါရှိလေသည်။**

**ရှုမဝစာတည်းအဖွဲ့**

---

* တတိယအကြိမ် ပုံနှိပ်စဉ်က ရှုမဝစာတည်းအဖွဲ့၏အမှာဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassi.com

# ဂျာနယ်ကျော်မမလေး၏အမှာ

'မုန်း၍မဟူ' ဝတ္ထုကို စာပေဗိမာန် ဆုရပြီးသည့် နောက်ပိုင်း၌ ဖတ်ရှုလိုသော စာဖတ်ပရိသတ်များ ဝယ်မရ ဖြစ်နေကြသည်။ ဤဝတ္ထုမှာ ပထမအခန်းဆက် ဝတ္ထုအနေဖြင့် ရှုမဝမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့ပြီးနောက်၊ လုံးချင်းဝတ္ထုအဖြစ် ဖြည့်စွက် ရေးသားကာ ရှုမဝတိုက်မှပင် ထုတ်ဝေဖြန့်ချိခဲ့ပေသည်။ လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေဖြန့်ချိခဲ့စဉ်က တစ်လအတွင်းမှာပင် နှစ်ကြိမ် ပြန်လည် ရိုက်နှိပ်ခဲ့ရသည်။ နောင် စာပေဗိမာန်မှ ဆုရသည့်အခါတွင် ထပ်မံရိုက်နှိပ်ရပြန်သဖြင့် တတိယအကြိမ်အထိ ရိုက်နှိပ်ခဲ့သည်။

ရှုမဝတိုက်မှ ဤစာအုပ်ကို စတုတ္ထအကြိမ် ထပ်မံရိုက်နှိပ်ရန် ဆန္ဒရှိသော်လည်း၊ အကြောင်းမညီညွတ်၍ နှောင့်နှေး ကြန့်ကြာနေပေသည်။ ဤစာအုပ်ကို မဖတ်ရသေးသော ပရိသတ်များက စာရေးသူအား ထပ်မံရိုက်နှိပ်ရန် တိုက်တွန်း တောင်းဆိုကြသဖြင့်၊ ရှုမဝတိုက်၏ သဘောတူညီချက်ဖြင့် စာရေးသူကိုယ်တိုင် ထုတ်ဝေဖြန့်ချိ လိုက်ရပေသည်။ ယင်းသို့ ပြန်လည် စက်တင်ပုံနှိပ်ရန် ကြိုးပမ်းရာ၌ ရှားပါးနေသော စာအုပ်ကိုပင် လိုက်လံ ရှာဖွေပြီးမှ ထုတ်ဝေဖြစ်နိုင်ခြင်း ဖြစ်ပေသည်။

ယခုအကြိမ် 'မုန်း၍မဟူ'ကို ထုတ်ဝေ ဖြန့်ချိလိုက်ရာတွင် တောင့်တနေကြသော စာဖတ် ပရိသတ်များအတွက် ဆန္ဒပြည့်ဝသွားစေနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

ဂျာနယ်ကျော်မမလေး

---

* စတုတ္ထအကြိမ် ပုံနှိပ်စဉ်က စာရေး၏အမှာ ဖြစ်သည်။

www.burmeseclassi.com

# ငါးမည်ရ 'မုန်း၍မဟူ'

ဆရာမကြီး ဂျာနာကျော်မမလေး၏ မူရင်း 'မုန်း၍မဟူ' မြန်မာဝတ္ထုကို ၁၉၅၅ ခု၊ မေလ ရှုမဝမဂ္ဂဇင်း အတွဲ(၈)၊ အမှတ်(၉၆)တွင် ဖော်ပြခြင်း ခံရပြီးနောက်ရှုမဝတိုက်က ပင် ပထအကြိမ် လုံးချင်း ထုတ်ဝေခဲ့ပါသည်။

နောက်ခံအကြောင်းမှာ ဗြိတိသျှ အုပ်စိုးစဉ်ကာလ ကဘိလပ်ယဉ်ကျေးမှုကို အလွန်အထင်ကြီးပြီးဘိလပ် သားလိုတွေးခေါ်နေထိုင်သူခင်ပွန်းယောက်ျားနှင့်မြန်မာ့ ယဉ်ကျေးမှုကို စံထားလိုက်နာသော မိသားစုမှပေါက်ဖွား သည့်ဇနီးသည် အမျိုးသမီးတို့၏ ယဉ်ကျေးမှု ဝိရောဓိကို စူးရှစွာ ဖော်ပြထားပေသည်။ ဤသို့ စရိုက်မတူသော အိမ်ထောင်ရေး တည်ဆောက်မှုနှင့် 'မေတ္တာ လွန်ချော်မှု' ကြောင့် မွန်းကျပ်သည့် ဘဝသို့ ရောက်သွားရရှာသည့် ဇာတ်ကောင်တစ်ဦး၏ ရင်နင့်ဖွယ်ရာ အဖြစ်ကို၊ စာအုပ် မျက်နှာဖုံးတွင် ဖော်ပြထားသည့် ပေါင်းချောင်ကလပ် အတွင်းမှ နှင်းဆီပွင့်တစ်ပွင့်နှင့် အလွန် လိုက်ဖက်စွာ



BURMESE CLASSIC .com

www.burmeseclassi.com



ဖော်ကျူးရေးသားထားပေသည်။ ယဉ်ကျေးမှု ပဋိပက္ခ (Cultural confict) နှင့် Ultra love ဟု ခေါ်နိုင်မည့် မေတ္တာလွန်ကဲမှုတို့၏ ဆိုးကျိုးသက်ရောက်မှု (negative reaction) သဘောတို့ကို ရသ မြောက်စွာ မြင်သိခံစား စေပါသည်။ တစ်ခါတွင် အင်္ဂလိပ် အနုပညာစာပေနှင့် မြန်မာ့အနုပညာစာပေ ဘာသာတို့ကို သင်ယူနေသော ကျိုက်လတ်မြို့သူ တက္ကသိုလ်ကျောင်းသူတစ်ဦးက ဆရာမ ကြီးအား ပြောလိုက်သည်မှာ 'ကျွန်မ' 'မုန်း၍မဟူ'ဝတ္ထုကို အကြိမ်လေးဆယ် ဖတ်ပြီးပါပြီ၊ နောင်လည်း ဖတ်နေဦး မှာပါ' ဟူသည်အထိပင် ဖြစ်သည်။ အမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုနှင့် စိတ်စရိုက်တို့ကို လေးနက်စွာ အခြေခံထား သော 'မုန်း၍မဟူ'ဝတ္ထုသည် စာဖတ်သူ၏ ဦးနှောက်နှင့် နှလုံးသားတို့တွင် ပီပြင် ကြည်လင်သော အမြင်နှင့် စူးရှ စွဲသသော ဝေဒနာကို ခံစားစေမည်မှာ မလွဲပါ။ 'မုန်း၍ မဟူ' ကို မြန်မာစာပေတိုက် အသီးသီးမှ ၁၉၅၅ ခုနှစ်မှ စ၍ ယနေ့တိုင် ရိုက်နှိပ် ထုတ်ဝေပြီးသော အကြိမ်မှာ (၉)ကြိမ် ရှိခဲ့ပါပြီ။ ယင်း 'မုန်း၍မဟူ'ဝတ္ထုကို နိုင်ငံခြား ဘာသာစကားတို့ဖြင့် ထပ်ဆင့် ပြန်ဆိုခဲ့သည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### တရုတ်ဘာသာပြန်

'ဘူရှီဟဲန်'(Bu shihen)အမည်ဖြင့် တရုတ်ဘာသာပြန်ကို ဘေဂျင်းတက္ကသိုလ် အရှေ့တိုင်းဘာသာဌာနက ၁၉၈၅ ခု စက်တင်ဘာလတွင် ထုတ်ဝေပါသည်။ စာရေးဆရာ များမှာ ကျိလျှံဖန် (မြန်မာအမည် ဒေါ်သန်းသန်း) နှင့်



BURMESE CLASSIC .com

www.burmeseclassi.com



ယောင်ပင်ယံ (မြန်မာအမည် ဦးမောင်ရှိန်) တို့ ဖြစ်ကြပါသည်။ အုပ်ရေ ၉, ၁၀၀ (ကိုးထောင့်တစ်ရာ) ဖြစ်၍ စာအုပ်တန်ဖိုးမှာ တရုတ်ယမ်ငွေ ၁. ၃ ဖြစ်ပါသည်။အမှာစာတွင် ထူးခြားစွာ ဖော်ပြထားသော အချက်မှာ '. . . အနောက်တိုင်း ယဉ်ကျေးမှုရဲ့ မားစာခံဖြစ်၍ နောင်တရပုံ'နှင့် 'အနောက်တိုင်းကို အထင်ကြီးချင်တာတွေ၊ ကိုယ့်ကိုယ်ကိုယ် နိမ့်ကျတယ်လို့ ထင်တဲ့ လူငယ်တွေအတွက် သတိပေးတဲ့ ခေါင်းလောင်းသံ' ဟု သုံးသပ်ဖော်ပြထားပါသည်။

## အင်္ဂလိပ်ဘာသာပြန်

"NOT OUT OF HATE" အမည်ဖြင့် အင်္ဂလိပ်ဘာသာပြန်ကို အမေရိကန်နိုင်ငံ အိုဟိုင်းအိုတက္ကသိုလ် (Ohio University) ၏ နိုင်ငံတကာ လေ့လာရေးစင်တာ (Centre for International Studies) က ၁၉၉၁ ခုနှစ်တွင် ထုတ်ဝေပါသည်။

ဘာသာပြန်ဆိုသူမှာ Margaret Aung Thwin ဖြစ်ပြီး၊ အိုင်ဟိုအိုတက္ကသိုလ် သမိုင်းဌာန တွဲဖက် ပါမောက္ခဖြစ်သူ Willam H. Ferederik က တည်းဖြတ်ကာ၊ အင်္ဂလန်နိုင်ငံရှိ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့်အာဖရိက လေ့လာရေးကျောင်း မြန်မာစာ ဆရာမ Anna Allot က အမှာစာ ရေးပါသည်။ ဝါရှင်တန်တက္ကသိုလ်တွင် ပါရဂူဘွဲ့ယူရန် တက်ရောက်နေသော Robert E. Vore က 'Afterword' ကို ရေးသားထားပါသည်။ ဘာသာပြန်စာအုပ်တွင် မြေပုံနှင့်တကွ ရှင်းလင်းချက်၊ ဖြည့်စွက်ချက်၊

www.burmeseclassi.com



မှတ်စုများ ပါဝင်သည်။ မြန်မာပြည် ပြင်ပတွင် ပထမဦးဆုံး အကြိမ်အဖြစ် မြန်မာဝတ္ထုတစ်ပုဒ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခံရခြင်း ဖြစ်ကြောင်း ဖော်ပြထားပါသည်။ မြန်မာစာပေသမိုင်းတွင် ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ကဏ္ဍနှင့် မြန်မာစာပေလေ့လာသူများ၊ ကိုလိုနီခေတ်သမိုင်းကို လေ့လာသူများအတွက်အနောက်နိုင်ငံနှင့် မြန်မာ့ယဉ်ကျေးမှုတို့၏ ပဋိပက္ခ အသွင်ကို ထင်ရှားထူခြား မှတ်သားစွာ ဖော်ပြနိုင်သော ဝတ္ထုဟု သုံးသပ်ထားပါ၏။ ထုတ်ဝေသော အုပ်ရေ မသိရပါ။ တန်ဖိုးမှာ US $ 20 ဖြစ်ပါသည်။

## ပြင်သစ်ဘာသာပြန်

'မုန်း၍မဟူ' ပြင်သစ်ဘာသာပြန်ကို ပါမောက္ခ ရွှန်ကလိုဒ်အိုဂျေ (Jean Claude Auge) နှင့် ဒေါက်တာခင်လေးမြင့်တို့က ပြန်ဆိုကာ အာရှစာပေဌာန(မြန်မာစာ)၏ လာမာတန် (L' Harmattan) တိုက်မှ ၁၉၉၄ ခုတွင် ထုတ်ဝေပါသည်။ မြန်မာဘာသာမှ ပြင်သစ်ဘာသာသို့ ပထမဆုံးပြန်ဆိုသော ဝတ္ထု ဖြစ်ကြောင်း၊ ကဗျာဆရာ Rudyard Kipling ၏ The Road To Mandalay (1887) ကဗျာမှ 'သစ်ရွက်တွေကြား ဖြတ်တိုက်လာသော လေထဲမှ ခေါင်းလောင်းသံသည် ဗြိတိသျှစစ်သည်အား မန္တလေးကို ပြန်လာခဲ့ပါဟု ဖိတ်ခေါ်နေသည်'ဟူသော အပိုဒ်နှင့်မြန်မာ့စိန်ခေါ်သံ(၁၉၄၀) စာအုပ်မှ 'ကျွန်ုပ်တို့သည် ဗြိတိသျှ အုပ်ချုပ်မှု ယန္တရားကြီးအား တော်လှန်ချိုးဖျက်ရန်စီမံကိန်းရှိသည်' ဟူသော စကားပိုဒ်ကိုပါ ဖော်ပြထားပါသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝတ္ထုဇာတ်လမ်း၏ ကျောရိုးဖြစ်သော ယဉ်ကျေးမှု ပဋိပက္ခကြောင့် အိမ်ထောင်ရေး သဟာဇာတ မဖြစ်ပုံကို ဖော်ပြကာ၊ ကိုလိုနီ သိမ်းသွင်းမှုသည် မြန်မာနိုင်ငံ၏ လူနေမှုစနစ်ကို လောင်ကျွမ်းစေလျက် အမျိုးသား ယဉ်ကျေးမှုအား ထိခိုက်စေကြောင်း၊ ဆရာမကြီးက လူတွေ၏ အမျိုးသားစိတ်ဓာတ်ကို နှိုးဆော်၍ တိုင်းတစ်ပါးယဉ်ကျေးမှု၏ လွှမ်းမိုးခြင်း ခံရမှုကို ကာကွယ်ရန် သတိချပ်ဖို့လိုကြောင်းများ ရေးသားထားပါသည်။ ဆရာမကြီး၏ အောင်မြင်ကျော်ကြားသော ဘဝနှင့် စာပေမှတ်တိုင်တို့ကိုပါ အကျဉ်းချုပ် ဖော်ပြထားပါသည်။

ပါမောက္ခ ရွှန်ကလိုအိုဂျေမှာ နိုင်ငံခြားဘာသာ သိပ္ပံတွင် ပြင်သစ်စာ ဌာန၏ အကြီးအမှူးဖြစ်ပြီး၊ ဗာဆေးလ် သမိုင်းဘာသာပြန်ဌာနတွင်လည်း တာဝန်ယူလုပ်ကိုင်နေပါသည်။ ဒေါ်ခင်လေးမြင့်သည် ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ သမီးဖြစ်ပြီး၊ ပြင်သစ်နိုင်ငံ ဆိုးဘွန်းတက္ကသိုလ်မှ ပြင်သစ်စာပေ ဒေါက်တာဘွဲ့ ရ၍ ရန်ကုန်ရှိ ပြင်သစ်သံရုံးတွင် ဖွင့်သော A L Alliance Fancaise (ယဉ်ကျေးမှုကျောင်း) တွင် ပါမောက္ခအဖြစ် စာပြလျက် Chevalier des palmes academiques သင်ကြားမှုဆိုင်ရာ အထူးဘွဲ့ကိုပါ ရရှိသူ ဖြစ်ပါသည်။

## ရုရှားဘာသာပြန်

ရုရှားဘာသာပြန်ကို ၁၉၇၂ ခု သိပ္ပံအကယ်ဒမီ (Science Academy)၊ သိပ္ပံပညာ တံခွန်အသင်းမှ ထုတ်ဝေသည်။ ဘာသာပြန်ဆိုသူမှာ V.D Mazo ဖြစ်ပြီး၊ တာဝန်ယူ



BURMESE CLASSIC .com

www.burmeseclassi.com



တည်းဖြတ်သူမှာ G.P. Popov ဖြစ်ပါသည်။ အုပ်ရေ ၃၀,၀၀၀ ထုတ်ဝေပြီး တန်ဖိုးမှာ ၃၅ **ကိုဖက်** ဖြစ်သည်။

အမှာစာတွင် 'မုန်း၍မဟူ' ဇာတ်လမ်း အကျဉ်းချုပ်ကို ဖော်ပြပြီး၊ အနောက်တိုင်းယဉ်ကျေးမှု လွှမ်းမိုးခြင်းနှင့် တိုင်းရင်းသား ယဉ်ကျေးမှုတို့၏ ပဋိပက္ခဖြစ်မှုကို ဆန်းစစ်ဖော်ပြပါသည်။ အသွင်မတူသူတို့၏ အိမ်ထောင်ရေးကြောင့် ပေါ်ပေါက်လာသော ပြဿနာများကိုသုံးသပ်ထားပြီး၊ နယ်ချဲ့စနစ်နှင့် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုတို့ အကြောင်းပါ ဖော်ပြထားပါသည်။

## ဥဇဘက် ဘာသာပြန်

ယင်းဘာသာပြန် စာအုပ်ကို မရရှိပါ။ သို့သော် ဆရာမကြီး၏ ၂၈-၉-၈၁ ရက်စွဲပါ စာပေဗိမာန်အုပ်ချုပ်ရေးရုံး ညွှန်ကြားရေးမှူးသို့ ပေးစာတွင် ဥဇဘက်နိုင်ငံက ၎င်းတို့ဘာသာဖြင့် ဘာသာပြန်အုပ်ရေ ၈၀,၀၀၀(ရှစ်သောင်း) ထုတ်ဝေခဲ့ကြောင်း ဖော်ပြထားပါသည်။

**မိုးဟိန်း(သားဂျာနယ်)**

**(အင်တာနေရှင်နယ် ဘာသာပြန်မဂ္ဂဇင်း၊ အမှတ်(၃၆)၊ ဒီဇင်ဘာ ၁၉၉၉)**



BURMESE CLASSIC .com

www.burmeseclassi.com

(၁)

ဝေဝေသည် စူးစိုက်၍ ကြည့်နေလေ၏။

အိမ်အပေါ်ထပ်မှစီးမြင်နိုင်သောတစ်ဘက်အိမ်အောက်ထပ်ဧည့်ခန်း သည် ဝေဝေ၏ မျက်စိထဲ၌ ထူးခြားနေလေသည်။ လူသစ်များ ပြောင်းလာမှ အပြင်အဆင်သစ်များနှင့် ပြောင်းလဲနေသည်။

ဧည့်ခန်းထဲ၌ မီးခိုးရောင် ကော်ဇောကြီးခင်းကာ ဆိုဖာကုလားထိုင် ပြာမှိုင်းမှိုင်းများ ဝိုင်းချထားသည်။ ဆိုဖာကုလားထိုင်များဘေး၌ သပြေမှည့် ရောင် ဆေးလိပ်ပြာခွက်တင် ခုံနိမ့်ကလေးများရှိသည်ဖုန်မတက်စေအောင် ပွတ်သုတ်ပေး၍ အရောင်ပြေးနေလေသည်။

ကော်ဇောအလယ်၌ရှိသော စားပွဲနိမ့်ကလေးမှာ လေးထောင့်ရှည် မျောမျော ဖြစ်သည်။ စားပွဲအောက်၌ခြေထောက်မတပ်ဘဲပျဉ်ပြားတစ်ချပ် ကို အလျားလိုက် ထောင်လှဲ့လျက်၊ အပေါ်၌ ပျဉ်ပြားတစ်ချပ် အပြားလိုက် ခင်းတင်ထားသော ပုံသဏ္ဍာန်အတိုင်း ဖြစ်သည်။ စားပွဲ၏ အဆင်းကား အနက်ရောင် ဖြစ်သည်။ လက်ပြောင်သော အရောင်များသည်အနက်ထဲမှ ဖိတ်လက်နေ၏။

စားပွဲပေါ်၌ သပိတ်လုံးသဏ္ဍာန် ပုပုလုံးလုံး ကြွေပန်းအိုးနီကလေး တင်ထားသည်။ ပန်းအိုးထဲတွင် ဖြူဆွတ်နေသော ကရမက်ပန်းခိုင်များ ထိုးစိုက်ထားသည်။ ပန်းခက်များမှာ ဝေနေကာ အောက်သို့ ငိုက်ထောက် လျက် ကျနေကြ၏။

www.burmeseclassi.com



ဝေဝေသည် မှန်သားကဲ့သို့ မှောင်နက်ပြောင်နေသည့်စားပွဲနက်ပေါ်မှ ကျီးအာသီးမှည့်ကဲ့သို့ ရဲရဲနီနေသော ကြွေပန်းအိုးနှင့် ပန်းခက်အဖြူများအား တော်တော်နှင့် မျက်လုံးမခွာနိုင်။ အဖြူနှင့် အနီသည် မျက်စိထဲ၌ ကွက်၍ အနက်ပေါ်တွင် ထင်းထင်းကြီးပေါ်နေလေသည်။

အရောင်ကျလိုက်တာဟု ကြည့်၍မငြီး ကြည့်နေရာမှ ဧည့်ခန်းထိပ်သို့ လှဲ့ပြောင်းကြည့်လိုက်သည်။ နံရံနှင့် ကပ်ထားသော ဧည့်ခန်းခြေရင်းဘက်က ထိုင်ခုံကို ခုတင်နှင့် တူသည်ဟု ထင်သည်။

ထိုင်ခုံမှာ ညောင်စောင်းလိုလို နိမ့်နိမ့်ကလေး ဖြစ်သည်။ တစ်ယောက်အိပ် ခုတင်အရွယ် အနံ၊ အလျား ရှိ၏။ ခုံအောက်၌ ခြေထောက် ခြောက်ချောင်းရှိကာ ကြိမ်ထိုးထားသည်။ ထိုင်ခုံ၏ ခေါင်းရင်းကို ခေါင်းမှီတင်နိုင်အောင် အနည်းငယ် မြှင့်ထားသည်။ မန္တလေး ရွှေတောင်ပိုးသား အပြာရင့်ရင့်ဖြင့် ထိုင်ဖုံမှီအုံးများချုပ်လျက် အလှတင်ထားလေသည်။ ရွှေတောင်ပိုးသားရောင်သည် အသစ်ကျပ်ချွတ်အတိုင်း တောက်ပလျက် ရှိနေ၏။

အိမ်ထဲတွင် လူသံသူသံလည်း မကြားရ၊ ဆိတ်ငြိမ်ခြင်း၊ ထည်ဝါခြင်းဖြင့် ကိန်းကြီးခန်းကြီးနိုင်သော အသွင်မျိုး ဆောင်ယူနေသည်။

ဧည့်ခန်းတွင်ခြေရင်းနံရံ၌ အသွားချင်းယှက်ကာ အလှချိတ်ထားသော ဓားနှစ်လက်ကို တွေ့ရသည်။ ဓားမှ ကြိုးနီပန်းပွားများ ကျနေ၏။ ဓားအောက်၌ ကြွေစေ့တပ် ရှမ်းလွယ်အိတ် အသေးစားလေးတစ်လုံး ချိတ်ပြထားလေသည်။

ဝေဝေသည် အိမ်ပေါ်မှ စီးမြင်နိုင်သော တစ်ဖက်အိမ်၏ ဧည့်ခန်းတစ်ဆောင်လုံး ကြည့်ကောင်းကောင်းဖြင့် သိမ်းကျုံးကြည့်လျက် နှစ်သက်ကြည်နူးနေလေသည်။

ဧည့်ခန်းအလယ်တွင်ရှိသော ဓာတ်မီးလုံးမှ မီးအုပ်ဆောင်းကို လှမ်းကြည့်သည်။ ကလေးဆောင်းအရွယ် ပုသိမ်ထီးကလေးကို ဖွင့်လျက် မီးအုပ်ဆောင်း လုပ်ထားပုံကို တွေ့သဖြင့် လှလိုက်တာဟု သဘောကျနေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



အပြင်အဆင်သစ်များဖြင့် ခမ်းနားစွာ တွေ့နေရသော တစ်ဖက်အိမ်၏ ဧည့်ခန်းနှင့် မိမိတို့၏ အိမ်အောက်ထပ်က ဧည့်ခန်းကို ယှဉ်နှိုင်းကြည့်မိလေသည်။

ဝေဝေတို့အိမ်မှာ တိုက်ခံအိမ်အိုကြီး ဖြစ်လေသည်။ ဝေဝေ၏ အဘိုးလက်ထက်ကတည်းက ဆောက်ထားခဲ့သော အိမ်ကြီးဖြစ်သည်။ သည်အိမ်ဆောက်ပြီးမှ စီးပွားတက်ကာ မော်လမြိုင်ကျွန်းတစ်ဖက်ကမ်းတွင်ဆန်စက်တည်ရလေသည်။ ဧရာဝတီမီးသင်္ဘောနှင့်အပြိုင် လူစီးနှစ်ထပ်သင်္ဘောတစ်စင်းတည်လျက်၊ မော်လမြိုင်ကျွန်းနှင့် ရန်ကုန်သို့ ခုတ်မောင်းကာ 'မေခလာ သင်္ဘော'ဟူ၍ အတော်နာမည်ကြီးခဲ့ဖူးသည်။ အဘိုး ကွယ်လွန်သွားပြီးနောက် စီးပွားလျှောကာ ဆန်စက်ကြီးနှင့် သင်္ဘောပါ ပြုတ်ကုန်သော်လည်း လယ်ဧက ငါးရာလောက် ကျန်ရှိခဲ့သေးသည်။ ဝေဝေ၏ဖခင်ကြီး ဦးဘိုးသိန်းမှာ နိုင်ငံခြား မျက်နှာဖြူ ဆန်စပါးကုမ္ပဏီကြီးများနှင့် ဆက်ဆံလျက်၊ မော်လမြိုင်ကျွန်းမြို့ပေါ်၌ စပါးပွဲစားကြီးလုပ်နေလေသည်။ တိုက်ခံအိမ်ကြီးမှာ ဝေဝေ့ဖခင် ဦးဘိုးသိန်းတစ်သက်ပင် ရှိနေပေပြီ။

ဧည့်ခန်းချင်း ယှဉ်ကြည့်မှ အပြင်အဆင်များမှာ တခြားစီဖြစ်နေမှန်း တွေ့ရှိရလေသည်။

ကျောက်ဖြူစားပွဲဝိုင်းကြီးကို ကုလားထိုင်များ ဝိုင်းခင်းထားသည်။ ကုလားထိုင်များတွင် ပိတ်ဖြူအစွပ်များ စွပ်လျက် အစတွဲလောင်းချထားသည်။ ပိတ်ပေါ်၌ ကြက်တူရွေးရုပ်၊ ဒေါင်းရုပ်များကို ရောင်စုံချည်ဖြင့် ဝေဝေကိုယ်တိုင် စက်ပန်းထိုးတပ်ထားသည်။ ပန်းထိုးကုလားထိုင်စွပ်များကို လှ လှပြီဟု အောက်မေ့မှတ်ထင်ခဲ့သည်။ အရိပ်တကြည့်ကြည့်ဖြင့် ဟန်ကျပန်ကျ ပြင်ဆင်ထားသော ဧည့်ခန်းကို တစ်ဖက်အိမ်နှင့် ယှဉ်ကြည့်မိ၍ တောကျနေပြီဟု ထင်မြင်လာသည်။

ကျောက်စားပွဲပေါ်၌ ငွေဖလားစုံ နှီးကွမ်းအစ်ကြီးမှာ ကြည့်ရ ရိုင်းသလိုလို ရှိမိသည်။ ခုံပေါ်တွင် အမြဲတမ်းတင်ထားသော ထမင်းစားပန်းကန်

www.burmeseclassi.com



ပြားလောက် နီးနီးရှိမည့် ဆေးလိပ်ပြာထည့် ပန်းရေးမြေခွက်ကြီးလည်း အကျည်းတန်နေပြီ။ ကွမ်းတံတွေးဖြင့် ထာဝစဉ် ပေကျံနီနေသော စားပွဲအောက်က ဒန်ထွေးခံလုံးများကိုလည်း ရွံတွံတွံဖြစ်လာသည်။ ဧည့်ခန်းကျောက်စားပွဲကြီးနှင့် မနီးမဝေး သစ်သားလက်ရန်း တန်လျားရှည်ကြီးမှာ ဟောင်းညစ်လျက် အရုပ်အဆိုးဆုံး ဖြစ်နေမှန်း ခုမှပဲ ယှဉ်တွေးကြည့်နေမိလေ၏။

မိုးလင်းက မိုးချုပ်ဆိုသလိုပင် စပါးကုန်သည် တရုတ်၊ ကုလားဧည့်မျိုးစုံ တစ်ယောက်ဆင်း တစ်ယောက်တက်ဖြင့် အိမ်ရှေ့တစ်ခန်းလုံးခြေရာချင်း ထပ်ကွက်လျက် ညစ်ပတ်နေပုံများကိုပါ မျက်စိထဲတွင် သိမ်းရုံးစုပေါင်း မြင်နေလေသည်။

ဝေဝေသည် တစ်ဖက်အိမ်က ဧည့်ခန်း၏ ခမ်းနားလှပုံကို သွားရည်ကျကာ စတိုင်ကျကျ ဘိုဆန်ဆန် နေချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လျက် နေပေ၏။

လူသစ်များ ပြောင်းရွှေ့မလာခင်ကပင် ဝေဝေမှာ နေ့စဉ်နှင့်အမျှ သည်အိမ်ကို စိတ်ဝင်စားနေခဲ့၏။

ဤအိမ်တွင် ဝေဝေ၏ ဖခင်နှင့် အလုပ်ချင်း ဆက်သွယ်လျက် ရှိသည့် ရန်ကုန် ဘလုပ်ဘရားသား မျက်နှာဖြူကုမ္ပဏီမှ စပါးအဝယ်တော် ဘိုလာနေမည်ဖြစ်ခြင်းကြောင့်၊ ဝေဝေမှာ ဘိုတစ်ယောက်နေမည့်အိမ်ကို လူမရောက်ခင်က စိတ်ဝင်စားနေခြင်း ဖြစ်၏။ တောမြို့ကလေးတွင်မျက်နှာဖြူ တစ်ယောက် လာနေမည့်သတင်းကား အထူးအဆန်း မြို့ထဲ ပျံ့နှံ့နေသည်။

မော်လမြိုင်ကျွန်း မြို့ကလေးတွင် စပါးဒိုင်တစ်ခုဖွင့်ကာ စပါးအဝယ်တော် ဘိုထားရန်အတွက် အိမ်ကောင်းကောင်းတစ်လုံး ရှာပေးရန် ဘလုပ်ဘရားသား ကုမ္ပဏီမှ ပွဲစားကြီး ဦးဘိုးသိန်းထံသို့ အကူအညီတောင်းစာရောက်လာသည်။

ဦးဘိုးသိန်းမှာ အဝယ်တော်ဘို နေရန်အတွက် မြို့ပေါ်တွင် အိမ်



BURMESE CLASSIC .com

www.burmeseclassi.com



ကောင်းကောင်းတစ်လုံး လည်ရှာကြည့်သည်။ ဘိုနေမည့် အိမ်နှင့်သင့်လျော်မည့် အိမ်ကို နောက်ဆုံး ရှာမရသဖြင့် ဝေ့ဝေ့အစ်ကိုကြီး ကိုနေဦး နေသောဘေးက အိမ်ကိုရွှေးလျက်၊ ကိုနေဦးအား မြို့ထဲက အိမ်တစ်အိမ်သို့ ရွှေ့နေခိုင်းရသည်။

အိမ်ကို ဆေးကြောကာ သဘော်ဆေးများ သုတ်ပေးရသည်။ လက်သမားများခေါ်၍ အခန်းအဆောင်တွေ အသစ်ခွဲ၍လုပ်ပေးရ၏။ တောမြို့က မြန်မာအိမ်သာမျိုးမှာ ဘိုနှင့် မဖြစ်၍ ရေချိုးခန်းတွင် အိမ်သာအိုးခုံကို တပေါင်းတည်း တွဲထားရန် ရေချိုးခန်း အသစ်ခွဲ၍ ဆောက်ရသည်။

ဘိုနေမည့်အတွက် ပြင်ဆင်မွမ်းမံလျက် အလုပ်များနေသော ဖခင်အား 'ဖေဖေ ဘိုက ဘယ်တော့လာမှန်းလည်း မသိဘဲနဲ့' ဟု ပြောမိသည်။

'ဆိုနိုင်ပါဘူး သမီးရယ်၊ အိမ်အတွက် အဆင်သင့်ရှိပြီလို့ စာပြန်လိုက်မှပဲဟာ ရောက်လာမှာပေါ့'ဟု ပြန်ပြော၍ ရောက်လာမည့်မျက်နှာဖြူ၏ ပုံပန်းကို စိတ်ကူးဖြင့် တွေးကြည့်ခဲ့သည်။

ဝေဝေသည် မျက်နှာဖြူများကို နီးနီးကပ်ကပ် တစ်ခါမှ မတွေ့ဖူးသေးပေ။ ရန်ကုန်သို့ သွားရသည့်အခါမျိုးမှ လမ်းသွားရင်းလာရင်း ဘိုနှင့် ဘိုမများကို အဝေးကလှမ်းမြင်လိုက်ဖူးလေသည်။ မျက်လုံးပြာပြာ၊ နှာခေါင်းချွန်ချွန်၊ အသားနီနီရှိသော မျက်နှာဖြူလူမျိုးကိုမျက်စိထဲမြင်ယောင်နေကာ မျက်နှာဖြူတစ်ယောက်နှင့် အိမ်ချင်းကပ်နေရမည့်အတွက် အလိုလို ရင်ဖိုနေလေသည်။

အဝယ်တော်ဘို မရောက်ခင် ရန်ကုန်တိုက်ကြီးမှ သံကြိုးအရင်ပေါက်လာလေ၏။

ပွဲစားကြီး ဦးဘိုးသိန်းမှာ အင်္ဂလိပ်စာမတတ်၍ ဝေဝေက ဖတ်ပြရသည်။ ဝေဝေသည် မော်လမြိုင်ကျွန်းမြို့ အစိုးရအလယ်တန်းကျောင်း၌ ခုနစ်တန်းအောင်ပြီး ကျောင်းထွက်ခဲ့ရသည်။ ဝေ့ဝေ့အစ်ကိုကြီးကိုနေဦးနှင့် ဝေ့ဝေ့အစ်မ ထားထားတို့သာ ဆယ်တန်းအောင်ကြလေသည်။ကိုနေဦးမှာ

www.burmeseclassi.com



ဆယ်တန်းအောင်ပြီး ကောလိပ်ကျောင်းဆက်နေလျက် အိုင်-အေ အောက်တန်း၌ မိန်းမရ၍ ကျောင်းထွက်လိုက်ရသည်။ ထားထားသည် ဆယ်တန်းအောင်ပြီး ဆရာဝန်တစ်ယောက်နှင့် လက်ထပ်ကာ အစိုးရ အလုပ်ဖြင့် အမြို့မြို့ ရွှေ့ပြောင်းနေလေသည်။

ဝေဝေ၏မိခင်မှာ ဝေဝေအရွယ်မရောက်မီကပင် စစ်ကိုင်းချောင်တွင် ဥပုသ်ရက်ရှည် သွားစောင့်ရင်း အိမ်သို့ ပြန်မလာတော့ဘဲ၊ ဦးဘိုးသိန်းအား ခွင့်ပန်ကာ မယ်သီလရှင် လုပ်သွားလေ၏။ ဝေဝေမှာ ဦးဘိုးသိန်းအစ်မကြီးတော်နှင့်သာ ကြီးပြင်းခဲ့ရလေသည်။

ဝေဝေသည် ခုနစ်တန်းအောင်ပြီး မြောင်းမြအစိုးကျောင်းသို့ သွားဆက်နေချင်သော်လည်းအစ်ကိုနှင့်အစ်မများအိမ်ထောင်ခွဲနေကြ၍ဖခင်ကိုငဲ့ကာ ကျောင်းထွက်လိုက်ရသည်။ ဖခင် စီးပွားရေးလုပ်ငန်း အရပ်ရပ် စာရင်းကိုင်၊ ငွေကိုင်၊ ငွေသိမ်း ကူညီလုပ်ပေးရသည်။

ကျောင်းထွက်ပြီး အင်္ဂလိပ်စာနှင့် ငါးနှစ်လောက် ဝေးနေခဲ့သဖြင့် ရန်ကုန်မှ ပို့လိုက်သော သံကြိုးစာကို အဓိပ္ပာယ်ထွက်အောင် တွေးဖတ်ကြည့်ရလေသည်။

'ရန်ကုန်က ဘလုပ်ဘရားသားက ရိုက်လိုက်တာ ဖေဖေ၊ အိမ်ထောင်ပစ္စည်းတွေနဲ့အစေခံတွေ နက်ဖြန်နံနက်ရောက်လိမ့်မယ်၊ သင်္ဘောဆင်းကြိုပါတဲ့'

ဦးဘိုးသိန်းသည် ဝေဝေ့လက်ထဲမှ သံကြိုးစာရွက်ကို ဆွဲယူလိုက်ကာ ရမ်းသန်းကြည့်နေပြီး စဉ်းစားရခက်သလို မျက်မှောင်ကြုတ်ထားလေ၏။

'မဟုတ်သေးပါဘူး သမီးရဲ့၊ နင့်အစ်ကိုကြီး သွားပြစမ်းပါဦး၊ ဘိုက မလိုက်လာသေးဘူးလို့ ပါသလား၊ ဘယ်လိုဟာလဲ'

ဝေဝေသည် ဦးဘိုးသိန်းလက်ထဲမှ သံကြိုးစာကို ပြန်ယူကာ တစ်ဖန်ပြန်ကြည့်လျက် 'ဟုတ်ပါတယ် ဖေဖေရဲ့၊ သူ့အဓိပ္ပာယ်က ဘိုမလာသေးဘူး၊ ပစ္စည်းတွေနဲ့ အစေခံတွေကို ဆီးကြိုဖို့ ရိုက်လိုက်တာပါ. . .'



BURMESE CLASSIC .com

www.burmeseclassi.com



'ရိုက်တဲ့သူက ဘယ်သူတဲ့လဲ'

ဝေဝေသည် သံကြိုးစာရွက်ကို ငုံ့ကြည့်ရင်း 'လူနာမည် မပါဘူး ဖေဖေရဲ့၊ တိုက်က အကြောင်းကြားတာ၊တိုက်အမည်ပဲပါတယ်'ဟုထပ်ရှင်း ပြောရသည်။

ဦးဘိုးသိန်းသည် မနက် မိုးမလင်းခင်ကပင် ထလျက် သင်္ဘောဆိပ်၌ အစောကြီး သွားစောင့်နေလေသည်။

ရန်ကုန် အမြန်သင်္ဘောမှာ မော်လမြိုင်ကျွန်းသို့ နံနက်ခြောက်နာရီ လောက် ဝင်ကပ်လေသည်။

ဝေဝေသည် သင်္ဘောဆိပ်မှ တက်လာကြမည့် လမ်းဘက်သို့ တစ်မျှော်တည်း မျှော်ကြည့်နေသည်။ ရန်ကုန်သင်္ဘောမှုတ်သံကြားလိုက်၍ ရင်ထဲ၌ လှုပ်ရှားသွားလေသည်။ ရပ်ဝေးမှဆွေမျိုးသားချင်းများရောက်လာ ခဲ့ပုံမျိုးနှင့်မတူ။ လှုပ်ရှားလျက် ဂနာမငြိမ်နိုင်အောင်ဖြစ်ကာ လမ်းဘက်သို့ လည်ဆန့် မျှော်ကြည့်နေ၏။

ဘို၏ပစ္စည်းများနှင့် အစေခံများကို ကြည့်ချင် မြင်ချင်ဇောထက်သန် ကာ တစ်မနက်စာလုံး အိမ်ဝ၌ ရပ်၍နေသည်။

သင်္ဘောဆိုက်သံကြားရပြီး နှစ်နာရီလောက်ကြာမှ တစ်ဖက်အိမ်ရှေ့ သို့ ပစ္စည်းများ ဆိုက်ရောက်လာကြသည်။ ပစ္စည်းတွေကား များပြားလှပေ သည်။ လက်တွန်းလှည်းဖြင့်တစ်မျိုး၊ ကူလီကုလားတွေကလည်း ထမ်းလို့ ပိုးလို့ဖြင့် တာလမ်းမကြီးတစ်လျှောက်လုံး တသီတတန်းကြီး သယ်ယူလာ နေကြသည်။

အိမ်ထဲသို့ ထင်းရှူးသေတ္တာ သေတ္တာကြီး သေတ္တာငယ်များသယ်တင် နေကြသော ကူလီတွေကို လှမ်းမျှော်ကြည့်ရင်း 'ဘာပစ္စည်းတွေများပါလိမ့်၊ များလိုက်တာ'ဟု အံ့ငေးနေလေသည်။ အိမ်ထောင်ပစ္စည်း၊ ဗီရို၊ ကုလားထိုင် များမှာ ဂုန်နီအိတ်ဖြင့် သေသေသပ်သပ် ချုပ်ထားသည်။

ဝေဝေသည် တစ်ခါမှ မမြင်ဖူးသေးသော ရေခဲသေတ္တာကို မျက်ခြည်



BURMESE CLASSIC .com

www.burmeseclassi.com



မပြတ် ကြည့်နေရင်း 'ကြီးတော်သက်ရေ. . ဘာကြီးလဲ မသိဘူး၊ ဖြူဖြူကြီး၊ ထွက်ကြည့်ပါဦး'ဟု အိမ်ရှေ့မှ လှမ်းခေါ်ပြောလိုက်သည်။

ကြီးတော်ကြီးသည် အိမ်ဝသို့ ပြေးထွက်လာသည်။

'ဟုတ်ပါရဲ့ဟယ်. . ဘာသေတ္တာကြီးများပါလိမ့်၊ ဖြူဖြူကြီးဟဲ့'

ဝေဝေ့ကြီးတော် ဒေါ်သက်သည် အင်္ဂလိပ်မျက်နှာဖြူကို ကိုးကွယ်ထားမတတ် အထင်ကြီးလေသည်။အင်္ဂလိပ်မင်းအုပ်စိုးနေခိုက်အင်္ဂလိပ်များလက်အောက်၌နေရသောကျွန်လူမျိုးပီပီ အင်္ဂလိပ်ဆိုလျှင်အရှင်သခင်ဟူ၍ မှတ်လေ၏။

'မနေ့ကပဲ ဈေးထဲက ဟာတွေက အိမ်နေမယ့်ဘိုက ခုထက်ထိ မလာသေးဘူးလားနဲ့ မေးလိုက်ကြတာ'

ဒေါ်သက်မှာ မိမိတို့ အသိုက်အဝန်းထဲ မျက်နှာဖြူတစ်ယောက် လာရောက်နေမှာမို့ မျက်နှာရှိသည်ဟု ထင်သည်။ ဒေါ်သက် စကားကို မကြားတစ်ချက် ကြားတစ်ချက်ဖြင့် အိမ်ထဲ သယ်သွင်းသမျှ ပစ္စည်းများကို သဲသဲမဲမဲ ကြည့်ရှုနေလေသည်။

အိမ်ထောင်ပစ္စည်းများသာ မဟုတ်၊ ဘို့ပစ္စည်းနှင့်အတူတကွ ပါလာသော ဘို့အစေခံနှစ်ဦးကို အထူးအဆန်း လုပ်ကြည့်နေသည်။

လူနှစ်ဦးအနက် တစ်ဦးမှာ အသက်သုံးဆယ်အရွယ် အသားညိုညို အရပ်ပုပု မြန်မာတစ်ယောက်ဖြစ်ကာ၊ တစ်ဦးမှာ အသက်ငါးဆယ်အရွယ် ရွှေကိုင်းမျက်မှန်တပ်ကာ ဒိုတီဝတ်ထားသော ကုလားအဘိုးကြီး ဖြစ်လေသည်။

'ဘိုအိမ်နေမယ့် အစေခံတွေက ကုလားကော မြန်မာကောပဲ၊အစေခံ သာဆိုရတယ် ဂိုက်နဲ့ ဆိုက်နဲ့တော့. . .'ဟု ဒေါ်သက်က ဝေဝေ၏ လက်မောင်းကို ပုတ်ပြောနေလေသည်။

ပစ္စည်းများ အိမ်ထဲသို့ သွင်းပြီး အတန်ကြာမှ ဦးဘိုးသိန်းမှာ အိမ်ဘက်သို့ ကူးလာလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



အိမ်ထဲအဝင် ပြီးလျှက် ခေါင်းကို ယမ်းခါပြလိုက်ကာ 'သမီးရေ . . လာမယ့်ဘိုကအင်္ဂလိပ်မဟုတ်ဘူး၊မြန်မာဟေ့'ဟုလှမ်းပြောလိုက်သည်။

'ဟော. . . '

ဒေါ်သက်၏ နှုတ်မှ အသံကျယ်ကျယ် မြည်ထွက်သွားလေသည်။ ဝေဝေမှာ အသံမထွက်နိုင်ဘဲ ပါးစပ်ဟောင်းလောင်းလေး ဖြစ်နေ၏။

'သင်္ဘောဆိုက်တော့ ဟိုသူငယ် မောင်မြက သခင်တော့ နက်ဖြန် ညနေမှ မော်တော်အမြန် ပွဲချိတ်ကလေးနဲ့ ရောက်လာပါလိမ့် ခင်ဗျလို့ ပြောတော့ ဘိုပဲ အောက်မေ့တာပဲ။ နောက်မှ သယ်ရမယ့်ပစ္စည်းတွေက များလွန်းလို့ သူ့ဘိုမပါ လိုက်လာမှာလားလို့ မေးကြည့်တော့မှ သူ့သခင်ဟာ ဘို မဟုတ်ဘူး၊ မြန်မာတဲ့ ခင်ဗျ'

ဦးဘိုးသိန်းသာ ဟက်ဟက်ပက်ပက် ရယ်မောနေလေသည်။

ဒေါ်သက်မှာ မျှော်လင့်ချက်နှင့် တလွဲစီ ဖြစ်နေကော အံ့အားသင့်သော ဟန်ပန်တို့ကို မရုပ်သိမ်းနိုင်ဘဲ မျက်နှာအိုအိုဖြင့် 'ဘယ်သူတဲ့လဲ' ဟု ခပ်ဆတ်ဆတ် မေးလိုက်သည်။

ဘို မဟုတ်ဘူး၊ မြန်မာဆို၍ ဝေဝေ့နားထဲ၌ ထောင့်သွားသော်လည်း အိမ်ထောင်ပစ္စည်း အသုံးအဆောင် အစုစုကို အကဲခတ်ကြည့်ခြင်းအားဖြင့် ဘယ်လို မြန်မာမျိုးပါလိမ့်ဟု အံ့နေလေ၏။

'ဦးစောဟန်တဲ့ အစ်မရဲ့၊ အသက် ၃၇ နှစ်လောက်ရှိပြီလို့ ပြောတာပဲ၊ နက်ဖြန်ညနေမှ တွေ့ကြရတော့မှာပဲ'

ဝေဝေသည် ဘယ်လိုလူစားလဲဟု တစ်နေ့လုံး အတွေးရကျပ်နေလေသည်။ မင်းအိမ်စိုးအိမ်များ၌ ဘုရားထူးတတ်သော အစေခံများကိုသာ တွေ့ကြုံဖူးသည်။ မြန်မာအချင်းချင်းသခင်ခေါ်သံသည်မကြားစဖူးနားထဲ၌ ထူးဆန်းနေသည်။

ညက ညဉ့်နက်မှ မော်တော်အမြန် ပွဲချိတ်နှင့် ရောက်လာသော ဦးစောဟန်ကိုအိပ်ပျော်နေသဖြင့်မမြင်လိုက်ရပေ။ မော်တော်စက်ပျက်နေ၍



BURMESE CLASSIC .com

www.burmeseclassi.com



ညဥ့်နက်မှ ရောက်လာမှန်း ဒေါ်သက်ပြောပြမှ ဝေဝေ သိရတော့သည်။

သခင်မ မရောက်ခင် အိမ်ကို တစ်နေ့လုံး ခင်းကျင်းပြင်ဆင်ထားကြခြင်းကို မိုးလင်းမှပင် သေသေချာချာ ကြည့်ရလေသည်။ ဝေဝေသည် ဧည့်ခန်းဆောင်ကြီးကို စူးစိုက်လျက် စိမ်ပြေနပြေ ငေးကြည့်နေစဉ်၊ အိမ်၏ အနောက်ဘက်ခန်းမှ မောင်းထုသံလိုလို ကြားမိ၍ အနောက်ဘက်ခန်းကို စီးမြင်နိုင်လောက်အောင်နေရာကိုစဉ်းစားလိုက်ကာကြီးတော်အိပ်ခန်းထဲသို့ ကဗျာကယာ ပြေးဝင်သွားသည်။

(၂)

ပဝါအနီစကို ဘိုဆံတောက်တွင် ပတ်ပေါင်းလျက်၊ ခေါင်းပေါင်းစလက်မ လောက်ကို အပေါ်သို့ မတ်ထောင်ထားသော မောင်မြသည် စားပွဲခုံနား၌ ရပ်နေလေသည်။ သူဝတ်ထားသော ရှပ်အင်္ကျီ ကော်လာအမာနှင့် အပေါ် ပဒုမ္မာပိတ်အင်္ကျီအဖြူမှာ ကော်တောင့်လျက် ဖွေးဖြူနေပေသည်။ ခါး၌ မဲပြာတစ်ပတ်ရစ် ပိုဆိုးခပ်တိုတို ဝတ်ထားကာ ပခုံးပေါ်၌ လက်သုတ်ပဝါ အဖြူတစ်ထည်ကို ဖြန့်တင်ထားလေသည်။

အပေါ်အင်္ကျီမှာ ဟ မနေအောင် ပိတ်ကြယ်စေ့များ တပ်ဝတ်ထားသည်။ ခြေစုံမတ်မတ်ရပ်လျက် လက်နှစ်ဖက်ကို နောက်ပစ်ကာ ရင်ကို ကော့ထားသဖြင့် တောင့်တောင့်ကြီး ဖြစ်နေသည်။

ဝေဝေသည် ပြတင်းတံခါးပေါက်နားတွင် လူမပေါ်အောင် ကိုယ်ကို ဝှက်ကာ ခေါင်းလောက်သာ ထုတ်ကဲ ကြည့်လိုက်သည်။

စားပွဲပေါ်၌ ဖြူဖွေးနေသော စားပွဲခင်းနှင့် ကြာပွင့်သဏ္ဍာန် ချိုးထည့်ထားသည့် ဖန်ခွက်ထဲမှ လက်သုတ်ပဝါများမှာ မောင်မြအင်္ကျီလိုပင် ကော်တင်ထား၍ တောင့်နေကြသည်။

လက်ဖက်ရည် ကြွေဖြူကရားအိုးနှင့် ငွေရောင်တောက်ပသော သကြားခွက်၊ နို့ခွက်များအပြင် မုန့်သေတ္တာဘူး၊ ယိုပုလင်း၊ ထောပတ်ခွက်၊



BURMESE CLASSIC .com

www.burmeseclassi.com



ငှက်ပျောသီး၊ ကြက်ဥ၊ ပေါင်မုန့် စသော စားဖွယ်သောက်ဖွယ်များ မြိုင်မြိုင်ဆိုင်ဆိုင် ပြင်ထားပုံကို ဝေဝေသည် တစ်ခုစီ လျှောက်ကြည့်လေသည်။

ဝေဝေမှာ အိပ်ရာကထပြီး အောက်ဆင်း၊ ရေချိုးခဲ့ကာ မီးဖိုထဲ၌ ဒေါ်သက်နှင့် ဦးစောဟန်အကြောင်း သွားစကား လက်ဆုံကျနေလျက် မနက်စာကို မစားမိဘဲ မေ့နေသည်။

စားချင်စဖွယ် တခမ်းတနား ပြင်ထားသော လက်ဖက်ရည်စားပွဲကြီးကို တစ်မည်စီ လိုက်ကြည့်ရှုရင်း ရင်ထဲ၌ ဆာလာလေသည်။

လက်ဖက်ရည်စားပွဲကို အဆန်းတကြယ် ကြည့်နေရာက ဘုန်းကြီးအချိုပွဲ ကျနေတာပဲ၊ စုံလိုက်တာဟု တွေးလိုက်မိသည်။ စားပွဲ ပြင်နည်းဆင်နည်းလည်း ကြည့်လိုလှသည်။ ဝေဝေတို့အိမ်တွင် စားပွဲခုံ၊ ကုလားထိုင်နှင့် ထမင်းမစားကြဘဲ ကြမ်းပြင်ပေါ်၌ ခုံနိမ့်စားပွဲဝိုင်းခင်းလျက်သင်းဖြူဖျာခင်းစားကြသည်။

ကျကျနန ပြင်ထားသော စားပွဲနှင့် စားပွဲနား၌ တောင့်တောင့်ရပ်နေသော မောင်မြ၏ ပုံပန်းသည် ဝေဝေ၏ မျက်စိထဲ၌ ပနံရနေပေသည်။ မောင်မြ၏ အသွင်သဏ္ဌာန်ကြောင့် ဟိတ်ထုတ်ပြင်ထားသောစားပွဲကြီးမှာ မောက်မော်ဝင့်ကြွားနေသယောင် မှတ်ထင်ရသည်။ စားပွဲခုံကြီးနှင့်မလှမ်းမကမ်းတွင်ခုံတစ်ခုံဖြင့်တင်ထားသောဆင်စွယ်ဝန်းယှက် ငွေမောင်းကလေးကိုမြင်ရ၍စောစောကမောင်းသံမှာစားပွဲပြင်ပြီးကြောင်း အချက်ပေးသံပဲဟု တွေးယူရသည်။

အိမ်၏ အပေါ်ထပ်မှ ဘွတ်ဖိနပ်သံ ထွက်ပေါ်လာသည်။ ဝေဝေသည် လန့်ဖျပ်သွားကာ ခေါင်းကို မြန်မြန်ရုပ်လျက် နံရံနှင့် ကျောနှင့်ကပ်ထားလိုက်သည်။ တစ်ဖက်အိမ်ပေါ်မှ ဘွတ်ဖိနပ်သံသည် အခန်းထဲတွင် ပျောက်လိုက်ပေါ်လိုက် ရှိနေပြီးနောက်၊ လှေကားမှ ခပ်ပြင်းပြင်း နင်းဆင်းလာသံများကို ဆက်ကြားရလေသည်။

ဝေဝေသည် ဖိနပ်သံကို နားစိုက်ကာ ရင်တလှပ်လှပ် ဖိုနေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ပြတင်းတံခါးပေါက်နားသို့ ခေါင်းမကပ်ရဲဘဲ ဖိနပ်သံသာ ဝီရိယစိုက် နားထောင်နေရ၏။ ထမင်းစားခန်းထဲဝင်လာသောဘွတ်ဖိနပ်သံနှင့်ကုလား ထိုင် ရွှေ့လိုက်သော အသံများ တိတ်သွားမှခေါင်းကိုအသာဆန့်ထုတ်လျက် မရဲတရဲ ပြန်စီးကြည့်လိုက်သည်။

အသားမည်းမည်း ထောင်ထောင်မောင်းမောင်းရှိသော ဦးစောဟန် ကို နောက်ပိုင်းမှ စီးမြင်ရသည်။ ရှပ်ဖြူလက်ရှည်၊ ကာကီရောင် ဘောင်းဘီ အတို ဝတ်လျက် ဘိုဆံတောက်တိုတို ညှပ်ထားသည်။ ကုလားထိုင်၌ မတ်မတ်ထိုင်ကာ နံနက်ခင်း လက်ဖက်ရည်ကို ကိုယ်တိုင် ဖျော်နေလေ၏။

ဝေဝေ့ဘက်သို့ ကျောပေးလျက် လက်ဖက်ရည် ဖျော်နေပုံကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ မျက်နှာချင်းဆိုင်ကျမနေခြင်းကြောင့် အားရပါးရ ချောင်းကြည့်နိုင်၍ ဝမ်းသာနေသည်။ သောက်ပုံစားပုံတို့မှာ ငြိမ်ဆိတ်လျက် တိတ်ဆိတ်နေ၏။ စားပွဲနား၌ ရပ်နေသော မောင်မြသည် ထွက်သက်ဝင်သက်ကိုမှ မှတ်ရှုနေလေဟန် မလှုပ်မရှက်စောင့်ရပ်ကြည့်နေ လေသည်။

စားပွဲ၌ သောက်စားနေသည့် တစ်ချိန်လုံး အနား၌ ရပ်နေသော မောင်မြကို အသက်ရှိလေသည်မမှတ်ဘဲ၊ တစ်ခွန်းမှ လှမ်းစကားပြောတာ မတွေ့ရပေ။

လက်ဖက်ရည်တစ်ခွက်ကုန်၍ နောက်တစ်ခွက် ထပ်ငှဲ့ပြန်သည်။ အရသာခံလျက် စိမ်ပြေနပြေ သောက်စားနေသော ဦးစောဟန်၏ဘိုဆန်ပုံ များကို လေ့လာသုံးသပ်ကြည့်နေရ၍ ဝေဝေ့မှာအဆာပြေကာ ပြည့်နေလေ သည်။

မောင်မြ၏ ဘတ်တလာအသွင်ကို မြင်မြင်ချင်းပင် ဦးစောဟန်ကို တော်တော်ဘိုဆန်တဲ့လူပဲဟု တွက်လိုက်ပြီးလေသည်။

ဘိုဆံတောက်ဖော်လျက် ပဝါအနီ ပတ်ပေါင်းထားသော ရန်ကုန်က မော်တော်ကားဒရိုင်ဘာတွေ မြင်ခဲ့တုန်းက ‘ဘိုကားမောင်းတဲ့ ဒရိုင်ဘာ



BURMESE CLASSIC .com

www.burmeseclassi.com



တွေ့’ဟု ဖခင်ပြောပြဖူးသဖြင့်၊ ပဝါအနီ ပတ်ပေါင်းထားသော မောင်မြ၏ သခင်ကို မြန်မာတစ်ယောက်အသွင်နှင့် မမြင်တော့ဘဲ ဘိုတစ်ယောက် အမြင်ဖြင့် ပြောင်းမြင်သွားသည်။

ဦးစောဟန်သည် စားသောက်ပြီး စားပွဲ၌ရပ်လျက် မောင်မြကို လှမ်းစကား ပြောနေသည်။

မောင်မြမှာ ကျောက်ရုပ်လို တောင့်နေရာမှ ဆတ်ခနဲ ခါးညွတ် သွားကာ၊ ရိုသေကျိုးနွံသော အမူအရာနှင့် သခင့်အမိန့်ကိုခေါင်းညိတ်နာယူ နေလေ၏။

အခန်းထဲတွင် ဦးစောဟန်၏သဏ္ဌာန် ပျောက်ကွယ်သွားလျှင်ဝေဝေ သည် ကြီးတော်အခန်းမှ သူ၏ အိပ်ခန်းထဲသို့ ပြန်ရောက်လာသေည်။

ယနေ့မနက် တွေ့လိုက်ရ မြင်လိုက်ရသော မြင်ကွင်းတစ်ရပ်လုံး သည် မြင်နေကျများနှင့် ပေါင်းစပ်ရောနှော၍မရဘဲ တစ်ဘာသာစီခြားနေ ကြပေသည်။

ဝေဝေသည် အိပ်ခန်းထဲ၌ ဟိုကြည့်သည်ကြည့် ကြည့်လျက် အရာ ဝတ္ထုအားလုံး အဟောင်းအမြင်းတွေချည်း မြင်နေရသည်။ မျက်လုံးထဲ အဟောင်းအမြင်းတွေချည်း ဖြစ်ကုန်သည့် ပစ္စည်းတွေနှင့် ကမ္ဘာခြားလျက် ဟိုဘက်အိမ်ကလို တစ်ဘာသာမျိုး နေရလျှင် ကောင်းမလိုလို ဘာလိုလို ဖြစ်၍ ကိုယ့်စိတ် ကိုယ်မလုံဘဲ ကိုယ့်ကိုယ်ကိုယ် သရော်နေမိပြန်သည်။

ဝေဝေမှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသော မျက်နှာနှင့် မှန်ခုံရှေ့သို့ ရောက်သွားလေသည်။

အောက်ဆင်းရေချိုးပြီး အိမ်ပေါ်သို့ တက်လာခဲ့ရာ ခုထက်ထိ ဘာမှ မလုပ်ရသေးသဖြင့်၊ ကြာနေရင် ကြီးတော် ဆူမှာ စိတ်ပူသွားသည်။

ကျောက်ပြင်ပေါ်၌ ပျစ်ပျစ်သွေးထားသော သနပ်ခါးများကို ရေပက် လျက် ကျဲအောင်လုပ်လိုက်ကာ၊ သနပ်ခါး ယူမလူးခင်နဖူးပေါ် ကျနေသော ဆံယဥ်ကို ပင့်၍ မှန်ထဲက မျက်နှာကို စိုက်ကြည့်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေဝေ၏ ဖြူဖွေးသော မျက်နှာလေးနှင့် စိုဝင်းလျက် နုညက်နေပေသည်။ မျက်နှာပေါ်၌ ပေါ်လွင်သောနှာတံမှာ ဘေးစောင်းကြည့်ကပုံကျကျလေး တင်ထားသလို ရှိလေသည်။ တောက်ကြည်သော မျက်လုံး၊ ပြုံးရယ်သော နှုတ်ခမ်းဖြင့် ကျက်သရေရှိနေသော မျက်နှာကလေးကို အသာလှည့်ကာ၊ ညာဘက်ပါးက စံပယ်တင်မှဲ့စက်ကလေးမြင်ရအောင် အနေအထားပြုလိုက်၍ မှန်ထဲပေါ်လာသော မျက်နှာလှလှကလေးကို ကြည့်ရတော့မှ စိတ်နှင့် ကိုယ်နှင့် ပြန်တွေ့သွားလေသည်။

မျက်နှာကို သနပ်ခါးရည်ကျဲ ပါးပါးကလေး ပွတ်လူးလိုက်ပြီးနောက် တို့ဖတ်ပဝါနှင့် သိပ်လိုက်ကာ၊ ပွန်ပီယာပေါင်ဒါပန်းရောင်ကို ပါလေဟန် လောက်ပင် တို့ယူရိုက်လိုက်သည်။

ဝေဝေ၏ အလှပြင်ခြင်းကိစ္စ ခဏဖြင့်ပင် ပြီးသွားသည်။ အလှကို မှုန်နေအောင် သနေ ပြင်နေစရာ မလိုဘဲ ပေါင်ဒါကလေး တို့ရုံလောက်ဖြင့် လှပြီးသားမှန်း ကိုယ့်ဟာကိုယ် စိတ်ချထားသည်။

မျက်ခုံးမွေးကို သွားပွတ်တံဖြင့် ဆွဲခြစ်လိုက်သည်။ မျက်ခုံးမွေးမှာ အရင်းတုတ်လျက် အဖျားသွယ်တန်းနေကာ မျက်နှာတွင် ထင်းနေအောင် ပေါ်နေပေသည်။

ဖြီးလိမ်းပြီး ဆံပင်ကို ဖြန့်လျက် ဖဲကြိုးနက်နှင့် စုစည်းချည်လိုက်သည်။ အုပ်လုံးသွင်းစပြု၍ဆံတောက်ဆံပင်များအကုန်ဝင်အောင်ဆင်စွယ်ဘီးလေးဖြင့် နောက်ပြန်ပတ်လေသည်။

အင်္ကျီကို ရှုံသားအပွင့်ရိုက်ထဲက လှလှရွေးဝတ်သည်။ ခုတလော အင်္ကျီလက်ဝကားကား၊ ကိုယ်ထည်တိုတို၊ အထက်ဆင်ပေါ်ပေါ် ဝတ်နေကြ၍ ကိုယ်ထည်တိုမည့် ရှုံသားပန်းရောင် အပွင့်သေးသေးအင်္ကျီကို ရွေးပြီး ဝတ်သည်။ တရုတ်ဖဲလုံချည်မှာ အနံ့ရှည်နေ၍ အထက်ဆင်ပေါ်အောင် အင်းလေးလုံချည်အနီ ယူဝတ်လိုက်သည်။

ကိုယ်လုံးပေါ် မှန်ဗီရိုရှေ့၌ ကိုယ်ဟန်ကို နောက်ပြန် ဘေးစောင်း

www.burmeseclassi.com



လှည့်ပြုကြည့်ပြီးနောက် မှန်ခုံအံဆွဲမှ ပန်းစက္ကူအနီလိပ်ကို ဆွဲထုတ်လိုက်သည်။

စက္ကူအစ ဆုတ်လျက် လျှာနှင့်တို့ကာ နှုတ်ခမ်းကို သုတ်ပွတ်လိုက်သည်။

ဝေဝေသည် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဦးဘိုးသိန်းသည် ကြိမ်ပက်လက် ကုလားထိုင်ကြီးပေါ်၌ တင်ပျဉ်ခွေထိုင်လျက် ကွမ်းအစ်ကို ပေါင်ပေါ်ချကာ ကွမ်းယာရင်း လက်သမားများနှင့် စကားပြောနေသည်။

ကျောက်စားပွဲဝိုင်းနားရှိ တန်းလျားပေါ်တွင် လက်ထဲက ဝေလယျကုလား ဂေါ်နော့နှင့် ဂေါ်နော့လယ်နှင့် တစ်ဆက်တည်းလုပ်သော ဦးသာကြူးကြီး ထိုင်နေသည်။

ဦးသာကြူးမှာ ခရုသင်းရှိ၍ မျက်နှာနှင့် လက်များ ဆွတ်ဆွတ်ဖြူနေသည်။ မြို့လာလျှင် အမြဲဝတ်လာသော သက္ကလတ်အကျႌအနက်၊ ပဝါပန်းရောင်နှင့်ပင် တွေ့ရသည်။

ဝေဝေသည် ဦးသာကြူးကိုတွေ့၍ ပြုံး၍နှုတ်ဆက်လိုက်ကာ 'ဘကြီး၊ မုန့်ဆန်းပါလား'ဟု လှမ်းမေးလိုက်သည်။

'ယူလာတယ်၊ ဝေဝေ့အဒေါ်က ငါးရံ့လုံး ငါးပိပါ လုပ်ပေးလိုက်တယ်'

ဝေဝေသည် မုန့်ဆန်းယူလာသည်ဆို၍ ဝမ်းသာသွားသည်။ တစ်နှစ်တစ်ခါ လယ်ထဲက မုန့်ဆန်းကို အုန်းသီး၊ သကြားနိုင်းချင်းနယ်လျက် အိမ်နီးနားချင်းများကို လိုက်ဝေနေကျ ဖြစ်သည်။

သက္ကလတ်အစိမ်း ခင်းထားသော စာရေးစားပွဲတွင် ဝင်ထိုင်ကာ ခုံပေါ်က စာရင်းစာအုပ်များကို ဖွင့်လေသည်။

ဂေါ်နာသည် ကောက်ရိတ်ခနှင့် မိုးတွင်းက ယူသုံးသော လယ်စရိတ်များကို စာရင်းပေါင်းပေးရန် ဝေဝေ့ စားပွဲခုံနား ထလာပြောလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေဝေသည် သားရေဖုံးစာအုပ်ထဲတွင် ငါေနာစာရင်းကို ရှာကာ၊ ဂဏန်းများ ပေါင်း၍ တွက်ချက်နေ၏

'ဒီနှစ်လည်း စပါးဈေး အရိပ်အခြည်ကြည့်ရတာ ဟန်မယ်မဟုတ်ဘူး။ စတီးတို့၊ အာရကန်တို့က သိပ်ဈေးနှိပ်တာ'

ဦးဘိုးသိန်းမှာ ကွမ်းကို ပလုတ်ပလောင်း ဝါးလျက် ဦးသာကြူးကို လှမ်းပြောလိုက်သည်။

'ချိုတာရီ ဆန်စက်က ဘာဘူကုလားကတော့ ပေါက်ဈေး တစ်ပိဿာ ရှစ်ဆယ်လောက် ရှိမယ်လို့ ပြောတာပဲ၊ ကိုရင့် သီးထောက်ခနဲ့ စပါးပေး နှိမ်ချပြီးရင် ဝမ်းစာချန်ပြီး ပေါက်ဈေးနဲ့ ရောင်းမယ်စိတ်ကူးတာပဲ။ တပေါင်းလမှာ ငတောက်တို့ကို ကျွန်တော် ရှင်ပြုမလားလို့. .'

'လယ်ထွက် ဘယ့်နှယ်နေမလဲ'

'သင့်တင့်ပါပဲ ကိုရင်ရယ်'

ဦးသာကြူးမှာ ဦးဘိုးသိန်း လယ်လုပ်သားများထဲအနက် နှစ်သက်အကြာဆုံး သီးစားလယ်သမား ဖြစ်သည်။ ပထမကမ္ဘာစစ်ဖြစ်ချိန်က ဧက ၁၀၀၊ ၁၀ တုန်း ထွန်နိုင်လျက် ဝမ်းစာအတောင့်၊ ကျွဲနွားအတောင့်ရှိ၏။ နောက်ပိုင်း၌ အကြွေးတင်ကာ ကျွဲနွားများ ပြုတ်ကုန်၍ ဧက ၅၀ သာလျှင် လုပ်နိုင်သည့်အခြေ ရှိသည်။

'ငါနာကို တမံဖို့တဲ့စရိတ် တစ်ဝက်နှိမ်လိုက် သမီး'

ဝေဝေသည် လယ်စာရင်း၊ စပါးစာရင်း၊ ငွေတိုးစာရင်း စာအုပ်များကို တစ်အုပ်စီ ခွဲခြားထားသည်။ ကောက်စိုက်ချိန်၊ စပါးပေါ်ချိန်တို့၌ ဝေဝေ့မှာ ငွေထုတ်ငွေရှင်းဖြင့် ထမင်းကို အချိန်နှင့် မစားနိုင်အောင် အလုပ်များနေတတ်သည်။ ဒီကြားထဲ တစ်မတ်သား၊ တစ်မူးသားကအစ ရွှေပေါင်လည်း ခံသေးသဖြင့် အားရသည့်အချိန်ပင် မရှိချေ။ ငွေချေး၊ စပါးပေး၊ ရွှေပေါင်ခံ စသော မြေပိုင်ရှင်ကြီးများ၏ လုပ်ငန်းအသွယ်သွယ်ကို ကောင်းကောင်း ကျွမ်းကျင်လေသည်။

www.burmeseclassi.com



လယ်ပိုင်ရှင် သားသမီးဖြစ်၍ လယ်အကြောင်းလည်း နားလည်သည်။ ငွေတိုး ယူပုံယူနည်းတွေလည်း မြင်နေသည်။ စပါးပွဲစားကြီးသမီးဖြစ်၍ စပါးအမျိုးမျိုး၊ တင်းတွက်၊ ပေါင်ကိုက်၊ ကတ္တားချိန် နားလည်အောင် သင်ယူ ဆည်းပူးထားသည်။

စပါးကုန်သည်ကြီး ဦးကြောင်နီး ဝင်လာလေသည်။ ဦးဘိုးသိန်းသည် ကြိမ်ကုလားထိုင်ကြီးမှ ထလာကာ ကျောက်စားပွဲတွင် တရုတ်ကြီးနှင့် ဝင်ထိုင်ကြလျက် ဘလုပ်ဘရာသားမှ ဒိုင်လာဖွင့်သည် အကြောင်းနှင့် ဆန်စျေး အတက်အကျ ပြောဆို ဆွေးနွေးကြလေသည်။

ဝေဝေသည် ဦးသာကြူးနှင့် ဂေါနောတို့အား စာရင်းရှင်း၊ ငွေထုတ်ပေးနေခိုက် စားပွဲတွင် ရပ်ကွယ်နေကြ၍ အိမ်ထဲသို့ နောက်ဝင်လာသော ဧည့်သည်ကို မမြင်လိုက်ရပေ။

ဦးဘိုးသိန်းသည် နေရာက ထလိုက်ကာ 'ကြွပါ၊ ကြွပါ. . ညက အိပ်ရပါရဲ့လား'ဟု ပျာပျာသလဲဆီးကြိုနေသံကြားရမှ ဝေဝေသည် စာရင်းငုံ့ရေးနေသော ခေါင်းကို ထောင်ကြည့်လိုက်လေသည်။

ဦးစောဟန်သည် နောက်ပါ အခြွေအရံများဖြင့် အိမ်ထဲသို့ ဝင်လာလေသည်။ ဦးစောဟန်နောက်မှ လိုက်လာကြသည့် ပိတ်ဖြူ ဖောင်းထုတ်ခေါင်းပေါင်းကြီးများ ပေါင်းလျက် ခေါင်းပေါင်းစကို ကျောနောက်၌ ပေါင်လယ်အထိ ချထားသော ဒရမ်ဝမ်ကုလားများကို အိမ်ဝ၌ နေရစ်ခဲ့ကြသည်။

အသားဖြူဖြူ ရွှေသွားနှင့် လူရွယ်တစ်ယောက်သည် ဦးစောဟန်နှင့် အတူပါလာသည်။

ဦးစောဟန်သည် လက်နှစ်ဖက်ကို ကာကီဘောင်းဘီအိတ်ထဲ ထည့်လျက် လျှောက်လာကာ၊ အိမ်ထဲရောက်မှ ဘောင်းဘီအိတ်ထဲ လက်ကို ထုတ်၍ ကာကီဦးထုပ်ကို လှမ်းချွတ်လိုက်ကာ၊ ဦးဘိုးသိန်းကို ပြန်နှုတ်မဆက်ခင် ဝေဝေကို လှမ်းကြည့်လိုက်သည်။

www.burmeseclassi.com



ဦးစောဟန်၏ တည်ငြိမ်သော အပြုံးကို ဝေဝေ သတိပြုမိသည်။ ဝေဝေသည် ပူထူသွားကာ မလုံသလို ဖြစ်သွားလေသည်။

'ညက အိပ်ရပါတယ် ဦး၊ သူကတော့ ကျွန်တော့် စာရေးကြီးပဲ။ ဈေးနားမှာ ကျွန်တော်တို့ 'အော့ဖစ်'အတွက် အိမ်ရပြီ'

ဦးဘိုးသိန်းက ထိုင်ရန် ကုလားထိုင် ရွှေ့ဆွဲပေးသော်လည်း ဦးစောဟန်သည် မထိုင်ဘဲ ကာကီဦးထုပ်ကို ရင်တွင်ပိုက်လျက် မတ်တတ်ပင် ရပ်စကားပြောနေသည်။ ဦးဘိုးသိန်း၏ မျက်နှာမှာ ချိုမြနေသည်။ဦးစောဟန်၏ စာရေးကြီးကိုကြည့်လျက် ခေါင်းညိတ်ကာ ပြုံးပြလိုက်သည်။

'ဒီက စပါးကုန်သည်ကြီး ဦးကြာငန်းပါပဲ'

တရုတ်ကြီးသည် တုတ်ကောက်ကြီးကို လက်နှင့် ထောက်လျက် ဦးစောဟန်တို့အား ပြုံးတူးပြဲတဲ ထိုင်ကြည့်နေရာ၊ မိတ်ဖွဲ့ပေးသဖြင့်ဝမ်းသာအားရ ထ,ရပ်လိုက်သည်။

'တွေ့ရတာ ဝမ်းပါတယ် ဘိုကြီး၊ အလိုရှိတာ အားလုံးပြောပါ၊ ကူညီပါ့မယ်'

ဦးစောဟန်သည် တရုတ်ကြီး၏ ရယ်ပြုံးပြုံး မျက်နှာကိုကြည့်လျက် ခပ်တည်တည်ပင် 'ကျေးဇူးတင်ပါတယ်'ဟု ပြန်ပြောလိုက်သည်။

ဝေဝေမှာ ဦးစောဟန်အား စားမတတ် ဝါးမတတ် ကြည့်နေသော ဂေါ်နော့နှင့် ဦးသာကြူးတို့ကို သိပ်ရိုင်းတာပဲဟု စိတ်ထဲက အပြစ်တင်နေလေသည်။

ဝေဝေသည် ရှက်ကိုးရှက်ကန်း ဖြစ်နေလေသည်။ ဧည့်ခန်းအဆောင်အယောင်များကို ဘယ်လိုများ ထင်မလဲဟု တွေးကြည့်သည်။ ခုံပေါ်က သံလင်ပန်းအဖြူနှင့် ထည့်ထားသော နှုတ်သီးအပွဲ လက်ဖက်ရည်အကြမ်းအိုး၊ ပန်းကန်လုံးများကို လှမ်းကြည့်လျက် မြင်မှာစိုးကာ ရင်ထဲတွင် ဟိုက်သွားလေသည်။

'ဦးတို့ကိုလည်း ဘာမှ အားမနာပါနဲ့၊ ဦးအိမ်က သိပ်မကောင်းတော့



BURMESE CLASSIC .com

www.burmeseclassi.com



အားနာပါတယ်၊ ခြံတံခါးလည်း လက်သမားတွေခေါ်ပြီး ပြင်ပေးပါဦးမယ်၊ အလိုရှိတာ ပြောပါ'

ဦးစောဟန်သည် ဂိုက်ကို တင်းတင်းထားလျက် နှုတ်က ယဉ်ယဉ်ကျေးကျေးပင် ပြောသည်။

'ကျေးဇူးတင်ပါတယ်. . ဦး၊ အိမ့်အတွက် ဒုက္ခပေးရတာလည်း အားနာပါတယ်၊ အလုပ်ကိစ္စအတွက် ကျွန်တော့် အလုပ်တိုက်ကို လာနိုင်ပါတယ်။ အလုပ်ချိန်ကတော့ မနက် ၈ နာရီက ၁၂ နာရီ၊ ညနေဘက် ၃ နာရီက ၅ နာရီပါပဲ'

ဝေဝေသည် မြန်မာစကားကို ပြတ်တောင်းပြတ်တောင်းဖြင့် နားပြီး ပြောပုံကို တစ်လုံးချင်း စိုက်နားထောင်ရင်း အိမ်ချင်းကပ်နေပြီး သူ့အလုပ်တိုက်ကို လာရမတဲ့၊ စည်းကမ်းကြီးလိုက်တာဟု အောက်မေ့နေ၏။

ပွဲစားကြီး ဦးဘိုးသိန်းမှာ နေရာပေးလျက်နှင့် မထိုင်ကတည်းက ရောရောနှောနှော မလုပ်ချင်ပုံကို အကဲခတ်မိသည်။ မြန်မာတစ်ယောက်ဖြစ်၍ မြန်မာအချင်းချင်း ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ဖြစ်ရန် အဆင်သင့်ရှိလျက် ဦးစောဟန်အကဲကို ကြည့်ကာ ဖက်လဲတကင်း ဆက်ဆံရန် ရွံ့သွားလေသည်။

ဦးစောဟန်သည် ဝေဝေတို့ဘက်သို့ လှည့်လျက် ခရုသင်းများဖြင့် ဖွေးနေသော ဦးသာကြူး၏ အင်္ကျီရုပ်ကို မမြင်အောင် မျက်စိလွှဲကာ၊ ဝေဝေ့အား ခပ်စောင်းစောင်း ကြည့်လိုက်ပြီးနောက် ဦးဘိုးသိန်းကို ပြုံး၍ နှုတ်ဆက်လိုက်သည်။

'ကဲ. . ဦး၊ သွားပါဦးမယ်'

ဝေဝေသည် ခေါင်းငုံ့လျက် နေသည်။ ဖိနပ်သံများ ဝေးသွားသည့်တိုင်အောင် ခေါင်းကို မထောင်နိုင်ဘဲ ရင်ထဲတွင် လှုပ်ရှားလျက်ရှိသည်။ ပြုံးနေသည့်အတွင်းမှ တင်းနေသော ဦးစောဟန်၏မျက်နှာကို မြင်ယောင်လိုက်သည်။ မျက်နှာမှာ နဖူးကျယ်ကျယ်၊ နှာတံချွန်ချွန်ဖြင့် ဥပမိရုပ်ကောင်း

www.burmeseclassi.com



လေသည်။

'လူကတော့ ခပ်အေးအေးပဲ ဦးကြောင်း၊ ဒါပေမယ့် ဘိုဘိုဆန်ပဲ။ ဘီအေအောင်ပြီး ကုမ္ပဏီဘက် ဝင်လုပ်တာ မကြာသေးဘူး'

ဦးကြောင်းသည် လက်ဖက်ရည်ကြမ်း ပန်းကန်ကို ငုံ့သောက်လိုက်ကာ 'သဘောကောင်းပုံရပါတယ်' ဟု ထင်မြင်ချက်ပေးသည်။

ဒေါ်သက် နောက်ဖေးမှ ကော်ဖီ ဖျော်ထွက်လာသည်။ 'ဘယ့်နှယ် ပြန်သွားပြီလား၊ ခုနထွက်လာတော့ တွေ့လို့ ငါ ကော်ဖီ ဖျော်ခိုင်းနေတာ ဆွဲမထားလိုက်ဘဲကိုး' ဟု ပြောရင်းဆိုရင်း နောက်မှ ထက်ကြပ် လက်ဖက်ရည်ဗန်း ယူထုတ်လိုက်လာသော မယ်အေးဘက်သို့ လှည့်လျက်. . .

'ကဲ. . ကဲ၊ ထောင်ကဲကြီးကို ပေးပါအေ'ဟု ဆိုလိုက်သည်။

ဝေဝေသည် ယွန်းဗန်းအနက်ပေါ်မှ ဖိတ်လျှံကျနေသော ကော်ဖီ ပန်းကန်များနှင့် နှစ်ထပ်ရေခဲမုန့် ပန်းကန်တို့ကို လှမ်းကြည့်လိုက်ကာ ပြန် သွားမှ ထုတ်လာတာ တော်ပါသေးရဲ့ဟု အောက်မေ့လိုက်သည်။

(၃)

နတ်တော်လဆုတ် ၈ ရက်

**ချစ်သမီးထံ စာပြန်လိုက်သည်။**

မယ်တော်ထံမှ စာကို ရရှိပြီး မယ်တော်၏ သြဝါဒကို လိုက်နာကျင့်သုံးပါမည်ဟူသော ရေးသား ပြန်ကြားစာအရ မယ်တော် ဝမ်းမြောက်နေသည်။

သစ္စာလေးပါး မြတ်တရားကို ဆင်ခြင်နှလုံးသွင်းစိမ့်သော ငှာ မယ်တော် ညွှန်ပြ ပို့ချလိုပေသည်။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူ၍

www.burmeseclassi.com



လေးပါးသော သစ္စာတရားတွင်ဒုက္ခသစ္စာနှင့်သမုဒယသစ္စာသည် လောကီသစ္စာ ဖြစ်သည်။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့သည် လောကုတ္တရာသစ္စာမည်သည်။

ပဋိသန္ဓေနေခြင်း ဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ မချစ်မနှစ်သက်သောသူနှင့် အတူတကွ နေခြင်းဆင်းရဲ၊ ချစ်သော သူနှင့် သေကွဲရှင်ကွဲ ကွဲကွာနေရခြင်းဆင်းရဲစသော ဒုက္ခတရားတို့ သည် သတ္တဝါတို့အား နှိပ်စက်ကုန်သည်။ နှိပ်စက်တတ်ခြင်း ခံရ သော ပုဂ္ဂိုလ်တို့မှာ သက်သာသော သဘောမရှိကြပေ။ ကိုယ်တွေ့ ကြုံဖူးသူမှန်သမျှ ဒုက္ခသစ္စာကို သိကြလေသည်။ မချိမဆန့်ပူပန်ဒုက္ခ ရောက်အောင် ညှင်းဆဲတတ်သည်။ သောက ပရိဒေဝမီး တောက် လောင်စေတတ်သည်။ ဒုက္ခတရား၏ အရင်းအမြစ်ကို စစ်လျှင် တဏှာ၏ အဆွေ၊ အဝိဇ္ဇာ၏ လှည့်ဖြားမှုပင် ဖြစ်သည်။

တပ်မက်သော တဏှာသည် ဘဝသစ်သို့ ဖြစ်စေတတ် သည်။ ထိုထို ဘုံဘဝတို့၌ အလွန်နှစ်သက်လျက် တပ်မက်မောမှု၊ လိုချင်မှုတို့သည် ဒုက္ခသစ္စာကို ဖြစ်စေတတ်သော သမုဒယသစ္စာ ဖြစ်သည်။

တဏှာ၊ ရာဂ၊ လောဘတရားယုတ်သည် ဆင်းရဲခြင်းအစစ် အမှန် ဖြစ်သည်။ ဒုက္ခသစ္စာကို အမြဲပင် ဖြစ်စေတတ်သည်။အာရုံ ကောင်းတို့ကို တပ်မက်လိုချင်လျက် ခံစားချင်တတ်ခြင်းမှာ သတ္တဝါ ပုဂ္ဂိုလ်တိုင်း ကိုယ်တွေ့ဖြစ်ကြ၍ သိကြသည်။ ဆင်းရဲခြင်းသဘော၊ ဆင်းရဲခြင်းကို ဖြစ်စေတတ်သောသဘောဟူ၍မသိမမြင်မဆင်ခြင် နိုင်ကြဘူး။

ဒုက္ခတရားအပေါင်း၏ချုပ်ငြိမ်းရာ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်တရားသည် လောဘတဏှာမှ ကင်းသည်။ ကိလေသာမှ လွတ်သည်။ ငြိမ်သက်ခြင်း၊ မသေမပျောက်မရွေ့မရှားခြင်း၊ လူနတ်



BURMESE CLASSIC .com

www.burmeseclassi.com



ဟူသော ခန္ဓာကင်းဆိတ်ခြင်း ဖြစ်သည်။ နိဗ္ဗာန်တရားတော်မြတ်သည် မဂ်ဉာဏ်ဖိုဉာဏ်၊ ပစ္စဝေက္ခဉာဏ် ရအပ်သော အရိယာပုဂ္ဂိုလ်များ၏ အရာဖြစ်ကာ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသို့မဟုတ် ကမ္ဘာ အရာ အထောင် ကျင့်မှ သိနိုင်သော တရားဖြစ်သည်။

ထိုနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော ရှစ်ပါးသော မဂ္ဂင်တရားသည် မဂ္ဂင်သစ္စာ ဖြစ်သည်။ မဂ္ဂရှစ်ပါးသည် ဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်သည်။ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာတို့ကို ပယ်နိုင်သည်။ ထို မဂ္ဂင်ရှစ်ပါးတရားမှာ-

ကောင်းစွာ မြင်ခြင်း၊
ကောင်းစွာ ကြံခြင်း၊
ကောင်းစွာ ပြောဆိုခြင်း၊
ကောင်းစွာ အမှုလုပ်ခြင်း၊
ကောင်းစွာ အသက်မွေးဝမ်းခြင်း၊
ကောင်းစွာ လုံ့လထုတ်ခြင်း၊
ကောင်းစွာ အောက်မေ့ခြင်း၊
ကောင်းစွာ တည်တံ့ခြင်း။

ဤ မဂ္ဂင်ရှစ်ပါးတရားသည် လောကီ လောကုတ္တရာနှစ်မျိုး ရနိုင်ပေသည်။ မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးပါးနှင့် ယှဉ်သော မဂ္ဂင်ရှစ်ပါးမှာ လောကီမဂ္ဂင် ဖြစ်သည်။ မဂ်စိတ်နှင့် ယှဉ်သော မဂ္ဂင်ရှစ်ပါးသည် လောကုတ္တရာမဂ္ဂင် ဖြစ်သည်။

အကျဉ်းရုံး၍ ငါ့သမီးအား အချုပ်ကို မယ်တော်ဟောပြောရမည်ဆိုလျှင် မဂ္ဂင်ရှစ်ပါး၌ အစဖြစ်သော ကောင်းစွာမြင်ခြင်း သမာဒိဋ္ဌိတရားသည် အရေးကြီးဆုံး ဆိုရမည်။ ပိုင်ပိုင်နိုင်နိုင်သိဖို့ အရေးကြီးပါသည် သမီး။ သမာဒိဋ္ဌိ ကောင်းစွာ မြင်မှ သူတော်



BURMESE CLASSIC .com

www.burmeseclassi.com



ကောင်း အစစ်အမှန် ဖြစ်ပေလိမ့်မည်။

ငါ့သမီး၌ မှန်သောအမြင် သမာဒိဋ္ဌိ မဂ္ဂင်တရားတစ်ပါး ရှိနေလျှင်ကောင်းစွာအမှန်ကြံတော့သည်။ ကောင်းစွာ အမှန်စကား ဆိုတော့မည်။ ကောင်းစွာ အမှုအလုပ် ပြုတော့မည်။ ကောင်းစွာ အမှန် အသက်မွေးတော့မည်။ ကောင်းစွာအမှန်လုံ့လရှိတော့မည်။ ကောင်းစွာအမှန် အောက်မေ့ခြင်း ရှိတော့မည်။ကောင်းစွာအမှန် တည်တည်တံ့တံ့ ရှိတော့မည်။

အမြင်မှန် သမ္မာဒိဋ္ဌိ မရှိက မိစ္ဆာဒိဋ္ဌိ ဖြစ်လိမ့်မည်။

အမှားမြင်လျှင် အမှားကို ကြံတတ်သည်။ အမှားကို ပြောတတ်သည်။ အမှားကို ပြုလုပ်တတ်သည်။ အမှားကိုပြုလုပ် အသက်မွေးတတ်သည်။ အမှားကို အားထုတ်တော့သည်။အမှား အတိုင်း တည်တံ့တတ်လေသည်။

လောကီမဂ္ဂင် သမာဒိဋ္ဌိ လူတိုင်း လူတိုင်း မမြဲကြဘူး။ ရံဖန်ရံခါ သမ္မာဒိဋ္ဌိ ရှိလျက်၊ ရံဖန်ရံခါ မိစ္ဆာဒိဋ္ဌိ ဖြစ်နေကြသည်။ သမ္မာဒိဋ္ဌိ မြဲဖို့ အရေးကြီးပေသည်။

လောကုတ္တရာ မဂ်စိတ်နှင့်ယှဉ်သည့် သမ္မာဒိဋ္ဌိမှာမူ မည်သူ ဖျက်ဆီး ဖျက်ဆီး မပျက်စီးတော့ပေ။ ခိုင်ခိုင်မြဲမြဲ ဖြစ်ပေသည်။

ချစ်သမီးသည် လောကီမဂ္ဂင်ဖြစ်သော တရားရှစ်ပါးကို နှလုံးသွင်းစေနိုင်သော်ဝ်ဟု မယ်တော် ဩဒိမေတ္တာဖြင့် သွန်သင် သတိပေး ရေးသားလိုက်ရသည်။

သီတင်းကျွတ် လပြည့်ကျော်က မယ်တော်ရေးပို့လိုက်သော စာအတိုင်း သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ္ပ တရားများကို သတိရှိပါလေ။

မမေ့လျော့သော သတိရှိသောသူသည် သတိကင်းသူတို့ ထက် သီလကုသိုလ် အားထုတ်နိုင်သည်။ ကိုယ်ကျင့်သီလ တည်နိုင်

www.burmeseclassi.com



သည်။ ထို့ပြင် ရှက်တတ်ကြောက်တတ်သောသဘောရှိတတ်သော ကိုယ်ကျင့်သီလသည် ဖြစ်လည်းဖြစ်၏။ တည်လည်း တည်၏။ ရှက်တတ် ကြောက်တတ်သော သဘောမရှိသော ကိုယ်ကျင့်သီလ သည် ဖြစ်လည်းမဖြစ်၊ တည်လည်းမတည်။ ထို့ကြောင့် အကျင့် သီလကောင်းစေရန် သူတော်ကောင်းတရားခုနစ်ပါးစွဲမြဲဖို့ သတိပြု ဖို့ ဆုံးမလိုက်ခြင်း ဖြစ်သည်။

မယ်တော်အတွက် ပူပန် ကြောင့်ကြ မရှိကြလေနှင့်။ သုံးဆယ့်တစ်ဘုံက လွတ်အောင် ပါရမီကုသိုလ် ဆည်းပူးလျက် တရားအားထုတ်နေသည်။

**သီလစာရီ**
**ဂုဏ်ချောင်**
**စစ်ကိုင်းတောင်ရိုး။**

စာဆုံးခါနီး ဝေဝေ၏ အသံမှာ တုန်နေလေသည်။

ဦးဘိုးသိန်းသည် ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်၌ ပက်လက် လှဲကာ သစ်သားလက်ရမ်းနှစ်ဖက် ဆွဲထုတ်လျက် ခြေဆန့်ထားပြီး ဝေဝေ ဖတ်ပြနေသော စာကို စိုက် နားထောင်နေလေသည်။

'သူတော်ကောင်းမကြီး. . . သူ့မှာတော့ သံယောဇဉ်တွေ ဖြတ်ပြီး ချမ်းသာနေတော့တာပဲပေါ့'

ဒေါ်သက်သည် ဝေဝေဖတ်ပြသော စာ ဆုံးဆုံးခြင်း နှုတ်က ဖွင့် ညည်းလိုက်ကာ၊ တစ်စုံတစ်ခုတွေးတောစဉ်းစားနေဟန်ဖြင့် ဆေးလိပ်ခေါင်း က ပြာကို လက်မနှင့် သိပ်ဖိရင်း ဝေးရာသို့ ငေးနေလေသည်။

ဝေဝေမှာ လက်ထဲက စာရွက်ကို စိုက်လျက်သာပင် ဝဲလာသော မျက်ရည်များ စီးမကျအောင် ထိန်းထားရလေသည်။

ဦးဘိုးသိန်းသည် ချောင်းဟပ်လျက် လည်ချောင်းရှင်းလိုက်ပြီးနောက် တံတွေး ထ ထွေးလိုက်သည်။ ဝေဝေက လှမ်းကြည့်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



ကုလားထိုင်ပေါ်က ထွေးလိုက်၍ တံထွေးထဲမှ အစအနပါလာသော သွေးရောင်ကို ထွေးခံထဲ ကျသွားသည်အထိ ကောင်းကောင်း မြင်လိုက်ရသည်။

ဝေဝေသည် မျက်နှာပျက်သွားကာ စာရွက်ပေါ်သို့ ခေါင်းငိုက်ချလိုက်ရာ မျက်ရည်အစက်များ စဉ်ကျသွားသဖြင့် စာလုံးများ ပြန့်ကွက်သွားလေသည်။

'သမီး စာပြန်ရင် ဖေဖေ နေမကောင်းတဲ့အကြောင်း ထည့်မရေးလိုက်နဲ့နော်၊ စိတ်ချမ်းချမ်းသာသာနဲ့ တရားအားထုတ် နေပါစေကွယ်'

ဝေဝေသည် ငြိမ်သက်ကာ ငုံ့မြဲ ငုံ့နေလေသည်။

သီလရှင် မဝတ်ခင်က မိခင်၏ မျက်နှာကို မြင်ယောင်လိုက်မိသည်။ မိခင်မှာ လှပသော မိန်းမချောတစ်ယောက် ဖြစ်သည်။ ရုပ်ချောသလို စိတ်နေစိတ်ထားလည်း နူးညံ့သိမ်မွေ့သည်။ ဝေဝေ ၁၂ နှစ်သမီးအရွယ်အထိ မိခင်နှင့်အတူတကွ နေခဲ့ရသဖြင့် ဖြီးပုံ လိမ်းပုံ၊ ဝတ်ပုံ စားပုံ၊ ပြောပုံ ဆိုပုံ၊ နေပုံ ထိုင်ပုံပါ မကျန် အစခပ်သိမ်း တရေးရေး ပြန်ပေါ်လာလေသည်။ လေးငါးခြောက်နှစ် မှတ်မိသလောက်အရွယ်ကလေးကပင် မိခင်သည် ဝါတွင်းအခါ၌ စစ်ကိုင်းချောင်သို့ သွားတတ်ကာ တစ်လကိုးသီတင်း ဥပုသ်ရှည်ရှည် စောင့်လေစောင့်ထ ရှိခဲ့သည်။

စစ်ကိုင်းချောင်သို့ သွားလျှင် တစ်ယောက်တည်း မသွားပေ။ ဖခင်က အမြဲလိုက်ပို့ရသည်။ အမိဥာန် ရက်မစေ့ခင်ဥပုသ်မထွက်မီ ပြန်မည့်ရက်ကို စာ ကြိုတင်ပေးသည်။ ဖခင်ပင် သွားကြိုရသည်။

အကြောင်းကိစ္စ မညီညွတ်၍ စစ်ကိုင်း မသွားနိုင်သည့်နှစ်မျိုးဆိုလျှင် မိခင်မှာ မရွှင်ပျ။ မကြည်မသာနှင့် ပျက်ကွက်ရခြင်းကို တဖျစ်ဖျစ်တောက်တောက် ပြောနေတတ်ပုံကို ကောင်းကောင်းမှတ်မိလေသည်။

သီလရှင် မဝတ်မီ နှစ်နှစ်လောက်က စ၍ သိသိသာသာ ပြောင်းလဲနေသော မိခင်ကို တစ်အိမ်သားလုံး သိကြသည်။

www.burmeseclassi.com



ခါတိုင်းထက် စကားနည်းလာသည်။ တစ်နေ့တစ်နေ့ ဘုရားဝေယျာ ဝစ္စဖြင့်ပင် အချိန်ကုန်နေလေသည်။

စိပ်ပုတီးကို လက်ကမချဘဲ စိပ်သည်။ ဘုရားရှိခိုးလျှင် မေ့နေအောင် ကြာသည်။ ညဥ့်နက်သန်းခေါင်အထိ ကျမ်းစာ ဖတ်နေသည်။ စကားပြော တိုင်း တရားနှင့်ယှဉ်လျက် တရားစကား ပြောလွန်လွန်းသဖြင့်၊ ဝေဝေ့မှာ ငယ်ငယ်ရွယ်ရွယ်ကပင် လောကုတ္တရာအကြောင်း တရား နားယဉ်နေ လေသည်။

အစားကိုလည်း မခံ့မင်လှ၊ အဝတ်လည်း မခံ့မင်၊ လက်ဝတ်လက် စားများ ချွတ်ထားသည်။ နားက နားကပ်ကို ချွတ်ပြီး 'အစ်မပဲ ပန်ပါ'ဟု ဒေါ်သက်ကို ပေးလိုက်သည်။ စီးပွားရေးလုပ်ငန်းဆောင်တာများကို စိတ်ပါ လက်ပါ မရှိတော့ဘဲ ပစ်ပယ်မှန်းမသိ ပစ်ပယ်လာကာ၊ သားသမီး သံယော ဇဉ် တွေကို ဖြတ်မှန်းမသိ ဖြတ်နေလေသည်။

'မင်းကွယ်. . လူ့ဘောင်ကြီး မနေပါနဲ့တော့၊ စစ်ကိုင်းမှာ မယ်သီလ ရှင်ပဲ လုပ်နေပါတော့'ဟု ဦးဘိုးသိန်းက ခနဲ့သည့်အခါမျိုး၌ 'ခွင့်သာပေးပါ ရှင်၊ ကျွန်မ အဆင်သင့်ပါ'ဟု ဆိုလေသည်။

'လောကကြီးကို စက်ဆုပ်လိုက်တာ'ဟု မကြာခဏ ညည်းနေ သည်။ 'စက်ဆုပ်ရင်လည်း တောင်ရိုးသွားနေအေ'ဟု ဒေါ်သက်က ငေါ့ လျှင် ပြုံးနေလေသည်။

ဝေဝေ ခုနစ်တန်းရောက်သည့်နှစ်၌ စစ်ကိုင်းသို့ ဥပုသ်စောင့်သွားရာ တစ်ခါတည်း ပြန်မလာတော့ပေ။ ဦးဘိုးသိန်းထံသို့ မယ်သီလရှင် လုပ်လိုက် ပြီဖြစ်၍ ခွင့်ပြုပါရန်နှင့် နောက်ထပ်အိမ်ထောင်ရက်သားပြုလိုကလည်း ခွင့်ပြုပါကြောင်း စာပေးလိုက်သည်။

မယ်သီလရှင် ဝတ်ပြီဟု သိသိချင်း ဝေဝေမှာ တရှုပ်ရှုပ် ငိုခဲ့ရသည်။ ဦးဘိုးသိန်းမှာ မယားကို ချစ်လွန်း၊ အလိုလိုက်လွန်းသဖြင့် 'မင်းကြောင့် ဒီလိုဖြစ်ရတာ'ဟု ဒေါ်သက်သည် ဦးဘိုးသိန်းကို ဖိပြီး အပြစ်ဆိုနေ၏။



BURMESE CLASSIC .com

www.burmeseclassi.com



ဦးဘိုးသိန်းမှာ စိတ်ထိခိုက်သွားကာ တော်တော်နှင့် မဖြေနိုင်။ဝေဝေ တို့ ရှေ့၌ . . . 'သူ့အတွက် သည်ဘဝမျိုးပဲ ကောင်းပါတယ်'ဟု ဖြေပြော ပြောရလျက် တစ်ယောက်တည်း နေလျှင် မှိုင်ငိုင်နေတတ်လေသည်။ ဒေါ်သက်မှာ မောင်နှင့် တူမလေးကို သနားရတော့ကာ လုပ်ရက်လေတယ် ဟု ယောက်မကို စိတ်နာနေသည်။

ဝေဝေသည် ခုနစ်တန်းစာမေးပွဲဖြေပြီး နွေကျောင်းပိတ်တွင် မိခင်ကို တွေ့ပါရစေဟု ငိုယိုပူဆာနေရာ၊ ဦးဘိုးသိန်းမှာ သူ မတွေ့ချင်ဘူးဆိုကာ ဒေါ်သက်နှင့် လွှတ်လိုက်လေသည်။

တစ်နှစ် တစ်ခေါက် မိခင်ထံသို့ ရောက်သည်။ သီလရှင် ဝတ်သွား သည်မှာ ငါးနှစ်ခန့် ရှိပြီ။ ဝေဝေ့အစ်ကို ကိုနေဦးနှင့်အဝေးရောက်နေသော ထားထားတို့မှာ မိခင်အတွက် ပထမ စိတ်မကောင်း ဖြစ်လိုက်ကြသည်။ နောက်မှ ကောင်းတာလုပ်တာပဲဟု စိတ်ဖြေကြရလေသည်။

ဦးဘိုးသိန်းသည် သီလရှင်ဝတ်သွားပြီးကတည်းက ယခုအထိ မတွေ့ ဘဲ နေ၏။ စာတစ်စောင်မှ မရေးပေ။ လစဉ် စရိတ်သာ ထောက်ပံ့နေ ကာ စိတ်ကို ဖြေဖျောက်နေထိုင်သည်။ အမှန်စင်စစ် မိခင်ကသာပြတ်သွား သော်လည်း ဖခင်မှာ မိခင်ကို စိတ်မပြတ်မှန်း သိ၍ တွေးမိတိုင်းစိတ်မချမ်း သာ ဖြစ်ရလေသည်။

မိခင်ထံမှ စာလာတိုင်း ကိုယ်တိုင်မဖတ်သော်လည်း ဖတ်ခိုင်း၍ ဖတ်ပြရသည်။ ငါးနှစ်ခန့် အတောအတွင်း မိခင်၏ စာများထဲတွင်ဖခင်နှင့် ပတ်သက်၍ အကျိုးအကြောင်းအရေးနည်းသဖြင့်နေနိုင်လိုက်တာဟု အံ့သြ မိသည်။ သီလရှင် ဝတ်စက ဖခင် စိတ်မချမ်းမသာဖြစ်ကာ လွှမ်းဆွတ် အောက်မေ့လျက် ရှိနေကြောင်း သိအောင် တမင်ရေးထည့်လိုက်သည့်တိုင်၊ ဖခင်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဘာမျှ ထူးထူးထွေထွေ ပြန်မရေးဘဲ နေလေသည်။

လူဝတ်ကြောင်မှ သီလရှင်အဖြစ်သို့ ကူးပြောင်းသွားသော မိခင်၏



BURMESE CLASSIC .com

www.burmeseclassi.com



ဘဝကို ဇာတ်ခင်းလျက် မြင်နေလေကာ အသစ် ပြန်ဖြစ်လာသည်။

'သူ့ဘဝ အထုံက ပါလာတာကို၊ ဒါကြောင့်လည်း သံယောဇဉ်တွေကို ပြတ်ပြတ်တောက်တောက်ကြီး ဖြတ်နိုင်တာပေါ့။ မောင်နေဦးတို့၊ ထားထားတို့ လက်ထပ်သွားကြပြီး ကတည်းက သီလရှင် ဝတ်ချင်ပုံ ရပါတယ်။ ဝေဝေ ငယ်သေးလို့ စောင့်နေတာနဲ့ တူပါရဲ့'

ဒေါ်သက်သည် ဦးဘိုးသိန်းနှင့် ဝေဝေတို့ကို မကြည့်ဘဲ၊ နောက်ကြောင်းကို ပြန်တွေးမိသလို တစ်လုံးချင်း ခပ်ဖြည်းဖြည်းပြောနေလေသည်။ ပြောမိလက်စဖြင့် နောက်က အတိတ်ကို ပြန်အသစ်ကို ပြောချင်လျက်၊ ဦးဘိုးသိန်း နောက်ထပ် ချောင်းဟန့်လိုက်သဖြင့်ရပ်သွားသည်။ဝေဝေသည် အတွေးကို ရပ်ကာ မော့ကြည့်လိုက်သည်။

မျက်နှာမကောင်း ဖြစ်နေသော ဖခင်ကို ကြည့်လိုက်ကာ ရင်ထဲတွင် ဆို့လာလေသည်။

'မင်း ဆေးသောက်ပြီးပြီလား၊ ငါတော့ကွယ် မင်းတို့ ဆေးထိုးတာတွေ မကြိုက်ပါဘူး၊ မြန်မာဆေး ကောင်းပါလိမ့်မယ် ထင်ပါတယ်. . .'

ဒေါ်သက်မှာ မောင်အတွက် စိတ်မကောင်း ဖြစ်မိသည်။ နံနက်စောစော စပါးကိုဒေါင်ကပြန်လာပြီး ချောင်းဆိုးရင်း ချွဲဟပ်လိုက်ရာ သွေးပါလာသည်။ တစ်အိမ်လုံး ထိတ်လန့်လျက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြရသည်။

ဦးဘိုးသိန်းမှာ သည်ရောဂါမျိုး မဖြစ်ဖူးသဖြင့် သွေးမြင်တာနှင့် ထိတ်လန့်ကာ၊ မျက်နှာတွင် သွေးတစ်စက်မှ မရှိဘဲ ခြေဖျားလက်ဖျား အေးစက်သွားလေသည်။ ဆရာဝန် ချက်ချင်းပြေးခေါ်ရသည်။ ဆရာဝန်က ချောင်းဆိုးသွေးပါ ရောဂါ မဟုတ်ပါဘူး၊ သွေးလျှံတာပါ ပြော၍ စိတ်သက်သာအောင် ပြောတာပဲဟု ထင်မှတ်ကြကာ ချောင်းဆိုးသွေးပါ ရောဂါပါပဲဟု ထင်နေကြသည်။

ဝေဝေသည် ဖခင်အတွက် စိုးရိမ် ပူပန်နေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ယခုနေ မိခင်အနားမှာရှိရင် ကောင်းမှာပဲဟု အထူး သတိရမိတော့သည်။

'သမီးရယ်. . ဆေးချိန်ကျပြီလား. . '

ဝေဝေသည် လက်ပတ်နာရီကို ငုံ့ကြည့်ကာ 'တစ်နာရီထိုးပြီဖေဖေ၊ သောက်မှ'ဟု ပြောပြောဆိုဆို ဆေး ထ ယူ တိုက်လိုက်သည်။

ဦးဘိုးသိန်းသည် ဆေးသောက်ပြီး အိမ်ပေါ်ထပ်သို့ ဖြည်းညင်းစွာ တက်သွားလေသည်။

'ညည်း အဖေအတွက် စိတ်မကောင်းဘူးအေ' ဟု ညည်းလျက် ဒေါ်သက် ထသွား၍၊ ဝေဝေသည် မိခင်ထံသို့ စာပြန်ရေးရန် စာရေးစားပွဲခုံတွင် ဝင်ထိုင်လိုက်သည်။

မိခင်၏စာကို ထပ်ဖတ်ကြည့်ပြန်သည်။ တရားစာများ ဖတ်ရပေါင်းများပြီဖြစ်၍ ငြီးငွေ့နေသည်။ စာဖတ်ပြီး အနက်အဓိပ္ပာယ် ထင်သည့်အခါမှလည်း ထင်သည်။ စွဲယူမှတ်သားလျက် အနက်အဓိပ္ပာယ်ပေါက်သည့်အထိ လေးလေးနက်နက် ဆင်ခြင်အောက်မေ့ကြည့်ဖူးသည်မရှိ၊ တရားနှင့် မတွေ့မထိပေ။ စာဖတ်ပြီး စာထဲ၌ ဖတ်ရသော သစ္စာလေးပါး၊မဂ္ဂင်ရှစ်ပါး၊ သူတော်ကောင်းတရား ခုနစ်ပါး၏ အမျိုးအစား၊ အမည်နာမကို မှတ်မိသလောက်တော့ မှတ်မိလေသည်။

မိခင်ထံသို့ စာပြန်ရေးသည်။

**ချစ်သမီး စာပြန်လိုက်ပါသည် မယ်တော်။**

မယ်တော့်စာကို ရရှိ၍ ဝမ်းသာပါသည်။ အစ်ကိုကြီး ရန်ကုန်သွားသဖြင့် မယ်တော်ထံသို့ တင်ပို့ရန် ဖေဖေက ဆန်အိတ်နှင့် ဆီပုံး ပေးလိုက်ပါသည်။ အစ်ကိုကြီး မျက်စိအောင့်၍ရန်ကုန်က ဘလီမိုးရီးယား ဆေးတိုက်မှာ မျက်စိ သွားပြပါသည်။ ဆယ်ရက်လောက် ကြာပါလိမ့်မည်။



BURMESE CLASSIC .com

www.burmeseclassi.com



မမထားဆီက မအူပင်သို့ ပြောင်းရမည့် စာ ရောက်သဖြင့် သမီးတို့နှင့် နီးပြီဟု ဝမ်းသာနေကြပါသည်။ ကြီးတော်သက်လည်း နေကောင်းပါသည်။ ဘကြီးထိုက်ဆီက ဆေးနည်းရ၍ ဆေးဖော် စားနေပါသည်။

ရွှာကလေး ဆရာတော်ဘုရားဆီက ဓာတ်တော် နှစ်ဆူ ကိုးကွယ်ဖို့ ပေးလိုက်ပါသည်။ မယ်တော့် ကတ္တပါစောင်ကို နေရာ ထိုင် ချုပ်ပြီး ဆရာတော်ဘုရားထံသို့ သမီး ပို့လှူလိုက်ပါသည်။

ဖေဖေတော့ ဒီနေ့မနက်ပဲ. .

ဝေဝေသည် ဆက်မရေးဘဲ ခေတ္တ ရပ်နားနေလေသည်။ ဖခင်က မရေးရန် တားမြစ်သဖြင့် ရေးသင့် မရေးသင့် ချိန်ဆ စဉ်းစားနေသည်။ စိတ်ထဲက ရေးချင်သည်။ အသိပေးချင်သည်။ ဖခင်အတွက် စိတ်ပူစေချင် သည်။ ဘယ်လိုပင် သံယောဇဉ်ပြတ်ပြတ် နာရေးတော့လျစ်လျူမရှုထိုက်ဘူး ဟု တွက်လိုက်သည်။ ဖခင်ဝေဒနာ သက်သာရာ ရသွားမှာပဲဟု အောက်မေ့ ကာ. . .

ဖေဖေတော့ ဒီနေ့မနက်ပဲ ချောင်းဆိုးရင်း သွေးစပါလာလို့ သမီးတို့ ဖေဖေ့အတွက် စိုးရိမ်ပူပန် နေကြရပါတယ်။ ဆရာဝန် ခေါ်ပြီး ဆေးထိုးပါတယ်။ ညနေပိုင်းတော့ သွေးပါ နည်းနည်း သက်သာပါတယ်။ ဖေဖေက မရေးပါနဲ့ စိတ်ချမ်းချမ်းသာသာ တရားအားထုတ်ပါစေလို့ ပြောပါတယ်။ ဒါပေမယ့်မယ်တော်သိစေဖို့ ရေးလိုက်ပါတယ်။

မယ်တော် သွန်သင်ပို့ချတဲ့ တရားတော်ကို အားထုတ် လေ့လာပါ့မယ် မယ်တော်ရှင့်. .။

ဝေဝေသည် မိခင်ထံ စာရေးပြီး ပြန်ဖတ်ကြည့်နေစဉ် အိမ်ရှေ့၌ လူသံကြား၍ မော်ကြည့်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



စီးကရက်သံဘူးကို လက်တစ်ဖက်က ကိုင်ကာ ဦးထုတ်ကို ပိုက်လျက် အိမ်ထဲ စိုက်စိုက်ဝင်လာသော ဦးစောဟန်ကို မြင်၍ ရုတ်တရက် ငေးနေမိသည်။

'ဦး ရှိသလား. . .'

ဦးစောဟန် တံခါးဝ၌ ရပ်လျက် လှမ်းမေးကြည့်သည်။

မျက်လုံးများသည် ကြည့်သာကြည့်ရသည်။ ရဲရဲတင်းတင်း မကြည့်ရဲပေ။ နေရာမှ ထကာ 'ရှိပါတယ်၊ ဝင်ပါ'ဟု ဖိတ်ခေါ်လိုက်သည်။

ဦးစောဟန်သည် စားပွဲနားသို့ ဖိနပ်သံမမြည်ရန် ခပ်ဖော့ဖော့ နင်းလျှောက်လာသည်။

'အိပ်နေသလား၊ အိပ်နေရင်လည်း မနှိုးပါနဲ့'

ဝေဝေမှာ ဘယ်လိုပြန်ပြောရမှန်း မပြောတတ်ဖြစ်ကာ နောက်မှ ကြည့်ပြောရသည်။

'ဖေဖေ စောစောကပဲ အိမ်ပေါ်တက်သွားပါတယ်၊ အိပ်ပျော်နေသလား မသိပါဘူး၊ နေမကောင်းလို့ပါ'

ဦးစောဟန်သည် ဝေဝေ့ကို စိုက်ကြည့်နေသည်။ အကြည့်မှာစူးလွန်း၍ဖြောင့်အောင် သတိထား ပြောရလေသည်။

'နေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲ၊ နေမကောင်းရင် မနှိုးပါနဲ့၊ အိပ်ပါစေ'

ဦးစောဟန်သည် ဝေဝေ့ အဖြေကို စောင့်လျက် စိုက်ကြည့်ရင်း မျက်နှာပြောင်းကာ ပြုံးသလိုလို မျက်နှာချိုထားလေသည်။

'မနက်က စောစောပဲ ဂိုဒေါင်ကို သွားပါတယ်၊ ပြန်လာပြီး ချောင်းဆိုးတော့ သွေးစ ပါလာတယ်'

ဝေဝေ့ စကားမဆုံးခင် ဦးစောဟန်သည် ကြောက်တွန့်သွားသလို ပခုံးနှစ်ဖက် လှုပ်ကာ မျက်မှောင်ကုတ်လျက်-

'ဆရာဝန် မခေါ်ဘူးလား'ဟု ဖြတ်မေးလိုက်သည်။

www.burmeseclassi.com



'ခေါ်ပါတယ်၊ ဆေးထိုးပေးပါတယ်'

ဝေဝေသည် ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။ တွေ့စက ဟန်ကြီးပန်ကြီး နိုင်လိုက်တာဟု အောက်မေ့ထားသော ထင်မြင်ချက်သည် ပြင်ရမလို ဖြစ်လာပြန်သည်။ စကားပြောကြည့်မှဖော်ဖော်ရွေရွေရှိသားပဲဟု စိတ်ထဲ၌ အတွေးအထင် ပြောင်းသွားသည်။

'ဆရာဝန်က ဘာပြောသလဲ'

ဝေဝေသည် ခပ်သွက်သွက် အဖြေပေးဖို့ရန် မခက်တော့ပေ။ မေးခွန်း တစ်ခွန်းထက် တစ်ခွန်း ဂရုစိုက်ဟန်၊ စိတ်ဝင်စားဟန် ပေါ်ပေါက် ဖော်ပြနေသဖြင့် ရဲရဲဖြေရန် အားရှိလာသည်။

'ဆရာဝန်က ချောင်းဆိုး သွေးပါရောဂါ မဟုတ်ဘူးတဲ့။ အထက်ကို အပူလျှံတာ ကိစ္စမရှိဘူးလို့ ပြောသွားပါတယ်'

ဦးစောဟန် မျက်နှာတွင် စဉ်းစားလိုက်သည့် အမူအရာ ဖြစ်ပေါ်ကာ. . . 'နောက်တုန်းက ဒီလို ဖြစ်ဖူးသလား'ဟု ဆက်မေးပြန်သည်။

သာယာညင်းပျောင်းစွာ မေးနေလျက် မျက်နှာမကောင်းသလို အမူအရာ မျက်နှာထားဖြင့် ဝေဝေ့ကို ငေးကြည့်နေလေသည်။

ဝေဝေသည် မျက်တောင်ကလေး ပင့်၍ ကြည့်လျက် ပြုံးယောင်ယောင် မျက်နှာဖြင့် 'မဖြစ်ဖူးပါဘူး'ဟု ပြောရင်း ညင်ညင်သာသာ ခေါင်းခါပြသည်။

'သိပ်လည်း စိတ်မပူပါနဲ့လေ၊ ပေါ့လည်း မပေါ့နဲ့ပေါ့၊ လာတဲ့ကိစ္စကတော့. . .'

စကားကို ဆက်မပြောဘဲ ဝေဝေ့ စားပွဲရှေ့က ကုလားထိုင်ကို လှမ်းကြည့်လိုက်ကာ. . . 'ထိုင်မယ်နော်'ဟု ပြောလိုက်သည်။

'ဟုတ်ကဲ့. . ထိုင်ပါ၊ ထိုင်ပါ'

ဦးစောဟန်နှင့် အတူပင် ကုလားထိုင်ပေါ်၌ ပြန်ထိုင်ချလိုက်ရာ မျက်နှာချင်းဆိုင် ထိုင်နေရသဖြင့် ဣန္ဒြေလေးဆည်လျက် ခပ်ယို့ယို့ကလေး



BURMESE CLASSIC .com

www.burmeseclassi.com



ငြိမ်နေသည်။

'ဦး အိပ်ရာကနိုးတော့ ပြောပါ၊ တိုက်က သံကြိုးလာတယ်၊ ဦး တောင်းတဲ့ဈေး အရောင်းအဝယ် ဖြစ်မယ်။ ဒါပေမဲ့ ချက်ချင်းတော့ခြင်နိုင် မယ် မထင်ဘူး ထင်တယ်၊ တုန်ကင်းတွေကတစ်ပတ်လောက်ကြာမှရောက် လိမ့်မယ်'

'ချက်ချင်း မခြင်နိုင်ရင်တော့ မဖြစ်ဘူး ထင်ပါတယ်၊ နောက်ထပ် ရောက်လာမယ့် စပါးတွေက ရေစိုလာလို့ ဂိုဒေါင်ထဲ ရောထားဖို့ ခက်ပါ တယ်၊ ဂိုဒေါင်ထဲက စပါးတွေ အလျင်ခြင်ထုတ်ပြီးမှ သွင်းလို့ ဖြစ်ပါမယ်'

ဦးစောဟန် သဘောကျသော အပြုံးဖြင့် ပြုံးနားထောင်နေ ကာ-

'စပါးတွေက များသလား၊ ဘယ်တော့ရောက်မလဲ' ဟု စိုက်ကြည့် ရင်း မေးသည်။

ဝေဝေသည် အံဆွဲထဲမှ စာရင်းစာအုပ်အထူကြီးကို ယူထုတ်ကာ ဖွင့်ကြည့်လိုက်သည်။

'များပါတယ်၊ ဝေဝေတို့ လယ်ထဲကပဲ သုံးထောင်လောက် ရောက် ပါမယ်၊ တခြားလယ်က စပါးလည်း လာပါလိမ့်ဦးမယ်'

ဦးစောဟန်သည် စာရင်းစာအုပ်နှင့် ဝေဝေအား တစ်လှည့်စီကြည့် ရှုနေလျက်. . .

'ဩော်. . နာမည်က ဝေဝေတဲ့လား'ဟု ဆို၍ ဝေဝေသည် ပြုံးရယ် လျက် ခေါင်းညိတ်လိုက်သည်။

ဦးစောဟန်မှာ ဝေဝေ၏ ကလေးဆန်သော အမူအရာလေးနှင့် ခေါင်းညိတ်ကာ ပြုံးရယ်ပြလိုက်သည့် မျက်နှာကို စိုက်ကြည့်လျက် မျက်နှာ သိပ်ချိုတာပဲဟု အောက်မေ့နေသည်။

'ဝေဝေ ကျောင်းမနေဘူးလား'

ဦးစောဟန်သည် ဘောင်းဘီအိတ်ထဲက လက်ကိုင်ပဝါကို ဆွဲထုတ်



BURMESE CLASSIC .com

www.burmeseclassi.com



လျက် မျက်နှာသုတ်လိုက်သည်။

'ဖေဖေ တစ်ယောက်တည်း ဖြစ်နေလို့ ကျောင်းဆက်မနေပါဘူး၊ ခုနစ်တန်းအောင်ပြီး ထွက်လိုက်ပါတယ်'

'သြော်. . . အဒေါ်ကြီးတစ်ယောက်ဟာ ဝေဝေ့မေမေ မဟုတ်ဘူးလား'

'ကြီးတော်ပါ'

ဦးစောဟန်သည် လက်ကိုင်ပဝါကို ဘောင်းဘီအိတ်ထဲသို့ သွင်းလျက် 'ဝေဝေ့ မေမေပဲလို့ ထင်မိတယ်၊ စပ်စုတယ် မအောက်မေ့နဲ့နော်'ဟု ပြောကာ မီးခြစ်ကို နှိုက်ယူပြီး စီးကရက်ကို ညှိလိုက်သည်။

'မအောက်မေ့ပါဘူး'

စီးကရက်ကို ဖွာရှိုက်လျက် မျက်တောင်တဖျပ်ဖျပ် ခတ်ကာ ဣန္ဒြေကြီးနှင့် ဆက်ပြောလေသည်။

'အမေက ဆုံးသွားသလား'

ဝေဝေသည် မျက်တောင်ကလေးစင်းလျက် အဖြေပေးရန်ဆုတ်ဆိုင်းနေပြီးနောက် ဦးစောဟန်အား ဖျတ်ခနဲ လှမ်းကြည့်ကာပြုံးလိုက်လေသည်။ မချိပြုံး ပြုံးမိ၍ ဝမ်းနည်းရိပ်သမ်းထားသောမျက်နှာမှာ ပေါ်နေလေသည်။

'ဝေ့ဝေ့အမေက ရှိပါတယ်၊ စစ်ကိုင်းမှာ မယ်သီလရှင် ဝတ်နေပါတယ်၊ ငါးနှစ် ရှိပြီ. .။ ဒါကြောင့် ဝေဝေ ကျောင်းဆက်မနေရပါဘူး၊ ဖေဖေ့အလုပ်တွေ ဝေဝေပဲ ကူညီလုပ်ပေးပါတယ်'

ဝေဝေသည် ပြောပြီး မျက်နှာလွှဲလိုက်သည်။ ဦးစောဟန် ဝေဝေ့အား တစိမ့်စိမ့်ကြည့်လျက် ငြိမ်သက်နေလေသည်။

ငြိမ်သက်နေသော်လည်း ရင်ထဲမှ လှုပ်ရှားနေ၏။ ခြောက်သွေ့နေရှာသော ဝေဝေ၏ဘဝကို မေတ္တာရေတစ်စက်စက် သွန်လောင်းချကြည့်နေသည်။ ဝေဝေ၏ ရင်ထဲမှ အသည်းနှလုံးသည် လန်းစိုကာ ရွှင်ပျကြည်မြူး



BURMESE CLASSIC .com

www.burmeseclassi.com



နေသည့် သင်္ကြာန်မှာ မှုန်မှုန်ရေးရေး လှုပ်ရှားနေလျက် ချစ်ဖွယ်ကောင်း လှပေသည်။

'ဪ. . ဘယ်တုန်းက ရောက်နေပါသလဲ'

ဒေါ်သက် အိမ်ရှေ့သို့ ထွက်လာသည်။ ဦးစောဟန်တို့ အနားသို့ မလာဘဲ ခပ်လှမ်းလှမ်းကပင် ရပ်နှုတ်ဆက်နေသည်။

ဦးစောဟန်သည် ကုလားထိုင်မှ ထရပ်လိုက်သည်။

'ခုနကပဲ ရောက်ပါတယ် ဒေါ်ဒေါ်၊ ဦး သတင်း ကြားရတာ စိတ် မကောင်းပါဘူး'

ဦးစောဟန်သည် ပြောပြီး ပြန်ထိုင်လိုက်သည်။

'ကောက်ရသလိုပဲ. . . မနက်ကမှ ဖြစ်တာ၊ ဆရာဝန်က စိတ်မပူရ ပါဘူးတဲ့'

'ဟုတ်ကဲ့'

ဒေါ်သက်သည် ဆက်ပြီး စကားပြောချင်သေးသည်။

ဦးစောဟန်က ဝေဝေဘက်သို့ လှည့်သွား၍ 'မပြန်ပါနဲ့ဦး၊ ကော်ဖီ သောက်သွားပါ'ဟု ပြောဖြစ်အောင် ပြောလိုက်သည်။

'မလုပ်ပါနဲ့ ဒေါ်ဒေါ်၊ ကျွန်တော် ညနေမှ သောက်ပါတယ်၊ နေ ပါစေ. . .'

ဝေဝေသည် ဦးစောဟန်အား အကျွေးအမွေးနှင့် ဧည့်ခံဖို့ရာ သတိ ရလျက် ဝန်လေးနေသည်။ ဝေဝေတို့မှာ ဘယ်ဧည့်သည်လာလာ အချိန်မရွေး ကော်ဖီတိုက်တတ်သည်။ သည်ဧည့်သည်တစ်ယောက်ပင် ကော်ဖီမတိုက်ရ မှန်း အမှတ်ထားရသည်။

'တုန်ကင်း အမြန်ရဖို့ စီစဉ်ပေးမယ်၊ ဝေဝေ အလုပ်လုပ်နေတာ အနှောင့်အယှက် ပေးမိတယ်၊ ဝေဝေက ငယ်ပေမယ့် မိဘကိုကူညီနိုင်တယ်၊ လိမ္မာပါတယ်ကွယ် ပြန်ဦးမယ်နော်'

ဦးစောဟန်သည် ဒေါ်သက်ကို နှုတ်ဆက်လျက် ထွက်သွားသည်။

www.burmeseclassi.com



ကြားလိုဇောဖြင့် ပျာလောင်ခတ် အနားသို့ ရောက်လာသော ဒေါ်သက်ကို ပြုံးကြည့်လျက် 'ကြီးတော် လိုက်ကာနောက်မှာ ရပ်နေတာ ဝေဝေ သိပါတယ်'ဟု ပြောလိုက်ကာ၊ ဝေဝေသည် အသံအုပ်၍ လှိုက်လှိုက် လှဲ့လှဲ့ ရယ်မောနေလေသည်။

(၄)

နံနက် နေခြည်ဖြစ်၍ ဝင်းပ နေပေသည်။

ဝေဝေသည် ပြတင်းတံခါးများကို လှော့ဖွင့်ကာ အပြင်ဘက်သို့ မျှော်ကြည့်သည်။ အိမ်ခေါင်းရင်း သရက်ပင်ခွ၌ ဆွဲချိတ်ထားသောအောက်သို့ တွဲလောင်းကျနေသည့် ဖယောင်းပန်း လက်တံရှည်တို့သည် လေတွင် ညွတ်လျက် ယိမ်းနေပေသည်။

လှပသော နံနက်ဖြစ်သည်။ သရက်ပင်ပေါ်၌ ခိုတွေ နားနေကြကာ အချင်းချင်း တွက်တွက်ထိုးလျက် တစ်ကောင့်ခေါင်းတစ်ကောင်ဆိတ်နေကြသည်။ ပွတ်နေအောင်သီးသောသရက်သီးများမှာအလုံးတော်တော်ကြီးနေလေပြီ။

ပြတင်းမှ ဝင်လာသော နေရောင်ခြည်ကို ပြန်လှည့်ကြည့်လိုက်သည်။ ငွေရောင်ရွှန်းသော နေခြည်ကို လည်းကောင်း၊ ပေါလစ်ရောင်ပြေးလျက် သစ်လွင်တောက်ပသော စားပွဲ ကုလားထိုင်များကိုလည်းကောင်း နှစ်သက်ကျေနပ်ဟန်ဖြင့် ရွှင်လန်းသွားလေသည်။

အစ်ကိုကြီး ရန်ကုန်သွားခါနီး လိုချင်တာ မှာလိုက်ဟု လာပြောသည်။ ဝေဝေသည် မြို့ပိုင်အိမ်တွင် မြင်ခဲ့ရသော ဧည့်ခန်း ကုလားထိုင် ပုပုကလေးတွေကို မျက်စိကျခဲ့၍ ကုလားထိုင်တစ်စုံ ဝယ်ခဲ့ရန် ပူဆာလိုက်သည်။

ညက မယ်အေးနှင့် နှစ်ယောက်အိမ်ရှေ့ခန်းကို ညဉ့်နက်သည်အထိ



BURMESE CLASSIC .com

www.burmeseclassi.com



ကြမ်းတိုက်ကြသည်။ ကြမ်းကို လက်ပြောင်နေအောင် ရေနံဆီ၊ ဖယောင်း ထည့်လျက် လက်မောင်းပြုတ်မတတ် တိုက်ရလေသည်။ မနက်စောစော အစ်ကိုကြီးရောက်လျှင် စားပွဲ ကုလားထိုင်များ ပါလာမည်မို့ အဆင်သင့် ခင်းနိုင်လေအောင် ကြိုးစားပမ်းစား တိုက်ထားသည်။

ကျောက်စားပွဲနှင့် ကုလားထိုင်များကို လိုက်ကာကွယ်ထားသော အလယ်ခန်းသို့ပို့လျက် ထမင်းစားပွဲ လုပ်လိုက်သည်။ စားပွဲကုလားထိုင်နှင့် ထမင်းစားတော့မည်။ တစ်ဖက်အိမ်ပေါ်က စီးကြည့်လျှင် စားပွဲဝိုင်းတွင် သင်ဖြူးခင်း စားနေကြတာ အတိုင်းသား မြင်နိုင်၍ ဦးစောဟန်ပြောင်းလာပြီးမှ ထမင်းစားရတာ မလုံသလို ဖြစ်ခဲ့သည်။ ခုမှပဲ ရဲရဲစားရတော့မည်။

ဒေါ်သက်မှာ နှစ်ရက်လုံးလုံး ဆက်၍ စက်ပေါ်၌ထိုင်ကာ ပေါ်ပလင် ခန်းဆီးများ အပြီးချုပ်ပေးရသည်။ဦးစောဟန်အိမ်၌တပ်ထားသောပြတင်း ခန်းဆီးပုံအတိုင်း ပြတင်းပေါက်တစ်ဝက် ခန်းဆီးအတို ချုပ်ကြသည်။

ဝေဝေသည် ကြမ်းတိုက်ပြီး ခန်းစီးများကို အောက်ထပ် ပြတင်း ပေါက်စေ့ တပ်ဆင်ထားလိုက်သည်။ နံနက် ကုလားထိုင်များ ရောက်လျှင် အရန်သင့် ဖြစ်နေအောင် အပြီးလုပ်ထားပြီးနောက်၊ နံနက် စောစောကြီး ထရန် နှိုးစက်ပေး အိပ်လေသည်။

နှိုးစက်မမြည်မီ အိပ်ရာက ထခဲ့သည်။ အိမ်အောက်သို့ မယ်အေးနှင့် နှစ်ယောက် ဆင်းခဲ့ကြသည်။ ကြမ်းကို ပြောင်မှ ပြောင်ရဲ့လားဟု မီးဖွင့် ကြည့်လိုက်လေသည်။

ဦးဘိုးသိန်း ထိုင်သော ကြိမ်ပက်လက်ကုလားထိုင်ကြီးကိုနှစ်ယောက် မလျက် ခေါင်းရင်းဘက်၌ ချကြည့်လိုက်သည်။ အနေအထားသဘောမကျ ပြန်၍ ခေါင်းရင်းထောင့်သို့ ပို့လိုက်ပြန်သည်။ စိတ်တိုင်းမကျပြန်၍အလျင် နေရာအတိုင်း အလယ်ခန်းကို ကာခြားထားသော ခန်းဆီးရှေ့သို့ ပြန်မ၊ ရွှေ့ချထားရလေသည်။ စာရေးစားပွဲခုံမှာကုလားထိုင်ကြီးကဲ့သို့ပင်ချာလည် လည်နေပြီးမှ ခြေရင်းဘက်ထောင့်နားသို့ ရောက်သွားလေသည်။ ခုံတန်း

www.burmeseclassi.com



လျှားကြီးကို ကြည့်မရပေ။ မိုးလင်းတံခါးဖွင့်လျှင် အပြင်ဘက် ထုတ်ထားလိုက်မည်ဟု ပိုင်းဖြတ်လိုက်သည်။

အိမ်ရှေ့ခန်းမှ အလယ်ခန်းသို့ ရောက်သွားပြန်သည်။ ကျောက်စားပွဲကို ခုံခင်းအသစ်အဖြူ ခင်းသည်။ မနက် လက်ဖက်ရည်ခုံပေါ်၌ သောက်ကြရန် ပန်းကန်လုံးများ မှောက်လျက် ဝိုင်းချကြည့်လိုက်သည်။

မိုးလင်း၏ သဘော်မှုတ်သံကြားမှ မျက်နှာ ပြေးသစ်ရသည်။ ဝေဝေ့မှာ အပေါ်တက်လိုက်၊ အောက်ဆင်းလိုက်ဖြင့် သဘော် မဆိုက်မချင်း အလုပ်ရှုပ်နေလေသည်။

ကုလားထိုင်များ သယ်လာတာ မြင်လိုက်ရမှပင် ရင်ထဲ၌ အလုံးကြီး ကျသွားလေသည်။ အစ်ကိုကြီးမှာ သူ့အိမ်တွင် ဝင်နေရစ်ကာ၊ ကူလီကုလားများဖြင့် အပို့လွှတ်လိုက်သည်။

ဝေဝေသည် ပတ်ချည်ထားသော စက္ကူများကို ကပျာကယာ ဖြေလျက်၊ ညက မျက်စိထဲတွင် စီစဉ် ခင်းကျင်းထားသည့် ပုံစံအတိုင်း ဝိုင်းချခင်းလိုက်သည်။

နေရောင်ခြည်ဖြင့် အိမ်ရှေ့ခန်းသည် သစ်လွင်ခံ့ညားလျက် ကျက်သရေရှိနေ၏။ ခုလို ဆိုတော့လည်း ဘိုဆန်သွားပါပြီဟု စိတ်ထဲက အောက်မေ့လိုက်သည်။ ကုလားထိုင်တွေအောက်က ကော်ဇော ခင်းလိုက်ရရင် သိပ်စတိုင်ကျမှာပဲဟု တွေးမိသည်။

ဝေဝေသည် စားပွဲနိမ့်ကလေးပေါ်တွင် ပန်းအိုးထားရန် မယ်အေးကို ဖယောင်းပန်းခက်များ ချိုးခိုင်းလိုက်သည်။

အပြင်အဆင်သစ်များဖြင့် ပြောင်းလဲသွား အိမ်ရှေ့ခန်းများကို အရိပ်တကြည့်ကြည့် ကြည့်ရင်း၊ ဦးစောဟနကို သတိရလိုက်သည်။ ဦးစောဟန် နောက်တစ်ခေါက် လာလျှင် ခေတ်မီကုလားထိုင် အသစ်များနှင့် ကျကျနန ဧည့်ခံနိုင်ပြီမို့ ကျေနပ်သွားသည်။

ဦးဘိုးသိန်းသည် အိမ်ပေါ်၌ ဆင်းလာလျက် ဝေဝေ ပြင်ဆင်ထား

www.burmeseclassi.com



သော အိမ်ရှေ့ခန်းကိုကြည့်၍ ခေတ်သားသမီးတွေဟာ တယ်ခေတ်ဆန်ချင်တာပဲဟု တွေးနေလေသည်။

မျက်စိထဲ၌ တစ်မျိုးပြောင်းနေသော အိမ်ရှေ့ခန်းကို လှည့်ပတ်ကြည့်ကာ၊ သန့်သန့်ရှင်းရှင်းနဲ့ ကြည့်ကောင်းသားပဲဟု ထင်သည်။

'ဖေဖေ. . . အစ်ကိုကြီးက သူတော်တော်ကြာမှလာခဲ့မယ်တဲ့၊ ဖေဖေ့ဖို့ သမီး ကော်ဖီ ပြင်ပြီးပြီ၊ ကျောက်စားပွဲကိုထမင်းစားစားပွဲလုပ်လိုက်တယ် ဖေဖေ. . .'

ဝေဝေ့မှာ ရွှင်ပျ သွက်လက်နေသည်။ ဖခင်မျက်နှာ လန်းနေသဖြင့် အပြောင်းအလဲကြောင့်စိတ်ကြည်သွားတယ်ဟုအားရကျေနပ်နေလေသည်။

ဦးဘိုးသိန်းသည် ကျောက်စားပွဲတွင် ထိုင်လိုက်ကာ ဧည့်သည်လာလျှင် တည်ရန် သိမ်းဆည်းထားသော လက်ဖက်ရည်ပန်းကန် အသစ်တွေချသုံးနေပါကလားဟု အံ့သြနေသည်။

စားပွဲခင်းမှာ ကော်တောင့်လျက် ဖွေးဖြူနေသည်။ စားပွဲပေါ်၌ ခင်းကျင်းထားသော ပန်းကန်အသစ်တွေနှင့် ဧည့်သည် ဧည့်ခံမည့်ပုံအတိုင်း ထည်ဝါနေကြသည်။ ပေါင်မုန့်ထောပတ်သုတ်၊ သင်္ဘောသီးမှည့်၊ ငှက်ပျောသီးကို တွေ့ရှိ၍ ဘယ့်နှယ် ဒါတွေ စောစောစီးစီး ချပြင်ထားပါလိမ့်ဟု ဆန်းနေပေသည်။

ဦးဘိုးသိန်းမှာ နံနက်တိုင်း ကြိမ်ပက်လက် ကုလားထိုင်ကြီးပေါ်၌ တင်ပျဉ်ခွေ ထိုင်လျက်၊ သစ်သားလက်ရန်းပေါ်တွင် လာတင်သောကော်ဖီခွက်၊ မုန့်ပန်းကန်ကို ယူသောက်စားမြဲ ဖြစ်သည်။ ဟန်ကျပန်ကျ စားပွဲနှင့် ထိုင်သောက်ခဲ့ခြင်းမရှိ၍ သောက်ရစားရမှာပင် စားပွဲခုံခင်းနှင့် ပန်းကန်သစ်တွေကို အားနာနေလေသည်။

ငှက်ပျောသီး၊ သင်္ဘောသီးများကို ထမင်းစားပြီးမှာသာ စားတတ်သဖြင့် မကြုံစဖူး ကြုံနေရသည်။ ငါ့သမီး တစ်မျိုးဖြစ်နေပါတယ်ဟုတွေးနေလေသည်။

www.burmeseclassi.com



'သမီးရယ်. . ပန်းကန်သစ်တွေ နေ့တိုင်းသုံးတော့ ဟောင်းမကုန်ဘူးလား'

ဝေဝေသည် ကော်ဖီကို ထည့်ပေးကာ 'နောက်ဖေးက ပန်းကန်တွေနဲ့ ဒီစားပွဲနဲ့ လူမြင်လို့ ဘယ်ကောင်းပါ့မလဲ ဖေဖေရဲ့'ဟု ပြန်ပြောလိုက်သည်။

ဦးဘိုးသိန်းမှာ 'လူမြင်လို့ ဘယ်ကောင်းပါ့မလဲ' ဟူသော စကား၏ ထူးခြားချက်ကို အကဲခတ်တွေးရင် သောက်စားနေသည်။

ဝေဝေသည် ဦးဘိုးသိန်းနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ ကော်ဖီပန်းကန်လှန်လျက် ကော်ဖီ ငှဲ့ထည့်နေစဉ် ဦးဘိုးသိန်းကို မော့်ကြည့်ကာ 'ဖေဖေ ညက အိပ်ရရဲ့လား'ဟု မေးကြည့်သည်။ မိမိကို စူးစူးစိုက်စိုက် ကြည့်နေသဖြင့် စတိုင်ထုတ်သောက်ရတာ ရှက်ကိုးရှက်ကန်း ဖြစ်နေလေသည်။

'ညက တော်တော်အိပ်ပျော်တယ်၊ ချောင်းလည်း တစ်ခါမှ မဆိုးဘူး၊ အိပ်ရာက နိုးမှ တစ်ခါ နှစ်ခါ ဆိုးတယ်၊ သွေးမတွေ့ဘူး'

'ဒါဖြင့် သက်သာတာပေ့ါ ဖေဖေ'ဟု ဝမ်းသာအားရ ရှိုက်ပြောလေသည်။

'ကြီးတော်ကို ဈေးက သခွားသီး မှာလိုက်တယ် ဖေဖေ၊ သခွားသီးနဲ့ သကြားစားရင် ပျောက်တယ်ဆိုလို့. . . ဖေဖေစားနော်'

ဦးဘိုးသိန်းသည် ပြုံးလျက်ခေါင်းညိတ်လိုက်ကာ 'ချောင်းဆိုးသွေးပါ မဟုတ်ဘူး ထင်ပါရဲ့'ဆိုလျက် ခေါင်းညိတ်နေသည်။

'ဥပါဒါန်ကြောင့် ဥပဒ် ရောက်တာပါ ဖေဖေရာ၊ မဟုတ်ပါဘူး၊ အထက် တက်လှန်တာပါပဲ။ ဦးလေးဘိုးမြိုင်ကြီးကလည်း ဒီလိုပဲ တစ်ခါတုန်းက ဖြစ်ဖူးသတဲ့၊ ပျောက်သွားပြီ ခုထက်ထိ တစ်ခါမှ မဖြစ်ဘူးလို့ ပြောပါတယ်။ ဖေဖေ့စိတ်က မစွဲပါနဲ့'

ဝေဝေသည် ဖခင်ရှေ့၌ အိုးတိုးအမ်းတမ်းနှင့် သောက်ရစားရ မလုံသည့်အတွက် မလုံသည့်စိတ်ကို စကားများများ ပြောဖာနေပေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



အိမ်ရှေ့က ‘ဝေဝေရေ’ဟု လှမ်းခေါ်လိုက်သော အသံနှင့်အိမ်ထဲသို့ တန်းဝင်လာသော ခြေသံကို ကြားရ၍ ဝေဝေမှာ မျက်နှာကလေး မဲ့သွားသည်။

‘အောင်မယ်. . . စတိုင်ပဲပါလား’

ကိုနေဦးသည် ခါးထောက်လျက် လက်ဖက်ရည်စားပွဲကို မျက်လုံးပြူးကြည့်ကာ ခပ်ကျယ်ကျယ် ပြောလိုက်ပြီးနောက် ‘ဘိုအိမ်ကျနေပြီဟေ့’ ဆိုလျက် ရယ်မောလိုက်သည်။

ကိုနေဦး၏ ရယ်သံမှာ ခပ်အစ်အစ် လှောင်ရယ်သော အသံမျိုးနှင့်တူ၍၊ ဝေဝေသည် မျက်နှာကလေး အိုရာက မျက်စောင်းလှမ်းထိုးလျက် ‘အစ်ကိုကြီးကလည်း ပြောတော့မယ်’ဟု နှုတ်ခမ်းကလေး စူပြောလိုက်သည်။

ကိုနေဦးမှာ ခပ်ဝဝ၊ ပုပု၊ အသားဖြူဖြူ ဖြစ်သည်။ ပြူးနေသော မျက်လုံးသည် အစဉ်သဖြင့် ရယ်နေကာ မျက်နှာ အမြဲတမ်း ချိုနေသည်။ ကွမ်းကြိုက်သဖြင့် သွားတွေနီနေလျက်ကွမ်းငုံထားသောပါးစောင်တစ်ဖက်မှာ ဖောင်းနေလေသည်။

ခေါင်းတုံးဆံတောက်၊ ရှပ်လက်တိုအဖြူနှင့် ပလေကတ်လုံချည် အကွက်ကြီး ဝတ်လျက် ခါးပတ်ကြီး ပတ်ထားလေသည်။

‘မင်းကွယ်. . ၁၀ ရက်ဆိုပြီး ကြာလိုက်တာ’ ဟု ဦးဘိုးသိန်းက တည့်နေသောကိုယ်ကို ဘေးရွှေ့ လှည့်ပြောလိုက်သည်။

‘အစ်ကိုကြီး ကော်ဖီသောက်ဦး’ ဟုဆိုကာ ကြီးတော်ဈေးပြန်လျှင် သောက်ရန် ချထားသော ပန်းကန်ကို လှမ်းငဲ့ထည့်လိုက်သည်။

‘ကြာဆို ဖေဖေရယ်၊ မျက်လုံးကို ဆေးထိုးရတယ်၊ မျက်မှန်တပ်ရမယ်ပြောလို့ ကျွန်တော်လည်း မျက်မှန် မတပ်ချင်ဘူး ဆေးပဲယူခဲ့တယ်၊ ဖေဖေ နေမကောင်းဆို’

‘ဘယ်သူပြောလဲ’ ဟု ဝေဝေက လှမ်းမေးလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



'ကြီးတော်ပေါ့၊ မနက်က ဈေးသွားရင်း အိမ်ဝင်ပြောတယ်၊ အခု ဘယ့်နှယ်နေသလဲ၊ ကျွန်တော်ဖြင့် စိတ်ပူသွားတယ်'

ကိုနေဦးသည် ကုလားထိုင်တွင် ဝင်ထိုင်လိုက်၍ ဦးဘိုးသိန်းမှာ သူ၏ ကိုယ်တိုင်စားပွဲနှင့် ပြန်တည့်ကာ 'ခုပဲ ပြောနေရသေးတယ်၊ သက်သာသွားပါပြီ၊ သွေးမပါတော့ဘူး။ ရင်ခုန်လည်း ခါတိုင်းလိုပဲ မမြန်ဘူး၊သွေး အထက် တက်လှန်တာနဲ့ တူပါရဲ့ကွယ်'

'ဒီလိုဆို ကောင်းပါရဲ့ ဖေဖေရယ်၊ ဒီရောဂါမျိုး မဟုတ်ရင် ဝမ်းသာရတာပဲ၊ သိပ်ဆိုးတဲ့ရောဂါ။ အိမ်က ယောက္ခမကြီးကတောင် ရန်ကုန်သွား ကုဖို့တောင် ပြောလိုက်သေးတယ်'

'သောက်လေ အစ်ကိုကြီး'

ဝေဝေသည် ပန်းကန်ထဲ ငှဲ့ပြီး ရှေ့တိုးပေးလိုက်သည်။ ကိုနေဦးသည် စားပွဲအောက်သို့ ဟိုငုံ့ဒီငုံ့ကြည့်ကာ 'ထွေးခံ ဘယ်မတုန်းဟ' ဟု ကွမ်းတံတွေး ထွေးရန် ရှာနေလေသည်။

ဝေဝေသည် ထွေးခံက မျက်စိရှုပ်လွန်း၍ နောက်ဖေးသို့ ပို့ထားရာ ထပြေး ယူပေးရသည်။

'မင်းအမေဆီ ဆန်အိတ်ပို့တော့ စာရေး ထည့်လိုက်ကဲ့လား'

'ရထားတန်ဆာနဲ့ အတူတူ စာရေးပြီး ရေစစ္စရီ လုပ်ပို့လိုက်တယ်၊ ရောက်ကရောပေါ့'

ဦးဘိုးသိန်း ဘွားသီလရှင်အတွက် သံယောဇဉ် အတော်ကြီးမှန်း သားသမီးများ ရိပ်စားမိကုန်မှာကို ရှက်တက်တက်ဖြစ်နေတုန်းပင်။ သီလရှင်အကြောင်းပြောတိုင်း က္ကန္ဓြေတစ်မျိုးပြောသော အလေ့အထမှာ အကျင့်ဖြစ်နေလေပြီ။

'အစ်ကိုကြီး ရန်ကုန်က ဘာတွေ ဝယ်လာသေးသလဲ၊ ကုလားထိုင် တွေက သိပ်လှတာပဲ'

ကိုနေဦးသည် ကော်ဖီပန်းကန်ပြားထဲမှ ကော်ဖီ ငှဲ့လောင်းချနေ



BURMESE CLASSIC .com

www.burmeseclassi.com



သဖြင့် ပန်းကန်လုံးတွေ ခုံပေါ်ချရင် ပေကွက်သွားမှာစိုး၍ ပန်းကန်ပြား တစ်ချပ် ချပေးလိုက်ရသည်။

'ငါက အေးအေးသောက်ချင်တာ'ဟု ရယ်ပြောလျက် တစ်ရှိန်တည်း ကျိုက်ချလေသည်။

'ကုလားထိုင်က ယူဟာဂျီ အာမက်က စျေးများတာနဲ့ဘုံဘေဘားမား က ဝယ်လာတယ်၊ အရောင်ကော ကြိုက်ရဲ့လား၊ ငါတော့အဝါတွေမကြိုက် တာနဲ့ သပြေမှည့်ရောင် ဝယ်လာတယ်၊ ဒီပြင် ဘာမှ မဝယ်ဘူး။ စာကြည့် တိုက် ဖွင့်ဖို့အတွက် စာအုပ်ဟောင်းတွေ လည်ဝယ်ရတာတော်တော်အချိန် ကုန်တယ်'

ကိုနေဦးမှာ မြို့ပေါ်၌ စာကြည့်တိုက်ဖွင့်ရန် စိုင်းပြင်း ကြိုးစားနေ လေသည်။ ကျောင်းနေကတည်းက စာမဖတ်ဘဲ မနေနိုင်၊ မျက်နှာနှင့်မခွာ စာဖတ်ဝါသနာ ပါသည်။ သတင်းစာ၊ မဂ္ဂဇင်း၊ ဝတ္ထု ထွက်သမျှ မှန်မှန်ကြီး ဝယ်ဖတ်လေသည်။ မိန်းမရပြီး ယောက္ခမဆန်စက်ကို ဦးစီးလုပ်ကိုင်နေလျက် ဆန်စက်အလုပ်ထဲ စိတ်မဝင်စားချေ။ ရန်ကုန်သွားပြီး ဝတ္ထု မဂ္ဂဇင်းတိုက် ထောင်ချင်စိတ်သာ ရှိနေသည်။

ဝေဝေသည် ဦးစောဟန်၏ ဘွတ်ဖိနပ်သံ ကြားလိုက်၍ ရင်ထဲ၌ ဖိုလှိုက်သွားလေသည်။ အိမ်ရှေ့၌ ဆင်ပြင်ထားသော စားပွဲ၊ ကုလားထိုင် များသည် ဦးစောဟန်ကို ဆီးကြိုကြပေမည်။ ဝေဝေသည်တော်မြို့၌နေသော် လည်း မခေမှုန်းကို ပြချင်တာနဲ့ ရောက်လာတာ အတော်ကျသွားသည်။ ဦးစောဟန်အိမ်ကဲ့သို့ ဆိုဖာကုလားထိုင်ကြီးများနှင့် သားမွေးကော်ဇော်များ မဟုတ်ကြသည့်တိုင် တောတွင် ဒါလောက်ဖြင့် ဂုဏ်မငယ်မှုန်း စိတ်အေး သွားသည်။

'ဦးစောဟန် မှတ်တယ်'

ဦးဘိုးသိန်းသည် စားပွဲမှ ထလိုက်ကာ လည်ပင်းတွင် ပတ်ထားသော တဘက်ကို ကုလားထိုင်ပေါ်၌ တင်ခဲ့လျက် အိမ်ရှေ့သို့ ထွက်သွားသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ကိုနေဦးသည် ဖင်ကိုကြွလျက် ခေါင်းကို ရှေ့သို့ ဆန့်ထုတ်ကာ ဝေဝေ ကြားနိုင်လောက်သည့် လေသံဖြင့် နောက်ပြောသည်။

'ဘိုကြက်ချေး. . . ဘိုကြက်ချေး'

ဝေဝေသည် အပြင်ဘက်က ကြားသွားမှာ စိုး၍ မျက်မှောင်ကလေး ကုတ်လျက် မနောက်ရန် ပခုံး လှမ်းပုတ်လိုက်သည်။

ကိုနေဦးသည် သွားတွေဖော်လျက် အသံမထွက် ကျိတ်ရယ်နေလေသည်။

'ဦး နေမကောင်းဘူး ဆို၊ အခု ဘယ့်နှယ်နေပါသေးလဲ'

'အပုံကြီး သက်သာသွားပါပြီ၊ ဦးက သွေးပါတော့ လန့်သွားတယ်၊ သွေးလျှံတယ်လို့ ဆရာဝန်ပြောတာ ဟုတ်ပါလိမ့်မယ်၊ မောင်နေဦးရေ'

ဝေဝေသည် ကိုနေဦးအား ပုတ်လျက် 'သွားလေ သွား၊ ခေါ်နေတယ် . . 'ဟု ပြောသည်။

ကိုနေဦးသည် မျက်နှာပိုးသတ်လျက် အိမ်ရှေ့သို့ ထွက်သွားသည်။ ဝေဝေလည်း ကိုနေဦးနောက်မှ လိုက်ထွက်လာသည်။

'ဒါ ဦးသား အကြီးပဲ၊ သုခနေဆန်စက် မန်နေဂျာ လုပ်နေတယ်'

ဦးစောဟန်သည် ရှပ်ဖြူလက်ရှည်၊ ဘောင်းဘီအရှည် အဖြူဝတ်လျက်။ လက်တစ်ဖက်တွင် ကိုင်ထားသော ဦးထုတ်အဖြူကို စီးကရက်သံဘူး ကိုင်သည့် လက်မောင်းအောက်သို့ ထိုးသွင်းကာ ကိုနေဦးအား လက်လှမ်း ပေးလိုက်သည်။

ကိုနေဦးသည် လက်ကို ညင်ညင်သာသာပင် လှမ်းဆွဲလှုပ်ကာ'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ'ဟု ဆိုလျက် ထိုင်ရန် ကုလားထိုင်များကို ညွှန်ပြလေသည်။

'ထိုင်ပါဗျာ. . . '

ဦးစောဟန်သည် ပြုံးရွှင်စွာဖြင့် ခေါင်းညိတ်လျက်၊ မည်သူမျှ မထိုင်ရသေးသော အသစ်ကျပ်ချွတ် ကုလားထိုင်တွင် ထိုင်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



'သူက ကျွန်တော့်နှမ အငယ်ဆုံးပါပဲ. . .'

ဦးစောဟန်သည် ထိုင်ရာမှ ထပြန်လျက် 'ကျွန်တော် မနေ့က တွေ့ပြီးပါပြီ၊ လာလေ ဝေဝေထိုင်ပါ'ဟု ပြုံးခေါ်လိုက်ကာ ပြန်ထိုင်သည်။

ဝေဝေသည် ပြုံးလျက် ကိုနေဦး ကုလားထိုင်ဘေးတွင် ဝင်ထိုင်ကာ၊ ဦးဘိုးသိန်းက ဝေဝေ့ ကုလားထိုင်ဘေးတွင် ထိုင်လိုက်သည်။

'ဝေဝေက တယ်အဖော်ရပါကလား ဦး. . မနေ့က ကျွန်တော့်ကို တုန်ကင်း မြန်မြန်လိုချင်တယ်ပြောလို့ ရန်ကုန် သံကြိုး ထပ်ပို့လိုက်ရတယ်'

ဦးဘိုးသိန်းသည် ပြုံးလျက်. . . 'ဦးမှာ သူရှိလို့ပဲ သက်သာပါတယ် အားလုံး မျက်နှာလွှဲရတယ်'ဟု ပြောနေလေသည်။

ဝေဝေသည် မျက်နှာမထားတတ်သလို ပန်းအိုးကိုသာ မဲကြည့်နေလျက် နှုတ်ခမ်းလေး ကော့တင်ထားသည်။

'ခင်ဗျား ကောလိပ်နေတဲ့နှစ်က ဘယ်နှစ်လဲ'

ကိုနေဦးသည် ကိုယ်ကို အနည်းငယ်လျှောလျက် ခြေချင်းလိမ်လိုက်ကာ '၁၉၃၅' ဟု ဖြေလိုက်သည်။

'ကျွန်တော်လည်း သာတီသရီးမှာ ဘီအေအောင်ပြီး ထွက်လိုက်တာပဲ၊ ဘယ်ကျောင်းဆောင်လဲ'

'တကာကျောင်းဆောင်မှာပါ၊ သပိတ်မှောက်တာ မမီလိုက်ဘူးပေါ့၊ ကျွန်တော် သပိတ်မှောက်ပြီး ကျောင်းပြန်မရောက်တော့ပါဘူး။ မိန်းမရလို့ ကျောင်းက ထွက်လိုက်တယ်'ဟု ကိုနေဦးက ဆက်ပြောပြနေသည်။

ဦးစောဟန်သည် ဝေဝေ့ကို လှမ်းကြည့်ကာ 'ဝေဝေ ကောလိပ် မသွားချင်ဘူးလားကွယ့်'ဟု မေးလိုက်သည်။

ဦးစောဟန် ဆက်ဆံပုံမှာ မိမိကို ကလေး ကလေး တစ်ယောက်ကဲ့သို့ ဆက်ဆံနေသဖြင့် ကလေးတစ်ယောက်ကဲ့သို့ပင် ခေါင်းယမ်းပြကာ 'မသွားချင်တော့ဘူး' ဟု ပြောလိုက်ပြီးနောက် ပြုံးချင်တိုင်း ပြုံးနေလေ၏။

ဦးစောဟန်သည် လက်ပတ်နာရီကို ငုံ့ကြည့်ကာ. . .

www.burmeseclassi.com



'ကျွန်တော် အော့ဖ် သွားဦးမယ်၊ ပွဲစားတွေ ရှစ်နာရီ ချိန်းထားတာ စောင့်နေရော့မယ်. . ' ပြောပြီး ထ ရပ်လိုက်သည်။

'ကောင်းပါပြီ. . '

ဦးစောဟန်မှာ ကိုနေဦးအား ပြန်ရန် နှုတ်မဆက်ခင် တစ်စုံတစ်ခုကို စဉ်းစားရဟန်ဖြင့် ကိုနေဦးကို ကြည့်လျက် 'ဒီနေ့ည ကျွန်တော့်အိမ်မှာ ထမင်းစားပါ၊ ဦးရော ဝေဝေရော အတူတူ ဖိတ်ပါတယ်'ဟု ပြောလိုက်သည်။

'နေပါစေဗျာ၊ ကျွန်တော်တို့ အိမ်ရှင်က မကျွေးရခင် ဧည့်သည် ဖိတ်တာ မစားပါရစေနဲ့၊ နေပါစေ'

ကိုနေဦးသည် ပြုံးပြုံးရယ်ရယ်ဖြင့် ပြန်ပြောလိုက်သည်။

'ဧည့်သည် အိမ်သည် မဟုတ်ပါဘူး၊ ကျွန်တော်က အလျှင်ဖိတ်ပါရစေ၊ ည တခြားကိစ္စမရှိဘူး မဟုတ်လား'

ဦးဘိုးသိန်းမှာ ထမင်းစားဖိတ်တာ စားရမှာ အားနာနေပုံ ရှိသည်။ ငြင်းရမှာလည်း ခက်နေဟန် ပေါ်သည်။ ဝေဝေသည် မျက်တောင်ကလေး စင်းလျက် အားနာစွာ 'နေပါစေ'ဟု ဝင်ပြောလေသည်။

'အားနာစရာ မရှိပါဘူး၊ ဆက်ဆက်လာကြပါ၊ ကျွန်တော် စီစဉ်ထားပါ့မယ်'

ဦးစောဟန်မှာ သုံးယောက်စလုံး၏ မျက်နှာကို စေ့အောင်ကြည့်ရင်း ပြောကာ 'ကိုင်း. . သွားပါဦးမယ်'ဟု ဦးဘိုးသိန်းကို နှုတ်ဆက်ပြီး၊ ကိုနေဦးနှင့် ဝေဝေ့ဘက်သို့ လှည့်၍ 'ချယ်ရီယို' ဟု ဆိုထွက်သွားလေသည်။ ယောက်ျားအိမ်သို့ မိန်းမပျိုသွားလျှင် မြို့ကကဲ့ရဲ့မည်ကိုလန့်လျက်ဝေဝေ့မှာ ထမင်းစားသွားရန် ဝန်လေးနေမိသည်။

'ဘာဖြစ်သလဲတော်၊ ကိုယ့်အဖေနဲ့ အစ်ကို ပါသားပဲ၊ လူကြီးလူကောင်းတစ်ယောက် ဖိတ်တာကို လိုက်သွားမှပေါ့၊ မသွားရင်ရိုင်းမှာပေါ့'

ဒေါ်သက်က တိုက်တွန်းနေသည့်တိုင် ရွံ့တွံ့တွံ့နှင့် တစ်နေ့လုံး



BURMESE CLASSIC .com

www.burmeseclassi.com



ချီတုံချတုံ ဖြစ်နေသည်။

ညနေစောင်းလျှင် ဝေဝေ့မှာ ရင်တခုန်ခုန် ဖြစ်နေသည်။ အပေါ်ထပ်က ချောင်းကြည့်၍ မြင်ရသော ထမင်းစားပွဲခုံကြီးကို ကြောက်လန့်နေသည်။ မမြင်စဖူးတာတွေ မြင်နေရသည်။ လူတစ်ယောက်အတွက် မှောက်ထားသော ပန်းကန်ပြားတစ်ဖက်စီတွင် ခက်ရင်းနှင့် ဓားလေးစုံ ချထား၍ ဘယ်လို စားနည်းပါလိမ့်ဟု တထိတ်ထိတ် ဖြစ်နေလေသည်။

ရန်ကုန် ရောက်သည့်အခါ ဒံပေါက်ဆိုင်များတွင် ဇွန်းခက်ရင်းနှင့် တစ်ခါတစ်ရံ ထမင်း ဝင်စားသည်။ ခက်ရင်းတွေ၊ ဓားတွေ ဒါလောက်များများဖြင့် မစားဖူး၍ ထမင်းစားပွဲခုံကြီး ရဲရဲပင် မကြည့်ဝံ့သလောက် ရှိန်နေလေသည်။

ထမင်းစားပွဲရှေ့၌ ယှက်ချထားသော ဇွန်းနှစ်ချောင်းကို ဒါက ဘာအတွက်ပါလိမ့် ဟု မစဉ်းစားတတ်ပေ။ စားပွဲပေါ်မှ သစ္စာပန်းများကားလန်းဆန်းလျက် ရှိကြသည်။

ဝေဝေသည် နေဝင်မှပင် ရေချိုးကာ မီးရောင်ဖြင့်အလှပြင်နေသည်။

ပဒုမ္မာပုံတော်အင်္ကျီနှင့် စကားဝါရောင် မန္တလေး ချိတ်ထဘီကို ဝတ်လေသည်။ ကြီးတော်က ဝတ်သွားစမ်းဟု အတင်းနားချနေသဖြင့် လည်တွင် ဆွဲထားသော သမုဒ္ဒသီးရွှေကြိုးကို ဖြုတ်ကာ စိန်ကြိုးပြောင်းဆွဲလိုက်သည်။ စိန်တစ်လုံးတည်းနားကပ်လဲ ပန်ခိုင်းနေသဖြင့် မျက်နှာရင့်တယ်၊ မပန်ချင်ဘူးဟု ဇွတ်ငြင်းလိုက်သည်။ စိန်လက်ကောက် တစ်တန်းသွားကို ညာဘက်တွင် ဝတ်လျက် ဘယ်ဘက်၌ လက်ပတ်နာရီ ပတ်လိုက်သည်။

ဝေဝေသည် ဖြီးလိမ်းဝတ်စားထားသောရုပ်ကို ကိုယ်လုံးပေါ် မှန်ဗီရိုရှေ့၌ ရပ်ကြည့်ကာ၊ နောက်ပြန် ပတ်ထားသော ဆံပင်တွင် စံပယ်ကုံးကို ရစ်ခွေနေသည်။

ဒေါ်သက်သည် ဝေဝေ၏ မင်းထိုက်စိုးတန် ရုပ်ရည်ကလေးကိုအရိပ်



BURMESE CLASSIC .com

www.burmeseclassi.com



တကြည့်ကြည့်နှင့် ဘေးက ရပ်ကြည့်ရင်း လိုတာတွေ စောင့်ကြည့် ပြောဆိုနေသည်။

'နားထင်နောက်က သနပ်ခါးတွေ ဖျက်ပါဦးအေ၊ ကုပ်မှာလည်း ပေါင်ဒါ မရှိဘူး'

ကြီးတော်သက် ပြောသမျှ ပြင်နေရ၍ အလှပြင်ခြင်းကိစ္စ တော်တော်နှင့် မပြီးနိုင်အောင် ဖြစ်နေလေသည်။

ဦးဘိုးသိန်းမှာ ပန်းရောင်ခေါင်းပေါင်းစကို ပခုံးပေါ်သို့ ကျအောင် ချလျက်၊ မန္တလေး ပိုးအင်္ကျီရင်ဖုံး၊ ကြေးနီရောင် ဗန်ကောက်လုံချည်အသစ် ဝတ်ထားသည်။

ကိုနေဦး အလာကို ထိုင်စောင့်ရင်း 'ဝေဝေ မပြီးသေးဘူးလား'ဟု အောက်က လှမ်းပြောနေသည်။

ဝေဝေသည် လက်ကိုင်ပဝါကို ရေမွှေးဆွတ်ကာ ဆုပ်ကိုင်လျက် မှန်ကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်လိုက်ပြီးနောက် 'ဟုတ်ကဲ့ လာပါပြီ. . ဖေဖေ'ဟု ပြန်ပြောကာ ပြေးဆင်းသွားလေသည်။

နံနက်က အစ်ကိုကြီးကို ကောင်းကောင်းမွန်မွန် ဝတ်ခဲ့ရန် မှာလိုက်သော်လည်း ကောင်းကောင်းမွန်မွန်မှ ဝတ်ခဲ့ပါ့မလားဟု စိတ်ပူနေသည်။

ခုနစ်နာရီ ထိုးမှ ကိုနေဦး ရောက်လာလေသည်။ ပင်နီအင်္ကျီ၊ ဗန်ကောက်အနက် ဝတ်လျက်၊ သားရေညှပ်ဖိနပ် စီးလာ၍ ဘာဖြစ်လို့များ ရှူးဖိနပ် မစီးပါလိမ့်ဟု စိတ်ထဲက အပြစ်တင်လိုက်မိသည်။

'ကိုင်း. . . သွားကြစို့'

ဦးဘိုးသိန်းက ရှေ့က ထွက်သွားရာ၊ ဝေဝေနှင့် ကိုနေဦးမှာ ယှဉ်လျက် နောက်က လိုက်သွားကြသည်။

ဝေဝေသည် အိမ်ရှေ့သို့ လှမ်းကြည့်လိုက်သည်။

လမ်းမက မမြင်နိုင်အောင် အိမ်ပေါက်ကို ခန်းဆီးအထူကြီးဖြင့် အပြည့်တပ်ထားသော ရှေ့၌ ဒရဝမ်ကုလား ရပ်စောင့်နေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဖြူဖွေးနေသော ခေါင်းအုပ်ပေါင်းကြီးနှင့် ရင်ဘတ်၌ ကြေးကြယ်စေ့ အလုံးကြီးတွေ တစ်တန်းကြီး တပ်ထားသော အင်္ကျီအဖြူ အရှည်ကြီးမှာ ဒူးဆစ်အထိ ဖုံးနေလေသည်။

ဦးဘိုးသိန်းတို့ ခြံထဲဝင်လာလျှင် စုံရပ်လျက် ကိုယ်ကို မတ်မတ်ထားကာ ဆလံအရင်ပေးပြီး ခန်းဆီးကို လက်နှင့် ဖွပေးလိုက်သည်။

အတွင်း၌ မီးစိမ်းရောင် သမ်းနေသဖြင့် တစ်ခန်းလုံး စိမ်းလဲ့လဲ့ ဖြစ်နေသည်။

ဦးစောဟန်သည် ရှပ်ဖြူလက်ရှည်၊ နက်ပြာရောင် သက္ကလတ် ဘောင်းဘီအရှည် ဝတ်ထားလျက်၊ ဆိုဖာကုလားထိုင်မှ မတ်တတ်ရပ်ကာ ဆီးကြိုလေသည်။

'ဖိနပ်မချွတ်ပါနဲ့၊ စီးပါဦး. . စီးခဲ့ပါ၊ မချွတ်ပါနဲ့ ဝေဝေ'

ဦးဘိုးသိန်းမှာ ပိန်းတန်းဖိနပ်ကို ချွတ်ပြီးမှ အတင်းစီးခိုင်း၍ အားနာနာနှင့် ပြန်စွပ်ပြီး စီးသွားရသည်။ ဝေဝေတို့လည်း ဖိနပ်မချွတ်ဘဲ စီးဝင်ခဲ့ကြသည်။

ဝေဝေသည် ကိုနေဦးနှင့်အတူ နှစ်ယောက်ထိုင် ဆိုဖာကုလားထိုင်ကြီး၌ ဝင်ထိုင်သည်။ ဆိုဖာ တစ်ယောက်ထိုင်နှစ်လုံးနှင့် နှစ်ယောက်ထိုင် တစ်လုံးမှာ ကော်ဇောကြီးပေါ်၌ ခပ်ကျဲကျဲ ခင်းထား၍လူချင်းအနည်းငယ် လှမ်းနေကြသည်။

ဝေဝေသည် စားပွဲနက်ပေါ်မှ ကြွေပန်းအိုးနီကလေးထဲက တိုက်ပန်း အဖြူပွင့်များကို စိုက်ငေးကြည့်နေသည်။

ကိုနေဦးမှာ ခပ်ပြုံးပြုံးပင် ထိုင်ကာ 'ကျွန်တော့်အိမ် ကြိုက်ရဲ့လား'ဟု စကားစ ပြောလိုက်သည်။

'ကြိုက်ပါတယ်၊ အပေါ်က သွပ်မိုးလို့ ပူတယ်၊ နေ့ခင်း နေ့လယ် ကျွန်တော် မနေနိုင်ဘူး၊ အောက်မှာပဲ လှဲပြီး စာဖတ်ရတယ်'

ဝေဝေသည် မန္တလေးရွှေတောင် အပြာရင့်ရင့် ဖုံအုံးများ ခင်းတင်



BURMESE CLASSIC .com

www.burmeseclassi.com



ထားသော ထိုင်ခုံကို လှမ်းကြည့်လျက်၊ သည်ပေါ်မှာ လှဲပြီး စာဖတ်မှာပဲဟု တွေးနေလေသည်။

အိမ်ပေါ်က စီးကြည့်ရသည်ထက် အိမ်ထဲရောက်မှ အိမ်၏အလှကို စုံစုံစေ့စေ့ မြင်တွေ့နေရသည်။

တိုင်တစ်တိုင်တွင် ကပ်ထားသော ခုံကလေးပေါ်က ပန်းပုရုပ်ကို ဂရုစိုက်ကြည့်သည်။ ခေါင်းပေါင်းစချလျက်၊ အင်္ကျီမရှိ၊ ခါးတောင်းကျိုက်ထားသော ယောက်ျားရုပ်ဖြစ်သည်။ 'ခြင်လုံးခတ်နေဟန်' ထုထားလေသည်။

ကိုနေဦးမှာ ထိုင်ကတည်းက ထိုအရုပ်ကို မျက်စိကျပြီး ကြည့်နေမှန်း ဝေဝေ သတိထားမိသည်။

ကိုနေဦးသည် ခြင်းလုံးခတ်နေသော ပန်းပုရုပ်ကို ငေးကြည့်နေရင်း မြန်မာ့ယဉ်ကျေးမှုအနုပညာအပေါ်တွင်အခြေတည်လျက်စိတ်ဓာတ်တစ်မျိုး ဖြစ်ပေါ်နေလေသည်။

ကမ္ဘာပေါ်ရှိ အခြားနိုင်ငံက အနုပညာရပ်များနှင့် မြန်မာ့အနုပညာကို နှိုင်းယှဉ်ကြည့်လျှင် အောက်ကျနောက်ကျ မရှိပါဘဲလျက် လက်အောက်ခံနိုင်ငံဖြစ်နေ၍ မြန်မာ့အနုပညာရပ်များ လောင်းရိပ်မိနေသည်ဟု၊ ဖိနှိပ်ထားခြင်းကို တွန်းလှန်လိုသော စိတ်ဓာတ်မျိုးပေါ်နေခြင်း ဖြစ်သည်။

ဦးဘိုးသိန်းသည် ဆိုဖာပေါ်တွင် နောက်မှီလျှော့ထိုင်ကာ ဧည့်ခန်း၏ အဆောင်အယောင် အပြင်အဆင်များကို အမှတ်မထင် ကြည့်ရှုသုံးသပ်နေလေသည်။

'ကိုင်း. . . ဘာသောက်ကြမလဲ၊ ဦးကတော့ ဝီစကီ မသောက်ဘူးထင်တယ်၊ ဘာသောက်မလဲ၊ လိမ္မော်ရည်နော်။ ကိုနေဦးကော ဝီစကီလား၊ ဘရန်ဒီလား'ဟု မေးလိုက်ပြီးနောက်၊ ဝေဝေ့ကို လှမ်း၍ 'ဝေဝေကော ဘာသောက်ချင်သလဲ' ဟု တစ်ယောက်စီ လိုက်မေးလေသည်။

ဦးဘိုးသိန်းသည် မဖြေခင် ကိုနေဦးကို လှမ်းကြည့်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



'အရက်နဲ့ ဧည့်ခံသလား'ဟု နားထဲရိုင်းနေကာ နေရထိုင်ရ အတော်ကျပ်သွားလေသည်။

'ကျွန်တော် အရက်မသောက်တတ်ပါဘူး၊ လိမ္မော်ရည် ကောင်းပါတယ်၊ အားလုံးပဲ လိမ္မော်ရည် သောက်ကြတာပေါ့'

ကိုနေဦး ကြည့်ပြောလိုက်၍ ဝေဝေမှာ စိတ်သက်သာရာ ရသွားသည်။ အရက်စကား ကြားရသည်နှင့် ခေါင်းထဲက အုံလာသည်။

'မောင်မြ'

ပဝါအနီ ပတ်ပေါင်းလျက် ပဒုမ္မာ အင်္ကျီအဖြူ ကြယ်စေ့တပ် ဝတ်ထားကာ၊ မန္တလေးပိုးလုံချည် ကြက်သွေးရောင် ဝတ်ထားသော မောင်မြသည် လိုက်ကာအတွင်း၌ ပေါ်လာကာ လက်နှစ်ဖက်ကိုနောက်ပစ်လျက် ကိုယ်ကို ကိုင်းထားသည်။

'လိမ္မော်ရည်. . ဝီစကီ'

မောင်မြ ကွယ်သွားသည်အထိ ကိုနေဦးသည် မောင်မြကို စိန်းစိန်းစိုက်ကြည့်လိုက်သည်။

ဦးစောဟန်သည် ငွေစီးကရက်ဘူးကို ဖွင့်လျက် ဦးဘိုးသိန်းရှေ့သို့ သွားကမ်းပေးသည်။ ဦးဘိုးသိန်းသည် ဆိုဖာအမှီနှင့် ခွာလျက် ဦးစောဟန်ကို မော့ကြည့်ပြီး 'ဦး မသောက်ပါဘူး'ဟု ပြောလိုက်သည်။

ဦးဘိုးသိန်း ငြင်းလိုက်၍ ကိုနေဦး ရှေ့သို့ ရောက်လာကာ စီးကရက်ဘူးကို ထိုးပေးနေသည်။ ကိုနေဦးသည် စီးကရက်တစ်လိပ် ယူလိုက်မှ သူ့အတွက်လည်း နှိုက်ယူကာ ပါးစပ်တွင် တပ်လျက် ဆေးလိပ်ဘူးကို ဘေးက ခုံနိမ့်ကလေးပေါ်သို့ ချလိုက်သည်။

ဘောင်းဘီအိတ်ထဲမှ ဓာတ်မီးခြစ်ကို ထုတ်၍ခြစ်ကာ ကိုနေဦးထံသို့ထိုးကမ်းလိုက်ရာ ကိုနေဦးသည် စီးကရက်ကို ငုံ့ညှိလိုက်သည်။ ကိုနေဦး ညှိပြီးမှ ပါးစပ်တွင် တပ်ထားသော စီးကရက်ကို ညှိလျက် သူ့နေရာသူ သွားထိုင်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



မီးညှိဖွာနေပုံ၊ ခေါက်မီးခြစ် လက်ခါပြီး မီးသတ်လိုက်ပုံတို့နှင့် လျှောက်သွားသော ကိုယ်ဟန်ကို ကြည့်လျက် ကိုနေဦး မျက်စိထဲတွင် ဦးစောဟန်မှာ ပကတိ မျက်နှာဖြူဂိုက် ပေါက်နေလေသည်။

'အမှန်တော့ ကျွန်တော့် ဒီလာဖို့ မဟုတ်ဘူး၊ မစ္စတာဖရူး လာဖို့ ဦးရဲ့။ ကျွန်တော်က အထက်ကို သွားရမှာ၊ အထက်က ပူတော့ 'ဖရူး'ကို ဟိုသွားနေဖို့ တိုက်တွန်းပြီး ကျွန်တော်က ဒီလာတာပဲ။ ဘိုးစောတော့ ဟိုမှာ ဘယ်လောက်ပူလိုက်မယ် မသိဘူး'

အားလုံးငြိမ်သက်လျက် ဦးစောဟန်စကားကို နားထောင်နေကြသည်။ ဦးစောဟန်နှင့် မိမိတို့မှာ အလွန် ပါးလွှာသော ပိုးကန့်လန့်ကာ တစ်ထပ်တည်းနှင့် တစ်ဖက်စီ ခြားနေသယောင် ကိုနေဦး စိတ်၌ တွေးတင်နေလေသည်။

မောင်မြသည် ဖန်ခွက်ဗန်း ထုတ်ယူလာသည်။ ဗန်းကို အဝတ်ဖြူ ခင်းထားသော ပုတီးစေ့အနားတပ် ဇာဝတ်ကလေးများဖြင့် ဖန်ခွက်ပေါ်၌ ဖုံးထားသည်။

ဝေဝေသည် သူ့ရှေ့၌ ရှေးဦးစွာ လာချသဖြင့် ဗန်းထဲက ဖန်ခွက်ကို လှမ်းယူလိုက်သည်။

လိမ္မော်ရည်ဖန်ခွက်များ ပေးပြီး အထဲသို့ ပြန်ဝင်သွားကာ ချက်ချင်း ပြန်ထွက်လာသည်။ ဗန်းပေါ်၌ ဝီစကီအရက်ပုလင်း၊ ဖန်ခွက်အလွတ်၊ ဆိုဒါ ပုလင်း တင်လာသည်။

ဦးစောဟန်သည် ဖန်ခွက်ထဲ၌ ဝီစကီလက်တစ်လုံးလောက် ရှိနေစဉ်၊ မောင်မြက ဆိုဒါဖောက် လောင်းစပ် ထည့်ပေးလိုက်သည်။

ဝေဝေသည် ဦးစောဟန်၏ လက်ထဲက ပယင်းရောင် ထနေသော ဖန်ခွက်ကို ငေးကြည့်လျက် ရင်ထဲ၌ လှိုင်းခွပ်နေလေသည်။

ဦးဘိုးသိန်းမှာ လိမ္မော်ရည်သောက်ရင်း ကြွေမပျက် လှမ်းကြည့်လိုက်ကာ 'ဘိုသောက် သောက်တာပဲ' ဟု တွေးနေသည်။

www.burmeseclassi.com



'ဦးစောဟန်မှာ အရက်ကလေးဝင်မှ စောစောကထက် စကားများလာသလို ထင်မှတ်ရသည်။

တစ်နှစ်တစ်နှစ် အလုပ်တိုက်မှာ ဆန်စပါးအဝယ်တန်ချိန်၊ ဘီလပ်တင်ပုံ၊ ဆန်ခွဲသည့်အခြေအနေ၊ မြန်မာပြည် ဆန်စပါး ရောင်းဝယ်ရေး၊ မျက်နှာဖြူ ကုမ္ပဏီကို အမှွမ်းတင်ကာ နိုင်ငံခြားတင်ရန် အနုတ်အသိမ်းအားကောင်း၍သာ မြန်မာ့ဆန်စပါးဈေးရှိလျက် မြန်မာ့စီးပွားရေး ချောင်လည်နိုင်ကြောင်း ပြောဆိုနေသဖြင့် ကိုနေဦးမှာစိတ်ပျက်စွာနားထောင်နေလေသည်။

ကိုနေဦးမှာ ကျောင်းထွက်ပြီး ဆန်စက်ထဲ အလုပ်ဝင်လုပ်မှ ဆန်အရောင်းဝယ် အမြင်ကျယ်လာကာ ဦးစောဟန် မရောက်မီ ပဝေသဏီကပင် မျက်နှာဖြူ ကုမ္ပဏီများ ဆန်ဈေး၊ စပါးဈေး ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်နေကြပုံကို မကျေမနပ်ဖြစ်လျက် မျက်စိမွေး စူးနေခဲ့သည်။

ကိုနေဦးသည် ဝမ်းထဲက မကျေမနပ် ဖြစ်ခြင်းကို အရိပ်အယောင်မပေါ်စေဘဲ တည်တည်ငြိမ်ငြိမ် ဣန္ဒြေနှင့် စိုက်နားထောင်နေလေသည်။

ဦးဘိုးသိန်းသာ ဦးစောဟန်နှင့် အပြန်အလှန် ဆန်အကြောင်း၊စပါးအကြောင်း စကားလက်ဆုံကျနေလေသည်။ ဝေဝေသည် ဝီစကီဖန်ခွက်ကို ငေးရင်း စိတ်က တောင်မြောက် ကရွတ်ကင်းလျှောက်ဖြစ်နေစဉ်၊အသံသာသာ ထုလိုက်သော မောင်းသံသည် ဝေဝေ့အာရုံသည် ဖမ်းစားလိုက်သည်။

မောင်းသံဖြင့် စကားပြော ရပ်သွားကြသည်။

ဦးစောဟန်သည် ဆိုဖာမှ ထကာ ဖော်ရွေပျူငှာသော အမူအရာကို အစွန်းကုန်ပြလျက်. . .

'စားစရာ အဆင်သင့် ရှိပါပြီ ဦး၊ အထဲကြွပါ၊ ကဲ. . . ကိုနေဦး ထ ဗျာ. . ဝေဝေ'

ဝေဝေသည် မိမိအား ထရန် အချက်ပေးသော မျက်လုံးကိုဖမ်းကြည့်လျက်၊ ထိုအကြည့်ကို မလွန်နိုင်သလိုပင် အလျင် ထလိုက်သည်။

www.burmeseclassi.com



စားပွဲကို ဦးစောဟန် စီစဉ်ပေးသည့်အတိုင်း ကိုယ့်နေရာကိုယ် ဝင်ထိုင်ကြရသည်။

စားပွဲအလယ်၌ မီးထွန်းထားသည်။ ဝေဝေနှင့် ဦးဘိုးသိန်းမှာ အိမ်ခေါင်းရင်းဘက်က ထိုင်ရသည်။ ဝေဝေမှာ ဦးစောဟန်နှင့် မျက်နှာချင်းဆိုင် ဖြစ်နေသည်။

ဦးဘိုးသိန်းမှာ အင်္ဂလိပ်စားပွဲ မစားဖူးပေ။ ကိုယ့်ထုံးစံ မဟုတ်သဖြင့် မစားခင် ပြင်ဆင်ထားတာတွေ မြင်တာနှင့် စိတ်အိုက်နေလေသည်။

ဝေဝေသည် တဖိတ်ဖိတ်လက်နေသော ဓားနှင့် ခက်ရင်းများကို ကြည့်ကာ ဘယ်ဟာ ဘယ်လို ကိုင်စားရပါ့မလဲဟု အခက် ကြုံတွေ့နေလေသည်။

အမှားမှား အယွင်းယွင်း ဖြစ်မှာလည်း စိုးရိမ်နေသည်။ ရင်ထဲ၌ ထိတ်လန့်လျက် စိုးရိမ်နေပုံကို ဦးစောဟန် မရိပ်မိအောင် တတ်နိုင်သမျှ ဟန်လုပ်နေရသည်။

ကိုနေဦး တစ်ယောက်ပင် ဘာမှ မမှုသည့်အသွင် ရှိသည်။ နံရံ၌ ချိတ်ထားသော 'အညာလှေ' ပန်းချီကားကြီးကို ကြည့်ကာ 'ဘယ်သူ့လက်ရာလဲဗျ' ဟု မေးလိုက်သည်။

ဦးစောဟန်သည် လက်သုတ်ပဝါကို ပေါင်ပေါ်တွင် ဖြန့်တင်ရင်း ပန်းချီကားကို လှမ်းကြည့်လျက် 'ဦးဘညာဏ် ဆွဲတာ' ဟု ပြောလိုက်သည်။

ဖခင်နှင့်အစ်ကိုကြီးတို့က ဖန်ခွက်ထဲက လက်သုတ်ပဝါကို လှမ်းမယူကြ၍ ဝေဝေမှာ ဦးစောဟန် လုပ်သလိုလုပ်ရန် လှမ်းယူဖို့ရာ ကျပ်နေသည်။

မောင်မြသည် ဧည့်သည်များ၏ အကဲကို ခတ်လျက် ဖန်ခွက်ထဲက လက်သုတ်ပဝါများကို ပေါင်ပေါ်အရောက် လိုက်ဖြန့်ပေးရသည်။

ဝေဝေသည် စားပွဲပြင်နည်းကို မှတ်ထားရန် အတုခိုးသော မျက်လုံးဖြင့် ကြည့်ရှုနေသည်။ မောင်မြသည် ပန်းကန်များ လိုက်ချကာဝေဝေ့ရှေ့က



BURMESE CLASSIC .com

www.burmeseclassi.com



ဇောက်ပန်းကန်ပြားကြီးထဲသို့ စွပ်ပြုတ်ဟင်းရည်ကြည်ကြည် အလျှင်လောင်းထည့်လိုက်ပြီးမှ ကျန်သုံးယောက်ကို လိုက်ထည့်ပေးနေသည်။

ဝေဝေနှင့် ဦးဘိုးသိန်းမှာ ဦးစောဟန်ကိုင်မည့် ဇွန်းကို စောင့်ကြည့်နေစဉ်၊ ကိုနေဦးသည် စွပ်ပြုတ်သောက်မည့် ဇွန်းဝိုင်းဝိုင်းကို ကောက်မယူဘဲ ထမင်းစားဇွန်း ရှိုးရှိုးကို ကောက်ယူလိုက်သည်။

ဝေဝေသည် ဦးစောဟန်ကဲ့သို့ ဇွန်းဝိုင်းဝိုင်းကို ကောက်ယူကာ 'အစ်ကိုကြီး မှားနေပြီ'ဟု မျက်နှာ အမ်းအမ်းနှင့် လှမ်းကြည့်လိုက်သည်။

ကိုနေဦးက သူ့အမှားကို သူ သတိပြု မပြုတော့ မသိ၊ မှားမှားမှန်မှန် အရေးမစိုက်ဟန်နှင့် ခပ်သောက်နေခြင်းကို တွေ့မြင်ရလေသည်။

နောက်ဆုံးမှ ဦးဘိုးသိန်းသည် ဇွန်းဝိုင်းကို ကောက်ယူလိုက်ကာ '. . . ဦးတို့က အင်္ဂလိပ်လိုစားတတ်တာ မဟုတ်ဘူး၊ မြန်မာလို စားတော့ အင်္ဂလိပ်ထုံးစံ နားမလည်ဘူး' ခပ်ရှိုးရှိုးပြောလျက် ရယ်နေလေသည်။

'ကိစ္စမရှိပါဘူး ဦး၊ အားမနာပါနဲ့'

ဝေဝေ့ကို အရေးတယူကြည့်လျက် 'ပေါင်မုန့်ထောပတ်သုတ်မလား ဝေဝေ'ဟု လှမ်းမေးလိုက်သည်။

ပန်းအိုးဘေး၌ ငွေရောင်ကိုင်းထောက်ဖြင့် ပေါင်မုန့်မီးကင်ချပ်များ ထောင်စိုက်ပြီး တင်ထားရာ၊ ပေါင်မုန့်တစ်ချပ်ကို ယူလျက် ထောပတ်သုတ်ပြီး ဝေဝေ့ပန်းကန်ဘေးက ပန်းကန်ပြားအသေးလေးပေါ်သို့ လှမ်းတင်ပေးကာ 'စားပါ ဝေဝေ' ဟုဆိုသည်။

ဝေဝေသည် စားပွဲထိုင်ကတည်းက မိမိကို အရေးတယူ ဂရုတစိုက်ကြည့် လုပ်ပေးနေသဖြင့် အဖေ့ရှေ့၊ အစ်ကိုရှေ့တွင် မျက်နှာ ပူအမ်းသွားသလိုလို၊ ကျောစိမ့် သွားသလိုလို ဖြစ်မိလေသည်။

မျက်နှာဖြူမလေ့ မိန်းမကို ဦးထားကာ အရေးပေး ဆက်ဆံသောထုံးစံအတိုင်း လုပ်နေမှန်း ရိပ်မိသော ကိုနေဦးမှာမျက်စိထဲအကြည့်ရမခက်ဘဲ၊ "ဘိလပ် မရောက်သေးလို့ ဘိလပ်များ ရောက်ရင် ခက်မယ်" ဟု



BURMESE CLASSIC .com

www.burmeseclassi.com



ကျိတ် ဝေဖန်မိလေသည်။

မောင်မြသည် ပထမ ပန်းကန်ဇောက်များကို သိမ်းသွားပြီးနောက်၊ ဒုတိယ ပန်းကန်းပြားများ လာချ ပေးပြန်လေသည်။ ဝေဝေသည် ပန်းကန် အားလုံး အစိမ်းရစ် ရွှေနားကွပ်ဖြင့် ဆင်တူဖြစ်ခြင်းကို ကြည့်ထားသည်။ ဘဲဥပုံ ပန်းကန်ကြီးထဲတွင် ငါးကြော်ထည့်ထားသည့် လေးထောင့်အတုံး များနှင့် အာလူးကြော်များ တစ်ပိုင်းစီထည့်ကာ ဝေဝေဆီသို့ အရင်လာပေး ပြန်သည်။

ဝေဝေသည် ပန်းကန်ကြီးထဲ၌ ပါလာသော ခက်ရင်းနှင့် ဓားဖြင့် ငါးကြော်တုံးနှင့် အာလူးကြော်ကို ပါအောင်ယူရမှာ မလွယ်ကူဘဲ ခက်နေပုံ ရှိသဖြင့်၊ ဦးစောဟန်သည် ကိုယ်တိုင် ထ ယူထည့်ပေးလိုက်သည်။

ဦးစောဟန် ယူပေးနည်းကို ကောင်းကောင်း မှတ်ထားလိုက်သဖြင့် ခက်ရင်းနှင့် ဓား ကိုယ်တတ်သွားကာ၊ နောက်တစ်ကြိမ် ထုတ်လာသော ကြက်ပေါင်နှင့် အာလူး၊ ပဲသီးတို့ကို ကိုယ်တိုင် ယူထည့်နိုင်သည်။

ထမင်းစားပွဲ၌ ဦးစောဟန်နှင့် ကိုနေဦးတို့ စကားလက်ဆုံ ကျနေ ကြသည်။ ကိုနေဦး ဇွန်း၊ ခက်ရင်းနှင့် စားရတာ မဝင်ဘဲ လက်နှင့် စားရမှ အားရကြောင်း၊ ငါးပိပါမှ မြိန်ကြောင်း စသည်ဖြင့် ပြောင်ပြောင် ဖွင့်လှစ်ပြောကာ တဟဲဟဲ ရယ်နေသည်။

'ကျောင်းမှာ နေကတည်းက ခင်ဗျား ပင်နီဝတ်တာလား'

'မဟုတ်ဘူးဗျ၊ သပိတ်မှောက်ခါနီးမှ ဝတ်တာ။ ကျောင်းရောက်စက ပိုးလုံချည်နဲ့၊ ပေးတင့်ရှူးနဲ့ ဘိုဆံတောက်ကို ပြောင်နေအောင် ဖြီးတတ်တာ ပဲ။ နောက်ပိုင်းမှ ခေါင်းတုံးဆံတောက်ညှပ်၊ ပင်နီဝတ်၊ ခုံဖိနပ်စီးတတ်တာ'

ဦးစောဟန်သည် အလိုက်အထိုက် ခေါင်းညိတ် ရယ်ပြုံးနေသော် လည်း စိတ်ထဲ၌ ဝေဝေတို့ သားအဖမှာ ရိုးသည်။ ကိုနေဦးမှာ ဘုကျသည့် တောသားဟု ယူဆလိုက်သည်။

မောင်မြသည် စားပွဲခုံကို အခေါက်ပေါင်းများစွာ ပတ်လှည့်ကာ

www.burmeseclassi.com



စားပွဲထိုးနေသည်။ ဇွန်းနှင့်ခ‌ား မကုန်မချင်း တစ်ပွဲပြီး တစ်ပွဲ ထုတ်ယူလာသည်။ ဝေဝေသည် စောစောကလောက် ကျဉ်းကျပ်ခြင်း မဖြစ်တော့ဘဲ လည်ပတ်လာကာ စားပြီးတိုင်း ခ‌ားနှင့်ဇွန်းကို ပန်းကန်ပေါ်၌ အသာစုပူးလျက် တည့်တည့် ယှဉ်ချထားလိုက်သည်။

ဦးစောဟန်သည် ဝေဝေ၏ အမူအရာကို တစ်ချက်မှ အလစ်မပေးပေ။ ဂရုတစိုက်ကြည့်လျက် ကြိုက် မကြိုက်၊စားမစားအကဲခတ်နေရသဖြင့် မျက်စိမအား၊ စိတ်မအား ဖြစ်နေလေ၏။

ဦးဘိုးသိန်းမှာ အေးအေးသက်သာ စားနေလေသည်။ အင်္ဂလိပ်ဟင်းရံ အရသာကို စားရင်း စဉ်းစားကြည့်သည်။ ပေါ့ရွှတ်ရွှတ် ချိုတိုတိုနှင့် ဟင်းမမည်ဘဲ သရေစာ စားရသလိုပဲဟု တွေးသည်။

ကိုနေဦးနှင့် စကားပြောပြီးနောက် ဦးစောဟန်သည် ဝေဝေ့ဘက်သို့ လှည့်လာပြန်သည်။

အရက်ရှိန်ဖြင့် ခေါင်းထဲ၌ ရီတီတီဖြစ်သော်လည်း အရက်မူးသမားများလို တစ်ချက်မျှ ဣန္ဒြေမပျက်သဖြင့် ဝေဝေ့မှာ အံ့ဩနေသည်။

'ဝေဝေက သိပ်မစားဘူး၊ ဘာဖြစ်လို့လဲ၊ မျက်စိထဲ စာရင်းစာအုပ်ကြီးထဲက ဂဏန်းတွေပဲ မြင်နေလို့ မှတ်တယ်။ တုန်ကင်းတွေ လာမှာပါ ဝေဝေရဲ့. . စိတ်အေးအေး စားပါ'

ဦးစောဟန်သည် မချိုမချဉ်ပြုံးလျက် စ နေလေသည်။ မီးနီရောင်သည် ဝေဝေ့မျက်နှာပေါ်၌ ကျဆင်းအရောင်ဟပ်နေလေရာ မီးရောင်ထဲက တွေ့ရသော အလှကို နှစ်သက်မက်မောစွာ ရွှန်းရွှန်းစားစား ရှုစားရလျက်၊ အင်္ဂလိပ် ဝတ္ထုထဲတွင် မီးနီအောက်တွင် တွေ့ရသော ဘိုမလေး၏ ပုံသဏ္ဍာန်ကို အမှတ်ရနေသည်။

ညစာအပြီးတွင် ကော်ဖီ လာချပေးသည်။ ဝေဝေသည် တစ်ငုံစာရှိမည့် ကော်ဖီပန်းကန်အသေးစားကလေးထဲသို့ နို့နှင့်သကြားထည့်မွှေရင်း၊ ကလေးကစားစရာ ပန်းကန်နှင့် တူလိုက်တာဟု အောက်မေ့မိသည်။

www.burmeseclassi.com



ထမင်းစားပွဲခန်းမှ အိမ်ရှေ့ခန်းသို့ ကူးပြောင်းထိုင်ကြကာ ခဏနေကြပြီးနောက် ထပြန်လာကြသည်။ အိမ်ဝက အထွက် 'ဝေဝေ တုန်ကင်းလာပါလိမ့်မယ်၊ ပျော်အောင် အိပ်နော်' ဟု စလိုက်ကာ 'ဂွတ်နိုက်' ဟု နှုတ်ဆက်လိုက်သော အသံသည် နားထဲတွင်စွဲပါလာကာ၊အညှို့ခံရသူပမာ မြေကြီးနှင့် ခြေနှင့် နင်းမှန်းမသိ နင်းပြန်လာခဲ့လေသည်။

(၅)

မိုးပေါက်တို့သည် မှုန်မှုန်ဖွဲဖွဲ ကျနေလေသည်။

မိုးသက်လေဖြင့် လွင့်ပါလာသော မိုးစက်မိုးဖွားကလေးများ မျက်နှာသို့ လွင့်စဉ်လာမှ ပြတင်းတံခါးပိတ်ရန် ထလိုက်လေသည်။

အပြင်ဘက်တွင် အုံ့မှိုင်းလျက်ရှိကာ သဲသဲမဲမဲ ရွာရန် ဆင်နေသောမိုးသားကို မော့ကြည့်လျက် 'ရွာဦးတော့မှာပဲ'ဟု ညည်းညူနေလေသည်။

ဝေဝေသည် မိုးရွာမှာကို ကြောက်ရွံ့ စိုးပူနေရသည်။ မိုးသည်းသည်း ရွာသည့်နေ့၌ ဦးဘိုးသိန်းမှာ အိပ်ရာက မထသလောက် ခွေနေတတ်လေသည်။ နွေဘက်တွင် သက်သာသလိုလိုနှင့် ပျောက်နေသော ရောဂါမှာ မိုးဦးကျစက ပြန်ပေါ်လာသည်။ ချောင်ဆိုးတိုင်း သလိပ်ထဲတွင် သွေးခဲများပါလာလေသည်။ တစ်မိုးတွင်းလုံးပင် သက်သာလှသည်မရှိ၊မိုးအားကောင်းသည့်နေ့တွင် ချောင်းက ပိုဆိုးလေရာ ချွေးပြန်ကာမောဟိုက်နေလေသည်။

ဦးဘိုးသိန်းသည် နေသာတတ်သည့် မနက်ဘက်၌သာ အောက်ထပ်သို့ ဆင်းဝံ့လာကာ၊ တစ်နေ့လုံး အိမ်ပေါ်၌ အခန်းအောင်း နေလေသည်။

မိုးတွင်းဘက်၌ လယ်ကိစ္စအတွက် အလုပ်များနေလေသည်။ ဝေဝေ့မှာ လယ်သီးစားသမား လာလျှင် သူနှင့်ပြီးအောင် ဆက်ဆံကာ၊ မလွှဲသာမှသာ အိမ်ပေါ်တက်၍ ဖခင်အား မေးမြန်း လုပ်ကိုင်တော့သည်။

'ဖေဖေ အနားယူပါဦး၊ အလုပ်အတွက် ဘာမှ မကြောင့်ကြပါနှင့်၊ သမီးတာဝန် ထားပါ၊ ကျန်းမာအောင်သာ နေပါ. . .'



BURMESE CLASSIC .com

www.burmeseclassi.com



ဖခင်ကို တတွတ်တွတ် အားပေးပြုစု နေရသည်။ ဦးဘိုးသိန်းမှာ သမီးလေး စိတ်မကောင်း မဖြစ်အောင် စိတ်ဆောင်နေကာ၊ လုပ်ငန်းအရပ်ရပ် မျက်နှာလွှဲနိုင်သမျှလွှဲလျက် ဒီရောဂါနဲ့ သေရမှာပဲဟု စိတ်လျှော့ထားလေသည်။

ဝေဝေသည် သံတိုင်ကို လက်နှင့် ဆုပ်ကိုင်လျက် အပြင်ဘက်သို့ ငေးစိုက်နေကာ၊ မိုးရေအကြားမှ မိခင်၏ မျက်နှာကို တစိမ့်စိမ့် မြင်ယောင်နေလေသည်။ ဦးဘိုးသိန်း အပါး၌ မိခင် ရှိစေချင်သည်။ မိခင် ရှိသင့်လျက် မိခင် အနားမရှိခြင်းကို ရင်နာစရာကောင်းမှန်း တွေးနေလေသည်။

မိခင်၏အကြောင်းကို စဉ်းစားလိုက်တိုင်း ဝေဝေ့မှာ ဖခင်အတွက် စိတ်မချမ်းမြေ့လွန်းသဖြင့် ဘယ်လို အသည်းနှလုံးမို့ ကိုယ့်အိမ်ထောင်ကြီး ပစ်ပြီး လျစ်လျူရှုလိုက်နိုင်တာလဲဟု တွေးတောကြည့်မိသည်။

မိသားတစ်စု ကွဲကွင်းဖဲကြဉ်လျက် တကွဲတပြားစီ ဖြစ်နေကြသော အဆင်မပြေသည့် ဘဝကို တွေးနေကာ၊ မိမိသာ ဖခင်အနား မရှိက ပြုစုယုယမည့်သူ မရှိဘဲ ခက်နေမည်ဟု တွေးမြင်ကြည့်သည်။

ထားထားကို တွေးလိုက်မိသည်။ မမထားတို့ပဲ အေးသည်။ အိမ်နှင့်ဝေးနေရ၍ အိမ့်အတွက် အပူအပင်သက်သာသည်။ ထားထားမှာ ကုသိုလ်ကောင်းလေသည်။ မှတ်မိသလောက် အိမ်နေကတည်းက အိမ့်အတွက် ပူပင်ကြောင့်ကြဖွယ်ရာ မရှိခဲ့။ မိခင်ရှိ၍ အဘက်ဘက်က လိုလေသေးမရှိ အဆင်ပြေသည်။ စာအေးအေး သင်သွားနိုင်လျက် ကျောင်းထွက်တာနှင့် လင်ရသွားလေသည်။

ထားထားထံမှ ဖခင်အတွက် စိတ်ပူကြောင်း၊ အနားမှာ လာရောက်ပြုစုလိုလျက် မလာနိုင်သည့် အိမ်ထောင်သည်ဘဝမို့ ဝမ်းနည်းရကြောင်း ရေးလိုက်သော စာများ ခုတလော မကြာခဏ ဖတ်နေရသည်။

အိမ်ထောင်သည်ဘဝ မလွတ်လပ်မှန်း ထားထားအစား တွေးတွေးပြီး စိတ်ပျက်သွားလေသည်။ အိမ်ထောင်ကျရမှာပင် ကြောက်ရွံ့လာသည်။



BURMESE CLASSIC .com

www.burmeseclassi.com



အိမ်ထောင်ပြုလျှင် ဖခင်နှင့် မခွဲဘဲ အတူတကွ နေနိုင်မည့်သူမျိုးမှဖြစ်မည်။ သူ့နောက်သို့ လိုက်ရမည့် အိမ်ထောင်မျိုးဆိုလျှင် မဖြစ်။ အမေတို့၊အစ်မတို့ အစ်ကိုတို့ကို ခွဲနိုင်ကြပေသည့် ကိုယ့်အဖို့၌ ဖခင်ရှိသမျှ ကာလပတ်လုံးခွဲနေဖို့ရာ မဖြစ်သော အခြေသို့ ဆိုက်နေသည့်ဘဝမှန်း ကောင်းကောင်း ရိပ်စားမိထားလေသည်။

မိခင်ထံမှ ဖခင် ဝေဒနာအတွက် သင့်မြတ်မည့် ဆေးနည်းတစ်ဖုံနှင့် ဖခင်ကို ဂရုစိုက် ပြုစုကုသရန်သာ စာပြန်လာလျက်၊ ပူပင်သောက ဖြစ်ပုံ မဖော်ပြသဖြင့် စိမ်းလိုက်လေဟု စိတ်ထဲ ခု သွားလေသည်။

ဝေဝေ့မှာ ဖခင်အတွက် သူတစ်ဦးတည်း ဒိုင်ခံ၍သာ ပူပင်နေရတော့သည်။ အလုပ်အကိုင်အတွက်ကလည်း အစစအရာရာ ကိုယ့်တာဝန်ကြီး ဖြစ်နေသည်။ ကိုနေဦးမှာ ယောက္ခမအလုပ်နှင့် မအားနိုင်အောင်ရှိ၍ ကိုယ်ဖိရင်ဖိ လာမလုပ်ပေးနိုင်။ တစ်နေ့ တစ်ခေါက် သတင်းမေးလာသည့် အချိန်ကလေးပင် ကြာကြာ မနေနိုင်အောင် သူရောက်ပြီး အလုပ်က သူ့နောက်က လိုက်လာတတ်သည်။

ကြီးတော်သက်ပဲ မခွဲဘဲ နေဖော်ရသည်။ ဖခင်နှင့် မောင်နှမအရင်း မဟုတ်သော်လည်း သွေးရင်းသားရင်းတွေထက် သားအဖနှစ်ဦးကိုသံယောဇဉ် ကြီးနေရှာသည်။

ဝေဝေသည် မျက်နှာကို မိုးစက် စဉ်ပက်နေ၍ စိုစွတ်သော အသိထဲတွင် အကြောင်းကြောင်းတွေစဉ်းစားမိ၍အောင့်သက်သက်ရှိသောအသိပါ ရောပြွမ်း ခံစားနေလျက်၊ အဖျားတက်ချင်သည့်သူလို ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်း ဖြစ်နေလေသည်။

မြစ်ဘက်မှ ပြင်းထန်စွာ မြည်ဟည်းလာသော ဦးစောဟန် မော်တော် အမြန် အယ်လ်တို့ ပွဲချိတ်စက်သံသည် ကောင်းကင်တစ်ခွင်လုံး ပျံ့နှံ့ ပြည့်လာလေသည်။

ဝေဝေသည် နားအူလောက်အောင် ဆူညံလာသောစက်သံဖြင့်အာရုံ



BURMESE CLASSIC .com

www.burmeseclassi.com



ချက်ချင်းပြောင်းသွားကာ တံခါးပိတ်၍ ပြတင်းက ခွာလာခဲ့သည်။

ကျိုက်ပိဘက်မှ ရောင်းလိုက်သော စပါးများအတွက် ဦးစောဟန်နှင့် စပါးဖိုးရှင်းရန် ရှိသဖြင့် စာရင်းပြန်တွက် ကြည့်နေသည်။

မိုးမှာ သည်းထန်စွာ ရွာချလေသည်။ မော်တော်ဆိုက်ကပ်သံ ကြားပြီးမှာ မိုးသည်းသည်း ရွာချနေ၍ လှိုင်းထဲလေထဲ ဆိုက်ပြီးမှရွာတာတော်ပါသေးရဲ့ဟု စာရင်းတွက်ရင်း လှမ်းသတိရလိုက်သည်။

ဝေဝေသည် အိမ်ဝသို့ မျှော်ကြည့်လေသည်။ မိုးရေထဲ၌ မိုးခံအင်္ကျီ ဖိုးရိုးဖားရားနှင့် ခေါင်းငိုက်စိုက်ချလျှောက်လာသောဦးစောဟန်ကိုလှမ်းမြင်နေရသည်။ ဦးစောဟန်နောက်မှ ထီးမိုးလိုက်လာသော ဒရမ်ကုလားမှာ ခြေလှမ်းမီအောင် နောက်က အပြေးလိုက်မိုးပေးနေရသည်။

ဦးစောဟန် အိမ်နားရောက်ခါနီးမှ မျက်နှာအောက်သို့ ငုံ့လိုက်ကာ စာရင်းများကို စိုက်ကြည့်နေသည်။

ဦးစောဟန်သည် အိမ်ထဲသို့ မဝင်ခင် အပေါက်၌ ရပ်လျက်၊ ဒရဝမ် နောက်က ချွတ်ယူသော မိုးခံအင်္ကျီကို အလိုက်သင့် လုပ်ပေးရင်းဝေဝေ့ကို လှမ်း၍ ပြုံးကြည့်နေသည်။

ဝေဝေသည် ဖောင်တိန်ခေါင်းကို နှုတ်ခမ်းနှင့် တေ့ထားကာ ပြန်ပြုံး နှုတ်ဆက်လိုက်သည်။

'ဟေ့ ချာတိတ်၊ ဦး ဘယ့်နှယ်လဲနေသလဲ'

လက်ကိုင်သားရေအိတ်ကြီးကို ခုံပေါ်သို့ တင်လိုက်ကာ ခုံရှေ့က ကုလားထိုင်ကို ဆွဲမထိုင်ခင် ဟူးခနဲ သက်ပြင်း မှုတ်ထုတ်လိုက်သဖြင့်၊ ပင်ပန်းလာသော အသွင်သဏ္ဌာန် ပေါ်သွားလေသည်။

'ဖေဖေ မနေ့ကထက် စာရင်တော့ ဒီနေ့ သက်သာပါတယ်၊ မနက်က အောက်မှာပဲ ဆင်းနေတယ်၊ မိုးအုံ့မှ တက်သွားတယ်'

'မနက်က ဆရာဝန်လာသလား'

'ဟုတ်ကဲ့. . . ဆေးထိုးသွားပါတယ်'



BURMESE CLASSIC .com

www.burmeseclassi.com



ဦးစောဟန်သည် မိမိထက် အသက်နှစ်ဆယ်လောက် ငယ်သော အထိမ်းအမှတ်ဖြင့် ဝေဝေ့ကို ချာတိတ်ဟူ၍ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံနေသည့်တိုင်၊ ဝေဝေ့မှာ ရင်းရင်းနှီးနှီး ပြောရဲဆိုရဲ မရှိ။ အသက်ငယ်လည်း ဆက်သွယ်နေရသော အလုပ်အကိုင်မှာ ကလေးလိုဆက်ဆံ၍မရနိုင်သဖြင့် လူကြီးလို ဆက်ဆံနေရသည်။

ဝေဝေသည် ကနဦးက ဦးစောဟန်အား မိမိထက် အသက်ကြီး၍ ယဉ်ကျေးစွာ 'အစ်ကိုကြီး' ဟု ခေါ်လိုပြားလည်း၊ အစ်ကိုကြီး ကိုနေဦး ရှိနေပြီး ဖြစ်သဖြင့် နှုတ်က အစ်ကိုကြီးလို့လည်း ခေါ်မဖြစ်။ ဦးစောဟန်မှာ ဦးဘိုးသိန်း ညီဝမ်းကွဲ၊ ဦးလေးဦးဘိုးမြိုင်ထက် အပုံကြီး နုပျိုသဖြင့် ဦးလေးနှင့် တရွယ်တည်းထား၍ ဦးလေးလည်း မခေါ်ချင်။

စောစောပိုင်းက တော်တော် အခေါ်ရခက်နေသည်။ အခေါ်ရခက်၍ ဦးစောဟန်ဟုပင် ခေါ်လိုက်ပြောလိုက်တော့သည်။

'ဦးစောဟန်' ဟု ခေါ်ပြောဆက်ဆံနေသော ဝေဝေ၏ ဣန္ဒြေမှာ ဦးစောဟန်နှင့် သက်တူရွယ်တူ အပျိုကြီးဂိုက်မျိုး ဣန္ဒြေကြီးနေလျက်၊ ချာတိတ်ဟုခေါ်နေသည့် ဦးစောဟန်မှာ ဝေဝေနှင့် ရွယ်တူတန်းတူ လူရွယ်အသွင် ပေါက်နေကာ၊ ဝေဝေ့ ရှေ့ကျရင် ပို၍ နုပျိုနေသလိုပင် ထင်မှတ်နိုင်လေသည်။

ဦးစောဟန်သည် စီးကရက်ကို ဖွာရှိုက်လျက် မှုတ်ထုတ်လိုက်ကာ ဝေဝေ့ကို စိုက်ကြည့်နေလိုက်သည်။

'ဝေဝေ့ကို ကိုယ် တစ်ခု သတိပေးမလို့ဘဲ၊ မပြောဖြစ်ဘူးကွယ်။ ဦး စားတဲ့ သောက်တဲ့ ပန်းကန်တွေကို တခြားခွဲထားနော်၊ ဝေဝေနဲ့မရောစေနဲ့၊ ခွဲထား။ ကြိုတင်ကာကွယ်ခြင်းဟာ အကောင်းဆုံးပဲ။ ဟို့ . . . ဟို့ . . . မဖြစ်ခင်က တားတယ်ဆိုတဲ့ စကားလိုပေါ့ . . . မဟုတ်ဘူးလား'

ဝေဝေ၏ မျက်နှာကလေးမှာ ညှိုးဖျော့သွားလေ၏။ မျက်လုံးမှာ ခပ်စင်းစင်းဖြင့် မျက်တောင်မခတ်မိဘဲ ရှိသည်။ စိုက်မိစိုက်ရာ စိုက်ထား



BURMESE CLASSIC .com

www.burmeseclassi.com



လေသည်။ ဦးစောဟန်သည် ဝေဝေ့ကို တွေ၍ ကြည့်နေလေသည်။

သည်ရောဂါမျိုး ကူးစက်တတ်သည် ဟူ၍ ကြောက်ရမှန်းကို တစ်ကြိမ်တစ်ခါမျှ မတွေးတောခဲ့ဖူးပေ။ မကြောက်သဖြင့်လည်း ဖခင်နား၌ ကပ်ကာ ကိုယ်တိုင် ထူမ ပေးလျက် နီးနီးကပ်ကပ် ပြုစုနေလေသည်။

ဦးစောဟန် သတိပေးချက်ကို ဦးနှောက်ထဲ၌ ထည့်သွင်းစဉ်းစားဖို့ရန် ခဲယဉ်းနေသည်။ ဖခင်နှင့်တစ်အိမ်တည်းအတူနေကြလျက် အသုံးအဆောင်ချင်း ခွဲခြားထားဖို့ရာ တွေးကြည့်ရသည်ပင် ဝမ်းနည်းပက်လက် ဖြစ်လာမိသည်။ ဝေဝေ့အား ကောင်းစေချင်၍ သတိပေးသည်ကား မှန်၏။ သို့ရာတွင် ဝေဝေမှာ ခွဲစကားကို နားမှ လေသံ မကြားနိုင်လျက် ဖခင်အတွက် ကရုဏာ တသက်သက်ဖြင့် ညှိုးငိုင်နေလေသည်။

'ဝေဝေ ကိုယ်ပြောတာ သတိရနော်၊ ဝေဝေ့အတွက် စိုးရိမ်လို့ ပြောရတာ'

ဝေဝေသည် လေးလံစွာ မျက်လွှာကို ပင့်လှန်ယူလျက် လျော့ရဲရဲ ပြုံး၍ မိမိအတွက် စိုးရိမ်မှုကို အသိအမှတ် ပြုကာ တုံ့ပြန်လေးစားသည့် ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်ရသော်လည်း စိတ်ထဲက တစ်စက်မှ မပါပေ။

ဦးစောဟန်၌ ပေါ့ပါးသွားသည့် အမူအရာ ဟန်မျိုး ပြောင်းလဲဖြစ်ပေါ်သွားပုံကို သတိပြုလိုက်မိသည်။ အပြောကို မကြိုက်သဖြင့် လက်မခံနိုင်သော်လည်း၊ မိမိအတွက် စိတ်အေးသွားပုံရှိသည့် အမူအရာမှ တစ်ဆင့် စိတ်စေတနာကို နှစ်နှစ်သက်သက် လက်ခံထားလိုက်သည်။

'ကျိုက်ပိရောက်တုန်းကလည်း မိုးတွေ ညည်းနေတာပဲ၊ တုန်ကင်းထဲက စပါးတွေလည်း တချို့ စိုကုန်တယ်၊ မိုးတိတ်အောက် စောင့်နေရတာ စိတ်ပျက်စရာ ကောင်းလိုက်တာ။ ဝေဝေ ကျိုက်ပိ ရောက်ဖူးသလား. . '

'ဝေဝေ အဲဒီဘက်တွေကို တစ်ခါမှ မရောက်ဖူးပါဘူး။ သွားလည်ဖို့ အားလည်း မအားပါဘူး'

ဝေဝေသည် ခပ်အေးအေး ဖြည်းဖြည်းသာသာ ပြန်ဖြေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဦးစောဟန်သည် ဝေဝေ ပြောပုံကို စိတ်ရှိလက်ရှိ ငေးကြည့်နေသည်။ မျက်လုံးထဲတွင် ဝေဝေ၏ သိက္ခာကလေးနှင့် စူးငြိ ဆုံတွေ့နေလေသည်။ သိက္ခာရှိသော မျက်နှာလေးမှ ရိုးဖြောင့်သော အရောင်ကိုလည်း မြင်မိသည်။ ငယ်သောအသွင်လည်းမပျောက်၊ မျက်နှာကလေးကိုခြယ်ထားသော အလှကျက်သရေထဲတွင် တည်ငြိမ်သည့်မှင်ကိုလည်း သဘာဝအတိုင်း တွေ့ရသည်။

မော်လမြိုင်ကျွန်း ရောက်၍ ဝေဝေနှင့် တွေ့တွေ့ချင်း ဝေဝေ၏ ရုပ်ဆင်းသဏ္ဌာန်ကို စိုက်ပြီး ကြည့်ခဲ့ဖူးသည်။ ထိုစဉ်က စိုက်ကြည့်သကဲ့သို့ နောက်တွင်လည်း စိုက်ပြီး ကြည့်ခဲပေါင်း များခဲ့ပြီဖြစ်ရာ၊ တွေ့ဖူးသမျှ ဘယ်မိန်းကလေး မျက်နှာမှ မတွေ့ခဲ့ရသော ထူးခြားသည့် အင်္ဂါရုပ်ကို ယခုမျ တစ်ခုစီ စုပေါင်း ရှာဖွေတွေ့နည်းမျိုး စုံစုံလင်လင် စေ့စေ့စပ်စပ် တွေ့နေလေ၏။ ဝေဝေသည် ပြောပြီး ကြာရှည်ကြီးကြည့်နေခြင်းကို အနေရခတ်သကဲ့သို့ မျက်လွှာချကာ စာရင်းစာရွက်များ လှန်ကြည့်နေသည်။

'ပူးဝါး ချာတိတ်ပဲ၊ အိမ်ထဲ ခြေချုပ်မိနေတာပေါ့. . ဟုတ်လား၊ အမေကလည်း အဝေးမှာ၊ အစ်မကလည်း တစ်နေရာ၊ တစ်ယောက်တည်း အပျိုကြီး. . . ဗျာများနေတာပေါ့'

ဦးစောဟန်သည် ရယ်သွမ်းသွေးလိုက်ကာ ကရုဏာအရောင်အရှိန်တောက်ပသော မျက်လုံးဖြင့်ကြည့်လျက် တဟဲဟဲ ရယ်နေလေသည်။

ဝေဝေသည် ခေါင်းမဖော်ဘဲ ငုံ့လျက်ပင် ပြုံးနေလေသည်။

မိုးသည် သည်းရာမှ စဲသွားလေ၏။ အိမ်တံစက်မြိတ်အောက်၌ အုတ်တိုက်နှင့် မှီရပ်နေသော ဒရဝမ်ကုလားမှာ မိုးအေးအေးဖြင့် ငိုက်မျဉ်းနေလေသည်။

ဝေဝေသည် စပါးရှင်းတမ်း စာရင်းရေးလျက် စပါးဖိုးငွေများ ရှင်းတွက်ယူပြီးနောက် လက်ပတ်နာရီကလေးကို ငုံ့ကြည့်ကာ ဦးစောဟန်ကို ပြန်ကြည့်လိုက်သည်။

www.burmeseclassi.com



'ကိုယ် ထိုင်နေတာ ကြာသွားတယ် ထင်တယ်၊ ဆောရီး. . ဝေဝေ'

ဝေဝေမှာ ရုတ်တရက် စကားမပြောတတ်သလောက် အခက်အခဲဖြစ်လျက် မျက်လုံးကလေး ပြူးလည်းသွားသည်။

'မဟုတ်ပါဘူး၊ ဝေဝေ ဦးစောဟန်ကို ပြောချင်တာလေး တစ်ခုရှိလို့ အချိန်ကြည့်တာပါ'

'ဘယ့်နှယ်. . . ဘာပြောချင်လို့လဲ ဝေဝေ၊ ပြောချင်တာပြောလေ'

ဝေဝေ၏ မျက်နှာ အမ်းနေပုံသည် ထူးခြားလျက်၊ ဦးစောဟန်မှာ ဘာမှန်းမသိ များစွာမှ စိတ်လှုပ်ရှား သွားလေသည်။

'ဝေဝေ ရောက်ကတည်းက ပြောချင်တာပါပဲ၊ အချိန်က စောတာလည်းတစ်ကြောင်း၊ ငြင်းများ နေမလားလို့ စိုးတာလည်းတစ်ကြောင်း'

ဦးစောဟန်သည် ရင်ကို မတ်လျက် ဝေဝေ၏ မျက်နှာကို စေ့စေ့ကြည့်ကာ ကိုယ်ကို မလှုပ်မိအောင်ပင် ကြိုးစားပြီး နားစွင့်နေသည်။

'အခု လေးနာရီလည်း ထိုးပါပြီ၊ ဝေဝေကော်ဖီတစ်ခွက်လောက် တိုက်ပါရစေ၊ မိုးလည်း အေးပါတယ်၊ မသောက်နိုင်ပါဘူးလား'

ဦးစောဟန်သည် အသက်ကို ပင့်၍ရှူလျက် ပြုံးလိုက်ပြီး လက်ကိုင်ပဝါနှင့် သူ့နဖူးကို ပုတ်လိုက်လေသည်။

'အို. . .သောက်တာပေါ့ဝေဝေရယ်၊ ဘာများလဲလို့ ထင့်သွားတာပဲ'

ဝေဝေ၏ မျက်နှာကလေးမှာ လ ပေပ်ဖမ်းရာက လွတ်သွားသော လ၏ မျက်နှာကဲ့သို့ ကြည်လင် တောက်လင်းသွားလေသည်။ ဝေဝေသည် သွားကလေးတွေ ပေါ်နေအောင် ပြုံးလျက် 'ဒါဖြင့် ခဏစောင့်ပါဦးနော်'ဟု ဆိုကာ စားပွဲမှ ထသွားလေသည်။

ဒေါ်သက်မှာ မီးဖိုထဲတွင် ညစာအတွက်ချက်ပြုတ်နေရ၍ ဧည့်သည် ရောက်မှန်းပင် မသိလိုက်ပေ။ ဝေဝေ ဝင်လာပြီးပြောမှ 'ဟေ. . . သောက်မတဲ့လား'ဟု အလန့်တကြား ပြန်ပြောနေလေသည်။

ဦးစောဟန် ပြောင်းလာသည်မှာ ၁၀ လလောက် ရှိတော့မည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဘာကျွေးကျွေး ငြင်းဆန်တတ်သဖြင့် အိမ်လာရင် အကျွေးအမွေးနှင့် ဧည့်ခံခြင်း မပြုကြဘဲ၊ လူမျိုးကွဲတစ်ယောက်ကဲ့သို့ သဘောထားကာ ကြောင်တောင် ကြည့်နေလိုက်ကြသည်။

ဦးစောဟန်မှာ သူ့အချိန်နှင့်မှ သူ စားသည်။ အိမ်လာတတ်သည့် အချိန်များမှာ ဘာကျွေးကျွေး မစားနိုင်သော အချိန်မျိုး ဖြစ်နေလေ၏။

ဦးစောဟန် ကော်ဖီသောက်မည်ဟု သိရခြင်းမှာ ဒေါ်သက်အဖို့ ကုလားက ငါးပိ စားတာမျိုးလို အံ့စရာ ကောင်းနေလေ၏။

ဝေဝေသည် ကော်ဖီတစ်ခွက်တိုက်ရန် အလုပ် ရှုပ်သွားလေသည်။ ဗန်းပေါ်တွင် ခင်းရန် အဝတ်လှလှ ရှာရွေးသည်။ လက်ဖက်ရည်ပန်းကန်လုံးကို ထုတ်လာက မကြိုက်ပြန်၍ အသစ် ပြန်လဲပြန်လေသည်။ မီးဖိုနှင့် ထမင်းစားခန်းကို ကူးချည်သန်းချည် လုပ်ပြီးမှ ကော်ဖီတစ်ခွက် ဖျော်ထည့်ပြီးသွားသည်။

ပြင်ဆင်ပြီး ကော်ဖီဗန်းကို ယူမလိုက်ပြီးမှ တစ်စုံတစ်ရာ သတိရဟန်ဖြင့် 'မဖြစ်သေးဘူး ကြီးတော်' ဟု ဆိုလိုက်ကာ ဗန်းပြန်ချလိုက်သည်။

ဒေါ်သက်မှာ မီးဖိုထဲမှ ခပ်သုတ်သုတ် ထွက်သွားသော ဝေဝေ၏ နောက်ပိုင်းကို လှမ်းကြည့်လိုက်ရင်း 'ဘာမဖြစ် ပြန်တာပါလိမ့်တော်' ဟု ဆိုနေလေသည်။

ဝေဝေသည် ထမင်းစားခန်း ကြောင်အိမ်ထဲမှ ပန်းကန်များ ထုတ်ယူ လာပြန်သည်။ လက်ဖက်ရည် ပန်းကန်စုံ ဝယ်စဉ်က နို့ခွက်၊ သကြားခွက်များ ပါသည်ကို အမှတ်ရလိုက်၍ ပြေးယူရသည်။

ဦးစောဟန်သည် သူများ ဖျော်ပေးသော ကော်ဖီကို သောက်မှ သောက်ချင်မည်၊ မြန်မာအိမ်က တည်နည်းမျိုးနှင့် မဖြစ်ဟု စိုးရိမ်ကာ သူ့ စိတ်တိုင်းကျ ဖျော်သောက်နိုင်ရန် နို့ခွက်၊ သကြားခွက်နှင့် အသစ် ပြန်ပြင်ရလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေဝေသည် ဗန်းကို ကိုယ်တိုင်ယူထုတ် ထွက်လာခဲ့သည်။

ဦးစောဟန်မှာ ဗန်းကို လှမ်းကြည့်လိုက်ကာ သဘောကျသည့် အမူ အရာ ပေါ်နေသည်။

'ဝေဝေလည်း သောက်နော်'

'ဝေဝေတို့ နေ့လည်က သောက်ပါတယ်၊ အခုပဲ ထမင်းစားတော့မှာ၊ မသောက်ပါဘူး'

ဦးစောဟန်မှာ တောကအိမ်တွေ သည်အဆောင်အယောင်မျိုးနှင့် လက်ဖက်ရည် မတည်ကြမှန်း သိသည်။ အထူးတလည် မိမိအတွက် မိမိ အကြိုက်အတိုင်း လုပ်လာမှန်းသိ၍ ပို၍ နှစ်ခြိုက်သွားကာ စိတ်တိုင်းကျ ဖျော်လိုက်သည်။

စာဖတ်အသင်းတိုက်ထဲမှ ထွက်လာခဲ့သော ကိုနေဦးမှာ ဝေဝေတို့ အိမ်ဆီသို့ လျှောက်လာခဲ့ရာ၊ လမ်းမကပင် ဦးစောဟန်ကိုလှမ်းမြင်ရသည်။ စားသောက်နေပုံ တွေ့၍ မျက်လုံးတစ်မျိုးဖြင့် ခပ်ဆန်းဆန်း ကြည့်ဝင်ခဲ့သည်။

'အစ်ကိုကြီး လာပြီ'ဟု ဝေဝေက ပြောလိုက်၍ ဦးစောဟန်သည် နောက်သို့ လှည့်ကြည့်ကာ နေရာမှ ထ ရပ် နှုတ်ဆက်လိုက်သည်။

'ဖေဖွေ့ လာကြည့်တာပါ။ သောက်ပါ။ ကျွန်တော် အပေါ်တက်လိုက်ဦးမယ်'

ကိုနေဦးသည် လှေကားဆီသို့ တန်းသွားကာ တစ်ထစ်၊ နှစ်ထစ် တက်သွားပြီးမှ သတိရသလို ရပ်တန့်လိုက်လျက် ဝေဝေ့ကို လှည့်ပြောလေသည်။

'မအူပင်က ကိုစောတို့ လာတယ်၊ ထားထားက စာပေးလိုက်တယ်၊ ဒီလကုန်လောက် လာမယ်တဲ့'

ဝေဝေသည် နေရာမှထကာ၊ ကိုနေဦး လှမ်းပေးနေသော စာအိတ်ကို သွားယူလိုက်သည်။

www.burmeseclassi.com



ဝေဝေ စာဖတ်နေခိုက် ဦးစောဟန်မှာ လက်ဖက်ရည်ကိုနောက်ထပ် ထည့်၍ ဖျော်နေပြီး၊ စာအိတ်ထဲ စာပြန်သွင်းနေသော ဝေဝေ့ကို မကြည့်ဘဲ ပြောနေသည်။

'ဝေဝေတော့ အစ်မ လာရင် နားဖို့ အချိန်ရပြီ၊ ကျန်းမာရေး ကြပ်ကြပ် သတိထားနေနော်'

ဝေဝေမှာ အစ်မနှင့်တွေ့ရတော့မည်ကို တွေးလျက် ဝမ်းသာအားရ မွှန်နေကာ ဦးစောဟန် ဘာဆိုလိုချင်မှန်း အဓိပ္ပာယ်မစဉ်းစားမိဘဲ၊ အမှတ်တမဲ့ ကြားလိုက်လေသည်။

(၆)

နှစ်ယောက်သား တံခါးပေါက် ရပ်လျက် အတွင်းသို့ ကြည့်လိုက်ကြသည်။

စာအုပ်ဗီရိုအဟောင်းနှစ်လုံးနှင့် စားပွဲခုံ၊ ကုလားထိုင်များ ခင်းကျင်းထားသည်။ ကုလားထိုင် ငါးဆယ်ခန့် ရှိပေမည်။ ကုလားထိုင်များမှာ စာသင်ကျောင်း ကုလားထိုင်များ ဖြစ်သည်။ စာလုံးကြီးကြီးများဖြင့် 'အချိန်ကို လေးစားပါ' "ရိုးရိုးကျင့် မြင့်မြင့်ကြံ" "မြန်မာစာသည် တို့စာ" စသည်ဖြင့် ရေးချိတ်ထားသော စာတမ်းများကို တွေ့ကြရလေသည်။

ဧည့်ပရိသတ် သုံးဆယ်ခန့် ထိုင်နေကြသည်။ မြို့ပေါ်က အချို့ လူကြီးများနှင့် လူငယ်လူရွယ်တွေသာ တွေ့ရလျက် အမျိုးသမီး တစ်ဦးမှ မတွေ့ရပေ။

စာအုပ်ဗီရိုရှေ့တွင် ရပ်နေသော ကိုနေဦးသည် ဝေဝေတို့ကို မြင်၍ အပေါက်ဝသို့ ထွက်ကြိုလေသည်။

'လာကြ. . လာကြ၊ မိန်းကလေးတွေတော့ မရောက်သေးဘူး'

ဝေဝေသည် တံခါးပေါက်နား၌ ထိုင်နေသော ဆရာချစ်ကို အရင် လှမ်းပြုံး နှုတ်ဆက်လိုက်သည်။ ဆရာချစ်သည် ပြုံးလျက်နေရာမှ ထလာလေသည်။ ဝေဝေနှင့် ယှဉ်ရပ်နေသူကို စူးစမ်းသော အကြည့်ဖြင့် ကြည့်ရင်း



BURMESE CLASSIC .com

www.burmeseclassi.com



လျှောက်လာကာ အနားရောက်မှ...'လူများမှားလို့ ထားထားပါလားဟေ့...ဘယ်တုန်းက ရောက်နေသလဲ'ဟု မေးလိုက်သည်။

ထားထားသည် ခပ်တွေတွေ ပြုံးလိုက်ကာ ဆရာ အတော်ကျသွားပါလားဟု စိတ်ထဲကအောက်မေ့လျက် 'ဆရာတို့ မာရဲ့နော်'ဟု ပြန်နှုတ်ဆက်လိုက်သည်။

ဆရာချစ်မှာ အသားဖြူဖြူ ပိန်ပိန်ပါးပါး၊ နှုတ်ခမ်းမွေး ရေးရေးနှင့် အသက်ငါးဆယ်ခန့် ရှိပေပြီ။ ကျောင်းနေစဉ်က ခုနစ်တန်းတွင် မြန်မာစာပြသော ဆရာဖြစ်ခဲ့သည်။ အဝဋ္ဌန်းရှင်ရှင်ဖြင့် မြန်မာစာ အသင်အပြကောင်းသောကြောင့် ကျောင်းသားတိုင်း ခင်မင်ကြသည်။

ထားထားမှာ ကျောင်းနေစဉ်ကတည်းက ဝေဝေ့ထက် အသိအကျွမ်းပေါ်များသဖြင့်၊ ကျောင်းသားဟောင်း တစ်စုတို့မှာ ထားထားနားသို့ဝိုင်းလာကြာကာ တစ်ယောက်တစ်ခွန်း နှုတ်ဆက်ကြလေသည်။

'ကျွန်မ မနေ့ကပဲ ရောက်ပါတယ်၊ ဖေဖေ နေမကောင်းလို့ လာကြည့်တာ၊ အဆင်သင့်ပဲ စာကြည့်တိုက် ဖွင့်ပွဲနဲ့ လာကြုံရတယ်'

ထားထားသာ မရောက်လာလျှင် စာကြည့်တိုက် ဖွင့်ပွဲသို့ ဝေဝေလာဖြစ်လိမ့်မည် မဟုတ်ပေ။ ဝေဝေသည် ကျောင်းထွက်ကတည်း အိမ်မြင်သို့ ထွက်ခဲပေသည်။ လမ်းသွားလျှင်လည်း တစ်ယောက်တည်း သွားခဲကာကြီးတော်သက် ပါမှ သွားတတ် လာတတ်သလို ဖြစ်နေသည်။

ထားထားမှာ အိမ်ထောင် မကျခင်ကတည်းက သူ့စိတ်နှင့်သူ့ကိုယ်သွားချင်လျှင် တစ်ယောက်တည်း စွတ်ထွက်သွားလေသည်။ ဝေဝေထက်နှုတ်စလျှာစ သွက်လက်လျက် စိတ်မြန်ကိုယ်မြန် ရှိလေသည်။

ရောက်သည့်အခိုက် စာကြည့်တိုက်ဖွင့်ပွဲတွင် အစ်ကို တရားဟောမှာကို နားကြားချင်သဖြင့် ဝေဝေကိုပါ ဆွဲခေါ်လာခဲ့သည်။

ကိုနေဦးနှင့် ထားထားမှာ စိတ်ချင်း တူညီကြလေသည်။ မြို့ရေးရွာရေး အသင်းအပင်း ဆောင်ရွက်ရာတွင် ဝါသနာပါချင်းလည်း တူသည်။

www.burmeseclassi.com



စာဖတ်ဝါသနာလည်း ရှိကြသည်။ အသိမိတ်ဆွေလည်း ပေါသည်။ ကိုနေဦး ထက် ထားထားက ပိုစိတ်ထက်မြက်သဖြင့် ဝေဝေနှင့်ဆိုလျှင် စိတ်နေချင်း တစ်လမ်းစီ ဖြစ်သည်။ ဝေဝေ အေးသလောက်၊ ပျော့သလောက် ထားထား မှာ မာလေသည်။

ဝေဝေသည် ပရိသတ်ကို ခပ်ရှုံ့ရှုံ့ ငုံ့လျှောက်လာကာ ရှေ့ဆုံးတန်း တွင် ဝင်ထိုင်လိုက်သည်။ ထားထားမှာ အသိတွေနှင့် အကုန်နှုတ်ဆက်ပြီးမှ ဝေဝေ့ဘေး၌ ဆရာချစ်နှင့် ယှဉ်ထိုင်ကြသည်။

အချိန်ကား ညနေ လေးနာရီခန့် ရှိလေသည်။ လူမစုံသေး၍ ဖွင့်ပွဲ မစသေးရာ၊ ဝေဝေမှာ အိမ်ကို နောက်ဆံတင်းကာ 'ကြာလိုက်တာ' ဟု စိတ်ထဲ၌ ညည်းတွားနေလေသည်။

'ဖေဖေ ဆေးသောက်ချိန် ကျနေပြီ၊ ကြီးတော်သက်များ မေ့နေရင် အခက်ပဲ မမရဲ့'

'နင်ပဲ ကြီးတော်ကို မှာခဲ့တာပဲဟာ၊ တိုက်မှာပေ့ါဟာ၊ ပူမနေနဲ့'

ထားထားက တံခါးပေါက်ဘက်သို့ ကိုယ်တစောင်း လှည့်ကြည့် လိုက်ကာ 'လူတွေ ပြန်နေပါပြီ၊ စ မှာပါ'ဟု ပြောရလေသည်။

ကိုနေဦး စားပွဲခုံရှေ့သို့ လာရပ်တာနှင့် စကားပြောသံများ၊ ရပ်စဲ သွားကာ တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

ကိုနေဦးသည် စားပွဲကို ခါးနှင့်မှီကာ လက်ဝါးချင်း ပွတ်လျက် ညှိ့ပရိသတ်ကို တစ်စက္ကန့်လောက် ပြန်ကြည့်လိုက်သည်။

'ဒီနေ့ ကျွန်တော်တို့ မြို့ပေါ် လူငယ်တစ်စုရဲ့ ကြိုးပမ်းချက်နှင့် သည် စာကြည့်တိုက်ကို တည်ထောင် ဖွင့်လှစ်လိုက်ပါတယ်။ ဒီနေ့ဟာ စာပေ မြတ်နိုးပြီး စာပေမွေ့လျော်သူအပေါင်းတို့ရဲ့ မင်္ဂလာအထိမ်းအမှတ် ရှိသော နေ့လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မြန်မာ့သမိုင်း အဆက်ဆက် မပျောက်မပျက်ရလေအောင် ထိန်းသိမ်းခဲ့ကြတဲ့ စာပေ အနုပညာရှင် အပေါင်းတို့ကို ကျွန်တော်တို့ ဒီနေရာ၊ ဒီစာကြည့်တိုက်က ဦးခိုက် ပူဇော်

www.burmeseclassi.com



ကန်တော့ လိုက်ပါတယ်’

ကိုနေဦးသည် စကားဖြတ်ကာ လက်နောက်ပစ်၍ ခေါင်းကို ညွတ်လိုက်ပြီး နောက်မှ ဆက်ပြောလေသည်။ ပရိသတ်တို့သည် စိုက်၍ နားထောင်ကြသည်။

‘ကျွန်တော်တို့ရဲ့ စာပေ ပညာရောင်ရှိန် ပိုမို တောက်ပလာအောင် ကြိုးပမ်းအပ်တဲ့တာဝန်ဝတ္တရားဟာ လူတိုင်းရဲ့တာဝန်ဝတ္တရားဖြစ်ပါတယ်။

‘အခုခေတ် ပညာရေးစနစ်ဟာ ကျွန်တော်တို့ လူမျိုး တိုးတက်မှုကို မဖန်တီးနိုင်လို့ ကျွန်တော်တို့ရဲ့အခြေခံဟာ မခိုင်တဲ့ ဘဝကို ရောက်နေပါတယ်။ ကျွန်ပညာကို သင်ကြပြီး၊ ကျွန်အမြီးဘွဲ့တွေ ယူကြပြီး ကိုယ့်စာပေကို ကိုယ်အားမထား မမြတ်နိုးကြတဲ့အတွက် စိတ်ဓာတ် ဆုံးရှုံးရတဲ့အပြင်၊ မြန်မာလူမျိုး ဖြစ်ပါလျက်ကနဲ့ မြန်မာစာပေကို အခြေခံက စပြီး မသိတဲ့သူတွေ ပေါ်များလာပါတယ်။

‘ကျွန်တော်တို့ စာကြည့်တိုက်ဖွင့်တဲ့ ရည်ရွယ်ချက်က လူငယ်တွေအတွက် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းခင်းပေးလိုတဲ့ ရည်ရွယ်ချက်ပါပဲ။ စာကြည့်တိုက်၊ စာဖတ်ခန်း ဆိုတာဟာ ယဉ်ကျေးမှု စာပေအမွေအနှစ်စုဝေးရာဖြစ်တဲ့ နေရာဌာနေဖြစ်တော့ အနုပညာဆိုင်ရာအသိတရား၊ အနုပညာ အသိဉာဏ်တွေ ဖြန့်ဖြူးပေးနိုင်တဲ့အတွက် အားလုံး အချိန်အားလပ်တိုင်း လာရောက်လေ့လာဖို့ ဗဟုသုတ ဆည်းပူးဖို့ ပညာဉာဏ်အသိတရား စုဆောင်းဖို့ ဖြစ်ပါတယ်’

ပရိသတ်ထဲတွင် ကိုနေဦး ပြောသည်ကို ငေး၍ နားထောင်နေသူမှာ ထားထားပင်။ ပြောဟောချက်များကို စိတ်ပါဝင်စားရုံမက ပြောဟန်ကိုလည်း နှစ်သက်မိသဖြင့် “ကိုကိုက တရားဟောကောင်း၊ နိုင်ငံရေးလုပ်ရင် စွံမှာပဲ’ ဟု ယုံကြည်သည်။

ကိုနေဦးသည် စာကြည့်တိုက် ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်ကို အစချီလျက် အကျယ်တဝင့် ရှင်းပြောပြပြီးနောက်၊ စာကြည့်တိုက်ဖွင့်ရန်

www.burmeseclassi.com



ကာလအတန်ကြာ စိုင်းပြင်းခဲ့ရသည့် အခက်အခဲတွေ ဖွင့်ပြောကာ၊ ရှေ့တွင် ဖွံ့ဖြိုးအောင်ဝိုင်းဝန်းပျိုးထောင်ကြရန် လှုံ့ဆော်တိုက်တွန်း ဟောပြောခြင်းဖြင့် အဆုံးသတ်လိုက်သည်။

ပရိသတ်များမှာ ကိုနေဦး ပြောသော အချက်များကို သဘောကျထောက်ခံကြကာ၊ စိတ်ရောကိုယ်ပါ ထောက်ခံအားပေးမည့်အကြောင်း တစ်ယောက်ပြီး တစ်ယောက် မပြီးနိုင်အောင် ထ ပြောနေ ကြလေသည်။

ဆရာချစ်က ထားထားနား ကပ်လျက် 'မောင်နေဦးဟာ ကောလိပ်သပိတ်မှောက်ကတည်းက ပညာရေးကို စိတ်နာခဲ့တာ' ဟု တိုးတိုးပြောနေသည်။

ဝေဝေသည် မလှုပ်မယှက် နားထောင်လျက် နေသည်။

ညနေ ခြောက်နာရီလောက်မှ စာကြည့်တိုက်ကလူတွေ ထ ပြန်ကြသည်။ စာဖတ်ခန်းရှေ့၌ လူတွေ စုရုံးထွက်လာကြရာ ဝေဝေနှင့် ထားထားလည်း နောက်ဆုံးက ထွက်လာခဲ့သည်။

ကိုနေဦးက ထားထားနား ကပ်လျက် 'ရန်ကုန်က ပြန်လာပြီး ဖွင့်ဖို့ဟာ အကြောင်းကို မညီညွတ်နိုင်ဘူး၊ စေတနာ့ဝန်ထမ်း အလုပ်ကို တကယ်လုပ်မယ့်လူက အရှားသား။ စနစ်တကျ လုပ်ချင်တာနဲ့ ကြာနေတာ'ဟု ပြောပြနေသည်။

ထားထားသည် ရွှင်ချိုစွာ ပြုံးလျက် 'ကိုကို နိုင်ငံရေးပဲ လုပ်ပါ'ဟု နောက်ပြောလိုက်ရာ၊ ဝေဝေက 'ဆွ မပေးပါနဲ့ မမရယ်၊ တော်တော်ကြာ သခင် ဖြစ်ပြီး ထောင်းနန်း စံနေရပါဦးမယ်'ဟု ဝင်ပြောလိုက်သည်။

ကိုနေဦးသည် လက်သီး လက်မောင်းတန်းလျက် 'သခင်မျိုးဟေ့ . . တို့ဗမာ' ဟု ဝေဝေ့ကို ဆိုပြလိုက်သဖြင့် ဘေးမှ လူများသည် ကိုနေဦး နောက်နေပုံကို မသိမသာ ပြုံးသွားကြလေသည်။

နေရောင်ကွယ်သွား၍ အိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်ပြန်လာခဲ့ကြသည်။ ဝေဝေသည် ခပ်သွက်သွက်လှမ်းလာရင်း ကိုနေဦးအတွက်



BURMESE CLASSIC .com

www.burmeseclassi.com



စိုးရိမ်ပူပန် စကားများ ပြောလျှောက်လာသည်။

'ရန်ကုန်သွားတာ တို့ဗမာ အစည်းအရုံးထဲ ဝင်ခဲ့သလိုလို မမသန်းက ပြောပြလို့ ကိုယ်ယောက်ျား ကိုယ်နိုင်အောင် ထိန်း၊ တော်တော်ကြာ အပျက် အပျက်နဲ့ နှာခေါင်းသွေး ထွက်နေလိမ့်မယ်လို့ ဝေဝေ ပြောလိုက်ရတယ်'

ဝေဝေသည် ခပ်မြန်မြန်လျှောက်ရ၍ စကားပြောသံလေးမှာ မောသံ ကလေး ပါနေသည်။

'ဝင်. . . ဘာဖြစ်သတုံး'

ထားထားက ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ဝေဝေသည် တုံ့ရပ် သွားမတတ် အရှိန်သတ်သွားကာ'ဟင်...မမကလည်း အစိုးရနဲ့ဆန့်ကျင် ဘက်ကြီး' ဟု အလန့်တကြား ရပ်ပြောလိုက်သည်။

ထားထားသည် ခပ်သဲ့သဲ့ ရယ်မောကာ 'မရွှေကြောက်ကလေးက တယ်ကြောက်တာကိုး'ဟု မာန်လာလေသည်။

အိမ်နားသို့ မရောက်မီ ဦးစောဟန်သည် သူ့အိမ်ထဲက ထွက်လာ သဖြင့် လမ်းမ၌ ဆုံနေကြသည်။

'ဟေး...ချာတိတ်၊ ဘယ်က ပြန်လာသလဲ'

ဝေဝေ့ကို လှမ်းနှုတ်ဆက်ကာ ထားထားကို အကဲခတ်ကြည့်သော မျက်လုံးဖြင့် လှမ်းကြည့်လျက် ခပ်ပြုံးပြုံး ရပ်နေသည်။

ဝေဝေသည် ရုတ်တရက်မဖြေနိုင်ပေ။ မျက်နှာ အိုးတိုးအမ်းတမ်းနှင့် ရှက်သလိုလို အမူအရာမျိုးကို ကြိုးစားဖုံးဖိလျက်- 'ဝေဝေ စာကြည့်တိုက် ဖွင့်ပွဲက ပြန်လာတယ်၊ ဒါ ဝေဝေ့အစ်မ ထားထားပါ။ မနေ့က မနက်က ရောက်ပါတယ်'

ဦးစောဟန်သည် ကိုယ်ကိုယ့်လျက် ခေါင်းညွှတ်နှုတ်ဆက်လိုက်ကာ 'ထားထား လာမယ်လို့ စာရကတည်းက ဝေဝေဆိုတာ မိုးမမြင် လေမမြင် ပျော်ရွှင်နေတာပဲ၊ ထားထားအကြောင်းပဲ ပြောနေတာပဲ၊ တွေ့ရတာဝမ်းသာ ပါတယ်၊ အိမ်ထဲကို ခဏ ဝင်ကြပါဦး'

www.burmeseclassi.com



ထားထားသည် ဦးစောဟန်၏ ဟန်အမူအရာကို စိုက်လျက် ကြွေ ရှိရှိ ပြုံးပြုံးကလေး ပြုံးနားထောင်နေသည်။

'မဝင်တော့ပါဘူး၊ ဖေဖေ့ကို ဆေးမတိုက်ရသေးဘူး၊ နောက်မှ လာလည်ပါမယ့်. . .'

ဝေဝေ ငြင်းပယ်ပြောနေကြောင်းကို ရိသဲ့သဲ့ကြည့် ပြုံးနေလျက် စကားဆုံးမှ. . .

'စောစောကပဲ ဦးဆီ သတင်းမေးဖို့ ကူးသွားတယ်၊ အောက်ဆင်း ထိုင်လို့ တွေ့ခဲ့ရတယ်။ မျက်နှာလည်း အပုံကြီးလန်းတယ်၊ ကိုယ်တို့ရှေ့မှာပဲ ဆေးသောက်တာပဲ၊ ဆေးသောက်ပြီးပြီ။ ဒီတော့ ခဏ ဝင်ပါဦး'

ဦးစောဟန်သည် အတင်းမရမက ဖိတ်ခေါ်နေသည်။ ဝေဝေသည် ဆက်ငြင်းရန် မပြောတတ်သကဲ့သို့ ထားထားကို စစ်ကူတောင်းသလို လှမ်းကြည့်လိုက်သည်။

'ခဏဝင်ပါ ထားထားရယ်၊ အိမ်ရှေ့မှာ ဖိတ်နေတာကို တစ်အောင့် လောက် ဝင်ဖို့ လက်ခံပါ'

ထားထား၏ စူးရှတောက်လက်သော မျက်လုံးအစုံသည် ဦးစောဟန် နှင့် ဝေဝေ့မျက်နှာကို တစ်လှည့်စီ လွှဲရွှေ့ကြည့်လိုက်ပြီးနောက် ကြားက ဝင်ဆုံးဖြတ်သော အနေဖြင့်-

'ကဲ. . .ကဲ တစ်အောင့် ဝင်လိုက်ပါဦး'ဟု ဝေဝေ့ကို ပြောလိုက်သည်။

ထားထားမှာ မနေ့မနက်က ရောက်လာပြီး ဦးစောဟန်အကြောင်းကို ဒေါ်သက်နှင့် ဝေဝေ့ထံမှ သိသင့်သလောက် သိထားကာ၊ သိသလောက် ဖြင့် လူကဲကို မှန်းဆကြည့်ထားပြီး ဖြစ်သည်။

ဧည့်ခန်းတွင် မထိုင်ခင် အိမ်၏ အဆောင်အယောင်များကို ကြည့် လျက် တော်တော် ဘိုစိတ်ပေါက်နေတဲ့ လူပဲဟု မှတ်ချက်ချနေလေသည်။ ဦးစောဟန်မှာ မောင်မြကို ခေါ်ထုတ်ကာ လိမ္မော်ရည် တောင်းလျက် ပျာယာခတ် နေလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ထမင်းစားခန်းထဲသို့ ဝင်သွားကာ စက္ကူအထုပ်ကြီးတစ်ထုပ် ယူထုတ်လာသည်။ အထုတ်ကြီးကို ဝေဝေ့ဘေး ခုံပေါ်တင်ပြီး ဝေဝေအား ပြုံးစိစိနှင့် ကြည့်လျက် 'ဝေဝေ့အတွက် မှာလိုက်တာ မနက်က ရောက်လာတယ်၊ ဖွင့်ကြည့်ပါဦး' ဟုဆိုသည်။

ဝေဝေက အထုပ်ကြီးကို ကြည့်နေလျက် အဖွင့် နှေးနေသဖြင့် ကိုယ်တိုင်ထ ဖြေ ဖွင့်ပေးလိုက်သည်။ ဘားနက်မုန့်တိုက်မှ မုန့်သေတ္တာ၊ ချောကလက်၊ သကြားလုံးဘူး လှလှ၊ ချစ်စရာနမူနာဘူးအသေးစားကလေး အမျိုးစုံ ဖြစ်လေသည်။

'ချာတိတ်မို့လို့ တမင် သေးသေးကလေးတွေ မှာလိုက်တာ'

ဦးစောဟန်၏ မျက်လုံးမှာ ဝေဝေ၏ ရှက်သွေးဖြန်းနေသော မျက်နှာနှင့် မခွာပေ။ ထားထား အနားရှိမှန်းပင် ဂရုမထားနိုင်သလောက် ဖြစ်နေလေသည်။

ဝေဝေ့ကို လက်ဆောင်အလျှင် အပ်ပြီးမှ ထားထားနှင့် စကားပြောကြသည်။

ထားထားက ဝေဝေနှင့် မိမိမှာ အထက်အောက် မဟုတ်ဘဲ ကြားတွင် တစ်ယောက် ခြားသေးကြောင်း၊ ထိုတစ်ယောက်မှာ သေသွားကြောင်း ပြောပြနေစဉ် အရေးတယူ စိတ်ဝင်စားစွာ နားထောင်ရာမှ 'ဒါကြောင့် ချာတိတ်က သိပ်ငယ်နေတယ်'ဟု လှည့်ပြောလိုက်သည်။

ဝေဝေ၏မျက်နှာမှာ ချွေးစို့နေသော မျက်နှာကို မထားတတ်သလို ဖြစ်နေသော အမူအရာကို မြင်၍၊ ဘာဖြစ်လို့များ ဒါလောက်တောင်ရှက်နေပါလိမ့်ဟု ထားထား စိတ်၌ ထင်လိုက်သည်။

တစ်အောင့်လောက် ထိုင်စကားပြောကြပြီးနောက်၊ ပြန်ရန် ထလိုက်ကြသည်။ ဦးစောဟန်သည် ဝေဝေနှင့် ထားထားကို ယှဉ်၍ ကြည့်လိုက်လေသည်။ ထားထား၏ကိုယ်လုံးနှင့် ဟန်ပန်မှာ အရပ်ခပ်ရှည်ရှည်၊ ခပ်နွဲ့နွဲ့၊ နဖူး အနည်းငယ် ကျယ်သည်ဟု ထင်ရသည်။ မျက်လုံးမျက်ဖန် ကောင်း

www.burmeseclassi.com



သည်။ ဝေဝေလောက် အသားမဖြူဘဲ အသားဝါသည်။တိကျပြတ်သားသည့် မျက်နှာမျိုး။ ဝေဝေလို အလှကြီး လှသည်ဟု မဆိုနိုင်သော်လည်း တစ်မျိုး ချောနေသည်။

ထားထားက ရှေ့ထွက်သွားကာ၊ ထားထားနောက်မှ ဝေဝေ ကပ်ပြီး ထွက်မလာနိုင်သေးဘဲ၊ စပါးစျေး သံကြိုးထုတ်ပြနေ၍ အပေါက်ဝ လိုက်ကာကြီးကိုကိုင်ထားလျက်ဖြင့် လှည့်ကြည့်ပြီး ပြောဆိုနေရသေးသည်။ ပြီးမှ ထားထားကို မီအောင် မြန်မြန် လိုက်လာသည်။ နှစ်ယောက်သား စကား မပြောကြတော့ဘဲ ခပ်မြန်မြန် လျှောက်လာကြလေသည်။

ဦးဘိုးသိန်းသည်အိမ်ပေါ်သို့ မတက်သေးဘဲ ကြိမ်ပက်လက်ကုလား ထိုင်ပေါ်၌ လှဲလျက် သမီးများကို စောင့်ရင်း ဒေါ်သက်နှင့် စကားပြော နေကြသည်။

သမီးတွေ ဝင်လာ၍ မျက်နှာချိုချိုဖြင့် ရွှင်ရွှင်လန်းလန်း ဆီးကြို နေ၏။

ဦးဘိုးသိန်းမှာ သမီးနှစ်ယောက်ကို အချစ်ချင်းမတူပေ။သမီးအကြီး ကို သမီးအငယ်ထက် ပို၍ ချစ်လျက်၊ သမီးအငယ်ကို ပိုသနားသည်။

'ဖေဖေ ဆေးသောက်ပြီးပြီလား၊ စွပ်ပြုတ်ကော သောက်ပြီးပြီ လား၊ သောက်လို့ ကောင်းသလား၊ ဖေဖေက ကွမ်းတွေဘာတွေ ဝါးလို့ ပါလား'

ဝေဝေသည် ဖခင်နားသို့ပြေးကပ်သွားကာ အသက်မရှူဘဲ ပြောနေ ၍ ထားထားမှာ အသာရပ်ကြည့်နေလေသည်။

နေမကောင်းမှ အိမ်အောက်သို့ ညနေဘက် မဆင်းဘဲ နေသည်မှာ တစ်လလောက် ရှိသွားလေသည်။ ဧည့်ခန်းတွင် လပ်နေသော ကြိမ်ပက်လက် ကုလားထိုင်ကြီးကို ကြည့်လျက် မျက်စိထဲတွင် ဟာတာတာကြီးဖြစ်နေခဲ့ရာ ယနေ့ည ဖခင်အား ယခင်အတိုင်း ကုလားထိုင်ကြီးပေါ်တွင် မြင်လိုက်ရ၍ ဝေဝေ့မှာ ခြေမကိုင်မိ လက်မကိုင်မိ ဝမ်းသာအားရ ဖြစ်နေတော့သည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဦးဘိုးသိန်းသည် အိမ်ပေါ်သို့ တော်တော်နှင့်မတက်ပေ။ သမီးများ ထမင်းစားပြီး ထွက်လာသည်အထိ ထိုင်နေ၏။ ထားထားရောက်မှ မျက်နှာ ကြည်လန်းနေခြင်းအတွက် 'အသက်ဘူးကြီးရောက်လာမှကိုး'ဟု ဒေါ်သက် က ထားထားကို နောက်ပြောင် ရယ်မော ပြောနေသည်။

ခြောက်သွေ့နေသောအိမ်ကြီးမှာ စိုပြည်လာသည်။ ဘယ်သူ့ မျက်နှာ ကြည့်ကြည့်၊ ခါတိုင်းမျက်နှာမျိုးမဟုတ်၊ ရွှင်ရွှင်ပျပျနှင့် ထူးခြားသည်။ မီးဖိုထဲကမယ်အေးပင် ဧည့်သည်ရောက်နေ၍ အလုပ်ပိုလာသည်ကို ပိုလာ သည် မထင်။ အလှူအိမ်သွား၍ လုပ်ပေးနေရသလို ပျော်နေလေသည်။တကွဲ တပြားစီ အတူတကွ မနေကြရခြင်း ဆင်းရဲဒုက္ခမှာ ပျောက်သွားကာ၊ အတူတကွ နေရခြင်း ချမ်းသာသုခသို့ ရောက်နေကြသည်။

ထိုနေ့ည ခုတင်ပေါ်တွင် တူတူယှဉ်အိပ်နေကြသော ညီအစ်မ နှစ်ယောက်မှာ တော်တော်နှင့် မအိပ်နိုင်ကြဘဲ စကားကောင်းနေကြသည်။ တခစ်ခစ်လည်း ရယ်ကြသည်။ ငြင်းခုံ ဆွေးနွေးခြင်းလည်း လုပ်ကြသည်။ တောင်ရောက် မြောက်ရောက်နှင့် ပြောမဝအောင် ဖြစ်နေကြသည်။ အထူး သဖြင့် မိခင်နှင့် ပတ်သက်၍ ဝေဝေနှင့် ထားထားမှာ အမြင်တစ်မျိုးစီ မြင်ကြကာ အတော် သဘောကွဲလွဲ နေကြ၏။

ဝေဝေသည် ပက်လက်လှန်လိုက်ကာ နဖူးပေါ်တွင် လက်ချင်းယှက် လျက် စဉ်းစားသလို ငြိမ်နေပြီးနောက် 'စိမ်းတာပါ မမရယ်၊ မေမေက စိမ်းကို စိမ်းပါတယ်'ဟု ပြောလိုက်သည်။

'အေးပေ့ါ၊ နင်နဲ့ငါနဲ့က စိမ်းတယ်လို့ ပြောရမှာပေ့ါ။ နင်နဲ့ ငါနဲ့တင် မဟုတ်ဘူး၊ ဖေဖေနဲ့၊ ကိုကိုနဲ့၊ ကြီးတော်ကလည်း မေမေ့ကို စိမ်းတယ်လို့ ပဲပြောကြမှာပဲ။ ဒါပေမဲ့ မေမေ စိမ်းတာမဟုတ်ဘူးဟ၊ မေမေ မေတ္တာတရား မရှိတာ မဟုတ်ဘူးဟ၊ ဥပေက္ခာတရားဆိုတာ အဲဒါမျိုးပဲ ဖြစ်မယ်လို့ ငါ ထင်တယ်'

ဝေဝေသည် ဥပေက္ခာပြုနည်းကို ဆင်ခြင်ကြည့်သည်။ သူ မမီသော

www.burmeseclassi.com



ဥပေက္ခာတရားကို မီအောင် နှလုံးသွင်းဆင်ခြင်ရန် မတတ်နိုင်ပေ၊ မီအောင်လည်း အားထုတ်လို့မရနိုင်ပေ။ သူ မီသော အဆင့်က သူမြင်သမျှ ဝေဖန်ခြင်း ဖြစ်သဖြင့် ဥပေက္ခတရားသည် လက်တွေ့အားဖြင့် တွေးမရအောင် အလှမ်း ဝေးနေသည်။ သူ တွေးမရသည့်ဆုံး မိခင်သည် သူ၏အတွေးထဲမှ လုံးဝ ပျောက်ကွယ်သွားလေသည်။

ဝေဝေသည် အဖြေကို မရှာနိုင်တိုင်း အကြောင်းအရာ တစ်ခုကို ပြောင်းလိုက်သည်။

'မမ အိမ်ထောင်ပြုတာ ကိုယ့်ဒုက္ခ ကိုယ်ရှာတာဆို ဟုတ်လား'

ထားထားသည် ဝေဝေ့ကို အတော်ကြာသြောင်းအောင် မျက်ထောင့်ကလေး ကပ်ကြည့်လိုက်သည်။ 'အိမ်ထောင်ရေး'အကြောင်း စကားမရှိဘဲ ရောက်သွားပုံကို ဝေဝေအား ခပ်ကြာကြာကြီး စိုက်ကြည့် စဉ်းစားမိသည်။

'အဲဒါကို ငါ နင်နားလည်အောင် ဘယ်လိုလုပ် ပြောရမလဲ၊ အိမ်ထောင်ပြုတာ ကိုယ့်ဒုက္ခ ကိုယ်ရှာတယ် ဆိုတာတော့ အမှန်ပဲ၊ ဒီဒုက္ခကို သိပြီး ဒီဒုက္ခကလွတ်ကင်းအောင် နေနိုင်တယ် ဆိုရင်တော့ ဘာမှ ပြောစရာ မရှိဘူး၊ ဒီဒုက္ခကို ဒုက္ခမှန်းတော့ သိပြီး လွတ်ကင်းအောင် မနေနိုင်ဘူး ဆိုရင်တော့ အိမ်ထောင်ပြုတာရဲ့ အကျိုးအပြစ်တွေကို ပေါ့ပေါ့ကလေး တွေးလို့တော့ မဖြစ်ဘူးဟ၊ လူ့လောကကြီးကို ထိန်းသိမ်းရတဲ့ တာဝန်ကြီး'

ဝေဝေသည် ငြိမ်နေလေသည်။ တွေးနေလေသည်။

ထားထားမှာ ဝေဝေ ငြိမ်နေပုံကို အကဲခတ်လျက် အိမ်ထောင်ရေးဘက်သို့ ဝေဝေ တိမ်းညွတ်နေပြီလောဟု တွေးနေလေသည်။

အရွယ်ရောက်လာသူတိုင်း အိမ်ထောင်၏ နယ်ပယ်အတွင်းသို့ အလိုအလျောက် ရောက်လာတတ်၏။ အိမ်ထောင်ရေးတွင် ချစ်ခြင်းမေတ္တာသည် အကျိုးတဝင် ဖြစ်သည်။ အိမ်ထောင့်သက်တမ်းတစ်လျှောက် အချစ်တည်မြဲရေး အရေးကြီးသလို ဘဝလုံခြုံရေးလည်း အရေးကြီးပေသည်။အိမ်ထောင်ရေးနှင့် ပတ်သက်၍ ထားထားသည် ကြုံခဲ့သမျှ၊ သိခဲ့သမျှ၊ ယခု



BURMESE CLASSIC .com

www.burmeseclassi.com



လည်း ကြုံဆဲတို့ဖြင့် ဝေဝေအား အိမ်ထောင်ရေးနယ်ပယ်ထဲသို့ သွတ်သွင်းကြည့်ရန် အားမရစရာ ခဲယဉ်းသလို တွေ့နေရပေသည်။

(၇)

ဘယ်အချိန်က အိပ်ပျော်သွားကြသည်လည်းမသိ၊ဘယ်အချိန်ရှိနေပြီလည်းမသိ၊ ဘယ်အချိန်က ဝေဝေ ထသွားသည်လည်း မသိ။ ခြင်ထောင်လည်း မချကြ၊ ပြတင်းတံခါးလည်း မပိတ်ကြ၊ မီးလင်းနေသည်။ ထားထားသည် တစ်ရေးနိုး အိပ်မှုန်စုံမွှားဖြင့် ဟိုကြည့် သည်ကြည့် ကြည့်မိလေ၏။

အပြင်ဘက်မှ လရောင်ကို မှုန်တိမှုန်မွှားမြင်ရသည်။ တစ်ဖက်ခန်းက ကြီးတော်သက် ဟောက်သံမှာ မောကြီးပန်းကြီး ရှိုက်နေသလို ထင်ရသည်။ သည်အသံမှတစ်ပါး တစ်အိမ်လုံးတိတ်နေ၏။ ဝေးဝေးမှ ခွေးဟောင်သံကို သဲ့သဲ့ ကြားနေရသည်။ တစ်ကောင်တည်း ဟောင်နေသံလား၊ သို့မဟုတ် တစ်ကောင်ပြီးမှ တစ်ကောင် ဟောင်သံလား ခွဲခြား၍ မရအောင် ပြတ်တောင်းပြတ်တောင်း ကြားနေရ၏။

ထားထားသည် မျက်လုံးကို ပိတ်လိုက်ကာ ပြန်မှိန်းနေသည်။ မှိန်းသော်လည်း အိပ်မပျော်အောင် သတိထားမှိန်းနေသည်။ ဝေဝေ အခန်းထဲသို့ ဝင်လာလျှင် ခုတင်ခြေရင်းက ပြတင်းတံခါးကို ပိတ်ရန် သတိပေးရမည်။ အိပ်ပျော်နေတုန်း မိုးပက်က အဝတ်တွေ စိုရွှဲကုန်မည်။

ထားထားသည် အိပ်ငိုက်ငိုက်နှင့် ဝေဝေ့အလာကို သတိပြုနေစဉ် မလာနိုင်၍ 'နောက်ဖေး ထတာကလည်း ကြာလိုက်တာ' ဟု စိတ်ထဲက ညည်းညူလျက် ကိုယ်တိုင်ထ ပိတ်လိုက်ရန် အိပ်ရာက ထ လိုက်ရသည်။ မထချင်ဘဲနှင့် မနည်းခဲ ထလိုက်ကာ ယိုင်တိယိုင်တိုင်ဖြင့် တံခါးနားသို့ လျှောက်သွားလေသည်။

ထားထား၏ မနိုးတနိုးအဖြစ်ကို ဆွဲလှုပ်လိုက်သလို တစ်ကိုယ်လုံး



BURMESE CLASSIC .com

www.burmeseclassi.com



သွက်သွက်ခါသွားလေသည်။ မျက်လုံးများမှာ အဆမတန် ပြူးကျယ်ကျယ် ကြက်သေကြီး သေနေလေ၏။

တစ်ကိုယ်လုံး သွေးများခဲသွားသလို မလှုပ်မရှားနိုင်အောင် ဖြစ်နေသေးလျက် တံခါးရွက်ကိုင်ထားသော လက်သာလျှင် တဆတ်ဆတ်တုန်နေလေသည်။

ဦးစောဟန်သည် ဝေဝေ၏ လည်ပင်းကို သိုင်းဖက်ထားလေသည်။ သရက်ပင်ကြီးသည် နှစ်ယောက်စလုံးကို လမ်းမက မမြင်နိုင်အောင် လုံလုံကွယ်ပေးထားသည်။ သစ်ပင်လုံးကွယ်ကာ မျက်နှာချင်းဆိုင်ရပ်လျက် လရောင်မှာ သူတို့ပေါ်သို့ ထိုးဖြာမလင်းနိုင်ဘဲ၊ သစ်ကိုင်းသစ်ခက်အကြားက ပြောက်တိပြောက်ကျား တိုးဝင်လျက် မှုန်တိမှုန်မွှားလေး လင်းနေလေ၏။

ဖြုန်းခနဲ ကြည့်လျှင် ခပ်မှောင်မှောင်ထဲ၌ ဘယ်သူဘယ်ဝါမှန်းမသိနိုင်။ မည်းမည်းသဏ္ဍာန်များသာ မြင်ရကာ အားယူ၍ သေသေချာချာ ကြည့်တော့မှ ဦးစောဟန်နှင့် ဝေဝေမှန်း ပုံဖမ်း မြင်ရလာသည်။

ဦးစောဟန်သည် ကုတ်အင်္ကျီအနက်၊ ဘောင်းဘီအရှည် အနက် ဝတ်ထားသည်။ ဝေဝေ့မှာ အိပ်ရာကထ သွားသည့်အဝတ်အစားနှင့်တွေ့ရသည်။

အောက်က ထားထားကို မမြင်ကြပေ။ ထားထားမှာ သူတို့ကိုမြင်၍ သူတို့မှန်း သိသည်နှင့်တစ်ပြိုင်နက် ဆက်လက်ကြည့်လိုစိတ် ကုန်ခန်းကာ ခုတင်နားသို့ ပြေးလာလျက် ခုတင်ပေါ်သို့ ပစ်လှဲလိုက်သည်။

တစ်သက်တွင် သည်လောက်ရင်တုန်တာလည်း မကြုံဖူးပေ။ သည်လောက် မောတာမျိုးလည်း မကြုံဖူးပေ။ မျက်စိကို ကြပ်ကြပ် စုံမှိတ်လျက် ရင်တုန်သက်သာလာလေအောင် မှန်မှန် မျှဉ်းရှူနေရသည်။

နား နား ကပ်ခေါက်သည် ထင်ရသော မနီးမဝေးက သံချောင်းသံဖြင့် တစ်နာရီထိုးသည့် အချိန်ကို သိရသည်။ ထားထားသည် ဘယ်အကြောင်းက စ စဉ်းစားရမှန်းပင် မစွမ်းနိုင်လောက်အောင် ခေါင်းနောက်



BURMESE CLASSIC .com

www.burmeseclassi.com



ခေါင်းကြီးလျက် နေတုန်းပင်။ ဦးစောဟန် သိုင်းဖက်ထားသည်ကို ဝေဝေက မော့နေပုံကလေး မြင်နေတုန်းပင်။ မြင်ကွင်းကို ဖယ်ရှား၍ မရနိုင်သည့် ကြားထဲမှ 'သူတို့တော့ ဖြစ်ကြပြီ' ဟူ၍ အစချီ စဉ်းစားလိုက်သည်။

အစချီ စဉ်းစားရသည်နှင့် ဦးစောဟန် ဘိုစိတ်ပေါက်နေပုံ၊ မြန်မာနှင့် မတူပုံ၊ အနေအထိုင် အဆောင်အယောင်ချင်း တစ်မျိုးစီ တစ်ပုံစီ ကွဲလွဲပုံ စသည်တို့သည် ခေါင်းထဲတွင် သူပြီးသူ အလျှိုလျှို ဝင်ရောက်လာကာ၊ တစ်ပြိုင်နက်တည်းလည်း လုံးဝင်နေကြသဖြင့် ထားထား၏ အာရုံမှာ ဟို အကြောင်းကို ခုန်၊ သည်အကြောင်းကို ကူးနေကာ ဟိုခုန်သည်ခုန် ဟိုတွေး သည်တွေးဖြင့် မနားမနေဖြစ်လျက် အတွေးထဲတွင် ဝေဝေ့အကြောင်းလည်း တစ်ပါတည်း ရောပေါင်းနေသည်။ ဝေဝေမှာ ရိုးရိုး အစိမ်းသက်သက်၊ သည်ဘက်တွင် နားမလည် ပါးမလည်နှင့် အရိုင်း။ စိတ်ပျော့၊ စိတ်အေး စသည်တို့ကို စုံနေအောင် နှစ်ဖက် ယှဉ်ပြိုင်တွေးခြင်းဖြင့် ဦးနှောက်မှာ ပင်ပန်းချင်တိုင်း ပင်ပန်းကာ စိတ်ရော၊ ကိုယ်ရော ရှုပ်ထွေး အိုက်မွန်း နေလေသည်။

ဖြေးညင်းစွာ လျှောက်လာနေသော ဝေဝေ့ခြေသံကို ကြားရသည့် အချိန်တွင် ထားထားမှာ စောစောကလို မဟုတ်တော့ဘဲ ခေါင်းအေးအေး၊ သွေးအေးအေးနှင့် စဉ်းစားနေနိုင်သော အချိန်သို့ ရောက်နေလေသည်။

အတွေးကို ရပ်ကာ ခြေသံကို နားစွင့်နေလိုက်သည်။ အပါးသို့ ရောက်လာမှန်း သိသောအခါကျမှ ဆတ်ခနဲ မျက်လုံးကိုဖွင့်လျက် မျက်နှာ ပျက်ပျက်ဖြင့် အဓိပ္ပာယ်လေးနက်စွာ ကြည့်သော အကြည့်မျိုး ကြည့်လေ သည်။

ထားထားမျက်လုံး ဆတ်ခနဲ ဖွင့်လိုက်၍ ဝေဝေ့မှာ သရဲခြောက်ခံရ သူပမာ ဘယ်လိုမှန်းမသိ အကြီးအကျယ် လန့်သွားလေသည်။ နောက်တွင် ထားထား၏ စူးရှသော အကြည့်၊ ထူးခြားသော မျက်လုံးဒဏ်ကို မခံနိုင် ရှာလေဘဲ အညှို့ခံနေရသလို တစ်ကိုယ်လုံး တဖြည်းဖြည်း သေးငယ်သွား

www.burmeseclassi.com



သယောင် မှတ်ထင်ရကာ၊ ကိုယ့်ကိုယ်ကိုယ် ရှိမှန်းပင် အမှတ်မရှိနိုင်သည့် အထိ သတိလစ်လုလု ဖြစ်နေလေသည်။ ထားထားသည် အိပ်ရာမှထလိုက်ကာ ခြေတွဲလောင်း ချလိုက်လျက် 'ဝေဝေ'ဟု နှုတ်က ခပ်တိုးတိုး ခေါ်လိုက်သည်။

ထားထား အသံဖြင့် ကိုင်လှုပ်လိုက်သလိုပင် အသိဝင်လာပြီး ရှက်ရှက်နှင့် ခေါင်းကို ငုံ့လိုက်ကာ ငိုမဲ့မဲ့ ဖြစ်နေလေသည်။ ထားထားသည် သူ သိတယ်ဟု မပြောရဘဲနှင့် အမူအရာကို ကြည့်ပြီး သိသိချင်း ဝေဝေ သွေးဆုတ်လုမတတ် ရှက်ကြောက် ချောက်ချားသွားပုံကို ကရုဏာစိတ်လည်း ဖြစ်၏။ အချိန်မတော်ကြီး တံခါးဖွင့် ဆင်းပြီး ခိုးကြောင်ခိုးဝှက် သွားအတွေ့ခံပုံကို မကြိုက်သဖြင့် မကြိုက်တာကို အပြစ်လည်းမတင်ရက်။ အပျိုဖြစ်မှ မိမိကဲ့သို့ အမေနှင့် မနေရရှာခဲ့ဘဲ သူ့ကိုယ်သူ ထိန်းသိမ်းလျက် မောင်နှမဖော် မရှိ၊ သူ့တစ်ယောက်တည်းနေကာ အိမ်၏ တာဝန်တွေကို သယ်ပိုးထမ်းရွက်လျက်၊ အိမ်နှင့်အချိန်ကုန်နေသည့် သူ့ဘဝကို လေးစားစွာဖြင့် သူလည်း လူသားပဲ၊ အချစ်ရှိရမှာပဲဟု သည်အတွေးအမြင်နှင့် အကြီးက အငယ်ကို ခွင့်လွှတ်နည်း သနား ခွင့်လွှတ်လိုက်ရသည်။

ထားထားသည် မျက်နှာမကောင်းစွာဖြင့် ဝေဝေ့လက်ကလေးကို လှမ်းကိုင်ကာ 'ညီမရယ် မရှက်ပါနဲ့. . . လာပါကွယ်၊ ထိုင်ပါ'ဟု ပြောပြီး ဆွဲခေါ်လေသည်။

ကြင်နာစွာ သာသာညင်းညင်း ပြောနေသော ထားထား၏အသံဖြင့် ဝေဝေ့မှာ ရင်ထဲ အတန်ငယ် ချမ်းသာရာ၊ သက်သာရာ ရသွားရှာကာ အစ်မဘေးနား ကပ်ထိုင်လျက် အရှက်မပြေသလို ခေါင်းမဖော်ရဲသေးပေ။

'ဦးစောဟန်နဲ့ ချစ်နေတာ ကြာပြီလား'

ဝေဝေသည် ခေါင်းမထောင်ဘဲ ခေါင်းကို ယမ်းပြနေသည်။

'ဒါဖြင့် မကြာကြသေးဘူးပေါ့'

ဝေဝေက ခေါင်းညိတ်ပြီးနောက် မျက်နှာကလေးကို မရဲတရဲ



BURMESE CLASSIC .com

www.burmeseclassi.com



ပင့်လျက် ထားထားအား အချစ်များစွာဖြင့် ကြည့်လိုက်ကာ မျက်လုံးတွင် မျက်ရည်များ ဝဲနေလေသည်။

ထားထားမှာ ဝေဝေ၏ မျက်နှာကလေးကို ကြည့်ကာ ဘာမျှထပ်၍ မမေးနိုင်သလောက် ရင်ထဲ၌ ဆို့နေပေသည်။

'မမရယ်...အစကတော့ ဘာမှမဖြစ်ပါဘူး ရိုးရိုးပဲ၊ မမမလာခင် တစ်နေ့ကမှ သူနဲ့...'

ဝေဝေသည် ရှေ့သို့မဆက်ဘဲနေ၏။ ထားထားမှာ ငြိမ်သက်လျက် ရှိနေကာ ဝေဝေ့ကို ငေးကြည့်နေလေသည်။

ဝေဝေသည် ရှေ့ဆက်မပြောဘဲ နေသော်လည်း၊ ရှေ့ဆက်ပြီးတစ်ချပြီး တစ်ခု မြင်နေဟန် ရှိသည်။

စပါးဂိုဒေါင်တွင် စပါးများ အောက်နေကြောင်း သိရသဖြင့်နောက် ထပ် ဆိုက်လာမည့် စပါးသမ္ဘန်ထဲမှ စပါးများ ဂိုဒေါင်ထဲ၌ တစ်ခန်းတည်း ရောမသွင်းရန် အချိန်မီ ပြေးပြောရမည်။

အချိန်မီ ပြေးပြောမှ ဖြစ်မည်ကြောင့် ကြီးတော်သက်ကို လွှတ်ရန် ကြံစည်သော်လည်း ကြီးတော်သက်မှာ ဘုန်းကြီးကျောင်းက ပြန်မလာနိုင် သဖြင့်၊ ဖခင်နားတွင် မယ်အေးကို အစောင့်ထားခဲ့ကာ ဂိုဒေါင်ဘက်သို့ သုတ်သီးသုတ်ပျာ ထွက်လာခဲ့သည်။

အချိန်မှာ ညနေ သုံးနာရီခန့် ရှိမည်။ ဝေဝေ အိမ်က ထွက်လာ၍ လမ်းကွေ့သို့ ချိုးလျှင် အလုပ်က အိမ်သို့ ပြန်လာသော ဦးစောဟန်နှင့် လမ်းကွေ့တွင် သွားတွေ့ကြလေသည်။

ဦးစောဟန်မှာ လမ်းပေါ်တွင် မမျှော်လင့်ဘဲ ဝေဝေနှင့်ပက်ပင်းသွား တွေ့၍အံ့သြသွားကာ...'ဝေဝေ ဦး ဘာဖြစ်လို့လဲဟင်၊ ဆေးရုံက ဆရာဝန် ဆီ သွားမလို့လား'ဟု ထိတ်ထိတ်ပျာပျာ ရပ်မေးလိုက်သည်။

ဝေဝေက ဂိုဒေါင်တွင် ကိစ္စရှိ၍ ထွက်လာကြောင်း ရှင်းပြောပြမှ 'ဒါဖြင့် လာလေ သွားရအောင်'ဟု ဆိုကာ အိမ်သို့မပြန်ဘဲ ဝေဝေနှင့်အတူ



BURMESE CLASSIC .com

www.burmeseclassi.com



ဂိုဒေါင်ထဲသို့ လိုက်လာသည်။

ဝေဝေ့မှာ လူမြင်သူမြင် ယှဉ်တွဲလျက်သွားရမည်ကို ရှုံ့ရှုံ့ဖြင့် 'နေပါစေ မလိုက်ပါနဲ့၊ ဝေဝေ သွားပါ့မယ်'ဟု ပြောမိသေးသည်။ ဦးစောဟန်မှာ ဘာကြောင့် မလိုက်ခိုင်းသည်ကို ရိပ်မိပုံ မရှိဘဲ လိုက်လာလေသည်။

ဂိုဒေါင်သို့သွားရာ တစ်လမ်းလုံး ဦးစောဟန်သာ စကားပြောလာသည်။ ဝေဝေသည် အတူ ယှဉ်သွားနေရသည်ကို ရှက်ရှက်ဖြင့် သုတ်ချီတင်ကာ လျှောက်လာနေကာ စကားမပြောနိုင်ပေ။

'ဝေဝေ့ကို ကိုယ့်မျက်စိထဲမှာ ကလေးလိုပဲ မြင်တယ်၊ ဝေဝေ လုပ်နေတဲ့ အလုပ်တွေက ဝေဝေနဲ့ လိုက်ကို မလိုက်ဘူး၊ ဝေဝေ့ဘဝကို ကိုယ် သနားတယ် သိလား၊ ဘာမဆို အကူအညီလိုရင် ပြောနော်၊ တတ်နိုင်သမျှ ကူညီမယ်'

ဝေဝေသည် ဂိုဒေါင်ရောက်လာသည်အထိ စကား ပြန်မပြောမိဘဲ လူ မြင်မှာ စိုးသည့်စိတ်ပဲ မွှန်နေလေသည်။

စပါးဂိုဒေါင်ရောက်မှပဲ လူသူပါး၍ စိတ်သက်သာရာ ရသွားမိသည်။ ဂိုဒေါင်စောင့် ကိုညိုတို့ လင်မယားနေသော တဲကလေးထဲသို့ ဝင်သွားကာ အကျိုးအကြောင်း သွားပြောနေခိုက်၊ ဦးစောဟန်မှာ စပါးကျီကို ပတ်ချာလှည့်၍ ကြည့်ရှုနေသည်။

ဝေဝေသည် တဲထဲတွင် ကိုညိုကိုမတွေ့ဘဲ ကိုညို၏မယားမည္တန့်ကိုသာ တွေ့ရသည်။ နေ့လယ်က ကိုညို လာ၍ ရေနံဆီ ကုန်နေကြောင်း ပြောသဖြင့် ငွေထုတ်ပေးလိုက်ရာ၊ ယခုထက်တိုင် ဈေးကမလာသေးသည်ကို တွေ့ရှိရသည်။ ဝေဝေက မည္တန့်အား ညနေ စပါးသဗ္ဗန်ဆိုက်လျှင် အောက်သည့်အခန်းတဲမှ စပါးများကို တစ်ဖက်ခန်းသို့ ပြောင်းလိုက်ပြီးမှ ထည့်ရန် မှာကြားခဲ့ကာ တဲအတွင်းမှ ထွက်လာခဲ့သည်။ အပြင်တွင် ဦးစောဟန်ကို မမြင်၍ ဘယ်များ သွားပါလိမ့်ဟု လိုက်ကြည့်မှ စပါးကျီကြီး၏ မြောက်ဘက်ရှိ ကုက္ကိုပင်ကြီးအောက်၌ ရပ်ကာ မြစ်ဘက်သို့ မျှော်ငေး



BURMESE CLASSIC .com

www.burmeseclassi.com



နေသော ဦးစောဟန်ကို တွေ့ရသည်။

ဝေဝေသည် အနားသို့ ရောက်သွားလေသည်။ ဦးစောဟန်နှင့် မနီးမဝေးတွင် ရပ်ကာ မြစ်ဘက်သို့ မျှော်ကြည့်လိုက်လေသည်။

'သိပ် လေတိုက်တာပဲ'

လေထဲတွင် လွင့်နေသည့် ထဘီစကို ဆွဲလျက် အသားနှင့်ပြန်ကပ်ရင်း ပြောလိုက်မိသည်။ လေမှာ အရမ်းတိုက်နေ၏။ ဦးစောဟန်မှာ လေထဲတွင် တလွင့်လွင့်ရှိသော ဝေဝေ့နဖူးပေါ်က ဆံယဉ်ကလေးတွေကို စိုက်ငေးလျက် 'ဒီက လေကောင်း လေသန့်ရတယ် ဝေဝေ၊ ခဏ နေကြဦးစို့' ဟု ဆို၏။

ခဏ နေကြသည့်အခိုက် ဦးစောဟန်သည် ရီဝေသောမျက်လုံးများဖြင့် ဝေဝေ့ကိုသာ ကြည့်နေလေသည်။ ဝေဝေသည် မမြင်သဟန်ပြုလျက် မြစ်ရေပြင်ကို ငေးနေသည်။ ရပ်နေကြသည့် နေရာသည် တိတ်ဆိတ်၍ နေသည်။ ဘယ်သူမျှ စကားမပြောကြ။ ဦးစောဟန်မှာ ဝေဝေ့ကို တစိမ့်စိမ့် ကြည့်လျက် စိတ်ထဲတွင်ဘယ်လိုဖြစ်နေသည်ကို အပြင်သို့မရောက်အောင် မျိုသိပ်ထားရလေသည်။

'ပြန်မယ်နော်'ဟု ဝေဝေကဆိုရာ ဦးစောဟန်သည် ခေါင်းကိုညိတ်လျက် မျိုသိပ်ရ၍ အခြေအနေပျက်နေသည့် မျက်နှာဖြင့် ဝေဝေနှင့်အတူ ယှဉ်၍ လျှောက်လိုက်လာလေသည်။

လာလမ်းအတိုင်း မပြန်ကြပေ။ လမ်းတို ဖြတ်လမ်းလိုက်ကာ စပါးကျီ တောင်ဘက်က ကွေ့ပြန်ကြသည်။ ခဏလေးနှင့် လမ်းမပေါ်သို့ ရောက်နိုင်သော်လည်း ရှေ့တွင် မြောင်းက ခြားနေသည်။

ဦးစောဟန်သည် မြောင်းကို ခုန်ကူးလိုက်ကာ လက်ကိုကမ်းပေးနေလေသည်။ ဦးစောဟန်၏လက်ကို လှမ်းဆွဲကူးရန် ဝေဝေ့အဖို့ အင်မတန်ခဲယဉ်းသောအဖြစ်သို့ ရောက်နေလေသည်။ မျက်နှာတွင် ရှက်သွေးရောင်ဖျန်းလျက် နီမြန်းလာလေသည်။ ဦးစောဟန်အား မကြည့်ရဲအောင် ဖြစ်နေ

www.burmeseclassi.com



သော အမူအရာကလေးသည် ဦးစောဟန်အား မျိုသိပ်၍ မရနိုင်အောင် ဖြစ်လာစဉ်၊ ဝေဝေက သူ့ဟာသူ ခုန်ကူးလိုက်၍ လက်ကို တအားဖမ်းယူဆွဲခေါ်လိုက်သည်။

ဦးစောဟန်မှာ ဝေဝေ၏ လက်ကလေးကို တော်တော်နှင့် မလွှတ်တော့ပေ။ ဆုပ်၍သာပင် ထားကာ မျက်နှာကို ခပ်ညှုညှု ကြည့်နေ၏။

ဝေဝေသည် တစ်ကိုယ်လုံး ဆတ်ဆတ်သာ တုန်နေလျက်။ လက်ချင်း လက်ချင်း ဆုပ်ထားခြင်းကို သူ့တစ်ကိုယ်လုံး ဆုပ်ထားသကဲ့သို့ မလှုပ်နိုင်ကာ လက်ကို ပြန်မရုပ်နိုင်ဘဲ ရှိသည်။

'ဝေဝေ ချစ်တယ်နော်'

ထိုစဉ်က ရင်ထဲ၌ မောတောကြီးဖြစ်ခဲ့သလို ယခုလည်း ပြန်တွေးမိ၍ ရင်ထဲ၌ မောလာသည်။

ထားထားမှာ ဝေဝေ့ကိုမမေးပါဘူးဟု စိတ်ချုပ်လျက် မနေနိုင်သဖြင့် 'ဒီလိုပဲ ညတိုင်း ဆင်းတွေ့ကြသလား'ဟု မေးလိုက်မိသည်။

'ညတိုင်း မဟုတ်ပါဘူး၊ ဒီညပဲ တွေ့တာ။ ည စောင့်နေမယ်၊ ဆင်းလာပါဆိုလို့ ညနေက အတင်းပဲ ပြောလိုက်တာနဲ့'

နောက်ထပ် ဘာမှ မမေးချင်ဘဲ၊ ဆက်လက်၍လည်း မကြားလိုဘဲ ဝေဝေ့အနားမှ ထလိုက်သည်။ ထားထား ထသွား၍ 'ဝေဝေ့ကို သူနဲ့ သဘောမတူဘူးလား...မမ...'ဟု ဝေဝေက စိုးရိမ်ပူပန်စွာ မေးလိုက်လေသည်။

ထားထားသည် သွားမည့်ဟန်ကို ရုပ်ကာ ကိုယ်ကို စောင်းလှည့်လျက် 'နင် နှစ်သက်ရင် ပြီးတာပါပဲ၊ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ ဝေဝေ'ဟု ဆိုပြီး ပြတင်းတံခါး သွားပိတ်သည်။

ဝေဝေထက် အသက်နှစ်ဆယ်လောက်ကြီးနေသော ဦးစောဟန်ကို အသက်ဆယ့်ခုနစ်နှစ်အရွယ် ဝေဝေနှင့် သဘောတူဖို့ရာ အသက်ခြင်းကွာခြားလွန်းသည်။ အရွယ်ချင်းမလိုက်လွန်းသည်။ သူတို့ချင်းကြိုက်၍ သဘော



BURMESE CLASSIC .com

www.burmeseclassi.com



တူရရင်တူရမည်သာ။ လူကြီးကြိုက်ရွေးပေးရက ဦးစောဟန်ကို အသက်ကြီးတာနှင့် ပယ်လိုက်မှာ အမှန်ဖြစ်သည်။

ထားထားသည် အိပ်ရာထဲတွင် ဝေဝေ၏ရှေ့ရေးကို အပူတပြင်း စဉ်းစားနေလေသည်။

ဝေဝေ့ အလိုလိုက်၍ မိမိက သဘောတူသည်ထား၊ ဖခင်နှင့်အစ်ကိုတို့ သဘောတူပါ့မလားဟု တွေးမိပြန်သည်။ အထူးသဖြင့် ကိုနေဦးမှာ မျက်နှာဖြူ ခနရှင်များကို ဆန့်ကျင်ကာ မျိုးချစ်စိတ် ကိန်းအောင်းသူဖြစ်၍ သဘောတူမှာမဟုတ်မှန်း အတပ်သိသည်။ မိန်းမတစ်ယောက် မှီခိုအားထားလောက်ဖို့ ယောကျ်ားဌရှိရမည့် ပညာအရည်အချင်း၊ ဂုဏ်ဒြပ်၊ အဆင့်အတန်းကို ကြည့်ရင် ဦးစောဟန်မှာ စိတ်ကြိုက် မျှော်မှန်းထားတာထက် လွန်ကဲ၍ပင် နေသေး၏။

မြို့အုပ်၊ ဝန်ထောက်၊ ဘုရားထူးခံ ရာထူးခံနှင့် လူမျိုးက ပေါချင်ပေါမည်။ ဘိုစိတ်ဝင်၍ သခင်အခေါ် ခံပြီး မြန်မာ့အမူအရာ လုံးလုံးဖျောက်လျက် မျက်နှာဖြူစနစ်အတိုင်း နေထိုင်သူမျိုးကား တွေ့ရခဲဘိခြင်း။

ထားထားသည် ဝေဝေ့နေရာတွင်ဝင်၍ ဦးစောဟန်၏ ဂုဏ်ဒြပ်နှင့် အဆောင်အယောင်များကို စုံမက်ကြည့်သည်။ လှပခမ်းနား ထင်ဝါသည့် အဆောင်အယောင်တွေကို နှစ်သက်စုံမက်စေကာမူလည်း မြန်မာစစ်စစ်က အင်္ဂလိပ် စနစ်အတိုင်း ထပ်ကြပ် လိုက်တုနေခြင်းကို အသေအလဲ မုန်း၏။

ထားထားမှာ ပြဿနာအရပ်ရပ်ကို အပူတပြင်း စဉ်းစားရင်း ဖြစ်ပါ့မလားဟု စိုးရိမ်မိသည်။

ပယင်းရောင် တောက်လှဲ့သည့် အရက်ဖန်ခွက်ကို ဝေဝေ့မျက်စိထဲ များ ဘယ်လိုမြင်မလဲဟု တွေးတွေးရင်း ကျောချမ်းလာမိသည်။

ဝေဝေသည် ထားထားကို ကျောခိုင်းအိပ်နေကာ တစ်ဖက်တွင် မျက်ရည်တွေတွေ ကျနေလေသည်။

သူ့ဘဝကို သူ စဉ်းစားမိသည်။ သူသည် သည်အိမ်ကြီးကို ကြည့်



BURMESE CLASSIC .com

www.burmeseclassi.com



ထိန်းရမည်။ သည်အဖေကို စောင့်ရှောက်ရမည်။ သည်အိမ်ကြီးနှင့် အဖေ့အရေးက လွဲ၍ သည့်ပြင် တခြားအရေး သူ့မှာ မရှိရ။ သူ့ဘဝနှင့် ရည်းစားထားဖို့ မသင့်။ တစ်ပါးသူကို ချစ်ခြင်းသည် အဖေနှင့် အိမ်ကို သစ္စာဖောက်ခြင်းနှင့်အတူတူကဲ့သို့ တွက်ကာ ရင်ထဲ ပုံ့တင်ခတ်နေလေသည်။ အိမ်ထဲ အဖေ့နား၌ နေသော ဝေဝေသည် အိမ်အပြင်ထွက်ကာချစ်သူနားသို့ ရောက်နေလေသည်။

ချစ်သူဘက်သို့ ရွေ့ရှားသွားသော ဝေဝေ့ကို အဖေ့ဘက်သို့ ဆွဲရွှေ့ပို့သည်။ အဖေ့ဘက်သို့ ဝေဝေပြန်ရောက်နေပြီး ချစ်သူဘက်၌လည်း ဝေဝေ မပျောက်ဘဲ ရှိနေသဖြင့် သည်အဖြစ်မျိုး မဖြစ်ဖူး၊ မကြုံဖူးသော ဝေဝေသည် တစ်ဖက်ဖက်တွင် ပျောက်သွားအောင် အားထုတ်ဖျောက်ကြည့်ရာတွင် ဘယ်ဘက်ကမှ ပျောက်အောင်ဖျောက်မရနိုင်ဘဲ ပူလောင်ပင်ပန်းလျက် ရင်ထဲတွင် တနုံ့နုံ့ ဖြစ်နေလေသည်။

ထားထားသည် ဖြုန်းခနဲ အိပ်ရာမှထကာ မီးဖွင့်လိုက်သည်။ ဝေဝေသည် မျက်ရည်စကို သုတ်ကာ မျက်စိကို အသာမှေးလျက် ငြိမ်နေ၏။

မီးရောင်ထဲတွင် ထားထား၏ နီမြန်းနေသော မျက်နှာကို တွေ့ရသည်။ လေးလံထိုင်းမှိုင်းစွာဖြင့် စားပွဲခုံနားသို့ လျှောက်သွားကာ ခုံပေါ်၌ တင်ထားသည့် ရေဖန်ခွက်ကို ယူမော့သောက်နေသည်။ ရေသောက်ပြီး အိပ်ရာဆီသို့ ပြန်မလာဘဲ ခုံနားတွင် အကြာကြီး ရပ်နေလေသည်။

အကြာကြီး ရပ်နေပုံကိုကြည့်နေရာမှအိပ်ရာထဲပြန်လာအိပ်အောင် 'မမ မအိပ်သေးဘူးလား'ဟု လှမ်းပြောလိုက်သည်။

ထားထားမှာ ဆတ်ခနဲ ကျောကုန်းလှုပ်သွားကာ၊ ဝေဝေ့ဘက်သို့ မလှည့်ဘဲ 'ရေငတ်လို့ ရေထသောက်တာ၊ နင် မအိပ်သေးဘူးလား' ဟု မေးလိုက်သည်။

ဝေဝေသည် အိပ်ရာက ထ လာကာ၊ ထားထားမျက်နှာကို စုံစမ်းသလို ကြည့်လျက် 'မမ ဘာဖြစ်လို့လဲ'ဟု မေးနေလေသည်။ ဘာဖြစ်လို့လဲ

www.burmeseclassi.com



လာမေးသော ဝေဝေ၏ ငိုထားသော မျက်နှာကလေးကို စိုက်ကြည့်လိုက်သည်။

'ဘာမှ မဖြစ်ပါဘူးဟယ်၊ မအိပ်ချင်တာနဲ့ နင်တို့ လက်ထပ်ဖို့ ကိစ္စတွေ လျှောက်စဉ်းစားနေတာ'

'လက်ထပ်ဖို့. . .'

ဝေဝေသည် မျက်လုံးကလေးပြူးလျက် ပါးစပ် ဟနေသည်။

'ဝေဝေ. . . နင့်ကို ဦးစောဟန်က ဘယ်တော့ လက်ထပ်မယ်လို့ ပြောသလဲ'

ဝေဝေသည် ကြောက်ကြောက်လန့်လန့်ဖြင့် ခေါင်းကိုယမ်းကာ 'မပြောပါဘူး'ဟု ဖြေရှင်းနေလေသည်။

ဂိုဒေါင်တွင်ဦးစောဟန်နှင့်တွေ့ကြပြီးသည့်နောက်တစ်ယောက်နှင့်တစ်ယောက် အချစ်ကိစ္စသာ ပြောနေကြသည်။ လက်ထပ်ဖို့ ကိစ္စကို ထားထား ပြောလိုက်မှသာ ကြားရသည်။ ထားထားမပြောခင် စိတ်ကူးထဲတွင် မရှိသဖြင့် လက်ထပ်စကားမှာဝေဝေ့အဖို့အချစ်နှင့်ဆွေမျိုးစပ်မကြည့်သေးဘဲ စိမ်းနေပေသည်။

'နင်ကကော. . ဘယ်တော့ လက်ထပ်မယ်လို့အောက်မေ့သလဲ'

'မအောက်မေ့ဘူး၊ စဉ်းလည်း မစဉ်းစားဘူး၊ လက်လည်းမထပ်ချင်ပါဘူး'

'ဟင်. . . လက်မထပ်လို့ ဖြစ်မလား၊ ဘယ်လိုပြောတာလဲ'

ထားထားသည် မျက်မှောင်ကုတ်၍ ကြည့်နေသည်။ ဝေဝေမှာ များစွာ စိတ်အိုက်သွားကာ ဘာကြောင့် လက်မထပ်ချင်သည်ကို ဘယ်လို ပြောရမှန်း မပြောတတ်သလောက် ခွ ကျနေ၏။

'ဒီအခြေ မရောက်သေးဘူးပေါ့လေ၊ ခုနေဆိုတော့လည်း ဒါကို ဘယ် စဉ်းစားလိမ့်ဦးမလဲ။ ဒါပေမဲ့ ငါ့သဘောကတော့ ရက်ရှည်လများ ဆွဲမနေစေချင်ဘူး၊ ဖြစ်နိုင်ကြမယ်ဆိုရင် ငါ မပြန်ခင် ဖေဖေ့ကို ဖွင့်ပြောပြီး နှစ်ဖက် စေ့စပ်ထားလိုက်ရင် ကောင်းမယ်'



BURMESE CLASSIC .com

www.burmeseclassi.com



ဝေဝေမှာ ခေါင်းထဲတွင် နောက်သွားကာ လက်ထပ်ရမှာကိုမကြားဝံ့သကဲ့သို့ တုန်တုန်ချည့်ချည့်ဖြင့် 'ဝေဝေ လက်မထပ်ပဲနေဦးမယ်၊ လက်ထပ်လို့ မဖြစ်သေးဘူး'ဟု အတင်း ငြင်းဆန်နေလေသည်။

'ဘာမဖြစ်တာတုံး၊ တစ်ယောက်နဲ့တစ်ယောက် လက်မထပ်ဘဲ ဒီလိုပဲ နေလို့ကော ဖြစ်မလား'

'ဖေဖေကကော. . .'

ဝေဝေ့နှုတ်က ယောင်အော်မိသည်။

'ဖေဖေက ဘာဖြစ်သလဲ၊ နင် လက်ထပ်သွားရင် ဖေဖေတစ်ယောက်တည်း ဖြစ်နေမှာကြောင့်လား၊ ဖြစ်ရမှာပဲဟ။ ဖေဖေ တစ်ယောက်တည်း ဖြစ်မှာမို့ နင့်ကို လက်ထပ်ပေးဖို့ မဟုတ်ဘူး၊ ဖေဖေ တစ်ယောက်တည်း ရယ်လို့ နင်က လက်မထပ်ဘဲ နေရမှာ မဟုတ်ဘူး။ နင်တို့ လက်ထပ်ရင် ဖေဖေ့အတွက် အဆင်ပြေအောင် စီစဉ်ကြဖို့ပဲ ရှိတယ်'

ဝေဝေသည် ကြာလေကြာလေ အတွေးရ ကျပ်လေပါပင်။ ဦးစောဟန်နှင့် လက်ထပ်ခဲ့ရင် မိမိမှာ ဖခင်နှင့် မုချ ခွဲနေရမည်။ ဖခင်နှင့်လည်း ခွဲနေ၍ မဖြစ်။ စီးပွားရေးလုပ်ငန်းများကလည်း တမှောင့်။ ခေါင်းပူလာအောင် စဉ်းစားပြီးနောက် ဖခင်နှင့် မခွဲရအောင် လက်ထပ်ရေး ကိစ္စကို ဆိုင်းနိုင်သမျှ ဆိုင်းမည်ဟု မအိပ်ခင် သန္နိဋ္ဌာန် ချနေလေသည်။

(၈)

ထိုနေ့ညနေမှာ နေပွင့်၏။

မြစ်ပြင်တွင် လေအလိုက် လေကြော၌ ရွက်လွှင့်လျက် အရှိန်ဖြင့် စီးမျောနေသော သမ္ဗန်တစ်စင်းသာ တွေ့ရလျက် မြစ်ထဲတွင်ရှင်းနေသည်။

ကိုနေဦးသည် လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ကာ မြစ်ဘက်သို့ လည်ဆန်မျှော်ပြီး 'လေးနာရီထိုးပြီ၊ လာပါဦးမလား'ဟု အနားက စာကြည့်တိုက် အတွင်းရေးမှူးရှေ့နေ ကိုခန့်ကို လှည့်ပြောလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



ကိုခန့်က 'လာမှာပါ'ဟုဆိုကာ ညောင်းညောင်းနှင့် ဆောင့်ကြောင့် ထိုင်ချလိုက်သည်။

ကမ်းပေါ်၌ လူတွေ ခဲနေသည်။ တရုတ်လက်ဖက်ရည်ဆိုင်ရှေ့ ခွေးခြေပေါ်၌ ထိုင်နေသော ကိုအောင်စိန်မှာ ချွေးပြန်လျှင် မျက်နှာတွင် အဆီထွက်ကာ မျက်နှာချေများ ကွက်နေသည်။ ငွေချည်ဖိတ်လက်သော တောင်ရှည်ပုဆိုးစကို နောက်သို့ ဟန်ပါပါဆွဲပတ်လျက် ခြေဖျားထောက်ကာ မြစ်ထဲသို့ မျှော်ကြည့်နေသည်။ သူ့အနား၌ ပြုံနေသော ကလေးများမှာ 'ဦးလေး က ပါတော့ဗျို့'ဟု ပွဲတောင်းနေကြသည်။

ကိုအောင်စိန်မှာ မင်းသားအဝတ်အစား ငှားဝတ်လာခဲ့သည်။ ပဒုမ္မာ ထိုင်မသိမ်းအကျႌမှာ ထိုင်လိုက်ထလိုက်သဖြင့် ကြေတွန့်နေသည်။ ခေါင်း၌ မင်းသားရှုံးအောင် ပေါင်းလာသော ခေါင်းပေါင်းကို လက်နှင့်ပြင်ရပြန်ရင်း 'စောင့်ကြဦးဟေ့. . . စောင့်ကြဦး'ဟု လှမ်းအော်လိုက်သည်။

ကိုခန့်သည် ကိုအောင်စိန် အော်သံကြား၍ ပြုံးလိုက်ကာ 'အောင်စိန် တစ်ယောက်တော့ မျောက်ပွဲ ဖြစ်နေပြီ'ဟု ပြောပြီး ရယ်နေလေသည်။

'မင်းတို့ စာကြည့်တိုက်အတွက် နဂါးနီက စာအုပ်တွေ ရောက်လာ တယ်ဆို'

ကိုခန့်ဘေးတွင် ထိုင်နေသော ဆရာချစ်က ကိုနေဦးကို မော့၍ မေးနေသည်။

'ဟုတ်ကဲ့ဆရာ၊ သုံးအုပ် ရောက်လာပါတယ်။ သခင်နု ရေးနေတဲ့ **လူမွဲတို့ရဲ့ ထွက်ရပ်လမ်း၊ ဆိုရှယ်လစ်ဝါဒ**က သခင်စိုး ရေးတာ၊ နောက် သခင်ဗဟိန်းရေးတဲ့ **မနရှင်လောက. . .**'

'ဆိုရှယ်လစ်ဝါဒ စာအုပ်က ဘုံဝါဒ ရေးတာပဲ။ မြေရှင်တွေ၊ လယ်ရှင်တွေ မရှိရဘူးတဲ့၊ ပုဂ္ဂလိကပိုင် မရှိရဘူးလို့ ရေးတာ'ဟု ကိုခန့်က ထင်မြင်ချက် ဝင်ပြောနေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ကိုနေဦးသည် မြစ်ပြင်ကို သဲသဲမဲမဲ ငေးလျက် 'ဝါးခယ်မက နေ့လယ် ထွက်မယ် ဆိုရင်တော့ ရောက်လောက်ပါပြီပါ'ဟု ညည်းတွားနေလေ၏။

ကမ်းပေါ်၌ စုရပ်နေကြသော လူအုပ်ထဲက 'ဟောဟိုမှာဟေ့' ဟု လှမ်းအော်လိုက်ရာ၊ ကိုအောင်စိန်က 'ဗေဒါပင်တွေဗျို့' ဟု ဆိုလိုက်၍ ကမ်းနား၌ လာစောင့်ကြည့်နေသော လူအုပ်ကြီးသည် ဝါးခနဲ ပွဲကျနေကြသည်။

ရန်ကုန် တို့ဗမာအစည်းအရုံးမှ သခင်တွေ ရောက်မည်ဆိုသော သတင်းမှာ မြို့ထဲတွင် ပျံ့နှံ့နေသည်။ ဇာတ်ရုံထဲတွင် ယနေ့ည တရားပွဲ ရှိကြောင်း ကြိုတင် မောင်းခတ်ထားကြသည်။

ကိုနေဦးမှာ မြို့ပေါ်တွင် သခင်အသင်းထောင်ရန် လူငယ်ပိုင်းနှင့် ဆွေးနွေးထားလေသည်။ သခင်အသင်း မထောင်ခင် ရန်ကုန် တို့ဗမာ အစည်းအရုံးမှ သခင်များ တရားဟောလာရန် ဖိတ်မန္တက ပြုလိုသည်။

ရန်ကုန်သို့ သွားစဉ် သခင် ဖြစ်နေသော မိတ်ဆွေ သခင်သိန်းမောင် နှင့် တွေ့ကာ၊ သူက တို့ဗမာအစည်းအရုံးသို့ ခေါ်သွားလေသည်။ တို့ဗမာ အစည်းအရုံးဝင် သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်ညီတို့နှင့် တွေ့ဆုံ ရသည်။

'တောက အမဲတစ်ယောက်တော့ လာပြီဗျို့၊ သူဌေးသားဗျ၊ ကျုပ်တို့ တော့ သူမပြန်ခင် မငတ်ပါဘူး၊ အဝကျွေးမှာပါ'

သခင်သိန်းမောင်က အသံပြာပြာနှင့် မိတ်ဖွဲ့ပေးလေသည်။ အားလုံး အကျွမ်းတဝင် ရက်နှီးလာခဲ့လေသည်။ အမျိုးသားစိတ်ဓာတ်လှုံ့ဆွလျက် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေးကို သူတို့နှင့်အတူ တိုက်ပွဲ ဝင်အောင် ဖိတ်ခေါ်လှုံ့ဆော် ဟောပြောခြင်းဖြင့် ကိုနေဦးမှာ အမျိုးသား စိတ်ဓာတ် ကြီးထွားကာ သခင်အသင်း ဝင်လာခဲ့လေသည်။

သခင်ထိပ်တင်ကိုယ်တော်ကြီးနှင့် သခင်ဗစိန်၊ သခင်ညီ၊ သခင် ထွန်းအုပ်၊ ပြည်သခင်မ မသိန်းတင်တို့ ရောက်လာ တရားဟောကြလိမ့်



BURMESE CLASSIC .com

www.burmeseclassi.com



မည် သတင်းဖြင့် မြို့ပေါ်က လူများမှာ ကမ်းနားဆိပ်သို့ ပြုံဆင်း ကြည့်နေကြသည်။ မင်းဆွေမင်းမျိုး သခင်ထိပ်တင် ကိုယ်တော်ကြီး ပါလာမည့် သတင်းကြားဖြင့် ဖူးလိုမြင်လိုသော တောက လှိမ့်တက်လာသည့် တောသူတောသားအုပ်လည်း ပါလေ၏။

တဖြည်းဖြည်း ကမ်းနားဆိပ်တွင် လူတွေ ပြည့်သိပ်လာလေသည်။ ကိုနေဦးမှာ လူအုပ်ကြီးကိုကြည့်ကာ ပီတိလှိုင်းကြွလျက်၊ စည်စည်ကားကားမျက်နှာပန်းလှလှ ဆီးကြိုရသည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပေသည်။

'လာပြီဟေ့. . .'

မြစ်ကွေ့က ချီးလာသော မော်တော်ဘုတ်ကလေးကို မြင်ကြရလေသည်။ တူ တံစဉ် သုံးရောင်ခြယ်အလံကိုမော်တော်ဦး၌ထိုးစိုက်လာရာ လေထဲတွင် တဖျပ်ဖျပ် လွင့်နေလေသည်။

မင်္ဂလာစည်တော်သံမှာ မော်တော် ကမ်းမကပ်ခင်ပင် ကမ်းပေါ်၌ ခြိမ့်ခြိမ့်ညံအောင် တီးနေလေသည်။

မော်တော်တံတားနားသို့ ရောက်သောအခါ မော်တော်ဦးမှ အသားဖြူဖြူ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ ပင်နီကြမ်းကြီးဝတ်လျက် ခေါင်းပေါင်း ပန်းရောင်ပေါင်းထားသော သခင်ထွန်းအုပ်က လက်မောင်းတန်းလျက် 'သခင်မျိုးဟေ့'ဟု စအော်လိုက်ရာ၊ ကိုနေဦးသည် တံတားထိပ်ကရပ်လျက် လက်ရုံးဆန့်ကာ 'ဒို့ဗမာ'ဟု လူအုပ်နှင့်အတူ သံပြန် ပြန်အော်ဟစ်လိုက်လေသည်။

'သခင်မျိုးဟေ့. . . တို့ဗမာ. . .

အရေးတော်ပုံ အောင်ပါစေ. . .'

ဤအသံကား ကမ်းနားတွင် ဟိန်းလျက် ပဲ့တင် ရိုက်ခတ်သွားလေသည်။

သခင် ထိပ်တင်ကိုယ်တော်ကြီး မပါလာ၍ ဖူးတွေ့ရန် မျှော်လင့်စောင့်စားနေသော တောပရိသတ်မှာ အားလျော့သွားကြလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဇာတ်ရုံထဲသို့ မသွားခင် မြို့ထဲတွင် စည်တော်ရွှမ်းလျက် တစ်ပတ်လှည့်ကြသည်။ လူစီတန်းကြီးရှေ့၌ စည်တော်ရွှမ်းလာသည်။ကိုအောင်စိန်မှာ ကွေးအောင် က လာလေသည်။

သခင်များနှင့် ပါလာသော ပင်နီဝတ် သခင်မကို မြို့က အထူးအဆန်း ဝိုင်းကြည့်ကြသည်။

စီတန်းလှည့်လာသော လူအုပ်ကြီးမှာ ဝေဝေတို့ အိမ်ရှေ့သို့ ရောက်လာလေသည်။

ဝေဝေနှင့် ထားထားမှာ အိပ်ဝ၌ရပ်လျက် စောင့်ကြို ကြည့်နေကြသည်။

အလုပ်က ပြန်လာသော ဦးစောဟန်မှာ လူအုပ်ကြီးနှင့် ရင်ဆိုင်ဆုံသဖြင့် လမ်းဘေးသို့ ရှောင်တိမ်းလျက် ကျော်လွန်အောင် အသာရပ်စောင့်နေလေသည်။

ထားထားသည် ဝေဝေ့ကို လက်တို့လိုက်ကာ 'ဟိုမှာကြည့်စမ်း. . . ' ဟု ပြလိုက်သည်။

ပင်နီအင်္ကျီများ ဝတ်လာကြသော သခင်များနှင့် အင်္ကျီအဖြူလက်ရှည်၊ ဘောင်းဘီအဖြူအရှည် ဝတ်ထားသောဦးစောဟန်ကိုယှဉ်မြင်မိကာ၊ မျက်စိရှေ့၌ မနှိုင်းမယှဉ်နိုင်လောက်အောင် ခြားနားသော အမှတ်တံဆိပ်ကို ကြည့်ရင်း ရင်ထဲ၌ လှုပ်ရှားသွားလေသည်။

ဝါးပပ်ဦးထုပ်ကြီးဆောင်းကာ ပင်နီအင်္ကျီဝတ်လျက် သခင်တွေနှင့်ရောလျှောက်လာသော ကိုနေဦးသည် ဦးစောဟန်အနားသို့ရောက်လျှင် လက်ရုံးဆန့်လျက် ပြုံးရယ်သွားလေသည်။

ဦးစောဟန် မပြုံးချင်ပြုံးချင် ပြုံးရသော အပြုံးဖြင့် ခပ်လျော့လျော့ပြုံးကာ လူအုပ်ကိုရှောင်တိမ်းလျက် ဝေဝေတို့အိမ်ထဲသို့ ကွေ့ဝင်လာခဲ့သည်။

ဝေဝေနှင့် ထားထားမှာ ဆီးပြုံးလိုက်သည်။ အိမ်ဝတွင် ထားထားနေရစ်ခဲ့လျက် ဝေဝေမှာ ဦးစောဟန်နောက်မှ အိမ်ထဲသို့ လိုက်ဝင်သွား

www.burmeseclassi.com



လေသည်။

ဦးစောဟန်မှာ အိမ်ထဲ၌ ဟိုဟိုဒီဒီကြည့်ကာ မျက်စဖြင့် ဒေါ်သက်ရှိ မရှိ မေးလိုက်သည်။

ဝေဝေက ခေါင်းခါလိုက်ကာ အိမ်ပေါ်သို့လက်ညှိုးထိုးလိုက်သည်။

'ဝေဝေ. . . ညကို တွေ့ရအောင်နော်'

ဝေဝေ့အနားသို့ကပ်ကာ လေသံဖြင့် ကမူးရှူးထိုး ပြောလိုက်ရာ၊ ဝေဝေမှာ မျက်နှာပျက်ပျက်ဖြင့် အိမ်ရှေ့သို့ လှမ်းကြည့်လိုက်သည်။

ထားထားသည် လမ်းက လူအုပ်လွန်သည်အထိ ရပ်ကြည့်နေသေးသည် ဖြစ်၍ အိမ်ထဲသို့ ကျောပေးရပ်နေကြသည်။

'မဖြစ်ဘူးထင်တယ်. . . တစ်နေ့ညက တွေ့တာ မမ အိမ်ပေါ်က မြင်သွားတယ်'

'ဟိုက်. . . '

ဦးစောဟန်၏မျက်နှာတစ်ပြင်လုံး ညိုမည်းသွားလေသည်။ နှုတ်ခမ်းကို တင်းတင်းစေ့လျက် စိုက်နေပြီးမှ 'ဘာပြောသေးသလဲ' ဟု တိုးတိုး ဆက်မေးနေသည်။

ဝေဝေ၏ မသာမယာ ဖြစ်နေသောမျက်နှာကလေးကိုစိုက်၍ကြည့်လျက်၊ ဝေဝေထံမှ အဖြေကို မြန်မြန်ကြားလိုနေဟန် စောင့်နေသည်။

ဝေဝေသည် ပင့်သက်ကလေးကို ချလိုက်ကာ ဘာပြန်ပြောရမှန်းမသိ စိတ်အိုက်သည့်ပုံ ခေါင်းစိုက်နေ၏။

ထိုအခိုက် ထားထား အိမ်ထဲသို့ဝင်လာသဖြင့် ကိုယ်ရှိန်သတ်ကြကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြရသည်။

နှစ်ယောက်စလုံးဣန္ဒြေပျက်နေပုံကိုအကဲခတ်မိသောထားထားမှာ မနည်း ဣန္ဒြေဆည်လျက် 'ဦးစောဟန် ကိုကိုတစ်ယောက်တော့ လုံးလုံး သခင် ဖြစ်နေပြီ'ဟု ပြုံးပြောလိုက်သည်။

ဦးစောဟန်သည် ဟန်ဆောင်ပြုံးလျက် 'ဦးကဘာမှမပြောဘူးလား'



BURMESE CLASSIC .com

www.burmeseclassi.com



ဟုမေးပြီး၊ ဝေဝေ့ဘက်သို့ တစ်ဆက်တည်းလှည့်လျက် 'ဝေဝေကော သခင် အသင်းထဲ မပါဘူးလား'ဟု နောက်သလို ပြောင်သလို ပြောနေသည်။

ဝေဝေသည် စိတ်မပါ့တပါပင် ပြုံးလိုက်ကာ ဦးစောဟန်ကို မကြည့်ဘဲ ထားထားကို လှမ်းကြည့်လိုက်သည်။

'ဖေဖေကတော့ သူ့သား ဘာလုပ်လုပ် မပြောပါဘူး၊ ကျောင်းက ထွက်ပြီး ဘယ်လို စိတ်ပြောင်းသွားတယ် မသိပါဘူး၊ နိုင်ငံရေးဘက်ဝါသနာ ပါနေတယ်'

'ထားထားကတော့ ဝါသနာ မပါဘူးလား'

ခနဲ့သလိုလို ပြုံးစနဲ့နဲ့ဖြင့် မေးသော အမေးကို ခပ်တည်တည် ဖြေလိုက်မည် ကြံပြီးမှ ခပ်တည်တည်မဖြေဘဲ ပြန်၍ပြုံးစနဲ့နဲ့ဖြင့်ပင်'ခုတော့ ဝါသနာ မပါသေးဘူး ဆိုပါတော့၊ မောင် ဆရာဝန်အလုပ်က ထွက်မှ ပါဝံ့မှာပါ'ဟု ပြန်ပြောလိုက်သည်။

ဦးစောဟန်သည် အဖြေကို သဘောကျသကဲ့သို့ သွဲ့သွဲ့ ရယ်မောလိုက်သည်။ ထားထားမှာ ဆရာဝန်ကတော် ဖြစ်၍အစိုးရလခစားအလုပ်မှ ပြုတ်သွားနိုင်သည့် အဓိပ္ပာယ်ကောက်ယူကာ ရယ်မောနေခြင်း ဖြစ်သည်။

'ထားထားခင်ပွန်း ကိုသက်နှံကို ကျွန်တော် သိပါတယ်၊ လူချင်း မရင်းနှီးပေမယ့် ကျောင်းတုန်းကအခန်းချင်း ကပ်နေတာ၊ လူအေးပဲ၊ ကျောင်းက သူ့ကို ဘုန်းကြီးလို့ ခေါ်ကြတယ်'

'ဟုတ်ကဲ့၊ ဝေဝေ့ဆီက ဦးစောဟန် ပြောင်းလာတယ် စာရတော့ သူလည်း သိတယ်လို့ ပြောပါတယ်'

ထားထားသည် ပြောပြီး ဝေဝေ့ဘက်သို့ လှည့်ကာ 'လိမ္မော်ရည် တိုက်ကွယ်'ဟု ပြောလေသည်။

ဝေဝေ ထသွား၍ ဝေဝေ၏ နောက်ပိုင်းကိုယ်ဟန်ကို ငေးကြည့်လိုက်ပြီး တည်ငြိမ်သောမျက်နှာဖြင့်နေသော ထားထားကို ခပ်အမ်းအမ်းဖြင့် 'ဒီမှာ တော်တော်ကြာဦးမလား ထားထား' ဟု ပြောလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



'ကလေးတွေ ထားခဲ့ရတာ စိတ်မချတာနဲ့ ပထမတော့ ၁၀ ရက်လောက်ပဲ နေမယ်လို့ အောက်မေ့တယ်။ အခုတော့ ဖေဖေရော၊ ဝေဝေကပါ တားတားနဲ့ မောင့်ဆီကို တစ်လလောက်နေမယ်လို့စာရေးလိုက်ပါတယ်၊ ကြာပါလိမ့်ဦးမယ်'

'မပြန်ခင် ကျွန်တော့်အိမ် လာလည်ပါဦး. . . ကျွန်တော်တော့ ဒီမှာ ဘယ်မှ သွားစရာမရှိဘူး၊ တောသွားရင် သွားပဲ၊ အလုပ်နဲ့ အိမ်ပဲ ကူးနေတာပဲ၊ ဒီအိမ်တော့ မကြာမကြာ ရောက်ပါတယ်'

ထားထားသည် ငြိမ်နားထောင်နေကာ ဦးစောဟန် စကားဆုံးလျှင် 'ဒီမှာ ဘယ်လောက်ကြာအောင် နေရပ့်ါမလဲ'ဟု မေးလိုက်သည်။

'ကျွန်တော် မပြောနိုင်ဘူး၊ ကျွန်တော့်ပဲ ထားမလား၊ ဒီပြင် သူတို့ မျက်နှာဖြူထဲက လွှတ်မလား မပြောနိုင်ဘူး'

ထားထားသည် တွေ၍ နေလေသည်။ အနည်းငယ်တိတ်ဆိတ်နေကြသည်။ ဦးစောဟန်သည် စီးကရက်ကို မီးညှိလျက် ထားထား၏အကဲကို သတိထားနေလေသည်။ ထားထား၏ အမူအရာမှာ စိုးရိမ်ကြောင့်ကြသော အသွင်မျိုး မျက်နှာပေါ်တွင် ဖြတ်သန်းလျက် ရှိနေသည်။ ထားထားမှာ ဝေဝေ့အတွက် စိတ်မချနိုင်အောင် ရှိရသည်။ ငယ်ငယ်ရွယ်ရွယ်ကလေးနှင့် သူများ ဖျက်လိုဖျက်ဆီး ကျော့သွားမှာကို စိတ်ပူရသည်။ ဦးစောဟန်မှာ ဒီအသက် ဒီအရွယ်ဖြင့် မိန်းမ မယူဘဲနေခြင်းမှာ မယူနိုင်သည့်အကြောင်းများ ရှိချင်လည်း ရှိနေမည်။ ဝေဝေနှင့် ခရီးလွန်ပြီးမှ. . . မယူနိုင်ဘူး လုပ်ခဲ့သော်. . . . ။

ထားထားမှာ ပင့်သက်ကလေးကို မျှဉ်းချလိုက်သည်။

'ဖေဖေ သက်သာလာရင် ဝေဝေ့ကို အပြန် အလည်ခေါ်သွားမလို့ စိတ်ကူးပါတယ်၊ ဘယ်မှ သူ သွားရတာ မဟုတ်ဘူး၊ တစ်နှစ်တစ်ခေါက် မေမေ့ဆီ သွားရတာပဲ. . အနိုင်နိုင် သွားရတယ်၊ အလုပ်က သူမရှိလည်း အိမ်မှာ မဖြစ်သလောက် ဖြစ်နေတော့ အလည်အပတ် ခေါ်ဖို့တောင် ခပ်



BURMESE CLASSIC .com

www.burmeseclassi.com



ခက်ခက်'

'မအူပင် ခေါ်သွားမလို့လား'

ဦးစောဟန်မှာ အလန့်တကြား မေးလိုက်ပြီးမှ ပြန်၍ ဣန္ဒြေ ဆည်လိုက်ရသည်။ မိမိတို့ ကိစ္စအတွက် ထားထား သိသည်ဆို၍ စိတ် မအေးရသည့်အထဲ မအူပင် ခေါ်သွားမှာကို စိတ်ပူသွားလေသည်။ မိမိမှာ ဝေဝေ့ထက် အသက်ကြီး၍ သဘောမတူသဖြင့် ခွဲဖို့ရာလားဟု ပူပန်သွားကာ တောင်တွေး မြောက်တွေးနှင့် ရင်ထဲ လေးလာသည်။

နောက်ဖေးမှ ဝေဝေ ထွက်လာသည်။ ဝေဝေ့နောက်မှ မယ်အေးသည် လိမ္မော်ရည် ဖန်ခွက်နှစ်လုံး တင်ထားသော ဗန်းကလေးကိုလက်နှစ်ဖက်ဖြင့် ကိုင်ကာ ခပ်ကုန်းကုန်း လိုက်ခဲ့သည်။ ဝေဝေသည်ဦးစောဟန်ရှေ့တစ်ခွက်၊ ထားထားရှေ့ တစ်ခွက် ချပေးပြီး၊ 'သောက်ပါ'ဟု ပြောလိုက်သည်။

ဦးစောဟန်သည် ဖန်ခွက်ကို ကိုင်ပြီး သောက်တော့မည် လုပ်ပြီးမှ ဖန်ခွက် မကိုင်သေးသော ထားထား ဖန်ခွက်ကို လှမ်းယူပေးပြီး ထားထားအား...

'သောက်ပါ ထားထား'

ထားထားသည် ဖန်ခွက်ကို လှမ်းယူသောက်လေသည်။ ဝေဝေမှာ မျက်လွှာချပြီး စကားမပြောဘဲ ငြိမ်နေသဖြင့် ဦးစောဟန်သည် တစ်ဝက်ကျန်သော ဖန်ခွက်ကို ချထားပြီး...

'ဝေဝေ မအူပင် လိုက်သွားမလို့ဆို' ဟု လှည့်မေးလိုက်သည်။

ဝေဝေသည် အံ့သြစွာ ေးကြည့်လိုက်သည်။ ထားထားနှင့် မအူပင်လိုက်ရန် စကားမစပ်မိဘဲ ထားထား ဘယ်လို ပြောထားလို့ပါလိမ့်ဟု ထားထားဘက်သို့ အံ့သြသော မျက်လုံးကို ရွှေ့ဖယ်ကြည့်လေသည်။

ဦးစောဟန်သည် အခြေပျက်နေသော ဝေဝေ၏အကြည့်ကို စိုက်ကာ ထိတ်လန့်ပူပန်မိသည်။ ညီအစ်မနှစ်ယောက် သွားဖို့ရာ စီစဉ်ပြီးပြီဟုယူဆလိုက်သည်။ ဝေဝေ့ကို ခေါ်မသွားအောင် တားရမည့်နည်းမှာ ဝေဝေနှင့်



BURMESE CLASSIC .com

www.burmeseclassi.com



တွေ့မှ ဖြစ်မည်ဟု စဉ်းစား စိုက်ကြည့်နေ၏။

ထားထားမှာ ဦးစောဟန်၏ အကဲကို မပြတ် ခတ်နေသူဖြစ်သည်။ ဝေဝေ့ကို ခေါ်သွားမည် ဆိုလိုက်မှ အခြေပျက်သွားသော ဦးစောဟန်၏ စိတ်သဘောကို တွေးနေလေသည်။

ဝေဝေသည် မျက်တောင်ကလေးချကာ ဆိတ်ဆိတ် ထိုင်နေသည်။ လိုက်မည်လည်း မပြော၊ မလိုက်ဘူးလည်း မပြောဘဲ အတွေးရခက်အောင် မှိုင်တိုင်တိုင် ရှိနေသဖြင့် ဦးစောဟန်မှာ မတင်မကျနှင့် စိတ်အိုက်သွားလေသည်။

'မအူပင်က ခြင်အားကြီးကိုက်တယ်လို့နာမည်ကျော်ပဲ၊ မရောက်ဖူးသေးဘူး'

ဖန်ခွက်ကို လှမ်းယူရင်း ပြောကာ လှုပ်သောက်လိုက်သည်။

ဝေဝေမှာ ဦးစောဟန် ကြွေဆည်လျက် ဖာဖာထေးထေးပြောနေမှန်း တွေးကာ ငုံ့နေရင်း လက်ညှိုးထိပ် လက်သည်းခွံကို လက်မနှင့်အမှတ်မထင် ပွတ်နေလေသည်။

'ခြင်ကိုက်တာတော့ မပြောနဲ့၊ ညနေစောင်းတာနဲ့ အိမ်ကိုခြင်ထောင်ချရတာပဲ၊ ခြင်မဝင်အောင် တံခါးတိုင်း ခြင်ထောင်ဇာ ချထားရတယ်'

မောင်မြသည် ခေါင်းပေါင်းကို ချွတ်ခဲ့ကာ အပေါ်အင်္ကျီနှင့်ပင် အိမ်ဘက်သို့ ကူးလာသည်။ လက်ထဲ၌ သံကြိုးစာ ကိုင်လာကာ သခင့်အား ရိုရိုသေသေ လာကုန်းပေး၏။

ဦးစောဟန်သည် သံကြိုးစာကို ဖွင့်ဖောက်နေစဉ် ဝေဝေသည်စိုက်ကြည့်နေလေသည်။

'ကောင်းပြီ. . . သွားတော့'

မောင်မြ ထွက်သွားမှ သံကြိုးစာအိတ်ကို ဘောင်းဘီအိတ်ထဲသို့ ထိုးသွင်းကာ 'တိုက်ပြန်ဦးမှ၊ အလုပ်က အရေးကြီးလာပြန်တယ်'ဟုဆိုကာ နေရာမှ ထ လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဦးစောဟန်သည် ထားထားကို နှုတ်ဆက်ပြီး၊ ဝေဝေ့ကို စိတ်မချနိုင်သော မျက်လုံးနှင့်ကြည့်လျက် မအူပင် လိုက်သွားမှာ စိတ်မကောင်းပုံအမူအရာပြ ပြန်သွားလေသည်။

ခေါင်းကို ငိုက်စိုက်ဖြင့် ထွက်ခဲ့ကာ လမ်းတွင် တွေးလာလေသည်။ မှိုင်တိုင်တိုင် ဖြစ်နေသော ဝေဝေ့မျက်နှာလေးမှာ ရှေ့မှ ဆီးနေသည်။ ထားထားက ဖျက်များ နေသလားဟု သံသယရှိလျက် စိတ်ထဲ မချင့်မရဲ ဖြစ်လာခဲ့သည်။

အလုပ်တိုက်သို့ မရောက်ခင် ဇာတ်ရုံရှေ့သို့ ရောက်သောအခါ ဇာတ်ရုံထဲမှ 'တို့ဗမာပြည်ကို၊ တိုင်းရင်းသား အကုန်အစင်၊ တို့ပြည်လို့ မှတ်ထင်၊ တို့ဗမာ သခင်'ဟု သံပြိုင်ညီညာ ဟစ်အော်ကြသော အသံများကို နားနှင့်မဆံ့ ကြားရလေသည်။

(၉)

ဦးဘိုးသည် ကျောက်သလင်း မျက်မှန်အောက်မှ မျက်လုံးများကို ပင့်မ၍ ထားထားအား လှမ်းကြည့်လိုက်ကာ၊ လက်က စာအုပ်ကို စားပွဲပေါ်သို့ တင်လိုက်သည်။

နေ့လည်ဘက် အိမ်ပေါ်ထပ် ခေါင်းရင်းခန်းထဲ၌ပက်လက်ကုလားထိုင်နှင့် စာကြည့်နေရာသို့ ထားထား ဝင်လာသည်။

'မောင်နေဦး အိမ်က ဧည့်သည်တွေ ပြန်သွားပြီတဲ့လား'

'ပြန်သွားကြပြီ ဖေဖေ၊ ညနေက ဇာတ်ရုံမှာ တရားဟောပြီး မနက်ကပဲ ပြန်သွားတယ်'

ထားထားမှာ ဖခင်အား စိုက်ကြည့်သည်။ အိမ်ထဲတွင် တစ်လခန့် အောင်းနေသဖြင့် အသားလတ်နေသလို ထင်ရသည်။ ခေါင်းက ခပ်ပါးပါး ခေါင်းတုံးဆံပင် ဆံတိုဆံစများသည် နှုတ်ခမ်းမွေးနှင့် ထပ်တူ ဖြူနေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



မကျန်းမမာဖြစ်၍ မျက်နှာကျသွားသော်လည်း ရုပ်ပျက်ဆင်းပျက် ပိန်ချုံး ကျသွားပုံမျိုး မဟုတ်၊ နားထင်နှင့် ပါးနှစ်ဖက် ချိုင့်ရုံသာပင် ကျသည်ဟု ထင်ရသည်။ ဘယ်အခါပင်ဖြစ်ဖြစ် ဖခင်၏မျက်နှာမှာ အေးအေးဆေးဆေး နှင့် စိတ်ရှည်သောအသွင် ဟပ်နေ၏။

'မေမေ့ဆီကို ပို့ဖို့ သမီး စာတစ်စောင် ရေးထားတယ်၊ မေမေက တော့ စာဖတ်ပြီး စိတ်မှ ကောင်းပါ့မလား မသိဘူး'

'ဘာစာများလဲ. . . သမီးရယ်'

ဦးဘိုးသိန်း မျက်နှာတွင် သီလရှင်နှင့် စပ်ဆိုင်လာလျှင်အမြဲဖြစ်နေ ကျ ဣန္ဒြေတစ်မျိုး ပြောင်းထားလိုက်သည်။

'ဖေဖေနဲ့ တိုင်ပင်ပြီးမှ ထည့်ချင်လို့ သမီး မထည့်သေးပါဘူး၊ အကြောင်းကတော့ ဝေဝေ့အတွက်ပဲ ဖေဖေ'

ထားထားသည် ခေါင်းငုံ့လိုက်ကာ စကားဖြတ်ထားလိုက်သည်။ ဦးဘိုးသိန်းသည် ငြိမ်သွားကာ ထားထား၏ စကားအလာကို တွေးနေရင်း ဆက်ပြောရန် စောင့်ဆိုင်းနေသည်။

'ဝေဝေ့ကို အိမ်ထောင်ရက်သား ချလိုက်ရင် ကောင်းမယ် ထင်ပါ တယ်၊ ဟိုဘက်အိမ်ကဦးစောဟန်ဟာ ဝေဝေ့ကိုအင်မတန်လိုလားပါတယ်၊ သူတို့ချင်းလည်း နှစ်သက်နေကြတယ်။ ဝေဝေကတော့အိမ်ထောင်မပြုချင် သေးဘူး၊ ဖေဖေနဲ့လည်း မခွဲနိုင်ဘူးဆိုပြီး ငြင်းနေတာပဲ။ ဖေဖေ့သဘောက ဘယ်လို ရပါသလဲ'

အတန်ငယ် ငြိမ်နေကြသည်။ ဦးဘိုးသိန်းသည် ပျစ်ခနဲ တံတွေး ငုံ့ထွေးကာ မျက်နှာသာသာယာယာဖြင့် ခပ်အေးအေး ပြန်ပြောသည်။

'သမီးရယ်. . .မိန်းကလေးအရွယ်ရောက်ရင် သီးချိန်တန်သီး ပွင့်ချိန် တန် ပွင့်ဆို မဟုတ်လား၊ ဖေဖေလည်း ဒီသူငယ့်အကဲကိုရောက်စကတည်း က ခတ်ကြည့်တယ်၊ လူကောင်း လူရိုး ပါပဲ။ ဒါပေမဲ့လို သူ နေပုံထိုင်ပုံ နဲ့ ဖေဖေတို့နဲ့ဇာတ်မတူလို့ အိမ်ထောင်ရေးအဆင်မပြေမှုများဖြစ်နေမလား၊



BURMESE CLASSIC .com

www.burmeseclassi.com



ဝေဝေက နှစ်သက်သလား’

‘ဟုတ်ကဲ့ နှစ်သက်ပါတယ်၊ မနက်က သမီး ကိုကို့အိမ်ကိုသွားတော့ ဦးစောဟန်က အလုပ်သွားမလို့ အိမ်ကအထွက် တွေ့ကြတယ်။ကိုကို့အိမ်က အပြန် သူ့အိမ် ဝင်ပါဦးလို့ တောင်းပန်တာနဲ့ ကိုကို့အိမ်က အပြန် သူလည်း အလုပ်က ပြန်လာပြီး စောင့်နေတော့ ဝင်လိုက်ပါတယ်’

ဦးစောဟန်နှင့် နံနက်က တွေ့ခဲ့ပြောခဲ့ရပုံများမှာ ထားထားစိတ်ကူး ထဲ၌ သည်လောက်မြန်မည် မထင်မိပေ။ ဦးစောဟန်မှာ မိမိ စိတ်ပူသကဲ့သို့ မဟုတ်ဘဲ သူက စိတ်ပူနေခြင်းမှာ ရှင်းလာခဲ့သည်။

‘ကျွန်တော် ပြောပါရစေတော့ ထားထား၊ ဝေဝေနဲ့ ကျွန်တော့်ကိစ္စ ထားထားသိတယ်ဆိုလို့ ဖွင့်ပြောပါရစေတော့။ ဝေဝေ့ကို ကျွန်တော် ချစ် တာဟာ ပျော်ရုံ ပါးရုံ ဒီစိတ်မျိုး မဟုတ်ပါဘူး၊ သူ့ကို တွေ့တွေ့ချင်း ကျွန်တော် အင်မတန် နှစ်သက်တယ်။ သူ့အကြောင်းကို သူနဲ့ တွေ့ပြီး သိလာတော့ သူ့ကို သိပ်သနားသွားတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ လူကြီး ကလေးလို တာဝန်ကြီးထမ်းနေရတာ ကျွန်တော်ဖြင့်မကြည့်ရက်နိုင်ပါဘူး။ ကျွန်တော့် မျက်စိထဲမှာတော့ ကလေးလေးပဲ၊ ထားထားတို့ သဘောကျ မယ်ဆိုရင် ကျွန်တော့်ဘက်က အချိန်မရွေး အဆင်သင့် ရှိပါတယ်’

ထားထားသည် ဝန်ထုပ်ကြီး ကျသွားသလို စိတ်အေးသွားရသည်။ ဖခင်အား မေးပါဦးမယ်ဟုဆိုကာ ထ ပြန်လာခဲ့သည်။

ဦးစောဟန်နှင့် ပြောကြဆိုကြသည့် အကြောင်းများ ဖခင်အား ရေလည်အောင် ပြောပြပြီးနောက်၊ ဖခင်ကို အကဲခတ်လျက် တွေကြည့်နေ လေသည်။

‘သူတို့ချင်း နှစ်သက်ကြတယ်ဆိုင်ရင်တော့ ဖေဖေက ကန့်ကွက်ဖို့ မရှိဘူး၊ ငါ့သမီးလေး စိတ်ချမ်းသာဖို့ ဖေဖေ လိုလားပါတယ်။ အေး ခုနက ပြောပကော၊ စရိုက်ချင်း မတူတော့ သူ့အတွက် နောင်ရေး သူ စဉ်းစားဖို့ပဲ၊ အစ်မကကော ဘာပြောသလဲ’



BURMESE CLASSIC .com

www.burmeseclassi.com



'ကြီးတော်က ဝေဝေ နှစ်သက်ရင် ရက်ရှည် ဆွဲမနေနဲ့၊ ပေးစား လိုက်တာ ကောင်းပါတယ်လို့ ပြောပါတယ်။ ကိုကို့တော့ မပြောသေးဘူး ဖေဖေ၊ သူကတော့ သဘောတူမှာ မဟုတ်ဘူး'

ဦးဘိုးသိန်း မျက်လုံးများသည် တစ်နေရာတည်း စူးစိုက်လျက် မျက်တောင်မခတ် ရှိနေသည်။ တွေးတော စဉ်းစားနေသည့်အာရုံဖြင့် ပတ်ဝန်းကျင် တစ်ခုလုံးသည် လွန်ခဲ့သော အတိတ်ကို ပြောင်းနေလျက် ရင်ထဲတွင် လှုပ်ရှားနေလေသည်။

ဒေါ်မြသက်သည် ဘီးဆံထုံးကလေး ပုံ့ပုံ့ကလေးထုံးကာ အင်္ကျီဒိုဘီကျ၊ ငွေလုံချည် အစက်ပြောက် အနက်နှင့် ဦးဘိုးသိန်းအနား၌မခို့တရို ထိုင်နေလေသည်။ ဦးဘိုးသိန်းအား မကြည့်ဘဲ မျက်နှာကို ဝှက်လျက် 'ကလေးချင်း နှစ်သက်နေကြပြီ၊ ပေးစားလိုက်ပါရှင်'ဟု ပြောလေသည်။

ကိုသက်နှံနှင့် ထားထားတို့ စေ့စပ်လက်ထပ်ဖို့အတွက် ဇနီးသည် လာပြောနေပုံကို ပြန်အမှတ်ရနေလေသည်။ ဦးဘိုးသိန်းသည် ထားထားကို ပြုံးကြည့်လိုက်လေသည်။

'ဟုတ်တယ် ဖေဖေရဲ့၊ ဖေဖေသားကတော့ အခုသခင်တွေနဲ့ပေါင်းမှ မျိုးချစ်စိတ် သိပ်ထက်သန်နေတယ်၊ ဦးစောဟန်တော့ သူ ကြည့်လို့မရဘူး၊ ဘိုဆန်လွန်းလို့'

ထားထားသည် ဖခင်၏ အပြုံးမျက်နှာကို ကြည့်လျက် ရယ်ရွှန်း ပတ်ရွှန်း ပြန်ပြောလိုက်သည်။

ဝေဝေသည် ခေါင်းလျှော်ပြီး ဆံပင်များကိုဖြန့်လျက် အင်္ကျီ၊ လုံချည် အသစ်နှင့် နို့ဖန်ခွက်ကိုကိုင်ကာ အခန်းထဲသို့ဝင်လာသည်။ ဦးဘိုးသိန်းမှာ သမီး၏ ရုပ်ဆင်း ချစ်စနိုးကို လှမ်းကြည့်လျက်ဖန်ခွက်ကိုလှမ်းယူလိုက်ကာ၊ 'သမီး ဆံပင်ကို ဖားလျားချ မထားနဲ့၊ အဖျားကလေးက နည်းနည်းခေါက် ထုံးထားလေ'ဟု ပြောလိုက်သည်။

ဝေဝေ၏မိခင် ဒေါ်မြသက်မှာ ခေါင်းလျှော်ပြီးတိုင်း ဆံပင်ကိုအဖျား



BURMESE CLASSIC .com

www.burmeseclassi.com



က ထုံးထားတတ်သည်။ ဖခင်၏ အသံမှာ မူမှန်ဟန် မတူကြေကွဲဝမ်းနည်းသော ခံစားမှုသည် အသံမှာ ဂယက်ရိုက်နေဟန် တူသည်။

ဝေဝေသည် အားရပါးရပြုံးပြီး ကျောက ဆံပင်များကိုစုသိမ်းလျက် ပခုံးရှေ့သို့ ချလိုက်ကာ အဖျားကလေးကို ထုံးနေလေသည်။

ဦးဘိုးသိန်းမှာ ဝေဝေ့ကို စင်းစင်းကြည့်နေလေသည်။ ထားထားမှာ အမှတ်တမဲ့ နေရာမှ ထ လာခဲ့သည်။

ဆံပင်ကို အဖျားထုံးပြီး ကျောဘက်သို့ ပြန်ချလိုက်ကာ ရွှင်ရွှင်ပျပျ မျက်နှာဖြင့် ဖခင် သောက်ပြီးသော နို့ဖန်ခွက်ကို ပြန်ယူထွက်လာသည်။

မယ်အေးမှအပ အားလုံးမျက်စိထဲတွင် ဝေဝေမှာ ယနေ့ညနေခါတိုင်းထက် ပိုလှနေသလို မှတ်ကြသည်။ ဝေဝေ့ကို အရေးတယူစိုက်ကြည့်ကြသည်။ ပြောဟန်ဆိုဟန်ကလေးသည် အသီးသီး မျက်စိထဲ၌ စွဲနေကြသည်။

ရယ်ပုံ ပြုံးပုံ ကလေးသည် အသီးသီး၏ အသည်းထဲ၌ စွဲနေကြသည်။ 'ဝေဝေ'ဟု ခေါ်လိုက်သည်ကအစ ခေါ်လို့ကောင်းသလို၊ ခေါ်လို့ မဝသလို ဖြစ်နေကြသည်။

ညနေစောင်းတွင် ညီအစ်မနှစ်ယောက် မြစ်ဘက်သို့ လမ်းလျှောက်ကြသည်။ ဒေါ်သက်မှာ အိမ်ဝကနေ၍ မျက်စိတစ်ဆုံးမျှော်ကြည့်ကျန်ရစ်ခဲ့သည်။ ထားထားသည် လမ်းတွင် ဦးစောဟန်နှင့် မနက်က ပြောကြဆိုကြပုံများကို ခပ်ဖြည်းဖြည်း ပြောလာလေသည်။ ဝေဝေမှာ ရွှင်ပျလျက်စိတ်လက်ပေါ့ပါးစွာ လျှောက်လိုက်လာလေသည်။

'ငါက တော်တော်စိတ်ပူတာ၊ ပျော်ရုံပါးရုံ ကြံတာများလားလို့ တွေးကြောက်မိတယ်။ သူကတော့ တကယ့်ကို ချစ်တာအမှန်ပဲ၊ အချိန်မရွေး သူ့ဘက်က အဆင်သင့်ပါပဲတဲ့'

ထားထားသည် စကားပြောရပ်ကာ အတွေးနှင့် လျှောက်နေသည်။ သူသည် ကိုသက်နှံနှင့် တွေ့ခဲ့ ချစ်ခဲ့ပုံများကို ပြန်လှန် တွေးတောမိလျက်၊



BURMESE CLASSIC .com

www.burmeseclassi.com



ဝေဝေနှင့် သူနှင့် အချစ်ရေးတွင် နှစ်သက်မြတ်နိုးတာချင်း မတူကြပုံကို စဉ်းစားဆင်ခြင် ကြည့်လာသည်။

ကိုသက်နှံနှင့် လူချင်းမြင်ဖူးစကပုံသဏ္ဌာန်ကိုပြန်လည်ထင်ယောင် မိလိုက်သည်။

မြစ်ကမ်းပါးနားသို့ ကပ်လာသော လှေကလေးမှာ ရေကျနေသဖြင့် တံတားသို့ ကပ်မချည်နိုင်ဘဲ၊ နုန်းများ ထူထပ်နေသော လတာပြင်ကြီးကို ဦးထိုးဆိုက်ရ၏။

လှေပေါ်၌ အသားညိုညို မျက်မှန်တပ်ထားသောလူရည်သန့်သန့် တစ်ဦးနှင့် အင်္ကျီမရှိ ပုဆိုးဟောင်း ခေါင်းပတ်ထားသော လှေသမားသာ ပါသည်။

ထားထားသည် မော်လမြိုင်ကျွန်း တစ်ဖက်ကမ်းရှိ ကိုနေဦး၏ဇနီး သန်းသန်းတို့ ဆန်စက်ဝင်းရှိ ခြေတံရှည် အိမ်ကြီးပေါ်မှ ကမ်းသို့ ဦးထိုး ဆိုက်လိုက်သော လှေကလေးကို ရပ်ကြည့်နေသည်။

မျက်မှန်နှင့် လူသည်လှေဦးတွင်ရပ်ကာနွံနုန်းများကိုမျှော်ကြည့်ရင်း ပုဆိုးကို ဒူးဆစ်လောက် ရောက်အောင်ပြင်ဝတ်ပြီးသားရေအိတ်ကလေးကို ဆွဲလျက် နုန်းထဲသို့ လှမ်းဆင်းလိုက်သည်။

သူ့နောက်၌ လှေသမားသည်နုန်းများကိုကျင်လည်စွာရုန်းလာကာ လက်ထဲမှ သားရေအိတ်ကို လိုက်လုယူလေသည်။

နုန်းနွံထဲတွင် ကျွံနစ်သွားသော ခြေထောက်ကို ခဲယဉ်းစွာ အားယူ နုတ်ရလျက် လတာပေါ်၌ ယိုင်တိယိုင်တိ ဖြစ်နေသူကို ငေးကြည့်နေစဉ် 'ခုပြောင်းလာတဲ့ ဆရာဝန်အသစ်ဟာ သူပေါ့၊ အဘိုးစံဆီ လာတာ' ဟု အနားရောက်လာသော သန်းသန်းက ပြောလိုက်သည်။

နုန်းများကို ပင်ပန်းခဲယဉ်စွာ ရုန်းလျက် တံတားနား ရောက်မှ တံတားကို ဆွဲခိုတက်လာကာ၊ စက်ဝင်းဘေးမှ ဖြတ်၍ ခပ်လှမ်းလှမ်း တဲကလေးနှင့် ဆက်လျက် နွားတင်းကုတ်ထဲသို့ ကုန်းဝင်သွားသည့်အထိ

www.burmeseclassi.com



မျက်ခြည်မပြတ် ငေးကြည့်နေသည်။

ကိုသက်နှံကို စ မြင်ဖူးသော နုန်းထဲကျွံနေသည့် ပုံသဏ္ဍာန်မှာ ထားထား၏ မျက်စိထဲမှ မထွက်တော့ပေ။

'အဘိုးစံကြီး ခြေထောက်ငုတ်စူးပြီး အနာဖြစ်တာ၊ ဟိုဘက်ကမ်း လေးငါးခါပဲ ကူးပြီး ဆေးရုံသွား ဆေးထည့်နေသေးတယ်၊ အခုတော့လုံးလုံး မထနိုင်လို့ မသွားနိုင်တော့ ဆရာဝန်က နေ့တိုင်းလာတာ မလာလို့စိတ်ပူပြီး သည်ဘက်ကမ်း သူ့ဟာသူ ကူးလိုက်လာပြီး လာကုပေးနေတာ။ညနေတိုင်း ကူးလာတယ်၊ သိပ်သဘောကောင်းတဲ့ ဆရာဝန်။ အဘိုးကြီး သနားလို့ အလကား လာကုတာလေ'

ထိုစဉ်က သန်းသန်း ပြောလိုက်သော စကားများမှာ နားထဲမှ တစ်ဆင့် နှလုံးထဲတွင် ပွဲတင်ထပ် သွားခဲ့လေ၏။

လေးစားဖွယ်ရာ ကောင်းသော ကိုသက်နှံ၏ စိတ်နှလုံးကို သည်က စ၍ မြတ်နိုးခဲ့သည်။

သားမွေးကော်ဇောကြီးပေါ်၌ ဖိနပ်စီးနေသူနှင့် ရွှံ့နွံထဲ နစ်နေသူ နှစ်ဦးအား ညီအစ်မနှစ်ယောက် တွေ့ကြပုံ တွေ့ကြနည်း တစ်လမ်းစီဖြစ်ကြ ၍ မြတ်နိုး နှစ်သက်ပုံမှာလည်း တခြားစီ ဖြစ်နေကြလေ၏။

ထားထားသည် ထိုထို့ဤဤ တွေးလျှောက်လာရင်း. . .

'နင့်ကိုတော့ သူချစ်တာ အမှန်ပဲ၊ နင်ကကော သူ့ကို ဘယ်လို ချစ်တာလဲ'ဟု ဖျတ်ခနဲ လှည့်မေးလိုက်သည်။

ဝေဝေသည် ထားထား၏ မေးခွန်းကို ကြောင်၍သွားကာ ဘယ်လို ဖြေရမှန်း မသိ၍ ခြေတုံ့သွားလျက် အဖြေရကြပ်ကာ. .

'ဘယ်လို ဖြေရမှာလဲ. . .'ဟု ပြန်မေးလိုက်သည်။

'မဟုတ်ဘူးလေ၊ နင် သူ့ကို ဘယ်လို သဘောကျတာလဲ၊ ဘယ်လို ချစ်တာလဲ ဆိုတာ ငါ့ ပြောစမ်း'

ထားထားသည် ပြောပြီး ဝေဝေ့ဘက်သို့ လှည့်၍ ပြုံးကြည့်လိုက်



BURMESE CLASSIC .com

www.burmeseclassi.com



သည်။ ဝေဝေသည် လမ်းကို မျက်လုံးစိုက်နေကာ ဖြည်းနှေးစွာစဉ်းစားလာလေသည်။

ထားထားမှာ ဝေဝေ စဉ်းစားနေသည့် အချိန်အထိ စောင့်ဆိုင်း၍ လျှောက်လိုက်လာသည်။ တော်တော်ကလေး လှမ်းမှ ဝေဝေက အသံပျော့ပျော့ဖြင့် အဖြေပေးသည်။

'ဝေဝေကိုလေ...သူ သိပ်ချစ်တယ်၊ သိပ်ချစ်တာကို ပြန်ချစ်တာပါပဲ'

ထားထားသည် ဝေဝေ့ကို လှည့်၍ တွေတွေကလေး ကြည့်လိုက်မိ၏။ ထားထား၏ မျက်လုံးမှာ သနားခြင်း ကရုဏာ မကင်းသည့် အရိပ်အယောင်များ ပေါ်လွင်နေလေသည်။

ဝေဝေ့မှာ အဖြေပေးပြီး မျက်နှာကလေး နီမြန်းအောင် ရှက်သွားလျက်၊ သူ့အဖြေကို သူ ပြန်၍ စစ်ဆေး စဉ်းလာသည်။

'ဖေဖေက ဘာပြောသလဲ...မမ'

ထားထားမှာ ရင်ထဲတွင် မတင်မကျကြီးကို ဆက်မေးချင်လျက်တိုး၍ အဖြေရ ကြပ်သွားမှာကို စိုးသောကြောင့် မမေးတော့ဘဲ ပြောလိုက်သည်။

'ဖေဖေက နင် နှစ်သက်ရင်၊ နင် စိတ်ချမ်းသာရင်မကန့်ကွက်ဘူးတဲ့၊ ဘဘောတူပါတယ်။ စရိုက်ချင်း မတူတာကိုတော့ နင့်ဟာနင် နောင်ရေးစဉ်းစားဖို့ပဲလို့ ပြောတယ်'

စရိုက်ချင်း မတူမှု၊ ဘိုဆန်မှုကို မကောင်းသည့်အခြင်းအရာများဟု မထင်မှတ်ခဲ့သော ဝေဝေ့မှာ ဖခင် စိုးပူခြင်းကို ပေါ့ပေါ့လောက်သာ မှတ်ထင်လိုက်သည်။

'အစ်ကို သိရင် ဘာများပြောမယ် မသိဘူးနော်...မမ'

ထားထားမှာ ဝေဝေပြောင်းမေးလိုက်သော မေးခွန်းကြောင့်စိတ်ကူးကိုဖြတ်လျက် 'မောင်က ဘာမှပြောမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အစ်ကိုသိရင် ဘာများပြောမယ် မသိဘူးဟေ့'ဆိုကာ ဟင့်ခနဲ ရယ်သော အသံကလေး



BURMESE CLASSIC .com

www.burmeseclassi.com



ထွက်သွားလေသည်။

'အစ်ကိုကြီးလား၊ မပြောပါနဲ့ မမရယ်' ဟု ဝေဝေက ရှက်ကိုး ရှက်ကန်းဖြင့် ပိတ်နေလေ၏။

အသိအိမ်တစ်အိမ်က လှမ်း၍ နှုတ်ဆက်သဖြင့် ထားထားမှာ ခဏ ရပ်ကာ နှုတ်ဆက်စကား ပြောလိုက်ပြီး ပြန်လျှောက်လာရင်း၊ ရှက်ကိုး ရှက်ကန်း ဖြစ်သွားသော ဝေဝေ့အား နောက်ပြောလိုက်သည်။

'ညဘက် အိမ်ကို ကူးခဲ့ပါ၊ ဝေဝေနဲ့ စကားပြောနိုင်ပါတယ်... လို့ ထခါနီး ငါက ပြောတော့လေ... မျက်နှာကို ပျားရည်လောင်းထား သလိုပဲ ဖြစ်ကျန်ရစ်တယ်'

ဝေဝေမှာ ညလာမည် ဆို၍ ရင်ထဲ၌ ဖိုလှိုက်သွားသည်။ ဖိုလှိုက် သွားသဖြင့် မောသလိုရှိသော အသိတွင် အသည်းအေးနေသော အဖြစ်ပါ စုရော၍ စိမ့်မြသွားလေသည်။

ကမ်းနားလမ်းမှ ကိုနေဦးတို့ အိမ်ဘက်သို့ ကွေ့လျှောက် သွား ကြသည်။ ကိုနေဦး၏ဇနီး သန်းသန်းသည် ထဘီရင်လျားလျက် တဘက်ခြုံ ကာ သံတိုင်တံခါးကို ပြေးဖွင့်ပေးသည်။

အိမ်ထဲ၌ ကိုနေဦးသည် စွပ်ကျယ်အင်္ကျီဝတ်ကာ ချွေးတလုံးလုံးဖြင့် ထမင်းငုံ့စားနေရာမှ 'သခင်မျိုးဟေ့...ဒို့ဗမာ၊ အရေးတော်ပုံ အောင်ပါစေ' ဟု လက်ရိုးတန်းလျက် ဆီးလှမ်းနောက်လိုက်ပြီး 'စားကြဦး...လာကြ'ဟု ထမင်းစား ခေါ်လိုက်သည်။

သန်းသန်းက ထမင်းစားပွဲဝိုင်းအနား ဖျာခင်းပေးကာ ဝေဝေနှင့် ထားထားတို့ ဝင်ထိုင်ကြသည်။ ထားထားသည် ကိုနေဦးကို ခပ်ငေးငေးပဲ ကြည့်နေ၏။ ကိုနေဦးမှာ ထမင်းပလုပ်ပလောင်းနှင့် သခင်အသင်းထောင် ပြီးကြောင်းကို မြိန်မြိန်ရှက်ရှက်ကြီးပြောရင်း မြိန်မြိန်ရှက်ရှက်ကြီး စားနေ၏။ ထားထားနှင့် စကားပြောရင်း ဖောက်၍ 'ခေါ်မနေနဲ့သန်းသန်းရဲ့၊ဝေဝေက စားပွဲနဲ့ ကုလားထိုင်နဲ့မှ စားတာ'ဟု အတည်ပေါက် နောက်လိုက်ရာ ဝေဝေ



BURMESE CLASSIC .com

www.burmeseclassi.com



သည် ရှက်ရှက်နှင့် ပခုံးကို လှမ်းထုနေသည်။

ထားထားမှာ မျက်နှာ မသိမသာ ပျက်သွားသည်။ မိမိတို့ သိုက်မြုံ အုပ်စုကြီးထဲမှ ဝေဝေ အပြင်ဘက်သို့ ရောက်တော့မည်ဖြစ်သော အသိ အမြင်ဖြင့် ရင်ထဲ လေးသွားလေသည်။

တစ်ချိန်လုံး စကားသာ ကြည့်ပြောနေရသည်။ စိတ်ထဲက မပါလှ။ ကြာကြာမနေချင်ဘဲ အောင့်အည်းနေရကာ နေဝင်ဖျိုးဖျရှိမှ ထပြန်လာ ကြသည်။

နေ၏အလင်းရောင် ရုပ်သိမ်းသွားပြီးနောက် မှောင်မိုက်လာလျှင် လမ်းထဲက မီးရောင်မှာဖျော့မှိန်လျက်အမှောင်နှင့်အလင်းမှာအရိပ်များဖြင့် ယှက်နေကြသည်။

ဝေဝေသည် စားပွဲခုံတွင် ထိုင်ကာ လမ်းသို့ မျှော်ကြည့်နေသည်။ ထားထားနှင့် ဒေါ်သက်မှာ စောစောပင် အိမ်ပေါ် တက်သွားကြသည်။ မယ်အေးမှာ သံတံခါးသော့ကိုင်၍ အပေါက်နား၌ ထိုင်စောင့်နေ၏။

ဦးစောဟန် ပေါက်လာလေသည်။ မယ်အေးက တံခါးဖွင့်ပေးပြီး ပိတ်လိုက်ကာ နောက်ဖေးသို့ ထွက်သွားသည်။

ဝေဝေသည် စာရေးစားပွဲတွင် ခေါင်းငုံ့လျက်နေရာ ဦးစောဟန်မှာ ဖြည်းညင်းစွာ လျှောက်လာလျက်၊ စားပွဲတစ်ဖက်မှ နေ၍ သူ့ခါးကြီးကို ကိုင်းလိုက်ကာ 'ချာတိတ်' ဟု လေသံလေးဖြင့် ခေါင်းချင်း ထိလုနီးနီး ကုန်းခေါ်လိုက်သည်။

ဝေဝေသည် ခေါင်းကို တဖြည်းဖြည်းမော့လျက် မျက်နှာပေါ်၌ မိုးထားသော ဦးစောဟန်၏ မျက်နှာကို ရီဝေသော မျက်နှာဖြင့် ပြုံးကြည့် လိုက်လေသည်။ မျက်ရည်များသည် မျက်လုံး၌ ဝဲနေကြသည်။

ဦးစောဟန်သည် ဝေဝေ၏ မျက်လုံးထဲမှ မျက်ရည်များကို မြင် လိုက်ပုံ မရ။ စားပွဲခုံပေါ်၌ တင်ပလ္လင် တက်ထိုင်လိုက်သည်။ ခေါင်းလိမ်း ဆီနံ့၊ ဆပ်ပြာမွှေး အနံ့များ ထောင်းခနဲ မွှေးသွားလေသည်။ စားပွဲပေါ်၌



BURMESE CLASSIC .com

www.burmeseclassi.com



တင်ထားသော ဝေဝေ၏ လက်ကို ဆုပ်ဖျစ်လျက် 'ဦးက ဘာပြောသလဲ ဝေဝေ'ဟု ငုံ့မေးလိုက်သည်။

'ဦးကို မေးပါဦးမယ်လို့ ထားထားက ပြောသွားတယ်၊ ကိုယ်တို့ မြန်မြန် ကိစ္စပြီးလိုက်ကြစို့နော် ဟုတ်လား'

ဝေဝေသည် မလှုပ်ပေ။ ဦးစောဟန်မှာ အားမလို အားမရ ဖြစ်လာသည်။ အဖြေမပေးဘဲ ငြိမ်နေခြင်းသည် အတွေးရ ကျပ်စရာ။ ငယ်ငယ် ရွယ်ရွယ်မို့ အိမ်ထောင်ပြုဖို့များ ဝန်လေးနေသလော၊ လက်ထပ်ရန်စိတ်မပါခြင်းသည် နှစ်နှစ်ကာကာ ချစ်သော အချစ်မှ ဟုတ်ပါလေစ။

ဦးစောဟန်သည် တွေဝေနေသော ဝေဝေ၏ အမူအရာကိုအကဲခတ်ကြည့်လျက် သို့လော သို့လော တွေးလိုက်မိ၏။

ဝေဝေမှာ အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ပါပြီဟု တွေးလိုက်ကာ အဖြေပေးရန် အခက်ကြုံနေလေသည်။ ဦးစောဟန်နှင့် ချက်ချင်း လက်ထပ်ဖို့အတွေးမှာ ကိုယ့်စိတ်ကို တိုက်တွန်း၍ မရနိုင်သလောက်ခဲယဉ်းနေပေသည်။လက်ထပ်ဖို့အာရုံပြုကြည့်သည်နှင့်ထိုအာရုံနောက်သို့ဝေဝေ၏ ဝိညာဉ်သာလျှင် အပ်နှင်းနိုင်လေကာ၊ ဝိညာဉ်နှင့် အတူတူ ဝေဝေ့ကိုယ်ကို တစ်ပါတည်း အပ်နှင်း၍ မရနိုင်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် ခဲယဉ်းခြင်းမျိုး တွေ့ကြုံနေသည်။

ဝေဝေသည် စိတ်သွားတိုင်း ကိုယ်ပါနိုင်အောင် ကြိုးစားသည့်တိုင် ဤအိမ်ကြီးမှ ရုန်းထွက်ဖို့ရန် မခွဲထွက်နိုင်သော အဖြစ်မျိုး ရောက်နေ၏။

ဦးစောဟန် မလာခင် မကြာသေးခင်က ဦးစောဟန်နှင့် လက်ထပ်လိုက်ကာ ဦးစောဟန်နောက်သို့ အတင်း လိုက်သွားကြည့်၏။

ဝေဝေသည် ငြိမ်နေလေသည်။ လက်ကို လာကိုင်ဆုပ်ထားသော ဦးစောဟန်၏ လက်ကို စိုက်ကြည့်လျက် နေသည်။

ခွဲခွာခဲ့သော အိမ်ကြီးနှင့်၊ ဖခင်နှင့် ကြီးတော်တို့ ကျန်ရစ်ခဲ့ပုံသည် မျက်စိထဲ ပေါ်လာသည်။ ကြိမ်ပက်လက် ကုလားထိုင်ကြီးပေါ်၌ ဖခင်က



BURMESE CLASSIC .com

www.burmeseclassi.com



လှဲနေလျက်၊ ကုလားထိုင်တစ်လုံးပေါ်တွင် ကြီးတော်သက်မှာ ငုတ်တုတ်ထိုင်ကာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြဘဲ၊ ခြောက်သွေ့တိတ်ဆိတ်နေသည့် ပုံသဏ္ဍာန်များသည် ဝေဝေ့အား ဖမ်းစားထားသည်။

မိခင် သီလရှင် ဝတ်စက တစ်ချီတစ်ချီ တွေ့ခဲ့ရသော ဖခင်၏ ငိုင်မှိုင်နေတတ်သောမျက်နှာမျိုးအတိုင်းပက်လက်ကုလားထိုင်ကြီးပေါ်တွင် ငိုင်မှိုင်နေသော မျက်နှာသည် အဆိုးရွားဆုံး ရင်ထဲ ချောက်ချားလေသည်။

အိမ်ချင်း အိမ်ချင်း ကပ်နေတာပဲ၊ ခဏ ခဏ ကူးလာနိုင်တာပဲ စသည်ဖြင့် သည်ကြားထဲ လှည့်ပတ်၍လည်း အားပေးကြည့်၏။သို့ရာတွင် မော်လမြိုင်ကျွန်းမှ တစ်နေရာသို့ ပြောင်းကြရလျှင် သူ့နောက်သို့လိုက်သွားရမည့်အသိက ခြောက်လှန့်နေသောကြောင့် အိမ်နှင့်ခွဲရမှာ ကြောက်ရွံ့ကာ မတွေးဝံ့အောင် ရင်တုန်နေသည်။

ဝေဝေသည် အစွမ်းကုန်ကြိုးစားလျက် ပြုံးကာ 'ဖြည်းဖြည်းပေါ့ ကိုရယ်'ဟု ပြောလိုက်သည်။ အလျှင်မလိုသော အဓိပ္ပာယ်မျိုး၊အဓိပ္ပာယ်နှင့် ထပ်တူ အသံမှာ ဆွဲနေလေသည်။

ဦးစောဟန်မှာ မျက်နှာပျက်သွားလေသည်။ မျက်မှောင်ကြုတ်လိုက်ကာ 'ဘယ်လိုပြောတာလဲ ဝေဝေ၊ ကိုယ်နဲ့ လက်မထပ်ချင်ဘူးလား၊ ဖြည်းဖြည်းဆိုတာ ဘာကြောင့်လဲဟင်. . .'ဟု မေးသည်။

အသံတစ်မျိုးဖြစ်နေသော ဦးစောဟန်အား မျက်လုံးချင်းဆိုင်ကြည့်လိုက်သည်။ အသံသာ တစ်မျိုးဖြစ်သည်မဟုတ်၊ မျက်နှာကိုလည်း တစ်မျိုးပြောင်းမြင်ရသည်။ ရင်ထဲအောင့်သွားသောခံစားချက်များကိုအကွင်းလိုက်ဖော်ပြသော မျက်နှာမျိုး ဖြစ်နေသည်။

ဝေဝေ၏ စိတ်မှာ ယိုင်သွားလေသည်။ တစ်ဖက်သို့ လုံးလုံးယိုင်သွားသည်ဟုလည်း မဆိုသာ။ ထောက်မှီရာနှင့် မကျွတ်မလွတ်သော ယိုင်နည်းမျိုး တိမ်းယိုင်သွားလေသည်။

"ဖေဖေသာ တစ်ယောက်တည်း မဟုတ်ဘူးဆိုရင်... ခုချက်ချင်း



BURMESE CLASSIC .com

www.burmeseclassi.com



လက်ထပ်ပါရဲ့’ဟု စိတ်ဖြစ်သွားသည်။ စိတ်ထဲဖြစ်တာကို ဖွင့်ပြောချင်လျက် အပြောရ ခက်နေ၏။

ဖခင်တစ်ယောက်တည်း ဖြစ်နေမည်စိုး၍ ဆိုင်းခိုင်းသည့်ကိစ္စသည် မခိုင်လုံမှန်း တွေးမိသည်။ ဖခင်တစ်သက် လက်မထပ်ဘဲ ဆိုင်းနေကြရမလို အဓိပ္ပာယ် ရှိနေသည်။ ဖခင်တစ်ယောက်တည်း ဖြစ်မနေအောင် မည်သည့်နည်းနှင့်မျှ မိခင်ကလည်း လူထွက်ကာ ဖခင်အနားသို့ ပြန်လာတော့မည် မဟုတ်သည့်အတွက်၊ တစ်ယောက်တည်းကြောင့် ဟူသော အကြောင်းပြ အဖြေပေးရန် ခက်နေခြင်း ဖြစ်သည်။

‘ပြောလေ. . . ချာတိတ်၊ လက်မထပ်ချင်ဘူးလား’

‘သည်လိုလည်း မဟုတ်ပါဘူး’

‘နို့ ဘယ်လို့ကြောင့်လဲ’

ဦးစောဟန်မှာ ဝေဝေ၏ အကဲကိုကြည့်ကာ၊ ဘာကြောင့် ဝန်လေးနေမှန်း တဖြည်းဖြည်း ရိပ်မိလာလေသည်။ ‘ဦး တစ်ယောက်တည်း ဖြစ်နေမှာ မို့လား’ဟု နှုတ်က ထွက်သွားပြီး စိတ်မကောင်း ဖြစ်သွားသည်။

ဝေဝေမှာ ဝန်ခံသည့်အလား ခေါင်းငုံ့သွားလေ၏။

‘ဝေဝေ စဉ်းစားပါဦး၊ ဝေဝေ့အဖို့ ဒီလိုသာ နောက်ဆံတွေ တင်းနေရင် မခက်ဘူးလား။ ဦးကို မသနားလို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဝေဝေ တစ်ယောက်တည်း ဦးကို ငဲ့နေရမလို ဖြစ်နေပြီ။ ဝေဝေ့ မေမေကလည်း သူ့သဘောအတိုင်း သူ သွားပြီ၊ အစ်မတွေ၊ အစ်ကိုတွေလည်း အိမ်ထောင်ပြုကုန်ကြပြီ၊ ဝေဝေ့ကျမှ နောက်ပိတ်ဆုံးလာပြီးခွဲဖို့ခက်နေရတာ။ ဝေဝေ့ဘက်ကနေပြီး ကိုယ်က ဘယ်လို အလိုက်သိရမှာလဲ၊ အိမ်ထောင်ပြုရင်တော့ ခွဲကြရမှာ ဓမ္မတာပဲ။ ဦးကကော ဘာပြောသလဲဟင်’

ဦးစောဟန်သည် ပြောပြီး ဝေဝေ၏မျက်နှာကိုဆွဲ၍ပင့်ယူကိုင်ထားကာ အပေါ်က မိုးကြည့်နေသည်။ မျက်နှာကလေး ညှိုးလျက်ဖြင့် မျက်လုံးကလေး ပြုံးရယ်ကာ ပြန်ကြည့်နေပုံကို တွေ့ရမြင်ရမှပင် အတန်ငယ် စိတ်



BURMESE CLASSIC .com

www.burmeseclassi.com



သက်သာရာ ရသွားလေသည်။

'ဖေဖေကတော့ ဝေဝေ့သဘောပဲ၊ ခွင့်ပေးတယ်လို့ မမထား ပြောတာပဲ။ ဝေဝေလေ ကိုနဲ့ လက်ထပ်ချင်ပါတယ်၊ ဖေဖေ့ကိုလည်း ခွဲရမှာ သနားတယ်၊ ဘယ့်နှယ်လုပ်မလဲ'

မျက်ရည်များ ဝဲလာလေ၏။ မျက်နှာလေးမှာလည်း ပြုံး၍နေသည်။ ခေါင်းကလေးစောင်းကာ ကန့်ကရ ပြောလျက် မျက်ရည်ရစ်ဝဲဖြင့် ပြုံးနေသော မျက်နှာကို အားရပါးရ စိုက်ကြည့်ရင်း၊ မထိန်းနိုင် မသိမ်းနိုင်စိတ်ဖြင့် နဖူးချင်း ကုန်းထိပြီး 'ဝေဝေ့ကိုလေ ပွေ့ပြီး အိမ်ကို တစ်ခါတည်းသာ ခေါ်သွားချင်ပါပြီ'ဟု မျက်နှာချင်းအပ် ပြောလိုက်လေ၏။

ဝေဝေသည် မျက်လုံးများ ပိတ်ထားလေသည်။ လှိုင်းမူးသလို တရိပ်ရိပ် ဖြစ်လာလေသည်။ မျက်နှာကို တိုးခွေ့လျက် ကြိတ်မနိုင် ခဲမရ ပြောဆိုနေသော အသံများမှာ နားထဲ၌ နစ်ဝင်ပြင်းပြလျက် ရင်ထဲဝယ် မချိမဆံ့ ဖိုလှပ် လှိုက်မွန်နေပေသည်။

ဝေဝေ၏ မျက်လုံးများမှ မျက်ရည်များစီးကျလာလေသည်။ ဦးစောဟန်မှာ မျက်နှာချင်း ခွာလိုက်ရကာ၊ ဘောင်းဘီအိတ်ထဲမှလက်ကိုင်ပဝါထုတ်၍ အသာယာ တို့သုတ်ပေးလျက် 'ဝေဝေ သီတင်းကျွတ်ရင် လက်ထပ်ကြပါစို့နော်၊ ဦးကို ကိုယ် ပြောတော့မယ်' ဟု အသံသဲ့သဲ့နှင့် ပြောနေလေသည်။

ဝေဝေသည် ဦးစောဟန်၏ လက်ကို လှမ်းကိုင်လိုက်ကာ တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ထားလျက် မျက်နှာကို ပြည့်ပြည့်တင်းတင်း ကြည့်၍သာ နေလေကာ၊ လက်ထပ်မည့် အရေးကို ဆိုင်းပါရန် အတန်တန် တောင်းပန်နေသော စကားများမှာ လည်ချောင်းထဲတွင် တစ်နေလေ၏။

www.burmeseclassi.com



(၁၀)

ဝေဝေသည် မျက်လုံးကိုစင်းလျက် မပွင့်တပွင့် ဖွင့်ကြည့်လိုက်၏။ မှောင်ကြီး မည်းမည်း မြင်ရသည်။ ပြတင်းက လေဝင်နေ၍ အေးမြနေရာ ကိုယ် အောက်ပိုင်း၌ရှိသော စောင်ကို ဆွဲယူ လိုက်သည်။ စောင်နှင့် လက်နှင့် ထိလိုက်သော အတွေ့ဖြင့် ဝေဝေ၏မျက်လုံးမှာ ပြူးကျယ်သွားလေသည်။

ကတ္တီပါ စောင်စသည် ကိုယ်ပေါ်သို့ မရောက်သေးဘဲ ဝေဝေမြောက် ကိုင်ထားသည့် လမ်းခုလတ် နေရာ၌ပင် ရှိသည်။

ဝေဝေသည် စောင်ကို ဆွဲမလျက် မှောင်ထဲငေးနေသည်။ အမှောင် သည် မျက်လုံးနှင့် လွတ်နေသည်။ စောင်ကို ငေးကြည့်နေပုံလည်း မဟုတ်၊ ကြောင်တက်တက် မျက်လုံးဖြင့် စောင်ကို လက်ဖြင့် ပွတ်နယ်နေလေကာ၊ ခပ်သဲ့သဲ့ထွက်နေသော အသက်ရှူသံကို အာရုံ လှမ်းပြုနေလေ၏။ ကြားရ သော အသက်ရှူသံသည် မျှဉ်းမျှဉ်းနှင့် မှန်မှန်ရှူနေသော အသံဖြစ်သည်။ ထွက်သက်ဝင်သက် ရှူထုတ်နေသောလေသည် သုတ်ဖြူးနေလျက်အသား နှင့် လာထိနေမှန်း သိရှိလာသည်။

ဝေဝေသည် စောင်ကို ခေါင်းပေါ်ရောက်အောင် အုပ်လိုက်ကာ၊ စောင်ပေါ်မှ လက်ဖြင့် ရင်ကို ဖိထားလျက် မျက်လုံးမှိတ်ထားသည်။

လှပသော မင်းသမီးကလေးသည် မီးရောင်အောက်ဝယ် နွဲ့နှောင်း စွာ ကနေလေသည်။ ငြိမ့်ညောင်းသာယာသော တူရိယာသံများ မြိုင်ဆိုင် စွာ ထွက်နေလေသည်။ မင်းသမီးလေး ကိုယ်ပေါ်၌ အသာလျော့ရဲရဲ ခြုံ ထားသောပဝါစိမ်းမှာ အောက်သို့ပုံကျနေ၏။ လှည့်ပတ်လျက် ပြေးကသော အခါတွင် ပဝါစိမ်းသည် မင်းသမီးလေး နောက်ကျော၌ တရွတ်တိုက်လိုက် သွားလေသည်။

ခေါင်းပေါင်းပန်းရောင် ပေါင်းလျက်၊ စွပ်ကျယ်အင်္ကျီလက်ပြတ်နှင့် တောင်ရှည်ပုဆိုး အစိမ်းပြောင် ဝတ်ထားသောအသားမည်းမည်း၊ အရပ်မြင့်



BURMESE CLASSIC .com

www.burmeseclassi.com



မြင့်၊ ပိန်ပိန်ပါးပါး လူသည် သူ့အနား ရောက်လာသော မင်းသမီးလေး၏ ပဝါစကို လှမ်းဆွဲလိုက်ကာ၊ သူ့ ပခုံးတွင် ရစ်သိုင်းပြီး ဆိုင်းချင်အပြီး ဝင်၍ မင်းသမီးလေးနှင့် အတူ ယှဉ်ခွေ လှဲချလိုက်သည်။

ဝေဝေ၏ နားထဲတွင် တဝါးဝါးရယ်မောသံများမစဲလေမီ စောင်ကို ဆွဲလှပ်ကာ ဆတ်ခနဲ မျက်လုံး ပြန်ဖွင့်လိုက်သည်။ ထို့နောက် ဇက်ကိုလိမ် လျက် ဘေးသို့အသာ လှည့်ကြည့်လေသည်။

မိမိဘက်သို့ စောင်းအိပ်နေသော ဦးစောဟန်၏မျက်နှာကိုကောင်း စွာ မမြင်ရ။ မှောင်ထဲ၌ ဝိုးဝါးဝါး တွေ့ရသည်။ ဝေဝေ့မှာ မှောင်ထဲက မျက်နှာကို ခပ်စမ်းစမ်း မျှော်လှမ်းကြည့်ကာ ရင်ခုန်လာသည်။

ယနေ့ ဦးစောဟန်၏ လက်ထပ်ကြသည့် တကယ့်အဖြစ်အပျက် များမှာ အိပ်မက် မက်သလိုပင်ဖြစ်နေလေသည်။ ဝေဝေသည်လက်ထပ်ပွဲကို တစ်ရေးနိုး ပြန်စဉ်းစားကြည့်လေသည်။

ဦးစောဟန်သည် သူ့စိတ်တိုင်းကျ ဝေဝေကို ပြင်ဆင်ပေးနေသည်။ ဆံထုံးဘေး၌ ထားထား ပန်ပေးသော စိန်ပန်းခိုင်ကိုပင် စိတ်တိုင်းမကျနိုင် ဘဲ နေရာပြင်စိုက် ပန်ပေးလိုက်သည်။ ဝေဝေ ဆင်ယင်မည့်မင်္ဂလာပွဲထိုင် အဝတ်အစားများမှာ အရောင်ကအစ၊ အဆင်ကအစ၊ သူပါ ရန်ကုန်လိုက်၍ ရွေးဝယ် ပေးလေသည်။ ထုံးစံအတိုင်း သတို့သမီးများ ဝတ်ကြသလို တစ်ကိုယ်လုံး စိန်တွေ သီးခဲပြွတ်နေအောင် မဝင်ဆင်စေဘဲ၊ ဘိုဆန်ဆန် ယဉ်ယဉ်ကလေး အလှသဘော ဝတ်ဆင်ရသည်။

သတို့သမီး ပြင်ပေးနေသော မိန်းမတွေကြားထဲ သူက ကန့်လန့်ပါ နေသည်။ ထားထား ဆံထုံးထုံးပေးနေစဉ် ဦးစောဟန်မှာ လက်ပိုက်လျက် ဘေးက ရပ်ကြည့်ကာ ဆံမြိတ်ရှည် ချသည့်နေရာလည်း သူ ပါသည်။ အနားတွင် ငြိမ်မကြည့်ဘဲ ဝင်ကိုင် ကူညီလုပ်သည်။ ဝေဝေ ဆင်ယင် ပြသနေစဉ် ဝေဝေ့ကို တစ်လှည့်၊ မှန်ထဲ တစ်လှည့် မဝနိုင်အောင်ကြည့်နေ ၏။ လက်ရှည် ထိုင်မသိမ်းအင်္ကျီနှင့် ထဘီဝတ်ချိန်ပင် အခန်းထဲကမထွက်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေဝေက လှမ်းကြည့်လိုက်သည့်အခါ ‘ဝတ်လေ၊ ဝေဝေကို မကြည့်ပါဘူး၊ ကျောခိုင်းနေမယ်’ဆိုကာ ပြတင်းပေါက်နား ခဏ သွားရပ်နေသည်။

‘သည်းတဲ့ လူပဲဟော့’ ဟု ထားထားက ဝေဝေနား ကပ်၍ တိုးတိုး ပြောလိုက်သည်။ ဒေါ်သက်မှာ မေးထိုးလျက် ပြုံးနေလေသည်။

သတို့သမီး အဝတ်လဲပြီးသည်အထိ သတို့သားမှာ အဝတ်မလဲ ရသေးပေ။ ချိတ်ပုဆိုးတောင်ရှည်၊ ခေါင်းပေါင်းနှင့် ပိုးရင်ဖုံး ဝတ်စုံမှာ မင်္ဂလာ အခမ်းအနား ပြင်ထားသော ခုတင်ပေါ်၌ တင်ထားသည်။

‘ချာတိတ်. . . ကိုယ့်ကို ကြည့်စမ်း’

ဝေဝေမှာ လူတွေရှေ့တွင် မျက်နှာမထားတတ်သလို ရှက်သွေးရောင် ဖြန်းလျက် မရဲတရဲ မော့ကြည့်လေသည်။

‘ထားထား. . စိန်ဘီးက နည်းနည်းလေး စောင်းမနေဘူးလား’

‘မစောင်းပါဘူး’ဟု ထားထားက ပြောလိုက်သည်။

‘ခေါင်း လေးနေသလား၊ နေရတာ ကျဉ်းကျပ်သလားဟင် ဝေ. . . ဘာမှ မစားတော့ဘူးလား. . .’

ဝေဝေ့ထိုင်ခုံလေး နံဘေးတွင် ဒူးထောက်လျက် တတွတ်တွတ် ပြောနေသံများကို ကြားယောင်မိနေသည်။

ပွဲထိုင်ရန် အိမ်အောက်ထပ်သို့ နှစ်ယောက်တွဲဆင်း လာကြလျှင် ဝေဝေ ပွေ့ကိုင်ရန် ရန်ကုန်က စပါယ်ရှယ် မှာလုပ်ထားသော ဖဲကြိုးအဖြူ ချည်ထားသည့် ဖယောင်းပန်းစည်းကြီးကို လူပရိသတ်ရှေ့တွင် ပွေ့ကိုင် မဆင်းချင်သော်လည်း၊ သူ့အလိုလိုက်၍ ပွေ့ကိုင်ဆင်းသွားရလေသည်။

ဝေဝေမှာ ပွဲထိုင်လာကြသော ပရိသတ်ကို ဘယ်သူဘယ်ဝါတွေ မှန်းပင်မမြင်ဘဲ၊ ဖခင်ကိုသာ တစ်ချက်လှမ်းကြည့်လိုက်သည်။ ဝတ်ကောင်း စားလှ ဝတ်ကာ ထိုင်နေသော ဖခင်၏ မျက်နှာတွေတွေကို မြင်လိုက်၍ ခြေလှမ်း ပျက်သွားလေသည်။

မင်္ဂလာခုံပေါ်၌ တူစုံထိုင်ကြကာ ခေါင်းငုံ့လျက် နေရသည့်အတွင်း



BURMESE CLASSIC .com

www.burmeseclassi.com



စိတ်ကိုငြိမ်အောင် မထိန်းနိုင်ဘဲ ရောက်ရာပေါက်ရာ လွင့်နေလေသည်။

ဩဘာစာ ဖတ်ကြားနေကြစဉ်တွင် ဝေဝေသည် မဆီမဆိုင် လယ်ကန်သင်းရိုးဘေး တွင်းကလေးထဲမှ ထွက်တက်လာကြသော ဂဏန်းပေါက်စ ကလေးများကို တရွရွ မြင်ရလေသည်။

ခေါင်းကို အကြာကြီးငုံ့ထားရ၍ ဇက်ညောင်းလာကာ သည်းမခံနိုင်လောက်အောင် ခေါင်းထဲ၌ အုံမှုးနေသည်။

ထားထားမှာ ဝေဝေ့နား၌ ထိုင်လျက် ယပ်ခတ်ပေးနေသည်။

မိမိဘေးကဦးစောဟန်၏ချိတ်ပုဆိုးအဆင်ကိုမျက်လုံးရောက်သွားသည်။ ပန်းနုရောင်ထဲတွင် အပြာနှင့် အညိုရောင်များ ယှက်လိမ်ရက်ထားသော ချိတ်စင်းကို ကြည့်စရာမရှိ မဲသည်းကြည့်နေရာတွင်. . .

“ဝေဝေ ငါတော့လေ နည်းနည်းမှ သဘောမတူဘူး၊ နင်တို့ချစ်ခြင်းလည်း မခွဲလိုဘူး၊ နင် သူနဲ့ လက်ထပ်ပြီး ပျော်မယ်များ ထင်သလား. . .’

ကိုနေဦး၏ အသံမှာ ဩဘာစာတစ်ကျော့၊ တူရိယာတစ်ကျော့ ရွတ်ဖတ်တီးမှုတ်လျက် ရှိနေသောအသံဗလံများထက် နားထဲတွင် ပြတ်ပြတ်သားသား ရှိလှသည်။

လွန်ခဲ့သော သုံးလလောက်က ထားထားကို သင်္ဘောဆိပ်သို့ လိုက်ပို့ပြီး ပြန်လာကြရာ လမ်းတွင် ကိုနေဦးက လွှတ်ခနဲ ပြောလိုက်သော အသံ၊ မကြားဝံ့ ကြားဝံ့ကြားခဲ့ရသောထိုအသံကိုပြန်မကြားဝံ့၍အကြောင်းအရာ တစ်ခုကို မြန်မြန် ပြောင်းလိုက်လေသည်။

လက်ထပ်ပွဲပြီးလျှင်လိုက်ရမည့် ဦးစောဟန်၏ မင်္ဂလာကိတ်မုန့်ကြီးကို သတိရမိလေသည်။ ထားထား မင်္ဂလာဆောင်ကို ပြန်တွေးလိုက်သည်။ လက်ထပ်ပွဲချင်း နှိုင်းယှဉ်ကြည့်လိုက်ကာ မြန်မာတစ်ပိုင်း ဘိုတစ်ပိုင်း မင်္ဂလာဆောင်နေသော မိမိအဖြစ်ကို သဘောကျသည်လည်းမဟုတ်၊ သဘောမကျဘူးလည်း မဟုတ်။

မင်္ဂလာဆောင်နေခိုက် အိမ်တွင် ခုနစ်ရက်နေမည် ဆိုသော ဦးစော



BURMESE CLASSIC .com

www.burmeseclassi.com



ဟန်၏ ဝန်ခံချက်ကို အမှတ်ရပြန်၍၊ ခုနစ်ရက်စေ့လျှင် တစ်ဖက်အိမ်သို့ ပြောင်းရွှေ့သွားရမည့် အစီအစဉ်တွေကို စိတ်ကူးထဲမရောက်လာလေအောင် ရှောင်ကွေ့လျက်၊ လက်ဖွဲ့စာရင်း ဖတ်ကြားနေသည်ကို အတင်း နားစွင့်ထားရလေသည်။

တစ်နေ့လုံး ဂနာမငြိမ်ခဲ့သော စိတ်မှာ ခုချိန်ထိ ဂနာငြိမ်အောင် အစိုးမရနိုင်ဘဲ ဖြစ်နေသည်။ လက်ထပ်ပြီးပြီ ဟူဟော အသိတရားသည် ကတ္တီပါစောင်ကြီးအောက်တွင် ရုန်းထွက်၍ မရနိုင်ဘဲ ပိနေ၏။ ဆုံးရှုံးသွားသော အပျိုဘဝကို နှမြောကြည့်ကာ ရင်ထဲ၌ ရုန်းရင်းဆန်ခတ် ဖြစ်သွားလေသည်။

ဝေဝေ့မှာ ဦးစောဟန် နားပူလွန်း၍ မြန်မြန် လက်ထပ်လိုက်ရ၏။ ဦးစောဟန်၏ အလိုသို့ လိုက်လျောရသည့်အတွက် သူ့၌ မည်မျှလောက် စိတ်ထိခိုက်ရခြင်းကို မသိစေပေ။

စေ့စပ်ကြောင်းလမ်း ပြီးကတည်းက ဝေဝေသည် အချိန်ရသရွေ့ ဖခင်နား ကပ်နေ၏။ ဦးဘိုးသိန်းမှာ ကျန်းမာစဉ်ကထက်ပင် ရွှင်ရွှင်ပျပျ ဖြစ်နေကာ၊ သမီးလေးကို ကြီးကြီးကျယ်ကျယ် လက်ထပ်ပေးရန် နေ့စဉ် ဒေါ်သက်နှင့် တိုင်ပင် ဆွေးနွေးနေကြသည်။ အိမ်ရှေ့တွင် ပန်းမဏ္ဍပ်ကြီး ထိုးသည်။ ပြီးစီးအောင် တစ်လနီးနီး လုပ်ရသည်။ ဘယ်လောက်ကုန်ကုန် ဆိုကာ ခမ်းနားသည်ထက် ခမ်းနားအောင် ချဲ့လွန်း၍ ဝေဝေက တားယူရသည်။ ဝေဝေသည် ဖခင်ကို တစေ့တစောင်းလည်း အကဲခတ်ကြည့်၏။ သမီးနှင့် ခွဲရမည့်အတွက် စိတ်ထိခိုက်သည့်အမူအရာမျိုးအရိပ်အယောင်မျှ ဖမ်းမရ။ သူ့တွင် စွဲငြိနေသော ဝေဒနာပင် မေ့နေသယောင် လူမာကြီး လုပ်နေလေ၏။

ဦးဘိုးသိန်း စိတ်ဆောင်နေသလို ဝေဝေလည်းဟန်ဆောင်နေရ၏။ သားအဖနှစ်ယောက်မျက်နှာချင်းဆိုင်လျှင်ရှေ့နေရေးထိုင်ရေးလုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ ဘယ်သူမှ စကား စ မပြောရဲကြပေ။



BURMESE CLASSIC .com

www.burmeseclassi.com



တစ်အိုးတစ်အိမ် ခွဲနေရမည့် အသိဖြင့် ကျန်ရစ်ခဲ့မည့် အိမ်ကြီးကိုလည်း သံယောဇဉ်မဖြတ်နိုင်။ အမေနှင့် ရှင်ကွဲကွဲနေရပြီးနောက် အဖေ့ကို ပစ်ကာ ခွဲခွာသွားရဦးမည့် ပူလောင်ခြင်းသည် လက်ထပ်ပြီးသည့်နှင့် တအုံနွေးနွေး ကြိတ်မှိတ်၍ ခံနိုင်သည်ထက် ပိုမို ဆိုးဝါးနေသည်ကို တွေ့ရလေသည်။

တစ်အိမ်တည်းမခွဲဘဲ စုပေါင်းနေလိုက်ချင်သည်။ ဦးစောဟန်နေပုံထိုင်ပုံမျိုးနှင့် တစ်အိမ်တည်း စုပေါင်းနေ၍လည်း မဖြစ်။ လက်ထပ်ပြီး ခုနစ်ရက် နေမှာပင် သူ့အဖို့ မနည်းအောင့်အည်း နေရမှာကို ရိပ်မိသည်။

ဝေဝေသည် မျက်လုံးအိမ်၌ ဝေနေသော မျက်ရည်များကိုလက်ဝါးနှင့် ပွတ်ကာ မည်းမှောင်နေသော ပြတင်းအပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အမှောင်ကိုသာ သူ မြင်ရ၏။ အစိုးမရသော စိတ်သည် အမှောင်တွင်းသို့ တိုးဝင်ပျံ့လွင့်သွားပြန်လေသည်။

ညဦးက မင်္ဂလာမဏ္ဍပ်ထဲတွင် အငြိမ့်ထိုင်ကြည့်နေကြစဉ် ဦးစောဟန်မှာ ခပ်ထွေထွေ ဖြစ်နေလေသည်။ သတို့သားနှင့် သတို့သမီးအား အသက်ရာကျော်ရှည်အောင် ပေါင်းရပါစေဟု မေတ္တာပို့ဆုတောင်းနေသော အငြိမ့်မင်းသမီးကလေးကို ဘောင်းဘီအိတ်ထဲမှ ငွေစက္ကူထပ်ကြီး ဆွဲထုတ်လျက် ဆုချခိုင်းလိုက်သည်။

ဝေဝေ့မှာ ဘယ်လောက်ပေးမှန်း မသိအောင် ထွေနေမှန်းရိပ်မိလျက် လူအများရှေ့တွင် မျက်နှာအထားရ ခက်နေ၏။

ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် သောက်တတ်သူများနှင့် စာလျှင် ဦးစောဟန်မှာ အရက်သမားနှင့်လုံးဝမတူဘဲ ဣန္ဒြေရသည်ဟု တွက်ထားခဲ့သည်။ မျက်ထောင့်ကြီးနီလျက် ကိုယ်ဟန်ယိမ်းယိုင်နေသောဦးစောဟန်၏ အသွင်ကို ယနေ့ညမှ မြင်ဖူးလေသည်။

မင်္ဂလာဆောင်သို့ နေ့ချင်းပြန် လာကြသော ကုမ္ပဏီမှ မျက်နှာဖြူ တစ်သိုက်နှင့် ညနေဘက် သူ့အိမ်တွင် ဘယ်လောက်ဧည့်ခံသောက်လာခဲ့



BURMESE CLASSIC .com

www.burmeseclassi.com



မှန်း မသိ။ ဘိုတွေ ပြန်သွားပြီး အိမ်ဘက်သို့ ကူးလာရာ ပြင်းပြသော အရက်နံ့မှာ နှာခေါင်းတွင် စူးဝါးသွားလေသည်။ ဦးစောဟန် မူးလာမှန်း သိလျှင် ဝေဝေ့မှာ ခပ်ရွံ့ရွံ့ဖြင့် ရင်တုန်သွားသည်။ အငြိမ့်ကို စိတ်မပါဘဲ ကြည့်နေ၏။ အငြိမ့်စင်သို့ လှမ်းကြည့်နေသော ဝေဝေ၏ မျက်လုံးများမှာ မျက်ရည်အနည်းငယ် အောင်းနေ၍ မီးရောင်တွင် လက်နေလေသည်။

ဝေဝေမှာ အရက်နံ့ဖြင့် ခေါင်းထဲ၌မူးလာသည်။ သည်ညအဖို့ရာတွင် အရက်နံ့ကို လွတ်အောင် ရှောင်၍မရ၊ အရက်နံ့ထဲမှ အယုအယ အချော့ အပွေ့တွေ လျှံဝေလျက် ပြင်းပြရူးမူးသော အချစ်ငွေ့ကြောင့် မူးယစ်၍ လာလေသည်။ မျက်လုံးများ ဝေရီလာ၏။ အားလုံးအရာများကို မေ့ကာ မွှန်းမေ့သွားလေသည်။

ဝေဝေသည် မှောင်ထဲသို့ ငေးစိုက်ထားသော မျက်လုံးကို မှိတ်လိုက်သည်။ မျက်ခုံးနှစ်ဖက် တွန့်ရှုံ့လျက် တအားမှိတ်လိုက်ခြင်းဖြင့် ရှုပ်ထွေးနေသည့် အာရုံများကို အစိတ်စိတ် အမြွာမြွာဖြစ်အောင်ချေမှုန်းပစ်လိုက်ပြီးနောက်၊ မျက်လုံးကို ပြန်ဖွင့်ကာ စောင်ကိုဖယ်လျက် အိပ်ရာမှ အသာထလိုက်သည်။

မှောင်ထဲတွင်စမ်း၍ ချွတ်နင်း နင်းခဲ့ကာ အောက်ထပ်သို့ ဖြည်းညင်းစွာ ဆင်းလာခဲ့သည်။ဧည့်ခန်းမီးခလုတ်ကိုဖွင့်၍နာရီကိုလှမ်းကြည့်လိုက်ရာ လေးနာရီ ထိုးနေပေသည်။

ဒေါ်သက် အိပ်ရာမှ ထလာသောအချိန်မှာ နေ့သစ်၏ ရောင်နီသမ်းနေကာ ဓမ္မာရုံထဲမှကြေးစည်ရိုက်သံကို ကြားနေရသည်။ ညက အငြိမ့်အပြီး ညဥ့်နက်မှ အိပ်ရသဖြင့် ဆွမ်းချက်ထရန် နောက်ကျသွားသည်။ ပျာယီးပျာယာ လှေကားမှ ဆင်း၏။ လှေကားတစ်ဝက်တွင် ရပ်နေမိလိုက်သည်။

'အို. . မိုးမှ မလင်းသေးဘူး၊ လက်ဖက်ရည်စားပွဲ ပြင်ပြီးပြီ'

လက်ဦး အံ့အားသင့်လျက် နေပြီးမှ ဝေဝေ ဝီရိယ ကောင်းပုံကို

www.burmeseclassi.com



တွေးပြုံးကာ ဆင်းလာခဲ့သည်။ ထမင်းစားခန်း၌ မည်သူမျှမရှိပေ။ ထိန်လင်းသော မီးရောင်အောက်ဝယ် ငွေရောင် ကြွေရောင်များ ပြောင်လျှံလက်နေသော ကျောက်စားပွဲခုံကြီးမှာ ကြွားဝါ ခမ်းနားလှသည်။

ဝေဝေသည် ရှိသမျှ အကုန်ထုတ်ပြီး အစွမ်းကုန်အလှပြင်ထားသည်။ ဦးစောဟန်အိမ်တွင် သောက်သည့် စားပွဲထက် မညံ့အောင် အမီလိုက်၍ စီစဉ်ခင်းကျင်းထားလေသည်။ အိမ်တွင် ခုနစ်ရက်နေသည့်အခိုက် သူ့အိမ်နှင့် တူအောင်လုပ်ရန် စိုးရိမ်တကြီး ထ ပြင်ထားရသည်။

မီးဖိုထဲတွင် ပေါင်မုန့် ပါးပါးလှီးနေစဉ် ဒေါ်သက် ဝင်လာသည်၊ ဝေဝေသည် ပြုံးလျက် 'ကြီးတော် ဆွမ်းကဖြင့် ကျက်နေပြီ'ဟုဆီးပြောလိုက်သည်။

'မယ်မင်းကြီးမလေး ဆွမ်း ထ ချက်တာလား၊ စားပွဲ ထ ပြင်တာလား

ဝေဝေသည် ရှက်ရှက်ဖြင့် 'ဆွမ်းရော၊ စားပွဲရောပဲ ကြီးတော်'ဟု ရယ်ပြုံး ပြောလေသည်။

'စောစောစီးစီးအေ. . .'ဟု ဆိုကာ တူမကို အကဲခတ်သလို အထူးအဆန်း ကြည့်လျက် မျက်နှာသွားသစ်နေသည်။

'အဆင်သင့် လုပ်ထားတာပါ။ မယ်အေးကို စိတ်မချလို့'

နေ ထွက်လာလေသည်။

ငှက်ကလေးများသည် သာယာချိုမြသော အသံဖြင့် နူးညံ့သော နေရောင်အောက်ဝယ် ပျော်မြူးသီဆို နေကြသည်။ နံနက်ဦး အေးမြသော လေမှာ လန်းဆန်းလျက်၊ ပန်းပွင့်ပန်းခိုင်များသည် ကြော့မော့နေကြသည်။ ငွေသွေးဖြင့် ရွှန်းနေသော ငွေရောင်ခြည် မှုန်မှုန်စက်စက်ကလေးများသည် ပန်းရွက်ပန်းခက်များတွင် တွဲလဲဆိုင်းလျက် ရှိလေသည်။ ပန်းရနံ့များသည် ညင်းညင်းညှံ့ညှံ့တိုက်သော လေလှိုင်းကို စီးလာကြသဖြင့် မွှေးမွှေးကြိုင်၍ နေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



'ဝေဝေ'

'ကို'

သူတို့၏အကြည့်မှာ ချစ်ရည်လျှံလျက် တလွင်လွင် ဝင်းနေသည်။ သူတို့၏ အသံမှာ အေးမြ ပျော့ပျောင်းလှသည်။

'ထ လေ. . . မျက်နှာသစ်တော့'

မျက်နှာသစ်ဖို့ သံဇလုံနှင့် သံကရားအဖြူ တင်ထားသော စားပွဲခုံ နားသို့ ဦးစောဟန်၏ လက်ကို ဆွဲခေါ်ကာ အနားက စောင့်လျက် ကရားကို ဝင်ငှဲ့ပေးလေသည်။

'ချာတိတ်ကလေး ဘယ်အချိန်က ထ သွားပါလိမ့်၊ ကိုယ်တစ်ယောက် တည်းထားပစ်ခဲ့တယ်၊ နိုးတော့လေ မတွေ့ရတော့ တစ်မျိုးကြီးပဲ၊ နောက်ကို တူတူ ထ ရမယ်နော်၊ ထ မလား'

မျက်နှာ မသစ်နိုင်သေးဘဲ ဝေဝေ၏ ပခုံးနှစ်ဖက်ကို ကိုင်လျက် ဝေဝေ့ကို ပီဘိ ကလေးကဲ့သို့ ချစ်စနိုး ချော့မြူနေရာ၊ နွဲ့တွဲ့တွဲ့ အသံ၏ ပဲ့တင်ရိုက်ခြင်း ခံရသော ဝေဝေ၏ ဟဒယသည် သိမ့်သိမ့် ကြည်သွား လေသည်။

ဝေဝေသည် ရွှန်းပျသောအပြုံးဖြင့် ခေါင်းညိတ်ပြလိုက်သည်။ မျက်နှာ သစ်ဖြစ်အောင် ဇလုံထဲသို့ ရေလောင်းချလိုက်မှ မျက်နှာသစ်တော့လေ သည်။

ထားထားသည် လက်ဖက်ရည်စားပွဲ အချောကိုပင် ထပ်ပြင်နေလေ ၏။ ဦးစောဟန် နိုးပြီကို သိ၍ ဆင်းလာကြလျှင် အဆင်သင့်ဖြစ်အောင် ကော်ဖီကို နှပ်ထားလိုက်သည်။ ပေါင်မုန့်များမှာ ပူပူကြွပ်ကြွပ် ရှိနေသည်။ နံ့သာပုအဖြူ ငှက်ပျောခိုင်ကား တုတ်ဖောင်းလျက် ဝင်းမှည့်နေ၏။ ပါးပါး လှီးကြော်ထားသည့် ဝက်ပေါင်ခြောက်အနံ့သည် သင်းထွက်နေသည်။ ဆယ့် နှစ်မျိုး ဘီစကွတ်မုန့် သေတ္တာဘူးနှင့် ယိုခွက်၊ ထောပတ်ခွက်များ၏ အနေ အထားကို တစ်ခေါက်ပြန်ကြည့်ကာ ကြက်ဥနှင့် စားဖို့ ငရုတ်ကောင်း



BURMESE CLASSIC .com

www.burmeseclassi.com



ပုလင်း၊ ဆားပုလင်းများချရန် လိုသေး၍ ဗီရိုကို ဖွင့်ကြည့်လိုက်သည်။

'မမ. . .ကျွန်တော် အပေါ်တက်ပါရစေ'

ထားထားသည် မောင်မြ၏အသံကို ကျက်မိ၍ လှည့်ကြည့်လိုက်သည်။ ဘုရား. . .ဘုရား. . .ဟု စိတ်ထဲ၌ အလျင်ဆုံး တမ်းတမိသည်။ ကျောက်ရုပ်ပမာ ဖြစ်သွားလျက် နှလုံးသွေးမှာ တဒိတ်ဒိတ် ခုန်လာသည်။ မောင်မြသည် သစ်လွင်ဖြူဖွေးသော ကိုယ်ဝတ်အင်္ကျီနှင့် ခေါင်းတွင် ပဝါ ပန်းရောင် အသစ် ပတ်လာ၏။ ဘယ်ဘက် ပခုံးပေါ်၌ လက်သုတ်ပဝါ ဒိုဘီကျ တင်ထားလျက်၊ မြှောက်ကိုင်ယူလာသော ဗန်းကြီးမှာ ညာဘက် ပခုံးနှင့် တိုက်ထိနေ၏။

ဗန်းကို ကြည့်လိုပေ့ါ. . .။

လက်ဖက်ရည်ကရားအိုး၊ နို့ချိုင့်၊ သကြားခွက်၊ ပန်းကန်နှစ်လုံး၊ ပေါင်မုန့်၊ ထောပတ်၊ ကြက်ဥ၊ စပျစ်သီး၊ ကိတ်မုန့်တို့အပြင် ချောကလက်၊ ကော်ဖီ၊ သကြားလုံး. . .။

ဆင်ဖြူမျက်နှာ ဆင်မည်း မကြည့်ဝံ့သော အရာမှာ ဝင့်မော်နေသော စားပွဲခုံကြီးပင်တည်း။ သူ၏ အသရေသည် မောင်မြ၏ပခုံးထက်မှ ဗန်းနှင့် မယှဉ်သာအောင်ပင် ဖျော့လျော့သွားလေပြီ။မတုပနိုင်ကာအရှုံးပေး တော့မည့်ဟန်ဖြင့် ချိတာဟာ စရီဗန်းကို တည့်တည့်တန်းတန်းကြီးရင်ဆိုင် နေရရှာသည်။

စားပွဲပေါ်မှ လျှံတက်တောက်ပနေသော ပန်းခွက်ယောက်တို့သည် သူတို့၏အရောင်အဝါကို ရုပ်သိမ်းကြကာ၊ ငုပ်လျှိုး မှေးမှိန် သွားကြသည်။ ရွှင်စစနှင့် မြူးပျလို့နေသော ငှက်ပျောခိုင်သာ ကြောင်တောင် ပြောင်ဝင်းနေနိုင်သည်။

ထားထား၏ မျက်လုံးများသည် အရှိန်ပြင်းစွာနှင့် တိုက်ခတ်မိ မတတ်၊ လွှဲဖယ်မရနိုင်အောင် စူးစိုက်ကြည့်ရှုလျက် ရှိသည်။ ကြာရှည်စွာ ရင်ခုန်ပြီးနောက် ပူပြင်းသော အသက်ရှူငွေ့ကို ထုတ်ရင်း 'အေး အေး



BURMESE CLASSIC .com

www.burmeseclassi.com



တက်သွား’ ဟု ပြောလိုက်သည်။ မောင်မြသည် ကျိုးကျေနေသော ဘိုအိမ် စားပွဲထိုးများ၏ ကြွေနှေဖြင့် ခြေသံမကြား တက်သွားလေ၏။

‘အို. . .အောက်မှာ ပြင်ထားပြီးပြီ ကို. . .’

ဝေဝေသည် လန့်အော်လိုက်ကာ ကို၏ မျက်နှာကို စေ့စေ့ကြည့် သည်။ ထို့နောက် ဝေဝေ၏ မျက်လုံးကလေးများသည် အရည်လည်ကာ ကိုကို့ ကြည့်သည်လည်း မဟုတ်၊ ကိုနှင့် လွှဲဖယ်ပြီး တခြားသို့ ရောက် သည်ဟုလည်း မထင်ရသော အကြည့်ဖြင့် နှုတ်ခမ်း အနည်းငယ် တုန်ယင် နေသည်။

ဤတွင် ဦးစောဟန်သည် ဝေဝေ၏ မေးကိုကိုင်ထားလျက်မျက်နှာ ကို ဟူးခနဲ မှုတ်ကစားလိုက်သည်မှာ၊ ဝေဝေ၏ နဖူးမှ ဆံယဉ်စများ လွင့် သွားသည်အထိ ကြာရှည်လေသည်။ ထို့နောက် ဦးစောဟန်သည် အသံ ထွက်အောင် ရယ်မောနေသည်။

‘ကို. . . မှာထားလို့ လာပို့တာပါ။ တူတူ နှစ်ယောက်ထဲသောက် ချင်လို့ မှာထားတာ၊ သောက်နော်’

ဝေဝေ့ကို ခုတင်ပေါ်၌ ထိုင်ခိုင်းကာ စားပွဲခုံကို ဝေဝေ့ရှေ့သို့ ချစေ လျက် ကုလားထိုင်တစ်လုံးဖြင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ မောင်မြ သည် ဗန်းကို ချပေးပြီးနောက် ခပ်လှမ်းလှမ်းမှ ရပ်နေသည်။

ဝေဝေသည် ခပ်ငိုင်ငိုင် ထိုင်နေသည်။ ဝေဝေ၏ရင်ထဲ၌ဘယ်လောက် လှိုင်းထနေတယ်တော့ ဦးစောဟန် မမှန်းဆမိ။ ဝေဝေနှင့်တူတူ မျက်နှာ ချင်းဆိုင် သောက်ရသဖြင့် တကယ်တမ်း စိတ်ပျော်မြူးထူးသူမှာဦးစောဟန် သာ ဖြစ်သည်။ တောက်လျှောက်ပြောသမျှ တစ်ခွန်းပြန်မတုံ့ဘဲ နားထောင် နေသည်။ ဦးစောဟန်က ပြောသည်မှာ-

‘ကြက်ဥကို အလျင်သောက်ရမယ်နော်၊ မနက်တိုင်း ဝေ့ကို နှစ်လုံး တိုက်ရမယ်၊ ကြက်ဥ သောက်ပြီးမှ ဝေ့ကို ကော်ဖီတိုက်မယ်၊ မုန့်ကျွေးမယ် မှတ်ထားနော်. . .ဟုတ်လား’



BURMESE CLASSIC .com

www.burmeseclassi.com



ကြက်ဥထိပ်ကို ဇွန်းနှင့် ရိုက်ခတ်လျက် ပြောဆိုနေပုံကို ငေးနေရင်း ထားထား၏ မျက်နှာကို တစ်လှည့်၊ ဖခင်၏ မျက်နှာကို တစ်လှည့်၊ စားပွဲခုံတွင် လက်ဖက်ရည်သောက်နေကြသော မျက်နှာများကို စိတ်ကူးနှင့်မှန်းဆ၍ ရင်ထဲမှာ ငိုချင်ခြင်းသာ ရှိသော်လည်း 'ဟ လေ၊ ချာတိတ်' ဆိုလာ၍ ပြုံးပပနှင့် ဟပေးလိုက်သည်။

ကော်ဖီကို ဦးစောဟန်က ဖျော်ပေးလေသည်။ ပေါင်မုန့်ထောပတ်သုတ် ကျွေးကာ၊ စပျစ်သီးများကို တစ်လုံးစီ အခွံနွှာ၍ ခွံ့၏။

ဦးစောဟန်မှာ သူပိုင်ဆိုင်ရပြီဖြစ်သော အရုပ်ကလေးကို သူပြုသလိုနေရမည်ဟု ယုံကြည်သူ ဖြစ်သည်။ အရုပ်ကလေး၏ ရင်ထဲမှအသည်းနှလုံးကိုကား-

စားသောက်ပြီးကြပြီ။ မောင်မြ မပြန်ခင် 'ဆယ့်နှစ်နာရီ စားစရာအဆင်သင့် ရှိပစေ'ဟု မှာကြား လွှတ်လိုက်သဖြင့်၊ ဝေဝေမှာ သည်အိမ်တွင် ထမင်းမစားမှန်း သိလိုက်သည်။ သည်အိမ်တွင် မစားဘဲ တစ်ဖက်အိမ် သွားစားရန် အိမ်သားတွေကို အသိပေးရမှာလောက် စိတ်ဆင်းရဲရမှာမျိုးလည်း မရှိ။ မောင်မြ ဗန်းကြီးကို ကိုင်ကာ ပြန်ဆင်းသွားလေခြင်းကို အောက်ကတော့ မြင်ကြဦးတော့မှာပဲဟု အသည်းတအေးအေးဖြင့် ရင်ထဲဝယ် ကျပ်သိပ်လျက် သေလုမြောပါး မရှုနိုင်၊ မရှိုက်နိုင် ဖြစ်ရလေသည်။

ဦးစောဟန် အဝတ်လဲပြီး အလုပ်တိုက်သို့သွားရန် အခန်းထဲမှထွက်သွားသည့်တိုင် ဝေဝေမှာ တော်တော်နှင့် အောက်ထပ်သို့ မဆင်းရဲပေ။ အောက်ထပ်သို့ ဆင်းရမှာကို ကြောက်နေလေ၏။ အိမ်သူအိမ်သားများနှင့် တူတူ မစားသောက်နိုင်ဘဲ တကွဲတပြားစီ ကတ္တားခြားလိုက်သော အဖြစ်ကို ရင်ဆိုင်ကြုံတွေ့ရခြင်းသည် မျက်စိထဲ သဲပက်လိုက်သလို ဖြစ်သွားလေသည်။

ဝေဝေသည် ခေါင်းအုံးနှင့် မျက်နှာကို အပ်လျက် ရှိုက်ငိုနေသည်။ ခေါင်းအုံးတစ်ခုလုံး၊ မျက်နှာတစ်ခုလုံး၊ ရင်ဘတ်တစ်ပြင်လုံး ရွှဲရွှဲစိုလောက်အောင် ငိုနေစဉ် အနားသို့ ညင်သာစွာ ရောက်လာသော ထားထားသည်



BURMESE CLASSIC .com

www.burmeseclassi.com



ဝေဝေ၏ ကျောကို ယုယစွာ သပ်လျက် 'တိတ်ပါ ညီမရယ်. . .တိတ်ပါ'ဟု ချော့မော့လိုက်သည်။

သည်အသံဖြင့် ဝေဝေ၏ ရှိုက်သံမှာ ပိုမို၍ သည်းထန်သွားလေတော့သည်။

(၁၁)

ဦးစောဟန်သည် အရက်ကို ဖန်ခွက်ထဲသို့ ငှဲ့ထည့်ရင်း မသိမသာ ဝေဝေ၏ မျက်နှာကို အကဲခတ်ကြည့်သည်။

ဝေဝေ၏ ရင်ကလေးမှာ နိမ့်ချည်မြင့်ချည်နှင့် မျက်နှာအမူအရာ တစ်မျိုးဖြစ်နေသည်။ ပွင့်ပြူရွှင်ပျခြင်းမရှိ၊ မျက်တောင်ကလေး မှေးလျက် အကြည့်မှာ ငေးတေးတေး ဖြစ်နေလေသည်။

ဖန်ခွက်ကို တစ်ကျိုက်မော့ကာ ချထားလိုက်ပြီး 'ထားထား နက်ဖြန် ပြန်မယ်တဲ့လား ဝေဝေ'ဟု မေးလိုက်သည်။

'ပြန်လိမ့်မယ်'

ဝေဝေသည် ချက်ချင်းမဖြေပေ။ ဖြေပြီး နှုတ်ခမ်းကို စေ့၍ ထားသည်။ အငေးကား မပျောက်။ စိမ်းလဲ့လဲ့ မျက်လုံးဖြင့် မှုန်ရီနေလေသည်။

ထားထားမှာ ဝေဝေလက်ထပ်ပြီး ရုတ်တရက် မပြန်သေးဘဲ ဖခင်နေသားကျအောင် တမင်ဆိုင်းနေ၏။ ဆိုင်းနေခြင်းဖြင့် ဝေဝေ့ကိုလည်း ငှဲ့ညှာရာရောက်ပေသည်။ အိမ်တွင် ထားထားသာ မကျန်ရစ်ခဲ့လျှင် ဝေဝေ အိမ်ပေါ်က အဆင်း မည်မျှ ဗျာများလျက် နောက်ဆံတင်းလိုက်မည်နည်း။

အမှန်စင်စစ် ဝေဝေမှာ အိမ်၌ ခုနစ်ရက်ပြည့်အောင် နေချင်ခဲ့သူ မဟုတ်။ တစ်ရက်၊ နှစ်ရက်နှင့်ပင် ပြောင်းဆင်းချင်စိတ် ပြင်းပြနေမှန်း ထားထားတို့ မသိကြပေ။ လက်ထပ်ပြီး နေခဲ့ရသော ခုနစ်ရက်မှာ ဝေဝေ့ အတွက် မသေမရှင် မချိမဆံ့ ပြင်းထန်စွာ ခံစားလိုက်ရသော ရက်များ



BURMESE CLASSIC .com

www.burmeseclassi.com



ဖြစ်ခဲ့သည်။ အိမ်၌ ညဥ့်အိပ်ကြရုံသာ အဓိပ္ပာယ်ရှိကာ အစားအသောက် အတွက် ဦးစောဟန် အလိုကျအတိုင်း တစ်အိမ် လိုက်ကူးစားနေရသည်။ ထမင်းစားသွားတော့မည်ဆိုလျှင် ဝေဝေ့မှာ သေချင်အောင် စိတ်ဆင်းရဲသည်။ အိမ်သူအိမ်သားများ၏ မျက်နှာများကို ရဲရဲမကြည့်ဝံ့ဘဲ မွန်ထူပြီး ထွက်လာရမြဲဖြစ်သည်။ သည်ကြားထဲ ကိုနေဦးက ဆိုသေးသည်။ 'ဘိုဆိုတော့ ဒီအိမ်က အစားအစာ ဘယ်စားနိုင်ပါ့မလဲ'ဟု စိတ်ခုပြီး ပြောသလို ပြော၏။

ထားထားမှာ ဝေဝေ မျက်နှာနေပူမှုန်း အစဉ်းသိ၍ အချိန်ကျလျှင် အလိုက်တသိ တိုက်တွန်းလျက်၊ မစားခြင်းအတွက် ဘယ်လိုမှ သဘောမထားဘဲ နားလည်မှု ရှိပုံကို အတတ်နိုင်ဆုံး ဖော်ပြသဖြင့် ခံသာရသည်။ ဒေါ်သက်မှာ လက်ထပ်ပြီးသည့်နောက် အိမ်တွင် ထမင်းတစ်နပ်မှ မစားကြခြင်းအတွက် ကျေနပ်ပုံမရ၊ မကျေနပ်ကြောင်းလည်း မပြော၊ သွားခါနီး မထီတရီ အပြုံးကလေးနှင့် ပြုံးကြည့်တတ်သည်။ ဦးဘိုးသိန်းမှာ သမီးယူပြီး သူစိမ်းပြင်ပြင် ခပ်စိမ်းစိမ်း ဆက်ဆံသော သမက်နှင့် စပ်လျဉ်း၍ ဆိုးသည် ကောင်းသည် တစ်ခွန်းမပြော။ ဝမ်းထဲ ထားတတ်သည့် သူ့ တစ်သက်လုံး ဝါသနာအတိုင်း ဝမ်းထဲထားကာ မသိလိုက်၊ မသိဖာသာ လုပ်နေပေသည်။

ဝေဝေ့မှာ ဦးစောဟန်အား အိမ် နေကြသည့်ရက်အတွင်း အားလုံးနှင့် ဝင်ဆံ့အောင် ရောရောနှောနှော နေထိုင်စေချင်သည်။ တိုက်တွန်းရန် ခက်လှ၏။ သူ့စရိုက်နှင့် သူ၊ သူ၏ အနောက်နိုင်ငံ စည်းကမ်းနှင့် သူ နေထိုင်သူမို့ အပြောရ ကျပ်လှပေသည်။

ဦးစောဟန်မှာ ဝေဝေ့ကို မီးကုန်ယမ်းကုန်ချစ်သည်။ အသက်နှင့် ထပ်တူ မြတ်နိုးသည်။ လက်ဝါးပေါ်တင်၍ ဖူးဖူးမှုတ်ပြီး ယုယနေချင်သည်။ မျက်စိအောက်က အပျောက်မခံနိုင်။ ဆီးဖြူ ဖန်ခါးသီးလို ငုံထားလိုက်ချင်သည်။ သည့်ပြင် ဘာများ လိုသေးသလဲ...'

ထားထား ပြန်မည့်အတွက် ဝေဝေ စိတ်မကောင်း ဖြစ်နေမှန်း မပြော



BURMESE CLASSIC .com

www.burmeseclassi.com



ဘဲနှင့် ရိပ်မိသည်။ ဖအေ့အတွက် ကြောင့်ကြနေမှန်း၊ ပူပင်နေမှန်းမပြောဘဲနှင့်သိသည်။ ကြောင့်ကြတာတို့၊ ပူပင်သောကရောက်တာတို့၊ ထို့ပြင် ဝေဝေ့စိတ်ကို ထိခိုက်မည့်၊ ဝေဝေ့စိတ်ကို ညှဉ်းပန်းမည့်၊ ဝေဝေ့ပျော်ရွှင်ခြင်းကို နှောင့်ယှက်ကြမည့် အရာအားလုံးသည် သူ့အမြင်၌ ကမ္ဘာရန်ပင်...။

သူ့လက်ထဲ ရောက်လာပြီးနောက် ဝေဝေ လွတ်လပ်စွာ ပျော်ရွှင်နေရမည်။ စိတ်ပူစရာ စိတ်ညစ်စရာတွေ၊ တာဝန်တွေ ပြင်ပမှ ဝန်းဝိုင်းလာလျှင် ကာကွယ်ရန် အဆင်သင့် ရှိထားလေသည်။ ဝေဝေဆိုသော ပန်းကလေး အမြဲတမ်း လန်းနေရမည်။ ဝေဝေဆိုသော ပန်းကလေး အမြဲတမ်း မွှေးနေရမည်။ နှင်းဆီရိပ် ဆိုးထားသည့် မညိုးပန်းပွင့်လေး၏ ပန်းရင့်သွေးကို အဖျော့မခံနိုင်။

အရွယ်နှင့်မမျှ သူ့ခေါင်းပေါ်၌ ပုံကျနေသော တာဝန်တွေဖြင့် ခြောက်ကပ်ကပ် နေရရှာသော ဘဝအား တသက်သက် သနားရသည်။ ဝေဝေ၏ လွတ်လပ်ပျော်ရွှင်ရေးကို သူ့အပြင် မည်သူမျှ မဖန်တီးနိုင်ဟု စွဲမြဲ ယုံကြည်ထားလေသည်။

'ထားထားက ဘာပြောသေးသလဲ ဝေဝေ'

ဝေဝေသည် တင်းစွာစေ့ထားသော နှုတ်ခမ်းကို မဟာတဟ ပွင့်ပြီးလျက် 'ဖေဖေ့ဆီကို ခဏခဏ သွားကြည့်ဖို့ မှာတယ်ကို'ဟု ကြည်လဲ့သော အသံလေးဖြင့် ပြန်ပြောလေသည်။

ဖေဖေ့ဆီကို ခဏခဏ သွားခွင့်မပေးချင်သော ဦးစောဟန်မှာ မှုန်ကုပ်သွားလေသည်။ သားအဖချင်း မတွေ့စေချင်လိုတော့ မဟုတ်ပေ။ ရောဂါကူးမှာကို စိုးရိမ်ရလေသည်။ ဝေဝေအား ချစ်လွန်း၍ ခုနစ်ရက်ကို အနိုင်နိုင်နေနေခဲ့ခြင်းပင် စိတ်ထဲ၌ သယ်မသန့်လှပေ။ ဝေဝေ့အတွက်လည်း ဆရာဝန်နှင့် စမ်းသပ်ကြည့်ချင်သေးသည်။ ချက်ချင်းလုပ်ရန် မကောင်းတတ်သေး၍သာ။

'တစ်နေ့တစ်ခေါက် သွားကြည့်ပေ့ါ။ သွားရင် ပူးပူးကပ်ကပ် မနေတာ



BURMESE CLASSIC .com

www.burmeseclassi.com



ကောင်းတယ်။ ရောဂါကူးစက်မှာများတော့ သိပ်စိုးရိမ်တာပဲ ဝေရယ်။ ဝေ့အတွက် လွှတ် စိတ်ပူတာပဲ...'

ဝေဝေသည် ငိုချင်သွားသည်။ အိမ်ချင်း ကပ်နေကြ၍ ကူးလိုက်သန်းလိုက် နေမည်ဟု ကြိုတင်တွေးတော စိတ်ဖြေထားသူမို့ တစ်နေ့တစ်ခေါက်သာ သွားရန် ကြားရသည့်အဖြစ်က ရင်ကို ဖျစ်ညှစ်ထားသလို အသက်ရှူမှားသွားလေသည်။

လွှတ် စိတ်ပူတာပဲ ဆိုသည်မှာလည်း အမှန်၊ အမှန်... လွှတ်ချစ်နေသဖြင့် လွှတ်စိတ်ပူနေမှန်း တစ်ဖက်က စိတ်လည်းသိ၏။ ဖခင်ထံသို့ ဧည့်သည်တစ်ယောက်ကဲ့သို့ ခပ်ခွာခွာကနေ သတင်းမေးသွားရန် မကြုံဝံ့မကြားဝံ့ ရှိလှသည်။

သည်ဘက်အိမ် ကူးနေသော ဝေဝေ့စိတ်မှာ တစ်ဖက်အိမ်သို့သာ ရောက်နေ၏။ သည်ဘက်အိမ်က ဟိုဘက်အိမ်ကို လှမ်းစိတ်ပူနေတတ်သည်။ ကိုယ့်အိမ်ကြီး ကိုယ်ပြန်ပြီး၊ မျက်ရည်အပြည့်နှင့် ကြည့်ကာ အိမ်ထဲက ဖခင်ကို တမ်းတလျက် နေမိ၏။ အခု ထိုင်နေရင်းပင် ဖခင်ကို သတိရနေသည်။ ဒီအချိန်ဆိုလျှင် စွပ်ပြုတ်ရည်သောက်ချိန်၊ ကြိမ်ပက်လက် ကုလားထိုင်ကြီးပေါ်မှာလား၊ အိမ်ပေါ်များလား၊ တစ်နေ့တစ်ခေါက်ပဲ လာရမယ်တဲ့ ဖေဖေရယ်...'

အိမ်ပေါ်က ဆင်းလာကတည်းက မျက်စိမှိတ်ပြီး ဆင်းလာခဲ့ရသည်။ လက်ထပ်စဉ်ကလည်း မျက်စိမှိတ်ပြီး လက်ထပ်ခဲ့ရသည်။ ယခုလည်း တစ်နေ့တစ်ခေါက် သွားဖို့ရန် မျက်စိမှိတ်ပြီး လိုက်နာရပေဦးတော့မည်။

ဝေဝေ၏ အိမ်ထောင်ရေးတွင် ကြိတ်မှိတ်ပြီးလုပ်ရန် ပြဿနာတွေ မြောက်မြားစွာ ရင်ဆိုင်စရာရှိသဖြင့် ရှေ့လျှောက်၍ နှလုံးခိုင်ခိုင်နှင့် ကြိတ်မှိတ်နိုင်အောင် ကျင့်ရတော့မည်။

ဦးစောဟန်သည် အရက်ဖန်ခွက်ကို ကိုင်လျက် ဝေဝေ့နားသို့ ထလာခဲ့သည်။ ဝေဝေ ထိုင်နေသော တစ်ယောက်ထိုင် ဆိုဖာလက်တင်ပေါ်၌



BURMESE CLASSIC .com

www.burmeseclassi.com



ထိုင်လိုက်ကာ ပခုံးကလေးကို သိုင်းဖက်လျက် 'မမှိုင်နဲ့ ဝေရယ်၊ ပြုံးလေ ပြုံးလေ... ပြုံးလေ'ဟု ငို၍ ထပ်ကာထပ်ကာ တီးတိုးပြောနေ၏။

ဝေဝေ၏အပြုံးကလေးမှာ အင်မတန် ချစ်ဖွယ်ကောင်းသည်။ ထို အပြုံးကို သူ စွဲခဲ့၏။ ထိုအပြုံးကို ဝေဝေ၏ နှုတ်ခမ်း၌ မတွေ့ရစေကာမူ ပါးအို့ကလေးပေါ်၌ တင်နေသော အပြုံးကို မြင်၍ ကျေကျေနပ်နပ် ဝေဝေ့ ပခုံးကလေးကို ဆုပ်ဖျစ်ကာ အရက်ကို မော့လိုက်လေသည်။

ဦးစောဟန်သည် ရွှင်လန်းပေါ့ပါးသော အပြုံးဖြင့် ဝေဝေ့ကို ခပ်ညှု ညှု ကြည့်ကာ 'နေ့လယ်က ဝေ အိပ်ပျော်ရဲ့လားဟင်'ဟု ဆို၏။

'ပျော်သွားတယ်... ဝေ နိုးတော့ အပေါ်မှာ ပူတာနဲ့ အောက်မှာ ဆင်းနေတယ်'

'ပြီးတော့ကော...'

'ပြီးတော့... ဝေ ပျင်းလို့စာဖတ်တယ်။ စာဖတ်တုန်း ဆာတာနဲ့ လိမ္မော်သီး စားတယ်'

'လိမ္မော်သီး စားတယ်လား။ ဘယ်နှလုံးကုန်အောင် စားသလဲ'

'တစ်လုံး...'

ဖန်ခွက်ကို ကော်ဇောပေါ်သို့ ကုန်း၍ ချလိုက်ကာ...

ဝေဝေ ထောင်ပြထားသော လက်ညှိုးကလေးကို ဖမ်းဆုပ်လျက် သူ့ဘက်သို့လှည့်၍ လည်တိုင်ကြော့ကို မော့ပြီး ပြောသော မျက်နှာကလေးကို တောက်ပြောင်သော မျက်လုံးဖြင့် စိုက်ပြီး ကြည့်လေ၏။ မျက်နှာလေးမှာ သိမ်မွေ့နေ၏။ အပြစ်ကင်း၏။ သန့်ရှင်းနူးညံ့သော ကလေးမျက်နှာလေး အတိုင်းပင်။

ချိုလှသော မျက်နှာဖြင့် ဝေဝေ၏ နဖူးနားသို့ ကပ်ကာ 'နောက်ကို လိမ္မော်သီး များများစားနော်... နော်... စားပြီးတော့ကော'ဟု ဆက်လေ၏။

ဝေဝေ့မှာ ဦးစောဟန်အိမ်ရောက်၍ ရက်သတ္တ နှစ်ပတ်ဖြင့်ပင် ဦးစောဟန် ဆွဲထားသော ဇယားအတိုင်း စည်းကျသွားပေပြီ။



BURMESE CLASSIC .com

www.burmeseclassi.com



နံနက်... ကိုနှင့်အတူတူ ထ ရသည်။ မျက်နှာအတူတူ သစ်ရသည်။ မျက်နှာသစ်ပြီး မှန်ထဲတွင် ဝေဝေက ရှေ့ကထိုင်လျက်၊ ကိုက နောက်က ရယ်လျက် ခေါင်းဖြီးကြသည်။ အိမ်အောက်က ငွေမောင်းသံ မကြားမချင်း အခန်းထဲက မထွက်ရ။ လက်ဖက်ရည်စားပွဲတွင် သွားသောက်မည့် နံနက် အဝတ်ကို ရွေးပေးသည့်အတိုင်း ဝတ်လိုက်သည်။ နံနက်ဘက်တွင် အင်္ကျီ အဖြူနှင့် အဖြူခံ၊ အဖြူများများပါသော ထဘီမျိုး ဝတ်မှကြိုက်သည်။ အိမ်ပေါ်စီးရမည့် အသားကပ် ဖိနပ်ကလေးနှင့် လှေကားမှ ခါးဖက် ခေါ်ချ လာသည်။

စားပွဲတွင် မတ်မတ်ကလေး ထိုင်နေရသည်။ ကွစ်ကားအုပ်နှင့်နွားနို့ တစ်ပန်းကန် သောက်ပြီးမှ ကြက်ဥနှင့်ပေါင်မုန့်ကျွေးကာ ခပ်ကျဲကျဲ ကော်ဖီ သောက်ရသည်။

ရောက်စက မောင်မြကို ကိုမြ ခေါ်မိ၍ မောင်မြခေါ်ရန် တင်းတင်း ကျပ်ကျပ် တိုက်တွန်းသည်။ လက်ထပ်ပြီး ထမင်းခူးစားသည့် နေ့၌ အိမ်စောင့် ဒရဝမ်နှင့် ထမင်းချက် ကုလားအဘိုးကြီးမှာ သစ်ပေ့ဆိုသည့် အဝတ်အစားများ ဝတ်ကြလျက် ဝေဝေ့ရှေ့မှောက်သို့ လာပြီး ဆလံပေး နှုတ်ဆက်ကြရသည်။ ထမင်းချက် ကုလားအဘိုးကြီးနာမည်ကို မေးစရာ မလို...။ ဦးစောဟန် ခေါ်သည့်အတိုင်း 'ကွတ်'ဟုပင် ခေါ်လိုက်သည်။

ဒရဝမ်သည် နေ့ညမပြတ် အိမ်ရှေ့၌ စောင့်ရကာ ခေါ်သွင်းမှ အိမ်ထဲ ဝင်သည်။ ကွတ်သည် နေ့ညမပြတ် မီးဖိုထဲနေရာ ခေါ်ထုတ်မှ အပြင် ထွက်သည်။ မောင်မြမှာ ထမင်းစားချိန်ပြီး၍ အားလပ်ခွင့်ရသည့်အချိန်မှ တစ်ပါး တစ်ချိန်လုံး တစ်အိမ်လုံး အလုပ်ကို စည်းစနစ်ကျနစွာ လုပ်သွား သည်ကို တွေ့ရသည်။ အိပ်ရာပြင်၊ အိပ်ခန်းရှင်း၊ ဧည့်ခန်းသိမ်း၊ စားပွဲထိုး၊ ခရင်းတိုက်၊ ပန်းကန်သုတ်၊ ဘယ်ကြည့်ကြည့် သန့်အောင်၊ ပြောင်အောင် လှအောင် လုပ်ထားသော သေသေသပ်သပ် လက်ရာများသည် မိန်းမ မသာနိုင်ပေ။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေဝေ့မှာ ကော်ဖီသောက်ပြီး၊ အိမ်ရှေ့ဧည့်ခန်းသို့ ကူးလာကာ အလုပ်သွားမည့် ဦးစောဟန်အတွက် ဖောင်တိန်မင်ထည့်ပြီး ချိတ်ပေးရသည်။ စီးကရက်ဘူးထဲ စီးကရက်ထည့်ကာ ဘောင်းဘီအိတ်ထဲ ထည့်ပေးရသည်။ လက်ပတ်နာရီ အချိန်တိုက်ကာ ပတ်ပေးလိုက်ရသည်။ ဤအလုပ်များသည် ဝေဝေ၏ နံနက်ခင်းအလုပ် ဖြစ်ချေသည်။

ထမင်းကို နေ့လယ် (၁၂)နာရီ အလုပ်က ပြန်လာမှ စားကြသည်။ ထမင်းစားပွဲတွင် လက်နှင့် နယ်ပယ်စားချင်သောစိတ်ကို ဖျောက်လျက်၊ လက်နှင့် ပါးစပ် မထိရသော ယဉ်ကျေးမှု အလေ့အကျင့် လုပ်ရလေသည်။ ထမင်းကို စားသာစားရသည်။ တင်းတိမ်လှသည်မရှိသဖြင့် အိမ်ဘက်သို့ ကူးသွားသော အခါမျိုးတွင် နောက်ဖေးပြေးဝင်လျက် ထမင်းကို ဆီချက်ဆမ်းကာ ပုစွန်ခြောက်မှုန့်၊ ငရုတ်သီးနိုင်းချင်းနယ်ပြီး စားလိုက်မှ တင်းတိမ်သွားလေသည်။

ဒေါ်သက်မှာ ချိုးကြောင်ချိုးဝှက် ဟျာယီးဟျာယာ စားနေသော အဖြစ်ကို ကြည့်လျက် 'ဝေဝေရယ်... ညည်းမြင်ရတာ ငါ မသက်သာလိုက်တာဟယ်...' ဟု ညည်းနေလေသည်။

ဝေဝေ့မှာ ကိုယ့်အိမ်ထဲတွင် ဧည့်သည်တစ်ယောက်ကဲ့သို့ အဝတ်လဲထားရ၊ ဟန်လုပ်စားရ၊ ဖိနပ် အစဉ်စွပ်ထားရသည့် ဘဝကို ကျဉ်းကျပ်လှသဖြင့် ဦးစောဟန် အလုပ်သွားတာနှင့် အပေါ်တက်၍ အခန်းထဲတွင် ဖိနပ်ချွတ်ပြီး လွတ်လပ်စွာ သွားနေတတ်သည်။ ထမင်းစားပြီး မအိပ်ချင်မနေရ၊ နေ့လယ် တစ်ရေးအိပ်ရသည်။ အထူးသဖြင့် ညပိုင်း၌ကား အဝတ်အစား သစ်များဖြင့် ပြင်ဆင်ဖြီးလိမ်းလျက် စိတ်အိုက်စွာ နေရစားရကာ မိုးချုပ် အိမ်ပေါ်တက်တော့မှ တစ်နေ့ ဝဋ်ကျွတ်သည်ဟု ထင်ပေတော့သည်။

ဦးစောဟန်သည် သူအလုပ်သွားနေသည့်အတွင်း ဘာလုပ်သည်၊ ဘယ်လိုနေသည် စသည်များကို သိချင်သည်။ ကလေးကလေးကို စစ်မေး

www.burmeseclassi.com



သလို အမြဲ မေးလေ့ရှိ၏။ ဝေဝေ့မှာ ဦးစောဟန် ပြန်လာလျှင် စီကာစဉ်ကာ နှင့် ပြောပြရလေသည်။

'စားပြီးတော့ ဆွယ်တာထိုးပြီး မမထားဆီ ကူးသွားတယ်'

'နေမပူဘူးလား ဝေရယ်၊ မောင်မြဲ ထီးဆောင်း မပို့ဘူးလား'

နောက်မှ ထီးတော်မိုး မောင်မြဲ လိုက်လျှင် လမ်းမလျှောက်တတ် သလို ခြေလှမ်းမှားသည်။ ဟိုကသည်က မြင်ကြတာလည်း ရှက်သည်။ ကြွားဝါရာကျ၍ ထီးမိုးပြီးထီးအောက်၌ ချွေးစို့လျက် ပူထူနေတတ်ပေသည်။

'ဒီလိုပဲ ကူးသွားတယ်။ မခေါ်မိဘူး'

ဦးစောဟန်မှာ အလိုမကျသော မျက်နှာဖြင့် ခေါင်းခါပြပြီးမှ 'နောက် ကို မောင်မြဲမပါရင် နေပူထဲ မသွားရဘူးနော်'ဟု ဆိုနေသည်။

ဝီစကီအနံ့သည် နှာခေါင်းတွင် ဝေ့နံနေသည်။

ဝေဝေသည် ဝီစကီနံ့ကို နှာခေါင်းယဉ်စ ပြုလာလေပြီ။ အိမ်တွင် ဝီစကီ၊ ဘရန်ဒီ၊ ဘီယာ၊ ဝိုင်၊ ရှန်ပိန်၊ အရက်ပုလင်း မျိုးစုံထားသည်။ အရက်ပုလင်းတွေ ဖောခြင်းသောခြင်း ရှိပေမယ့် နေ့မလင်းညမလင်း သောက် သောသူ မဟုတ်ဘဲ၊ စည်းနှင့်ကမ်းနှင့် အချိန်နှင့်သောက်သဖြင့် အရက် သောက်သည့်အတွက် ကြီးကြီးကျယ်ကျယ် စိတ်အနှောင့်အယှက်မဖြစ်ရပေ။

ညနေ အလုပ်ကအပြန် ထမင်းမစားသေးခင် ဖန်ခွက်ကို လက်ကမချ ကိုင်လျက် နားနားနေနေ သောက်နေကာ ညစာစားတော့မှ လက်ကချ လိုက်တော့သည်။

ဆည်းဆာရောင်မှာ ရဲတောက်လာလေသည်။ ဦးစောဟန်သည် ဝေဝေနှင့် တည့်နေသော ဆိုဖာပေါ်သို့ ပြောင်းထိုင်လိုက်သည်။ ပြတင်းက ဝင်နေသော လေဖြင့် ခေါင်းထဲတွင် ရီတီတီဖြစ်နေလေသည်။ ဝေဝေ့မှာ ဦးစောဟန် အနားမှ ထသွား၍ စိတ်သက်သာစွာဖြင့် နောက်သို့မှီလျက် တံခါးပေါက် အပြင်က ကောင်းကင်ကို ငေးနေသည်။ ကောင်းကင်၌ နှင်းဆီ ရောင် တိမ်တိုက်တို့ဖြင့် လွှမ်းထားလေသည်။ ဦးစောဟန်မှာ နောက်



BURMESE CLASSIC .com

www.burmeseclassi.com



တစ်ဖန်ခွက်စပ်ကာ မျက်လုံးများ မှေး၍ တစ်ကျိုက် နှစ်ကျိုက် ကျိုက်ရင်း ညနေ တိမ်တောက် ဝင်းဝင်းရဲရဲထဲက ဝေ့ကို စင်းကြည့်နေသည်။

ချစ်လှသည့် ဝေ့ကို ရှေ့မှာထားကာ ကြိုက်လှသည့် အရက်ကို တမြမြ သောက်နေခြင်းဖြင့် ဇိမ်ယူနေစဉ်၊ ထားထားသည် လိုက်ကာကို ဖယ်ကာ အထဲသို့ ဝင်လာသဖြင့် ဖန်ခွက်ကို အောက်ချကာ ထရပ် ကြိုလိုက်သည်။

'ထားထား မနက်ဖြန် ပြန်မယ်ဆို'

ထားထားသည် သူ့လက်ထဲမှ စာအိတ်ကို ဝေဝေ့သို့ ကမ်းပေးလိုက်ကာ 'ဟုတ်ကဲ့ ပြန်ဦးမှပဲ'ဟု လှည့်ပြောကာ နှစ်ယောက်ထိုင် ဆိုဖာတွင် ဝင်၍ထိုင်သည်။

ဦးစောဟန်မှာ သူ့နေရာသူ ပြန်မထိုင်ဘဲ ဖန်ခွက်ကို ကောက်ယူခဲ့လျက် ထားထားဘေးတွင် လာထိုင်လေသည်။

'ဘာစာလဲ ဝေဝေ'ဟု လှမ်းမေးလိုက်ပြီးနောက် 'ဦး နေကောင်းရဲ့လား'ဟု ထားထားအား မေးနေ၏။

ဝေဝေသည် စာအိတ်ထဲမှ စာကိုဖွင့်နေပြီး 'မေမေ့ဆီကစာပါ'ဟု ထားထားက ဝင်ပြောလေသည်။

'ဖေဖေ နေကောင်းပါတယ်။ အမောအပန်းတော့ တယ်မခံနိုင်ဘူး။ သွေးတော့ တစ်ခါတစ်လေမှ ပါလေဟန်လောက်ပါပဲ'

'အသက်ကလည်း ကြီးတော့ အမောအပန်း သိပ်မခံနိုင်ဘူးပေါ့။ အနားယူနေတာ ကောင်းပါတယ်'

ဝေဝေ စာဖတ်နေပုံကို အကဲခတ်ကြည့်နေရင်း ထားထားကိုလည်း စကားပြောလေသည်။ စာဖတ်နေသူ၏ မျက်နှာကလေး ညှိုးလာသည် ထင်မှတ်၍ ဘွားသီလရှင်က ဘာများ အပူတပ်နေပြန်သလဲဟု စိတ်ထဲ ထင့်သွားသည်။

ဦးစောဟန်မှာ ဝေဝေအား သီလရှင်နှင့် ပတ်သက်၍ အမေးအမြန်း မရှိဖူးပေ။ အိမ်ကြီးပစ်ကာ လွတ်ရာလွတ်ကြောင်း သီလရှင်သွားလုပ်သည့်



BURMESE CLASSIC .com

www.burmeseclassi.com



မိန်းမကို နည်းနည်းမှ အထင်မကြီးနိုင်ပေ။

ဝေဝေသည် စာထဲတွင် စိတ်ဝင်စားနေကာ ပြောနေသော စကားများကို မကြားတစ်ချက်၊ ကြားတစ်ချက်။

စာမှာ ထူးဆန်းလေသည်။ တရားသံ၊ စာသံ သိပ်မပါဘဲ အိမ်ထောင်ရေး ဆုံးမစာတွေကို ဖတ်နေရသည်။

**ချစ်သမီး**

အိမ်ထောင်ပြုခြင်း၊ ဘုရားတည်ခြင်း၊ ဆေးမင်ရည် စုတ်ထိုးခြင်း ဤသုံးရပ်သည် စိတ်တိုင်းမကျက နောင်ပြုပြင်ရန် ခက်ကြောင်း ရှေးပညာရှိများ မှာကြားဆုံးမခဲ့ခြင်းရှိသည်။

လင်ရ မရှုံးရန်၊ လင်ကံမဆိုးရန် ဆင်ခြင်ရွေးချယ်တတ်ဖို့ အရေးကြီးပေသည် သမီး။

ငါ့သမီး၏ အိမ်ထောင်ရှင် လင်သား၌ ပြည့်စုံတဲ့ လောကဂုဏ် အရည်အသွေးတွင် စိတ်ဓာတ်ကောင်းမြတ်သည့် အရည်အသွေးလည်း ပြည့်စုံမှ ဖြစ်မည်။

မယ်တော်၏ ပြီးခဲ့သော အိမ်ထောင်သက်၌ မိဘများ ထိမ်းမြား ပေးစား၍သာ မိဘ စိတ်ချမ်းသာအောင် အိမ်ထောင်ပြုလိုက်ရသည်။ လင်ယူခြင်း၊ သားမွေးခြင်း လောကအကြောင်းကို နဂိုကကိုပင် မနှစ်သက်စိတ် ရှိသည်။ သမီးဖခင်နှင့် အတူနေထိုင်စဉ် မယ်တော် စိတ်ချမ်းသာရန် ဆန္ဒအလို လိုက်လျောခြင်းဖြင့် ဝါတွင်းတိုင်း တရားအားထုတ်ခွင့်ရရှိခဲ့သည်။ သူ၏ စိတ်သဘော ပြည့်ဝခြင်းကြောင့်သာ တရားအားထုတ်ခွင့် ပေးခြင်း ဖြစ်သည်။ သားမောင်နေဦး ရပြီး ကိုယ်မနှစ်သက်သည့် လူ့ဘောင်ကို စွန့်ရန် အားခဲသေးသည်။ မိခင်ပေါ်၌ ကောင်းရှာသော သမီးဖခင်ကို ငဲ့သည့်အတွက် စက်ဆုပ်ဆုပ်ဖြင့်ပင် ဇွတ်နှစ်နေခဲ့ရသည်။ အိမ်ထောင်သည်ဘဝ မပျော်ပိုက်ဘဲ စိတ်ဆင်းရဲရဲနှင့် သားသမီးများ



BURMESE CLASSIC .com

www.burmeseclassi.com



ကြီးပြင်းအောင် စောင့်လျက် တစ်နေ့နေ့ ထွက်ရန်သာ အာရုံထား နေသည်။ နောက်ဆုံး ကိလေသာ အနှောင်အဖွဲ့က ရုန်းထွက်လိုက်သော မိခင်ကို နှောင့်ယှက်ခြင်းမရှိ၊ သဒ္ဓါကြည်ဖြူ ခွင့်ပြုလျက် နေရေးထိုင်ရေး ချောင်ချိအောင် ထောက်ပံ့နေသည့်အတွက် ကြောင့်ကြ ကင်းဝေးကာ တရားအားထုတ် နေနိုင်သည်။ သည်လင်သား၏ ဂုဏ်ကျေးဇူးမှာ မိခင်ပေါ်၌ ကြီးမားလှသည်။

မိခင်မှာ ဘဝ၏ အတိတ်ကံဖြင့် လင်သူတော်ကောင်းနှင့် ပေါင်းဖက်ခဲ့ရသည်ဟု ဆိုရပေမည်။ သမီးအဖို့ရာတွင်လည်း မိခင်ကဲ့သို့ လူကောင်းသူကောင်းနှင့် တွေ့ကြုံဆုံစည်းစေရန် ဆုတောင်း မေတ္တာပို့သလျက် ရှိနေရသည်။

ဝေဝေသည် စာဖတ်ပြီး စာရွက်ကို လက်ကမချ စိုက်လျက်ပင် အတွေးများဖြင့် ငေးငိုင်နေပေသည်။ မိခင် ဘွားသီလရှင်ထက် ဖခင်ကိုသာ ကြည်ညိုမိလေသည်။ ကိုယ့်အလိုဆန္ဒ ချုပ်တည်းလျက် သူ့အလိုဆန္ဒ ဖြည့်စွက်တတ်သော စိတ်နေစိတ်ထားကို မျက်မှောက်၌ မျက်ဝါးထင်ထင် မြင်တွေ့နေရသည်။ တစ်ပါးသူကို စိတ်ကျဉ်းမြောင်းအောင် မပြုလုပ်ဘဲ အလိုမကျလည်း မဆန့်ကျင်ဘဲ မျိုသိပ် ချုပ်တည်းထားနိုင်သော စိတ်ဓာတ်ကို ချစ်ကြည် မြတ်နိုးလာသည်။ အားကျ အတုခိုးလိုလာသည်။

ခါတိုင်းလိုပင် သည်စာကို ဖခင်အား ပေးပြီး ဖတ်ပြလိုက်ချင်သည်။ မည်မျှ ဝမ်းသာလိုက်မည်နည်း။

'ချာတိတ်... ဘာတွေပါလို့လဲ။ ငေးနေတယ်'

ဝေဝေသည် စာရွက်ကို ခေါက်လျက် 'အကြောင်းမထူးပါဘူး။ ဆုံးမစာ ရေးတာပါ'ဟု ပြောပြောဆိုဆို ထားထားသို့ ကမ်းပေးလျက် 'ဖေဖေ့ကို ဖတ်ပြလိုက်နော်'ဟု မှာနေသည်။

'ထားထားရေ၊ စစ်ကိုင်းက စာတွေ ခဏခဏ လာနေရင် ချာတိတ်



BURMESE CLASSIC .com

www.burmeseclassi.com



မယ်သီလရှင် လုပ်သွားမှာ စိုးရတယ်။ ကိုတော့ ဆီတို့ ဆန်ဆန်တို့မပေးဘူး နော်၊ ဒါပဲ'

ဦးစောဟန်က နောက်လိုက်သည်။ ထားထားသည် ပြုံးလျက် တွေး နေကာ၊ ဦးစောဟန် ရယ်သံစွဲသွားမှ သူ့ထင်မြင်ချက်ကို ဖွင့်ပြောသည်။

'သူလား၊ သူ့လောက် သံယောဇဉ်ကြီးတတ်တာ၊ ဘယ်တော့မှ မယ်သီလရှင် ဖြစ်မှာမဟုတ်ဘူး။ ဝေးပါသေးတယ်'

'ဖြစ်ချင်းဖြစ် မမထားပဲ ဖြစ်မှာပါနော်'ဟု ဝေဝေက တည်တည်နှင့် ရယ်စရာ ဝင်ပြောလိုက်လေသည်။

မီးရောင် လင်းသွားသည်။ မောင်မြသည် ထားထားအတွက် ဘီလပ် ရည် ထည့်ယူလာရာ 'ထားထား ရှန်ပိန်သောက်မလား' ဟု ဖြတ်မေး လိုက်သဖြင့် 'ဒါတွေ မသောက်ဘူး၊ ကျွန်မ စစ်ကိုင်းသွားမှာ'ဟု ရယ်ပြော နေသည်။

ဦးစောဟန်သည် လက်ထဲမှ အရက်ခွက်ကို တော့ကျိုက်ချလိုက်ပြီး၊ ဖန်ခွက်ကို ချကာ ကိုယ်ကို ကွလျက် ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါ ဆွဲထုတ်၍ မျက်နှာသုတ်လိုက်သည်။ လည်ချောင်းရှင်းသလို ချောင်းတစ်ချက် ဟန့်ပြီးနောက် ထားထားဘက်သို့ ခပ်ပြုံးပြုံး လှည့်ပြောသည်။

'ထားထားလာတုန်း တိုင်ရဦးမယ်။ ချာတိတ်လေး သိပ်ဆိုးတာပဲ။ ဝမ်းနှုတ်ဆေးတိုက်ရင် အားကြီး ချေမျှားတာပဲ၊ မသောက်ချင်ဘူး။ ကြက်ဥ တို့၊ နွားနို့တို့လည်း သိပ်မစားဘူး။ ညှီတယ်တဲ့။ ချဉ်ချဉ် ငရုတ်သီး စပ်စပ် တွေ စားချင်တယ်။ ပြီး ဟို... ရေကိုချက်သောက်တာလည်း အားမရဘူးတဲ့၊ ရေစိမ်းပဲ သောက်နေတယ်'

ဦးစောဟန်မှာ သည်လို ပြောရတာကို နှစ်သက်သည်။ ပြောလို့ မြိန်သည်။ ဝေဝေမှာ နှုတ်ခမ်း မဟာတဟာ ရွရွကလေးပြုံးလျက် မျက်လွှာ ချကာ လက်ဝါးကို လက်နှင့် ပွတ်နေလေသည်။

ထားထားသည် ဝေဝေ့အား လှမ်းကြည့်နေ၏။ ဝေဝေ၏ အပြင်ပန်း



BURMESE CLASSIC .com

www.burmeseclassi.com



အမူအရာ အကဲကို အမှတ်မထင်ပြုလျက်၊ နှလုံးသားထဲ ဘာရှိမည်ကို ထွင်းဖောက် မြင်ကြည့်နေလေသည်။

(၁၂)

'ဖေဖေ'

ဝေဝေသည် ဦးဘိုးသိန်း ခုတင်ဘေးတွင်ရပ်ကာ ငုံ့လျက် ခပ်တိုးတိုး ခေါ်လိုက်လေသည်။

ဒေါ်သက်သည် ခုတင်ပေါ်၌ ထိုင်လျက် ဦးဘိုးသိန်း၏ ဘဝင်ကို အုပ်နှိပ်ထားသည်။ ကိုနေဦးသည် ပက်လက်ကုလားထိုင်ပေါ်၌ လှဲလျက် နဖူးပေါ်တွင် လက်တင်ကာ မှိန်းနေသည်။ အခန်းထဲသို့ ဝေဝေရောက်လာမှ လှဲနေရာက ထိုင်ပြီး ခုတင်ဘက်သို့ လှည့်ကြည့်နေ၏။

ဝေဝေမှာ 'ဘဘကြီး မောနေတယ်'ဟု မယ်အေး လာပြော၍ ခေါင်းနားပန်း ကြီးသွားကာ ပြေးလာခဲ့သည်။ ဦးစောဟန်မှာ နံနက်စောစော ကပင် ဝါးခယ်မသို့ သွားလေရာ နေ့လယ်မှ ပြန်ရောက်ပေလိမ့်မည်။

ဦးဘိုးသိန်းမှာ ရုတ်တရက် မျက်စိမဖွင့်သောကြောင့် 'ဖေဖေ'ဟု ထပ်ခေါ်လိုက်ပြန်သည်။

ဦးဘိုးသိန်းသည် နဖူးပေါ်၌စို့နေသော ချွေးများကို လက်ကိုင်ပဝါဖြင့် အသာ သုတ်နေလျက် နောက်မှ မျက်လုံးများ ဖွင့်ကြည့်သည်။ အမောဒဏ် ကြောင့် ပန်းလျသွားသည့် လက္ခဏာမှတစ်ပါး မျက်နှာကြည့်ရတာ ကောင်း သည်။

'ဘယ်လိုနေသေးသလဲ ဖေဖေ'

ပူးပူးကပ်ကပ် မနေပါနှင့်ဟု မှာထားသော ဦးစောဟန်၏ စကားမှာ အမှတ်မရတော့ဘဲ၊ ဖခင်၏ ဘေးနားတွင် ဝင်ထိုင်လျက် ခေါင်းအုံးဘေး နားက ယပ်တောင်ယူကာ သာသာညင်းညင်း ခတ်ပေးလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



'စောစောက ချောင်းဆိုးပြီး အတော်မောသွားတယ်။ ခုတော့ ခံသာပါပြီ သမီးရယ်'

ဝေဝေသည် ရင်ထဲက မချမ်းသာလျက်နှင့် မျက်နှာချိုချိုသာသာထားကာ ဖခင်ကို ရွှန်းရွှန်းစားစား ကြည့်နေသည်။

'မနက်က အိပ်ရာက ထတုန်းက လန်းလို့ပဲ။ အောက်တောင်ဆင်းမလို့၊ မဆင်းပါနဲ့ကွယ်လို့ ပြောရသေးတယ်။ နို့ဆန်ပြုတ်သောက်ပြီး ချောင်းဆိုးလိုက်တော့ သီးသွားတယ်။ မောနေတာအေ... မျက်လုံးကို လည်နေတာပဲ။ မောင်နေဦး ရောက်လာပေလို့ပဲ။ ဆရာဝန်ခေါ်ခိုင်းပြီး ဆေးထိုးရတယ်'

'အစ်ကိုကြီးက ဘယ်တုန်းက ပြန်ရောက်သလဲ'ဟု ကိုနေဦးဘက်သို့ လှည့်မေးလိုက်သည်။ ကိုနေဦးမှာ သခင်တွေနှင့် နယ်ဆင်းတရားဟောထွက်နေသည်။ ခုတလော နိုင်ငံရေးလှုပ်ရှားသဖြင့် အလုပ်များလျက်ရှိသည်။ ဌာနချုပ်မှ ပေးပို့သော ညွှန်ကြားလွှာအတိုင်း စည်းရုံးရေးအလုပ်များဖြင့် တောဆင်းနေရသည်။

'ညကမှ ဟိုဘက်ကမ်း ပြန်ရောက်တယ်။ စက်မှာအိပ်ပြီး မနက်စောစော ကူးလာရင်း ဝင်လာတာ။ ဦးစောဟန် မော်တော်လေးတောင် တွေ့လိုက်ရသေးတယ်။ လက်ပြသွားတယ်'

'ရေနံမြေ အလုပ်သမား သပိတ်ကြီး ရန်ကုန်မြို့ ချီတက်လာတယ်လို့ သတင်းစာထဲ ပါတယ်။ အခု ဘယ်ရောက်နေကြပြီလဲ'ဟု ဒေါ်သက်က လှမ်းမေးလေသည်။

'မကွေးရောက်လို့ ခေါင်းဆောင်တွေတောင် ဖမ်းသွားပြီ ကြီးတော်'

ဝေဝေမှာ လူမမာရှေ့တွင် ခေါင်းရှုပ်စရာ သတင်းများ မကြားစေလိုသဖြင့် စကားပြတ်အောင် 'ဖေဖေ ညကအိပ်ရရဲ့လား'ဟု မေးလိုက်သည်။

'အိပ်ရပါရဲ့။ အစားအသောက်တော့ ပျက်တယ်ကွယ်။ ထားထားဆီကို စာပြန်ပြီးကြပြီလား'



BURMESE CLASSIC .com

www.burmeseclassi.com



လူမမာမှာ ရုပ်ကောင်းသော်လည်း အသံပျက်နေသည်။ တရှောင်ရှောင်နှင့် မမာနေခဲ့ရာ၊ ဝေဝေ လက်ထပ်တုန်းက စိတ်မောမောနှင့် အတော်ပန်းသွားခဲ့လေသည်။ စိတ်ဆောင်ကာ သက်သာနိုးနိုးနှင့် အားတင်းလျက်နေသည့်ကြား၊ သက်သာလိုက် တိုးလိုက် ရှိနေသော အခြေအနေကို အားမရဖြစ်လာကာ မကြာတော့ပါဘူးဟု စွဲမြဲ မှတ်ထင်ထားသည်။

'ဖေဖေ့အတွက် ထားထား စီစဉ်တာကို ကျွန်တော် သဘောကျတယ်။ အလုပ်ကိစ္စတွေ ကျွန်တော် အားလုံး တာဝန်ယူထားပြီပဲဟာ။ ဖေဖေ သွားရင် ကောင်းပါတယ်။ ကိုသက်နှံကလည်း ကြည့်နိုင်တယ်'

ထားထားမှာ မအူပင်မှ ရန်ကုန်သို့ ပြောင်းရွှေ့ရမည်ဖြစ်၍ ဖခင်ကို ရန်ကုန်တွင် ဆေးလာကုရန် မှာနေသည်။ ကိုနေဦးသည် ဖြစ်ကတည်းက ဖခင်ကို ရန်ကုန်သို့ ဆေးကုသရန် သွားစေသချင်သည်။ ထားထားက သူ့အိမ် တွင် နေစေကာ ဆရာဝန်ကြီးများနှင့် ကုသရန် အကြံပေးချက်သည် အလွန် သင့်မြတ်သည်ဟု ထင်သည်။

'ဖေဖေ သွားရမလား သမီး'

ကိုနေဦးသည် ဝေဝေ့ကို လှမ်းကြည့်နေလေသည်။ သူ့အကြည့်မှာ သွားဖို့ တိုက်တွန်းပါဟု ခိုင်းနေသောအကြည့် ဖြစ်သည်။

ဝေဝေမှာ ဖခင်နှင့် ခွဲရဦးမည့်အတွက် ရင်ထဲ လေးသွားသည်။ ရန်ကုန်တွင် ကြာမည်ထင်၍ ဝမ်းနည်းသလိုလို ရင်ဖိုလာသေးသည်။ သို့သော် မျက်နှာထားမပျက်ပင်-

'ဖေဖေ သွားချင်ရင် သွားပါ ဖေဖေရယ်။ သွားဖို့လည်း ကောင်းပါတယ်၊ မမထားက ဖေဖေအတွက် စိတ်မချဘူး။ ဟိုမှာဆိုတော့ ဆရာဝန်ကြီးတွေ ရှိတယ်။ မမထားဆီ ဖေဖေ လာလိမ့်မယ်လို့ စာပြန်လိုက်မယ်နော်'

'ဟုတ်တယ်ကွယ်။ ငါတော့ သွားစေချင်တာပဲ'ဟု ဒေါ်သက်က ဝင်ပြောသည်။

'သွားဖို့ကောင်းတယ် ထင်ကြရင်လည်း ဖေဖေ မောင်နေဦးနဲ့ လာ

www.burmeseclassi.com



လိမ့်မယ်လို့ စာပြန်လိုက်ပေ့ါ။ အစ်မတော့ ကျွန်တော်နဲ့ လိုက်ခဲ့မှပဲ။ မောင်နေဦးတို့ ဒီအိမ်ကြီးရွှေ့နေကြ၊ မယ်အေးကို ငါ့သမီး လက်တိုလက်ရှည် ရရအောင် ခေါ်ထား'

ဦးဘိုးသိန်းသည် ကိုယ်ကို စောင်းလှည့်ကာ မှိန်းလေသည်။

တစ်ယောက်ပြီး တစ်ယောက် အခန်းထဲမှ ခြေဖျားထောက် ထွက်သွားကြရာ ဝေဝေသာလျှင် အနား၌ နေရစ်ခဲ့လေ၏။ ဝေဝေသည် ကျောခိုင်းထားသောဘက်ကထိုင်ရသဖြင့် မျက်လုံးမှ စီးကျလာသော မျက်ရည်ကို လက်ကိုင်ပဝါနှင့် သုတ်ရင်း ယပ်ခတ်ပေးနေသည်။

'ဖေဖေ သွားရမလား သမီး'ဟု မေးသည်မှာ မိမိထံမှ ခွင့်တောင်းချက်ဖြစ်၍ ဆွေးမြည့်ကြေကွဲသွားရသည်။ ဖအေနှင့် နည်းနည်းမှ မခွဲနိုင်မှန်းရိပ်စားမိသော ဖခင်၊ လင်၏ ပညက်ချက်ဖြင့် ခဏခဏ ကူးမလာနိုင်ပေမယ့် သမီးလေး ငါ့ဆီ လာချင်နေရှာတယ်။ တမ်းတ နေရှာတယ်လို့ ဖွင့်မပြောရဘဲနှင့် သိသည်မှာ အံ့ဩစရာပင်။ မမြင်ရလျှင် မနေနိုင်သော သမီးစိတ်ကို သိ၍ အလိုက်သိစွာ ခွင့်တောင်းနေသေး၏။

အခန်းထဲတွင် တိတ်ဆိတ်၍ နေ၏။ ဖခင်၏ အိပ်ခန်းကို ခင်မင်စွာ လှည့်ပတ်ကြည့်ရှုသည်။ ဖခင်အိပ်နေသော ခုတင်ကြီးမှာ မိခင်ရှိကတည်းက နှစ်ယောက်အိပ်ခုတင်ကြီး ဖြစ်သည်။ ကြာမြင့်လှပြီဖြစ်သော်လည်း ဟောင်းမြင်းသောအသွင် မပြောင်းသေးပေ။ ပွတ်လုံးပွတ်တိုင်များမှာ ခိုင်ခံ့ထူထဲလှ၏။ ခေါင်းရင်းက အထက်သို့မြင့်ချွန်နေသည့် တြိဂံပုံဘောင်မှ ပန်းပေါက်များ ဖောက်ထုထွင်းသော နေရာတွင် ပင့်ကူးမြှေးမျှင်များ တွယ်ကပ်နေသည်။

ခုတင်ဘေးရှိ စားပွဲဝိုင်းပေါ်၌ တစ်ပိုင်းက ကျမ်းစာအုပ်များ ပုံတင်လျက် တစ်ပိုင်းတွင် ဆေးပုလင်း၊ ဖန်ခွက်၊ သွားကြားထိုးတံဘူး၊ ကျောက်သလင်း မျက်မှန်၊ မုတ်ဆိတ်မွှေးနုတ်သည့် မွေးညှပ်ရှိသည်။

နံရံနှင့် ကပ်ထားသော ကိုယ်လုံးပေါ်မှန်ဗီရိုအနက်ကြီးမှာ မိခင်ရှိစဉ်က သူ့အဝတ်အစားများထည့်သော ဗီရိုဖြစ်သည်။ ဤဗီရိုကို ဤနေရာမှ



BURMESE CLASSIC .com

www.burmeseclassi.com



မရွှေ့ဘဲ ထား၏။ ပက်လက်ကုလားထိုင်ဘေး၌ စာအုပ်မှန်ဗီရိုထဲတွင် မိခင် စုဆောင်းထည့်ထားခဲ့သော ပိဋကတ် ကျမ်းစာအုပ်များရှိလေသည်။

ပြတင်းပေါက်များ၏ အခန်းမှာ လင်းနေကာ ပိတောက်ပင်ကြီး၏ အရိပ်များ ဝင်နေသည်။ ဝေဝေသည် နံရံရှိ အင်္ကျီချိတ်အထက်တွင် ချိတ်ထားသည့် ဓာတ်ပုံကြီးကိုငေးကြည့်နေလေသည်။ ကိုနေဦး ရှင်ပြုတွင် ကိုရင်မဝတ်မီ မဏ္ဍပ်ထဲ၌ စုရိုက်ထားကြသောရှင်လောင်းပုံဖြစ်သည်။ ပုံထဲတွင် မိသားတစ်စု အကုန်ပါကြသည်။ မိခင်၏ ဆံထုံး၌ စံပယ်ဖူးများ ခွေထားသည်။ လည်၌ ပုလဲကုံးနှစ်တန်း သွယ်ထားလေသည်။ မိခင်ဘေး၌ ထားထားမှာ ဆံတောက်နှင့် အပျိုပေါက်စအရွယ်၊ ဝေဝေမှာ ဆံရစ်ကလေးနှင့် ဖခင်ကို မှီကပ်လျက် ထိုင်နေကြသည်။

မိခင် ရှိစဉ်ကအတိုင်း လက်ရာခြေရာ မပျက်ရှိသော အခန်းထဲ၌ ခုတင်ထက်တွင် လျောင်းခွေနေသော ဖခင်၏ ပုံသဏ္ဌာန်ကို ကြည့်ကာ ရင်ထဲ၌ လှိုင်းထ သွားလေသည်။

မယ်အေး အခန်းထဲသို့ဝင်လာသည်။ ဝေဝေနားကပ်ကာ လေသံဖြင့် တီးတိုးပြောလိုက်သည်။

'ဘွားဘွားက အောက်ကို လာပါတဲ့။ အစ်ကိုကြီးနဲ့ ထမင်းစားသွားပါတဲ့။ အစ်ကိုကြီး စောင့်နေတယ်၊ ကျွန်မ အနားမှာ နေမယ်'

ဖခင်၏ မျက်နှာကို မမီမကမ်းလှမ်းမျှော်ကြည့်လျက်၊ ယပ်တောင်ကို မယ်အေးလက်သို့ ကမ်းလိုက်ကာ လက်ကိုင်ပဝါကလေးနှင့် မျက်လုံးကို တို့သုတ်လိုက်သည်။

ဝေဝေသည် သူ့အခန်းရှေ့မှ ဖြတ်ကျော်သွားရင်း အခန်းကို ငဲ့ကြည့်သွားလေ၏။ သူ အိပ်သော ခုတင်နှင့် သူ့မှန်တင်ခုံမှာ ဗလာကျင်းနေ၏။ ခုတင်ပေါ်တွင် ဖျာပင် မခြင်ရဘဲ ခုတင်ကြီး ဟောင်းလောင်းတွေ့ရသည်။ ဝေဝေ့အား ခပ်စိမ်းစိမ်း ဖြစ်နေကြသလို စိတ်ထဲ၌ ထင်သွားလေသည်။

'ကဲလာ... စားသွားစမ်း ကြုံတုန်းကို၊ ဘိုက လာမှာမဟုတ်သေးပါ



BURMESE CLASSIC .com

www.burmeseclassi.com



ဘူးဟ။ ခုမှ ဆယ်နာရီခွဲသေးတယ်'

ကိုနေဦးသည် ပြုံးရိပ်ပြုံးယောင်ဖြင့်ပြောကာ သူနှင့် မျက်နှာချင်းဆိုင်က ပန်ကန်ကို ဆွဲလှန်ပေးသည်။

မှတ်မိသရွေ့ လက်ထပ်ပြီး လေးငါးလအတွင်း သည်စားပွဲတွင် ပထမအကြိမ် စားခြင်းဖြစ်သည်။ အိမ်တွင် ဘိုစာများကို တင်းမတိမ်၍ သည်ဘက်အိမ် ကူးခိုက် မီးဖိုထဲဝင်ကာ နယ်ဖတ်ပုံစားလိုက်သည်။ မီးဖိုထဲ စားရတာပဲ ကောင်းသည်။ စားပွဲ၌ စားနေလျှင် တစ်ဖက်အိမ်အပေါ်ထပ်မှ မြင်နေနိုင်သည်။

နံနက်က နံနက်စာ အဝစားထားသဖြင့် ထမင်းမဆာပေ။ ငြင်းဖို့လည်း ခက်သည်။ မဆာဘူးပြောလျှင် အစ်ကိုကြီး ခနဲ့ဦးမည်။ စိတ်မကောင်း ဖြစ်ဦးမည်။ အစ်ကိုကြီးနှင့် ထမင်းအတူတူ မစားတာကြာပြီဖြစ်၍ မစားချင်ဘဲနှင့် စားရန် ဝင်ထိုင်လိုက်ရသည်။

'နင့်အကြိုက် ပုန်းရည်ကြီးမြင်တာနဲ့ မယ်အေးကို အခေါ်လွှတ်လိုက်တာ၊ နင့်အိမ်မှာ စားရမှာ မဟုတ်ဘူး။ အဝသာ အုပ်ပေတော့'

ကိုနေဦးသည် ပလုတ်ပလောင်း ပြောလိုက်ကာ ပုန်းရည်ကြီးကို ဇွန်းနှင့်ကော်၍ ဝေဝေ့ပန်းကန်ထဲသို့ လောင်းလိုက်သည်။

ဝေဝေ လက်ထပ်သွားပြီးနောက် ဝေဝေ၏ အိမ်ထောင်ရေးဘဝကို တစေ့တစောင်း အကဲခတ်လျက်၊ မကျေနပ်စရာ တွေ့ရှိသည့်တိုင် ဘာမှ မပြောဘဲ နေသည်။ ပြောလိုက်လျှင် ဝေဝေ ပိုမို စိတ်မချမ်းမသာဖြစ်မှာသိ၍ ဝေဝေ့ထိုက်နှင့် ဝေဝေ့ကံပဲဟု လျစ်လျူရှုနေလေသည်။

ဝေဝေ့မှာ ထုံပျံ့လာသော ပုန်းရည်ကြီးအနံ့ခံလျက်၊မဆာပေသည့် စားဝင်မည်ကို သိလေသည်။

တစ်ပန်းကန်လုံး မည်းချိတ်နေသော အနှံ့အပြား နယ်လူးပြီးနောက်၊ ငါးပိရည်ဆမ်းကာ ငရုတ်သီးမှုန့်တွေ ဖြူးလေ၏။

'ရော့လေ ဒီမှာ ကြက်သွန်ဖြူ ပုစွန်ခြောက်မှုန့်လည်း ထည့်နယ်'

www.burmeseclassi.com



ဒေါ်သက်က ပန်းကန်လာချသည်။

'ကြီးတော် မစားသေးဘူးလား'ဟု ဝေဝေက မေးသည်။

'နောက်မှ စားမယ်၊ စားကြ၊ ငါ ရေချိုးလိုက်ဦးမယ်'ဟု ဆိုကာ မီးဖိုဘက်သို့ ထွက်သွားလေသည်။

ဝေဝေမှာ ကြက်သွန်ဖြူကို မနှိုက်ဝံ့ပေ။ ပါးစပ်နံလျှင် ရာဇဝတ်မှု သင့်မည်ဖြစ်၍ ပုစွန်ခြောက်မှုန့်ပဲ ယှူနယ်စားသည်။

'ဖေဖေ့အတွက်တော့ ထားထားနဲ့ နေတာပဲ ကောင်းပါတယ်ဟာ။ ဟိုမှာ ဆရာဝန်တွေလည်း ရှိတယ်၊ စိတ်လည်း ချမ်းသာမယ်'

'အစ်ကိုကြီးတို့က ဘယ်တော့ ပြောင်းကြမလဲ'

'မြန်မြန် စီစဉ်ရမှာပဲ ဟ'

ပုန်းရည်ကြီးမှာ ယနေ့မှ ထူးထူးခြားခြား အရသာ ရှိလှပေသည်။ ချဉ်ပြုံးပြုံးနှင့် ဆိမ့်နေ၏။ ချိုနွေးသော ကြာဇံဟင်းခါးသည် ထမင်းလုတ် ကို ဆောင့်၍ သွင်းသကဲ့သို့ပင်။

'သပိတ်တပ်ကြီး ရန်ကုန်ချီလာတော့ သူတို့ လမ်းမှာ ဘယ်လိုလုပ် စားသောက်ကြမလဲ အစ်ကိုကြီးရယ်'

ကိုနေဦးသည် ထမင်းလုတ်ကို မသွင်းနိုင်တော့ဘဲ၊ သူ့အဖို့ ထမင်း ထက် မြိန်ရှက်စရာကောင်းသော အစာနှင့် တွေ့သွားလေသည်။

'လမ်းက ကျွေးမယ့်လူတွေ ပြည့်လို့ပါဗျာ။ တစ်နေ့ကို ဆယ့်ငါးမိုင် လျှောက်မှာ။ သပိတ်တပ်ထဲမှာ ချက်ပြုတ်ရေးအဖွဲ့တို့၊ ကျန်းမာရေးအဖွဲ့တို့ အစုံပါလာတာ၊ ရောက်တဲ့နေရာက စားနပ်ရိက္ခာ အကူအညီ ပေးကြမှာပဲ'

'ကုမ္ပဏီကလည်း လျှော့မပေးဘူးနော်'

'ခနရှင်တွေပဲ ဘယ်လျှော့မလဲ။ ဆယ့်တစ်လလုံးလုံး တင်းနေတဲ့ အပြင် အိမ်တန်းလျားတွေကတောင် နှင်ထုတ်ပစ်သေးတယ်။ ဒီမျက်နှာဖြူ ကုမ္ပဏီတွေကို ဖြိုနိုင်အောင် တိုက်ကြရမှာပဲ။ ဒင်းတို့တွေ မရှိမှ မြန်မာတွေ အသက်ရှူချောင်တော့မှာ'



BURMESE CLASSIC .com

www.burmeseclassi.com



ကိုနေဦးမှာ စိတ်အားထက်သန်စွာ ပြောနေလေသည်။မျက်နှာဖြူကုမ္ပဏီနှင့် မကင်းသော နှမရှေ့တွင် အားမနာ ပါးမနာ ပြောချလေသည်။

'ဘမော်အစိုးရတော့ ပြုတ်ရမှာပဲ။ ရေနံသပိတ်တင် မဟုတ်သေးဘူး။ ဖြူးတို့ သနပ်ပင်တို့ဘက်က လယ်သမားတပ်ကြီးလည်း အရေးဆိုဖို့ လူ ၂၀၀၀ ကျော် ရန်ကုန်လာဦးမှာ။ အခု ခေါင်းဆောင်တွေကို ဖမ်းဆီတော့ သူတို့နေရာ အစားထိုးဖို့ နယ် သခင်အစည်းအရုံးတွေကိုတောင် ဗိုလ်စာရင်း သွင်းခိုင်းနေပြီလေ'

'အစ်ကိုကြီး ဗိုလ် သွားမလုပ်နဲ့နော်...' ဟု ဝေဝေက ကြောက်ကြောက်လန့်လန့် ပြောလိုက်၏။

ကိုနေဦးမှာ ပမာမခန့်ရယ်မောလိုက်သည်။ ရေနံသပိတ်တပ်ကြီးကို မြင်းနှင့်တိုက်၊ တုတ်နှင့်ရိုက်သည်ဟု ကြားကတည်းက ဒေါသအုံကြွလျက် အမျိုးမာန်တက်ကာ မျက်နှာဖြူတွေကို မုန့်မုန့်ညက်ညက် ချေပစ်ချင်သည်။ ဖခင်ကို ငဲ့နေရ၍သာ။ မကွေးသို့ လိုက်သွားချင်စိတ်မှာ ပြင်းပြလှသည်။

'သခင်သိန်းမောင်ဆီ ငါစာရေးလိုက်တယ်။ လိုအပ်တာ ပြောပါ ကူညီမယ်လို့၊ ငွေပို့တာ သိလို့ ယောက္ခမကြီးကတောင် ပွက်သေးတယ်'

ဝေဝေသည် မျက်လုံးထောင့်မှ ကိုနေဦးကို စိုက်ကြည့်နေလိုက်သည်။

'ထည့်ဦးလေ၊ ငါတော့ အပြီးသတ်မှ ပုန်းရည်ကြီးနဲ့ နယ်စားမယ်'

ထမင်းအုပ် တိုးပေး၍ ဝေဝေက နှစ်ဇွန်း ခပ်ထည့်လိုက်သည်။ ပုန်းရည်ကြီးကို ရွှဲရွှဲနယ်၏။ ဖြူဖွေးသော လက်ချောင်းများမှာ ပုန်းရည်ကြီး လိမ်းကျံလျက် စေးကပ်ကပ်ကြီးပင် ဖြစ်နေသည်။

ကိုနေဦးမှာ ခေါင်းမဖော်ဘဲ ငုံ့လွေးနေသည့် နှမ စားပုံကိုကြည့်ကာ၊ သူ့အိမ်တွင် ဇွန်းနှင့် ခက်ရင်းနှင့် တို့ခနန်း၊ ဆိတ်ခနန်း ဟန်လုပ်စားနေမည့် အဖြစ်ကို မြင်ယောင်နေသည်။

ခေါင်းများသည် တစ်ပြိုင်နက်တည်း ထောင်သွားကြ၏။ မျက်လုံးများမှာလည်း ပြိုင်တူ ပြူးသွားကြသည်။ မျက်တောင် လေးငါးချက် ခတ်



BURMESE CLASSIC .com

www.burmeseclassi.com



လိုက်သည့်အတွင်း ဦးစောဟန်၏ ခေါင်းမှာ လိုက်ကာအတွင်းသို့ ရောက်လာလေသည်။

ဝေဝေသည် ပေနေသော လက်ကို မချမိဘဲ ရင်ထဲ၊ အသည်းထဲ အေးခနဲ ဖြစ်သွားလျက် မျက်နှာပျက်သွားသည်။

ကိုနေဦးသည် ခေါင်းကို လိမ်လျက် 'လာဗျို့ ထမင်းစားပါဦး။ ခင်ဗျား ပြန်လာတာ မော်တော်သံလည်း မကြားပါလား'ဟု ပြောလိုက်သည်။

ဦးစောဟန်သည် အခြေပျက်သွားသော မျက်နှာဖြင့်ပင် စားပွဲခုံနားသို့ လျှောက်လာသည်။ ဝေဝေ၏ သွေးမရှိသော မျက်နှာကို ကြည့်လိုက်မိသော ကိုနေဦးမှာ ရင်ထဲတွင် နင့်သွားလေသည်။

ဝေဝေသည် လူမိသော ကျီးကန်းကဲ့သို့ ဣန္ဒြေပျက်တက်တက်နှင့် 'ဖေဖေ နေမကောင်းဘူး၊ လာခေါ်လို့ ကူးလာတာ။ ကို ဘာနဲ့ လာလဲ၊ မော်တော်သံလည်း မကြားဘူး'ဟု အသံကို မအက်အောင် ထိန်းပြောရလေသည်။

ဦးစောဟန်သည် လျှို့ဝှက်နက်နဲသော မျက်လုံးဖြင့် ဝေဝေ၏ လက်ပေပေနှင့် ထမင်းပန်းကန်ကို ကြည့်လျက် 'လမ်းမှာ ပန်ကာကျိုးသွားလို့ဗျာ၊ စက်က ဘာဘူမော်တော်နဲ့ ပြန်လိုက်ခဲ့ရတယ်'ဟု ကိုနေဦးကို ဖြေကာ၊ တစ်ဖန် ထမင်းပန်းကန်နှင့် ဝေဝေမျက်နှာကို ခေါက်တုံ့ခေါက်ပြန် ကြည့်လက် 'မောင်မြက ဒီလာတယ် ပြောလိုက်လို့ ကူးလာတာ'ဟု ဝေဝေ့ကို အဖြေပေးသည်။

'ဝေဝေက ပုန်းရည်ကြီးသိပ်ကြိုက်တာဗျ။ အတင်းခေါ် ကျွေးရတယ်'

ကိုနေဦးသည် မူပျက်နေကြသော သူနှစ်ဦးကြားတွင် ကောင်းအောင် ကြည့်ပြောနေ၏။

ဦးစောဟန်သည် ဣန္ဒြေဆည်ကာ ပြုံးလိုက်သည်။ ဦးစောဟန်၏ အပြုံးမှာအပြုံးတစ်ဝက်၊ အမဲ့တစ်ဝက် ရောဖက်နေသော အပြုံးဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



'ဦး ဘယ့်နှယ်နေသေးလဲ'ဟု ကိုနေဦးကို မေးကာ ဝေဝေ့ကို စိတ်နာနာနှင့် မကြည့်တော့ပေ။

'ဖေဖေက အတော်မောတယ်၊ ခုတော့ နည်းနည်းသက်သာသွားပြီး မှိန်းနေတယ်'

ဦးစောဟန်သည် ခုံခင်းမရှိသော ကျောက်စားပွဲပေါ်မှ ဟင်းခွက်များကို မျက်လုံးယမ်းသွားလျက် 'စားကြဗျာ၊ ကျွန်တော် တိုက်သွားဦးမယ်'ဟု ပြောပြောဆိုဆို ပြန်လှည့်ထွက်သွားလေသည်။

အိမ်ထဲ ဝင်လာစဉ်က ဖိနပ်သံ မကြားရသလောက် ဖော့နည်းလာလျက်၊ ပြန်ထွက်သွားသော ဖိနပ်သံကား ဆောင့်အောင့်မြည်သွားလေသည်။

ဝေဝေသည် ဦးစောဟန် ကျောခိုင်းသွားမှ အစ်ကိုကြီးရှေ့တွင် အခြေပျက်နေသော မျက်နှာကို ကြွေဆည်ဖို့ သတိရလေသည်။ မျက်နှာကို အတင်းပြုံးကာ 'ဝေဝေ အစပ်စားတာ နည်းနည်းမှ မကြိုက်ဘူး'ဟု ပြောမိပြောရာ ပြောလိုက်သည်။

ဝေဝေ၏ ခေါင်းထဲ၌ လှည့်လည် မွှေ့ပတ်နေသော အတွေးများမှာ ချားရဟတ်ကို မရပ်မနား စီးရသလို မူးလာလေသည်။

မောင်နှမ မျက်နှာချင်းဆိုင် မြိန်ရေရှက်ရေ စားကြရင်း ပျော်ရွှင်မှု ရရှိနေသည့်ကြားထဲ ဝမ်းနည်းဖွယ်ရာ ဖြစ်ပေါ်လာခြင်းကို တွေးရမှာပင် မကောင်းလှပေ။

ကိုနေဦး၏ ကြင်နာရောင်သမ်းသော မျက်နှာပေါ်နေကာ နှလုံးသားမှာ အေးစက်၏။ 'အေးဟာ... ဆုံ ဆုံလွန်းတယ်'ဟု ဆိုလိုက်သည်။

သိသိသာသာကြီး အရသာကင်းမဲ့သွားသော ပန်းကန်ထဲက လက်ကျန် ထမင်းကို တွင်တွင်နယ်လျက် မနည်းမှိတ်မျိုရလေသည်။ ပါးစပ်ထဲ ခြားနားသွားသဖြင့် အရသာဆိုတာ ဘယ်က ရှိတာပါလိမ့်ဟု အောက်မေ့မိသည်။

ကိုနေဦးမှာ မစားချင်ရင်လည်း တော်လိုက်ဖို့ ပြောချင်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



သို့သော် အရာရာမျိုးတိုင်း ပြောင်ပြောင်တင်းတင်း ပြောလို့မဖြစ်။ သိတာကိုပင် မသိသလို ပြုရသောအခါမျိုးလည်း ဆိုက်တတ်သည်။

'ဟင်းခါးက သိပ်စပ်တာပဲဟာ'ဟု ဆိုကာ ထမင်း ထပ်ထည့်လိုက် ဝသလိုထလိုက်သည်။ ဝေဝေသည် ဟန်မပျက် ထိန်းစားနိုင်အောင် စားနေသည်။ ကျန်ရှိသည့် ထမင်းကို ကုန်အောင်စားသည်။ ကိုနေဦးနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ပြီးကြလေသည်။

ဝေဝေသည် လက်ဆေးပြီး သူ့မျက်နှာမထားတတ်၍ ကိုနေဦးနှင့် မျက်နှာချင်း မဆိုင်နိုင်ရန် နောက်ဖေးခန်းသို့ စွတ်ဝင်သွားကာ ရေချိုးခန်းရှေ့၌ ရပ်လျက် 'ကြီးတော်... ဝေဝေ ပြန်ဦးမယ်...' ဟု ကိုနေဦး ကြားလောက်အောင် ပြောလိုက်သည်။

'နေပါဦးတော့၊ မောင်စောဟန်မှ မလာသေးတာအေ'

ဝေဝေသည် ဘာမှပြန်မပြော။ လှည့်ထွက်လာခဲ့သည်။ ကိုနေဦးမှာ အလိုက်သိစွာပင် အိမ်ပေါ်တက်သွားခြင်းဖြင့် ပြန်ချင်ပြန်ရအောင် ရှောင်ရှားပေးသည်။ ဝေဝေမှာ အိမ်ပေါ်သို့ တစ်ချက်မော့ကြည့်လျက် ခပ်သုတ်သုတ် အိမ်ထဲမှ ထွက်လာလေသည်။

နေမင်းသည် မာန်ဝင့်ဝင့်ဖြင့် သူ၏ ရောင်ခြည်ကို ပက်ဖျန်းလိုက်သည်။ နေရောင်အောက်၌ အိမ်ပြန်ကူးလာရာ နေအရှိန်က သည်လောက်မပူ။ သူ့ပေါ်၌ မကျေမချမ်း ဖြစ်သွားသော ဦးစောဟန်နှင့် မျက်နှာချင်းဆိုင်ရမှာက ပိုပူပြင်းသည်။

ဦးစောဟန်သည် အလုပ်သွားမည် ပြောထွက်သွားပြီး ဧည့်ခန်းထဲ၌ သွားတွေ့ရသည်။ ဆိုဖာပေါ်တွင် နောက်မှီလျက် ခြေကို လိမ်ချိတ်ကာ ခပ်လျှောလျှော မှီထိုင်နေသည်။ ဘီယာခွက်ကြီးကို ဆိုဖာလက်ရန်းပေါ်၌ ချကာ စီးကရက် ဖွာရှိုက်နေသည်။ သူသည် ဝေဝေ ဝင်လာသည်ကို မြင်၍ ကုပ်မှုန်ထားသည့် မျက်နှာကို ဖြေလိုက်ကာ မှိုင်တိမှိုင်တိုင် မျက်နှာထားနှင့် ခပ်ရီရီ မျက်လုံးကို စင်းကြည့်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေဝေသည် ဦးစောဟန်မျက်နှာနှင့် ဝေးရာကိုလည်း မျက်စိမလွှဲနိုင်ဘဲ၊ မြင်ရသည့်အရပ်မှ မချိတင်ကဲပြုံးထားကာ ဆိုဖာရှေ့သို့ ဖြည်းညင်းစွာ လှမ်းလေသည်။

'ကို... စိတ်မဆိုးနဲ့နော်'

ဦးစောဟန်သည် မျက်ခုံးနှစ်ဖက်ကို တွန့်၍ မျက်နှာလွှဲလျက် ဘီယာခွက်ကို လှမ်းယူလိုက်သည်။ ခေါင်းထလျက် သောက်နေသောခွက် ပြန်ချပြီးမှ ခေါင်းကို ဆိုဖာနှင့် ပစ်မှီ၍ ပြုံးလေသည်။

'ဝေ့ကိုလေ ကို ဘယ်လောက်ချစ်တယ်ဆိုတာ ဘယ်တော့မှ ပြောပြ တတ်မှာမဟုတ်ပါဘူး။ ဝေကတော့ ကို ချစ်သလို မချစ်ဘူး မဟုတ်လား'

ဝေဝေသည် ဆရာ့ရှေ့တွင် အပြစ်နှင့် ရောက်နေသော ကလေး သူငယ်ကဲ့သို့ ညိုးမှိုင်းစွာ ငုံ့နေလေ၏။

'ဝေ့အသားလေးတွေ နုထွက်တော့ လေတိုက်မှာတောင် ခံနိုင်ပါ့ မလား လို့ စိုးတဲ့အထိ ချစ်ရတယ်။ ဝေနဲ့တော်မယ့်ဟာ၊ ဝေ့အဖို့အကောင်း ဆုံးဖြစ်မယ့်ဟာ၊ ဝေ့အဖို့ အနူးညံ့ဆုံးဖြစ်မယ့်ဟာ၊ ဝေ့အဖို့ အလှဆုံးဖြစ် မယ့်ဟာ... ဒါတွေချည်း ရွေးရ၊ တွေးရလွန်းလို့ ကိုယ့်မှာဖြင့် ခေါင်းတောင် ခြောက်တယ်။ ဝေကတော့ ကိုယ့်ကွယ်ရာမှာ ရွှံ့ထဲ၊ နုန်းထဲ ဆင်းလူး နေသလိုပါပဲ ဝေရယ်'

မျက်နှာသည် ဝမ်းနည်းကြေကွဲလျက် အသံမှာ နာကြည်းဟန် ဝယက်ရှိက်သည်။ ဝေ၏ မျက်လုံးမှ မျက်ရည်များ လိမ့်စီးကျလာသည်။ ဦးစောဟန် အပြစ်တင်နေ၍ ဝမ်းနည်းခြင်းလည်း မဟုတ်၊ မကြိုက်တာ လုပ်မိ၍ သိမြင်သော ဝမ်းနည်းပုံလည်းမဟုတ်။ ဟိုဘက်အိမ်တွင် တစ်ကိုယ်၊ သည်ဘက်အိမ်တွင် တစ်ကိုယ်၊ ဤသို့ မဖြစ်နိုင်တာကို ကြံကြံဖန်ဖန် တွေးလျက် နှစ်ကိုယ်ခွဲမရသော သူ့အဖြစ်ကို ဝမ်းနည်းနေသည်။

ဝေဝေသည် ကြာရှည်စွာ ရပ်မနေနိုင်ချေ။ ဟိုဘက်အိမ်တွင် ငိုခဲ့မိ၍ သုတ်ခဲ့သော မခြောက်သေးသည် လက်ကိုင်ပဝါဖြင့် နှာခေါင်းမှ နှာရည်

www.burmeseclassi.com



သုတ်လိုက်ကာ၊ စာရေးစားပွဲ ကုလားထိုင်တွင် သွားထိုင်နေသည်။

ဦးစောဟန်သည် ကျန်သည့် ဘီယာကို အကုန်မော့ချလျက် ဝေ့အနားသို့ ထ လာသည်။ ဝေ့မှာ မျက်ရည်များ ရစ်ဝဲကာ ငြိမ်ထိုင်နေ၏။ စားပွဲခုံပေါ်၌ နောက်ပြန် တက်ထိုင်လိုက်သည်။ ဝေဝေ၏ ဆံစကို မထိရက်၊ မကိုင်ရက်နှင့် ပွတ်သပ်ယုယကာ ရင်ထဲ၌ မကျေနပ်ခြင်း ရှိသော်လည်း 'ဝေ့ကို ချစ်လွန်းလို့ ဒီလိုဖြစ်ရတာပါ ဝေရယ်'ဟု တောင်းပန်နေလေသည်။

(၁၃)

လေမှာ တရကြမ်း စွတ်တိုက်နေသည်။ နေကလည်း ကျဲကျဲပူ၍ အသား စပ်သည်။ ကမ်းပေါ်ရှိ သစ်ပင်များကို ရိပ်ခနဲ တွေ့လိုက်ရကာ အလ်တို ပွဲ့ချိပ် မော်တော်ကလေးမှာ ဦးမော့ထောင်နေသဖြင့် ရေနှင့်မှ ထိသေးရဲ့လား ထင်ရသည်။ အရှိန်ပြင်းသော စက်သံဖြင့် နားကို အူနေလေသည်။

ဦးစောဟန်က သူဆောင်းသော ဖော့ဦးထုပ်ကို ဝေဝေ့ခေါင်းတွင် ဆောင်းပေးထား၍ ဦးထုပ် လွင့်မကျအောင် ကြိုးကို ဆုပ်ကိုင်ထားရသည်။ နေရောင်ကာ မျက်မှန်တပ်ထား၍ မြစ်ပြင်မှာစိမ်းပြာနေသည်။ ကောင်းကင် လည်း ထို့အတူ...။

ဦးစောဟန်သည် ဝေဝေ့ပခုံးကို ဖက်ထားလျက် သူ၏ နဖူးပေါ်သို့ လွင့်ကျလာသော ဆံပင်များကို မကြာခဏ သပ်တင်နေရသည်။

မော်တော်ပေါ်တွင် သိပ်စကားပြောလို့ မဖြစ်ကြ။ စက်သံဖြင့် စကားလုံး မကွဲလှ၍ ရှုမျှော်ခင်းကိုသာ ငေးလိုက်ကြသည်။

မော်တော်ရှေ့ တော်တော်ဝေးဝေးမှ တွေ့ရသော မြင်ကွင်းမှာ သစ်ပင်အုပ်၊ လယ်ကွက်၊ တဲအိမ်တန်းများဖြစ်သည်။ စက်သံမှာ မြစ်ထဲတွင် မင်းမူနေလေသည်။ မြစ်ကမ်းပါး၌ ရပ်စောင့် ကြိုကြည့်ကြသည့် လူစုလူအုပ် ကို မကြာခဏ ဖြတ်ကျော်ရသည်။



BURMESE CLASSIC .com

www.burmeseclassi.com



မော်တော်ဦးဘေး၌ ရေလုံးကြီးသည် မြောက်ကြွလျက် ရေပန်းထနေလေသည်။ ဝေဝေသည် ရေပန်းကို သဘောကျနေ၏။ နေရောင်မှာ ရေပန်းပေါ်သို့ ဖြာကျ လူးလွန့်လျက်ရှိကာ မျက်မှန်စိမ်းပြာကို ရောင်ပြန်ဟပ်လျက်ပြိုးပြက်စေသည်။

ဦးစောဟန်က ဦးထုပ်ကြိုးကို တစ်ချိန်လုံး ကိုင်ထားရသည့် လက်ကလေး ညောင်းနေမည်စိုး၍ လက်ချခိုင်းကာ၊ ပခုံးဖက်သော လက်ဖြင့်ဦးထုပ်ကြိုးကို ထိန်းပေးသည်။

ဝေဝေမှာ ဖခင် ရန်ကုန်သွားမှ အိမ်တွင် တယ်မနေချင်၍ ဦးစောဟန်တောသွားရာသို့ အမြဲ လိုက်နေလေ၏။ ဖခင်သွားပြီ ဆိုကတည်းက ရင်ထဲတွင် ဟာတာတာကြီး ဖြစ်ကျန်နေသည်။

သွားစကများဆိုလျှင် မနေတတ် မထိုင်တတ်ဖြင့် တစ်ဖက်အိမ်ကြီးကိုကြည့်၍ မျက်ရည်ဖြိုင်ဖြိုင် ကျနေရ၏။ တစ်နေ့တစ်ခေါက်သာ ကူးရန်'ကို'က ခွင့်ပေးသဖြင့် ဖခင် မသွားမီ မနက်ဘက် 'ကို' အလုပ်သွားတာနှင့်ကူးသွားကာ 'ကို' ပြန်လာခါနီးမှ ပြန်ပြေးကူးခဲ့ရသည်။ ရန်ကုန်သို့မသွားခင်ရက်များတွင် ဖခင်မှာ ဝေဝေ လာတတ်သည့် အချိန်ကို ပက်လက်ကုလားထိုင်ပေါ်က ထိုင်စောင့် မျှော်နေလေသည်။

အဓိပ္ပာယ်တွေ ပြည့်နှက်နေသည့်မျက်လုံးဖြင့် သမီးကို ခပ်ငေးငေးလည်း ကြည့်နေတတ်၏။ စကားပြန်ပြောလျှင် မျက်လုံးချင်း မဆိုင်နိုင်သည့်နေရာသို့ မျက်တောင်များ စင်းပြီး ကြည့်ပြောနေ၏။ ဝေဝေ့အား မိခင်၏လက်ဝတ်လက်စားများ ပေးအပ်သည့် နေ့ကပဲ ရွှင်လန်းသော မျက်နှာကိုတွေ့လိုက်ရသည်။

ခုတော့ ထားထားဆီက စာပဲ မျှော်ရတော့သည်။ ဘာလိုလိုနှင့်သွားတာ လေးငါးလခန့် ရှိပြီး အသားအရေ ပြည့်လာသော်လည်း အမောမပျောက်ဘဲ ဆရာဝန် ညွှန်ကြားချက်အတိုင်း အိပ်ရာထဲတွင် မထဘဲ နေရသည် ဆို၍ ဖခင်ကို သွားကြည့်ချင်နေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဖခင် သွားမှ အိမ်ဘက်သို့ တစ်လ တစ်ခေါက်ပင် မရောက်မိတော့ပေ။ ကိုနေဦးမှာ အိမ်တွင် နေလှသည် မရှိဘဲ ရန်ကုန် ကူးလိုက်၊ တောဆင်းလိုက်ဖြင့် အလုပ်များနေသည်။ ဝေဝေသာ ရောက်သွားလျက် ကိုနေဦးမှာ အိမ်ဘက်သို့ အလျဉ်း ကူးမလာဘဲ၊ ကိစ္စရှိလျှင် သန်းသန်းကို လွှတ်ပြောသည်။

ဦးစောဟန်သည် သူ့ပေါင်ပေါ်တွင် တင်ထားသော ချော့ကလက်ဘူးထဲမှ ချော့ကလက်များကို အခွံခွာကာ ဝေ့ ပါးစပ်ထဲသို့ ထည့်ပေး၏။ ဝေဝေသည် ချော့ကလက်များ စား၍ ရင်ပူလာသည်။ မော်တော်ပေါ်တွင် ဓာတ်ဘူးနှင့် ထည့်လာသော ရေခဲရည်ကို ငှဲ့တိုက်လေသည်။

ဦးစောဟန်၏ အသားမှာ မော်လမြိုင်ကျွန်း ရောက်စကထက် ပိုမည်းနေသည်။ နေပူထဲတွင် ပွဲချိတ်မော်တော် စီးလွန်းသဖြင့် သူ့အသားများမှာ နေလောင်နေသည်။

ဝေဝေက လိုက်ချင်တယ် ပူဆာ၍သာ ခေါ်ရသည်။ လေတိုက်မိ၊ နေပူမိမှာကို စိုးရိမ်ရှာသည်။ ဝေ နေထိုင်မကောင်းမှာကို ဒါလောက် စိတ်ပူနေရသည့် အထဲက မကြာသေးခင်က ဝေ ဖျားလိုက်သေးသည်။ ကိုယ်နွေးတွေးတွေး ပူပြီး ည အိပ်ရာထဲ ချောင်းဆိုးသဖြင့် ချောင်းကို မသက်ာဖြစ်မိသေးသည်။ ဝေက အပူချောင်းပါ၊ လည်ချောင်းယားပြီး ဆိုးတာပါဆိုသည်ပင် မဟုတ်ရ။ ချောင်းဆိုးတာနှင့် မျက်စိမျက်နှာပျက်လျက် စွပ်စွဲသော မျက်လုံးဖြင့် ထိတ်ပျာနေလေသည်။ ဆရာဝန် ညတွင်းချင်း ခေါ်ပြသည်။ ဆရာဝန်က စမ်းသပ်ပြီး အအေးမိဆိုသည့် ချောင်းရိုးရိုး ဖြစ်ကြောင်းရယ်မောပြောလျက်၊ စိုးရိမ်သူ စိတ်ကျေနပ်မှုရှိအောင် အလိုက်သိစွာ သတိထားကာ ကောင်းတယ်ဟု သတိပေးသွားသည်။ သည်လောက် ပျာယာခတ်စိုးရိမ်ပုံကို တွေ့ရပြီးနောက် ဝေ့မှာ သူ့ရှေ့တွင် ချောင်းဟန့်ချင်၊ ချောင်းဆိုးချင်လာလျှင် ဘယ်တော့မဆို အောင့်နေလေသည်။ တစ်ယောက်က အလွန်စွဲလမ်းပြီး ကြောက်နေခြင်းကြောင့် ဝေ့မှာ တကယ်ဖြစ်ရမှာပင် လန့်လာလေ



BURMESE CLASSIC .com

www.burmeseclassi.com



သည်။

ဦးဘိုးသိန်း ရန်ကုန်သွားနေ၍ ဝေဝေ့ကျန်းမာရေးအတွက် သူ့အဖေနှင့် ဝေးဝေးနေတာကောင်းသည်ဟု စိတ်အေးရ၏။ ဝေဝေ့ကို ရွှေပေါ်မြတင်ထားကာ အရိပ်တကြည့်ကြည့်နှင့် ဖူးဖူးမှုတ်လွန်းသဖြင့် စိတ်ပင်ကျဉ်းကျပ်လာသည်။

ဝေဝေသည် ဖခင်အတွက် စိတ်တထင့်ထင့်နေသော အပူငွေ့ကိုပြင်ပသို့ မထုတ်။ အပူလုံးမှာ တအုံ့နွေးနွေးနှင့် ရင်ထဲတွင် လှိုက်ပူနေသည်။ မျက်နှာတစ်ချက် အညိုးမခံသဖြင့် တစ်ချက်မှ မျက်နှာမညိုးအောင် ကြိုးစားနေထိုင်ရသည်။

တောမလိုက်သည့်နေ့ သို့မဟုတ် ဦးစောဟန် အလုပ်သွားတာနှင့်စားပွဲထိုင်ကာ ဖခင်နှင့် ထားထားထံသို့ စာရေးလေသည်။ လက်ရေးသေးသေး စိတ်စိတ်ဖြင့် စာမျက်နှာ ၁၀ ရွက်၊ ၁၅ ရွက်ကို ဟိုဘက် သည်ဘက် အပြည့်ရေး၏။

ထားထားထံမှ ‘ငါက နင့်လို မအားဘူးဟေ့၊ ဖေဖေ့ အတွက်၊ မောင့်အတွက်၊ ကလေးတွေ အတွက် အလုပ်ရှုပ်လွန်းလို့ စာရှည်ရှည် မရေးနိုင်ဘူး။ တစ်ခါတစ်လေ နင့်ရဲ့ စာရှည်ကြီးကို တစ်တိုင်တည်းတောင် မဖတ်နိုင်ဘူး’ဟု ရေးပြန်တတ်သည်။ ရန်ကုန်က စာပဲ မျှော်သည်။ စာပြန်နောက်ကျသည် ထင်လျှင် နေမထိ ထိုင်မထိနှင့် စာတစ်စောင် ထပ်ရေးပို့ပြန်လေသည်။

ရှေ့တွင် မော်လမြိုင်ကျွန်းကို လှမ်းမြင်ရ၍ ခေါင်းပေါ်က ဦးထုပ်ကိုချွတ်လိုက်ကာ ဦးစောဟန်ခေါင်း ဆောင်းပေးလိုက်၏။ ခေါင်းစည်းထားသည့် ဆတ်တွန့်ပဝါ အပြာစမှာ လေထဲတွင် တဖျတ်ဖျတ် လွင့်နေလေ၏။

စက်သံ လျှော့လိုက်သည်နှင့် ရေပေါ်ထောင်နေသော ဦးမှာ ကျသွားကာ ဆိပ်ကမ်းတံတားနားသို့ ခပ်ဖြည်းဖြည်း သွားကပ်လေသည်။

တံတားပေါ်၌ စောင့်ကြိုနေသော ဒရဝမ်ကုလားများ တန်းစီရပ်လျက်



BURMESE CLASSIC .com

www.burmeseclassi.com



ဆလံ ပေးနေကြသည်။ ဦးစောဟန်သည် တံတားပေါ်သို့ ဝေ့လက်ကိုဆွဲ၍ ခေါ်တင်ကာ ဝေနှင့်အတူ ရှေ့ကလျှောက်ကြလျက် ဒရဝမ်များက နောက်က လိုက်ကြသည်။

'မီးတုတ် . . . မီးတုတ်၊ ရှို့ . . . ရှို့'

'နယ်ချဲ့အစိုးရ . . . ပျက်စီးပါစေ'

'ချုပ်ချယ်တဲ့ ပုဒ်မတွေ . . . အလိုမရှိ'

'အရေးတော်ပုံ . . . အောင်ပါစေ'

လမ်းပေါ်တွင် လက်ရုံးဆန့်တန်းလျက် သံပြိုင်အော်ဟစ် လှည့်သွားကြသော လူစုလူအုပ်ကြီး နောက်မှ ခပ်ကြောင်ကြောင်နှင့် လျှောက်သွားကြရသည်။

ဝေဝေ့မှာ 'ဘာ့အတွက် လှည့်တာပါလိမ့်'ဟု ဦးစောဟန်အား ပြောလိုက်ရာ 'အလကားပါ'ဟု ခပ်ရှုံ့ရှုံ့ ပြန်ပြောလိုက်သည်။

လူအုပ်ကြီးမှာ ရေနံမြေသပိတ်နှင့် ကျောင်းသားသပိတ်မှ စတင်၍ တစ်ပြည်လုံး ဆူပွက်ကြသော အထွေထွေသပိတ် အရေးတော်ပုံကြီးကို ထောက်ခံသော ဆန္ဒပြလှည့်ပွဲ ဖြစ်ပေသည်။

ဘိုင်စကယ်ကို တစ်ဖက်က တွန်းလျက်၊ လက်သီးလက်မောင်းတန်း အော်သွားသော ကိုနေဦးကို လူအုပ်ထဲတွင် မြင်လိုက်ရ၍ 'အစ်ကိုကြီးတော့ ခက်တာပဲ ကို၊ ဘယ်နေ့ အဖမ်းခံရမလဲ'ဟု ညည်းပြောလေသည်။ ဦးစောဟန်မှာ 'သခင်နေဦး'ဖြစ်သွားသော ကိုနေဦးကို ခပ်ချဉ်ချဉ်ရှို၍ မကြားသလိုပင် လုပ်လျှောက်လာလေသည်။

ခရီးပန်းကာ နွမ်းလာကြ၍ ဧည့်ခန်းထဲတွင် ခြေပစ်လက်ပစ် အပန်းဖြေကြသည်။ မယ်အေးမှာ ဝေ့ခေါင်းက ဖြေပေးသော ပဝါကလေးနှင့် မျက်မှန်ကို စောင့်ယူကာ အိမ်ပေါ် တက်သိမ်းနေသည်။ ဖောင်းခနဲ ဆိုဒါပုလင်းဖောက်သံ ကြားလိုက်ရပြီးနောက် မောင်မြသည် အရက်ဗန်းကို ထုတ်ယူလာသည်။



BURMESE CLASSIC .com

www.burmeseclassi.com



'ခုနက ဟိုဘက်က အစ်မလာပါတယ်။ မမကို လာကြည့်တယ်၊ သံကြိုး လာလို့ပါတဲ့'

ဝေဝေသည် လိမ္မော်ရည်ဖန်ခွက်ကို တုန်တုန်ယင်ယင် ကိုင်ကာ အလန့်တကြားဖြင့် 'ဘာသံကြိုးပါလိမ့်'ဟု ပြောလိုက်၏။

မောင်မြမှာ မိမိအား မျက်လုံးမျက်ဆန် ပြူးကြည့်ပြောသော ဝေဝေ ၏ မျက်နှာကို မကြည့်ဘဲ ခေါင်းစိုက်နေ၏။

'ကို သံကြိုး လာတယ်တဲ့...'

ဦးစောဟန်ကို လှမ်းပြောပြန်ကာ၊ တစ်ဖန် မောင်မြကိုကြည့်၍ သွား သွား ပြန်ရောက်ပြီ၊ လာပါလို့သွားပြော'ဟု ထိတ်ထိတ်ပျာပျာ ပြောနေလေသည်။

'ဘယ်တုန်းကလဲ'ဟု ဦးစောဟန်က လှမ်းမေး၍ မောင်မြမှာ သွား ရန် ဟန်ပြီးမှ တုံ့လျက် 'မကြာသေးပါဘူး'ဟု ဖြေပြီး ရပ်နေသေးသည်။

ဦးစောဟန်က မျက်နှာညိုညိုဖြင့် 'သွား...သွား'ဟု ဆိုမှ ထွက်သွား လေသည်။

ဝေဝေသည် ဆိုဖာမှ ထ၍ ခေါင်းရင်း ပြတင်းပေါက်တွင် သွားရပ် သည်။

ပူပင်ကြောင့်ကြဖြင့် ဂနာမငြိမ်သော ဝေ့အတွက် စိတ်ညစ်သွား တာ 'ဝေရယ်... လာလိမ့်မပေါ့၊ အနှောင့်အယှက် မဖြစ်ပါနဲ့'ဟု ဖြေသိမ့် စကားပြောလျက်၊ ဝေ့ကို ဒုက္ခပေးကြဦးမှာပဲ ဟု စိတ်အိုက်သွားလေ သည်။

မောင်မြက နောက်က၊ သန်းသန်းက ရှေ့က ထွက်လာကြတာ မြင်၍ ပြတင်းနားက ခွာလာခဲ့ကာ အိမ်ရှေ့ပေါက် ခန်းဆီးကြီးကို လှပ်၍ လမ်းမသို့ မျှော်ကြည့်နေသည်။ မသက်မသာ ဖြစ်နေသည့် ဝေ့ပုံပန်းကို ကြည့်နေသော ဦးစောဟန်က 'လာမှာပေါ့ ဝေရယ်... ထိုင်သောက်လေ' ဟု လှမ်းခေါ်နေ၏။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေသည် အိမ်ရှေ့ရောက်လာသော သန်းသန်းကို ကြည့်ကာ ရင်တဒိတ်ဒိတ် ခုန်နေ၏။ လက်ထဲက သံကြိုးစာအိတ်ကို ကြည့်ပြီး ခေါင်းနားပန်း ကြီးသည်။ သန်းသန်း၏ မျက်နှာတွင် သံကြိုးစာထဲမှ အဓိပ္ပာယ်သိနိုင်လို သိနိုင်ငြား အဆောတလျင် ရှာဖွေကြည့်လိုက်သည်။

အိမ်ရှေ့မှ သန်းသန်း ဖိနပ်သံကြား၍ ဦးစောဟန်သည် ကုလားထိုင်မှ ထ ရပ်ကြိုနေသည်။

'ဘာသံကြိုးလဲ မမသန်းရယ်... ထိပ်လိုက်တာ...' ဝေက ဆီး ပြောရင်း လက်ထဲမှ သံကြိုးကို လှမ်းယူလိုက်သည်။

'ထိုင်ပါ သန်းသန်း... လာပါ'ဟု ဦးစောဟန်က ခေါ်သည်။

သန်းသန်းသည် ဖြည်းဆေးစွာဖြင့် ဆိုဖာတွင် ထိုင်လိုက်သည်။

ဦးစောဟန်သည် ဝေ့နားသို့ သွားရပ်ကာ ဝေကြည့်နေသော သံကြိုးကို ခေါင်းချင်းဆိုင် ဝင်ဖတ်ကြည့်သည်။ သံကြိုးမှာ **'ဖခင် အသည်းအသန် ဖြစ်နေပြီ'**ဟု ထားထားက ရိုက်လိုက်သော သံကြိုးဖြစ်သည်။

ဝေဝေသည် မျက်စိမျက်နှာပျက်ပျက်၊ မျက်ရည်လည်လည်နှင့် သန်းသန်း ဘေးနား ထိုင်ချလိုက်သည်။

'ဝေဝေ တောလိုက်သွားတာ မသိလိုက်ဘူး။ ကိုနေဦးလည်း မလာသေးဘူး။ ဒါနဲ့ လာကြည့်တာ'

သန်းသန်းသည် ဝေဝေ့ကို လှည့်ပြောလျက် ဖခင်အတွက် တစိုးရိမ်ရိမ် တကြောင့်ကြကြဖြစ်နေသော ဝေဝေ့ကို ကြင်နာစွာ ကြည့်ရှုပြီး မျက်နှာ မသာမယာလှဘဲ ငြိမ်နေသည်။

'ကို... ညကျရင် အစ်ကိုကြီးနဲ့ ဝေ လိုက်သွားမယ်နော်'ဟု ဝေက လှမ်းပြောလိုက်ရာတွင်၊ ဦးစောဟန်မှာ မျက်နှာညှိုမည်းသွားကာ အဖြေမပေး တတ်သလောက် ဖြစ်သွားသည်။

မိမိက ဝေ့ကိုလွှတ်ရန် ဝတ္တရားရှိမှန်းလည်း သိ၏။ ထိုဝတ္တရားကို မျက်နှာလွှဲခြင်းဖြင့် ဝေ့အတွက် ကောင်းစေမလားဟု စိတ်ကူးကြည့်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



တားမြစ်၍ အရုပ်ဆိုးမှာ တစ်ဖက်က သိလျက်၊ တစ်ဖက်တွင် အသည်းအသန် ဖြစ်နေသော လူနာနားသို့ ဝေ့ကို ပို့ရန် စိုးရိမ်ခြင်းပြင်းစွာ စိတ်မချ ဖြစ်နေသောကြောင့် အဖြေရ ခက်နေပေသည်။

ဦးစောဟန်ထံမှ အဖြေ ဆုတ်ဆိုင်းနေခြင်းဖြင့် ဝေ့မှာ မျက်ရည်ကျလုလု ဖြစ်လာသည်။ မိမိအပေါ်တွင် ယုယမြတ်နိုး၍ အချစ်ကြီးချစ်သည်ဟု ယူဆထားသည့်ယုံကြည်ချက်သည် ပျက်ပြယ်လုခမန်း ဖြစ်လာလေသည်။ အင်မတန် ချစ်လွန်း၍၊ စိုးရိမ်လွန်း၍ ဟု တစ်ဖက်က အောက်မေ့ရမှာကလည်း မျက်စိမှိတ်ပြီး အောက်မေ့ရမှာမျိုးနှင့် တူနေ၏။ အဖြေကို မဆိုင်းနိုင်သဖြင့် ထပ်မေးပြန်လေသည်။

'အစ်ကိုကြီးနဲ့ ဒီညသဘော်နဲ့ လိုက်မယ်နော်'

ဝေ့မှာ လက်ဖျားများ တုန်ယင်နေသော်လည်း အသံမတုန်ဘဲ ပြောနိုင်သေး၏။ မျက်ရည်မကျဘဲ ပြောနိုင်သေး၏။

'ကြည့်စီစဉ်တာပေ့ါ ဝေရယ်' ဦးစောဟန်က သန်းသန်းရှေ့မို့ မယုတ်မလွန် နှစ်သိမ့်ကာ မျက်လုံးထဲတွင် အကြံယူ စဉ်းစားနေသည့် အဓိပ္ပာယ် အရောင်ဟပ်လျက် 'ကိုနေဦး ဒီည လိုက်မလား သန်းသန်း'ဟု မေးလေသည်။

သန်းသန်းသည် စကားပြောခါနီး ပြုံးတတ်၏။ ပြုံးလျှင် သွားတွေ ဖွေးနေအောင် ပေါ်သွားတတ်သည့်အတိုင်း သွားဖွေးဖွေးနှင့် ပြန်ပြောသည်။

'ကိုနေဦးတော့ လိုက်မှာပါပဲ။ နေ့လယ်က အသင်းတိုက် သွားနေတယ်။ စောစောက လှည့်တဲ့အထဲများ ပါသွားသလား မသိပါဘူး။ သံကြိုးလာတဲ့အကြောင်း သူ့လည်း အပြောလွှတ်လိုက်ပါပြီ'

'လမ်းမှာ တွေ့လိုက်တယ်။ သန်းသန်းကော လှည့်တဲ့အထဲ မပါဘူးလားဟင်'

ဦးစောဟန် ရယ်စရာပြောနေမှန်းမသိသော သန်းသန်းမှာ 'ကျွန်မ အလုပ်နဲ့ ကျွန်မ မအားပါဘူး'ဟု အဟုတ်မှတ် ဖြေနေပေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဦးစောဟန်၏ အဖြေ မရေမရာ ရှိခြင်းကို တွေးတောနေသော ဝေမှာ မှိုင်သည့် မျက်နှာနှင့် မျက်လွှာမပင့်ဘဲ ငြိမ်ကာ မလှုပ်မယှက် နေသည်မှာ ဒဏ်ပေးခံထိ၍ ငြိမ်နေသည့် ကလေးဟန်ပန်မျိုးနှင့် တူနေလေသည်။

သန်းသန်းသည် အခြေအနေမလှ ဖြစ်နေသော ယောက်မဘက်က ကူ၍ ကိုနေဦးနှင့် ညထည့်လိုက်ပါ ပြောဖို့ရန်လည်း၊ ရင်းရင်းနှီးနှီး မရှိအောင် ရှောင်ဆက်ဆံသော လူမှန်းသိ၍ ရင်းရင်းနှီးနှီး ပြောဖို့ရာ ကျပ်သည်။ အဆင်မပြေ ဖြစ်နေကြတာ မသိချင်ယောင် ဆောင်ရတာလောက် အနေရ ကျပ်တာလည်း မရှိ၊ ကိုယ်ပါ ငြိမ်နေလည်း ပိုဆိုး၍ စကားရှာ ပြောရသည်။

'ဖေဖေ သွားတုန်းကနဲ့ မတူဘူး။ အသားအရေ ပြည့်လာတယ်လို့ ထားထားဆီက စာရတော့ ကျွန်မတို့ ဝမ်းသာနေတာ။ ဒီမှာကတည်းက တစ်ခါတစ်ခါ မောတာက ကြောက်စရာကြီး၊ တော်ရုံတန်ရုံ လောက်နဲ့တော့ သံကြိုးရိုက်မယ် မဟုတ်ပါဘူး။ သူ့စိတ်က ဘယ်သူ့မှ ဒုက္ခမပေးချင်တာ မဟုတ်ဘူး။ သံကြိုးရတော့ ကျွန်မဖြင့် ပူထူသွားတာပဲ'

ဦးစောဟန်မှာ သန်းသန်းရှေ့၌ ဝေဝေ အမူအရာ ပျက်နေပုံ၊ ကလေးကလေး စိတ်ကောက်နေသလိုပင် သဘောထားကာ၊ ပြီးမှ ချော့မော့ တော့မည်ဟု သူ့အကြံအစည်နှင့်သူ သိပ်ဟန်မပျက်လှဘဲ အလိုက်အထိုက် စကားကြည့် ပြောနေလေသည်။

'လူကြီးဆိုတော့လည်း ခဏခဏ မောတော့ ဘယ်ခံနိုင်ရည် ရှိမလဲ၊ ဒီရောဂါမျိုးကိုက အင်မတန် မောတဲ့ ရောဂါမျိုးပဲ၊ အမြစ်တွယ်မိရင် ပျောက်ဖို့ အင်မတန် ခဲယဉ်းတာ၊ သိပ်ကြောက်ဖို့ကောင်းတဲ့ ရောဂါ။ တလောက ဝေဝေ ချောင်းဆိုလို့ မပြောပါနဲ့တော့၊ ဝေဝေအတွက် ပူလိုက်ရတာ သိပ် သတိထားနေရတယ်'

စကားပြောစရာမရှိကြသလိုပင် ငြိမ်သွားကြလေသည်။ သို့သော် ဝေလောက်၊ ဝေ့နည်းတူ၊ ဝေ့လို လိုက်ငြိမ်နေ၍လည်း မဖြစ်၍ စကား

www.burmeseclassi.com



ပြောစရာ ရှာနေကြသည်။

'ကိုနေဦးလည်း သွားမလို့ တကဲကဲပဲ။ အလုပ်တွေက လက်စမသတ်နိုင်လို့ ဆိုင်းနေရတာ၊ ဒီညတော့ မနေဘူး... သွားမှာပါ'

ငြိမ်နေကြပြန်သည်။ ဦးစောဟန်သည် စီးကရက်ကို ကိုက်လျက်မီးညှိနေစဉ်၊ သန်းသန်းသည် ခေါင်းကို အသာကလေး ဘေးလှည့်ကာငြိမ်နေသည့် ဝေ့ကို မျက်လုံးစွေကြည့်ရင်း 'သိပ်စိတ်မပူပါနဲ့ ဝေဝေရယ်သက်သာမှာပါ'ဟု အားပေးစကားပြောလိုက်သည်။

ဝေဝေသည် စကားကို ပြောချင်ဟန်မရှိဘဲ မျက်လွှာချနေမြဲ ငြိမ်နေလေသည်။

သန်းသန်းမှာ ဝေဝေ ငြိမ်နေခြင်းကို တွေ့ရာလျှောက်၍ တွေးတောကာ အနေရ အထိုင်ရ ကျပ်လာလျက်၊ ဆက်စရာ စကားလည်း ရှာမတွေ့တော့၍ ပြန်ရန် ဟန်ပြင်လိုက်သည်။

'ကိုနေဦး ရောက်ပြီလား မသိဘူး။ ကျွန်မ ပြန်ဦးမှပဲ'ဆိုကာ ထ၍ဝေဝေ့ကို မတ်တပ်က ပြန်ငုံ့ကြည့်လျက်-

'ဝေဝေ ညကို လိုက်ဖြစ်ရင် မယ်အေးနဲ့ ပြောခိုင်းလိုက်နော်'ဟုမှာပြီး အပြင်ဘက် ထွက်သွားသည်။

ဦးစောဟန်သည် ထုံးစံအတိုင်း သန်းသန်း ထတာနှင့် လိုက်၍ထကာ ခေါင်းညိတ်ပြနေလျက် ခန်းဆီးပြင်ဘက် သန်းသန်းရောက်သွားမှပြန်ထိုင်လိုက်သည်။

ဝေဝေသည် ဆတ်ခနဲ ထ၍ ရပ်လိုက်သည်။

'ဘယ်လဲဝေ...'

ဦးစောဟန်က ခြေလှမ်းကြဲကြီးနှင့် ဝေ့အနားသို့ ထလာပြီးလျှင်ဝေနှင့် မျက်နှာချင်းဆိုင် ရပ်လျက် ဝေ့လက်ကလေးများကို ဆုပ်ကိုင်လျက်ကာ မျက်နှာကို စေ့စေ့ကြည့်၍ 'ဝေ စိတ်ဆိုးနေသလားဟင်'ဟု စိတ်ပူစွာမေးနေလေ၏။



BURMESE CLASSIC .com

www.burmeseclassi.com



စိတ်ဆိုးနေသလား ဟုသာ မေးရသည်။ ဝေဝေ့ မျက်နှာမှာ စိတ်ဆိုးနေသည့် အရိပ်အယောင် သမ်းမှု မသမ်းချေ။ နှုလုံးမခုန်သည့် အရုပ်လိုပင် မျက်တောင်လည်း မခတ်၊ မျက်လုံးလည်း မရွေ့၊ နှုတ်ခမ်းလည်း မလှုပ်။

'ထိုင်ပါဦး ဝေရယ်'ဟု ဆိုကာ ပခုံးကို ဖြည်းဖြည်းကိုင်လျက် ဆွဲထိုင်ပေးလိုက်သည်တွင် ဝေမှာ ပြန်ထိုင်ကျသွားပြန်သည်။

ဝေ့နား ကပ်၍ထိုင်ပကာ ဝေ့နဖူးလေးကို လက်ဖြင့် ယုယစွာ သပ်နေလေသည်။

'ဝေ့ကို မလွှတ်ချင်ဘူး။ ဝေ့ကို မသွားစေချင်ဘူး။ အမှန်ပြောရရင် ဒီရောဂါနဲ့ အသည်းအသန်ဖြစ်နေတဲ့ လူနာနားကို ဘယ်လိုအကြောင်းနဲ့မှ ဝေ့ကို မကပ်စေချင်ဘူး။ ဟို သွားရင် ပင်ပန်းဦးမယ်၊ အိပ်ပျက်စားပျက်ဖြစ်ဦးမယ်၊ စိတ်လည်း ပူရဦးမယ်၊ နေမကောင်းဖြစ်လာမှာ သေချာလို့ မလွှတ်ချင်တာပါ ဝေရယ်'

ဦးစောဟန်သည် သူ့သဘောထားကို ဝေ နားလည်အောင် ရှင်းပြောပြသည်။ ဝေ့အား နူဆတ်သော ကြွေထည်ပစ္စည်းကလေး တစ်ခုသဖွယ် အရေးထားကာ ထိမိ၊ တိုက်မိ၊ ခိုက်မိ၍ ကွဲသွားမှာကို စိုးရိမ်ကြောက်လန့်နေသည်။ ဘာကြောင့် မလွှတ်ချင်မှန်း သူ့စိတ်ရင်းကို အဖြောင့်အတိုင်း သိမြင်နားလည်စေချင်လှသည်။

ဝေ့မှာ သည်လောက် ရှင်းပြောနေစရာ မလိုလောက်အောင် သူ့စိတ်ကို သိလွန်း၍၊ စိတ်လှုပ်ရှားဟန်မရှိဘဲ ကျောက်ရုပ်ကဲ့သို့ ငြိမ်နေနိုင်သည်။

'ကိုယ့်ကို နားလည်စေချင်တယ် ဝေရယ်၊ တစ်မျိုးအဓိပ္ပာယ် မတွေးပါနဲ့။ ဝေ့ကို ချစ်လွန်းလို့၊ စိတ်ပူလွန်းလို့ဆိုတာ ဝေသိတယ် မဟုတ်လားဟင်... ဝေ'

ဝေသည် ဖျတ်ခနဲ လှည့်လျက် မျက်လုံးချင်းဆိုင်ကာ 'ဒါဖြင့် ဝေ မသွားရဘူးလား'ဟု မေးလိုက်သည်။ ဝေ့အသံမှာ ဒေါသသံ မပေါက်၊



BURMESE CLASSIC .com

www.burmeseclassi.com



အေးစက်နေသော အသည်းနှလုံးမှ ထွက်ပေါ်လာသော အားနည်းပျော့ဝင်နေသည့် အသံကလေးဖြစ်သည်။

ဦးစောဟန်မှာ စိတ်ညစ်ညစ်ဖြင့် ခေါင်းကိုသာ တွင်တွင် ပွတ်လေသည်။ "မသွားပါနဲ့" ဟု တားမြစ်သည့် အနေမျိုးလည်း မရောက်ချင်၊ မသွားပါနဲ့ဟု ပါးစပ်ကလည်း မပြောရက်၊ သွားဖို့ရန်လည်း ခွင့်မပြုနိုင်။ ဝေ့ကို အဖြေပေးရန် ခက်လွန်း၍ စိတ်အိုက် ချွေးပြန်လာသည်။

ဝေဝေ့ နဖူးကိုလည်း မသပ်တော့ချေ။ ဝေဝေနှင့်လည်း မျက်လုံးချင်း မဆိုင်တော့ချေ။ ဒူးပေါ်တွင် လက်ထောက်လျက် လက်ဝါးပေါ်၌ မျက်နှာကို မှောက်လိုက်ကာ အသက်ပြင်းပြင်းကြီး ရှူနေလေ၏။

ဝေဝေသည် ဦးစောဟန် ဖြစ်ပျက်နေပုံများကို ကြည့်လျက် ရင်ထဲ၌ စူးဝင် နာကျင်လာလေသည်။ နာကျင်လွန်း၍ ငြိမ်သက်သော မျက်နှာပြင်မှာ သွေးရောင်ပင် မရှိတော့။ ဖြူဖျော့ဖျော့ မျက်နှာလေးမှာ တွေဝေ ငေးမှိုင်လျက် ခဏမျှ သတိလစ်နေလေသည်။

သည်လောက် သူ့ကို အလျှော့ပေး သည်းခံသည့် အချစ်မျိုးနှင့် တွေ့ပါလျက် ဝေ၏ အချစ်အင်အားကို နားလည်ချင်မှ နားလည်မည့်သူမို့ မလိုက်လျောနိုင် ဖြစ်နေတာ ကံခေလိုက်လေစွ။ စိတ်ဒုက္ခနှင့် တွေ့ရလျှင်လည်း တွေ့ရစေတော့၊ "ကို"က ဒီလောက်တောင် ဖြစ်နေရင်လည်း မသွားချင်ပါနဲ့တော့ဟယ်...။

ဝေသည် စိတ်တိုးတိုး ချလိုက်သည်။ သည်လောက်ပင် မျိုသိပ်သည်။ သည်လောက်ပင် ကြိတ်မှိတ်သည်။ ရင်ထဲ၌ ဆို့တက်လာသော အလုံးကို ကြိတ်ပြီး ဖိနှိပ်လျက် ချလိုက်ကာ ဦးစောဟန်နားမှ ထလာခဲ့ရာတွင် အိပ်မက်ထဲ၌ လမ်းလျှောက်နေသလိုပင် အိမ်ပေါ်သို့ တက်လို တက်မှန်းပင် မသိ တက်ခဲ့၏။ ခုတင်ပေါ်တွင် လျောင်းချွေလိုက်ကာ လေးလံနေသော မျက်လုံးများကို အားယူ၍ ပိတ်လျက် အသက်ကို ငွေ့ငွေ့မျှဉ်းမျှဉ်းလေး ရှူနေလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



နေလုံး ကွယ်ပျောက်၍ အိပ်ခန်း မှောင်ကျသွားမှန်းလည်း မသိ။ ရန်ကုန်သင်္ဘော မှုတ်သံသည် ဝေ၏ နားထဲတွင် သဲ့သဲ့လောက်သာ ကြားနိုင်စွမ်း ရှိတော့သည်။ ဝေ့ တစ်ကိုယ်လုံးမှာ အေးစက်လျက် တောင့်နေကာ၊ နဖူးမှ ချွေးပေါက်သည် ပါးပေါ်၌ လိမ့်နေကာ လည်ပင်းသို့ စီးကျနေလေသည်။

ဦးစောဟန်သည် မီးဖွင့်လိုက်ကာ ခုတင်နားသို့ ပြေးသွားလျက် ဝေ့ကို ပွေ့ယူ ထွေးပိုက်လိုက်သည်။

'ဝေ...ဝေ...ဝေရယ်'ဟု ခေါ်ပါသော်လည်း မထူးနိုင်။ ဝေသည် ကြားနိုင်သော အာရုံက လုံးဝမရှိ ရေထဲ နစ်သလို တွယ်တာစရာ ဖက်စရာ မရှိ ငုပ်ရာက ပေါ်လာတိုင်း မောဟိုက်သည်မှာ ပြောစရာ မရှိ နစ်သွားလျှင် အသက်အောင့်ထားရလေသည်။ တစ်ကိုယ်လုံး ရှိသမျှ အင်အားနှင့် ဖော့မှ ပေါ်လာပြန်သလို မွန်းနေလေသည်။

ဦးစောဟန် ထူပွေ့လိုက်မှ အသက်ကို ရှိုက်၍ ရှူနိုင်လာကာ၊ ရင်မှာ နိမ့်လိုက် မြင့်လိုက်နှင့် နှုတ်ခမ်းများမှာ ဖျော့တော့နေသည်။ ကိုယ်တွင် အင်္ကျီတွေ စိုရွှဲကာ အသားနှင့် ကပ်နေပေသည်။

'ဘယ်လိုဖြစ်သလဲ ဝေ၊ ဘယ်လိုနေသေးသလဲ'

ဦးစောဟန်၏ အသံမှာ ပြာလျက် သာယာညင်သာနေသည်။

ဦးစောဟန်၏ ရင်ခွင်ထဲ ရောက်နေသောအဖြစ်ကို သိလာသည်။ နှုတ်က ဘာမျှမပြောဘဲ ခေါင်းကို အသာညိတ်၍ ပြလေသည်။ ဦးစောဟန်မှာ ခုမှ သက်ပြင်း ချလိုက်နိုင်တော့သည်။ မယ်အေးကို လှမ်းခေါ်လိုက်သည်။

မယ်အေးမှာ ဝေဝေ အိမ်ပေါ်မတက်ခင် လိုက်ကာနောက်မှ ချောင်း၍ နားထောင်နေကာ ရင်ထဲ၌ ခုန်နေပေသည်။ ဝေဝေ ထလာလျှင် သူ့ကို မမြင်အောင် နောက်ဖေးဘက်သို့ ထွက်သွားလေသည်။ နောက်ဖေးခြံထဲသို့ ဆင်းသွားပြီးနောက် တစ်ဖက်အိမ်မှ သန်းသန်း၏ အရိပ်အယောင်ကို

www.burmeseclassi.com



ချောင်းနေကာ မြင်တာနှင့် လက်မြှောက်၍ သွက်သွက်ခါပြလိုက်သည်။ သန်းသန်းမှာ ခေါင်းညိတ်လျက် ပြန်ဝင်သွားသည်။

အိမ်အောက်၌ လုပ်စရာရှိသော အလုပ်များကိုလုပ်နေကာသဘော် မှုတ်သံ မကြားချင်း ဝေ့နားသို့ မသွားရဲပေ။ ဦးစောဟန် အော်ခေါ်မှ အလန့်တကြား ပြေးတက်ခဲ့ရသည်။

ဝေ့ကို အင်္ကျီမြန်မြန် လဲပေးကြ၏။ ဆံစကို အော်ဒီကလုံး ရွဲနေအောင် ဆွတ်ပေးလျက် အိပ်ရာပေါ် မချသေးဘဲ၊ ထွေးပိုက်ကာပင် ယပ်ခတ်ပေးနေသည်။

'ဝေ နည်းနည်းမူးသွားတယ်။ သက်သာပါပြီ ကို'ဟု ဝေ့ အသံလေးကြားရမှပင် အိပ်ရာပေါ်သို့ ချပေးကာ သိပ်၏။ ဝေသည် မှိန်းနေလေသည်။

ထိုနေ့ညဉ့်၌ ဦးစောဟန်မှာ စိတ်ထင့်လျက် စိတ်ချလက်ချ မအိပ်နိုင်ချေ။ ရှိုက်သံလို ကြားလိုက်သည်နှင့် မျက်ရည် ကျနေသလားဟု ဝေ၏ မျက်လုံးကလေးကို ထစမ်းကြည့်နေသည်။ ထ စမ်းတိုင်း မျက်ရည်ကို မစမ်းမိချေ။ မျက်လုံး လာစမ်းလျှင် ဝေ့မှာ အခံရခက်စွာ ပြင်းပြစိမ့်ကျင်သွားသော ဝေဒနာကို ခံစားလိုက်ရ၏။

နံနက်မိုးသောက်သော် ဝေသည် အိပ်ရာမှ ဟန်မပျက် ထနိုင်သည်။ လေးနက်တည်ငြိမ်သော အကြည့်ဖြင့် စကားနည်းသည်မှအပ ထူးခြားပြောင်းလဲခြင်း မတွေ့ရပေ။ ဝေက စိတ်နာတတ်သူ မဟုတ်၊ စကားနာလည်း မပြောတတ်။ လက်ဖက်ရည်စားပွဲသို့ "ကို"ကြိုက်သော နံနက်ခင်း ဝတ်စုံကို ဝတ်ကာ ဖြီးလိမ်းပြီး အတူ လိုက်ပါလာသည်။

ခါတိုင်းကဲ့သို့ မူမပျက် ဝေ စားသောက် စကားပြောနေသောကြောင့် ဦးစောဟန်မှာ စိတ်သက်သာရာ ရသွားလေသည်။ ဝမ်းသာမိသေး၏။ သူ့အလို လိုက်ရှာပါကလားဟု သဘောကျရလေ၏။ နဂို ရွှင်လန်းသံကလေး မြူးထူးကာ မကြားရပေသည့် ညှိုးငယ်ခြင်းလည်း မဖြစ်ဘဲ စားသောက်နေရာ၊ ဦးစောဟန်၏ ချစ်မေတ္တာမှာ ဝေဝေ့အပေါ် မိုးသီးမိုးပေါက်



BURMESE CLASSIC .com

www.burmeseclassi.com



ရှာချနေပေသည်။

နံနက်ဘက် အလုပ်မသွားခင် ဝေက ညကကိစ္စနှင့် ပတ်သက်၍ ဘယ်လိုများ ပြောဦးမလဲဟု ထိတ်ထိတ်ထိတ်နှင့် နေရသည်။ ဝေ့မှာလည်း ညက ကိစ္စနှင့် ပတ်သက်၍ စကားစပ်မှာပင် ကြောက်လန့်နေလေသည်။ နှစ်ယောက်စလုံး ဆုတောင်းပြည့်သွားကြသည်။ ဦးစောဟန်သည် ညင်သာ ယုယစွာ နဖူးကို နမ်းလျက်၊ စိုစွတ်သော နှလုံးဖြင့် ပေ့ါပါးစွာ ပြုံးနှုတ်ဆက် ထွက်သွားနိုင်လေသည်။

ဝေ၏ မျက်နှာမှ အပြုံးသည် ဦးစောဟန် ကွယ်သွားသည်နှင့် ပျက်ပြယ်သွားကာ အဆွေးသို့ ကူးစပြုနေလျက်၊ မျက်ရည်စတို့သည် ဝေ့ကာ ဝေ့ကာနှင့် မျက်လုံးတွင် ပေါ်လာကြသည်။

မျက်ရည်များ ပါးပြင်ပေါ်သို့ စီးဆင်းလာလျှင် ကြေကွဲစွာ ရပ်ကြည့် နေရာမှ ခေါင်းငိုက်စိုက် ချလျက် အိမ်ပေါ်သို့ လေးလံစွာ တက်သွားလေ၏။ အိမ်ခန်းပြင်ဘက် အိမ်ရှေ့ခန်းတွင် လိုက်ကာ ကွယ်ထားသော ဘုရားစားပွဲ ခုံရှေ့၌ ဝပ်တွားလျက် ဖခင် ဝေဒနာ သက်သာစေကြောင်း ဆုတောင်းရန် နဖူးနှင့် ကြမ်းနှင့်အပ်ရင်း တသိမ့်သိမ့် ငိုနေလေသည်။

အားရအောင် ငို၍ မောပန်းလာမှ ကျေနပ်ပြီး ငြိမ်ကျသွား၏။ ထို့နောက် ကိုယ်ကို မတ်ထူလျက် မျက်ရည်စများကို မသုတ်ဘဲ လက်ယှက် မိုးကာ၊ မျက်စိ စုံမှိတ်ပြီး မဆုံးနိုင်အောင် ဆုတောင်းနေလေသည်။

"ညက အစ်ကိုကြီး သွားပြီလား"ဟု မယ်အေးကို မေးလိုက်ချင် သည်။ မေးလို့ မဖြစ်မှန်း သူ့စိတ်ကို သူသိ၍ ထိန်းလေသည်။ မယ်အေးမှာ ပြောချင်လွန်း၍ အနားတွင် တရစ်ဝဲဝဲ လုပ်နေ၏။ ဝေဝေ ဘာမှ မမေး၍ မပြောရ မနေနိုင်သော မယ်အေးသည် ပြောမိအောင် လာပြောသည်။

'ညက အစ်ကို လွှတ်လို့ မမ နေမကောင်းလို့ မလိုက်နိုင်ဘူးလို့ အစ်ကိုကြီးကို သွားပြောရယ်'

ဝေသည် မယ်အေးကို ကျောခိုင်းလိုက်ကာ'အေး...အေး'ဟု စကား



BURMESE CLASSIC .com

www.burmeseclassi.com



ပြန်သည်။

ဝေမှာ အားငယ်စိတ် အပြည့်နှင့် တစ်ဖက်အိမ်ကြီးသို့ ချည့်နဲ့စွာ မျှော်ကြည့်သည်။ အိမ်ကြီးမှာ သုန်မှုန်နေသယောင်၊ အပေါ်ထပ် တံခါးများမှာ ဆို့ပိတ်လျက် အကြည့်မခံချင်သလို မျက်နှာလွှဲနေသည် ထင်သည်။ ရပ်တည်၍ မနေတတ်တော့သည်အထိ ကြာရှည်စွာ ရှိုက်ငင် ကြည့်နေပြီး နောက် မိုးကို မျှော်ကြည့်လိုက်သည်။ အပြာပိန်းထဲ၌ တိမ်ဖြူဆုပ်တို့သည် ရပ်တန့်ဆိုင်းဆို့လျက် ရှိလေသည်။ တိမ်များကို ဖောက်ကာ လေယာဉ်ပျံ နှင့် ပျံသန်းလျက် ရန်ကုန်သို့ ရောက်သွားမည်။

ဝေဝေသည် ခုတင်ပေါ် ရောက်သွားလေသည်။

ဦးစောဟန်သည် မြေကြီးကို ငုံ့ကြည့်လျက် တစိုက်စိုက် လာနေ လေသည်။ ခြေလှမ်းများမှာ သွက်လှသည်။ မောင်မြမှာ ခေါင်းငိုက်ဆိုက် ချလျက် သုတ်သုတ်လာနေသော “သခင်”ကို ပြတင်းမှ လှမ်းမြင်၍ ထမင်း စားခန်းထဲမှ ပန်းကန်ဗီရိုပေါ် တင်ထားသည့် စားပွဲတင် နာရီလေးကို လှည့် ကြည့်လိုက်သည်။

အချိန်မှာ ၁၂ နာရီ ရှိသေး၍ ခါတိုင်း ၁ ချက်မှ ပြန်နေကျ။ ယနေ့ စောစော ပြန်လာခြင်းသည် မယားအတွက် စိတ်မချ၍သာ ဖြစ်ရမည်ဟု တွေးသည်။

နောက်ဖေးက ထမင်းချက် ကုလားကြီးကို ပြန်လာပြီဟု ပြေး သတင်းပို့လိုက်ကာ ရေချိုးခန်းထဲတွင် တဖုန်းဖုန်း ဆောင့်လျှော်နေသော မယ်အေး အဝတ်ဖွပ်ရာသို့ အပေါက်ဝက လက်ညှိုးထောင်ကာ ‘ရှူးခနဲ’ လုပ်ပြခဲ့သည်။

‘မင်း အစ်မကော’

‘အပေါ်မှာပါ’ဟု မောင်မြက ခေါင်းကို စောင်းကာ အိမ်ပေါ်သို့ မေ့ပြ ပြော၏။

ဦးစောဟန်သည် ဖြည်းနှေးစွာ လှေကားကို နင်းတက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေသည် ငေါက်ခနဲ ထကာ တန်းက မျက်နှာသုတ်ပဝါဖြင့် မျက်နှာကို ခပ်ကြမ်းကြမ်း ပွတ်သုတ်လျက် ကမန်းကတန်း အခန်းဝသို့ ထွက်လာ၏။

သူတို့နှစ်ယောက် လှေကားထိပ်၌ ဆုံမိကြသည်။ ဦးစောဟန်သည် ဆီး၍ ဝေ၏ ပခုံးနှစ်ဖက်ကို သိမ်းဖက်လိုက်သော မျက်နှာကို ဝှက်လျက် ပြောလေသည်။

'ဝေ… ဦးဆုံးပြီ'

ဝေသည် လျှင်မြန်စွာ ဦးစောဟန်၏ပခုံးကို တွန်းလျက် မျက်နှာကို စေ့စေ့ ဆိုင်လိုက်သည်။ ဝေ၏ မျက်တောင်မခတ် မျက်လုံးပြူးနေသော မျက်နှာမှာ အကြောဆွဲနေသလိုပင်၊ နှုတ်ခမ်းကလေး တလှုပ်လှုပ် လှုပ်နေစဉ် မျက်ခုံးတစ်ဖက်ကလည်း လှုပ်သည်။ ပါးနှင့် မေးစေ့သည် တစ်ချက် တစ်ချက် အကြောလိုက် ယမ်းခါသွားလျက်။ နှာခေါင်းမှာ ပွလိုက် ရှုံ့လိုက် ကြာရှည်စွာ ဖြစ်နေပြီးနောက် ဖုတ်လှိုက် ဖုတ်လှိုက် ရှူနေသည့် ရင်တွင်းမှ မချိမဆံ့ဖြင့် လှိုက်လှဲစွာ ပွင့်အန်ထွက်လာလေသည်။

'ဖေဖေလေ…'

ထို့နောက် မျက်ရည်ပေါက် ကြီးငယ် ကျလာလေ၏။ ထို့နောက် မချုပ်တည်းတတ်တော့ဘဲ လက်ဝါးများကို ကားဖြန့်လျက် မျက်နှာအုပ်ကာ ရှိုက်ကြီးတငင် ငိုလေ၏။ ဦးစောဟန်သည် ဝေ့ ဖြစ်အင်ကို မချိတင်ကဲ ကြည့်လျက် 'သံကြိုး ဒီမှာဝေ…'ဟု ဆိုကာ ဖွင့်ဖြန့်ပြသည်။

ဝေသည် အားရပါးရ ရှိုက်လျက်ပင် မျက်နှာပေါ်၌ ဖြန့်အုပ်ထားသည့် လက်ဝါးများကို မျက်လုံးပေါ်အောင် အောက်သို့ ဆွဲသပ်လျက် စာရွက်ကို အားခဲလှမ်းကြည့်သည်။

***"နံနက် ၉ နာရီ ၄၅ မိနစ် ဖေဖေအသက်ပျောက်သည်"***

***နေဦး***

ဝေသည် 'အမယ်လေး…'တပြီး လှေကားမှ ပြေးဆင်းသွားလေသည်။ ဦးစောဟန်မှာ ဝေ့နောက်မှ ပြေးဆင်းလိုက်ကာ 'ဝေ… ဝေ …



BURMESE CLASSIC .com

www.burmeseclassi.com



ဝေ’ တ ခေါ်လေရာ ဝေမှာ မကြားပါချေ။

ဝေသည် ဘာကိုမျှ မမြင်ရဘဲနှင့် တစ်ဖက်အိမ်သို့ ရောက်သွားလေ၏။ ဝေသည် ဘာမပြော ညာမပြောနှင့် အိမ်ပေါ်သို့ ပြေးတက်နေသည်။

သန်းသန်းသည် ထိုင်နေရာမှ မျက်လုံး အကြောင်သားနှင့် ‘ဝေဝေ ဝေဝေ’ဟု ကတုန်ကယင် လှမ်းခေါ်နေစဉ်၊ ဦးစောဟန်နှင့် မယ်အေးသည် တစ်ပြိုင်တည်း အိမ်ပေါက်ဝသို့ ရောက်လာကြကာ ‘သန်းသန်း… ဦး ဆုံးပြီ’ ဟု ဦးစောဟန်က ရပ်ပြောလိုက်သည်။

မယ်အေးသည် ‘ဘာဘကြီးရေ…’ဟု ခုနစ်သံ ဟစ်၍ အော်လျက် အရှူးလို ခုန်ပေါက် တက်လိုက်သွားလေသည်။

ဝေ့မှာ ယူကျုံးမရ ရင်ကွဲနာ ကျလေပြီ။

ဖခင်အိပ်သော ခုတင်ဘေးတွင် ဒူးထောက်လျက် ခုတင်ပေါ်တွင် လက်ဆန့်၍ မျက်နှာမှောက်ကာ မျက်ရည်နှင့် လူးနေလေသည်။

ရန်ကုန်မသွားခင် ‘ဖေဖေ သွားရမလား သမီး’ဟု ခွင့်တောင်းနေရှာသော ဖခင်၏အသံမှာ သန်းသန်းနှင့် မယ်အေးတို့ ဆူညံ သောင်းကျန်းနေသော ငိုကြွေးသံများကို လွှမ်းလျက် စိုးမိုးနေပေသည်။

ငိုသံများ စဲသွားသည့်တိုင် ဝေ့မှာ ငိုကြွေးလို့ ဝမည် မထင်။ ရင်နှစ်ခြမ်း ပွင့်ထွက်ချင် ထွက်ပစေ၊ ပင်ပန်းကြီးစွာ ရှိုက်ကာ… ရှိုက်ကာ မျက်ရည်များ အိုင်ထွန်းအောင် ကျနေပေ၏။

‘တိတ်ပါတော့ ဝေရယ်၊ ည သွားဖို့အတွက် စီစဉ်ရဦးမယ် မဟုတ်လား၊ ပြန်စို့နော်…’

ပခုံးပေါ်သို့ လက်ရောက်လာကာ ပြုဆင်းကျလာသော“ကို့”အသံကြောင့် မိုးကြိုး ခွင်းတော့သည့်အလား အသည်းရှစ်စိတ် ကွဲသွားကာ တောက်လောင် ကျွမ်းခြစ်သွားဘိ၏။

တစ်ယူမသန်ဘဲ ညကသာ လွှတ်ခဲ့ပါလျှင် အသက် မီနိုင်သေးသည်

www.burmeseclassi.com



ဟု ယူကျုံးမရ လောင်ကျွမ်းပူခြစ် သွားခြင်းပင်တည်း။

ဝေသည် မကျေနိုင် မချမ်းနိုင်ဖြင့် ဘဝအကြောင်းကံကိုသာ ယိုးမယ်ဖွဲ့ကာ ကုသိုလ်ဆိုးလေခြင်းဟု ရင်နာခံသည်။ ဦးစောဟန်အားအပြစ်မတင်၊ ဦးစောဟန်၌ အပြစ်မရှိ။ ဦးစောဟန်ကို လက်ထပ်ခဲ့သော သူ့ကိုယ် သူသာ အပြစ်တင်၍ မဆုံးနိုင်။

ဝေ့မှာ မျက်ခွံများ ဖူးယောင်လျက် မဆည်နိုင်အောင် ကျနေသော မျက်ရည်ဖြင့် တစ်နေ့လုံး ခွေနေလေသည်။ ဦးစောဟန်မှာ ဝေ့ကို သန်းသန်းနှင့်ထည့်ရန် ဝေ့ပစ္စည်းတွေ သားရေအိတ်ထဲ ထည့်ဖို့ စီစဉ်ပေးနေသည်။

'ဝေ... ထမင်းစားပြီးရင် သောက်တဲ့ ဆေးပြားကို ဆက်ဆက်သောက်နော်၊ ည အိပ်ရာဝင်တော့ တော်နစ် သောက်ဖို့လည်းမမေ့နဲ့၊ အချိန်နဲ့ စားနော်၊ တွေ့ကရာတွေ မစားပါနဲ့'

စိတ်မချတိုင်း ဝေ့အနား လာမှာကြားနေသည်။ သူ့ကွယ်ရာတွင် သူ့ဆွေမျိုးအုပ်နှင့် အိပ်ချင်သည့်အချိန်မှ အိပ်၊ စားချင်တာတွေ စား လုပ်မှာများတော့ ခွင့်လွှတ်နိုင်မည် မဟုတ်၍ စိတ်မချ ရှိလှသည်။ သူ ပြုပြင်ထားသော ပုံစံကလေး ပျက်သွားမှာကို စိုးသည့်စိတ်သာ စောနေ၏။

အဝတ်အစားများကို သူ့စိတ်ကြိုက် ရွေးချယ်ပြီး ထည့်နေသည်။ ဘော်လီအင်္ကျီ၊ အတွင်းခံထဘီ၊ လက်ကိုင်ပဝါများကို မမှန်းတတ် မှန်းတတ်နှင့် လိုအပ်တာထက် ပိုနေအောင် သိပ်ထည့်ပေးနေလေ၏။ ဝေ့မှာ ခုတင်ပေါ်၌ ခွေခွေလေးနေသဖြင့် အလုပ်များနေသည့်ကြားထဲမှ အဖျားဝင် မဝင် သိရန် ပါးစပ်ထဲ ပြဒါးချိန်တပ်ကာ လက်သွေး စမ်းကြည့်လေသည်။ သွေးစမ်းကြည့်နေသော လက်မှ သွေးခုန်ခြင်းထက် ဝေ၏ ရင်ထဲ၌ ပိုခုန်နေလေသည်။ လက်မချမခြင်း သွေးတိုး နှေးလိုနှေးငြား အသက်ကို အောင့်နေမိလေ၏။

'အဖျားတော့ မရှိပါဘူး... အားနည်းနေတယ်။ ဟိုရောက်ရင် သိပ်မငိုနဲ့ ဝေရယ်၊ ခေါင်းတွေ အုံ့မှုံးပြီး ပင်ပန်းလိမ့်မယ်။ ဇဝက်သာ ပုလင်းလေးကို အမြဲရှူနေနော်'



BURMESE CLASSIC .com

www.burmeseclassi.com



ဝေသည် ဘာမှာမှာ ခေါင်းညိတ်၍ ပြလိုက်သည်။ သွားရလျှင် ပြီးစတမ်းဟု နောက်ဆုံး သဘောထားကာ မှာသမျှ ခေါင်းညိတ်နေသည်။

သားရေသေတ္တာကြီးထဲတွင် ရေမွှေးပုလင်း၊ ရှူဆေးပုလင်း၊ သောက်ဆေးပုလင်းများ စုံစုံစေ့စေ့ ထည့်ပေးနေသည်။ ငါးကြီးဆီပုလင်းကို ထည့်သာ ထည့်ရသည်။ အိမ်တွင် မနည်းချော့တိုက်ရ၍ နောက်ကွယ်တွင် သောက်မှ သောက်ပါ့မလားဟု စိတ်ပူကြီးစွာဖြင့် ဆက်ဆက်သောက်ရန် ထပ်မနားမှာပြောပြီးမှ ထည့်လိုက်သည်။

'သေပြီးမှပဲ မထူးပါဘူး ဝေရယ်၊ အနားကပ်ပြီး ကိုင်လား ထိလား မလုပ်နဲ့နော်'

ဝေ့ကို လူရှေ့ သူရှေ့မှာတာမျိုးလည်း ရှိ၏။ ဝေ့ကို နောက်ကွယ် တိုးတိုးကျိတ်မှာတာမျိုးလည်း ရှိ၏။ ဝေသည် သွားရရင် ပြီးတမ်း ခေါင်းသာ ညိတ်ပြသည်။

သဘော်မဆင်းခင် ကြိုတင်ကာကွယ်သော သဘောဖြင့် ဆရာဝန်ခေါ်၍ သွေးအားကောင်းမည့် အကြောဆေးကို နာကျင်စွာ အထိုးခံရလျက်၊ မော်လမြိုင်ကျွန်းမှ ထွက်သွားသည့် ကိုယ်အလေးချိန်ကို ပေါင်ချိန်ပေါ်တွင် ချိန်မှတ်ယူထားလိုက်ကာ၊ သည်ပေါင်ချိန်အတိုင်း ပြန်လာရမည်ဟု မဆိုသော်လည်း ဆိုရာရောက်သည့် အပြုအမူတွေကို သေရာပါသွားသည့်အထိ ဝေ့တစ်သက် မေ့နိုင်ဖွယ် ရှိလိမ့်မည် မဟုတ်ပါချေ။

(၁၄)

ဒေါ်သက်သည် အိမ်ရှေ့၌ ရပ်သော ကားကို ပြူးစိုက်၍ ကြည့်နေလေသည်။

ဝေဝေသည် ခေါင်းကို ငုံ့ကာ ကားပေါ်မှ ဆင်းလာ၏။ လက်ကိုင်ပဝါနှင့် သူ့မျက်နှာ တစ်ဝက်ကို အုပ်လျှောက်လာသည်။ သန်းသန်းနှင့် မယ်အေးမှာ အိမ်ပေါ်သို့ မော့၍ မျှော်ကြည့်ကြပြီးနောက် ပစ္စည်းများ သယ်ချနေကြသည်။



BURMESE CLASSIC .com

www.burmeseclassi.com



'သမီးကောလို့ မေးတာ... မင်းသမီးလေး လာပါပြီကွယ့် မောင်ဘိုးသိန်းရဲ့'

ဒေါ်သက်သည် အိမ်ဝက ဆီး၍ ကုန်းအော်ဟစ် ငိုလိုက်သည်။ ဒေါ်သက်၏ ရင်ထဲက မချိမဆံ့ ထွက်လာသည့် အသံကြောင့် ဝေ့မှာ အသည်းထဲ၌ ဆတ်ဆတ်ခါသွားသည်။

အိမ်ပေါ် ဆင်ဝင်တွင် အလောင်း ပြင်ထားသည်ကို လမ်းကပင် မြင်ရ၍ လှေကားကို တန်းတက်သွားလေသည်။ ဒေါ်သက်မှာ ဝေ့နောက်က ငိုယိုလိုက်သည်။ အိပ်ပေါ်ထပ် ဆင်ဝ၌ ဖခင်၏ ရုပ်ကလာပ်ကို မြင်လျှင် ခုတင်နားသို့ ပြေးသွားကာ မျက်နှာပေါ်၌ လွှမ်းထားသော ပဝါစကို ဆွဲလှပ်လိုက်သည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ဖခင်၏ မည်းပြာပြာမျက်နှာကို အံကြိတ် စိုက်ကြည့်လျက် ရုတ်တရက် အသံလည်း မထွက်နိုင်၊ မျက်ရည်များသာ သွင်သွင် စီးကျကာ ရင်ထဲ၌ ဆို့နေလေ၏။

မသာခုတင်နှင့် မနီးမဝေး၌ ကိုသက်နှံနှင့် ထိုင်နေကြသည့် ကိုနေဦးမှာ မျက်နှာပျက်ပျက်နှင့် ဝေ့ကို ငေးကြည့်နေကြသည်။

ထားထားသည် ခုတင်ခြေရင်း၌ ခုတင်တိုင်ကိုအားပြုကိုင်ရပ်လျက် ရှိုက်ငင်နေလေ၏။ လေးငါးလအတွင်း ဖခင်အား မအိပ်မနေ ပြုစုရ၍ မျက်ကွင်းချိုင့်ချိုင့်နှင့် ပိန်ချုံးနေသည်။ ဒေါ်သက်သည် ဝေ့တစ်ဖက်တွင် ရပ်ကာ သူ့မောင်အား ကြားကြား မကြားကြား ငိုကြီးချက်မဖြင့် ခုတင်ပေါ်မှ စိတ်လိုက်မာန်ပါ အတင်း ထခိုင်းနေလေ၏။

'မင်း သမီးကို ထကြည့်ပါဦး။ မောင်နေဦးလာတော့ သမီးကောလို့ မောနေတဲ့ကြားက တငင်ငင် မေးတာလေ။ မင်း မြင်ချင် တွေ့ချင်လှတဲ့ သမီးကို ထ ကြည့်စမ်းပါဦး'

ဦးဘိုးသိန်းမှာ ဆုံးမည့်မနက်၌ ရှိုက်မောနေသည့် အတွင်းမှ သားတွေ၊ သမီးတွေကို စုံညီတွေ့ချင်ဖော ပြင်းပြနေရှာပေသည်။ နံနက် ငါးနာရီခန့်ကစ၍ မရှူနိုင် မရှိုက်နိုင်အောင် မောနေသော်လည်း သတိ ကောင်းစွာ



BURMESE CLASSIC .com

www.burmeseclassi.com



ရသေးသည်။ ကိုနေဦးမှာ ရှစ်နာရီလောက် သင်္ဘောက တက်လာ၏။ ကိုနေဦးကို မြင်မြင်ချင်း ရှိုက်မောလျက်ပင် 'သမီးကော…သမီး'ဟု အသက်ပါသွားမလောက် ပီသအောင် ကြိုးစားအားယူပြီး မေးရလေ၏။

ကိုနေဦးက ဖခင်ဘေးတွင် ဝင်ထိုင်ပြီး ရင်ကို လက်နှင့် အုပ်ပေးလျက် ဖခင်၏ နှုတ်ခမ်းလှုပ်သည့် လေသံကို ဖမ်းကာ 'ဝေဝေ နေမကောင်းလို့ နက်ဖြန်မှ လိုက်လာလိမ့်မယ် ဖေဖေ'ဟု ကြည့်ကောင်းအောင် ပြောလိုက်ရပေသည်။ ပြောတာကို ကြားသကဲ့သို့ ခေါင်းကိုညိတ်လျက်၊ မျက်လုံးကြီးများ ဝိုင်းလည်လျက် မောနေလေသည်။ နောက်ဆုံး အသက်မထွက်ခင် စကားပြောသေး၏။ နှုတ်ခမ်း လှုပ်တာသာ တွေ့ကြရတော့လျက်၊ လေသံမှာ ဘာမှ မသဲကွဲတော့သဖြင့် ဘာမှာသွားမှန်း မသိလိုက်ကြပေ။

ဖခင်က 'သမီးကော…သမီး'ဟု မေးသွားတာလောက် ဝေ့ အသည်းခိုက်တာမရှိ၊ မတွေ့လိုက်ရလေခြင်းဟု များစွာ ယူကျုံးမရဖြစ်ကာ၊ သည်းထန်စွာ ရှိုက်၍ 'ဖေဖေရေ…'ဟု တ ခေါ်လျက် အလောင်းဘေး၌ ခေါင်းမှောက်ချလိုက်သည်။ ဖခင်၏ ရင်ပေါ်က လက်အေးအေးကြီးကို အားရှိပါးရှိ လှမ်းဆုပ်ထား၏။ ငိုသံကား မထွက်တော့၊ ကိုယ်ကို သိမ့်ခါအောင် ရှိုက်လျက် ရှိုက်လျက်ပင် ကြိတ်မှိတ် ပူဆွေးနေပေသည်။

ထားထားသည် ဝေ့အနားသို့လာကာ ထူမည်လုပ်၍ 'သူက သာဆိုးတာပေါ့။ တွေ့မှ မတွေ့လိုက်ရတာ၊ နေချင်သလို နေပါစေဦးဟာ'ဟု ကိုနေဦးက တားထားလိုက်သည်။ ဝေ့မှာ ဖခင်နား၌သာ သည်လိုပဲ နေချင်တော့သည်။ ဖခင် အနားမှ မခွာဘဲ သည်လိုနေရမှ ကျေနပ်နိုင်မလို ဖြစ်နေသည်။ အကြာကြီး နေလိုက်ချင်သည်။ အကြာကြီးဆိုသည်မှာ ရက် အကန့်အသတ်မရှိ။

ကြာတော့ ထားထားက လာချော့သည်။

'ညီမရယ် စိတ်ကိုသာ ဖြေပါတော့။ အကြောင်းဆိုတာ ဒီလိုပဲဟာ၊ ကိုယ်ကြံသလို မဖြစ်ဘူး။ ကိုယ်ကြံတိုင်း ကိုယ်ဖြစ်ချင်တိုင်းဖြစ်ရတယ်လို့



BURMESE CLASSIC .com

www.burmeseclassi.com



ဘယ်သူမှ မရှိပါဘူးဟာ...လာပါ...ထပါ'

အသံလည်း မထွက်၊ ကြိတ်မှိတ် ဆွေးရှိုက်နေခြင်းကို မကြည့်ရက်၊ မမြက်ရက်ကြ၍ အော်ဟစ်လူးလှိမ့်လျက် ငိုလိုက်တာကမှ သူ့အဖို့ သက်သာလိမ့်မယ်ဟု တွေးထင်ကြသည်။

ဒေါ်သက်မှာ မီးကုန်ယမ်းကုန် အော်ငိုပြီးနောက်၊ ဆွမ်းကိစ္စတွေ ရှိသေး၍ ငိုခြင်းကိုရပ်ကာ အလုပ်ရှိရာသို့ ထသွားလေသည်။ မယ်အေးသည် အားရအောင် ငိုပြီး၍ ဒေါ်သက်နောက်သို့ ထပ်ကြပ်လိုက်ကာ၊ လူကွယ်ရာ၌ သူ ကြုံခဲ့သိခဲ့သည့် အဖြစ်အပျက်များကို တစ်ဆင့် မဲ့မဲ့ရွဲ့ရွဲ့နှင့် ဇာတ်ကြောင်း ပြန်သည်။

'မမလေးက သိပ်လာချင်တာ ကြီးကြီးရဲ့။ အစ်ကိုက မလွှတ်ဘူး။ ဘဘကြီး အသက်ထွက်မယ့် အချိန်လောက်ပါပဲ။ ဘုရားစင်ရှေ့မှာ မမလေး မှောက်ပြီး ငိုနေလိုက်တာလေ။ ကျွန်မ ချောင်းကြည့်တာပေါ့။ အခု လာတာ တောင် ဆေးထိုးလာတာ'

မယ်အေးသည် ခရေစေ့တွင်းကျ နှိုက်နှိုက်ချွတ်ချွတ်နိုင်လွန်းလှ၍ ပြောသမျှ အကြောင်းတို့မှာ ဒေါ်သက်နား၌ ခါးနာလေသည်။

တောက်ခေါက်လျက် 'ထားထားများ သိရင်အေ'ဟုဆိုကာ အံကြိတ် ထားလေ၏။

ထားထားက ဝေ၏ အိမ်ထောင်ရေး အဆင်မပြေခြင်းကို အတွင်း ကျကျ မသိသော်လည်း သိသလောက် သိလေသည်။ ဝေ မလိုက်လာ ကတည်းက ဝေ့အတွက် ရင်လေး၍ သွားမိသည်။

မိမိ အထင်နှင့်အမြင် မကွာလှဘဲ ဘယ်လောက် စိတ်ဒုက္ခရောက်ရှာ ပုံကို တွေ့မြင်နေရသည်။

'ဝေရယ်... ထပါဟယ်။ အားလုံး နင့်အတွက် သိပ်စိတ်မကောင်း ဖြစ်နေကြတာ၊ နင် ဒီလိုပဲနေရင် ပိုစိတ်ဆင်းရဲကြတော့မယ်၊ ထ ပါဟ'

ဝေသည် မှောက်ထားသော ခေါင်းကို ပြောင်း၍ ဘေးသို့ လှည့်လိုက်



BURMESE CLASSIC .com

www.burmeseclassi.com



သည်။ မျက်စိများ မှိတ်နေကာ မျက်နှာလေးမှာ နွမ်းရော်နေသည်။ မျက်လုံးများ တဖြည်းဖြည်း ပွင့်လာသည်။ လေးလံနေ၍ မနည်းအားယူပြီး ဖွင့်ရဟန်တူသည်။ နွမ်းလျနေသောအကြည့်ဖြင့် ထားထားအား လှမ်းကြည့်လိုက်သည်။ ထို့နောက် ဝေ၏ မျက်လုံးထဲမှ ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီး နှစ်ပေါက် ယိုစိမ့် လိမ့်ဆင်းလာလေသည်။

ထားထားသည် ဖခင်လက်ကို ဆုပ်ထားသော ဝေ့လက်ကိုပြေကာ ပွေ့ထူယူသည်အခါ ဝေ့မှာ ခွန်အားကုန်ခန်းလျက် ပျော့နေလေပြီ။

ဝေ့ကို အိပ်ခန်းထဲသို့ သန်းသန်းနှင့်အတူ တွဲပို့ကြသည်။ ခုတင်ပေါ်တွင် ဝေ့ကို တင်ကာ ထားထားမှာ ဘေးမှထိုင်လျက် ဖျောင်းဖျ ပြောဟောနေ၏။ ဟောပြောရင်း ဝေ၏ မှိတ်ငြိမ်နေသောမျက်နှာကလေးကို မျက်ရည်စမ်းစမ်းဖြင့် ငေး၍ ကြည့်သည်။ မျက်နှာမှာ ဝေဒနာမျှဉ်းမျှဉ်း ခံစားနေရသောလူမမာ့ မျက်နှာနှင့် တူပေသည်။ စိတ်ဝေဒနာသည် မျက်နှာ၌ ထင်ဟပ်ထားပေ၏။

'ဦးစောဟန် မလွတ်လို့ ဆိုတာတော့ အစ်ကိုကြီး ပြောလို့ ငါသိရတယ်။ မလွတ်တာတော့ အကြောင်းရှိချင် ရှိရမယ်လေ၊ မလာလို့ နင်က ဖေဖေ့အပေါ်မှာ ပျက်ကွက်တယ် မဆိုနိုင်ဘူး။ ဦးစောဟန်ကသာ ပျက်ကွက်တာ ဖြစ်ရမယ်။ ပြီးခဲ့တာလည်း ပြီးခဲ့ပါပြီဟယ်၊ ဒါတွေကို မေ့ဖျောက်ပြီးတော့ ဖေဖေ့အတွက် ကုသိုလ်ကောင်းမှု ပြုကြဖို့ အာရုံသာပြောင်းပါ။ စိတ်ထောင်းတော့ ကိုယ်ကြေဆိုတာ အမှန်ပဲ၊ ရှေ့လည်း အဆင်မပြေတာတွေ့ချင်တွေ့ဦးမယ်၊ စိတ်ကို ခိုင်ခိုင်ထားပြီး ရင်ဆိုင်တာပေါ့ဟာ'

ထားထားသည် ပြောဟောပြီး သက်ပြင်းကို မှူဉ်းချလိုက်သည်။ ထို့နောက် ငြိမ်သက်လျက်နေကာ သူ့အတွေးမှာ လွင့်နေလေသည်။

ဦးစောဟန်မှာ ချစ်ရုံက လွဲ၍ ဘာမှ မသိတတ်သူသာ ဖြစ်သည်။ ဝေ့ကို အေးချမ်းစေမည့်သူ မဟုတ်။ ဝေ့အလိုကို စိတ်ဖြူဖြောင့်နှင့် လိုက်လျောနိုင်မည့်သူ မဟုတ်။ ဝေ့ကို ခွင့်လွှတ်မည့်သူမဟုတ်ဘဲ၊ ဝေကသာ ခွင့်လွှတ်

www.burmeseclassi.com



ရမည့် သူပါတကား…။

ထားထားသည် သူ၏ အတွေးဖြင့် ငေးနေရာမှာ ဝေ့ကို ကြင်နာစွာ ပြန်စိုက်ကြည့်နေလေ၏။

ဝေနှင့် သူမှာ စကားပြောနေကြခြင်း မဟုတ်၍၊ ဝေ့ထံမှ စကား ပြောရန် မမျှော်လင့်ပေ။ သူပြောတာတွေကို ဝေ ကြားပြီး၊ အသင့်အတင့် ဆင်ခြင် နှလုံးသွင်းနိုင်ရင် သွင်းဖို့သာ ရည်ရွယ်ပြီး ပြောနေပုံ ရှိသည်။

ဝေ့မှာ ထားထား ပြောတာတွေကို လက်ခံ နှလုံးသွင်းကြည့်မည့် အခြေမျိုးနှင့် ကွာဝေးနေသေး၏။ အနာတက်နေသော လူနာ၌ ဆေးချက် မတိုးနိုင်ဘဲ၊ အနာ၏ နှိပ်စက်ခြင်းကို အလူးအလဲ ခံနေရတုန်းကဲ့သို့ပင် အနာတက်တုန်း ဖြစ်နေသေး၏။

ထားထားသည် ဝေ့အား လွတ်လွတ်လပ်လပ် သက်သာသလို နေပါ စေရန် အခန်းထဲ၌ တစ်ယောက်တည်း ထားခဲ့ကာ၊ အိပ်ခန်းတံခါးကို အပြင်ကနေ ဆွဲစေ့ထားလိုက်သည်။

ဝေသည် တံခါးစေ့လိုက်သံကို ကြားမိပြီးနောက် ဤအတော အတွင်း အချိန်ကာလ မခန့်မှန်းနိုင်သလောက် အရှိန်၌ တံခါးဖွင့်သံလိုလို ကြားမိပြန်သည်။

ဝေသည် ခုတင်ပေါ်၌ ကိုယ့်လက်ကိုယ့်ခြေကိုပင် မသယ်ချင်အောင် ဖြစ်နေသည်။ မျက်စိလည်း မဖွင့်ချင်၊ အသံဗလံတွေလည်း မကြားချင်၊ တတ်နိုင်လျှင် ယင်ကောင်ကလေးပင် လာမနားပါလေနှင့်…။

'သမီးရယ်'

သည်ကြားထဲ၌ ရင်ထဲ အသည်းထဲ အေးခနဲ ဖြစ်ရတာမျိုး ဘယ် သူမှ ခံစားဖူးမည် မထင်။ ဝေသည် မျက်ရည်လျှံသော မျက်လုံးဖြင့် အားယူ ကျုံးထလေသည်။ 'မေမေ'ဟု တခေါ်ကာ ဖက်မိဖက်ရာ လှမ်းဖက်ထားပြီး ချုံးချ ငိုတော့လေသည်။

မိခင်၏ ရင်ကို တိုးဝှေ့လျက် ရှိုက်ငင်ငိုနေခိုက် မိခင်က ကြင်နာစွာ



BURMESE CLASSIC .com

www.burmeseclassi.com



ပြန်ဖက်ထားလေသည်။

သီလရှင် မိခင်၏ သိမ်မွေ့သော မျက်နှာ၌ မျက်လုံးများသည် မျက်ရည်ရောင် တောက်လက်နေသည်။ သူ၏ ဆင်ခြင်တုံတရားနှင့် သစ္စာလေးပါး နယ်နိမိတ်အတွင်းမှ ရုန်းကန်ထွက်လာသော မျက်ရည်ကို ကြိတ်မှိတ် ထိန်းသိမ်းရင်းမှလည်း၊ သူ၏ လှပခံ့ညားစွာ မြတ်နိုးဖွယ်ရာ တည်ကြည်သော မျက်နှာမှာ ပုံပန်းအနည်းငယ် ပျက်နေသည်။

ထားထားမှာ ခုတင်နားတွင် ရပ်လျက် ကျောက်ရုပ်လိုပင် ထိတ်လန့်ဖွယ်ရာကောင်းအောင် ငြိမ်သက်စွာ ငေးကြည့်နေ၏။ သီလရှင်သည် ဝေဝေအား နူးညံ့သောအကြည့်ဖြင့် အချိန်ကြာကြာကြီး ငုံ့စိုက်ကြည့် စဉ်းစားနေလေသည်။ နောက်မှ ဝေဝေ၏ ကျောကို အသာအယာ ပုတ်လျက်-

'သမီး ငြိမ်းချမ်းမှုဆိုတာ ဘယ်မှာမှ မတွေ့နိုင်ပါဘူး။ ဘယ်သူမှ မဖန်တီးနိုင်ဘူး။ တကယ့် ငြိမ်းချမ်းမှု အစစ်ဟာ ကိုယ့်နှလုံးသားထဲမှာပဲ ရှိတယ်'

ဝေသည် မော့၍ သီလရှင်၏ မျက်နှာနှင့် မျက်နှာချင်း အပ်လိုက်သည်။

သီလရှင်သည် သူ့ဘဝကို မြင့်မြတ်သည့် ဘဝနှင့် လဲထားပြီးပြီကို မမေ့သော်လည်း မျက်နှာပေါ်၌ အနည်းငယ် ညိုရောင်သမ်းသွားသည်။ သူ့ရင်ထဲ၌ ဘာဖြစ်နေသည်ကို မမြင်စေလို။

ဝေ၏ ဆံပင်ကလေးများကို သပ်တင်ပေးသည်။ လက်ထဲ ဆုပ်ထားသော လက်ကိုင်ပုဝါနှင့် မျက်ရည်များကို ယုယုယယ တို့သုတ်ပေးလျက် 'အင်း...လောကကြီးဟာ စက်ဆုပ်စရာပါ၊ သံသရာက မလွတ်မချင်း သုခမရှိဘူး။ စွဲလမ်းတွယ်တာသမျှ ဒုက္ခချည်းပဲ...'ဟု ပြောသည်။ ထိုသို့ပြောခြင်းဖြင့် သူကိုယ်သူလည်း သတိပေးရာရောက်လေသည်။ သီလရှင်မှာ ဣန္ဒြေကို ပီသစွာ ပြန်ထိန်းထားနိုင်လျက် ရှိသည်။ သူ့မျက်လုံးထဲ၌ တရားရသည့် အရိပ်အယောင်များပင် ပေါ်ပေါက်လာသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ထားထားသည် ပြန်၍ ထိန်းထားသော မိခင်၏ ဣန္ဒြေကို မမှိတ်မသုန် ကြည့်နေလျက်၊ ပူလောင်နေသော ပရိဒေဝမှာ အတန်ငယ် သက်သာသလို ရှိမိ၏။ သစ်ခေါက်ဆိုးထားသော ဝတ်ရုံ၏ အဆင်းနှင့် တည်ငြိမ်ထားသည့် ဟဒယမှ ဣန္ဒြေအကြည်ဓာတ်သည် ပူပန်မှုကို ယုတ်လျော့သွားစေသလိုပင်။

မိခင်ကို ကြည့်နေရာမှ ဝေဝေ့ကို ကြည့်ပြန်လေသည်။

ဝေဝေ၏ မျက်နှာမှာ ဆွတ်ဆွတ်ဖြူနေသည်။ တုန်ယင်နီကြောင်သော မျက်လုံးတွင် နာကြည်းချက်၊ ပူဆွေးတမ်းတချက်များ ရောပြွမ်းနေသော အဓိပ္ပာယ်ကို ဆောင်လျက်၊ မျက်ရည်ဥများ တွဲလောင်းခိုနေကာ နှုတ်ခမ်းကို တင်းကျပ်စွာ စေ့ထားလေသည်။

'သမီး... အသက် မမီလိုက်ဘူးဆို'

အသက်မမီရ၍ ဝမ်းနည်းခြင်းနှင့် "ကို"က မလွတ်၍ "ကို့" အပေါ်၌ ဝမ်းနည်းရခြင်း နှစ်မျိုးသည် ရင်ထဲတွင် ရှုပ်ထွေးလျက်၊ သူ့တစ်ကိုယ်လုံးသည် မီးကဲ့သို့ ပူပြင်းသွားကာ မျက်နှာကို အုပ်ချက် ခေါင်းညိတ်ပြီး ရှိုက်နေလေ၏။

သီလရှင်သည် ဝေ့ဘေးတွင် ခုတင်အစပ်နား၌ ထိုင်ကာ 'သမီးက ဘာကြောင့် မောင်နေဦးနဲ့ မလိုက်ခဲ့သလဲ'ဟု ဆက်မေးနေသည်။ ဝေ့မှာ မီးလောင်ရာ လေပင့်သလိုပင် အဖြေမပေးနိုင်၊ ရှိုက်ကာသာ ငိုနိုင်လေသည်။

ထားထားမှာ အနားသို့ ရောက်လာသည်။ မပြေပြစ်သောဝေ့ဘဝကို မိခင်သိ၍လည်း အကျိုးမထူးတော့သဖြင့် 'အကြောင်း မညီညွတ်တဲ့ကိစ္စနှင့်မို့ မလိုက်တာပါ'ဟု ဝေ့ကိုယ်စား ဝင်ဖြေလေသည်။

သီလရှင်သည် ရှေ့ဆက် မမေးပေ။ လောကအကြောင်းတွေ အဆင်မပြေတာ များမှန်းသိသဖြင့် သည်အဖြေလောက်နှင့်ပင် လုံလောက်နိုင်လေသည်။

'ဖေဖေ့အပေါ်မှာ မေမေ စိမ်းကားရာ ကျတယ်လို့ အစက ဒီလိုပဲ



BURMESE CLASSIC .com

www.burmeseclassi.com



ထင်နေတယ်၊ အခုတော့လေ သမီးလည်း စိမ်းကားရာ ကျပါတယ် မေမေ ရဲ့...'

သီလရှင်မှာ မျက်နှာညိုးသွား၏။ သီလရှင်သည် ခဏမျှ ငြိမ်သက်နေပြီးနောက် သူ့အသံကိုပြင်ပြီး ညင်ညင်သာသာ နှိမ့်၍ ပြောလိုက်သည်။

'စိမ်းကားကြတယ်တော့ ဘယ်ဟုတ်ပါ့မလဲ၊ သမီးဖခင် အသည်းအသန် ဖြစ်နေပြီဆိုတဲ့သံကြိုး မိခင်လည်း ရတာပဲ။ သံကြိုးရတော့ မိခင် လိုက်လာချင်တဲ့ စိတ်ဖြစ်တာပေါ့။ မိခင်အဖို့က ဘာမှ မလာနိုင်စရာမရှိဘူး။ ကိုယ့်ရဲ့ ကျေးဇူးရှင်ပဲ၊ အနားမှာလာပြီး ပြုစုချင်တယ်ဆိုတာ မငြင်းလိုပါဘူး။ မိခင်လာတဲ့အတွက် မိခင်ကို မြင်ပြီး အနှောင့်အယှက် ဖြစ်သွားမလား ဆင်ခြင်ရတယ်။ သီလရှင် မဝတ်ခင်က ပြောဖူးတယ်။ မင်းသီလရှင်ဝတ်ရင် ဒီအဝတ်ကြီးနဲ့ ဘယ်တော့မှ မမြင်ပါရစေနဲ့ ပြောဖူးတော့ သူ့အတွက် အနှောင့်အယှက် မဖြစ်အောင် လာချင်ပေသိလည်း တမင်မလာဘဲ အဝေးက နေပြီး မေတ္တာပို့ရတော့တယ်'

ထားထားသည် ဝမ်းနည်းပက်လက် ငိုရှိုက်နေသော ဝေ့ကို ငေးလျက် မျက်နှာတစ်ပြင်လုံး ညိုမည်းသွားကာ ကိုယ်ပါ ငိုချင်သလိုလို ဖြစ်လာမိသည်။ သီလရှင်ကြီးသည် ဣန္ဒြေရရပင် ခုတင်ပေါ်မှ ထ၍သွားသည်။

ဝေဝေရောက်ပြီး နောက်တစ်နေ့ မသာချလေသည်။

ဖခင် မသာချသည့် နေ့၌ သီလရှင်နှင့် ဝေဝေ စီးသော ကားမှာ နိဗ္ဗာန်ယာဉ် နောက်မှ ကပ်လိုက် မောင်းသွားလေသည်။ ဝေသည် မျက်ရည် မဆည်နိုင်အောင် ရှိသည်။ ရင်ထဲမှ ဆို့လာသော အလုံးကြီးကို မျိုမချနိုင်ဘဲ ရှိလေသည်။ ဖခင်မှာ လူ့ဘဝနှင့် ဝေးကွာလေပြီ။ သူ့အလောင်းကို သီလရှင်က လိုက်ပို့သည်မှာ ကြေကွဲစရာ ကောင်းနေပေ၏။

ဝေဝေသည် ရှေ့မှ တရွေ့ရွေ့ သွားနေသော နိဗ္ဗာန်ယာဉ်ကို ကြေကွဲလှစွာ စိုက်ကြည့်လျက်၊ သူ့မှာလည်း တစ်နေရာနှင့်တရွေ့ရွေ့ ခွာနေသည်နှင့် တူလိုက်လေသည်။ သုသာန်၌ တွင်းဖို့ပြီးသည်အထိ စောင့်ကြည့်၏။



BURMESE CLASSIC .com

www.burmeseclassi.com



ဖခင်၏ ခေါင်းပေါ်သို့ မြေစိုင်မြေခဲများ ကျသံ ကြားလိုက်ရသော အခါတွင် အသည်းကွဲမတတ် ဆတ်ဆတ်ခါ နာသွားလေ၏။

ထားထားမှာ တွင်းဘေး၌ ဒူးထောက်လျက် ရှိုက်ကြီးတငင် ငိုနေလေသည်။ တွင်းခေါင်းရင်းတွင် ရပ်နေသော ကိုသက်နှံမှာ ထားထားအား ကြင်နာစွာ လှမ်းကြည့်လျက် နေ၏။ ဝေသည် အသံလည်း မထွက်၊ မျက်ရည်ဖြိုင်ဖြိုင် ကျနေသော သီလရှင်၏လက်ကို တအားဆုပ်ကိုင် ညှစ်ထားမိ၏။

သုသာန်ဝင်းထဲက နောက်ဆုံး ထွက်လာကြသည်။ ကားနားသို့ ရောက်၍ ကားပေါ်သို့မတက်ခင် မိခင် သီလရှင်၏ မျက်နှာကို ရှိုက်ကြည့်လျက်...

'သမီး မော်လမြိုင်ကျွန်းကို မပြန်ချင်ဘူး။ ဖေဖေ မရှိတဲ့ နေရာကို မသွားပါရစေနဲ့ဦး၊ မေမေနဲ့ စစ်ကိုင်းကို လိုက်ခဲ့ပါရစေ၊ ခေါ်ပါနော်'ဟု ကတုန်ကယင် ပြောလိုက်လေသည်။

ဈာပန ရက်မလည်ခင်အတွင်း မိသားတစ်စု စုစုဝေးဝေး နေကြရခိုက် ဝေ့မှာ တစ်မျိုး တစ်ဖုံ ဖြစ်နေလေသည်။ လှောင်ချိုင့်ကလေးထဲမှ လွတ်လာရပြီး ကိုယ့်အသိုက်အဝန်းထဲ ကိုယ်ပြန်ရောက်လာသလိုပင်။ ဝမ်းသာသလိုလို... စိတ်အားတက်သလိုလို...။

အထူးသဖြင့် ထားထား၏ယောက်ျား ကိုသက်နှံကို သတိပြုမိလျက် မျက်စိအေးရသည်။ ကိုသက်နှံမှာ အရပ်မြင့်မြင့်၊ နဖူးကျယ်ကျယ်၊ စကားနည်းနည်း၊ ပညာရှိရုပ်မျိုးဖြစ်သည်။ လေးနက်တည်ကြည်သော အကြည့်ဖြင့် နူးညံ့ညင်သာစွာ စကားပြောသည်။ နူးညံ့သိမ်မွေ့စွာနေထိုင်သည်။ သူ့အိုးသူ့အိမ်ဟူ၍ ရဲရဲတင်းတင်း အမူအရာမရှိဘဲ ဧည့်သည်တစ်ဦးကဲ့သို့ပင် အားနာနေဟန် ခပ်ကျုံ့ကျုံ့ ဖြစ်နေပေသည်။ မာန်မာန မရှိ ရိုးသားလျက် နှိမ့်ချသောစိတ်ဖြင့် သူ့ခေါင်းမှာ အမြဲငုံ့နေပေသည်။ သူ၏ အမူအရာမှာ မည်သူ့ကိုမဆို အထူးပင် လေးလေးစားစားရှိသည်။ သူ၏ နှလုံးသား၌



BURMESE CLASSIC .com

www.burmeseclassi.com



ကိန်းဝပ်သော မေတ္တာဓာတ်သည် ထားထားတစ်ဦးတည်း ခံယူ ချမ်းမြေ့ရသည် မဟုတ်၊ တစ်အိမ်သားလုံး၏ ရင်ထဲသို့ ပျံ့နှံ့ အေးမြစေအောင် အားကောင်းလှပေ၏။

ဝေသည် ကိုသက်နှံ့ကို ခပ်ငေးငေး ကြည့်တတ်ကာ ရင်ထဲတွင် အေးမြသွားသော အသိကို ခံစားရသည်။

ရန်ကုန်ရောက်၍ သုံးရက်အတွင်း မော်လမြိုင်ကျွန်းမှ သံကြိုးနှစ်စောင်နှင့် စာတစ်စောင် ရသည်။ သံကြိုးများမှာ ဆေးမှန်မှန်သောက်ရန်၊ ကျန်းမာရေး ဂရုစိုက်ရန်၊ အချိန်နှင့် အိပ်ရန်၊ နေ့စဉ် တစ်နေ့တစ်မျိုး ရိုက်မှာနေသော သံကြိုးများဖြစ်သည်။

စာထဲ၌ ရက်လည်ဆွမ်းသွတ်ပြီး ထိုနေ့ည သင်္ဘောနှင့် ဆက်ဆက်ပြန်ခဲ့ရန် အဓိက မှာကြားသည်။ ဝေ မရှိ၍ မနေတတ် မထိုင်တတ်ဖြစ်ရပုံများလည်း ပါ၏။

**"ဒါပဲနော်. . ချာတိတ်၊ ပြန်ရင် ပိန်လာတာ မတွေ့ချင်ဘူး။ ပိန်မလာနဲ့"**ဟု စာဆုံးလိုက်သည်။

သံကြိုးစာတွေကို ဖတ်လျက် ဦးစောဟန်၏ သွန်းဖျန်းသော မေတ္တာရေမှာ ရင်ထဲတွင် မစိုစွတ်ဘဲ စိတ်အိုက်ဖွယ်ရာ အဝေးကပင် အနေကျံ့နေသည်။

ညဘက်ဆိုလျှင် ကိုနေဦးသည် အပြင်သို့ ထွက်သွားတတ်ပြီး ညဉ့်နက်မှပြန်လာတတ်သည်။ သူပြန်လာလျှင် တရုတ်တန်းက ခေါက်ဆွဲ၊ သို့မဟုတ် မဂိုလမ်း (ရွှေဘုံသာလမ်း)က ပလာတာ၊ လက်တစ်ဖက်က အထုပ် လေးငါးထုပ် တစ်ဖက်စီ ဆွဲပြီး ပြန်လာတတ်သည်။ အိပ်နေသူ မှန်သမျှ အကုန် လျှောက်နှိုးကျွေး၏။ စားပွဲခုံကြီးပေါ်တွင် ဖက်ထုပ်တွေ ဖြေကြကာ ဖက်ထဲတွင် ပေပေရေရေ တစ်ယောက်တစ်လုတ် ဝိုင်းနှိုက်စားစဉ်၊ ဝေ့မှာ "ကို့"ကို ပြေးသတိရလေသည်။ ခုနေများ မြင်စမ်းချင်တယ်၊ ဘယ်လောက်များ ဒေါသူပုန် ထလိုက်မလဲ...။



BURMESE CLASSIC .com

www.burmeseclassi.com



ကိုနေဦးသည် ကိုသက်နှံ့ကို ဆွဲခေါ် ချလာကာ မစားမနေရ အတင်း ကျွေးတတ်၏။ ကိုသက်နှံ့မှာ ငြင်းပယ်၍ မရသဖြင့် ပြုံး၍ အားနာနာနှင့် နှိုက်နေရာ 'ခင်ဗျားက တယ် လက်နှေးတာကိုးဗျ။ ကျုပ်က မျိုမကျဘူး။ ကျုပ် မျိုကျအောင် စားစမ်းပါဗျ'ဟု ဆိုကာ သူ့အပုံထဲမှ များများ ယူခွဲပေးနေသည်။ ကိုသက်နှံ့သည် ပြုံး၍ နေပေသည်။ သူ့အပြုံးမှာ အင်မတန် အေးချိုသောအပြုံး ဖြစ်သည်။

ဝေသည် စိတ်ကူးထဲ၌ ကိုသက်နှံ့နေရာတွင် "ကို"ကို အစားထိုး၍ ကြည့်မိသည်။ ကို့မှာ သည်လူအုပ်နှင့်ရောနှောပေါင်းစပ်ကြည့်၍မရ၊ စိတ်ကူး ထဲသို့ပင် မဝင်ဘဲ ဘေးဖယ်၍ ခပ်ဝေးဝေးက ခပ်စိမ်းစိမ်းနေသည်သာ မျက်စိထဲ မြင်နေရ၏။ ဝေ့ရင်မှာ လှိုက်ဖိုသွားသည်။ ဝေသည် "ကို့" အကြောင်းကို မစဉ်းစားမိရန် စိတ်ကို ချုပ်ထိန်း ထားလိုက်ရသည်။

သွေးသားတွေနှင့် ရောနှောစား၊ ရောနှော နေရတာလောက် ရင်ထဲ၌ နှစ်သိမ့်လာတာလည်း မရှိ။ အစ်မနှင့်စပ်မှ အစ်ကို တော်ရပေသော ကိုသက်နှံ့၏ မေတ္တာလက္ခဏာ၊ မေတ္တာအမှတ်အသားများနှင့် နီးကပ်တွေ့ထိရတာလောက် ရင်ထဲ၌ ချမ်းမြေ့တာလည်းမရှိ။ ဖခင်အတွက် ပူလောင်နေသော ပူပူလောင်လောင်ထဲမှာပင် အေးမြသော အရိပ်တွေကို လှမ်းမြင်နေရသည်။

ဘာသိဘာသာ နေတတ်တာ၊ စကားနည်းသော ကိုသက်နှံ့က ဝေ၏ အစဉ်အမြဲ ညှိုးငယ်လျက် ရှိနေသော မျက်နှာကလေးကို သတိမူကာ 'ဝေဝေ စိတ်ကောင်းအောင် အားပေးပါ ထားရယ်...'ဟု ကရုဏာဖြစ်စွာ ပြောမိသည်။

ဝေ ထမင်းမစားဘူး သိလျှင် 'နည်းနည်းဖြစ်ဖြစ် စားပါ ဝေဝေ'ဟု လာပြောနေသည်။ ဝေမှာ မစားချင်ဘဲနှင့် ကိုသက်နှံ့ကို အားနာ၍ 'စားမယ် အစ်ကို'ဟု ပြောလိုက်ရကာ ဝင်စားရသည်။

ရန်ကုန်ရောက်မှ ဦးစောဟန်ထံသို့ စာတစ်စောင် ရေးထည့်လိုက်သည်။ စာရေးရင်း မျက်ရည်ကျလာသည်။



BURMESE CLASSIC .com

www.burmeseclassi.com



**"ငါးကြီးဆီ မှန်မှန်သောက်ပါတယ်၊ ဝမ်းချုပ် မခံပါဘူး။ ညဥ့်နက်အောင် မနေဘဲ စောစောအိပ်ပါတယ်။ တွေ့ကရာ မုန့်တွေ မစားဘဲ ပေါင်မုန့်နဲ့ ထောပတ်ပဲ စားပါတယ်၊ ကြက်ဥလည်း သောက်ပါတယ်၊ လေကောင်းလေသန့် နေရာမှာရွှေနေပါတယ်"**

ဝေ့မှာ တစ်ဖက်သား စိတ်ကြိုက်ကို လိုက်၍ ရေးရန် သူ့လက်ကို သူ တိုက်တွန်း၍ ရနိုင်သော်လည်း၊ သူ့စိတ်ကို တိုက်တွန်း၍ မရသလောက် နှောင့်နှေးနေခြင်းကို တွေ့ရှိရသဖြင့် စာရေးနေရင်း မျက်ရည်များ ကျနေလေသည်။

ထားထားသည် မီးရောင်အောက်တွင် ဝေ အကြာကြီး ထိုင်စာရေးနေခြင်းကို အမှတ်တမဲ့ကြည့်နေသည်။ စာရေးခြင်းထက် ငေးငိုင်ခြင်းက အချိန်ကြာသည်။ မျက်ရည်များစီးကျနေသည်ကိုမြင်လျှင် မျက်နှာလွှဲလိုက်ကာ တိမ်မရှိသော မိုးထဲမှ ကြယ်ပွင့်ကလေးများကို ကြည့်နေလေသည်။

ဝေသည် ပြတင်းနားသို့ ထ လာကာ 'မမထား မအိပ်သေးဘူးလား' ဟု မေးလိုက်သည်။

'ဟင့်အင်း... အိုက်တာနဲ့ တံခါးဝ လာထိုင်နေတာ' ဝေ့မျက်နှာတွင် တစ်ခုခု ပြောလိုမှန်း ထားထားသိရလေသည်။ သူ ပြောလိုသည့် စကားကို အပြောရ ခက်နေပုံ ပေါ်သည်။ ဝေ ပြောရန် အတိအကျ ဆုံးဖြတ်ပြီးသည့် အချိန်အထိ အလိုက်သိစွာပင် စောင့်နေလေသည်။ အတန်ကြာမှ ဝေက ရုတ်တရက် ပြောလိုက်သည်။

'ဝေတော့ မေမေနဲ့ စစ်ကိုင်း လိုက်တော့မယ်'

ထားထားသည် ဝေ့ကို တွေ၍ ကြည့်နေလေသည်။ ဝေဝေ့ကို သူ မဝေခွဲနိုင်ဘဲ ရှိလေသည်။ ထားထား၏ အကြည့်မှာ ကြောင်ကြည့်နေသော အကြည့် ဖြစ်လေသည်။

'နင် ဦးစောဟန်ကို စိတ်နာနေသလား၊ မုန်းနေသလား ဝေဝေ'



BURMESE CLASSIC .com

www.burmeseclassi.com



'သူ့ကို မမုန်းပါဘူး'ဟု ပြောပြီး ခဏရပ်နေသည်။ အတန်ကြာမှ ဆက်၍ 'ဝေ့ကိုသာ ဝေ မုန်းပါတယ်'ဟု ထူးဆန်းသော အသံလေးဖြင့် ပြန်ပြောလေသည်။

ထားထားမှာ ဝေ့ စကားကို စဉ်းစားရင်း နွမ်းလျလျ ဖြစ်လာလေသည်။ သူ ဘယ်လို အဓိပ္ပာယ်နဲ့ ဒီလို ပြောတာလဲ။ ထားထားက ဝေ၏ ဖြူရော်ရော် မျက်နှာကို တစ်ကြိမ် မော်ကြည့်လိုက်သည်။

'နင့်ကိုနင် ဘာပြုလို့ မုန်းရတာလဲ'

ဝေဝေသည် ကောင်းကင်ကို မော့ကြည့်ရင်း စဉ်းစားနေလေသည်။ စဉ်းစားရင်းမှ ပန်းလျစွာ သက်ပြင်းချလိုက်သည်။

'ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ချစ်ခဲ့မိလို့'ဟု အတန်ကြာမှ ဖြေလိုက်သည်။ ထားထားမှာ ဝေ့ကို မှိုင်းမှိုင်းမှုန်မှုန် မော့ကြည့်နေသည်။

'စစ်ကိုင်းမှာ ဘယ်လောက် ကြာမှာလဲ၊ စိတ်ပြေလက်ပျောက် ကောင်းတော့ ကောင်းသားပဲ'

'မပြောတတ်သေးဘူး မမထားရယ်' ဟု ဆွေးဆွေးမြည့်မြည့် အသံနှင့် ပြောနေသည်။

ဝေဝေ၏ စိတ်မှာ ပတ်ဝန်းကျင်၌ မရှိပေ။ သူသည် မမြင်သော အကြည့်ဖြင့်သာ မော့ကြည့်ရင်း ငြိမ်သက်စွာ ရပ်နေလေသည်။ သူ့စိတ်ထဲ၌ ဖခင် အသည်းအသန်ဖြစ်၍ လာရန်သံကြိုးရောက်သောနေ့က အဖြစ်အပျက်များကိုသာ တရေးရေး မြင်မိလျက် ရှိလေသည်။ စကားတွေကိုသာ တစိမ့်စိမ့် ကြားမိလျက် ရှိလေသည်။ ချစ်သူ... ချစ်သူ... အသည်းကွဲအောင် လုပ်တဲ့ ချစ်. . . . သူ။

'ခုန စာရေးနေတာ စစ်ကိုင်းသွားမယ်လို့ ရေးနေတာလား'

'ဘယ် ခုကြိုရေးနေလို့ မသွားရဘဲနေဦးမယ်၊ သွားတဲ့နေ့မှ စာထည့်လိုက်တော့မယ်'

ထားထားသည် မျက်နှာကို ကွယ်လိုက်သည်။ သူ့ မျက်နှာ၌



BURMESE CLASSIC .com

www.burmeseclassi.com



မျက်ရည်များ ဝဲနေသည်ကို ဝေ မြင်မှာ စိုးလေသည်။

ရက်လည်ဆွမ်းသွတ် ရောက်သည့်နေ့တိုင် ထားထားသည် ဝေ့ကို မျက်နှာချင်း ကြာကြာဆိုင်မကြည့်။ ဝေသည် သီလရှင် အပါး၌သာ အနေ များနေပေသည်။

ထည်ဝါ တောက်ပြောင်သော အဆင်းတန်ဆာတို့ဖြင့် ဆင်မြန်းထား သည့် အရုပ်ကလေးတစ်ရုပ်ကို မြတ်နိုးစုံမက် လာခဲ့ရာမှ၊ ထိုအရုပ်ကလေး သည် ကောက်ရိုးတို့ဖြင့်သာ ပြုလုပ်ထားသည်ကို တွေ့ရသောအခါ၌၊ အရုပ် ကို အပြစ်တင်စရာ မတွေ့ဘဲ ကိုယ့်ကိုယ်ကိုယ် ပြန်အပြစ်တင်နေသော သူနှင့်တူနေပြီဟု ထားထားက တွေးနေသည်။

(၁၅)

ဝေဝေသည် တောင်ပေါ်သို့ တက်လာခဲ့၏။ တောင်မှာ မက်စောက်လွန်း၍ ခြေကို မြဲမြဲကုပ်လျက် တနဲ့နဲ့ တက်နေရသည်။ တောင်ပေါ်၌ အလေ့ကျ ပေါက်နေသော တောပန်းတောင်ပန်းတို့၏ သင်းပျံ့ပျံ့ ရနံ့ကို ရလေသည်။

အုတ်လှေကား တစ်ဝက်တွင် ရပ်ကာ လာလမ်းကို ပြန်မှတ်ရန် တောင်အောက်သို့ကြည့်လိုက်မိ၏။ တောင်အောက်က မော်တော်ကားလမ်း နှင့် တစ်ဖက်မှ တောင်ပေါ်က ဘုန်းကြီးကျောင်း၏ ပုံသဏ္ဌာန်ကို မှတ်ထား လိုက်သည်။

ကိုယ်တက်မည့် တောင်ကို လမ်းခုလတ်မှ မျှော် မော့ကြည့်သည်။ မတ်စောက်နေ၍ အုတ်လှေကားအဆုံး ဘယ်နေရာရောက်၍ ဘယ်အဆောက် အအုံ ရှိမှန်းလည်း မမြင်ရ။ မမြင်ရ၍ တောင်မြောက်လေးပါးကို လှည့်ပြူ ကြည့်သည်။ ဘယ်ကြည့်ကြည့် တောင်စွယ် တောင်ထွတ်တို့၌ တဖွေးဖွေး ဖြူနေသည့် စေတီကြီးငယ် အဆူဆူတို့ဖြင့် သစ်ပင်များ စိမ်းညို့အုပ်ဝေ လျက် ရှိပေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



လမ်းဘေးတွင် မန်ကျည်းပင်များမှာ စိမ်းနေလျက် ရှိသည်။ လက်လှမ်းမီသည့်အကိုင်းကို ဆွဲလိုက်ပြီး ရွက်နုကလေးများကို ဆိတ်လျက် ပါးစပ်ထဲ ထည့်ဝါးကာ အရည်ချဉ်ပြီးပြီး အရသာကို ခံယူပြီးနောက်၊ အဖတ်များကို ထွေးလျက် ဆက်လက်၍ တက်သွားပြန်လေသည်။

လမ်း၌ လူသူပြတ်နေသည်။ ဝေ့မှာ ကြောက်စိတ် လန့်စိတ် မရှိ။ တစ်ယောက်တည်း သွားရတာကို ကျေနပ် သဘောကျသည်။

အုတ်လှေကားဆုံး၍ တောလမ်းအတိုင်း ဆက်သွားနေရသည်။ ခပ်လှမ်းလှမ်း တောင်ထိပ်တွင် အပန်းဖြေစရာ အနားနေရန် ရေချမ်းအိုးစင်နှင့် ခုံတန်းကိုမြင်၍ မြန်မြန်ရောက်ရန် ပြေးတက်ခဲ့သည်။ လေအဟုန် ပင့်၍ လွင့်တက်လာသော မှိုဖတ်ကလေးကဲ့သို့ပင် တောင်ထိပ်သို့ ရောက်လာလေ၏။

တောင်ထိပ်သို့ရောက်မှပင် ရင်ကို မြင့်ချည်နိမ့်ချည်နှင့် အသက်မှန်မှန် ရှု၍ မောရမှန်း သိလာပြီးလျှင် ခုံတန်းပေါ် သို့ ပစ်ထိုင်ချလိုက်သည်။

ထိုင် အမောဖြေနေပြီး ရေမှုတ်ကို ထယူကာ ရေအိုးထဲ၌ နှစ်ခပ်လိုက်သည်။ ဝေသည် ရေမှုတ်ထဲမှ ရေကို မြင့်လောင်းချလိုက်ကာ ပါးစပ်နှင့် ဆီးခံသောက်သည်။ အသည်းထဲ အေးမြသွား၏။ လက်ထဲ ရေခံလျက် မျက်နှာနှင့် လည်ပင်းကို ပက်ဖျန်း ပွတ်သပ်လိုက်သည်။

ဘုန်းကြီးတစ်ပါးနှင့် ကျောင်းသားကလေး ပေါ်လာကြသည်။ ဘယ်ဘက်လမ်းက တက်လာမှန်းပင် မသိ။ ဘုန်းတော်ကြီးမှာ သက်တော်ငါးဆယ်ခန့် ရှိကာ၊ ကျောက်ပေါက်မ ရေးရေးနှင့် ခပ်မည်းမည်း ပိန်ပိန်ရှည်ရှည် ဖြစ်သည်။ ရွှေမျက်မှန်တပ်ကာ ပခုံးတွင် သားရေအိတ် လွယ်ထားလေသည်။

ဘုန်းကြီးနောက်မှ လျှောက်လာသော ကျောင်းသားလေးက ပုတက်တက်နှင့် ရှစ်နှစ်သားလောက် ရှိမည်။ သျှောင်ထုံးနှင့် ငွေနားသန်သီးဆွဲထားသည်။ ခေါင်းတွင် ဆီမရှိဘဲ ခြောက်ဖွာနေကာ ဖုန်များ ကပ်နေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ပေါ်ပလင်အဝါ ရှပ်လက်တိုဝတ်လျက် ပန်းရောင်စပ်ဖြဖြ ပိုးလုံချည်ကလေး တိုတို ဝတ်ထား၏။ မျက်နှာတွင် ချွေးပြန်ကာ ချေး အလိမ်းလိမ်း ထ နေပေသည်။

ကိုယ်တော်၏ ထီးကို အရပ်နှင့် မမျှ ပခုံးပေါ်တွင် ထမ်းကာ မြေကြီးကို ငုံ့ကြည့်လျက် နောက်က လိုက်လာသည်။ ခြေလှမ်းများက သွက်လှသေး၏။

ဘုန်းတော်ကြီးမှာ ဝေ့နားသို့ ရောက်လျှင် ကြွေ့ကြီးနှင့် မျက်မှန် ထဲမှ မျက်လုံးထောင့်ကပ်လျက် ကြည့်သွားလေသည်။ ကျောင်းသားလေး သည် ဝေ့ကို ကျော်သွားပြီးမှ နောက်လှည့်ကြည့်၍ ဝေက ပြုံးပြလိုက်သည်။

မျက်လုံးကိုပြူး၍ မျက်နှာထားကြီးနဲ့ ချာခနဲ လှည့်သွားပုံမှာ ရယ်ချင် ဖွယ်ရာကောင်း၍၊ ဝေ့မှာ သူ၏ ပုတက်တက် ကိုယ်လုံးကလေးကို ကွယ်သွား သည့်အထိ နောက်မှ လှမ်းကြည့်လျက် ရယ်နေလေသည်။

ဝေသည် ချက်ချင်းပင် ဂနာမငြိမ် ဖြစ်လာလေ၏။ ထ ပြီး ရောက် တတ် ရာရာကို သွားချင်ပြန်၏။ ထို့ကြောင့် ထပြီး လာပြန်၏။ ရောက်ဖူး သော ဥမင် ၃၀၊ ဥမင် ၆၀တို့ကို ရောက်ပြန်၏။ ဘုရားထိုင်ဖူးပြီး သစ်ပင်ရိပ် ကို ရှာ၍ ခဏနားနေသည်။ ထို့နောက် ထ သွားပြန်သည်။ ရောက်ဖူးသော နေရာများကို မမှတ်မိဘဲ နေချင်နေ၏။ မသွားဘူးသော လမ်းကိုရောက်ဖူး သလိုပင် သွားချင်နေလေသည်။

လမ်းတွင် ဘုရားဖူးလာသောလူများ၏ ဆူညံသံ ကြားလျှင် မတွေ့ ချင်စိတ် ပြင်းပြလှသည်မို့ လမ်းခွဲ၍ သွားလေသည်။ ပတ္တမြားစေတီဘေး၊ တောင်ကမူ၌ရပ်လျက် မျက်စိတစ်ဆုံး မျှော်ငေး၍ ကြည့်နေသော စစ်ကိုင်း မြစ်နှင့် တံတားမှာ မှုန်ပျပျရှိကာ၊ မြူခိုးများဝေလျက် ဖြူမှိုင်းသော တိမ်တိုက် တို့က အုပ်ဆိုင်းနေ၏။ တောင်လေမြူး၍ တသွင်သွင် တိုက်ခတ်နေသော ကြောင့် အင်္ကျီနှင့် တဘီမှာ ဝေ့ ကိုယ်၌ တင်းကျပ်စွာ ကပ်နေပြီးလျှင်၊ ဆံယဉ်များသည် လေနောက်သို့ လိုက်တော့မယောင် လွင့်နေလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



စိတ်ကူးနှင့် မှန်းဆ၍ "ကို" နေသည့် မြစ်ဝကျွန်းပေါ်ဘက်ကို မျက်နှာမူထားလေသည်။

ထိုခဏ၌ သုန်မှုန်သောမျက်နှာနှင့် ခါးထောက်လျက် ကြည့်နေသော "ကို"၏ သဏ္ဌာန်သည် မျက်လုံးနှင့် တန်းနေသည်။

"ကို" ဘာထင်ထင် ဝေဝေက ရှင်းလင်း ပြောပြလိမ့်မည်မဟုတ်။ နှုတ်ဆိတ်ပြီး နေနိုင်ပါသည်။ ဝေ ရင်ကွဲမှာကို သတိမထားမိတာက "ကို့" အမှားပင်။ "ကို"နှင့် နေခဲ့ရသမျှမှာ မှန်စီရွှေချသေတ္တာထဲ အလှထည့်ထားသော ရုပ်သေးမင်းသမီး အရုပ်ကလေးနှင့် တူသည်။ ထို ရုပ်သေးမင်းသမီး ကလေးသည်။ကြိုးဆွဲရာအတိုင်း လှုပ်က ရလေသည်။ မောသည်ပန်းသည် မရှိ၊ ကြိုးပြတ်၍ လက်မမြှောက်နိုင်သည်ပင် မပြောနိုင်ချေ။

"ကို"၏ အလိုသည် "ကို"၏ မေတ္တာထက် ပို၍ အင်အားကြီးမားသည်။

ဝေ၏ ကြီးမားသောအချစ်က၊ ဝေ့အား မျိုသိပ်လိုက်လျောသည့် စိတ်ဓာတ်ကို တောင့်တင်း ခိုင်မာအောင် ဖန်တီးထားသည်။

သည်မှာတော့ သွားချင်ရာကို သွားနိုင်သည်။ ရောက်ချင်ရာကို ရောက်နိုင်သည်။ လွတ်လပ်လှသည်။ ဇွန်း၊ ခက်ရင်းနှင့် ပေါင်ပေါ်၌ လက်သုတ်ပဝါ ဖြန့်တင်စရာလည်း မလို။ ဆာလျှင် သုံးထပ်ကန်ဘေး အကြော်ဖို၌ မြေတွင် ဆောင့်ကြောင့်ထိုင်ကာ ဖွဲ့ရွဲ့စားနိုင်၏။ သနပ်ခါး လူးချင်လျှင် ဇရပ်ပေါ်၌ ကျောက်ပြင်နှင့် သနပ်ခါးတုံးတို့ အဆင်သင့် ရှိသေးသည်။

ဝေသည် ပါးပေါ်သို့ ကျလာသော မျက်ရည်စကို မသုတ်မိဘဲ အုတ်လှေကားကို လှည့်ပြန်ဆင်းလာခဲ့သည်။

ဝေမှာ စစ်ကိုင်းရောက်၍ ၁၅ ရက်အတွင်း တောင်ရိုးတစ်ရိုးလုံး နှံ့သည်။ နံနက်စောစော ဇရပ်မှ ထွက်ခဲ့လျှင် နေ့လယ် မွန်းတည့်မှ ဇရပ်သို့



BURMESE CLASSIC .com

www.burmeseclassi.com



ပြန်ရောက်သည်။ နေ့လယ် မွန်းတည့်မှ ထွက်လာလျှင် နေဝင်ဖျိုးဖျမှ ပြန်လာသည်။

စစ်ကိုင်းရောက်စက သမီးကလေး စိတ်ပြေလက်ပျောက်ဖြစ်အောင် မိခင်ကိုယ်တိုင် ဘုရားစုံ အနှံ့လိုက်ပို့သည်။ အဖော် သီလရှင်များလည်း လိုက်ကြသည်။ လွမ်းစေတီ ဘုရားက စ၍ နေကုန်နေခန်း တောင်ရိုးအနှံ့ နားနားနေနေ ဘုရားဖူးသွားကြသည်။

အရက်မတက်ခင် လရောင်မှုန်မွှားဖြင့် ပုညရှင်ဘုရားသို့ အာရုံဆွမ်းကပ် ပို့ပေး၏။ စစ်ကိုင်းရောက်ပြီး လေး ငါးရက်မြောက်လျှင် ဝေသည် ဟိုနားသည်နား လမ်းလျှောက်သလိုလို၊ ကြည့်သလိုလိုဖြင့် ဇရပ်မှ တစ်ယောက်တည်း လစ်ထွက်သွားသည်။ ဝေ နေသော ဂူနီချောင် ဇရပ်၌ မိခင်သီလရှင်ကြီးနှင့်အတူ သီလရှင်ငါးပါးနေကြလေသည်။ သီလရှင်များနှင့် ဝေ့မှာ ကြားက တံတိုင်းကြီး ခြားထားသလိုပင် တစ်ဦးနှင့်တစ်ဦး ခြားနေသော ဘဝတစ်ခုထဲတွင် နေကြလျက်၊ ဝေ့မှာ သူစိမ်းတစ်ရုံဆံနှင့် တူနေပေသည်။

သီလရှင်များအနက် မသုမသာ ဝေနှင့် အသက်ချင်း ရွယ်တူလျက်၊ အခြား သီလရှင်ကြီးများမှာ အသက် ၅၀ ကျော်၊ ၆၀ ကျော် အမယ်ကြီးတွေ ဖြစ်ကြသည်။

မသုခသည် မှိုင်တိမှိုင်တိုင် ဖြစ်နေသော ဝေ့ကို သတိထားအကဲခတ် လျက်၊ လူ့ဘောင်ကို စိတ်ပျက်လာတာများလားဟု သံသယရှိကာ သီလရှင် ဝတ်ချင်စိတ် ရှိ မရှိ သွေးထိုးကြည့်လေသည်။

'မဝေဝေ ကျွန်မတော့ သီလရှင်မလုပ်ချင်ပေမယ့် သီလရှင်လုပ်လိုက်ရတာပဲ။ လူ့ဘောင်မှာ ဘယ်ဟာမှ အဆင်မပြေပါဘူး'ဝေ့မှာ မသုခကို ငေးကြည့်မိသည်။ မသုခသည် လူ့ဘဝက အဆင်မပြေမှုများကို ပြန်၍ သတိရနေပုံရှိကာ ငေးငိုင်လျက် မျက်နှာညှိုးနေ၏။

'မသုခ သီလရှင်ဝတ်တာ ကြာပြီလား...'ဟု ဝေက မေးလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



'မကြာသေးပါဘူး နှစ်နှစ် ရှိသေးတယ်။ အရီးလေး ဒေါ်ဩဘာ ကျွန်မတို့ မြို့လာတုန်း ကြုံတာနဲ့ လိုက်လာပြီး သီလရှင် ဝတ်လိုက်ရတာ'

အတန်ကြာ ငြိမ်သက်နေကြသည်။

မသုခမှာ မိခင်ကဲ့သို့ပင် ဝတ်ကြောင်ကို မုန်းတီးစိတ်နှင့် သီလရှင် ဝတ်သည်ဟု ထင်မှတ်ခဲ့ရာ၊ ယခုသော် လောကအကြောင်း အဆင်မပြေ၍ ဝတ်မှန်း သိရပြီး၊ ဘယ်လို အကြောင်းများလဲဟု သိချင်စိတ် ဝင်စားလျက် မေးရမှာ အားနာနေ၏။ မသုခက မမေးဘဲနှင့် ပြောပြသည်။

'ကျွန်မဘဝက အတော်ဆိုးတာ၊ ပထွေးနဲ့ နေရတယ်။ ပထွေးက ကျွန်မတို့ အမေရှေ့တော့ ကုတ်ကုတ်ကလေးရယ်... ကျွန်မနဲ့အရောတဝင် စကားတောင်မပြောဘူး။ အမေ့ကွယ်ရာကျတော့ ကျွန်မကို ကြည့်ပုံရှုပုံက တစ်မျိုး၊ စကားပြောပုံကလည်း မူမမှန်ဘူး။ အမေ့ကို ပထွေး မူမမှန်တာတွေ ဖွင့်ပြောဖို့လည်း မကောင်းတာနဲ့ အမေ့ဟာအမေသိပါစေလို့ တထိတ်ထိတ်နဲ့ နေရတယ်။ အမေကတော့ သူ့ယောကျ်ားကို သူ သိပ်ယုံတာပဲ၊ တစ်နေ့တော့ ကျွန်မကို အတင်းလာဖက်ပြီး စကားပြောတာပဲ၊ ကျွန်မမှာ အမေ့မျက်ခွက်လည်း မကြည့်ရဲဘူးရှင့်၊ ရှက်စရာလည်း သိပ်ကောင်းတာပဲ။ အမေ့ကိုလည်းမပြောချင်ဘူး။ သူ့ရန်သာရှောင်နေရတယ်။ အဲသလိုနေရတုန်း အရီးလေး ကျွန်မတို့မြို့ ဆန်အလှူ လာခံတော့ ကျွန်မက အရီးလေးကို ရှက်ရှက်နဲ့ ဖွင့်ပြောပြတော့ ကျွန်မကို လက်ကုတ်ပြီး ဒီခေါ်လာတာပဲ။ ဒီရောက်တော့ ကျွန်မ မပြန်ရအောင် သီလရှင် ဝတ်ခိုင်းတာပဲ'

မသုခသည် ပြောပြီး မျက်ရည်များ စီးကျလာလေသည်။ ဝေ့မှာ ရင်ထဲ၌ လေးလံလာကာ သက်ပြင်းချလျက် မသုခ၏ ခေါင်းတုံးနှင့် မမြင်နိုင်သည့်နေရာသို့ မျက်နှာ လွှဲထားလိုက်သည်။

'ဒါဖြင့် သီလရှင်ဘဝ မပျော်ဘူးပေါ့'ဟု မေးကြည့်လေသည်။

'ပျော်တယ် မပျော်ဘူးလည်း မဟုတ်ပါ မဝေဝေရယ်. . . ကျွန်မမှာ အမေ့အိမ်က လွဲပြီး ဘယ်မှ သွားနေစရာလည်းမရှိပါဘူး။ ခေါင်းတုံး



BURMESE CLASSIC .com

www.burmeseclassi.com



မတိုးရင်လည်း အမေက လိုက်ခေါ်ဦးမှာ၊ ဒီအကြောင်းသိရင်လည်း စိတ်ချမ်းသာမှာ မဟုတ်ဘူး။ ဒီတော့ သူ့လင် သူ့သားနဲ့ မကွဲမကွာ နေပါစေတော့ ဆိုပြီး ကျွန်မက အဝေးမှာ နေနိုင်အောင် ခေါင်းတိုးတိုး လိုက်ရတာပဲဆိုပါတော့'

မသုခသည် ပြုံးနေလေသည်။ မသုခ၏အပြုံးမှာ မချိသွားဖြိဖြစ်၍ ဝေမှာ ရင်ထဲ၌ တလှပ်လှပ် ဖြစ်သွားလေသည်။

'ဘဝက အကြောင်းဆိုးခဲ့တော့ ဒီဘဝ အကျိုးပေး နုံနေတာပေါ့ မဝေဝေရယ်၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က ဘယ်သူမပြု မိမိမှုဆိုတာ ပေါ့။ မဝေဝေကော ဝတ်ကြောင်ပယ်ပြီး သီလရှင် မလုပ်ချင်ဘူးလား'

ဝေဝေသည် မသုခ၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်ကာ ရင်ထဲက တုန်တုန်ဖြင့် 'မလုပ်ချင်ပါဘူး'ဟု ပြောလိုက်သည်။

မသုခမှာ ရယ်နေလေသည်။ ဝေမှာ စိတ်ထဲ၌ ကျဉ်းကျုတ်သွားလျက် အောင့်တောင့်တောင့်နှင့် နေရထိုင်ရ ကျဉ်းမြောင်းသွားသလိုပင်။

'မဝေဝေ ဒီကို စိတ်ပြေလက်ပျောက် လိုက်လာတာ မဝေဝေ ယောကျ်ားက မျှော်နေမှာပဲနော်'

ဝေမှာ သီလရှင်လေးအား အဖြေပေးရန် ခက်ခက်ဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။ စူးစမ်းသော မသုခ၏ မျက်လုံးကို တိမ်းရှောင်ကာ မျက်နှာတကြား လွှဲသွားခြင်းကြောင့်၊ မသုခမှာ ရှေ့ဆက်မမေးရဲဘဲ ငြိမ်နေလျက် အတန်ကြာမှ အနားက ထ သွားသည်။

ဝေသည် သူ့ကို မျှော်နေမည့် "ကို့"ကို စဉ်းစားလိုက်မိသည်။

ကို၏ ယုယမြတ်နိုးပုံကလေးများမှာ အာရုံထဲတွင် တစ်ရစ်ဝဲဝဲဖြစ်လာလျက် ထိတွေ့ခံစားနေသည့် အတောအတွင်း၊ ဝေ့အလိုသို့ မလိုက်လျော့သော နာကြည်းချက်က တစ်ဖက်မှ အုံကြွထလာကာ ဖုံးလွှမ်းလိုက်သည်နှင့်၊ တစ်ချည်းတည်း နူးညံ့ကြည်မွေ့နေသည့်အာရုံမှာ ကွဲစဉ်ပျောက်ပျက် သွားလေတော့၏။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေ၏ မိခင်မှာ နေ့လုံးပေါက်ညလုံးပေါက် ကမ္မဋ္ဌာန်း ထိုင်တတ်၏။ သီလရှင် ကမ္မဋ္ဌာန်းထိုင်လျက် ဝေသည် ခြေဦးတည့်ရာလျှောက်သွားနေခြင်းဖြင့် တောင်ရိုးတစ်လျှောက် ဒိုးလို နှောက်၏။ ကမ္မဋ္ဌာန်း မထိုင်သည့်နေ့၌လည်း သွားချင်ရာ သွားရန် အချိန်ရသည်။ စာမေးပွဲဝင်မည့် မယ်သီလရှင်ကလေးများကို နေ့ဝါညဝါ စာချပေးလျက်၊ အားလပ်ချိန်မှသာ သမီးနှင့် စကားပြောနိုင်လေသည်။

ဝေသည် ဇရပ်သို့ ပြန်ရောက်တိုင်း ဘုရားဖူး သွားနေသည်ဟု သီလရှင်များကို အဖြေပေးသည်။

နေ့လယ် မွန်းတည့်မှ ပြန်ရောက်လာသော သမီးကို စာချနေရာမှ အကဲခတ်သော မျက်လုံးဖြင့် တစ်ချက် လှမ်းကြည့်လိုက်သည်။

မိခင်မှာ သူ တရားပြခြင်းဖြင့် ဝေစိတ်ချမ်းသာမှုကို တည်ဆောက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကာ တရားပြသည်။ ဝေ၏ သောကပရိဒေဝဒုက္ခကို ဓမ္မဆေးဖြင့် သက်သာခွင့် ရလိမ့်မည်ဟု ယုံကြည်လေသည်။ ငြိမ်းချမ်းသော ပတ်ဝန်းကျင် အရပ်ကြောင့် သူတော်ကောင်းဘဝကို မွေ့လျော်စိတ်ပြောင်းကာ၊ နောက်ကျိသည့် စိတ်များကို ကြည်လင်ချမ်းမြေ့သွားလိမ့်မည်ဟုလည်း ထင်မှတ် ယူဆနေသည်။

ထို့ကြောင့် ဝေ ဘုရားဖူးသွားလျှင် မတားဆီးဘဲ ခွင့်ပြုကာ ဝေပြန်လာလျှင် အရိပ်အခြည်ကို ဆီး အကဲခတ်လေ့ရှိသည်။

ဝေသည် ဇရပ်မှထွက်လာတာနှင့် မယ်သီလရှင်လောကထဲ၌ သူမတည်ရှိတော့ဘဲ၊ လောကကြီး၏ အလယ် သူ့တစ်ယောက်ထီးတည်းသာ ရှိလေသလိုပင်မှတ်ထင်သည်။ တစ်ကိုယ်တည်း တစ်ကောင်ကြွက်စိတ်နှင့် အမှောင်ထဲ လမ်းလျှောက်နေသူလို ဦးတည့်ရာ သွားလာ နေထိုင် ငေးငိုင်နေတတ်လေသည်။

သီလရှင်သည် ဇရပ်ပေါ် တက်လာသော ဘာအဓိပ္ပာယ်မှ မပေါက်သည့် သမီး၏ မျက်နှာကို ချိန်ဆ၍ ခက်ကာ စာချမပျက်၊ စာတက်ပေးနေ



BURMESE CLASSIC .com

www.burmeseclassi.com



၏။ သဒ္ဒါ၊ သင်္ဂြိုဟ်၊ မာတိကာ၊ ဓာတုကထာ စသည့် ပထမငယ်တန်းစာကို နှုတ်တိုက် ချပေးနေရသည်မှာ လည်ချောင်းကို ပွ ထ လာသည်။

ဝေသည် စာအံသံ၊ စာပြန်သံများ ညံစီလျက်ရှိသော ဇရပ်ထဲသို့ ရောက်သည်နှင့် ဘဝသစ်ထဲသို့ ကူးပြောင်းရောက်ရှိသွားသလို ထင်မိသည်။ နေမြင့် မွန်းတည့်မှ ထမင်းစားသည်။ ကြမ်းပေါ် စားပွဲဝိုင်းကလေးတွင် ထိုင်ကာ ထမင်းစားလေသည်။ ထမင်းလုတ်များကို ဝါးရိုးဝါးစဉ် ပါးစပ် အကျင့်ဖြင့် ဝါးမျိုချလိုက်ရသော်လည်း ဘယ်လို အရသာရှိ၍ ဘယ်လို ဝင်မှန်း မသိချေ။ ထမင်းစားပြီး ဇရပ်တိုင်ကို မှီထိုင်လျက် ဝပ်နေကြသော သီလရှင်များရှေ့၌ စာချနေသော မိခင်၏ ပုံသဏ္ဌာန်ကို ခပ်လှမ်းလှမ်းမှ မြတ်နိုးမှုရာဖြင့် ကြည့်လျက်ရှိသည်။

ငြိမ်သက်၍ အနက်အဓိပ္ပာယ် အစဉ်းစား ကြွယ်နေသော မိခင်၏ မျက်လုံးများမှာ ကြည်လင်လေးနက်သည်။ စွဲလမ်းခိုင်မာသောစိတ် ပြင်းထန်ပုံပေါ်၏။ အပါယ်လေးပါးနှင့် သံသရာ ဘေးဒုက္ခအတွင်းက လွတ်ကင်းစေနိုင်သော တရားတို့ကို ကြံစည်စဉ်းစားပြီးနေရမှ စိတ်ချမ်းသာခြင်းရကာ၊ လောက စည်းစိမ်ချမ်းသာတို့ကို တံတွေးပေါက်လောက် ထင်မြင်လျက် တရားအားထုတ်မှု အလွန်ထက်သန်သော ဝီရိယ ဆောင်နေလေသည်။

မိခင်အား မြတ်နိုးကြည်လင်သောစိတ် ဝင်စားခိုက်တွင်မူ ဝေသည် ဂနာ ငြိမ်သလို ရှိလျက် အဝေးသို့ လွင့်နေသည့် စိတ်ကို အုပ်ထိန်းလို့ ရနိုင်ပြန်သည်။

စစ်ကိုင်းရောက်စ "ကို့"ထံမှာ သံကြိုးတစ်စောင် ရောက်သည်။ သံကြိုး ရရချင်း ပြန်ခဲ့ရန်နှင့် ပြန်မယ်၊ မပြန်ဘူး သံကြိုး ပြန်ခိုင်းသည်။

ဦးစောဟန်မှာ ဝေ့ထံမှ စစ်ကိုင်းသို့ စိတ်ပြေလက်ပျောက်ခဏလိုက် သွားကြောင်း စာရရချင်း ပြန်ခဲ့ရန် သံကြိုးရိုက်လိုက်သည်။ စာဖတ်ပြီး အကြီးအကျယ် ဒေါပွသွား၏။ သူ့အချစ်ကို အချစ်မမှတ်၊ ပုန်ကန်သည်ပဲ ယူဆကာ၊ ဝေ့ကို ထားထားက မြှောက်ပေး၍များ သီလရှင်နောက် ပါသွား



BURMESE CLASSIC .com

www.burmeseclassi.com



သလားဟု စိတ်ဆိုးသည့်အထဲတွင် ထားထားပါ အဆစ်ပါသည်။ သီလရှင်လည်း အပြစ်မလွတ်။

မယ်သီလရှင်များ လုပ်သွားဦးမှာလားဟု ပူပန်သောက ရောက်ရသည်။ စာရောက်သည့်နေ့က စိတ်ကို ချုပ်တီး၍ မရသလောက် ဟိုမာန်သည်မဲနှင့် ဒေါသူပုန် ထနေလေ၏။

ဝေ့ကို စိတ်နာနာနှင့် အရက်ကို တစ်ခွက်ပြီး တစ်ခွက် မော့သည်။ သူ မလာကော ဘာဖြစ်ရဦးမှာလဲဟု စိတ်ကို အခါခါတင်းသည်။ အရက်မူးမှ စိတ်တင်းနိုင်သည်ကိုတွေ့ရကာ၊ အမူးပြေတာနှင့် ဝေ့ကို မနေနိုင်မထိုင်နိုင် သတိရလျက် ရင်ထဲ၌ ဟာ နေပေသည်။

ဝေ့ထံသို့ ပြန်ခဲ့ရန် ချက်ချင်းသံကြိုး ပို့လိုက်သည်။ ဝေက အကြောင်းမပြန်။ အကြောင်းမပြန်မှ ပိုဆိုးဝါးကာ ညဘက်တွင် လူမှန်း မသိအောင် သောက်နေလေသည်။

ဝေ့ထံသို့ လိုက်ခေါ်လိုသော စိတ်ရှိလျက် သူ့စိတ်ကို အလို မလိုက်ပေ။ မာနနှင့် ထိန်းချုပ်ထားသည်။ နောက်ထပ်လည်း သံကြိုးမပို့ စာမရေးဘဲနေ၏။ ရိုက်ချင် ရေးချင်လျက်နှင့် ဝေ ရောင့်တက်မှာကိုစိုးကာအောင့်အီးနေရလေသည်။

ဝေ့ကို သူမမုန်းနိုင်ပေ။ ဝေ့တွင် ထူးခြားသည့် အရည်အချင်းများရှိသည်ကိုလည်း သူ့ကိုသူ ဝန်မခံဘဲမနေနိုင်ပေ။ နေ့စဉ်ရက်ဆက် စဉ်းစားရင်း စဉ်းစားရင်းမှ ဝေ၏ တန်ဖိုးကို နှုန်းဖြတ် ကြည့်လေသည်။ ဝေသည် ရိုးသားဖြူစင်သည်။ သူ့အလိုသို့ လိုက်လျောသည်။ သူ့စိတ်ကြိုက်ကို လေးစားသည်။ စိတ်ညစ်စရာမျိုး မလုပ်တတ်။ စိတ်နာ စကားမျိုး မပြောတတ်။ သူ့စနစ်အတိုင်း လိုက်၍ မယွင်းမတိမ်းအောင် နေတတ် ထိုင်တတ်သဖြင့် ဘယ်လောက် စိတ်ချမ်းသာရသနည်း။ လိမ္မာလှတဲ့ ဝေ။ ဆွေမျိုးတွေ မြှောက်ပေး၍သာ သည်လိုဖြစ်ရသည်။ နောက်ချေးပုံထဲမှ ပေါက်သော ကြာပန်းကလေး...။



BURMESE CLASSIC .com

www.burmeseclassi.com



ဦးစောဟန်မှာ ဆွေမျိုးတွေ သိအောင် ဝေ့အပေါ်တွင်အရေးမစိုက် သလို ဟန်လုပ်ပြနေသော်လည်း၊ သူ့ဟန်မှာ မျောက်မီးခဲ ထိုင်နေသော သူ့အဖြစ်ကို အကာအကွယ် မပြုနိုင်ချေ။

အမှန်စင်စစ် ဝေမှာအိမ်ပြန်ရမှာကိုဝမ်းနည်းနေသည်။ ဖခင်အတွက် လည်း ဝမ်းနည်းနေသည်။ ဖခင်အတွက် သူ့အသည်းကို ထိခိုက်သွားသော ဒဏ်ရာမှာ အဆိုးဆုံးဖြစ်လေသည်။ ထိုဒဏ်ရာမှာ ဝေ့အဖို့ အပျောက်နိုင်ခဲ ဆုံး ဒဏ်ရာဖြစ်သည်။ "ကို့"အတွက်လည်း ဝမ်းနည်းနေသည်။ ရှေ့လျှောက် နှစ်ယောက်အတူတူ နေရ၍ ဘယ်တော့မှ ပျော်ရွှင်ခြင်းရှိနိုင်မည်မဟုတ်ဟု ထင်သည်။ သာယာလွယ်ကူသော ဘဝခရီး မဟုတ်သည်ကို မစဉ်းစားဘဲ မနေနိုင်ချေ။ နှစ်ယောက်ခွဲ၍ နေရမည့် အရေးမှာလည်း စဉ်းစားဆုံးဖြတ်ရ ခက်လှသည်။ ဝေသည် ပြန်ရက်ကို ကန့်သတ်၍ မရဘဲရှိသည်။

"ကို့"မှာ သူ့အလို မလိုက်လျှင် ကျေနပ်နိုင်မည့်သူ မဟုတ်။ လွန်ခဲ့ သည့် ရက်အတွင်းက ရရှိခဲ့သောသင်ခန်းစာများကြောင့် သူက ဆက်လက်၍ အလိုကျလုပ်ရန် မလိုလားနိုင်တော့ချေ။

ဝေသည် သူ့ယောက်ျား၏ စကားကလေး တစ်ခွန်းကိုသော်လည်း ကောင်း၊ အမူအရာကလေး တစ်ခုကိုသော်လည်းကောင်း အမြဲလိုလို အကဲ ခတ် နေရသည်နှင့် အချိန်ကုန်ရသဖြင့် ငြီးငွေ့ခဲ့သည်။

"ကို့"ထံမှ စာမလာခြင်းကို ထောက်ခြင်းဖြင့် စိတ်ဆိုးနေမှန်း သိ သည်။ သူ့ မာနကို သူ ထိခိုက်မည့်လူစား မဟုတ်မှန်း အကဲခတ်မိသဖြင့် "ကို့"ထံမှ စာကို မမျှော်လင့်တော့ပေ။

ထားထားထံမှ စာရောက်လာသည်။ ဝေသည် မိခင် မမြင်နိုင်သည့် နေရာတွင် စာကို အေးအေးဆေးဆေး ထိုင်ဖတ်လိုက်သည်။

**ဝေဝေ. . .**

နင့်ဆီက စာဖတ်ပြီး ငါ့ရင်ထဲ ဘယ်လို နောက်မှန်း မသိဘူး၊ နင့်စိတ်ကို နင် မဝေခွဲနိုင်တာ နင့်ကိုနင် ဒုက္ခပေးနေတာနဲ့



BURMESE CLASSIC .com

www.burmeseclassi.com



အတူတူပဲ။ သည်မှာ နေရတာ တစ်မျိုးကြီးပဲ၊ အိမ်လည်း မပြန်ချင်သေးဘူးဆိုတာ နင့်စိတ် နင်မနိုင်တာ ပြနေတာပဲ။

နင့်ကို မြန်မြန်ပြန်လာဖို့ပဲ ငါ ပြောချင်တော့တယ်။ ဦးစောဟန်လိုက်မခေါ်ခင် နင် ပြန်ဖို့ကောင်းပြီ။ နင့်ကိစ္စက ပြင်လို့ရမယ့်ကိစ္စ မဟုတ်ဘူး၊ ကိုယ့်စိတ် ကိုယ်ချမ်းသာအောင် ကြိုးစားမှပေါ့။

ဖေဖေလည်း ရှိတော့တာ မဟုတ်ဘူး။ ဖြစ်ပြီးတဲ့ ကိစ္စကြီးပြင်လို့မရတဲ့ အတူတူ နင့်အိမ် နင်ပြန်ဖို့ရာ ငါ တိုက်တွန်းချင်တယ်။

လောကမှာ အကောင်းနဲ့ အဆိုးဟာ တွဲနေတာပဲ၊ အဆိုးထဲက အကောင်းကို ရှာမှပေါ့။ ဦးစောဟန်ဟာ နင့်အပေါ်မှာ မကောင်းတာမှမဟုတ်ဘဲ၊ ဒီလောက်လည်း နာကြည်းမနေပါနဲ့။ သူ့ရဲ့ကောင်းပုံကောင်းနည်းမျိုးက သူများနဲ့ မတူဘဲ လွန်ကဲပြီး သူများမခံနိုင်အောင် ကောင်းနေတာပဲ ပြောစရာ ရှိတယ်။

ဦးစောဟန်အပေါ်မှာ ငါတော့ အပြစ်မယူပါဘူး၊ နင့်ကိုချစ်လွန်းလို့ ဖြစ်ရတာ၊ ဘယ့်နှယ်လုပ် အပြစ်ယူမလဲ။ တို့တောင်အဝေးက စိတ်ဖြေပြီး ခွင့်လွှတ်နိုင်ကြသေးတာဟာ။ အချစ်ခံရတဲ့သူက ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး။

မေမေ ရိပ်မိသွားရင် တရားအားထုတ်နေတာ အနှောင့်အယှက်ကြီး ဖြစ်သွားတော့ ကောင်းဦးမလား။ မေမေ စိတ်ချမ်းသာအောင်၊ တို့လည်း စိတ်ချမ်းသာအောင် ကြာကြာမနေဘဲပြန်ခဲ့ပါ။ ကိုယ့်အိုးကိုယ့်အိမ် ပစ်ပြီး သည်လိုနေတာ ကောင်းပါ့မလား၊ ကြာရှည် မကောင်းဘူးနော်. . .။ တစ်ဖက်သားလည်းဘယ်လောက် စိတ်ဆင်းရဲနေမလဲဟယ်။ နင့်ကို စိတ်နာပြီး ပြတ်လိမ့်မယ်လို့ ငါတော့ မထင်ပါဘူး။ နင့်ကို စိတ်နာပြီး စိတ်ဒုက္ခရောက်ရောက်နဲ့ ပျက်စီးသွားမှာပဲ။ ကြီးတော်ဆီက စာရတယ်၊ သိပ်မူးပြီး လူမှန်းမသိအောင် သောက်နေသတဲ့။ ခုလို ခွဲနေကြတာ

www.burmeseclassi.com



နှစ်ယောက်စလုံး ကောင်းကျိုးရှိသလားဟယ်။

သေတဲ့ လူလည်း သေပြီ၊ ပြီးတာတွေ မေ့ဖျောက်ပြီး သည်းခံ စိတ် ကြီးကြီးနဲ့ ပြန်ခဲ့နော်။ ပြန်မယ့်နေ့ကို သံကြိုး ရိုက်လိုက်ပါ။ တစ်ယောက်တည်းလည်း မလာခဲ့နဲ့၊ ဒေါ်ဩဘာဖြစ်ဖြစ် ရန်ကုန် အထိ လိုက်ပို့ခိုင်း။ ဘူတာရုံမှာ တို့ ဆင်းကြိုမယ်။

ဝေသည် စာဖတ်ပြီး တွေဝိုင်နေ၏။ ကိုနှင့်အတူ နေရမည့် ဘဝ တစ်လျှောက်လုံး စိတ်ဆင်းရဲနေရမှာကို နှလုံးမချမ်းသာကာ၊ စိတ်ညစ်ညစ်နှင့် မသုခလို ခေါင်းတုံး တုံးလိုက်ချင်စိတ်ပင် ဖြစ်ပေါ်လာမိလေသည်။

သီလရှင်မှာ ဝေ၏ စိတ်ဒုက္ခသည် ဖခင်အတွက်ကြောင့်ချည်း ပုံချ၍ မဖြစ်မှန်း သမီးအပေါ်တွင် သံသယ တဖြည်းဖြည်း ရှိလာလေသည်။ သံကြိုး ရောက်ပြီး အကြောင်းမပြန်၊ စာမပြန်ဘဲ နေထိုင်ရုံမက သူ့ယောကျ်ားနှင့် ပတ်သက်၍ အလျဉ်း မပြောခြင်းမှာ အံ့ဩစရာ ကောင်းနေပေသည်။

သမက်ကို ဖြူသည် မည်းသည် မမြင်ဖူးသော သီလရှင်မှာ တစ်ခါ တစ်ရဲ သမက်အကြောင်းကို စဉ်းစားမိသည်။

'သမီး ဒီလိုလာနေတော့ သူ့အတွက် နေရေး ထိုင်ရေး ဆင်းရဲ မနေဘူးလားကွယ်'

'သူ့ နေရေးထိုင်ရေးက ဖြစ်ပါတယ် မေမေ၊ သမီး ရှိရှိ မရှိရှိ ဖြစ်ပါတယ်'ဟု ဝေက အမှန်အတိုင်း ဖြေသည်။ အမှန်အတိုင်း မသိသော သီလရှင်မှာ အိမ်ထောင်သည် မျက်စိနှင့် ကြည့်မိလျက်၊ မိန်းမ မရှိရင် ယောကျ်ားဟာ ဝတ်ရေး စားရေး ခက်တယ်ဆိုသော အသိကို စွန့်မရပေ။

ဝေ့မှာ သူ့အကြောင်းကို မိခင် သိရန်လည်း မလိုလားချေ။ တောင် များ ဝန်းရံလျက်ရှိသဖြင့် သာယာပျော်မွေ့ဖွယ်ကောင်းသော နေရာတွင် သူ့ဝမ်းထဲက အကျိတ်အခဲကို သူ့ဘာသာ ဖြေဖျောက်ကြိုးစားပြီး စိတ်ချမ်း သာသလို နေရန်သာ ရှိသည်ဟု တွေးမိသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ပတ်ဝန်းကျင် တောင်ပေါ်ရှိ စေတီတို့၏ ဆည်လည်းသံများကို လေသင့်သည့်အခါတိုင်း ကြားရ၍၊ ထိုအသံဖြင့် သူ့ဝမ်းထဲက အစိုင်အခဲကို ကျေပျောက်အောင် ဆေးကုကြည့်သည်။ ထိုအသံဖြင့် သက်သာရာ ရသည့် အခါမျိုးလည်း ရ၏။ တရုတ်စံကားပင်၊ စကားဝါ၊ စကားစိမ်းတို့ဖြင့် ခြံရံသော တောင်ပေါ်မှ တက်၍ကြည့်လျှင်၊ စစ်ကိုင်းတစ်မြို့လုံးနှင့် တကွ အနောက်ဘက်တွင် ဝန်းလည်စီးဆင်းလျက် ရှိသော မြစ်ရေအလျဉ်ကို ဖြူဖွေး တောက်ပစွာ တွေ့ရခြင်းဖြင့် စိတ်သက်သာမှုကို ရပြန်သည်လည်း ရှိပေသည်။

မြစ်ထဲတွင် ရွှေရောင်တွေ ဝင်းနေသည့် အချိန်တွင် ဝေသည် မြစ်ဆိပ်သို့ ထွက်သွားလေသည်။

မြစ်ဆိပ်သို့ အဖော်နှင့် သွားသည်။ ထိုအဖော်မှာ အသက် ၆၀ ခန့် ရှိသော ကပ္ပိယ ဦးညှက်ဖြစ်သည်။ ညနေတိုင်း ဂူနီချောင်ဇရပ်သို့ လာကာ ချောင်ဆရာတော် ဘုန်းတော်ကြီးအတွက် ဆွမ်းချိုင့် လာပို့ထားသည်။ ဝေ၏ မိခင်မှာ နံနက်တိုင်း သံဃာတော်များကို ဆွမ်းချက် လောင်းလေသည်။

ဦးညှက်ကြီး လာတာမြင်လျှင် ဝေ့မှာ ပေ့ါပါး လန်းဆန်းသွားသည်။

'ဘကြီးညှက် မြစ်ဆိပ် သွားရအောင်နော်. . .'ဟု ဆိုကာ ဘကြီးညှက်နှင့် မြစ်ဘက်သို့လိုက်သွားသည်။ သီလရှင် မသုခသည် ဝေနှင့်အတူ လိုက်လာလေသည်။

လမ်းတွင် ဘကြီးညှက်က ဖောင်လောက်အောင် စကားပြောလာသည်။ အသက် ၆၀ ဆိုသော်လည်း အသက် ၄၀၊ ၅၀ လိုပင် သန်မာ ပေ့ါပါးသော အမူအရာရှိ၏။ သီလကောင်းသဖြင့် သွားတစ်ချောင်းမှ မကျိုးချေ။ ဆံပင်မှာ နက်မှန်း ဖြူမှန်း မသိနိုင်အောင် သူ့ဖန်ခေါင်းတုံးမှာ ပြောင်ချောနေပေသည်။ ဖျင်အကြမ်းအင်္ကျီ လက်တိုဝတ်လျက် လည်ပင်းတွင် နက်ပြောင်သော စိပ်ပုတီးကြီးကို အမြဲ ဆွဲထားလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



သူသည် စစ်ကိုင်းတောင် အတ္ထုပ္ပတ္တိကို မမောမပန်း ပြောလိုက်လာသည်။

'ငါ့မြေးရဲ့၊ စစ်ကိုင်းတောင်ဟာ အဓိကရတောင်။ ချောင်ကိုးချောင် ရှိတယ်။ သိမ်ကိုးသိမ် ရှိတယ်။ အင်းကိုးအင်း၊ ကုန်းကိုးကုန်း၊ ကိုးခု ကိုးလီ ကိုးဌာန ကိုးနေရာ'

ဘကြီးညွက်သည် တောင်ဖီလာချောင်၊ ရွှေဝါချောင်၊ ပိတောက်ချောင်၊ ချောင်နာမည်၊ သိမ်နာမည်၊ အင်းနာမည်များကို ကိုးခေါက် ကိုးလီ ရွတ်ပြလာလေသည်။

ဝေသည် ဆိတ်ငြိမ်စွာ လိုက်လာသည်။ သီလရှင် မသုခ၏ ဦးကြာဖူး ခုံဖိနပ်သံမှာ တရှပ်ရှပ်နှင့် မြေကြီးနှင့် တိုက်နေ၏။

ဘကြီးညွက် မောသလောက်ရှိ၍ ငြိမ်သက်သွားမှ 'ဘကြီးညွက် ကပ္ပိယလုပ်တာ ကြာပြီလား'ဟု မေးလိုက်သည်။

'ကြာပါပြီ၊ ဆယ်နှစ်လောက် ရှိရော့မယ်'

'ဘုန်းကြီးဝတ်ပါလား ဘကြီးညွက်ရယ်'

'အိမ်က မိန်းမက လိုက်လိုက်ခေါ်တယ်။ ဝတ်လို့ မဖြစ်သေးဘူး'

ဝေသည် သူ့စကားကို နားထောင်ပြီး ရယ်လိုက်သော်လည်း ဝမ်းထဲက မပါလှချေ။ မသုခမှာ အသံညွက်ညွက်နှင့် ကျိတ်ရယ်သလို ရယ်လာသည်။

'နို့ ငါ့မြေးကော သီလရှင် ဝတ်ပါလား။ အမေ တစ်ယောက်လုံး သီလရှင်ဖြစ်နေတာ မဝတ်ချင်ဘူးလား'

'မဝတ်ချင်ပါဘူး ဘကြီးရယ်'

'ဘာဖြစ်လို့လဲ. . .'ဟု ဝေ့ကို အကဲခတ်ကြည့်ရှုလျက် မေးသည်။

'အိမ်က လူက လိုက်ခေါ်မှာ၊ ဝတ်လို့ မဖြစ်ပါဘူး'

သည်တစ်ကြိမ်တွင် ဘကြီးညွက်သည် ကျယ်လောင်စွာ ရယ်မောလျက် လိုက်လာလေသည်။ မြစ်နဖူးပေါ်သို့ ရောက်ကြသည့်အခါ ဝေသည်



BURMESE CLASSIC .com

www.burmeseclassi.com



သဲသောင်အောက်သို့ ပြေးဆင်းသွားလေသည်။

မျက်စိရှေ့တွင် မြစ်ရေမှာ ဖန်မြေမှုန်မြေ ခင်းထားသကဲ့သို့ တောက်ပနေလေသည်။ တစ်ပြင်တည်းကဲ့သို့ရှိသော မြစ်ရေမှာ ပျော့ပျော့သာသာ စီးဆင်းလျက် ရှိသည်။

ခပ်ဝေးဝေး မြစ်လယ်၌ ရေများပွက်ကာ ကြီးမားသော ငါးကြီးနှစ်ကောင်သည် ရေပေါ်တွင် ဘွားခနဲ ပေါ်လာကြသည်။ ခေါင်းထောင်မြှုးထူးလျက် ပြန်ငုပ်သွားကြသည်။ ရေပြင်ကြီးမှာ လှုပ်ရှားသွားလေသည်။

ဝေသည် လှုပ်ရှားနေသော ရေပြင်ကြီးကို ငေးမောလျက် ကြည့်နေစဉ်၊ ရုတ်တရက် နေမကောင်း ဖြစ်လာသည်။ တစ်ခေါင်းလုံး ချာလည်လည်နေသဖြင့် သူ့ကိုယ်သူ မလဲစေရန် ထိန်းထားလိုက်သည်။ ဤကဲ့သို့ တစ်ခါမျှ မဖြစ်ဘူးပေ။ သိပ်မူးလာကာ အန်လေသည်။

မသုခသည် ကျောကို လာဖိ၏။ မျက်လုံးများ ပြာလာ၍ ဝေ့မှာ မသုခကို မှီနေရသည်။ အမှောင်ထဲ၌ ရုန်းကန်နေရသကဲ့သို့ ထင်ရပြီးနောက် အားလုံး မှောင်မည်းသွားသည်။

ဝေ့မျက်လုံးကို ပြန်ဖွင့်နိုင်သည့်အခါတွင် သူဘယ်ရောက်နေမှန်း မသိ။ နောက်မှ သဲသောင်ပြင်ပေါ်တွင် လှဲနေမှန်း သိသည်။ သီလရှင်တွေ အုံနေကြသည်။ မိခင် သီလရှင်မှာ သူ့ဘေး၌ ဒူးထောက်ကာ ဇဝက်သာ ပုလင်းကို ဝေ့ နှာဝ၌ ထိုးပေးထားသည်။ ဘကြီးညွှက်မှာ မတ်ရပ်မှ သူ့ကို စိုက်ကြည့်နေသည်ကို တွေ့ရသည်။ သူ့မျက်စိထဲ၌ သူ ရင်ဖိထားသော သီလရှင် ဒေါ်သြဘာမှာ မှုန်ဝါးဝါး ဖြစ်နေပေသည်။

ဝေ့မှာ မောနေလေသည်။ ကောင်းကင်ပြာကြီးကို ကြည့်ရသဖြင့် အနည်းငယ် နေသာထိုင်သာ ရသည်။

သီလရှင် ဒေါ်သြဘာက မိခင် သီလရှင်၏ နားနားကပ်ပြီး 'ထင်တာ မမှားပါဘူး'ဟု ပြောကာ ပြုံးလိုက်သည်။

'သမီး သက်သာပြီလား၊ သမီးမှာ သားသမီးရှိနေလို့ ဖြစ်တာပါ'

ဝေသည် ခေါင်းမှ ခြေထောက်အထိ တုန်လှုပ်၍ သွားလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ထ တော့မည်ကဲ့သို့ လက်ကို သဲသောင်ပြင်၌ ထောက်လိုက်သည်။

'ငြိမ်ငြိမ်နေ၊ ငြိမ်ငြိမ်နေဦး'ဟု မိခင်က သတိပေးလေသည်။

ဝေသည် မိခင်၏ လက်ကို သူ မသွားချင်သည့် နေရာသို့ မရောက်နိုင်အောင် ဆွဲထားနိုင်မည့် အမှီသဟဲ တစ်ခုသဖွယ် တအား ဆွဲထားကာ မျက်ရည်များ စိုစွတ်လာလေ၏။

ထိုနေ့ည ဝေ့မှာ မအိပ်နိုင်ဘဲ ချောက်ချားလျက်ရှိသည်။ သားသမီးရှိသည်ဟုသိရသည့်အတွက် ဝေ့မှာ စိတ်အားငယ်နေလေသည်။ အမှန်အားဖြင့် ဝေ့မှာ "ကို"ပြုပြင်ရာ ခံရတော့မည်ကဲ့သို့ ဖြစ်သွားလေသည်။

ဝေသည် မအိပ်နိုင်၍ အိပ်ရာမှ ထကာ အခန်းပြင်သို့ ထွက်လာသည်။ ဇရပ်ပေါ်၌ ည စာဝါ ချသွားပြီး၍ မှောင်ထဲ၌ စကြံလျှောက်နေသော မိခင်နှင့် တံခါးဝ၌ ဆုံမိကြသည်။

'သမီး နေကောင်းရဲ့လား. . .'

မိခင်၏ နူးညံ့ကြင်နာချစ်ခင်သော အသံကို ကြားရသည်။ ဝေသည် တွေဝေလျက် ရပ်နေကာ ငြိမ်သက်နေ၏။ ဝေ၏ ပခုံးကို လာကိုင်လျက်

'သမီး... ဒါဟာ လောက ဓမ္မတာပဲမကြောက်ပါနဲ့။ သမီးယောကျ်ားဟာ ဘယ်လောက် ဝမ်းသာမလဲ၊ သူ့ဆီကို သွားဖို့သင့်ပြီ။ ကြာနေရင် အပြစ်တင်စရာ ဖြစ်နေမယ် သမီး'

ဝေသည် အခန်းအတွင်းသို့ပြန်လှည့်ဝင်လာကာ အိပ်ရာပေါ်မှောက်လျက် အသံမထွက်အောင် ရှိုက်၍ ရှိုက်၍ ကျိတ်ငိုနေလေသည်။

(၁၆)

မယ်သီလရှင်ကို အမုန်းဆုံးဖြစ်၏။

သူ့လင်နဲ့ သူ ခွဲနေသလို သူများချစ်ခြင်းလည်း ခွဲတဲ့ မယ်သီလ။

ဖန်ခေါင်းတုံးနှင့် ခပ်ဝါဝါ ပုံသဏ္ဍာန်သည် မျက်စိထဲ၌ ကန့်လန့်ကြီး ဖြစ်နေသဖြင့် သည်သဏ္ဍာန် ခပ်မြန်မြန် ကွယ်သွားအောင် အရက်ကို



BURMESE CLASSIC .com

www.burmeseclassi.com



တစ်ကျိုက် မော့ချလိုက်ရသည်။ ဦးစောဟန်သည် မူးလာလေသည်၊ ရမ်းလာလေသည်။

ထားထားမှာ ချဉ်စရာ ကောင်းသည်။

မယ်သီလရှင် ခေါ်လို့ ဝေက လိုက်ချင်ဦးတော့ သူ တားရမည်။ သည်ကကောင် ဘယ်လောက်ပူမယ်ဆိုတာ သူ သိရမည်။ ဝေ့ကို ဘယ်သူ ပိုင်သလဲ၊ အိမ်ထောင်နဲ့မဟုတ်လား၊ လင် ငါးခုတ်တုံးနဲ့ရလို့ လင်ကို အရေး ထားရမှန်း မသိတဲ့ မိန်းမ...။

ထားထားမျက်နှာကို လက်ထဲက ဖန်ခွက်နှင့် ပိတ်ပေါက်လိုက်ချင်သည်။ သို့ရာတွင် ဖန်ခွက် အပြည့်ရှိသော ဆိုဒါ ဝီစကီကြောင့် ဖန်ခွက် ကလေးမှာ မကွဲဘဲ ရှိရတော့သည်။

ဦးစောဟန်သည် မျက်မှောင်ကြီး ကြုတ်လိုက်ကာ အံကြိတ်လိုက်၏။ လက်များမှာ တုန်လာလျက် ဖန်ခွက်ကို မြဲမြဲ ဆုပ်ထားရသည်။

ကိုနေဦးကို ဆွဲထိုးချင်သည်။

တောသား၊ သခင်စုတ်၊ အင်ပိုင်ယာကြီးများအံ့တုလို့ အပ်တစ်ချောင်း တောင် ဖြစ်အောင် မလုပ်တတ်တဲ့ကောင်က၊ နှမကို နိုင်ငံရေး သူတောင်းစား သခင်တွေနဲ့ ပေးစားချင်တယ် မှတ်တယ်၊ မလိမ့်တပတ်နဲ့ သီလရှင်နောက် ထည့်လိုက်ပြီး အမယ်ကြီးနဲ့ မယ်အေး ပြန်ခေါ်လာတယ်။ ပမာမခန့်နဲ့ ဒီဘက်တောင် လာကူးမပြောဘူး... မီးတုတ်။

ဦးစောဟန်၏ မျက်လုံးများမှာ ဝင်းဝင်းတောက်သွားကာ သတိလစ်လျက် အရက်ကို မချန်မိဘဲ တစ်ဖန်ခွက်လုံး မော့ချလိုက်သည်။

'မောင်မြ . . . ဝီစကီ'

ဦးစောဟန်မှာ အတော်မူးနေလေသည်။ အသံမကြား ဘာမကြား ငြိမ်နေရာမှ အာလေး လျှာလေးကြီးဖြင့် အရက် လှမ်းတောင်းလိုက်သော အသံမှာ မောင်မြ၏ နားထဲတွင် မိုးခြိမ်းသံလိုပါပင်။

ယနေ့ည အလွန်အကျွံ ဖြစ်နေသဖြင့်၊ တော်လောက်စေချင်နေ

www.burmeseclassi.com



သည်။ ညစာ မစားသည်မှာလည်း ကြာမြင့်လာပြီ။ နေ့ပိုင်းသာ ဟန်မပျက် ဣန္ဒြေမပျက် အလုပ်ဆင်း လုပ်နေလျက်၊ ညဘက် လူမှန်းမသိအောင် ဖြစ်နေပုံကို မကြည့်လည်း မကြည့်ရက်၊ မပြောလည်း မပြောဝံ့။ ထို့ကြောင့် သခင်အပေါ်တွင် မေတ္တာသစ္စာကြီးသော ဘတ်တလာ အစေခံကောင်း ပီသစွာ မကြားခင်ယောင်ဆောင်လျက် ဆိုဖာနောက်တွင် ပုဝင်နေပေသည်။

'မောင်မြ. . . ဝီစကီ'

နောက်တစ်ကြိမ် ထစ်ချုန်းလိုက်၍ မောင်မြမှာ ကျောချမ်းသွားကာ၊ ဝပ်နေရာမှ ထလျက် ဝီစကီအသစ်တစ်ပုလင်း ထပ်ဖောက်ပေးလိုက်ရသည်။

ဦးစောဟန်မှာ ဘယ်လောက်မူးမူး၊ ဝေ့ကိုတော့ အပြစ်မမြင်ပေ။ မူးလေလေ၊ ချစ်လေလေပင်။

"ကို" ချစ်တဲ့ ဝေလေး၊ "ကို့" မလွမ်းဘူးလား ဝေရယ် . . . . အောက်မေ့လှပြီ၊ ပြန်ခဲ့ပါတော့'

ဦးစောဟန်၏ မာနခဲမှာ အရည်ပျော်၍ မျက်လုံးတွင် ဝေ့နေလျက် စီးလျှံကျရန် ထွက်ပေါက်ရှာနေလေသည်။

ဝေ၏ အပြုံးမှာ မှုန်ဝါးနေသည်။ ဝေ့အသံလေးက ချစ်ခင်ဖွယ်ရာ ဝဲဝဲလာသည်။ ဘိုဆန်ဆန် ဝတ်စားထားသော ဆွယ်တာအင်္ကျီအဖြူကလေးနှင့် အနက်ပေါ် အနီစက်အပြောက်ပိုးတွန့်ထဘီကလေးမှာ ကိုယ်နှင့်ကပ်လျက် ဝေနှင့် သိပ်လိုက်နေသည်။ လည်ပင်း၌ ပုလဲသွယ်သည် အရည်တောက်ကာ ဥလျက် ဝေ့အလှနှင့် ယှဉ်ပြိုင်ပနံရသည်။ လက်ကလေးများမှာ ဆင်စွယ်ရောင်ဖြစ်၍ သွယ်လျားသည်။ ဝေသည် အဝေးကပင် ရပ်နေကာ ရှေ့သို့ တစ်လှမ်းမျှ လာရောက်ခြင်းမရှိ။

ဦးစောဟန်သည်ကြည့်ရင်း ကြည့်ရင်း ဝါးလာလေသည်။ ထို့နောက် မူးလာလေသည်။ သူသည် အရက်မူးမူးနှင့် သူ့ရှေ့၌ ပျောက်သွားသော ဝေ့ကို အမိ လိုက်ဖမ်းနေလေသည်။ ရင်ထဲ၌ မခံရပ်နိုင်အောင် လှုပ်ရှားလွန်း၍ အသက်ပြင်းပြင်း ရှူနေရသည်။



BURMESE CLASSIC .com

www.burmeseclassi.com



အတန်ကြာမှ သူ့ကိုယ်ကြီးကို ပက်လက်ကုလားထိုင်မှ ဆွဲ၍ ထူသည်။ မတ်လာသော ကိုယ်ကြီးမှာ ရှေ့သို့ ထိုးသွားမှန်းသိ၍ အသာထိန်းလိုက်ရာ၊ ရုတ်တရက် မထိန်းနိုင်ဘဲ နှစ်လှမ်း သုံးလှမ်း ရှေ့ထိုးသွားကာ ယိမ်းယိုင်သွားပြီးမှ ထိန်းလို့ ရလေ၏။ ခြေကို မြဲမြဲရပ်ပြီးမှ ခါးက ပလေကတ် ပုဆိုးကို ပြင်ဝတ်သည်။ ခေါင်းကြီးမှာ အောက်စိုက်လျက် အခန်းထဲ၌ အသည်းကွဲသော အကြည့်နှင့် ဟိုလှည့်သည်လှည့် ကြည့်လေ၏။

'မောင်မြ. . .'

သူ့အသံ မဟုတ်သော အသံကြီးနှင့် ခေါ်လေ၏။ မောင်မြသည် ဆိုဖာနောက်မှ ဘွားခနဲထရပ်ကာ မီးရောင်အောက်တွင် မထိန်းနိုင်မသိမ်းနိုင်ဖြစ်နေသော သခင့်ကို မရဲတရဲ လှမ်းကြည့်လေသည်၊ သူ့အား ရှာတွေ့မိသွားသော ဦးစောဟန်၏ ရဲရဲဝင်းဝင်း မျက်လုံးကို မဆိုင်ရဲသလို မျက်နှာအောက်သို့ စိုက်ကာ၊ သူ့အကြည့်သည် ဘေးသို့ အနည်းငယ် စောင်းနေ၏။

မောင်မြသည် ထိုအမူအရာဖြင့် ငြိမ်သက်စွာ အမိန့်နာခံနေသည်။

'ဒါလင့်ဆီကို နက်ဖြန်ည ငါ လိုက်သွားမယ်။ ကြားရဲ့လား၊ ဒါလင်နဲ့မှ ပြန်လာမယ်၊ ငါ့အဝတ်သေတ္တာ ပြင်လိုက်၊ ငါ လိုက်ခေါ်မှ ပြန်လာမှာ မဟုတ်ဘူးလား ဟင်'

မောင်မြနားသို့ ယိုင်တိယိုင်တိုင် လမ်းလျှောက်လာကာ မောင်မြရင်ဘတ်မှ အင်္ကျီကို ဆွဲဆုပ်၍ လှုပ်လိုက်သဖြင့် မောင်မြမှာ သူပါ ရှေ့ထိုးလဲသွားမလိုပင် ဖြစ်၍ ဆိုဖာနောက်မှီကို လှမ်းကိုင်ထားရ၏။

'မှန်ပါ လိုက်သွားပါ။ ဒီတော့မှ . . အစ်မ ပြန်လာပါလိမ့်မယ်'

ဦးစောဟန်သည် ဇက်ကျိုးနေလျက် မောင်မြ၏ မျက်နှာကို မျက်လုံးလှန်ကြည့်နေကာ၊ အင်္ကျီစကို မလွှတ်သေးသဖြင့် မောင်မြမှာ အသက်ရှူမှားကာ အနေရ ကျပ်နေလေသည်။ ဦးစောဟန် လက်ပြုတ်သွားမှ နှလုံးထဲက သက်ပြင်း ချလိုက်ရသည်။

ယနေ့ညမှ ဘာစိတ် ဘာလက်ပေါက်ပြီး ထူးထူးဆန်းဆန်း လိုက်



BURMESE CLASSIC .com

www.burmeseclassi.com



ခေါ်မည် ပြောသဖြင့် တစ်မျိုးအားဖြင့် ဝမ်းသာရသည်။ သွားခေါ်မှလည်း ဖြစ်ပေတော့မည်။ မောင်မြမှာ ညတိုင်း တစ်ချက်နှစ်ချက်အထိ မအိပ်ရဘဲ အပေါ် မတက်မချင်း စောင့်ရသော အလုပ်က ပိုလာ၍ မျက်တွင်းများ ချိုင့်နေလေသည်။

ဦးစောဟန်သည် ဒယိန်းဒယိုင်နှင့် လှေကားဆီသို့ သွားရင်း စာရေးစားပွဲခုံရှေ့၌ ရပ်ကာ၊ ခုံပေါ်တွင် ထောင်ထားသည့် ဝေ့ ဓာတ်ပုံကလေးကို ငဲ့ကြည့်လျက် 'ဂွတ်နိုက် ဒါလင်'ဟု နှုတ်ဆက်သွားလေသည်။

မောင်မြသည် အိမ်ပေါ်သို့ တက်သွားသည့်အထိ မျက်တောင်မခတ်သောမျက်လုံးများဖြင့် လှမ်းကြည့်နေကာ၊ အပေါ်ရောက်သွားမှ မီးခလုတ်ကို မှိတ်လျက် သည်းထန်စွာ သမ်းလိုက်လေသည်။

ဧည့်ခန်းထဲတွင် မှောင်မည်းသွားလေ၏။

နံနက်ဦး၏ နေဝန်းရောင်ခြည်သည် ဧည့်ခန်းထဲသို့ ကျရောက်စ ပြုလေပြီ။

တောင်လေသည် အေးမြစွာ ပြတင်းမှ တဟူးဟူး တိုးဝင်နေသည်။

အိမ်ထောင့်ရှိ ဒန့်သလွန်ပင်မြင့်ပေါ်မှ ဝါရော်နေသည့် ဒန့်ဒလွန်ရွက်ဝါလေးများသည် အဆက်မပြတ် မြေအောက်သို့ ဖျပ်ဖျပ်ကြွေကျနေကြလေသည်။

မောင်မြသည် တံခါးများကို ဖွင့်လှစ်ကာ မနေ့ကလိုပင် ဧည့်ခန်းကို ဖုန်သုတ်သ ပြင်ပေးရမည်။

ဧည့်ခန်းဘက်သို့ အလင်းရောင်များ ဝင်အောင် အိမ်တံခါးမကြီးမှ ခန်းစီးဝတ်ကို တစ်ဖက်သို့ စုလုံး ဖွင့်ထားလိုက်သည်။

ဧည့်ခန်းမှာ ဖရိုဖရဲ ဖြစ်နေလေ၏။ ညက ဦးစောဟန် သောက်ထားသည့် စီးကရက်တိုများမှာ ဆေးလိပ်ခွက်ပေါ်တွင် မြင်မကောင်းအောင် ပုံနေကာ ပြာများ လွင့်ဖိတ်ကျနေလေသည်။ ပန်းအိုးနီကလေးထဲမှ ဇီဇဝါ ပွင့်တို့သည် တစ်ရက်ဖြင့်ပင် ညှိုးဝါကာ နွမ်းရလေပြီ။ ကော်ဇောပေါ်၌

www.burmeseclassi.com



ပစ်ချထားသည့် ရုပ်စုံ အင်္ဂလိပ် မဂ္ဂဇင်း စာအုပ်များ တစ်အုပ်စီ ပြန့်ကြဲလျက်။

မောင်မြသည် ဖုန်သုတ်အဝတ်ဖြင့် ဖုန်သုတ်ပြီးနောက် နေရာတကျလှအောင် ပအောင် ရှင်းလင်း ပြင်ရပြန်သည်။

မောင်မြ ညှော့ခန်းပြင်နေချိန်တွင် ဝေသည် အဖော်မပါ တစ်ယောက်တည်း အိမ်ဝသို့ ရောက်လာလေသည်။

အိမ်ဝသို့ ရောက်မှပင် သူ့ကိုသူ နွမ်းနယ်နေမှန်း သတိထားမိလေသည်။ အိမ်ဝ ရောက်ရောက်ချင်း သက်ပြင်းချလိုက်မိ၏။

ဝေ့ပစ္စည်းများကို ခေါင်းတင်ရွက်ထားသည့် ကုလားမှာ ဝေ့နောက်တွင် ရပ်ဆိုင်းနေရ၏။ ဝေသည် အိမ်ထဲအဝင် တန့်နေပြီးမှာ သူ့ခြေကိုသူ အနိုင်နိုင်သယ်၍ လှမ်းခဲ့ရလေသည်။

မောင်မြသည် မျက်လုံးမျက်ဆန်ပြူးကာ ကြက်သေ သေသွားပြီးနောက်၊ ဝမ်းသာလုံး ဆို့လာ၍ ရုတ်တရက် အသံမထွက်နိုင်။ ဝေ့အနားသို့ အဟုန်နှင့် ရောက်လာလေသည်။

ဝေသည် မောင်မြမျက်နှာကို ဝမ်းနည်းသော အပြုံးဖြင့် ပြုံးကြည့်နေသည်။ မျက်တောင်ကလေးစင်းလျက် ဝေ့မျက်နှာမှာ ဖြူရော်နေသည်။

'အစ်မရယ်. . . သံကြိုးမပေး ဘာမပေး'

မောင်မြသည် စကားကိုရှိုက်ပြောရင်း ဝေ၏ မသာမယာနှင့်နွမ်းနေသည့် ခြောက်ခြောက်သွေ့သွေ့ပုံပန်းကို သတိပြုကာ၊ စိတ်မကောင်းသော မျက်နှာပြောင်းသွားသည်။

'တမင်ပဲ မရိုက်ဘူး။ သူကော. . .'

ဝေသည် အားအင်ကုန်ခန်းနေသော အသံဖြင့် ပြောလျက်။ ဝေ့စိတ်မှာ ပတ်ဝန်းကျင်၌ ရှိဟန်မတူ။ ဝေ့အကြည့်မှာ ပြတင်းပေါက်မှာ ဖြတ်ကျော်၍ တစ်ဖက်အိမ်ကြီးသို့ ရောက်လျက်ရှိလေသည်။ မငိုမိစေရန် နှုတ်ခမ်းများကို ကိုက်ထားလျက် ရှိသည်။



BURMESE CLASSIC .com

www.burmeseclassi.com



'မထသေးဘူး။ ညက သုံးနာရီလောက်မှ အိပ်တယ်၊ အစ်မမြင်ရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲ၊ ညက လိုက်ခေါ်မလို့ သေတ္တာတောင် ပြင်ခိုင်းပြီးပြီ'

ဝေ၏ မျက်လုံးထဲ၌ မျက်ရည်တွေ ဝဲလာသည်။ နီးရာ ဆိုဖာတွင် ဝင်ထိုင်လျက် ကိုယ်ကလေးကို နောက်သို့ ဖြည်းဖြည်း ကပ်မှီနေလိုက်သည်။

မောင်မြသည် ပစ္စည်းများကို အတွင်းသို့ အသံမကြားအောင် သယ်သွင်းနေ၏။ ညက အိပ်ပျက်သော်လည်း ပေါ့ပါးဖျတ်လတ်နေသည်။

ပြန်တွေ့ရသော အရာဝတ္ထုအားလုံးတို့သည် ဝေ့မျက်စိထဲ၌ သူနှင့် အတော် အလှမ်းဝေးနေသလို ထင်မှတ်မိသည်။ သူနှင့် မပတ်သက်သလိုလို လည်း အောက်မေ့မိသည်။ သူ့နေရာ သူပြန်ရောက်ကာ သူ့ပစ္စည်းတွေ သူ ပြန်တွေ့ရသည့် အသိတရားမျိုး ဟပ်လို့ပင်မဖြစ်နိုင်အောင် သူ့စိတ်နှင့် အားလုံးနှင့် ကွာလှမ်းနေ၏။

ဝေသည် သူ့နဖူးကို လက်နှင့်ကိုင်ထားကာ မျက်လုံးများ မှိတ်ထား သဖြင့် မောင်မြမှာ လုပ်ရင်းကိုင်ရင်း ဝေးဝေးကပင် မျှော်မျှော်ကြည့်သည်။

လက်ဖက်ရည်စားပွဲတွင် ပန်းကန်နှစ်လုံးချ ပြင်လိုက်ရသည့်အတွက် သူ့စိတ်ထဲ ကျေနပ်အားရှိသွား၏။ မောင်မြမှာ ငိုရတော့မလို၊ ရယ်ရတော့ မလို၊ ရင်ထဲတွင် ဖိုနေကာ ယောင်ယောင်မှားမှားဖြစ်လျက် မှုန်နေလေသည်။

ထမင်းချက် ကုလားအဘိုးကြီးသည် ခြေနှင့် ကြမ်းနှင့် ဖိကာ ငှက်ကြီးဝန်ပိုများလို တစ်လှမ်းချင်း ခပ်ကျဲကျဲ လှမ်းထွက်လာလျက်၊ လိုက် ကာနောက်မှ ခေါင်းထွက်၍ ဝေ့ကို ချောင်းကြည့်လိုက်သည်။

ခေါင်းကို နှစ်သိမ့်အားရစွာ ညိတ်လျက် ကျေနပ်စွာ ပြုံးကာခြေလှမ်း ကျဲကြီးနှင့် ပြန်လှည့်ဝင်သွားလေသည်။

အိမ်ပေါ်က ချောင်းသံတစ်ချက် ကြားလိုက်၍ မောင်မြမှာ ခေါင်းနား ပန်း ကြီးသွားလေသည်။ အပေါ် တက်ပြောရ ကောင်းမလား၊ အောက်ဆင်း လာမှ မြင်စေရမလား၊ မလုပ်တတ် မဝေခွဲတတ်နှင့် စိတ်အိုက်နေ၏။



BURMESE CLASSIC .com

www.burmeseclassi.com



ဆိုဖာပေါ်က ဝေကလည်း မလှုပ်။

နောက်တစ်ကြိမ် ချောင်းသံနှင့် ခြေသံပါ ထပ်ကြားရ၍ သူ့အခက်အခဲကို ဘယ်လို စီမံရမှန်းမသိ ဖြစ်နေစဉ်၊ ဝေသည် သူ့ကိုယ်ကို ဆိုဖာနှင့် ခွာလျက် အားယူ၍ ထ လိုက်သည်။ ဝတ္တရားက သူ့ကို စေခိုင်း၍ သွားရသည့်ပမာ လှေကားဆီသို့ လေးကန်စွာ ထသွားလေ၏။

မောင်မြမှာ မျက်တောင်စိုက်လျက် အသက်မရှူ အသည်းယားယားနှင့် တအားခဲ ကြည့်နေလေသည်။

လှေကားရင်းမှာ အိမ်ပေါ်သို့ တစ်ချက် မော့ကြည့်လျက် ဝေသည် လှမ်း၍ တက်သွားသည်။

ဝေ့ရင်ထဲ၌ ဘာမျှ လှုပ်ရှားခြင်းမရှိ။ အစစအရာရာ မှုန်တိမှုန်မွှားဖြစ်နေလျက်။ ထိုမှုန်တိမှုန်မွှားထဲသို့ ဘာမျှမမြင်သော မျက်ကန်းတောတိုးသွားနည်းမျိုး အရမ်း တက်သွားသည်။ ဝေ့ကို ကြည့်နေသော မောင်မြ၏ရင်မှာ ရိုင်းရိုင်းကြီးခုန်လျက် များစွာ လှုပ်ရှားနေလေသည်။

ဝေသည် အိမ်ခန်းဝက လိုက်ကာကို ဖယ်ကာ အတွင်းသို့ လှမ်းဝင်သည်။ ဦးစောဟန်သည် ဝေ အတွင်းရောက်၍ ဝေ့မျက်နှာကိုမြင်မြင်ချင်း၊ သံကုန်ဟစ်၍ ခုန်ပေါက်လိုက်တော့မတတ် ရှူးကြောင်ကြောင် မျက်နှာဖြင့် တုန်သွားလေ၏။

ထိုအခါမှ ဝေသည် ဒူးတွေ တုန်ကာ တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထ သွားလေသည်။

'ဝေ…ဝေ…ဝေ'

နှုတ်မှ အက်ပြီးတုန်နေသော အသံနှင့် တစ်လုံးချင်းခေါ်ရင်း တုန်ရီနေသော မျက်နှာကြီးသည် နဖူးဆီသို့၊ ပါးဆီသို့၊ မေးစေ့ဆီသို့ ပတ်၍ သွားပြီးမှ၊ အားနွဲ့နေသော မျက်နှာလေးနှင့်ဆုံကာ အားယူ စိုက်ကြည့်နေသည်။

ဝေသည် ဘာမှမပြော၊ ဘယ်လို အမူအရာမှလည်း မပြ။ မျက်နှာ



BURMESE CLASSIC .com

www.burmeseclassi.com



လည်း လှုပ်ရှားခြင်း မရှိ။ မျက်လုံးများမှာ အရောင်မရှိ၊ အကန်းလိုပင် ကြောင်နေလျက် မြင်မှ မြင်ပါလေရဲ့လား မသိ။

ဦးစောဟန်သည် 'ဝေ ပြန်လာပြီ'ဟု ပြောလိုက်ကာ ပခုံးကလေး နှစ်ဖက် ပွေ့ဖက်လိုက်သည်။

သူ့အသံမှာ ခြောက်သွေ့သော လည်ချောင်းထဲမှ ခက်ခက်ခဲခဲ ထွက်လာဟန်တူသည်။

ဝေသည် နားထဲတွင် နင့်သွားသော ယိမ်းယိုင်လျက်၊ သူ့ခေါင်း ကလေးကို ဦးစောဟန်၏ ရင်ခွင်ထဲ၌ မှီအားပြုလိုက်ရသည်။

ဦးစောဟန်သည် ဝေ့ကို အားရပါးရကြီးသာ ဖက်ထားကာ အသံ မထွက်နိုင်တော့ပေ။ သူ့လက်နှင့် ဝေ့ကျောကို ခပ်ကြမ်းကြမ်း ဖိတွန်း ပွတ်သပ်နေရာမှ လက်မောင်းလေးကို တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ဖျစ် နယ်နေပြန်ကာ၊ သူ့ရင်ထဲ၌ မချုပ်တီးနိုင်သည့်အဖြစ်ကို သူ့လက်ကြီးက အဓိပ္ပာယ် ဖော်ပြနေပေသည်။

ဝေဝေသည် ကြမ်းကြမ်းတမ်းတမ်း ထိတွေ့ခြင်းမခံရဖူး၍ အံ့ဩမိ သည်။ ဦးစောဟန်၏ အပြုအမူကို နာကျင်စွာခံရင်းမှ၊ သူ့ပေါ်တွင် မည်မျှ လောက် ဆွေးနာနေသော အဓိပ္ပာယ်ကို အကဲခတ်မိလေသည်။

ဦးစောဟန်သည် စိတ်ရှိသလောက် ဆုပ်ဖျစ်ပြီးနောက်၊ ဝေနှင့် ခွာ၍ ဝေ့ ပခုံးကလေးကို ကိုင်ကာ၊ ခေါင်းက အစ ခြေအဆုံး ခန္ဓာကိုယ်ကို စေ့စေ့စပ်စပ် ကြည့်ရှုနေသည်။

ဝေ့နားထင်မှာ ချိုင့်လျက်၊ မျက်နှာလေးမှာ တော်တော် ကျသွား ၏။ ဝေ့ အဝတ်အစားများမှာ ဝေ့ အဝတ်အစား မဟုတ်သကဲ့သို့ ဝေ့ကိုယ် တွင် ပွရောင်းနေလေသည်။ ဝေသည် အားအင်ကုန်ခမ်းကာ ဖြူဖပ်ဖြူရော် ကြီး ဖြစ်နေလေသည်။

ဝေ့မှာ မျက်ရည်များ လိမ့်ဆင်းလျက်၊ ဦးစောဟန်၏ စစ်ဆေးနေ သော အကြည့်ကိုခံရင်း ရင်ထဲ၌ ကျပ်သိပ်လာသည်။ ဝေ၏ထိန်းထားသော



BURMESE CLASSIC .com

www.burmeseclassi.com



စိတ်သည် လွတ်ထွက်သွားလေသည်။

'ကို. . .'

ဦးစောဟန်သည် ဝေ့ကို တအား ပြန်ဖက်ပြန်သည်။ ဝေ့ပခုံးပေါ်တွင် မျက်နှာကို မှောက်လိုက်လျက် 'ပိန်လှချည်လားဝေရယ်'ဟု အက်ကွဲနာကြည်း လှသော အသံဖြင့် ပြောနေလေသည်။

ဝေသည် ငြိမ်နေလိုက်သေးသည်။ နောက်မှ အားတင်းပြီး ရင်ဘတ်ကို တွန်းကာ မျက်နှာချင်း ဆိုင်လိုက်သည်။

'ဝေ့မှာ ကိုယ်ဝန်ရှိနေပြီ'

ဝေသည် အသက်မရှူနိုင်အောင် တင်းတင်းကျပ်ကျပ်ကြီး ဖြစ်သွားလျက်၊ ဦးစောဟန်၏ ရင်ခွင်ထဲတွင် မလွန့်သာ မတွန့်သာဘဲ မျက်လုံးများ ပြာဝေသွားလေသည်။

(၁၇)

ဝေသည် များစွာမှ သတိထားရသည်။

ဝေ သောက်ရမည့် ဆေးများမှာ အမျိုးစုံလှ၏။ ဘယ်ဆေးပြီး ဘယ်ဆေး သောက်ရန်၊ စားရန်နှင့် မှတ်ရလေသည်။

နံနက် အိပ်ရာထ ဂလူးကိုစ်နှင့် ဆေးမှုန့်တစ်ခွက်၊ နာရီဝက်ခြား၍ ဆေးရည် တစ်ဇွန်း၊ ထမင်းစား ပြီးပြီးချင်း ရေနွေးပူပူနှင့် ဆေးလုံးမည်းမည်း၊ ညအိပ်ရာဝင် အိပ်ပျော်၍ နှလုံးအားကောင်းမည့် ငါးကြီးဆီပါသော သွေးအား တိုး ဆေးရည်. . . တစ်ခါတစ်ရံ ဝမ်းနှုတ်ဆေးပြားကလေးများ။

ဝေ့မှာ ဆေးသောက်ရန်သာ စိတ်ဆွဲနေ၏။ လစ်ဟင်း ပျက်ကွက်သွားလျှင် "ကို"က အပြစ်တင်၍ မပြီးနိုင်။ အလုပ်သွားခါနီး ဆေးသောက်ရန် မှာခဲ့ကာ၊ အလုပ်က အပြန် အိမ်ထဲဝင်တာနှင့် ဆေးသောက်ပြီးပြီလား မေးလေ၏။ အိပ်ပျော်အောင်၊အားရှိအောင်၊အစာကြေအောင်၊သွေးအားတိုး



BURMESE CLASSIC .com

www.burmeseclassi.com



အောင်၊ နှလုံးအားကောင်းအောင် သောက်ရသော ဆေးများဖြစ်၍ ဝေ၏ ဝမ်းထဲ၌ အစာတစ်ခွက်၊ ဆေးတစ်ခွက်မျှလောက်ရှိသည်။

ဝေ့မှာ ကိုယ်ဝန်ရှိစ အဆီအဆိမ့် အစားအစာများကို မစားချင်၊ အချဉ်အစပ်ကလေးများသာစားချင်သည့် အာသာပေါ်သည်။ အားရှိစေမည့် အစာအာဟာရချည်း ကျွေးနေသောကြောင့် ကြက်ဥနှင့် ခရမ်းချဉ်သီးကို မကြည့်ချင်အောင်ပင် ဖြစ်နေပေပြီ။

ကြက်ဥ၊ နွားနို့၊ ထောပတ်များ စားလျှင် ပျို့ပျို့လာသည်။ "ကို" သဘောကျအောင် ဖွတ်နှစ်၍ စားရ၏။ ချဉ်ချဉ်စပ်စပ်များကို ခိုးစားချင်လာသည်။ တစ်ဖက်အိမ်ကူးသွားပြီး စိတ်ရှိလက်ရှိ စားလိုက်ချင်သည်။

ဝေ့မှာ တစ်ဖက်အိမ် ကူးဖို့ရန် မလွယ်ကူတော့ချေ။ စစ်ကိုင်းမှ ပြန်ရောက်စက အစ်ကိုကြီးဆီ ကူးသွားသည်။ ကိုနေဦးအိမ် သွားကြောင်း သိလျှင် "ကို"မှာ မျက်နှာမကြည်မသာ ဖြစ်နေလျက်၊ မကြိုက်တာပြသည့် သဘောမျိုး ပြကွဲဒိန်၌ ဝေ ကူးသွားသော ရက်ကို ဝေ့ရှေ့တွင်ပင် မျဉ်းသားထားလိုက်သည်။

ဝေ့ကို စိတ်မချနိုင်။ တစ်ဖက်အိမ်တွင် ဝေ ထင်ရာတွေ သွားစားနေမှာကို စိုးပူလှသည်။ တစ်ဖက်အိမ်၏ တောကျသော စရိုက်ဓလေ့ ကူးစက်လာမှာလည်း လန့်သည်။

အစ်ကိုကြီးအိမ် သွားလျှင် ငြိုငြင်မှန်းသိ၍ ဆင်ခြင်ရတော့ကာ၊ အကြောင်းကိစ္စကြီးမှ ငြိုငြင်ခံပြီး ကူးသွားလေသည်။

ကိုနေဦးမှာ ဝေ၏ ဝမ်းနည်းသော မျက်နှာကလေးကို ငေးကြည့်လျက် ဝေ့ပြဿနာကို ဖြေရှင်းပေးသည်။

'နင့်စိတ် အနှောင့်အယှက် ခံပြီးများ မလာခဲ့ပါနဲ့ဟာ။ နင်မလာလို့ ငါက ဘယ်လိုမှ သဘောမထားပါဘူး။ သူက တို့အပေါ် မေတ္တာမရှိပေမယ့် နင့်အပေါ် မေတ္တာရှိတာတော့ ကျေနပ်တယ်။ နင့်ကို ညည်းပန်းနှိပ်စက်နေရင်သာ တို့က စိတ်ဆင်းရဲရမှာ။ အခုတော့ နင့်ကိုလက်ဝါးပေါ်တင်ပြီး ဖူးဖူးမှုတ်



BURMESE CLASSIC .com

www.burmeseclassi.com



နေတာ တို့က ဝမ်းသာရသေးတယ်၊ ကျေးဇူးတင်ရသေးတယ်။ နင့်ပေါ်မှာ ဘယ်လောက်ကောင်းသလဲ၊ မယားကို သည်လောက်အရေးစိုက်တဲ့ လူမျိုး ရှားပါတယ်ဟာ. . . အလကား စိတ်မချမ်းမသာ ဖြစ်မနေစမ်းပါနဲ့ဟယ်'

ကိုနေဦး၏ နှစ်သိမ့်စကားကြောင့် ဝေ့မှာစိတ်သက်သာရာ ရသလောက်ရသွားလေသည်။ သွေးသားများနှင့် ပူးပူးကပ်ကပ် နေလိုထိုင်လို စိတ်ကို ဖြတ်နိုင်သလောက် ကြိုးစားပြီး ဖြတ်ရကာ တစ်ဖက်အိမ်သို့ အသွားအလာနည်းသွား၏။

ဦးစောဟန်မှာ ဝေ့ကိုယ်ဝန်ကို ဆရာဝန်နှင့် အပြီးအပ်ထားသည်။ ဆရာဝန်မှာ အိမ်သို့ တစ်ပတ်တစ်ခါ လာကြည့်ကာ အားတိုးဆေးထိုးပေးနေလေသည်။

စစ်ကိုင်းက ဝေပြန်လာမှ ဝေ၏ ထူးခြားသော အမူအရာလေးကို သတိထားကြည့်သည်။ ဝေသည် စကားအလွန်နည်း၍ ငြိမ်အေးလွန်းလှသည်။ ဝေ့ကိုကြည့်လိုက်လျှင် တဖြည်းဖြည်း ခြောက်သွေ့ကာလာသော ကုန်းခေါင်ခေါင်လိုမျက်နှာကို တွေ့ရသည်။

ဦးစောဟန်သည် စစ်ကိုင်းအကြောင်းကို မေးလား စမ်းလားမလုပ်၊ စကားစပ်မိလို့မှ ထည့်မပြောချေ။ ဝေ့ကိုလည်း အပြစ်မတင်၊ စကားနာမပြော။ စစ်ကိုင်းအကြောင်း ဝေက စကားစလာလျှင် လက်ပြ၍တားလျက် 'ဝေရယ် ဒီအကြောင်းတွေ ဒီနေ့ကစပြီး ဘယ်တော့မှ မပြောစတမ်း'ဟု ပိတ်ပင်ထားသဖြင့် ဝေ့မှာ စစ်ကိုင်းမပါအောင် သတိထားပြီး စကားပြောရလေသည်။

ဝေ့ရင်ထဲက နာလုံးများမှာ ခြောက်သွေ့သွေ့ အေးစက်စက် အမူအရာများဖြင့် ဖုံးနေလေသည်။

ဦးစောဟန်သည် နှုတ်ဖျားတွင် တဝေဝေဖြင့် ဝေ့ကို ပျော်ပျော်ရွှင်ရွှင်ရှိအောင် အစွမ်းကုန် ယုယလျက်၊ ကလေးရတော့မည့်အတွက် အရူးအမူး ဖြစ်နေလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



'ဝေ ဘာလေးလိုချင်တယ်ဆိုတာလေ. . . 'ကို' သိပ်သိချင်တာပဲ ဝေရယ်'

သိုးမွေးခြေအိတ်ကလေးကို သွက်သွက်ထိုးနေသော ဝေ၏လက်ကလေးများမှာ တုံ့ဆိုင်းသွားကာ မျက်လွှာကလေး အေးဆေးစွာ ပင့်၍ ကြည့်လိုက်၏။ ချစ်စွာဖြင့် စူးစိုက်လျက်ကြည့်နေသော ဦးစောဟန်၏ မျက်လုံးများမှာ အရောင်တောက်လာသည်။

ပင့်၍ ကြည့်လိုက်သော မျက်လွှာကလေးကို ပြန်ချလျက် စိုက်၍ စဉ်းစားနေပြီးမှ လက်ထဲက အပ်နှင့်သိုးမွေးခြေအိတ်ကလေးကို ကော်ဇောပေါ်သို့ အသာချလိုက်သည်။

ဝေသည် ကိုယ်ကိုမတ်လျက် မျက်တောင်ကလေး စင်းကာ 'ဘာလေးပဲဖြစ်ဖြစ် ကို'ဟု အဖြေပေးလိုက်သည်။

ဦးစောဟန်မှာ အားမလိုအားမရဖြင့် ခေါင်းကိုယမ်းကာ 'မဟုတ်ဘူးလေ၊ သားလေး လိုချင်သလား. . . သမီးလေးလိုချင်သလား၊ ဝေ လိုချင်တာ ဖြေစမ်းပါ. . .'ဟု မေးပြန်သည်။

ဝေ စဉ်းစားနေပုံမှာ အတန်ကြာ၍ ဦးစောဟန်မှာ သားလေးပြောမလား၊ သမီးလေး ပြောမလားဟု ရင်တဖိုဖိုဖြင့် မျှော်လင့်စောင့်ဆိုင်းနေရသည်။

ဝေသည် ဦးစောဟန်မကြိုက်သည့် သွေ့ခြောက်သောမျက်နှာဖြင့် တည်ကြည်စွာ ကြည့်လိုက်သည်။

'ကိုရယ်. . . ဘာလေးပဲဖြစ်ဖြစ်ပေါ့'

ဦးစောဟန်သည် စိတ်မကောင်းဖြစ်လာသည်။ ကလေး မလိုချင်လို့လားဟု တွေးလာသည်။ တစ်ယောက်နှင့်တစ်ယောက် မေးရာဖြေရာတွင် သူနှင့်ဝေ ဘယ်လောက်ကွာသည်ကို ယခုမှ သိရတော့သည်။ စိတ်ရောကိုယ်ပါ မရှိ၊ အေးစက်စက်ရှိလှသဖြင့် ဦးစောဟန်သည် သက်ပြင်းချကာ ဝေ့ကို စိုက်ကြည့်နေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေ့မှာ ကို့မျက်နှာ ညှိမှုန်သွားလျှင် အမြဲထိတ်လန့်နေရသည့်အတိုင်း၊ မျက်လုံးကလေး လည်ကာ မှန်ကန်စွာ ဖြေလိုက်သော အဖြေကိုမကြိုက်ပါကလားဟု သိလာလေသည်။

ဝေသည် ချိုအေးစွာ ပြုံးလိုက်ကာ 'ကိုကော သားလေး လိုချင်သလား. . . သမီးလေး လိုချင်သလား. . .'ဟု ပြန်မေးလိုက်သည်။

ဝေ့အပြုံးကို မြင်ရမှ စိတ်သက်သာကာပြန်ပြုံးနိုင်လျက် 'ဘာလေးပဲ ဖြစ်ဖြစ် လိုချင်တာပဲ'ဟု ပြောလိုက်ကာ၊ ဝေ၏ ပျော့နွဲ့သော လက်ချောင်း ကလေးများကို ကျပ်ကျပ် ဆုပ်ထားလိုက်သည်။

စိတ်အားထက်သန်သော မျက်လုံးကြီးများနှင့် မချိုမချဉ် ပြုံးပြီး စိုက်ကြည့်နေခြင်းကြောင့် ဝေ၏ ရင်ထဲမှာ ပူနွေးလာလေသည်။

ဝေသည် ခြေအိတ်ကို ဆက်၍ထိုးသည်။ အညောင်းမိမည်စိုး၍ "ကို"က တော်တော့ဝေရယ် တော်တော့'ဟု ဆိုကာ လက်ထဲက သားမွေး ချည်ခင်များကို ဆွဲသိမ်းလျက် မယ်အေး ခေါ်သိမ်းခိုင်းလိုက်သည်။

'ဝေ နေ့ခင်းဘက်က အိပ်ပျော်ရဲ့လားဟင်'ဦးစောဟန်သည် အလုပ်က ပြန်တိုင်း နေ့လယ် အိပ် မအိပ် မျက်နှာကိုကြည့်ပြီး မေးတတ်သည်။ မျက်လုံးကလေး အစ်မို့လျက် မျက်နှာလေး လန်းနေမှ အိပ်တာကို စိတ်ချသည်။

'အိပ်တာပဲ အိပ်လို့မပျော်ဘူး ကိုရယ်၊ အိပ်လို့ မပျော်တာနဲ့ ကြီးတော်သက် လာတော့ အောက်ဆင်းပြီး စကားပြောနေတယ်'

ကို့မျက်နှာ ချက်ချင်း မှောင်ကုတ်သွားကာ 'ဘာတွေ လာပြောသလဲ. . .'ဟု ထိတ်ထိတ်ပျာပျာ မေးလိုက်သည်။

'ကြီးတော်က ဗိုက်လူးဆေး ဖော်ထားဖို့ ပြောတယ်။ ခုကတည်းက ဖော်ထားရင် ကောင်းတယ်တဲ့။ လေးညှင်းပွင့် ထောင်းပြီး အရက်နဲ့ ပရုတ်နဲ့ လေလုံလုံ ပိတ်စိမ်ထားဖို့ ပြောသွားတယ်'

ဝေသည် ဦးစောဟန်၏ အလိုမကျသည့် မျက်နှာကို ကြည့်ကာ၊



BURMESE CLASSIC .com

www.burmeseclassi.com



ရှေ့ဆက်ပြောရန် ကျပ်သကဲ့သို့ စကားဖြတ်လိုက်ရသည်။

'ဆရာဝန် ရှိသားပဲ ဝေရဲ့၊ ဒါတွေ မလိုပါဘူး။ ပြီးတော့ ဘာတွေ ပြောသွားသေးသလဲ'

ဝေသည် ပြောရန် သင့် မသင့် မစဉ်းစားသည့် အတိုင်းပင် လွှတ်ခနဲ ဖွင့်ပြောတတ်သည့် အကျင့်အတိုင်း လွှတ်ခနဲ ပြောလိုက်သည်။

'မီးတွင်းထဲမှာ စတိ နန္ဒင်းသောက်ရမယ်တဲ့ ကို'

ဦးစောဟန်သည် 'အို'ဟု စိတ်ရှုပ်စွာ တစ်လုံးတည်း အော်လိုက်ကာ မျက်နှာမဲ့သွားလေ၏။ ထို့နောက် မျက်နှာကိုပြင်ကာ သူ့ဒေါသကို ချုပ်တည်း လိုက်သည်။

'ဒီမှာ ဝေ၊ နန္ဒင်းလိမ်းတာတို့၊ နန္ဒင်းလူးတာတို့ဟာ တောကျတဲ့ မိန်းမတွေနဲ့ ကော်ရင်ဂျီကုလားတွေသာ လူးနေတာ။ ဆရာဝန်နဲ့ မီးဖွားတဲ့ မိန်းမမှန်သမျှ အားလုံး နန္ဒင်းမလူးဘူး။ ပေါင်ဒါလူးတယ်။ ဆရာဝန်နဲ့ မီးဖွားမှာ ဒါတွေ ဘာမှ မလိုဘူးလို့ ပြောလိုက်'

ဦးစောဟန်မှာ ဒေါ်သက် ဆရာ လာလုပ်ခြင်းကို နည်းနည်းမှ သဘောမကျပေ။ ဝေ့ကို လာပြီး ဖျက်လိုဖျက်ဆီး လုပ်သည်ဟုပင် အယူသီးကာ ဒေါ်သက်အား မျက်မုန်း ကျိုးသွားလေသည်။

ဝေ့မှာ ပြောင်းလဲခြင်းမရှိ။ ခါတိုင်းကဲ့သို့ပင် ဦးစောဟန် အလိုကျ ဖြစ်အောင် ဂရုထားကာ၊ ဦးစောဟန် အလိုနှင့် ဘယ်တော့မှ မဆန့်ကျင်ပေ။ စိတ်ကြိုက်ကို ကြည့်၍ လိုက်လျောရမည့် အသိမှာ မေ့၍မရ၊ ဖျောက်၍ မရ၊ ရုန်းကန်၍လည်း မရ။

"ကို"၏ တိုင်းပြည်ကလေးသို့ ပြန်ရောက်လာရာ "ကို"ကြိုက်တာကို လိုက်၍ ကြိုက်ရမည်။ "ကို"မကြိုက်တာများကို လိုက်၍ မကြိုက်ရမည်။ "ကို"သာလျှင် ဝေ၏ ကိုယ်၊ "ကို"သာလျှင် ဝေ၏ စိတ်၊ "ကို"သာလျှင် ဝေ၏ဘဝ။

ကိုယ်ဝန်သုံးလတွင် ထမင်းပွဲကြီးကို မကြည့်ချင်အောင် ဖြစ်လာကာ၊



BURMESE CLASSIC .com

www.burmeseclassi.com



အညှီနံ့များကို မခံနိုင်တော့သဖြင့် ထမင်းမစားချင်တော့ဘဲ သစ်သီးဝလံ လောက်သာ စားလိုသော ဆန္ဒ ရှိသည်။

'နည်းနည်းဖြစ်ဖြစ် နို့တော့ သောက်မှပဲ၊ ဘာမှ မစားချင်ရင် ဘယ်မှာ အားရှိပါ့မလဲ ဝေရယ်။ တစ်ကျိုက်တည်း. . . တစ်ကျိုက်တည်းကွယ်. . . သောက်လိုက်စမ်းပါ'

ဝေသည် စိတ်ညစ်ညူးလှစွာဖြင့် နို့ဖန်ခွက်ကို လှမ်းယူကာ အသက် အောင့်ပြီး မျက်စိမှိတ် ကျိုက်ချလိုက်သည်။ တော်တော်နှင့် အသက်မရှူဝံ့၊ အသက်ရှူလိုက်လျှင် နို့နံ့ရမှာကို ကြောက်ရွံ့နေသည်။

ဝေသည် ကျိုက်ချပြီး နှုတ်ခမ်းကို ပိတ်စေ့လျက် ခေါင်းကြီး မတ်ခိုင် ထားကာ မလှုပ်ဝံ့အောင်ပင် မသက်မသာကြီး ဖြစ်နေလေ၏။

ဦးစောဟန်မှာ စိတ်ရှည်ရှည်ထားလျက် နောက်တစ်ကျိုက် သောက် ရန် ချော့ပြောပြန်လေသည်။

'နောက်တစ်ကျိုက်တည်း ဝေရယ်၊ ဒီတစ်ကျိုက် သောက်ပြီးရင်လေ တော်တော့'

ဝေသည် ပိတ်စေ့ထားသော နှုတ်ခမ်းကို စု၍ ခေါင်းခိုင်ခိုင်နှင့် လက်ကာပြနေသည်။ ဦးစောဟန်သည် လွှတ်ခနဲ ရယ်သံ ထွက်သွားမိပြီး၊ ဖန်ခွက်ကို နှုတ်ခမ်းနားသို့ တေ့ပေးလျှင် ဝေ့မှာ မချုပ်တည်းနိုင်တော့ဘဲ ဗွက်ခနဲ ထိုးအန်လိုက်လေသည်။

ဦးစောဟန်မှာ ပျာယာခတ်သွားလေ၏။ ဟိုက်မောနေသော ဝေ့ကို တွဲ၍ ပက်လက်ကုလားထိုင်ပေါ်သို့ ပို့ပေးသည်။ ဝေ့မှာ ရင်ကလေး နိမ့်ချည် မြင့်ချည်နှင့် ဖြစ်နေကာမျက်လုံးများ မှိတ်ထား၏။

ဆရာဝန် ချက်ချင်းအခေါ် ခိုင်းကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေ လျက်၊ ဝေ ဘာမှမစားနိုင်ခြင်းကို အစာအိမ်၌ တစ်ခုခုများ ဖြစ်နေသလား ဟု တွေးတောပူပန်နေသည်။

ဆရာဝန်က လက်မောင်းတွင် အားဆေးထိုးပေးလိုက်သည်။ ဝေ



BURMESE CLASSIC .com

www.burmeseclassi.com



သည် အံကြိတ်ကာ ရှုံ့တွလျက် အပ်ဒဏ်ကို ခံစားရ၏။ ကိုယ်ဝန်ရှိ၍အစား အသောက်ပျက်ကြောင်း ဦးစောဟန် သံသယကင်းအောင် အတော်ပြောရ၏။ လေကောင်းလေသန့်ရှူရန် ညနေတိုင်း လမ်းလျှောက်ပေးဖို့ ဆရာဝန်က မှာကြားပြီး ပြန်သွားသည်။

ညနေတိုင်း မြို့ပြင်ထွက်ကာ စပါးဂိုဒေါင်များ ဘက်သို့ ဦးစောဟန်နှင့် လမ်းလျှောက်ထွက်ရသည်။ လမ်းလျှောက်ခင်းစသည် လှပအေးချမ်း၏။ မြေနီလမ်းကလေးဘေး၌ မြက်ပင်ရိုင်းများမှာ စိမ်းလျက် လေလာလာတွင် ယိမ်းနေကြသည်။

'ဒီဘက် လျှောက်ရတာ ကောင်းတယ်နော်'ဟု ဦးစောဟန်က အားရပါးရ ပြော၏။

ဝေဝေသည် သူ့ခြေလှမ်းအတိုင်း ဖြည်းလေးစွာသာ လျှောက်လျက် ရှိလေသည်။

'ချာတိတ်. . ဟိုမှာကြည့်စမ်း၊ ဂိုဒေါင်ရှေ့က မြောင်းလေး၊ မှတ်မိသေးလား'

ဝေ့မှာ အချစ်ဆုံး စူးခဲ့သော နေရာကလေးကို သတိရလာကာ ရင်ထဲတွင် တလှပ်လှပ် ဖြစ်လာ၏။ တဒင်္ဂအတွင်း အတိတ်တို့သည် ပြေးဝင်လာသည်။ အားလုံးကို မှုန်မှိုင်းစွာ ပြန်လည် မြင်ယောင်ပြီးလာသည်။

ဖခင်၏မျက်နှာ. . ။ လမ်းလျှောက်ပြီး ဂိုဒေါင်ကအပြန် သွေးပါခဲ့သည်။ ဝေသည် ရင်ထဲ၌ ဆို့လာလေသည်။

ဂိုဒေါင်သို့ ရောက်လျှင် ဝေသည် မျက်ရည်လည်လာသည်ကို ထိန်းလျက် ရှိနေ၏။ ဂိုဒေါင်၌ တိတ်ဆိတ်နေ၏။ ကုက္ကိုပင်ကြီးအောက်၌ ကို၏လက်တစ်ဖက်သည် ဝေ၏ လည်ပင်းကို ဖက်ထားလေသည်။ မြစ်ထဲတွင် လေမှာ ပြင်းထန်စွာ ဝှေ့ယမ်းနေသည်။ ကောင်းကင်နှင့် ရေပြင်မှာ တစ်စပ်တည်းလာ အောက်မေ့ရသည်။ ရေပြင်မှ ထိုးရိုက်သော နေရောင်သည် ကမ်းစပ်ဘက်သို့ လက်ကာ တောက်နေလေ၏။ နေပြောက်ထိုးထားသော



BURMESE CLASSIC .com

www.burmeseclassi.com



ကုက္ကိုပင်ရိပ်မှာ လှုပ်ရှားနေလေသည်။

လှေကလေးများမှာ မြစ်လယ်တွင် ရွေ့ရှားနေကြ၏။

ဝေသည် လေတိုက်ကြမ်း၍ အတော် အေးလာသည်ကို သတိထားမိကာ 'ပြန်စို့ ကိုရယ်. . . မိုးချုပ်တော့မယ်'ဟု ပြောလိုက်သည်။

ကိုသည် ဝေ၏ ပခုံးကို ဆွဲလှည့်လျက်၊ ဝင်လုဆဲ နေရောင်ထဲ၌ ဝေ့ မျက်နှာကို ကြည့်လိုက်သည်။ ဝေ၏ မျက်နှာမှာ ဖြူရော်ရော် ဖြစ်နေသလားဟု အောက်မေ့ရသည်။ ဟိုစဉ်ကလို နီနီထွေးထွေး သွေးရောင်များ မဖျန်းတော့။ နားထင်ရိုးကလေးများ ပေါ်နေပြီး မျက်နှာသွယ်ကျနေ၏။ မျက်ကွင်းမှာ ညိုနေကာ မျက်လုံးအကြည့်သည် စိမ်းလဲ့လဲ့ ခပ်မှေးမှေး တွေ့ရသည်။

'ဝေရယ်. . . ဝေ့ကို ကြည့်ရတာ အားမရဘူး။ ဝေ ကိုယ်ဝန်ရှိတာ ထိခိုက်တယ်နဲ့တူတယ်။ တစ်နေ့တခြား ပိန်ညှိုးလာတာပဲနော်၊ ဘယ်တော့များမှ ပြန်ဝလာပါ့မလဲ'

ဝေသည် တွေဝေယိမ်းယိုင်စွာ ကို့လက်ကို အားပြု ဆုပ်ထားလိုက်သည်။ အကြောတွေမှာ လေးပင် ဖင့်နွဲ့နေ၏။

'ကလေးရှိရင် ဒီလိုပဲ ပိန်တာပဲလို့ သန်းသန်းက ပြောတယ်။ မွေးဖွားပြီးရင် ပြန်ဝလာမှာပေ့ါ'

ဝေ့အသံမှာ ပျော့နေလေသည်။

'ကလေးရတာ မပျော်ဘူးလား ဝေ'ကိုက ခပ်တည်တည်နှင့် မေးလိုက်၏။ ဝေ့မှာ တုန်လှုပ်ချောက်ချား၍ သွားသည်။ ဤမေးခွန်းမှာအသည်းနှလုံးသို့ လာရိုက်လေသည်။ ကလေးရှိ၍ စစ်ကိုင်းက ပြန်ခဲ့သည့်အဖြစ်ကို ဦးစောဟန် မသိစေလို။

'ပျော်သားပဲ ကို'ဟု ဝေက ချက်ချင်းဖြေ၏။

ဦးစောဟန်မှာ ကျေနပ်ပုံမပေါ်။ ဝေ့မှာ ဒါထက်ပို၍ မပြောတတ်။ ထို့ကြောင့် ပြုံးလိုက်သည်။ ဝေ၏အပြုံးမှာ ချိုမြမြ ဝင်းပပ မဖြစ်လေ



BURMESE CLASSIC .com

www.burmeseclassi.com



သလား။

‘ကိုကော ပျော်လား’

ဝေက ပြန်မေး၏။

ဦးစောဟန်သည် ဝေ့ကို စိုက်ကာကြည့်နေပြီး ခေါင်းညိတ်လျက်သာ ဝေ့လက်ကလေးများကို ဆွဲယူ ဆုပ်စမ်းကြည့်နေသည်။

‘ဝေ့ လက်ကလေးတွေ အေးနေပါလား. . . ပြန်မှပဲ’

သူတို့သည် ဖြတ်လမ်းက ပြန်ခဲ့ကြသည်။ မြောင်းနားရောက်လျှင် ဦးစောဟန်မှာ တစ်ဖက်သို့ ခုန်ကူးသွားကာ လက်လှမ်းမည်ပြုပြီးမှ ဒီဘက်ပြန်ခုန်ကူးလိုက်သည်။

‘ဝေ ခုန်လို့မဖြစ်ဘူး။ မေ့လို့ ဒီလမ်းက ခေါ်လာတယ်. . . လာ. . . လာ’

ဝေသည် ကြောင်၍ကြည့်နေလျက် ဦးစောဟန် လက်ဆွဲခေါ်လာရာ အတိုင်း လိုက်ပါလာလေသည်။

အိမ်ရောက်ရောက်ချင်း ဝေကို အနွေးထည်များ ဝတ်ပေးသည်။ ဝေ သောက်ရမည့် ဆေးမှာ အနားသို့ ရောက်လာသည်။ ဝေသည် မျက်စိကို မှိတ်ကာ ဆေးရည်ကို မော့၍ သောက်လိုက်သည်။ ဆေးသောက်ပြီးနောက် ဝေသည် မလှုပ်မယှက် ငြိမ်ငြိမ်လေး နားနေသည်။

ဦးစောဟန်မှာ စိတ်မော ကိုယ်မောဖြင့် ဆိုဖာပေါ်သို့ ပစ်လှဲကာ ဝီစကီဖြင့် အပန်းဖြေသည်။ ရေဒီယိုခလုတ်ကို ဖွင့်လျက် အင်္ဂလိပ်သတင်းကို နားထောင်ရင်း စစ်ရိပ်စစ်ငွေ့များ သမ်းလျက်ရှိသောနိုင်ငံရေးရာများကို တွေးတောလျက် နေစဉ်၊ ဝေ၏ စုတ်သတ် ညည်းတွားလိုက်သံကြောင့် လန့်ဖျပ်သွားကာ ဝေ့အနားသို့ ထ ပြေးလာသည်။

ဝေသည် ခါးကို လက်နှင့်နှိပ်လျက် နှုတ်ခမ်းကို ကိုက်ထားရသည်။ ကောက်ရသလိုပက် ခါးထဲက တင်းကျပ် နာကျင်လာပုံမှာ မခံမရပ်နိုင်အောင် ဖြစ်လာလေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဦးစောဟန်သည် ထိတ်သွားကာ မောင်မြကို ဆရာဝန်ခေါ် ခိုင်းလိုက်သည်။ ဝေ့ကုလားထိုင်ဘေးတွင် ဒူးထောက်လျက် 'မနိုပ်နဲ့ဝေ. . မနိုပ်နဲ့'ဟု ပြောကာ ဘာလုပ်ပေးရမှန်း မသိအောင် ယောင်နေလေသည်။ ဝေ၏ အသက်ရှူသံမှာ ပြင်းလှ၏။ နဖူးတွင် ချွေးများ စို့နေသည်။

စုတ်သတ်လိုက်ကာ ထပ်ညည်းသံကြောင့် ဝေဒနာ ပြင်းထန်မှန်းကို ခန့်မှန်းကာ လက်ကလေးကို ဆုပ်နယ်ပေးရင်း 'ဆရာဝန် လာတော့မယ် ဝေရယ်. . အခု လာတော့မယ်'ဟု အားပေးနေသည်။

ဝေ၏ ရှုံ့တွထားသော မျက်နှာကိုကြည့်လျက် မယ်အေးမှာ ခေါင်းနားပန်းကြီးကာ 'အကြီးကို ခေါ်မလား အစ်မ'ဟု မေးလိုက်သည်။

ဝေသည် မချိမဆံ့ ဖြစ်နေသည့် မျက်နှာဖြင့် မျက်လုံးကို ဖွင့်၍၊ သူ့ကို မှီးကာ စိတ်ပူကြီးစွာ စိုက်ကြည့်လျက်ရှိသော ဦးစောဟန်အား အားယူကြည့်ရသော အကြည့်နှင့် 'ကို ကြီးတော်ကို ခေါ် ပေးပါ'ဟု အသံသဲ့သဲ့လေးဖြင့် ပြောလိုက်လေသည်။

'အင်း. . အင်း. . သွားစမ်း မယ်အေး၊ မြန်မြန်ခေါ် ခဲ့'

ဝေသည် ပက်လက်လှန်နေရာမှ အားယူ၍ ထိုင်လိုက်ကာ၊ ကို၏ ပခုံးကို အားရှိပါးရှိ ဆုပ်လျက်၊ လက်တစ်ဖက်က ခါးထောက်၍ ခေါင်း ငိုက်စိုက် ကျနေလေ၏။

ကြီးတော်သက်နှင့် ဆရာဝန်ဆရာမများ ရှေ့ဆက် နောက်ဆက်ပင် အိမ်ထဲသို့ ခပ်သုတ်သုတ် ဝင်လာကြသည်။ ကြီးတော်သက်မှာ ဝေနား ကပ်လျက် တစ်ချက် စိုက်ကြည့်လိုက်ကာ 'ကလေးပျက်ချင်တယ် ထင်တယ်'ဟု ပြောလိုက်ရာ၊ ဝေ့လက်ကို သွေးစမ်းကြည့်နေသော ဆရာဝန်က 'ပျက်ချင်လို့ပဲ'ဟု ခပ်လေးလေး ပြန်ပြောသည်။

ဦးစောဟန်သည် ဝေ့ကို အိမ်ပေါ် သို့ ပွေ့ယူကာ ခုတင်ပေါ်၌ ချလိုက်သည်။ ဝေသည် ချွေးလုံးချွေးပေါက်ကြီးများ ကျလျက် နာကျင်လွန်း၍ မူးမေ့သွားတော့မလား အောက်မေ့ရ၏။ နှုတ်ခမ်းများ ပြာနှမ်းနေကာ



BURMESE CLASSIC .com

www.burmeseclassi.com



လူးလွန့် ခံစားနေလေ၏။

တစ်ညလုံး တစ်အိမ်လုံး ယောက်ယက်ခတ် နေကြသည်။ ဦးစောဟန်မှာ ဝေ၏ ညည်းသံဖြင့် စိတ်ချောက်ချားကာ အသက်ရှူ မှားနေလေသည်။ အပြင်ဘက်တွင် ညမှာ ဆိတ်ငြိမ်နေ၏။ တစ်ချက်တစ်ချက် တရှဲရှဲ လေဖြတ်တိုက်သွားသံ၊ သစ်ရွက်များလှုပ်ရှားသံကို ကြားရသည်။ ညဉ့်ငှက်သည် စူးဝါးစွာ အော်သွားလိုက်သေး၏။

ဝေမှာ ပျော့နေလေသည်။ အသက် ဖုတ်လှိုက်ဖုတ်လှိုက် ရှူကာမောနေ၏။ ခေါင်းရင်းမီးတိုင်မှ မီးရောင်ဖျော့ဖျော့သည် ဝေ့မျက်နှာတစ်ခြမ်းကို အရောင်လွှမ်းထားသည်။

ဆံပင်များ ဖွာကြဲကာ မျက်နှာပေါ်သို့ အုပ်ကျနေသော ဆရာဝန်သည် သက်ပြင်းကြီး ချလိုက်ကာ ဦးစောဟန်ကို လှမ်းကြည့်လိုက်သည်။ ဦးစောဟန်မှာ အသည်းတဖိုဖိုနှင့် ဆရာဝန်ကို စိုးရွံ့စွာ ကြည့်လိုက်သည်။

'ကိစ္စမရှိပါဘူး။ စိတ်ချရပါပြီ'

ဦးစောဟန်မှာ ရင်ထဲ၌ အလုံးကြီး ကျသွားကာ မျက်နှာ တဖြည်းဖြည်း ကြည်လာလျက် ဝေ့မျက်နှာကလေးကို ငုံ့၍ကြည့်နေသည်။

ဒေါ်သက်မှာ ဆရာမကို အောက်ခေါ်ချလာကာ လက်ကို ရေလောင်းပေးနေရင်း 'ကံကောင်းလို့ပါပဲ ဆရာမရယ်. . . အားမရှိတာမဟုတ်တော့ သိပ်စိုးရိမ်တယ်။ ဒါမျိုးဟာ အချိန်လွန်ရင် အပုပ်သွေးဆန်ပြီး စိုးရိမ်ရတာ'ဟု တတွတ်တွတ် ပြောနေ၏။

ဦးစောဟန်သည် ဝေ့မျက်နှာနားသို့ ငုံ့လျက် 'ဝေ သက်သာရဲ့လား'ဟု မေးရင်း နဖူးမှ ချွေးကို သုတ်ပေးနေသည်။

ဝေ့မှာ မေးသံကို ကြားလိုက်၍ 'သက်သာပါတယ်'ဟု ဖြေလိုက်၏။ စိတ်ထဲမှာတော့ ကြားလိုက်၏။ သို့သော် အပြင်ထွက်လာသောအသံမှာ တိုးလွန်းနေ၍ ကိုက ပါးစပ်နားသို့ နားကပ်ပြီး ထောင်လိုက်ရသည်။



BURMESE CLASSIC .com

www.burmeseclassi.com



(၁၈)

နှင်းပွင့်မြူမှုန်တို့သည် တဖွဲဖွဲ ကျနေလေသည်။ မြရွက်စိမ်းများမှာ ငွေပွင့်များ ကဲ့ပျောက်ကာ စွတ်စိုလန်းလက်လျက် ရှင်ပျစွာပင် လေယဉ်သက်တွင် ဝဲကာ ကျလာသော ပန်းပွင့်မှုန်မှုန်လေးများသည် တရိရိထလျက်၊ မှောင်ပိတ်ကာ ဖွဲ့ဆိုင်းလျက်ရှိသော နှင်းမြူထုပြင်ထဲတွင် မြုပ်ကွယ်သွားကြ၏။

ဝေသည် ဆွယ်တာပေါ်၌ ကုတ်အင်္ကျီ ထပ်ဝတ်ထားလျက် စိမ့်တုန် အေးမြနေသည်။ အိမ်၏ ခြေရင်းဘက် ခြံစည်းရိုးဝင်း အတွင်းရှိ မြေ ကွက်လပ်ကလေးပေါ်၌ နံနက်စောစော လမ်းဆင်းလျှောက်သည်။ ကလေး ပျက်ပြီး ကတည်းက ဝေ့မှာ အားနည်းနေကာ အသားပြန်မဖြစ်ဘဲ ပိန်ချုံးလာ သည်။

ဦးစောဟန်မှာ ဈေးကထက် ဆထက်ထမ်းပိုးတိုး၍ ဂရုစိုက်နေသည်။ အသားအရေ စိုပြည်ဝဖြိုး လာစေသချင်လွန်း၍၊ ဝေ့ကို ကြပ်ကြပ်မတ်မတ် ဂရုစိုက်လျက် အစားအသောက်၊ အအိပ်အနေ အစခပ်သိမ်း တင်းကျပ်လာကာ နေ့စဉ် ပေါင်ချိန်ကြည့်ရသည်။

ဝေ သောက်ရသော ကြက်ဥများမှာ ဝေ့ကိုယ်အလေးချိန်နှင့် စက်လျှင် ကြက်ဥပေါင်ချိန်က ပိုများနေလိမ့်မလားဟု တွေးထင်မိသည်။ အားရှိသည်ဆိုသော အစားအစာများမှလွဲ၍ ဘာမှမစားရ။ အချိန်နှင့်အိပ်ရသည်၊ အချိန်နှင့်ထရသည်၊ အချိန်နှင့်ဆေးသောက်ရသည်၊ အချိန်နှင့်စားရသည်၊ အချိန်နှင့် ရေချိုးရသည်၊အချိန်နှင့် လမ်းလျှောက်ရသည်။

နံနက်ဘက် ဆေးသောက်၊ ထို့နောက် ကြက်ဥ နွားနို့များ သောက်ပြီးလျှင် ခုနစ်နာရီမှာ ရှစ်နာရီအထိ ခြံထဲဆင်းကာ တစ်နာရီလောက် လျှောက်ရသည်။ ဝေ့မှာ ပေ ၈၀ လောက် ရှည်လျားသော ခြံဖျားခြံဆုံးရှိသော မြေကို ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

နေရထိုင်ရ မလွတ်လပ်၍ မြန်မြန် အသားအရေ ဝဖြိုးလာအောင်



BURMESE CLASSIC .com

www.burmeseclassi.com



ပြောသည့်အတိုင်း တစ်သဝေမတိမ်း လုပ်နေ၏။ သောက်လိုက်ရ၊ ထိုးလိုက်ရသည့် ဆေးများမှာလည်း ပြောဖွယ်ရာပင်မရှိတော့။ လခထဲမှ ဆရာဝန်က တစ်ဝက်နုတ်သည်။ နေ့လယ်ဘက် ဝေ အိပ်ချိန်တွင် အိမ်သို့ မည်သူမှ လာခွင့် မပေးတော့ချေ။ ဒရဝမ်မှာအိမ်ရှေ့တွင် နေ့လယ်ဘက် လူမဝင်အောင် တားလွှတ်ရသည်။ ညဘက် ခြောက်နာရီ၌ ဝေအိပ်ခန်းထဲ ဝင်သွားလျှင် ဘယ်ညှော့သည်လာလာ စကားကျယ်ကျယ်မပြောနိုင်။ အသံကျယ်လျှင် အားမနာ ပါးမနာပင် အိမ်ပေါ်သို့ လက်ညှိုးထိုးလျက် လက်ကာပြကာ လေသံလေးဖြင့် 'ဝေ အိပ်ရာထဲ ဝင်ပါပြီ'ဟု ပြောလိုက်၏။

ဝေ့မှာ ကြာလေ ကြာလေ စက်ရုပ်လိုပင် ဖြစ်နေလေသည်။ သံပတ်ပေးထားသည့်အတိုင်း လှုပ်ရှားနေရ၏။ တစ်နေ့လုံး အချိန်များမှာ ဝေ့စိတ်ဝေ့ကိုယ်ဖြင့် နေထိုင်စားသောက်ရသော အချိန်များ မဟုတ်ရသဖြင့် 'ဘဝက ဝင်္ဂပဲ'ဟု တွေးတော ထင်မြင်လာသည်။

မိခင်နှင့် ထားထားထံသို့ တစ်ပတ်တစ်ခါသာလျှင် စားရေးရလေ၏။ စာရွက်များများ ရေးလျှင် အညောင်းမိမည်။ ဇက်လေးမည်စိုး၍ စာရှည်ရှည် မရေးရန် ပိတ်ပင်ထားသည်။ ဝေ့မှာ စာအိတ်ပိတ်ပြီးလျှင် စာအိတ်ကို လက်ပေါ်တင်ဆ ကြည့်တတ်မှန်းသိ၍ လက်ရေးသေးသေးစိပ်စိပ် ကလေးဖြင့် တစ်မျက်နှာလုံး ပြွတ်သိပ်ပြည့်နေအောင် ရေးပို့နေရာ၊ ထားထားမှာ ဝေ့ထံမှ စာလာတိုင်း ဘယ်လိုပါလိမ့်ဟု မစဉ်းစားတတ်သလောက် ဖြစ်လာသည်။ ဝေ့လက်ရေးများမှာ ဝိုင်းဝိုင်းစက်စက် စာလုံးကြီးကြီး ခပ်ကျဲကျဲ ရေးတတ်သဖြင့်၊ စာဖတ်ရတိုင်း စိတ်ထဲ ထူးဆန်းသော်လည်း သူ့အကြောင်းနှင့် သူပဲဟု မမေးဘဲနေ၏။

ဝေဝေသည် လမ်းလျှောက်နေရင်း မိခင်နှင့် ထားထားထံသို့ ယနေ့ စာရေးရန် သတိရကာ ရေးမည့် အကြောင်းအရာများကို စိတ်ထဲ၌ တွေးတော စိတ်ကူးနေမိသည်။

ဝေသည် သူ၏ ကျဉ်းမြောင်းသော ဘဝကို စိတ်ပြေစရာ စာရေးခြင်း



BURMESE CLASSIC .com

www.burmeseclassi.com



သာ ဖြစ်သည်ဟု မှတ်ထင်သည်။ စာထဲတွင် တွေ့ကရာ ရှစ်သောင်း ပျော် စရာ၊ ရွှင်စရာတွေ တွေးရေး နေတတ်လေ၏။ တနင်္ဂနွေ တစ်ပတ်အတွင်း မြို့ထဲရပ်ထဲ ဖြစ်ပျက်သည့်သတင်းများလည်းပါ၏။ ရာသီဥတု အခြေအနေ လည်း တွေ့ရ၏။ မယ်အေး၏ နို့တိုတို အတတ အဖြစ်များနှင့် မယ်အေး အား ဝယ်ခြမ်းချုပ်ပေးသော အဝတ်အထည် အဆင်းအရောင်၊ အဖိုးသားနား ပါ စုံအောင် ထည့်ရေးသည်။

ရာသီအလိုက် ပေါ်သည့် သစ်သီးသစ်ရွက်များကို 'မမထားတို့ဆီ မုန်လာဥတွေ ပေါ်ရောပေါ့နော်၊ ငါးဖယ်ရေချိုကလေးနဲ့ ငါးပိရည်ဖျော် ကောင်းကောင်း မုန်လာချဉ်တို့ပြီး မြိန်မြိန်ကြီး စားကြတာ မှတ်မိသေးလား ဟင်' ဒါမျိုးလည်း ရေးတတ်သေး၏။

ထားထားမှာ ဝေ့ထံမှ စာဖတ်ရမှ တမာချဉ်၊ ဖားဖောင်၊ ကညွတ်၊ ကင်းပုံသီး စသည့် အသီးအရွက်များ ပေါ်နေမှန်း ဝေ သတိပေးမှသာ သတိရသွားသည်။

အိမ်ဝင်းထဲတွင် ပေါက်နေသော သစ်ပင်ပန်းပင်အကြောင်းများ သူပဲ မပျင်းမရိ ထည့်ရေးနိုင်သည်ဟု အဝေးက ထင်မိသည်။ နှင်းဆီပွင့် ကလေး တစ်ပွင့် ပွင့်နေသည်ကို တွေ့ရ၍ ရွှင်မြူးလိုက်ပုံ ရေးသည်မှာ မျက်စိထဲတွင် ပေါ်နေပေသည်။

"ကို" ဂရုစိုက်ပုံ၊ ဆေးတိုက်ပုံ၊ အစာကျွေးပုံများမှာ ထပ်နေသဖြင့် စောစောပိုင်းလောက်မဖတ်ရတော့ပေ။ ထားထားမှာ ကလေးပျက်သွားသည် သိကတည်းက ဝေ့အတွက် စိတ်မကောင်း ဖြစ်မိသည်။ ဝေ့၌ အဖော်ရှိစေ သချင်သည်။ ဝေ့ဘဝကို စိုပြည်လာနိုင်စရာရှာလျှင် ထားထားမှာ ကလေး သာလျှင် စဉ်းစားမိသည်။

ဝေ၏စာများကို အဝေးက ဖတ်လျက် ဝေ၏ ဘဝကို အကဲလှမ်းခတ် ကြည့်ရတော့သည်။ ကောင်းကောင်းနေမကောင်းဘူး မမထားရယ်ဆို၍၊ နေကောင်းအောင် ဂရုစိုက်ဖို့ ရေးလိုက်လျှင် 'မမထားရေ ဂရုစိုက်လွန်းလို့

www.burmeseclassi.com



များ ချူချာနေသလား မသိပါဘူး။ ဝေ့ဆီကို နေကောင်းအောင် ဂရုစိုက်ပါ ဆိုတာမျိုးတွေ ရေးမနေစမ်းပါနဲ့၊ ပိုနေပါတယ်'ဟု ပြန်ရေးလိုက်သည်။

မိခင်ထံမှ တရားနှင့်ယှဉ်သောစာများကို အမှုမဲ့အမှတ်မဲ့ မဖတ်တော့။ စာဖတ်ပြီး အလုပ်တစ်ခု ရသလို တရားသဘောကို ခေါင်းထဲထည့်ကာ နက်နက်နဲနဲ တွေးတောနေမိသည်။ မိခင် တိုက်တွန်းချက်အရ ဇာတ်ကြီးဆယ်ဘွဲ့ စာအုပ်များကို တစ်ဖက်အိမ် မိခင် စာအုပ်ဗီရိုထဲမှ ယူခိုင်းကာ ဖတ်နေလေသည်။ ဝေမှာ စာကို တန်ရုံသင့်ရုံပင် ဖတ်ရသည်။ စာအုပ်နှင့် မျက်နှာ မခွာဘဲ ဖတ်နေလျှင် စာအုပ်ကို ဆွဲယူကာ 'မျက်စိညောင်းပြီး ခေါင်းအုံပွါ့မယ် ဝေလေးရယ်၊ အကြာကြီး ဖတ်မနေပါနဲ့'ဟု ပြောတတ်၍၊ ဖတ်ချင်လျှင် "ကို"အလုပ်သွားမှ ခိုးဖတ်ရသည်။

ကို့မှာ အလုပ်သွားသည့်အချိန်၌သာ မျက်စိအလစ်ပေးလျက် မျက်စိအောက်က အပျောက်မခံ အလစ်မပေးဘဲနေ၏။ ဝေ့အတွက် အမြဲတမ်း ပူပန်သောကဖြစ်လျက် ကြောင့်ကြ၍သာ နေလေ၏။

မိုးလင်း၍ ထ လိုက်တာနှင့် ဝေ့မျက်နှာလေး၊ ဝေ့ကိုယ်လေးကို ခြေဆုံးခေါင်းဖျားတိုင် မှန်ကြည့်သလို ကြည့်ရှုကာ၊ အသားအရေပြည့်သည်၊ ကျသည်၊ စိုသည်၊ ခြောက်သည် အမျိုးမျိုး ဝေဖန်၍ နေတတ်၏။ မအိပ်နိုင်သည့် ညများကြုံ၍ အိပ်ပျက်ခဲ့လျှင် 'ဝေရယ် မျက်ကွင်းလေးကျနေပါပြီ၊ ရင်ထဲက ကတုန်ကယင် မဖြစ်ဘူးလားဟင်၊ နေကောင်းရဲ့လား'ဟု တဖွဖွ ပြောတတ် မေးတတ်၍ ဝေ့မှာ မေးတိုင်း မေးတိုင်း ရင်ထဲ၌ ကတုန်ကယင်ပင် ဖြစ်လာလေသည်။

"ကို" စိတ်ပူပင်မှုန်း၊ ကြောင့်ကြတတ်မှန်း သိ၍ စားဝင်ပါစေ၊ အိပ်ပျော်ပါစေဟု တစ်နေ့တစ်နေ့ ကိုယ့်ကိုယ်ကိုယ် ဆုတောင်းမေတ္တာပို့ရတာလည်း မပြတ်မလတ်ပင်။

ဝေ့မှာ နေမကောင်းဘူးဟု အိပ်ရာထဲ ခွေလျောင်းကာ မနေဖူးချေ။



BURMESE CLASSIC .com

www.burmeseclassi.com



နေမကောင်းဖြစ်လျှင်ပင် အဖြီးအလိမ်းမပျက် ဖြီးလိမ်းဝတ်စားကာ၊ စိတ်ဆောင်ပြီး နေကောင်းသည့် လူလို လုပ်နေလိုက်၏။

အိမ်တွင် လူမမာတစ်ယောက်လို ဆေးသောက်နေရတာ စိတ်ပျက်လွန်း၍၊ "ကို" ပူပင်သောက ရောက်နေတတ်တာတွေ စိတ်ညစ်လွန်း၍ အိပ်ရာထဲ မမာပြီး ခွေနေရမှာများတော့ အကြောက်ဆုံးဖြစ်သည်။

ဝေသည် ခြံဆုံးရောက်သွား၍ ကိုယ်ကိုလှည့်လျက် လက်က နာရီကို ငုံ့ကြည့်လိုက်သည်။ မိနစ် ၂၀ ခန့် ရှိသေးသည်။ ဆင်းလာစကသာ တုန်တုန်ချမ်ချမ်းနှင့် မြန်မြန်လျှောက်နိုင်လျက်၊ ယခုမူ အနည်းငယ် မောသလို ဖြစ်လာ၍ ခပ်ဖြည်းဖြည်း ပြန်လျှောက်သည်။

လမ်းထဲတွင် မုန့်သည်များ လျှောက် အော်သွားကြသည်။ စောစောစီးစီး မုန့်ချိုသွင်းကို ထန်းလျက်ရည် ခပ်ရွှဲရွှဲနှင့် စားချင်စိတ် ပြင်းပြမိသည်။ အကြော်မုန့်သည်များမှာ ဗန်းထဲပါသမျှ မုန့်များကိုတစ်မျိုးစီ အော်ဟစ်ရင်း လျှောက်သွားကြလေ၏။

'မုန့်စိမ်းပေါင်း ပူပူနွေးနွေး'ဟု အော်သွားသော အသံတစ်သံမှာ ရင်ထဲတွင် နွေးသွားလေသည်။ အငွေ့တွေ တထောင်းထောင်းထလျက် ရှိသော မုန့်စိမ်းပေါင်းတုံးကြီးကို လှီးကာ အုန်းသီးမှုန့်၊ နှမ်းထောင်းများ ဖြူးလျက် ငယ်ငယ်က စားပုံများ ပြန်အမှတ်ရမိသည်။ ခပ်ဝေးဝေးမှ ကောက်ညှင်းပေါင်းအော်သံကို ကြားလိုက်ရသည်။ ကောက်ညှင်းပေါင်းများ "ကို"နှင့်ရမှ မစားရတော့ချေ။ ဆောင်းတွင်းဘက် ကောင်းညှင်းစောစော ထပေါင်းကြကာ ဇလုံကြီးထဲ၌ အငွေ့တထောင်းထောင်းနှင့် ထည့်လျက်၊ ဖခင်နှင့် အတူတကွ တစ်အိမ်သားလုံး အားရပါးရ နှိုက်ယူ ဆုပ်စားကြပုံများ ပြန်မြင်ယောင်လိုက်မိသည်။

ဝေသည် မုန့်သည်များအသံကို နားစွင့်ကာ သွားရည်တများများ ဖြစ်လာသည်။ လမ်းလျှောက်ပြီး အိမ်ပေါ်တက်လျှင် စားပွဲပေါ်၌ မြင်ရမည့် ပေါင်မုန့်၊ ထောပတ်များကို နှလုံးနာသွားလေသည်။

www.burmeseclassi.com



ဂန္ဓမာ ပန်းအိုးနားတွင် သွားရပ်ကာ ပန်းပွင့်လေးများကို ငေးကြည့်လျက် တွေဝေနေလေသည်။ ဂန္ဓမာပွင့်ကလေး ဖူးပွင့်ချိန်မှာ မကြာလှသေးချေ။ နှင်းရည်စက်ဖြင့် ဖူးပွင့် လန်းနေကြသည်။ တစ်နေ့ ခရီးအတွင်း နေရှိန်ဖြင့် နွမ်းလျ ခြောက်သွေ့ကာ ကြွေရတော့မည့် ဟန်ပြင်ရမှာကို ဆင်ခြင်မိကာ 'ဪ. . . မမြဲကြပါကလား' ဟု တရားကျနေလေသည်။

ဝေသည် ပန်းပွင့် ပန်းခိုင်ကလေးများကို ကိုင်ကြည့်ကာ ငေးစိုက်နေစဉ် 'ဘာလုပ်နေသတုံးဟ'ဟု ကိုနေဦး၏ အသံကို ကြားရ၍ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ ကိုနေဦးမှာ ဝါးပပ်ဦးထုပ်ကြီးဆောင်းထားကာ ခြံစည်းရိုးအပြင်ဘက် လမ်းကြားကလေးထဲမှ လမ်းမကြီးသို့ ထွက်လာရင်း လှမ်းပြောလိုက်သည်။

ဝေသည် ခြံစည်းရိုးနား ပြေးသွားကာ ကိုနေဦးအား ချို့ရွှင်သော မျက်နှာကလေးဖြင့် 'အစ်ကိုကြီး စောစောစီးစီး ဘယ်က လာတာတုံး'ဟု မေးလိုက်သည်။

ကိုနေဦးသည် ဝေ ရပ်နေသော ခြံစည်းရိုးနားတွင် ကပ်ရပ်ကာ ဝေ့အား ခြေဆုံးခေါင်းဖျားကြည့်လျက် 'နင် နေမကောင်းဘူးဆို'ဟု အရင် မေးနေသည်။

မောင်နှမ နှစ်ယောက် မတွေ့ရသည်မှာ လေးငါးလပင် မကရှိတော့၍ တစ်ယောက်ကို တစ်ယောက်မြင်လျှင် တစ်ယောက်နှင့် တစ်ယောက် မတွေ့တာ ကြာနေခြင်းကို သတိမရှိသည့် အနေမျိုး မျိုသိပ်ဟန်ဆောင်ထားလိုက်ကြသည်။

'အလကားပါ အစ်ကိုကြီးရာ၊ ဝေ ဘာမှမဖြစ်ပါဘူး။ နေကောင်းပါတယ်'ဝေသည် ချစ်စဖွယ် နှုတ်ခမ်းလေးကို စူကာ ပြောလိုက်၍ ကိုနေဦးမှာ ရင်ထဲက ဝမ်းနည်းစွာဖြင့် ပါးစပ်၌ ပြုံးနေလေသည်။

'အစ်ကိုကြီး၊ အင်္ဂလိပ်နဲ့ ဂျပန်စစ်ဖြစ်မှာ တကယ်ပဲလား'ဟု တိုးတိုး

www.burmeseclassi.com



မြန်မြန် မေးလိုက်သည်။

အိမ်ပေါ်ထပ်ရှိ ဦးစောဟန် နှီးနေလျှင် နိုင်ငံရေးစကား ပြောကြတာ မတော်တဆ ကြားသွားမှာကို စိုးပူမိသည်။

'စစ်ကတော့ ဖြစ်မှာပဲဟ၊ ငါတော့ ဂျပန်တွေ မြန်မြန်လာပါစေ ဆုတောင်းတာပဲ၊ ဒါမှ တို့ လွတ်လပ်ရေး မြန်မြန်ရမှာ'

ဝေသည် မျက်လုံးကလေး ပြူးသွားကာ စိုးရိမ်ကြီးစွာဖြင့် 'အစ်ကို ကြီး ဒီစကားတွေ ဟိုလျှောက် ဒီလျှောက် မပြောနေနဲ့ အဖမ်းခံရမယ်၊ တော်. . . တော်'ဟု ဆိုလိုက်သည်။

ကိုနေဦးမှာ အသံခပ်အုပ်အုပ် ရယ်လိုက်ကာ'ဘယ့်နှယ် ဘိုကော အိပ်ရာက မထသေးဘူးလား'ဟု မေးသည်။

'ထပြီလား မသိဘူး၊ ဒါထက် မေမေ့ဆီကို ဆန်ပို့ပြီးပြီလား'

'ပို့လိုက်ပြီ၊ ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ နင် မယ်အေးနဲ့ ပေးခိုင်း လိုက်တဲ့ ငွေ ၃၀ နဲ့ ပေါင်း ငွေက ၈၀ ကျပ် တင်ပို့လိုက်တယ်'

ဝေသည် ပြုံး၍ နေလေ၏။ အစ်ကိုကြီးနှင့် ခြံစည်းရိုးခြားလျက် ရပ်ပြီး စကားပြောရတာလောက် ဝမ်းနည်းတာလည်းမရှိ။ ဝမ်းနည်းတာကို အစ်ကိုကြီး မသိအောင် ပြုံးစရာမရှိ ပြုံးနေခြင်း ဖြစ်သည်။

'ထားထားလည်း အလုပ်များနေတယ် မှတ်တယ်။ ငါ့ဆီ စာတောင် မလာဘူး. . . နင်ဆီကော'

'လာတယ် အစ်ကိုကြီးရဲ့ နေကောင်းပါတယ်။ ဝေဝေတော့ တစ်ပတ် တစ်ခါ ရေးတာပဲ၊ အစ်ကိုလည်း အနာပေါက်တာ အခုတော့ ပျောက်သွားပါ ပြီတဲ့'

ကိုနေဦးသည် အိမ်ပေါ်သို့ မျက်လုံးတစ်ချက် ပင့်ကြည့်လိုက်ကာ 'သွားမယ်ဟာ၊ အိမ်က လက်ဖြူ ဘယ်သွားမှန်းမသိဘူး။ ဒီကောင် မနေ့ ကတည်းက ပြန်မလာဘူး။ ဒါကြောင့် လိုက်ရှာတာ၊ ငါ့မလည်း ခွေး သံယောဇဉ်က တစ်ဖက်'

www.burmeseclassi.com



ကိုနေဦးမှာ ခွေးမွေး ဝါသနာကြီးကာ အိမ်တွင် ခွေး၊ ကြောင် ရှိမှ နေတတ် ထိုင်တတ်လေ၏။

ကိုနေဦးသည် တဟဲဟဲ ရယ်လျက် လမ်းဘက်သို့ ထွက်သွားလေသည်။ ဝေသည် ကိုနေဦး ကွယ်သည်အထိ အသံမထွက် သွားများ ဖွေးနေအောင် ဖော်ရယ်နေလျက်၊ ကျောခိုင်းသွားမှပင် ရယ်ခြင်းကို ရပ်ကာ မျက်စိတစ်ဆုံး ကြည့်နေလေသည်။

ဝေသည် မျက်ရည်များ ဝဲလာလေသည်။ ရင်ထဲတွင် မလင်းတလင်းဖြစ်ကျန်ရစ်လျက် ရင်ညွန့်သို့ တက်လာသော အလုံးကြီးကို မချနိုင်အောင်ဖြစ်လာသည်။

ဝေသည် ခြံစည်းရိုးမှ လှည့်လျှောက်လာရင်း သက်ပြင်းချလိုက်ရာ ချောင်းသံလေးပါ ထွက်လာသည်။

အာခေါင်ထဲက ချွဲချွဲကျိကျိ သလိပ်ကို ဟပ်ကာ အမှတ်တမဲ့ ပျစ်ခနဲ ထွေးလိုက်သည်။ ဝေ၏ မျက်လုံးထဲတွင် နီနီရဲရဲ အရောင်များ ယိမ်းလှုပ်၍ သွားလေသည်။

ဝေသည် ဆတ်ခနဲ ရပ်လိုက်သည်။ နှလုံးမှာ လျင်မြန်စွာ ခုန်လာ၏။ ရင်ထဲတွင် အင်မတန် ထူးဆန်းသည့် ဝေဒနာတစ်ခုကို ခံစားနေရသည်ကိုသာ သိတော့သည်။ မျက်စိရှေ့တွင် မြင်မြင်သမျှ အစိတ်စိတ်အမွှာမွှာဖြစ်ကုန်တော့သလို မျက်လုံးများ ပြာဝေသွားသည်။

ဝေ့ခေါင်းမှာ လှုပ်ရှားနေကာ ဟိုကြည့် သည်ကြည့် ကြည့်လျက် မျက်နှာမှာ တင်းကျပ်လာသည်။ ဝေသည် ကုတ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါဖြူကလေးကို ဆွဲထုတ်၍ ဖြန့်ကာ ပါးစပ်နှင့် ကပ်လျက် အာခေါင်ထဲမှ တံတွေးထွက်အောင် အတင်း ဟပ်ထုတ်လိုက်သည်။ လက်ထဲတွင် စုဆုပ်လိုက်သော လက်ကိုင်ပဝါကို ကြည့်လည်း မကြည့်ဝံ့၊ ကြည့်လည်း ကြည့်ချင်နှင့် ဗျာများနေကာ ခဲယဉ်းစွာ စိတ်ကို ဝေခွဲ ပိုင်းဖြတ်လိုက်ရသည်။

ဝေသည် ရပ်နေရာမှ အိမ်ဘက်သို့ တစ်ချက် လှည့်ကြည့်ပြီး လမ်း



BURMESE CLASSIC .com

www.burmeseclassi.com



ဆက်လျှောက်ရင်း လက်ထဲက လက်ကိုင်ပဝါဖြူကို ဖြန့်လိုက်ရာ သွေးစွန်းနေသော ပဝါကို ထင်းခနဲ မြင်လိုက်ရလေ၏။ ဝေသည် ကဗျာကယာ လက်ကိုင်ပဝါကို လုံးလျက် အိတ်ထဲသို့ ထိုးသွင်းလိုက်သည်။ လျှောက်နေသော ဒူးများမှာ တဆတ်ဆတ် တုန်လာ၍ ရပ်တန့်ရကာ၊ ပန်းအိုးဘေး၌ ဆောင့်ကြောင့်ကလေး ထိုင်ချလိုက်သည်။

ဝေသည် ဖြစ်နိုင်လျှင် အသံကုန် အော်ဟစ်၍သာ ငိုလိုက်ချင်တော့သည်။ မငိုဝံ့။ မျက်နှာမှာ ပျက်ရုံသာမဟုတ်၊ ပါးပြင်ပေါ်တွင် မျက်ရည်နှစ်ပေါက်နှင့် မဲ့နေလေ၏။

'ကိုများ သိရင်. . .'

ဝေသည် ရှေ့ဆက်၍လည်း မတွေးဝံ့။ ကိုယ့်အဖြစ်ကို ကိုယ်ပြန်ပြီး ဖုံးကွယ်၍လည်းမရ။ ချောင်းဆိုးရင်း သွေးပါလာတာ 'ကို'သိမှာ စိုးသည့်၊ ကြောက်သည့်စိတ်မှာ တစ်ကိုယ်လုံး ကိုင်ချုပ် ဖျစ်ညှစ်ထားသည့်အတိုင်း ပြင်းပြ နာကျင်လာကာ နှုတ်ခမ်းကို ပြတ်မတတ် ကိုက်ထားလျက် ခေါင်းထဲ သွေးရောက်နေလေ၏။

ကို့အသံမှ ကို့အသံ. . . အိမ်ပေါ်မှဆင်းလာနေသော ကို၏ဖိနပ်သံမှာ နားထဲတွင် တဒိန်းဒိန်း တဒိုင်းဒိုင်း ဆောင့်နေလျက် ရင်ထဲ၌လည်း တဒိတ်ဒိတ် ဖြစ်နေ၏။

'ဝေရေ. . .'

ဝေဝေသည် ဆတ်ခနဲ ထ ရပ်ကာ မျက်ရည် ကဗျာကယာ သုတ်လျက် ပန်းအိုးထဲမှ ပန်းကိုငုံ့ကြည့်နေဟန် လုပ်နေလေသည်။

"ကို"အနားသို့ ရောက်လာလေသည်။ ကို့ ကိုယ်မှ အမွှေးနံ့မှာ စူးရှလှ၍ လည်ချောင်းယားသွားကာ ချောင်းဆိုးချင်သလိုလို ဖြစ်လာသဖြင့် မနည်း ချုပ်တည်းထားရသည်။

'လှတယ် ဝေရယ် ပွင့်နေလိုက်ကြတာ. . ဝေကော ဘယ်နှခေါက် လျှောက်သလဲဟင်'



BURMESE CLASSIC .com

www.burmeseclassi.com



ဝေသည် အခြေအနေ ပျက်နေသော အမူအရာကို ကြိုးစား၍ ဖျောက် ကာ၊ ချိုအေးစွာ ပြုံး၍ ပြလေသည်။ ဝေ၏ ပြုံးတောင့်ပြုံးခဲ ပြုံးသည့် အပြုံးကို မြင်ရသော် ဦးစောဟန်သည် ရင်ထဲ ကြည်နူးသွားလျက် စိတ် ချမ်းသာသွားကာ၊ ဝေ ဒီနေ့မနက် နေ့တိုင်းထက် လန်းနေသလို စိတ်ထဲ ထင်မိသည်။

'ဝေလေ နာရီဝက်လောက် ရှိရော့မယ်၊ ခေါက်တုံ့ခေါက်ပြန် လျှောက်တာ။ ပန်းကလေးတွေ လှတာနဲ့ ကြည့်နေတာ. . . သိပ်လှတာပဲ ကိုရယ်နော်. . . နော်'

အဲသလိုမှ ဦးစောဟန်က ကြိုက်သည်။ သည်အမူအရာကလေးနဲ့ သည်အသံကလေးကို ကြားရတာလောက် ရင်ထဲ ချမ်းမြေ့တာမျိုး ဘာရှိ သေးသလဲ. . .

ဦးစောဟန်၏ ရင်ခွင်မှာ ဟုပ်ခနဲ ပူနွေးသွားလေသည်။ သူသည် ဝေ့ ပခုံးကလေးကို ညင်သာစွာ ပွေ့ဖက်လိုက်ကာ 'ဝေက ဒီနေ့မနက် သိပ် ချစ်စရာကောင်းတာပဲ' ဟု ပြောလိုက်သည်။

ကို၏ ပွေ့ဖက်ထားသော အငွေ့မှာ ဘယ်လောက် ယုယသည့် အငွေ့လည်းမသိ၊ အားရှိလာလေသည်။ ကို့အနားသို့ တိုးကပ်လျက် ကို့ ရင်ခွင်ကို မှီနေချင်စိတ် ပေါက်လာလေသည်။

ဝေသည် ငိုချင်လျက် ရယ်နေလေ၏။ သူ့စိတ်ထဲ၌ "ကို"၏ ရွှင်ပျ အားရနေသော မျက်နှာကို မဲ့ရွဲ့ ရှုံ့တွနေဟန် ပြောင်းလဲ မြင်ကြည့်မိ၍ ခြေဖျား လက်ဖျားများ အေးစက်လာလေသည်။

ဝေသည် အသံထွက်အောင် ရယ်လေ၏။ ကို၏ အချစ်ရောင် လျှမ်း နေသော မျက်လုံးများကို ရွှင်လန်းစွာ ရယ်ပြီးကြည့်ရင်း 'ကိုရေ မနက်စာ စားကြစို့ တော့နော်'ဟု ဆိုလိုက်သည်။

"ကို"သည် ဝေ့ကို ဖက်လျက် အိမ်ထဲသို့ ခေါ်သွင်းလာသည်။ ဝေ့ရင်မှာ ခုန်နေလိုက်၊ ရပ်သွားလိုက်၊ မြန်ချည် တစ်လှည့်၊ လေးလေး



BURMESE CLASSIC .com

www.burmeseclassi.com



တစ်လှည့် ခုန်ချင်သလို ခုန်နေလေသည်။

လက်ဖက်ရည်စားပွဲတွင် သူ ထိုင်နေကျ နေရာကိုပင် ယောင်မှားလျက် တလွဲ ထိုင်မိသည်။ "ကို"က မှားထိုင်တာ မြင်ဟန် သိဟန် မရှိ။ ဝေ ရွှင်ပျနေတာ ရင်ထဲ ချမ်းသာလှသဖြင့် စည်းတွေ ကမ်းတွေကို မေ့နေဟန် ရှိသည်။

ဝေသည် မှားထိုင်ပြီးမှ ဒိတ်ခနဲ သတိရကာ "ကို"နှင့် မျက်နှာချင်းဆိုင် ပြောင်းထိုင်ရပြန်သည်။ သူ့မျက်နှာမှာ ပြုံးတော့မလို ရယ်တော့မလို ဖြစ်နေလျက်၊ မျက်နှာမပျက်အောင် ကြောက်အား လန့်အားဖြင့် ဖုံးကွယ်နေလေသည်။ ဦးစောဟန်မှာ သတိမထားမိ။

'ညက ဝေလေး အိပ်ပျော်တယ် မှတ်တယ်'ဟု ပြုံးချိုသော မျက်နှာကလေးကိုကြည့်ရင်း ပြောလိုက်ကာ၊ ကော်ဖီ ဖျော်ပေးနေသည်။

ဝေ့မှာ အသံထွက်လို့ မရသဖြင့် ခေါင်းကို ညိတ်ပြလိုက်သည်။

'ဒါကြောင့် . . ဒါကြောင့် . . ဒီနေ့ ဝေ သိပ်လန်းလာတယ်။ လီဗာအားတိုးဆေးကို ဆေးပတ်ကုန်အောင် ထိုးပါ ဝေရယ်၊ ဒီတော့မှ ပါးလေးတွေ နှုတ်ခမ်းလေးတွေ နီလာပြီး ဟိုရင်တုန်းကလို ဖြစ်လာမှာ . . နော်'

ခါတိုင်းဆိုလျှင် ငြိမ်သက်တည်ကြည်လျက် အေးချမ်းသောမျက်နှာလေးဖြင့် စကားမပြော သောက်စားနေ၏။ ယနေ့တွင် မျက်လုံးလည်း ငြိမ်သက်ခြင်း မရှိ။ မျက်နှာမှာ ငယ်သွားလိုက်၊ ပြုံးမလို ရယ်မလို ငိုမလို ပုံဖမ်း၍ မရနိုင်သော မျက်နှာမျိုးနှင့် ငိုသံလား၊ ချွဲပြောသံလားဟု မခွဲခြားနိုင်သော မသဲမကွဲ အသံကလေးဖြင့် မငြိမ်မသက်ဖြစ်နေသော ဝေ့ကို ကောင်းကောင်းကြီး သတိထားမိသူမှာ မောင်မြပင် ဖြစ်သည်။

မောင်မြမှာ စားပွဲဘေး၌ တစ်ချိန်လုံးရပ်ကာ ဦးစောဟန် အကြည့်တွင် ဝေ့မျက်နှာက တစ်မျိုး၊ ဦးစောဟန် အကြည့်တွင် တစ်မျိုးမျက်နှာဖြစ်နေသော ဝေ့အား "မမ တစ်မျိုးပဲ"ဟု စိတ်ထဲအောက်မေ့ကာ ထူးဆန်းနေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေသည် ဟန်လုပ် ဟန်ဆောင် နေရသည့်အတွင်း ဝေ့ ရင်ထဲ၌ ဒေါင်ချာ စိုင်းနေလေသည်။

ချောင်းဆိုးရင်း သွေးပါကြောင်းကို ဖွင့်မပြောဘဲ မြိုလည်း မနေရဲပေ။ ဖွင့်ပြောလိုက်ဖို့ရာလည်း ကြောက်လန့်နေ၏။

ဖွင့်ပြောလိုက်ရင် "ကို" ဘယ်လောက်များ စိတ်မကောင်းဖြစ်လိုက်မလဲ၊ "ကို" ဘယ်လောက်များ စိတ်ညစ်လိုက်မလဲ၊ ဘယ်လောက်များ စိတ်ရှုပ်သွားမလဲဟု စဉ်းစားရင်း. . . စဉ်းစားရင်း ပြောရမှာမပြောရက်အောင် ဖြစ်လာသည်။

"ကို"က ကြောက်တတ်သည်။ ကြောက်လန့်ပြီး သွေးပျက်သွားမှာလားဟု အတွေးခေါင်နေသည်။ ဝေမှာ သူ့အတွက် ဒီလောက် အရေးမကြီးနိုင်။ "ကို့"အတွက်သာလျှင် အရေးကြီးနေကာ ပြောသင့် မပြောသင့် ချိန်ဆ၍မရ။ မစဉ်းစားတတ်သလောက် ဦးနှောက် ခြောက်လာသည်။

'ကော်ဖီသောက်နေတုန်း မပြောဘူးလေ'ဟု တစ်ဖက်က စဉ်းစားရင်း ဖြစ်ဖြစ်ချင်းမပြောရင် အပြစ်တင်မှာလည်း တစ်ဖက်က စိုးနေပြန်၏။

ဝေမှာ သောက်ရိုးသောက်စဉ်အတိုင်း၊ စားရိုးစားစဉ်အတိုင်း သောက်စား နေမိကာ ဘယ်လိုဝင်၍ ဘယ်လို မျိုလိုက်မှန်းပင် သတိမရှိ၊ ရင်ထဲဗျာများလျက် ဒေါင်ချာစိုင်းနေရသည့်အထဲ မူမပျက်အောင်လည်း သတိမြဲမြဲထားကာ ဂရုစိုက်နေရသည်။

'ဝေက ဆေးထိုးရမယ်ဆိုရင် စကားကို မပြန်တော့ဘူး။ နာလို့လား ဝေရယ်၊ ဆေးထိုးလို့သာ ခုလို လန်းလာတာမဟုတ်ဘူးလား၊ ဆေးပတ်ကုန်အောင် မထိုးချင်လို့လား'

'မဟုတ်ဘူး ကို. . . မဟုတ်ဘူး။ ဝေက စဉ်းစားနေတာ' ဝေသည် ပြုံးမဲ့မဲ့လေးဖြင့် ပြောမိပြောရာ ပြောလိုက်လေသည်။

'ဘာကို စဉ်းစားနေတာလဲ ဝေရယ်၊ "ကို့"ကို ပြောပါဦး'

ဦးစောဟန်သည် ဝေ့ကို စိုက်လျက် ကြည့်နေသည်။ ဦးစောဟန်



BURMESE CLASSIC .com

www.burmeseclassi.com



၏ ချိုမြသော မျက်နှာကို မကြည့်ရဲသလို၊ မလုံသလိုပင် ခေါင်းကလေး ငုံ့လိုက်ကာ ဘာစဉ်းစားနေကြောင်း အကြောင်းပြရန် အလျင်အမြန် စဉ်းစားလိုက်ရ၏။

'ဝေကလေ. . ဆေးပတ်ကုန်အောင် ဘယ်နှကြိမ် လိုသေးတယ်ဆိုတာ စဉ်းစားနေတာပါ၊ ဆေးပတ်ကုန်အောင် ဝေ ထိုးမှာပေါ့ ကိုရဲ့'

ဝေသည် ပြောပြီးပြီးချင်း ချောင်းဆိုးချင်လာလေသည်။ မျက်နှာကို တတ်နိုင်သမျှ ပြုံးထားလျက် မဆိုးအောင် အောင့်ထားလိုက်ရ၏။ အောင့်၍ မရနိုင်။ မအောင့်နိုင်သဖြင့် ခေါင်းနားပန်းကြီးလာကာ ခေါင်းက ဆံပင်များမှာ တစ်ချောင်းမကျန် မတ်မတ်ထောင်လာသလို ထင်ရကာ၊ ကျောချမ်းချမ်းဖြင့် လည်ချောင်း ယားနေ၏။

ကြံရာမရ လက်ဖက်ရည်ပန်းကန်ကို ကပျာကယာ ကောက်ယူလျက် နှုတ်ခမ်းနှင့်တေ့ပြီး ချောင်းဆိုးနေလေသည်။

ဦးစောဟန်မှာ ကိုယ်ကို နောက်တွန်း၍ ဆတ်ခနဲ ဝေ့ မျက်နှာကို မျက်လုံး လှန်ကြည့်လိုက်သည်။ ဝေသည် အာခေါင်ထဲ ရောက်လာသော တံတွေးကို သွေးပဲဟူသော အသိဖြင့် မြန်မြန်ကြီး မျိုချလိုက်ရလေ၏။

'သီသွားတယ် ကိုရယ်'ဟု ဝေက ဆိုမှ ဦးစောဟန် မျက်နှာမှာ လင်းလာကာ ဝေ့နားသို့ ပြေးထလာလျက် ကျောကလေးကို ပွတ်သပ်ပေးနေခိုက် ဝေ့မှာ ကိုယ်မျိုချသော ကိုယ့်သွေးကို နှလုံးနာလာကာ ရင်ထဲ နောက်ကျိသွားလေ၏။ ဝေသည် ဆက်လက် ဟန်ဆောင်နိုင်သေး၏။ ပြုံးနိုင် ရယ်နိုင်သေး၏။ "ကို" အလုပ်မသွားခင် မျက်နှာမပျက်အောင် ထားကာ ရွှင်ပျနေသည်။ ဦးစောဟန်မှာ အိမ်ကအထွက် မြေနှင့် ခြေနှင့်ပင် မထိမိသကဲ့သို့ ပေါ့ပါးသွားသည်။

ဝေသည် လေးလံသော ခြေလှမ်းများဖြင့် လှေကားထစ်များကို တစ်ထစ်ပြီး တစ်ထစ် တက်လာသည်။ ခြေလှမ်းများမှာ ခန္ဓာကိုယ်ကို သယ်ရန် ငြင်းဆန်ကြသည်။ အိမ်ပေါ်ရောက်မှ ပင်ပန်းလှသည့်စိတ်ကို

www.burmeseclassi.com



သက်ပြင်းကြီးဖြင့် မှုတ်ထုတ်လိုက်သည်။ သက်သာလို သက်သာငြား သက်ပြင်း မှုတ်ထုတ်လိုက်သော်လည်း၊ အသည်းနှလုံးမှာ ပင်ပန်းနွမ်းနယ်သွားသော ဒဏ်ဖြင့် တဒိတ်ဒိတ် ခုန်နေတုန်းပင်။ ကိုယ်တွင်းရှိ သွေးများသည် ကုန်ခမ်းသွားသလို မှတ်ထင်ရသည်။ အကြောအချင်များလည်း ထုံထိုင်းလာသလို အောက်မေ့ရသည်။

ဝေမှာ အိပ်ရာပေါ်တွင် ခွေပျော့သွားကာ ဖြစ်မှ ဖြစ်ရလေခြင်းဟု ယူကျုံးမရ ဝမ်းနည်းလာသည်။ မျက်ရည် တစ်ပေါက်တစ်ပေါက် ကျရသည်မှာ ဘယ်လိုများ ရင်နာမှန်းမသိ၍ မျက်လုံးထဲက မျက်ရည်မျိုးမှ ဟုတ်ပါလေစ၊ နှလုံးထဲက ရုန်းကန်ထွက်ရသည့် မျက်ရည်များလား. . .။

ဝေ၏ မှိတ်ထားသော မျက်လုံးထဲ၌ သွေးရောင်မှာ နီရဲနေ၏။ ဝေသည် ဖခင်၏ ပါးစပ်ထဲမှ ထွေးခံထဲသို့ ထွေးချလိုက်သည့် သွေးများနှင့် သွေးသွေးကို ယှဉ်မြင်ကြည့်လိုက်ခြင်းဖြင့် တဆတ်ဆတ် ခုန်နေသော နှလုံးမှာ တစ်ခဏတာမျှ အခုန်ရပ်သွားကာ ရင်တွင်းဝယ် ကျပ်ဆို့လာသည့် ဝေဒနာကိုပင် ပင်ပန်းစွာ ခံစားရသည်။

ခဏမျှ အခုန်ရပ်သွားသော နှလုံးမှာ လျင်မြန်စွာ ခုန်လာပြန်သည်။ ချွေးသီးချွေးပေါက်ကြီး စီးကျလာသည်။ မျက်ရည်များလည်း တပေါက်ပေါက် စီးကျနေ၏။ စိတ်ချောက်ချား၍ ရွံ့ထိတ် တုန်လှုပ်ခြင်းကြောင့် ထွက်လာသော ချွေးသည် ရောဂါနှင့် "ကို"နှင့်အတူ နေရမည့်အဖြစ်က မတွေးဝံ့အောင် ဆိုးရွားလှ၍၊ ယူကျုံးမရ မျက်ရည်တို့မှာ မျက်နှာပေါ်၌ ပေါင်းမိကြသည်။

ဝေ၏ စိတ်ကူးထဲတွင် "ကို့"ကို ဘယ်ပုံဘယ်နည်း ပြောရမည်ကို အနည်းနည်းအဖုံဖုံ ပြောင်းကာ ပြောင်းကာ ပြောကြည့် ပြောပြနေ၏။ ပြောလိုက်၍ "ကို" ခံသာရာ ရမည့် နည်းလမ်းကို ရှာမရနိုင်ကာ သေလိုက်ချင်လောက်အောင် စိတ်ညစ်ညူးမိသည်။

ဝေ့မှာ ရောဂါတွေးလိုက်၊ "ကို့"တွေးလိုက်ဖြင့် ဘယ်ဘက်ကမှ



BURMESE CLASSIC .com

www.burmeseclassi.com



မချမ်းသာပေ။ ကုသလို့ ပျောက်ပါ့မလား ဟူသော အတွေးကို ကြာရှည်စွာ တွေးမနေရတော့ပေ။ ဖြစ်ချင်ရာဖြစ် စိတ်လျှော့ခြင်းဖြင့် အတွေး ရပ်လိုက်သည်။

ဝေသည် ပြောင်းဆန်အောင် စိတ်လှုပ်ရှားနေပြီးနောက် သိပ်ကို စိတ်ထိခိုက်လာသည်။ စိတ်ထိခိုက်လွန်း၍ စိတ်ကိုမထိန်းနိုင်အောင် လွတ်နေသည့်အဆုံးတွင် သက်သာမှု မှီတွယ်စရာလေးတစ်ခု ရှာရသွားလေ၏။

ရင်ဆိုင်လာသည့် ပြဿနာရပ်များကို သူ၏ မှီတွယ်ရာ သက်သာရာနှင့် သူ စီရင် ဖြေရှင်းတော့ကာ ပြဿနာအားလုံး ကမ္ဘာသကာ သဘောထားလိုက်တော့၏။

ဝေ၏ လှုပ်ရှားနေသော စိတ်မှာ တဖြည်းဖြည်း ငြိမ်စ ပြုလာကာ ရပ်တည်လာသည်။ မဖြစ်ချင်တာကြီး လာဖြစ်ရသည့် ဒုက္ခတရားကို အကြီးအကျယ် စက်ဆုပ်သွားလေသည်။

ထိုဒုက္ခမှ အကြောင်းပြု၍ သံဝေဂ စိတ်ကလေးသည် တဒင်္ဂပဟာန် ဖြစ်ပေါ်လာသည်။ လှူဘောင်ကြီးထဲမှ ဒုက္ခအပေါင်းတို့ကို ပေါ်လောက်ပေါက်လောက်အောင် ကူးဆက် ထင်မြင်သွားလေသည်။ ဒုက္ခမှ လွတ်မြောက် ချင်လှသည့် ပြင်းပြသော စိတ်ဇောဖြင့် ဒုက္ခမှ လွတ်မြောက်နိုင်သော အသိအမြင်သစ်များကို ရှာဖွေ တွေးတောနေမိသည်။

ဝေသည် ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ကူးခုန်သွားလေသည်။ ဝေ ရောက်သွားသော ဘဝသစ်မှာ မရှုမလှ ဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နှက်နေစေကာမူ ဝေသည် မညည်းညူဘဲ ကြံ့ကြံ့ခံနိုင်သမျှ တင်းခံရန်ဖြစ်လေ၏။

'မမ ဆေးသောက်ပါ'

မယ်အေး အသံဖြင့် ဝေသည် လှုပ်ရှားလာသော်လည်း မျက်လုံးကို တော်တော်နှင့်မဖွင့်ပေ။ ခါတိုင်း ဆေးတွေ ဘယ်လိုသောက်နေနေ၊ သူ့ကိုယ်သူ လူမမာဟု ဘယ်တုန်းကမှ မထင်မှတ်ခဲ့ချေ။ ယခုမှ လူမမာ အသိကို လက်ခံ ဝင်စားလို့ ရလာတော့သည်။ လူမမာ မှန်သမျှ ဆေးသောက်



BURMESE CLASSIC .com

www.burmeseclassi.com



ရသည်။

ဝေသည် စောင်းရာမှ ပက်လက်လှန်လိုက်ကာ မျက်လုံးကို တဖြည်းဖြည်း ဖွင့်လိုက်သည်။ မယ်အေးမှာ လူမမာနှင့်တူသော ဝေ၏ ဖြူဖျော့ဖျော့ဖြင့် ပန်းနွမ်းနေသည့် မျက်နှာကလေးကို မျက်လုံးပြူးကြည့်ကာ 'ဟင် မမ နေမကောင်းဘူးလား'ဟု လွှတ်ခနဲ မေးလိုက်သည်။

'အေး-အေး . . ငါ နေမကောင်းဘူး'

ဝေသည် ထထိုင်ကာ ဗန်းပေါ်က ဆေးဖန်ခွက်ကလေးကို စိုက်ကြည့်ပြီး လှမ်းယူလျက် မော့ချလိုက်သည်။ လူမမာဖြစ်ဖို့ စောင့်လိုက်ရတာ ယနေ့မှပဲ လူမမာ ဖြစ်တော့သလို စိတ်ထဲက ထင်မြင်သွားလေသည်။

ဤဆေးသည် ထမင်းမစားခင် တစ်နာရီခွာ၍ သောက်ရသော ဆေးဖြစ်သဖြင့် "ကို"ပြန်လာဖို့ရာ တစ်နာရီလောက်ပင် လိုတော့သည်။ ဝေသည် အိပ်ရာမှ ချည့်နဲ့စွာ ထလာကာ ရေချိုးဆင်းလာသည်။ယနေ့နံနက် ရေချိုးရန် အချိန် နောက်ကျသွားသည်။

ရေချိုးခန်းထဲ၌ သွေးစွန်းသော လက်ကိုင်ပဝါလေးကို တုန်တုန်ယင်ယင်နှင့်ဆပ်ပြာတိုက်လျက် ရေနှင့်ဖွပ် ညှစ်လျှော်လိုက်သည်။ ရေချိုးပြီး အဝတ်အစားလဲရင်း "ကို" ထမင်းမြိန်မြိန် စားပါစေတော့၊ မိုးချုပ်မှပဲ ပြောတော့မည်ဟု သန္နိဋ္ဌာန် ချလိုက်လေသည်။

ဝေ့မှာ နေ့လယ်မှ မိုးချုပ်အထိ အချိန်ကိုသာ စောင့်နေလေ၏။ ပြောရန်အချိန်ကို စောင့်စားနေရသည့်အတွင်း ကို့မျက်နှာကို စိတ်အားထက်သန်စွာ စိုက်စိုက်ကြည့်ကာ ရင်ထဲ လှိုင်းထနေသည်။ "ကို"ကတော့ ဘာမှမသိ။ ဝေ၏ ဖြည်းနှေးသွားသော အမူအရာလေးများကို အကဲခတ်ကာ မနက်က လန်းတယ်၊ နေ့လယ်ဘက် ပူလွန်းလို့ မလန်းတာပဲဟု သူ့အတွေးနှင့်သူ။

နေ့မှ တဖြည်းဖြည်း ညဘက်သို့ ကူးခဲ့ကာ ညမှာ နက်မှောင်၍ လာလေပြီ။ ကောင်းကင်၌ ကြယ်ပွင့်တွေ တစ်ပြင်လုံး မြူးလက်နေကြသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေသည် ဆိုဖာတွင် မှီထိုင်ကာ ပြတင်းပေါက်မှ ကြယ်ပွင့်တွေကို ငေးမျှော်ကြည့်နေသည်။ ကြယ်ပွင့်များ တဖျတ်ဖျတ်ခုန်နေသလို ဝေ့ရင်ထဲ၌လည်း တဖျတ်ဖျတ် ခုန်နေလေ၏။

ဦးစောဟန်သည် စားသောက်ပြီး ဆိုဖာပေါ်တွင် လှဲလိုက်ကာ ရေဒီယိုနားထောင်နေလေသည်။ ဝေသည် ကိုးနာရီထိုးမှအပေါ်တက်ရမည်ဖြစ်၍ လက်က နာရီကို မကြာမကြာ ကြည့်နေမိသည်။

ဦးစောဟန်မှာ ထ၍ ရေဒီယိုရှေ့တွင် ကုန်းကာတိုင်းပြည်ပေါင်းစုံက သတင်းများကို ဖမ်းကြည့်နေရာမှ 'ဝေရေ ကိုးနာရီထိုးပြီ၊ တက်ကြစို့'ဟု လှမ်းပြောလိုက်သည်။

ဝေ့မှာ စိတ်ကူးအိပ်မက်ထဲမှ လန့်နိုးသွားကာ နေရာမှထ၍ဖြည်းဆေးစွာပင် အပေါ်သို့ တက်သွားလေသည်။ မယ်အေးမှာ ရေချိုင့်နှင့် ဝေ့နောက်က ထပ်ကြပ် လိုက်တက်လာသည်။

ဝေသည် အခန်းထဲတွင် အဝတ်အစားများ မလဲဖယ်ဘဲ ကုလားထိုင်ပေါ်တွင် ထိုင်နေလိုက်သည်။ မယ်အေးမှာ ရေချိုင့်ထားပြီး ပြန်ထွက်သွားသည်။

မကြာမီ "ကို"တက်လာသော ခြေသံကိုကြားမိ၍ စိတ်ကို ခိုင်ခိုင်တင်းထားလေသည်။

ဦးစောဟန်သည် ခန်းဆီးကိုဖယ်ကာ 'ဟင်-ဝေ ထိုင်နေလား'ဟု ဆိုလိုက်ကာ အနားသို့ လျှောက်လာရာ၊ ဝေက မတ်တပ် ထလိုက်သည်။

'ကို ဒီမှာ ခဏထိုင်ပါဦး၊ ဝေ ပြောစရာရှိလို့ပါ' ဝေ့အသံလေးမှာ ဝေ့အသံမဟုတ်သလို တုန်နေ၍ ဦးစောဟန်မှာ ဒိတ်ခနဲ ဖြစ်သွားကာ၊ ဝေ့ ပခုံးကိုပွေ့၍ ဝေ့မျက်နှာကို သေသေချာချာကြည့်လိုက်သည်။ ဝေသည် မျက်နှာကို အကြည့်မခံ၊ တစ်ဖက်သို့ မြန်မြန်လွှဲလိုက်သည်။

ဦးစောဟန်မှာ အံ့သြသွားကာ ကုလားထိုင်ပေါ်တွင် ထိုင်မှန်းမသိထိုင်လိုက်ကာ၊ ဝေ့ လက်ကလေးကို လှမ်းဆွဲ ကိုင်ထားလိုက်သည်။

www.burmeseclassi.com



ဝေသည် ဘေးတိုက်ပင် ဦးစောဟန်ကိုမကြည့်ဘဲ ပြောလေ၏။

'ကို့ကို မပြောရက်လို့ တစ်နေ့လုံး မျိုသိပ်နေရတယ်။ဝေလေ မနက်က ချောင်းဆိုးလိုက်တာ သွေး ပါလာတယ်'

'သွေးပါလာတယ်. . သွေးပါလာတယ်. . 'ဦးစောဟန်၏ အသံမှာ အံ့ဩကြီးစွာဖြင့် ထိတ်လန့်စွာ တုန်သောအသံ. . ။ ဝေသည် ထိုအသံထဲတွင် နစ်မြုပ်သွားလေ၏။ ထိုအသံထဲတွင် သူ့ကိုယ်ရော စိတ်ရော မြုပ်နှံပစ်လိုက်ရသလိုပင်။

ဦးစောဟန်သည် ရုတ်တရက် ထရပ်ကာ ဝေ၏ လက်နှစ်ဖက်ကို ဆွဲယူလျက် 'ဖြစ်မှဖြစ်ရလေ ဝေရယ်၊ ဆရာဝန် ချက်ချင်း ခေါ်ရမှာ ဘာဖြစ်လို့ မပြောသလဲဟင်. . ဝေ ဘာဖြစ်လို့မပြောသလဲကွယ်'ဟု လက်ကို အတန်တန် ခါ၍ ပြောနေလေသည်။

ဝေသည် မလှုပ်။ တစ်ကိုယ်လုံး တရှိန်ရှိန် ပူထူလာကာ လေးလံထိုင်းမှိုင်းနေတော့၏။

'ဒီလို ဖြစ်ရမှာများလေ. . ဦး ရှိကတည်းက ပူခဲ့ရတယ်။ ကို့ကို စိုးရိမ်လွန်းတယ်၊ ပူလွန်းတယ်လို့ ဝေကတော့ထင်မယ်. . 'ကို၏ တတွတ်တွတ် စကားသံများမှာ နားထဲတွင် ညင်းညင်းသသ ဖြစ်နေလေသည်။ ဝေ၏ ရင်မှာ နိမ့်ချည်မြင့်ချည်နှင့်။

'ဝေရယ်. . ပြောစမ်း. . ကို့ကို. . သွေးတွေအများကြီးပါသလား၊ သွေးတွေ အန်တာလားဟင်'

ဦးစောဟန်၏ ချောက်ချားလျက် ရင်ထုမနာ အသံကြီးမှာ ဝေ့ကို ငိုချင်လာစေသည်။ ဝေသည် မျက်ရည်မကျအောင် ထိန်းသည်။

'အများကြီး မဟုတ်ဘူးကို၊ မနက်က ချောင်းဆိုးတော့ နည်းနည်းပါတယ်။ ညနေက တစ်ခါပါတယ်၊ နည်းနည်းလေးပဲ'

ဦးစောဟန်မှာ မိမိအား မကြည့်ဘဲ ခေါင်းငုံ့ခါပင် မတုန်မယင် ပြောနေသော ဝေ့ကို မမြင်စဖူးသလို ပြူးတူးတူး ကြည့်နေ၏။ မကြောက်

www.burmeseclassi.com



ဘူးလား၊ သတ္တိကောင်းသလားဟု အံ့လည်း အံ့ဩလိုက်မိလေ၏။

ဦးစောဟန်၏ ရင်တွင်း၌ လှိုင်းတံပိုး ထသွားလေသည်။ ထိတ်ထိတ် လန့်လန့် အမူအရာများဖြင့် 'ပေါ့နေလို့ မဖြစ်ဘူး ဝေရယ်၊ ဆရာဝန်ခေါ်မှ ပဲ'ဟု ပြောပြောဆိုဆို ဝေ့လက်ကို လွှတ်လိုက်ကာ အခန်းအပြင်ဘက်သို့ ပြေးထွက်သွားလေ၏။

ဝေသည် ဦးစောဟန် လှေကားမှ ပြန်ပြေးတက်လာသည့်အထိ ထိုနေရာက မရွေ့။ ဦးစောဟန်က ဝေ့ပခုံးကလေးကို ညင်သာစွာ တွန်း လျက် 'ထိုင်ဦး ဝေရယ်၊ ထိုင်'ဆိုလိုက်၍ ထိုင်လိုက်၏။

ဦးစောဟန်၏ ချက်ချင်း အိုဇာသွားသောမျက်နှာကို တစ်ချက်သာ လှမ်းကြည့်လိုက်ကာ၊ ပန်းလှစွာဖြင့် နောက်မှီတွင် ခေါင်းတင်ကာ မျက်လုံး ကို ပိတ်ထားလိုက်သည်။

ဦးစောဟန်မှာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ဆရာဝန်အမြန်ရောက်ရန် စောင့်မျှော်နေသည်။ ပြင်းထန်သော သက်ပြင်းချ နေသံကိုလည်း ခဏခဏ ကြားရ၏။ ဝေ့နားတွင် လာရပ်လိုက်၊ တစ်ဖန် လျှောက်နေလိုက်ဖြင့် ယောက်ယက်ခတ်နေလေ၏။ ဆရာဝန်နှင့် မောင်မြ တို့ ပြေးတက်လာကြသည်။ ဦးစောဟန်က အသက်မရှူဘဲ အဖြစ်အပျက်ကို အမြန်ပြောပြနေစဉ်၊ ဆရာဝန်မှာ ကုလားထိုင်ပေါ်၌ မှိန်းနေသော ဝေ့ကို ကြင်နာစွာ လှမ်းကြည့်လေသည်။

လက်မောင်းက အကြောထဲသို့ ထိုးသွင်းလိုက်သော ချွန်မြသည့် အပ်သွားမှာ အသည်းခိုက်အောင်ပင် စူးနာလွန်း၍ ဝေ့၏ ပါးစပ်ကလေးမှာ ရွှဲ့သွားကာ နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



(၁၉)

မြစ်ကမ်းစပ်ရှိ အမှောင်ရိပ်များသည် ပါးစ ပြုလေပြီ။ မြစ်ရေပြင်မှာ မှုန်မှုန်မွှားမွှား ဝိုးတဝါးတွေ့ရ၏။ လေသည် အသားထဲ စူးအောင် အေးမြနေသည်။

ထားထားမှာ ခတ်မီးရောင်များဖြင့် လင်းထိန်နေသော သင်္ဘောဦးခန်းထဲ၌ မှန်ပြတင်းပေါက်တွင် မသဲမကွဲဖြင့် တရိပ်ရိပ် တွေ့ရသောကမ်းကို စိုက်ငေးကြည့်နေ၏။ ခနိပင်အုပ်အုပ် မှောင်မှောင်မည်းမည်းများကို စိုက်ငေးကြည့်လျက် စိတ်မှာ အဝေးသို့ လွင့်ပါးနေလေသည်။

ဝေ့ထံမှ သွေးပါလာသည်ဟု စာရကတည်းက ထားထားမှာ တစ်နေ့မှ စိတ်လက် မချမ်းသာခဲ့။ ဝေ့ကို သနားနေသည်။ ဦးစောဟန် ဘယ်လောက်များကြောက်လိုက်မလဲဟုလည်း တွေးမိ၏။ သည်ရောဂါ ဖြစ်မှာစိုး၍ ဆေးတွေ ကြိုတင်သောက်၊ ကြိုတင် ထိုးနေရသည့် ကြားထဲက ဖြစ်မိအောင် လာဖြစ်ရခြင်းမှာ ဝေ့ ကံကိုက ဆိုးပါတယ်ဟု အောက်မေ့မိသည်။

တစ်ပတ်တစ်ခါ ရောက်လာတတ်သော စာများကိုသာ မျှော်လျက်ရောဂါအခြေအနေကို အဝေးက အကဲခတ် ကြည့်နေရသည်။ ရန်ကုန်သို့လာ၍ ဆေးကုရန်မှာသော်လည်း စစ်ရိပ်စစ်ငွေ့များ သမ်းနေသဖြင့် ရန်ကုန်လွှတ်ရန် ဦးစောဟန်က စိတ်မချဖြစ်နေသည်။ ဆရာဝန်နှင့် နေ့စဉ် ဆေးထိုးနေကြောင်း သိရ၏။

ထားထားမှာ မကြာမီ ရခိုင်ပြည်နယ်သို့ ပြောင်းရွှေ့ရမည်။ ရခိုင်ပြည်နယ် ပြောင်းသွားလျှင် ဝေနှင့် ဝေးရမည်ကြောင့် မပြောင်းခင် ဝေ့ကိုတွေ့ချင်လွန်း၍ ဖြုန်းခနဲ ထွက်လာခဲ့ရာ အကြောင်းပင် မကြားမိချေ။

မော်လမြိုင်ကျွန်းရောက်လျှင် ဝေ့အိမ် သွားရကောင်းမလား၊ အစ်ကိုကြီးအိမ် တက်ရ ကောင်းမလား ဝေခွဲမရ။ တစ်ညသာလျှင် အိပ်နိုင်ပြီးပြန်ရမည့်ခရီးဖြစ်၍ ခဏလာတုန်း ဝေနှင့်သာ အတူနေချင်တော့သည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဝေ့အိမ် တည်းရမှာ အစ်ကိုကြီး အိမ်နှင့်တူမှာမဟုတ်။ ဦးစောဟန် ရှေ့တွင် ဧည့်သည်တစ်ယောက်လို တကျို့ကျို့နှင့် လွတ်လပ်မှာ မဟုတ်၍ မတည်းချင်လှ။ ဦးစောဟန် မဖိတ်ခေါ်ဘဲနှင့် သွားတည်းရန်လည်း ဝန်လေးနေသည်။

ဝေ၏ သွေးပါပုံ ပါနည်းများမှာ ပျောက်လိုက် ပေါ်လိုက်ဖြင့် ဖခင်နှင့် ဆင်လှ၍ စိတ်ပူ ရင်လေးနေမိသည်။ စာတိုင်းပင် သွေးပါသည့်အကြောင်းကို အကျယ်ချဲ့ မရေးချေ။ 'ဒီနေ့ သွေးနည်းနည်းပါတယ်၊ လူတော့ နေကောင်းပါတယ်'ဟု သည်မျှလောက်သာ ဖတ်ရလျက်၊ သည့်ပြင် အကြောင်းအရာတွေသာ အရှည်ကြီး ဖတ်ရလေသည်။ တောဘက်တွင် နေကြသော အဖျားအနား တော်စပ်သည့် ဆွေမျိုးများကိုပင် သတိတရ ထည့်ရေးတတ်ရာ၊ ထားထားမှာ စာဖတ်ပြီး မေ့နေသော ဆွေမျိုး အဖျားအနားတွေကို တွေးပြီး ကြည့်ရသည်။ အဖေ့ဘက်မှ၊ အမေ့ဘက်မှ ဆွေမျိုးစာရင်းကို ထားထား အကုန်မသိ၊ ဝေဝေသာစုံစုံသိသည်။ ငယ်ကတည်းက ဆွေမျိုးဆိုလျှင် ချစ်တတ် ခင်တတ်သောစိတ်ရှိသည်။

သူ့အိမ်သို့ အဝင်ရ အထွက်ရ ခက်သဖြင့် ဘယ်ဆွေမျိုးမှ အဝင် အထွက် မလုပ်ရဲကြ၍ ဆွေမျိုးများကို သတိရဟန်၊ အောက်မေ့ဟန် တူရဲ့ဟု စာဖတ်ပြီး စိတ်မကောင်းဖြစ်ရသေးသည်။ အိမ်ထဲတွင် ဘယ်မှ မသွားရဘဲ လူမမာကြီးအဖြစ်နှင့် ခြောက်ကပ်နေမည့်ဘဝကို အကဲခတ်မိလျက်၊ မိမိ လာသည့်အတွက် ဝေ ဘယ်လောက်များဝမ်းသာလိမ့်မလဲဟု တွေးကြည့်၍ ရင်ထဲ၌ လှိုက်ဖိုလာသည်။

ဘိုကလေးသို့ သင်္ဘောဆိုက်ကပ်သည့်အခါ မိုးပင် မလင်းသေးချေ။ ထားထားမှာ မော်လမြိုင်ကျွန်း ရောက်ခါနီးပြီဟု ဝမ်းသာအားရ ဖြစ်နေပေသည်။

မြစ်ပြင်ကို ရစ်ဝိုက်ထားသည့် မှိုင်းမှုန်သော မြူတို့မှာ တစ်စစ ပျက်ပြယ်စပြုလေပြီ။ အဝေး၌သာ မြူရိပ်မင်းလွင်များကို တွေ့မြင်ရသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ကောင်းကင်မှ ပတ်ကြားအက်ရာများတွင် ပတ္တမြားရည် ထွက်နေသည်။

မြစ်ရေမှာ ရဲခနဲ နီလာသည်။ ပတ္တမြားလုံးကြီးမှာ မြစ်လယ်တွင် တွဲလွဲခိုတ်နေလေသည်။ တစ်ဖက်ကမ်းရှိ တောတန်းဝယ် ကျီးကန်းတစ်အုပ် ပျံသန်းလျက် နံနက်ဦး၌ ပျော်မြူးနေကြလေ၏။

ထားထားသည် အိပ်ရာလိပ်ကို ကြိုးချည်လျက်နေစဉ်၊ အသက် ၄၀ ကျော်ခန့်ရှိမည့် အသားညိုညို မိန်းမ ဝဝဖိုင့်ဖိုင့် တစ်ဦးသည် အခန်း တံခါးချက်ကို ဖွင့်လိုက်ကာ 'ထားထားရေ ထပြီလား'ဟု ပြောပြောဆိုဆို ဝင်လာသည်။

'လာပါ ဒေါ်ဒေါ်တင်. . ကျွန်မတော့ ဝန်စည်စလယ်တွေတောင် သိမ်းနေပြီ'

ဒေါ်ဒေါ်တင်မှာ မော်လမြိုင်ကျွန်းဈေးထဲမှာ အထည်သည်အပျိုကြီး ဖြစ်လျက် လူချစ်လူခင် ပေါ်များ၏။

ဆံပင်ကောင်းလှ၍ ဆင်စွယ်ဘီးနှင့် ပတ်ထားသော နောက်ပတ် ဘီးဆံပင်ပတ်ကြီးမှာ ခေါင်းနှင့်မဆံ့ ဘေးကားနေသည်။

မို့ဝိုင်းနေသော မျက်နှာ၌ မျက်နှာချေများ လူးထားကာ မျက်ခုံးမွေး ထင်းထင်းနက်နက်ကြီးဆွဲထားသည်။ မယ်ညို ပဒုမ္မာ ဒိုဘီကျတွင် တပ်ထား သော တစ်လုံးတည်း ဥဿဖရား ကြယ်စေ့မှာ လူနှင့်လိုက်အောင် ပြူး နေလေ၏။ လက်ထဲ၌ ကြံဆစ်လက်ကောက်နှစ်ရန်နှင့် လက်တစ်ဖက်တွင် ဆင်စွယ်စိပ်ပုတီးကို စွပ်ထားသည်။ အထက်ဆင်ပေါ်ပေါ် ဇင်းမယ်လုံချည် နီညိုဝတ်ကာ မော်လမြိုင် ရွှေထိုးဖိနပ်ကလေး စီးထားသည်။

လေလာလာ၌ ထိုင်လိုက်ရာ ဒေါ်ဒေါ်တင့် ကိုယ်မှ နံ့သာဖြူနံ့များမှာ တထောင်းထောင်း ထသွားလေသည်။

'ထားထားကို တွေ့ရင်တော့ ဝေဝေက ဝမ်းသာရှာမှာပဲ၊ အိမ်ထောင် ကျသွားပြီကတည်းက ဒေါ်ဒေါ်ဖြင့် တစ်ခါမှမတွေ့ရပါဘူး။ ဈေးထဲလည်း မလာဘူး။ တစ်ခါတစ်လေ သူတို့အိမ်ရှေ့ရောက်ပေမယ့် အပေါ်ကက ဒရဝမ်



BURMESE CLASSIC .com

www.burmeseclassi.com



ကြီး စောင့်နေတော့ ဝင်ရခက်သား၊ တချို့ပြောတော့ ဝင်ချင်ရင် ဘယ်သူ ဘယ်ဝါ စာရေးပေးရတယ် ဆိုလားပဲ'

ထားထားမှာ ပြုံးလျက် နားထောင်နေသည်။ မျက်မှောင်ကုတ်လျက် မေးထိုးပြောလိုက်သော မျက်နှာမှာ မနှစ်သက်သည့် ဟန်အမူအရာ ပေါ်နေ၏။

'သန်းသန်းတို့၊ ရင်ရင်တို့နဲ့ တစ်ခါတွေ့တယ် ပြောတယ်။ သူတို့ လမ်းလျှောက်သွားကြရင်း လမ်းမှာတွေ့ကြတာ၊ ကြာကြာတောင် ရပ် စကားမပြောရဘူးတဲ့။ ကလေးပျက်ပြီးမှ သိပ်ပိန်တာပဲတဲ့။ သူ့ကြည့်ရတာ ပျော်ပျော်ရွှင်ရွှင်လည်း မဟုတ်ဘူးတဲ့။ ကျဉ်းကျပ်နေ ထင်ပါရဲ့ ထားထား ရယ်'

'သူကြိုက်လို့ သူယူတာပဲ ဒေါ်ဒေါ်'ဟု ထားထားက ညည်းပြော လိုက်သည်။

'ကြီးတော်သက်တော့ ဆိုင် ခဏခဏလာပါတယ်။ ဝေဝေ့ အကြောင်း ခဏခဏပြောတယ်။ ဝေဝေ့ဆီ ခဏခဏ မရောက်ဘူးတဲ့။ နေထိုင်မကောင်း ဖြစ်မှ ရောက်သတဲ့၊ အခုလည်း ဦးဖြစ်သလို ဖြစ်နေတာ လား၊ စိတ်မကောင်းပါဘူး ထားထားရယ်'

ထားထားမှာ သူ့စိတ်ကူးနှင့်သူ စိုက်မိစိုက်ရာ ကြည့်နေလေသည်။ ဒေါ်ဒေါ်တင်သည် ဝေဝေ့အကြောင်းမှ ဆရာဝန်ကိုသက်နှံ့ကို အာရုံပြောင်း သွား၍ ထားထားမှာ အတွေးကို ရပ်လျက် မျက်နှာလေး လန်းကြည်လာ လေသည်။

'ကျေးဇူးတင်ပါတယ် ထားထားရယ်၊ ဆရာဝန် ကျေးဇူးတော့ ဒေါ်ဒေါ် ဘယ်တော့မှ မမေ့ပါဘူး။ ဒေါ်ဒေါ့်မှာ သူ့အသက်ပဲ ရှိတော့တာ။ သူ ဒီမြို့က ပြောင်းသွားပြီးတဲ့နောက် သူ့ကို လူတိုင်းက တသသနဲ့ပါပဲ။ ထားထားက လင်ရ ကံကောင်းပါတယ်။ ဒီလိုလူမျိုးမှ စိတ်ချမ်းသာရတာ'

'ဒီလူမျိုးမို့ စိတ်ချမ်းသာတယ်တော့ မထင်နဲ့ ဒေါ်ဒေါ်၊ ကျွန်မ



BURMESE CLASSIC .com

www.burmeseclassi.com



လည်း ကျွန်မ စိတ်မချမ်းသာနဲ့ ကျွန်မ ရှိတာပဲ၊ သိပ်သဘောကောင်းတယ် မဟုတ်လား ဒေါ်ဒေါ်ရဲ့။ သူ့ကိုယ်သူ ဘယ်တော့မှ သတိမရဘူး။ သူများကိုပဲ သိပ်ငဲ့ညှာတာ လွန်လွန်းအားကြီးတယ်၊ တစ်ခါတစ်လေ ကျွန်မ သူ့ကိုကြည့်ပြီး သိပ်စိတ်ဆင်းရဲရတာပဲ'

ဒေါ်ဒေါ်တင်မှာ ထားထား ပြောသမျှ နားစိုက်လျက် "ကောင်းပြန်တော့လည်း တစ်မျိုးပဲ"ဟု အောက်မေ့ကာ အိမ်ထောင်ရေး သဘောတရားကို တွေးနေစဉ် 'အကောင်းဆုံးကတော့ ဒေါ်ဒေါ့်ဘဝပါပဲ'ဟု ထားထားက ပြောလိုက်သည်။

ဒေါ်ဒေါ်တင်သည် တဟဲဟဲ ရယ်နေလေသည်။

'ဒေါ်ဒေါ့်ဘဝလည်း ကောင်းတာမဟုတ်ဘူး ထားထားရဲ့။ သူများ အပျိုကြီးတွေကတော့ ပြောကြပါလိမ့်မယ်၊ လင်မရှိတာ အအေးဆုံး၊ အပူလည်းမရှိဘူး၊ သခင်လည်း မရှိဘူးလို့ ဒီလိုပြောကြတာပဲ။ ဒေါ်ဒေါ်က အမှန်ပြောချင်တာ၊ မိန်းမ လင်မရှိတာ ဘယ်တော့မှ မကောင်းဘူးမှတ်၊ လင်နဲ့မှ တင့်တယ်တာ။ ဒါဖြင့် ဘာဖြစ်လို့ ဒေါ်ဒေါ် ဒီလိုနေသလဲ မေးရင် အိမ်ထောင်ကျဖို့အကြောင်းကိုက ပါမလာဘူး ထင်ပါရဲ့ ထားထားရယ်။ ငယ်ငယ်က ကိုယ်ကြိုက်ခဲ့တဲ့လူလည်း ရှိတာပဲ။ အကြောင်းကြောင်းနဲ့ လွဲရတာပဲ။ ကိုယ်က ဆုတ်လိုက်တာ။ ဟော နောက်တစ်ယောက်တွေ့ပြန်ရော. .'

ထားထားမှာ အားရပါးရ ပြုံးလျက် စိတ်ဝင်စားစွာ နားထောင်နေ၏။ ဦးခန်းထဲတွင် အခြားခရီးသည်မရှိ၊ နှစ်ဦးတည်း ရှိကြ၍ လွတ်လပ်ပွင့်လင်းစွာ ပြောနေကြသော အပျိုကြီးကို ခပ်ဆန်းဆန်း အကြည့်ဖြင့် မျက်တောင်ပင် မခတ်မိ. .။

'နောက်တစ်ယောက် ကျတော့လည်းလေ၊ မဟာဒုတ်မဲကျပြီးပဉ္စင်းတက်လိုက်တာ တစ်ခါတည်း လူမထွက်တော့ပါဘူး၊ အခုထက်ထိ ရှိတယ်၊ ပခုက္ကူမှာ စာဝါ တက်နေတယ်. . .'

www.burmeseclassi.com



ထားထားမှာ ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။ ဒေါ်ဒေါ်တင်သည် ပြုံးမဲ့မဲ့ မျက်နှာဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်နေပြီးနောက်၊ 'ရတာမလို၊ လိုတာမရ ဆိုတာ ဒေါ်ဒေါ်ပေါ့'ဟု ဆိုလိုက်ရာ ထားထား၏ ရယ်သံမှာ ထပ်မံ ကျယ်လောင်သွားလေ၏။

'နောက်တစ်ယောက် တွေ့ဦးမှာပေါ့ ဒေါ်ဒေါ်ရယ်. . ' အပျိုကြီးတွေ အရွတ်ပြောတတ်မှန်းသိ၍ ထားထားက စလိုက်သည်။ ဒေါ်ဒေါ်တင်မှာ သူ့အား ကလိ ထိုးလိုက်သလိုပင် ပြောင်ချော်ချော် မျက်နှာကြီးဖြင့် ကိုယ်ကြီး လှုပ်ကာ လှုပ်ကာ တဟီးဟီး ရယ်နေလေ၏။

'အရွယ်က လွန်ပါပြီ ထားထားရယ်၊ ငယ်ငယ်တုန်းကမှ မစွံတာ၊ အခုတော့ စွံစရာလည်း မရှိတော့ပါဘူး။ ကိုယ့်အတွက် ဘေးချိတ်ပြီး တူမလေးတွေအတွက် နေရချပေးဖို့ ကောင်းတဲ့လူ ရှာနေရတာပါပဲ။ သန်းသန်းတို့၊ ရင်ရင်တို့အတွက် ရာထူးရာခံလေးရှိပြီး ရိုးရိုးသားသားများ တွေ့ရင် ပြောပါ ထားထားရယ်၊ သူတို့တစ်တွေအတွက် ရင်မအေးလို့ ရင်အေးချင်တယ်'

ထားထားသည် ရယ်နေရာမှ မျက်နှာပိုးသတ်လိုက်ကာ သူ့မျက်လုံးမှာ ဝေးရာသို့ ရောက်သွားလေသည်။ မိန်းမဘဝ၊ မိန်းမပြဿနာများကို လေးလေးနက်နက် တွေးတောကြည့်သည်။ မိန်းမဘဝ၊ မိန်းမကိစ္စများမှာ ဘယ်ဘက်ကမှ ကောင်းကွက် တစ်ကွက်မှ ရှာမရဘဲ ရှိကာ စိတ်ထဲ အနှစ်သာရ ကင်းမဲ့သွားလျက် ဘဝကို မုန်းတီးသွားမိသည်။

'ဟော- စက်တွေတောင် မြင်ရပြီ'ဟု ဒေါ်ဒေါ်တင်က သင်္ဘောဦးသို့ လှမ်းကြည့်ပြီး ပြောလိုက်ကာ ထလိုက်လေသည်။

မြို့တစ်ဖက်ကမ်းမှ သွပ်မိုးဂိုဒေါင်၊ စပါးစည့်၊ ခေါင်းတိုင်နှင့် ဆန်စက်များကို မြင်ရလေသည်။ ထားထားသည် ထ၍ မှန်တံခါး၌ ရပ်လိုက်ရာ ပူနွေးသော နေရောင်သည် ထားထား၏ မျက်နှာကို လာရိုက်လေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



မြစ်ပြင်ကြီးမှာ တဖိတ်ဖိတ် တောက်လျက် ရှိ၏။ သင်္ဘောဥဩသံကား နားကို အူသွားလေ၏။

သင်္ဘောဆိုက်ပြီး ကုန်းပေါ်ကို တက်ခဲ့မှ "အိမ်ပဲ သွားပါမယ်" ဟု စိတ်ပိုင်းဖြတ်လို့ ရလေ၏။ ထားထားသည် လံချားတစ်စီးပေါ်တွင် သားရေသေတ္တာနှင့် အိပ်ရာလိပ်တင်လျက် အိမ်သို့ တန်းသွားလေသည်။ လံချားမှာနှေးနေလေသည်။ အချို့နေရာများ၌ ချိုင့်ထဲတွင် ဘီးကိုရုန်းနေရ၍ ကြာလိုက်တာဟု အောက်မေ့မိသည်။

လမ်းထဲသို့ ချိုးဝင်လျှင် ဝေးဝေးမှ အိမ်ကြီးကို လှမ်းမြင်ရလေသည်။ အိမ်ကြီးနှင့် ယှဉ်လျက်အိမ်ကို လည်ဆန့်လျက် မျှော်ကြည့်လာသည်။ ဝေဝေတို့ အိမ်ရှေ့ ရောက်ခါနီး လံချား ခဏရပ်ပြီး ဝင်လိုက်ချင်စိတ် ပေါက်သွားလေသည်။ အိမ်အပေါ်ထပ် ပြတင်းပေါက်များ ဖွင့်လှစ်ထားလျက် လိုက်ကာများ ချထားလေသည်။ အိမ်အောက်တွင် တံခါးရှေ့၌ ဒရဝမ်သာ တွေ့ရလျက် လူရိပ်လူယောင်ကို မမြင်ရချေ။

ထားထားသည် ရင်ထဲ၌ တဒိတ်ဒိတ် ခုန်လျက် ဝေဝေ့အိမ်ကို ကျော်ကာ အိမ်ကြီးရှေ့၌ လံချား ဆိုက်ခိုင်းသည်။ 'ထားထားရေ'ဟု အော်ကာ လမ်းမသို့ ပြေးထွက်လာသော သန်းသန်းကို တွေ့ရ၍ ရင်ထဲဆို့သွား လေသည်။

'ကိုနေဦး တောသွားနေတယ်၊ ကြီးတော်တောင် လယ်ထဲ လိုက်သွားတယ်။ စာမပေး ဘာမပေး ထားထားရယ်၊ ဝေဝေတော့ ဘယ်လောက် ဝမ်းသာလိုက်မလဲ ဟယ်'

ထားထားသည် အိမ်ထဲရောက်လျှင် မထိုင်ခင် 'ဝေဝေ ဘယ်လိုနေလဲ သန်းသန်းရယ်. . 'ဟု သိချင်ဇောဖြင့် မေးပြီးမှ ထိုင်သည်။

'သူ့ကြည့်ရတာ လန်းပါတယ်၊ အိပ်ရာထဲ လဲမနေပါဘူး။ တစ်ခါတစ်လေတော့ သွေးပါတာပဲ။ သန်းသန်းလည်း ဦးစောဟန် ရုံးသွားတဲ့အခိုက် မနက်ဘက် ရောက်ပါတယ်။ နေ့လယ်တော့ ဝေ အိပ်ချိန်မို့ ဘယ်သူမှ



BURMESE CLASSIC .com

www.burmeseclassi.com



သွားလို့မရဘူး။ မယ်အေးလာရင် မေးရတာပဲ. . ’

‘ကိုင်း သန်းသန်းရယ် ကူးလိုက်ဦးမယ်၊ ဦးစောဟန်တော့ အလုပ်သွားဦးမှာ မဟုတ်ဘူး ထင်တယ်။ ညမှပဲ သန်းသန်းနဲ့ အေးအေးဆေးဆေး စကားပြောရမှာပဲ၊ ကိုကိုတို့က ဘယ်တော့ ပြန်လာမှာလဲ. . . ’

ထားထားက ထိုင်ရာမှ ထ လိုက်သည်။ ခြေလှမ်းမှာ သွားရန် ပြင်နေလေ၏။

‘သွားတော့မလား ထားထားရဲ့။ ကိုနေဦးတို့တော့ သုံးလေးရက်ကြာလိမ့်မယ်။ ထားထားလာမှာ မသိလို့ သွားကြရတာ။ သိရင် မသွားဘူး။ ဒါနဲ့ ထားထား ရခိုင်ပြည်နယ်ဘက် ပြောင်းရမယ်ဆို. . . ’

ပြင်ထားသည့် ခြေလှမ်ကိုမရုပ်ဘဲဖြင့်ပင် ‘ဟုတ်တယ်၊ ပြောင်းရခါနီးမို့ ဝေဝေ မမာနေတာ တွေ့ချင်တာနဲ့ လိုက်လာရတာ။ သွားဦးမယ် သန်းသန်းရယ်. . . ပြီးမှ ပြီးမှ ပြောစရာတွေ ပြောကြစို့’

သန်းသန်းမှာ အိမ်ဝသို့ သုတ်သုတ် ထွက်သွားသော ထားထားကို ကြည့်လျက်၊ မျက်နှာမကောင်းစွာဖြင့်သက်ပြင်းချလိုက်လေသည်။ သူတော့ စိတ်မကောင်းဖြစ်မှာပဲဟု စိတ်ထဲ၌ ညည်းတွားနေသည်။

ထားထားသည် အိမ်ရှေ့လိုက်ကာကြီးကို ဖယ်ကာ အတွင်းသို့ ဝင်ဝင်ချင်း ‘ဝေဝေရေ’ဟု အသံပေးလိုက်သည်။ ဧည့်ခန်းထဲတွင် မည်သူမျှ မရှိချေ။ ဝေဝေမှာ ဧည့်ခန်းနောက် ထမင်းစားခန်းထဲတွင်ရှိလျက် ‘မမထား’ဟု စားပွဲက ထ၍ အော်လိုက်ကာ ဝမ်းသာအားရ ပြေးထွက်လာလေ၏။

ဆွဲချလိုက်သလိုပင် ယခင်ကနှင့် ယခု ကိုယ်တစ်ခြမ်းစာမျှသာ ရှိမည့် ပိန်ချုံးလှသော ဝေ့ကိုယ်လေးကို မကြည့်ဝံ့ ကြည့်ဝံ့ဖြင့် ရင်ထဲအသည်းထဲ တလှုပ်လှုပ် တလှပ်လှပ်ဖြစ်ကာ အားအင် ဆုတ်လျော့သွားလေသည်။

ဝေဝေ၏ နှုတ်ခမ်းမှာ လှိုက်လှိုက်လှဲလှဲ ပြုံးရယ်နေလျက် မျက်လုံးများမှာ ရင်ထဲ၌ မမျိုသိပ်နိုင်ရှာဘဲ လှုပ်ရှားနေသည့် ဝေဒနာကို ဖော်ထုတ်ကာ၊



BURMESE CLASSIC .com

www.burmeseclassi.com



မျက်ရည်ဝဲဝဲ မျက်တောင်စင်းစင်း ဖြစ်နေပေ၏။

ဝေသည် ပြေးလာပြီး လက်ကို လှမ်း၍ ဆုပ်လိုက်သည်။ ထားထားက ပြန်၍ဆုပ်ရာတွင် လက်ချောင်းကလေးတွေ၏ အရိုးကိုသာ ဆုပ်မိလျက် အသားကို ပွတ်သပ် ရှာစမ်းယူရသည်။ လက်မှာ အငွေ့မရှိအေးနေ၏။

ဝေ၏ မျက်လုံး၌ ဖိတ်လက်သော အရောင်များ ပြည့်လျှမ်းနေကာ မျက်လုံးအိမ်မှာ မသိမသာ အတွင်းသို့ ချိုင့်ဝင်နေလေသည်။ မျက်နှာလေး တစ်ခုပဲ ပုံပန်း သိပ်မဆိုးဘဲ ကြည့်ရှုကောင်းနေကာ၊ အားရှိပါးရှိပြုံးထား၍ ဝင်းပနေလေသည်။

'မမထားရယ်၊ ဝမ်းသာလိုက်တာ။ လာမယ်ဆိုတာ စာရေးရောပေ့၊ ဝေ ညက အိပ်မက်တောင် မက်တယ်။ မမထားနဲ့ ဈေးထဲ ဈေးလျှောက် ဝယ်နေလိုက်ကြတာ၊ ဈေးက ရန်ကုန်ဈေးလိုလို. . .'

'မောပါ့မယ်ဟာ ဖြည်းဖြည်းပြောပါ'ဟု ထားထားက တားကာ၊ ဆိုဖာဆီသို့ လက်ကလေး ဆွဲခေါ်သွားလျက် အတူ ကပ်ထိုင်လိုက်ကြသည်။

ဝေ့ အသံလေး၌သာ မောသံလေးရှိလျက် ဝေ့အသိ၌ မောသည် မထင်။ မောပန်းမှန်း မသိ ရင်ထဲ၌ လှိုက်ဖို လှုပ်ရှားနေခြင်းသာ သိလေ၏။

'အေးဟာ ရခိုင်ပြည်နယ် မသွားခင်၊ နင်နဲ့ တွေ့ချင်တာနဲ့ ပြုန်းပြုန်း ဒိုင်းဒိုင်း ထ လာတာ၊ အကြောင်းမကြားနိုင်တော့ဘူး၊ ဦးစောဟန်ကော'

ဝေသည် ထားထား၏မျက်နှာကို ဝအောင် ကြည့်နေရင်းမှ အားအင် ပြည့်တင်းလာသကဲ့သို့ဖြစ်လာကာ၊ ရင်ထဲဝယ် ထိုအင်အားများမှာ ကျပ် သိပ်နေ၏။

'ကို အပေါ်မှာ အဝတ်လဲနေတယ်၊ လာပါလိမ့်မယ်။ မယ်အေး လည်းလေ ဝဖြိုးလို့ အလျင်လို မဟုတ်ဘူး။ မမထား အသားတွေလည်း လတ်လာတယ်။ အစ်ကိုကြီးနဲ့ကော တွေ့ခဲ့သေးသလား၊ အကြီးလည်း နေမကောင်း ဖြစ်သေးတယ်၊ သန်းသန်းတော့ ကလေး ရှိနေပြီလေ'



BURMESE CLASSIC .com

www.burmeseclassi.com



ဝေသည် ကြက်တူရွေးကလေး စကားပြော သင်နေသလိုပင်။ တွတ်တွတ်၊ တွတ်တွတ်နေအောင် မရပ်မနား စကားပြော၏။ 'စကားပြောလို့ မြိန်လိုက်တာ'

ထားထားမှာ ဝေ စကားပြောနေသည့်အတွင်း၊ ဆွယ်တာအင်္ကျီ လက်ရှည် နီညိုရောင် အပြင်ဘက်မှ ဖြူဖပ်ဖြူရော် ဖြစ်နေသော ဝှေ့အသွေး အရောင်များကို သေသေချာချာ ကြည့်မိ၏။ လည်ပင်းမှာ သေး၍ လည် ချောင်းကလေးရှည်နေလျက် စကားပြောလိုက်တိုင်း ပွပွလာလေသည်။

'အစ်ကိုကြီးနဲ့ ကြီးတော် မရှိဘူးဟ။ လယ်ထဲ သွားကြတယ်တဲ့၊ တစ်ရက်၊ နှစ်ရက် ကြာမယ်ပြောတယ်။ သန်းသန်းပဲ တွေ့ခဲ့တယ်။ ငါလည်း ပစ္စည်းတွေ ချပြီး စကားတောင် မပြောနိုင်ပါဘူး ပြေးလာတာ၊ နင်ကော အခု ဘယ်လိုနေသလဲ။ နေလို့ ကောင်းရဲ့လားဟယ်'

ဝေသည် အံ့သြသွားသည့် မျက်နှာကလေး ချက်ချင်း ပြောင်းသွားကာ 'ဟင် အစ်ကိုကြီးတို့ မရှိကြဘူးလား၊ သွားတာ သိတောင်မသိဘူး'ဟု ပြောကာ ခဏငေးနေလျက် ပြီးမှ သတိရသလို ပြုံးလိုက်ပြီး 'နေလို့ ကောင်းပါတယ်၊ သွေးမပါတာ တစ်လလောက်တောင် ရှိပြီ'ဟု ပြောလေသည်။

အိမ်ပေါ်မှ ဖိနပ်သံ ပေါ်လာ၍ နှစ်ယောက်စလုံး ပြိုင်တူလှေကား ဆီသို့ လှမ်းကြည့်လိုက်ကြသည်။

'ဟေး- ထားထားပါလား'ဟု ဦးစောဟန်က ဝမ်းသာရွှင်လန်းသည့် အမူအရာဖြင့် ပြောရင်း ခပ်သွက်သွက် လှမ်းလာလေသည်။

'ဝေနဲ့ စကားပြောနေတဲ့အသံ ဘယ်သူပါလိမ့်လို့ အောက်မေ့တယ် ထားထားကိုး၊ ဘယ့်နှယ် နေကောင်းရဲ့လား၊ သံတွဲပြောင်းမယ်ဆို'

ဦးစောဟန်သည် ထားထားတို့ ရှေ့တွင်ရပ်လျက် ပြုံးပြုံး ပြုံးပြုံးနှင့် ပြောပြီးလျှင် ထားထားအား စူးစူးစမ်းစမ်း ကြည့်ရှုသည်။ ထားထားသည် ဦးစောဟန်၏ သွယ်ကျနေသော မျက်နှာကို ကြည့်လျက် စိတ်လက် မချမ်း သာမှုန်း အကဲခတ်မိလေသည်။

www.burmeseclassi.com



'ရွှေ့လမှာ ပြောင်းရပါလိမ့်မယ်၊ မပြောင်းခင် ဝေနဲ့ တွေ့ချင်တာနဲ့ တစ်ညအိပ် လိုက်လာတာပါ၊ ထားထားက နက်ဖြန်ည ပြန်မယ်'

'အိုး- မြန်လှချည့်လား ထားထားရယ်၊ ရောက်တဲ့အခါ နေဦးမှပေါ့၊ သခင်နေဦးနဲ့ကော တွေ့ပြီးပြီလား'

ဦးစောဟန်မှာ ပြုံးရယ်နေလေသည်။ ထားထားကပြုံးလျက် 'သခင်နေဦး မရှိဘူး၊ တောက လယ်ထဲ သွားနေတယ်။ သန်းသန်းပဲ ရှိတယ်'ဟု ပြောလိုက်သည်။

'ဝေ နို့သောက်ပြီးပြီလား၊ ကဲ. . . ထားထားလည်း လက်ဖက်ရည် သောက်ရအောင်'ဟု ဦးစောဟန်က ဆိုကာ ထရန် လက်ပြနေလေသည်။ ဝေက 'ဝေ ပြီးပြီ'ဟု ပြောက ထ၍ ထားထားလက်ကို ဆွဲခေါ်ခဲ့သည်။ ဝေ၏ ချိုမြနေသော မျက်နှာကလေးမှာ သိသာရွှင်လန်းလွန်း၍ ဦးစောဟန်မှာ ထားထား ရောက်လာခြင်းအတွက် နှစ်သက် သဘောကျနေသည်။ စားစရာများခင်းပြင်ထားသောစားပွဲကြီးပေါ်တွင် ဝေ သောက်စားထားသော ပန်းကန်တို့မှာ စားလက်စ သောက်လက်စပင် တွေ့ရ၍ 'ဝေ မပြီးသေးပါလား ဟင်'ဟု ဦးစောဟန်က ပြောသည်။

'နို့ သောက်ပြီးပြီ ကိုရဲ့၊ မုန့်လည်း စားပြီးပြီ၊ ကော်ဖီသာ အကုန် မသောက်ရသေးတာ' ပြောပြောဆိုဆို ဝေသည် သူ၏ သောက်လက်စ ပန်းကန်လုံးကို ယူကိုင်လျက် 'ကဲ. . . မမထား ထိုင်'ဟု ဆိုလေသည်။

ထားထားသည် ဦးစောဟန်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်ကာ၊ မောင်မြက ထားထားအတွက် လက်ဖက်ရည် ပန်းကန်စုံ လာချပေးသည်။

ထားထား၏ မျက်လုံးထဲ၌ ထူးခြားသော အချင်းအရာ တစ်ခုကို တွေ့မိလျက်သား ဖြစ်နေသည်။ ထားထားသည် မျက်နှာမပျက်စေရန် သတိထားလိုက်ကာ ဝေ့ကို 'ထိုင်လေ'ဟု ပြောလိုက်သည်။

ဝေသည် သူ့လက်ထဲက ပန်းကန်ကို မော့သောက်ချလိုက်ပြီး မောင်မြအား ကမ်းပေးလိုက်ကာ ထားထား ဘေးနားတွင် ကုလားထိုင်



BURMESE CLASSIC .com

www.burmeseclassi.com



ဆွဲထိုင်သည်။

ဦးစောဟန်မှာ ဝေ့ရှေ့တွင် ဝေ့ကျန်းမာရေး အခြေအနေကို မပြောချင်၊ မဝေဖန်ချင်သကဲ့သို့ အခြားစကားများ ဟိုရောက် သည်ရောက်နှင့် လှည့်ကာပတ်ကာ ပြောဆို စားသောက်နေပြီးနောက်၊ ပြီးလျှင် နေရာမှ ထကာ 'ကဲ. . ထားထား၊ အလုပ်သွားဦးမယ်။ စကားပြောနေကြဦးနော်၊ မနက်စာ ဒီမှာစားပါ၊ ဝေက ၁၂ နာရီ စားပြီးရင် တစ်ရေးအိပ်ရလို့ ၁၂ နာရီ စားကြမယ်နော်'ဟု ဆိုလျက် အပြင်သို့ ထွက်သွားသည်။

ဝေသည် နေရာမှ ထ လိုက်သွားကာ ဦးစောဟန်ကို အိမ်ဝအထိ လိုက်ပို့လေသည်။ ထားထားမှာ အပြင်ဘက်မှ အလုပ်တိုက် မသွားခင် ဆေးသောက်ရန်၊ အညောင်းမထိုင်ရန် မှာကြားပြောဆိုနေသံကို နားစွင့်နေစဉ်၊ မယ်အေးသည် ထားထားနားသို့ ရောက်လာကာ'အစ်မ အလည်လာတာလား'ဟု လာမေးသည်။

'အေး-အေး ခဏလာတာ၊ နင်က ဝလို့၊ ဝေကတော့ ပိန်လိုက်တာ ဟယ်. . .'

'ပိန်ဆို အစ်မရယ်၊ မမ စားချင်တာမှ မစားရဘဲ၊ ငတ်နေတော့ ပိန်တာပေါ့'

မယ်အေးမှာ သူထင်ရာ သူပြောနေ၏။ ဝေ ကြားသွားမှာ စိုးရိမ်ဟန်ဖြင့် နောက်သို့ လှည့်ကြည့်ပြီးမှ တိုးတိုး လှမ်းပြောသည်။

ဝေသည် အတွင်းသို့ ပြန်ရောက်လာသည်။ မယ်အေးမှာ မျက်နှာပိုးသတ်လိုက်ကာ ထားထားအား ပြုံးကြည့်နေလေသည်။

'မယ်အေးတို့တော့ ဝပါအေ'ဟု ထားထားက ဆိုလိုက်ရာ၊ ဝေသည် မယ်အေးအား တစ်ချက် ပြုံးကြည့်လျက် 'ကဲ. . မမထား လာ၊ အပေါ်မှာ အခန်းထဲသွားပြီး အေးအေးဆေးဆေး စကားပြောကြရအောင်၊တော်တော်ကြာမှ ရေချိုးတာပေါ့နော်'ဟု ဆိုကာ ထားထားကို အပေါ်ထပ်သို့ ခေါ်တင်လာသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ထားထားမှာ ဝေ လက်ထပ်ပြီးမှ သည်အိမ်ပေါ်သို့ ပထမဆုံး တက်ခဲ့ခြင်းဖြစ်ရာ၊ ဟို ဒီကြည့်လျက် ဝေ့နောက်မှ လိုက်လာသည်။

အပြင်ခန်း၌ ရှင်းနေကာ ဘုရားစင်သာလျှင် ရှိသည်။ ကော်ဇောကြီးတစ်ချပ်မှာ အပြင်ခန်း၌ ခင်းထားလျက် ပက်လက်ကုလားထိုင်တစ်လုံးသာ တွေ့ရသည်။ အပြင်တစ်ဆောင်လုံးရှိ ကြမ်းခင်းမှာ ပြောင်လက် သန့်ရှင်း နေ၏။

အတွင်းတွင် အိပ်ခန်းနှစ်ခန်း ရှိသည်။ ဝေသည် ခြေရင်းခန်းက လိုက်ကာကို ဖယ်လျက် 'လာ မမ'ဟု လှည့်ခေါ်လိုက်သည်။

ထားထားမှာ အခန်းဝတွင် ရပ်ကာ အထဲသို့ မဝင်ဘဲ မျက်နှာပျက်သွားလေ၏။ ဝေသည် အခန်းတွင်းသို့ ဝင်သွားသည်။

'နင်က ဒီမှာ အိပ်သလား'

အခန်းထဲ၌ တစ်ယောက်အိပ် ခုတင်တစ်လုံးနှင့် စားပွဲတစ်လုံး၊ မှန်တင်ခုံနှင့် သေတ္တာများတွေ့ရသည်။ ထားထားသည် ကျောနောက်ရှိ ခေါင်းရင်းခန်းမှ လိုက်ကာကို သွားဖယ်လိုက်ကာ အတွင်းသို့ ခေါင်းဝင်ကြည့်လိုက်ရာ၊ အခန်းထဲတွင် ဝေ လက်ထပ်တုန်းက ဝယ်သည့်နှစ်ယောက်အိပ် ခုတင်ကြီးနှင့် မှန်တင်ခုံတစ်ခု၊ အဝတ်ဗီရိုစသည့် အိမ်ထောင်ပစ္စည်းများ ခန်းလုံးပြည့် သပ်ရပ်ခမ်းနားစွာ တွေ့မြင်ရသည်။

ထားထားသည် ခန်းဆီးကို လွှတ်လိုက်ကာ စိတ်မချမ်းမြေ့သော မျက်နှာကို မဖော်ပြဘဲ ခြေရင်းခန်းထဲ ဝင်လာခဲ့သည်။ ခုတင်ပေါ်၌ ဝေ ထိုင်နေလေသည်။ ဝေ၏ မျက်နှာလေးမှာ အေးချမ်း ငြိမ်သက်လျက် သိမ်မွေ့ နေ၏။ ဖြူစင် နူးညံ့နေလေသည်။

'ဝေ နေမကောင်းတော့ ဝေ ဒီဘက်ခန်းမှာ လာအိပ်တယ်၊ ဒီအခန်းက ဧည့်သည်ပါလာရင် သိပ်ဖို့ အခန်း၊ ဝေ ဒီဘက် ပြောင်းပြီး မယ်အေးနဲ့ အိပ်ကြတယ်'

ထားထားသည် ဝေ့ကိုမကြည့်ဘဲ မျက်နှာကို လွှဲထားကာ ခုတင်

www.burmeseclassi.com



နားမှ ပက်လက်ကုလားထိုင်၌ လှဲထိုင်လိုက်သည်။ နံနက်က လက်ဖက်ရည် စားပွဲတွင် ဝေ စားသောက်သော ပန်းကန်များမှာ ဦးစောဟန်နှင့် မိမိတို့သောက်သော ရွှေရေးပန်းနား ပန်းကန်ပုံစံမျိုး မဟုတ်ဘဲ၊ ဆေးရုံများတွင် သုံးလေ့သုံးထ ရှိသော ခပ်ထူထူ ဖြောင်အဖြူပန်းကန်လုံး၊ ပန်းကန်ပြားများဖြစ်၍ စိတ်ထဲ တစ်မျိုးတစ်မည်ကြီး ဖြစ်သွားခဲ့သည်။ ယခုလည်း ဝေ့ဟာ ဝေ တစ်ခန်းခွဲနေခြင်းကို မြင်ရပြန်ရာ စိတ်ထိခိုက်လာလေ၏။ ထားထားသည် မမေးဘဲ မနေနိုင်တော့၍ မေးကြည့်သည်။

'ပန်းကန်တွေ ဘာတွေ ခွဲစားနေတာလားဟယ်'

ဝေသည် ပြုံးလိုက်လေသည်။ ထားထားကို အပြုံးဖြင့်ပင် စိုက်ကြည့်လျက် ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မျက်နှာလေးမှ နဂို ပကတိ နူးညံ့စွာ အေးစက်စက်ဖြင့်ပင်. . .

'ဝေ စားတဲ့ ပန်းကန်တွေ စားပြီးရင် ရေနွေးနဲ့ပြုတ်တော့ တမင်ပဲ ပန်းကန်ထူထူကြီးတွေ သုံးရတယ်။ ပန်းကန်က ပါးတော့ ကွဲသွားမှာစိုးလို့'

ထားထားမှာ စိတ်ကို အတော်ထိန်းလျက် မတုန်မလှုပ် နားထောင်နေရသည်။ ဝေက အနည်းငယ်မျှ အမူအရာ မပျက်သဖြင့် ကိုယ်က အမူ အရာ ပျက်လို့လည်းမဖြစ်။ မပျက်သော အမူအရာဆည်ထားရာက ချော်လဲ ရောထိုင်ပင် လိုက်ပြောရတော့သည်။

'ကောင်းတယ်၊ ပိုးမွှားသေတာပေါ့ဟာ။ ဒါမှ သန့်ရှင်းတယ်'

ထားထား၏ ရင်မှာ နာလာသည်။ ရောဂါ မကူးစက်အောင် ကာကွယ်ခြင်း မှန်ကန်သော်လည်း တစ်အိမ်တည်း ခွဲခြားနေရသော ဝေ့အဖြစ်၊ ဝေ့ဘဝကို အသည်းနာသွားမိသည့် ထားထားမှာ ပြုံးလိုက်ကာ ဟန်အမူ အရာကောင်းကောင်းဖြင့် 'ဆရာဝန်က ပြုတ်ခိုင်းတာလား'ဟု ခပ်ပေါ့ပေါ့ပင် ဆက်ပြောသည်။

'မဟုတ်ပါဘူး၊ ဝေ့ဟာ ဝေလုပ်တာ၊ ကိုကတောင် မလုပ်ဖို့ ပြောသေးတယ်၊ ဒါပေမယ့် ဝေ့ စိတ်ထဲမှာ လုပ်ချင်တာနဲ့ လုပ်လိုက်တာပဲ၊ ဒီလို



BURMESE CLASSIC .com

www.burmeseclassi.com



လုပ်တာ ကောင်းတယ် မဟုတ်လား'

သူကပင် ပြန်မေးနေ၍ ထားထားမှာ လိုက်လိုက်လျောလျောဖြင့် 'ကောင်းတာပေါ့'ဟု ထပ်ပြောရသည်။

'ခွဲအိပ်တာလည်းလေ ဝေပဲ ခွဲအိပ်တာပဲ၊ ကိုယ့်ရောဂါကြီးနဲ့ ဘယ်သူနဲ့မှ မအိပ်ချင်ပါဘူး၊ အားနာပါတယ်။ ရောဂါမပျောက်ခင် ကိုယ့်ဟာကိုယ် တစ်ယောက်တည်း အိပ်ဖို့ကောင်းတာနဲ့ ဒီအခန်းထဲ လာအိပ်တာ'

ဝေသည် ပြောပြီး လုံးလုံးလျားလျားပင် ချိုမြိန်စွာ ပြုံးပြလေသည်။ ထားထားမှာ တစ်ဆို့ဆို့ကြီး ဖြစ်သွား၏။ ဝေ့အပြုံးနေယက်တွင် အသည်းနာတာလည်းမရှိ၊ စိတ်မကောင်းဖြစ်တာလည်းမရှိ။ စိတ်နှလုံးကောင်းသည့် သူကလေးတစ်ယောက်၏ အပြုံးဆိုမှ အပြုံးသက်သက်ပင်. . ။

ထားထားမှာ ကြိုးစားပြီး ပြုံးနားထောင်နေသည်။ စိတ်ထဲ၌မူ ဝေ့ကို အကဲခတ် ဝေဖန်လျက်ပင်။ စစ်ကိုင်းက ပြန်သွားမှ ယခု တွေ့ရသောဝေ၏ အထူးမြတ်ဆုံး ဖြစ်နေသည့် ငြိမ်သက်ခြင်းကို လေ့လာကြည့်သည်။ ခန္ဓာကိုယ်က ဘဝကို အရှုံးချည်း ပေးရလွန်း၍ ဝေ့နှလုံးသားမှာ ခိုင်မာလာပြီး သည်လောက် ချုပ်တည်းနိုင်စိတ် ရှိတာပဲဟု ကျိတ်ချီးကျူးမိသည်။

ရောဂါကြောင့် ပူပန်ထိတ်လန့်ပုံလည်းမတွေ့ရ၊ မျက်နှာတစ်ပတ်မှ မညှိုးခြင်းကို အံ့ဩမိသည်။

'ဆရာဝန်က ရောဂါအခြေအနေဘယ်လိုထင်မြင်သတဲ့လဲ၊ နင့်စိတ် ထဲမှာကော ဆရာဝန်နဲ့ ကုနေရတာ သက်သာတယ်လို့ ယူဆရဲ့လား၊ ရန်ကုန် လာပြီး ဓာတ်မှန်ရိုက်ရင် ကောင်းမှာပဲဟာ၊ မောင်ကတောင် ဆေးရုံကြီးတက် ဖို့ အကြံပေးပါနဲ့ တဖွဖွ မှာလိုက်တယ်၊ တက်မလား'

ဝေသည် စဉ်စားနေသည်။ စဉ်းစားနေပုံမှာ လေးလေးနက်နက်ဟုတ်လှ၏။ ဖျတ်ခနဲ စဉ်းစားသည့် အမူအရာသာလျှင် ရှိကာ ခပ်သွက်သွက် ပြန်ပြောသည်။



BURMESE CLASSIC .com

www.burmeseclassi.com



'ဆရာဝန်က ရန်ကုလည်း ဒီရောဂါ ဒီဆေးမျိုးပဲ ကုတာပဲ၊ မထူးပါဘူးတဲ့။ ဒီမှာ သူရှိတော့ အချိန်မရွေး၊ နေ့ညမပြတ် လာကြည့်နိုင်တယ်၊ ဂရုစိုက် ကုပေးနိုင်တယ်လို့ပြောတယ်။ အခု သွေးမပါတော့ သက်သာတယ်လို့ယူဆရာမှာပေ့ါ။ ဆေးရုံတော့ မတက်ချင်ပါဘူး။ ဒီမှာပဲ ကုမယ်လေ'

'ဆရာဝန်တော့ နင်တို့အိမ် လာရလွန်းလို့မြောင်းပေါက်မှာပဲ' ဟု ထားထားက ပြောပြီး ရယ်သည်။

'မြောင်းပေါက်နေတာကတော့ မပြောနဲ့တော့ မမထားရယ်၊ ကိုနဲ့လက်ထပ်ပြီးမှ ဆရာဝန်နဲ့ ဝေနဲ့ဟာ မတွေ့ဘူးဆိုရင် တစ်ပတ်လောက်ပဲခြားမယ်၊ ခုများတော့ နေ့တိုင်းပဲ။ ထိုးလိုက်ရတဲ့ဆေး၊ ဝေ့တစ်ကိုယ်လုံးဟာ အပ်ရာချင်းကို ထပ်နေတာပဲ။ ဝေဖြင့် အပ်ဆိုရင် အဝတ်ချုပ်တဲ့အပ်တောင် မကိုင်ချင်တော့ဘူး'

ဝေသည် ပြောပြီးရယ်လိုက်သည်။ ထားထားမှာတော့ ဝေ့အားသနားသွားသော မျက်လုံးဖြင့် မျက်တောင်ကလေး စင်းကြည့်နေ၏။ ဝေက ရယ်ပြီး တစ်ဖန် ကျွန္တေလေး ဆည်လိုက်ကာ'ဖေဖေပြောတာ သွားအမှတ်ရတယ် မမထားရယ်'ဟု ပြောပြီး ဖြတ်ထား၏။

ထားထားက 'ဘာပြောတာလဲ'ဟု ထောက်ပေးလိုက်သည်။

'ဒီရောဂါဟာ သူဌေးနာတဲ့၊ ပိုက်ဆံကို တင်းနဲ့ချင်ကုမှလို့ ပြောသွားဖူးတယ်။ ပိုက်ဆံတော့ သိပ်ကုန်တာပဲ မမထားရယ်'

'သြော် . . ကုန်တာပေ့ါဟာ၊ ကုန်မှလည်း ပျောက်မှာ။ အမောအပန်းကော ဘယ်လိုနေသလဲ၊ မောသလား'

'မောချင်လည်း မောတာပဲ၊ မမောချင်လည်းမမောဘူး၊ အမှန်ပါဘူး။ ဝေတော့ တစ်နေ့တစ်နေ့ ဘယ်လိုဖြစ်သလဲဆိုတာ မှတ်မထားဘူး။ ဖြစ်လည်း ဖြစ်တဲ့အတိုင်းပဲ၊ မဖြစ်လည်း မဖြစ်တဲ့အတိုင်းပဲ'

'နင်ကသာ မမောပါဘူး ဆိုတယ်။ နင့်အသံကလေးက မောသံလေးလိုပဲ။ လာပါဟာ၊ နင်က ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ပါ၊ ငါက



BURMESE CLASSIC .com

www.burmeseclassi.com



ခုတင်ပေါ်မှာ ထိုင်ပါ့မယ်’

‘ဒီကုလားထိုင်ပေါ်မှာ မထိုင်ချင်ပါဘူး မမထားရယ်၊ လူမမာနဲ့ သိပ်တူတာပဲ၊ ထိုင်ပါ. . . မမထား ထိုင်ပါ. . ’

ထားထားသည် ဝေ့မျက်နှာကို စိုက်ကြည့်ကာ မျက်မှောင် ကြုတ်လျက် ‘ဘယ့်နှယ်ဟာ သက်သက်သာသာဖြစ်အောင် ထိုင်တာပဲ၊ လူမမာနဲ့ တူရဦးမလား’ဟု ပြောလိုက်၏။

ဝေသည် အသံထွက်အောင် ရယ်လိုက်လေသည်။ ထို့နောက် စကားပြောရန် လုပ်ပြီးမှ ထပ်၍ ရယ်နေပြန်သည်။ ထားထားမှာ မျက်မှောင်ကုတ်ကုတ်ဖြင့် ဝေ့အား မျက်တောင်မခတ် ကြည့်နေသည်။

‘ပက်လက်ကုလားထိုင်ပေါ်မှာ ဝေ ထိုင်နေမှဖြင့်ရင် သူရော မယ်အေးရောပဲ၊ မောသလား၊ နေမကောင်းဘူးလားနဲ့ လာမေးကြပါပြီ။ ဒီပြင်ကုလားထိုင်မှာထိုင်နေရင် မမေးဘူး။ ဒီကုလားထိုင်ဆိုရင် မေးတတ်လို့ ဒီကုလားထိုင်ပေါ် လှဲနေတဲ့ဝေဟာ လူမမာကြီးနဲ့များ တူနေသလားလို့’

ထားထားမှာ သက်ပြင်းချလျက် ပန်းလျသွားလေကာ မပြောချင်ပြောချင်ဖြင့် ပြောရသည်။

‘လူမမာနဲ့ တူကော ဘာဖြစ်ရမတုန်းဟ၊ သက်သက်သာသာနေမှပေါ့’

ဝေသည် တစ်ခွန်းမှ မတုံ့ပြန်ဘဲ ထားထားအား ကြည့်နေ၏။ ဝေ့မျက်နှာမှာ တစ်ခုခု ပြောလိုမှန်း ပေါ်လျက် အပြောရ ခက်နေဟန်ပင်။ ဝေသည် ဘာမှမပြောတော့ဘဲ ခုတင်ပေါ်မှ ထလိုက်ကာ ‘ကဲ- မမထား၊ လန်းသွားအောင် ရေဆင်းချိုးလိုက်ပါဦး’ဟု ပြောပြီး မယ်အေး တက်လာရန် လှမ်းခေါ်လိုက်သည်။

ထားထားမှာ မယ်အေးနှင့်အတူ အောက်သို့ ဆင်းလျက် ရေချိုးသည်။ ရေချိုးခဲ့ပြီး မယ်အေးအား တစ်ဖက်အိမ်၌ သေတ္တာထဲတွင် အင်္ကျီလုံချည် ယူခိုင်းလိုက်ပြီး အပေါ် ပြန်တက်ခဲ့ရာ၊ အခန်းထဲ၌ ဝေ့ကို သနပ်ခါး



BURMESE CLASSIC .com

www.burmeseclassi.com



သွေးနေတာတွေ့၍ 'မသွေးပါနဲ့ဟာ၊ နေပါစေ'ဟု လှမ်းပြောလိုက်သည်။

'မမထား မျက်နှာလေး လူးဖို့ ဝေ သွေးပေးတာပါ၊ ကိုယ် လူးဖို့တော့ ရှိသားပဲ'

အားနည်းပိန်ချုံးပြီး နေမကောင်းဖြစ်နေလျက် ထားထားမျက်နှာ လူးရန် မယ်အေးကို မခိုင်းဘဲ၊ သူ့ဆီလာခိုက် သူကိုယ်တိုင် သနပ်ခါးသွေးပေး ရမှသာ ကျေနပ်လေ၏။ ထားထားမှာ သည်လိုရောဂါမျိုးမှာ အပင်ပန်းခံဖို့ မသင့်၊ အိပ်ရာပေါ်သာ လှဲနေလိုက်သဖြင့် လှုပ်လှုပ်ရှားရှားသွားလာနေ သည်ကို မကြိုက်ချေ။ ထားထား ဖြီးလိမ်းပြီး ဝေမှာ အောက်သို့ ရေဆင်းချိုး သည်။ ထားထားသည် ဝေ မျက်နှာလူးရန် သနပ်ခါးကို သူက ပြန်သွေးထား လိုက်သည်။

ဝေသည် 'မမထားကလည်း ဘာလုပ်သွေးရသလဲ'ဟု နှုတ်ခမ်း စူရောင်ရောင်ဖြင့် ချစ်စဖွယ်ပြောကာ၊ သနပ်ခါး ယူလူးရင်း စကားတတွတ် တွတ် ပြောနေသည်။

အကြောင်းအရာများမှာ စုံနေလေသည်။ မိခင်၏ ဘဝကို ဒုက္ခကင်း ငြိမ်းကြောင်း၊ မိခင်ကျင့်သော တရားသာလျှင် သုခအစစ်အမှန်ဖြစ်ကြောင်း သတိတရားရရှိမိပုံအတိုင်း ပြောနေလေ၏။ မြို့ထဲရပ်ထဲက အသိမိတ်ဆွေ များ သတင်းကို သန်းသန်းထံမှ သိသမျှ ကြားသမျှ တစ်ဆင့် ဖောက်သည် ချသည်။ ထားထားမှာ ဝေ၏ နုံရိုးပြိုင်းပြိုင်းထနေသော ခန္ဓာကိုယ်လေးကို စိတ်မသက်မသာဖြင့်မျက်နှာလွှဲကာ မကြည့်မိအောင် ရှောင်တိမ်းနေရသည်။ ဝေသည် ထားထားအတွက် စိတ်ပူနေသည်။ ရခိုင်ပြည်နယ်သွားလျှင် အစား အသောက် ဆင်းရဲမှာကို တွေးတောပူပန်ကာ ငါးပိငါးခြောက်သယ်သွားရန် တဖွဖွ မှာနေသည်။

'လူမမာလည်း စကားပြောလိုက်တာဟယ်၊ နားပါဦးတော့' ဟု ငေါက်လိုက်ရသည်။ ဝေ့မှာ စကားပြောလို့မဝနိုင်။ ကိုက စကားများများ မပြောရန် တားမြစ်ထား၍ ထို့နောက်ကွယ်တွင် အတိုးချပြီး ပြောနေလေ၏။



BURMESE CLASSIC .com

www.burmeseclassi.com



ထားထားမှာ ဦးစောဟန် ပြန်လာပြီး နံနက်စာစားကြပြီးမှ သည် ဘက်အိမ်သို့ ပြန်ကူးလာခဲ့သည်။ ညနေဘက် တစ်ဖန် ကူးသွားပြန်ကာ ညစာ စားပြီးမှ ပြန်ကူးလာခဲ့သည်။

ဝေ စားပုံ သောက်ပုံများကိုလည်း မျက်စိထဲ မြင်နေလေသည်။ ဝေ နေပုံထိုင်ပုံများကို မျက်စိထဲ မြင်နေလေသည်။ စားပွဲခုံ အစွန်းတွင် သူ့ပန်းကန်၊ သူ့ဇွန်းနှင့် သူ အစားအစာက သတ်သတ်၊ ဆေးသောက်ခြင်း လည်း ခဏခဏ၊ ဒါတွေကို ဝေကမမှု။ ဦးစောဟန်၏ ဇယားအတိုင်း နံနက်တစ်မျိုး ညနေတစ်မျိုး ဝတ်စားဖြီးလိမ်းခြင်း မပျက်၊ ညည်းညူ ခြင်းမရှိဘဲ စိတ်လက်ရှည်ရှည် ကြံ့ကြံ့ခံနိုင်နေသည်။

ဦးစောဟန်၏ ယုယဂရုစိုက်ခြင်းမှာ ကမ်းကုန်နေသဖြင့် ထားထား မှာ ဘေးကနေ စိတ်အိုက်အိုက်ဖြင့် ပင့်သက်ချမိသည်။

'သက်ဆိုးရှည်မှာ မဟုတ်ဘူး သန်းသန်းရယ်'ဟုဆိုကာ မျက်ရည် များ စီးကျလာလျက် ထိုနေ့ည တစ်ညလုံး မအိပ်နိုင်တော့ချေ။ ဝေ့အတွက် အားမရသဖြင့် တွေးလိုက်တိုင်း ရင်ထဲတွင် ကျပ်သိပ်ပြီး အသက်ရှူရ ကျပ် လာလေသည်။

နောက်တစ်နေ့ ဝေ့မှာ မလန်းလှဘဲချောင်းဆိုးနေရာ ဦးစောဟန်က 'ဝေ မနေ့က စကားသိပ်ပြောတယ်ထင်တယ်၊ ဝေ့ရောဂါက စကားသိပ် ပြောဖို့ မကောင်းဘူး ထားထားရဲ့၊ ချောင်းဆိုးလာတယ်'ဟု ပြောပြီးမှ အလုပ်ထွက်သွားလေသည်။

ထားထားသည် ဝေ့ကို စကားမပြောရန် တားရသည်။ ဝေ စိတ်ပြေ လက်ပျောက်ဖြစ်စေရန် ဟိုအကြောင်းပြော၊ သည်အကြောင်းပြောနှင့် အချိန် ကုန်စေလျက်၊ ဝေဒနာအတွက် အားမငယ်ရန်လည်း သွယ်ဝိုက်ကာ အားပေး စကား ပြောနေသည်။ ဝေ့ကို ခုတင်ပေါ်တွင် လှဲခိုင်းကာ သူလည်း ဘေးက ကပ်လှဲလျက် အိပ်ပြီး စကားပြောကြသည်။

ညနေဘက် သဘော်ဆိပ်သို့ မဆင်းခင် ဝေ့မျက်နှာလေးမှာ မသိ



BURMESE CLASSIC .com

www.burmeseclassi.com



မသာ ညှိုးနေလျက်၊ ဦးစောဟန်နှင့် ထားထားတို့ စကားကောင်းနေကြ ခိုက် ဘေး၌ထိုင်ကာ တစ်ချက်တစ်ချက် ငိုင်နေလေ၏။

'ဟေး ချာတိတ်. . . ဆေးသောက်ပြီးပြီလား'ဟု ဦးစောဟန်က လှမ်းပြောလိုက်လျှင် ချက်ချင်းပြုံးကာ ခေါင်းကို ညိတ်ပြလေသည်။ ထားထား သည် မမှောင်ခင် ထ ပြန်လာခဲ့သည်။ ဝေနှင့်မျက်နှာချင်းဆိုင်ကာ 'ငါ သွားမယ်နော်'ဟု နှုတ်ဆက်လိုက်ရာ၊ ဝေသည် ပြုံးလိုက်ကာ ခေါင်းညိတ်ပြီး ထားထား၏ မျက်နှာကို ဝဝကြီး စိုက်ကြည့်နေလေ၏။

'ဆင်းလိုက် တက်လိုက် လှုပ်လှုပ်ရှားရှား မနေနဲ့၊ အိပ်ရာထဲမှာ ငြိမ်ငြိမ်လေး လှဲပြီး အနားယူနေပါ'

ဝေ့မှာ ထားထား မှာကြားနေခြင်းကို ခေါင်းညိတ်ဖော်လေးပင် မရဘဲ၊ ထားထား၏ မျက်နှာကို ပြုံးယောင်ယောင် မျက်နှာလေးဖြင့် ဝဝကြီးသာ စိုက်ကြည့်နေမိလေ၏။

## (၂၀)

ဝေသည် လမ်းထဲမှာ မောင်းထုသံ ကြားလိုက်၍ ရင်ထဲ ဖိုသွားကာ၊ လမ်း ဘက်သို့ နားစွင့်လိုက်သည်။ ဦးစောဟန်မှာ ခါးထောက်လျက် ပြတင်းပေါက် နား သွားရပ် နားထောင်လေသည်။

"လူအများ ကြားသိစေလိုက်သည်။ မည်သူမဆို လက်ရှိ သုံးစွဲနေကြသော ငွေစက္ကူများ ထောင်တန်၊ ရာတန်မှ ကျပ်တန် အထိ တို့ဗမာအစိုးရ ရုံးတော်သို့ ယူလာကြရမည်။ တို့ဗမာအစိုးရ တံဆိပ် ခပ်နှိပ်ကြရမည်။ တံဆိပ်တော် မနှိပ်ဘဲ သုံးစွဲခြင်းကို ဖမ်းဆီးမိက ကြီးလေးသည့် အပြစ်ဒဏ်ပေးမည် . . .'

ဦးစောဟန်သည် မျက်နှာပျက်ပျက်ဖြင့် ဝေ့နားသို့ လျှောက်လာကာ ဟူးခနဲ သက်ပြင်းကြီး မှုတ်ထုတ်လိုက်၏။ ထို့နောက် ဝေ့အား သရော်သော



BURMESE CLASSIC .com

www.burmeseclassi.com



မျက်နှာဖြင့် 'သခင်နေဦး အမိန့်မှတ်တယ်'ဟု ရယ်ပြောလိုက်သည်။

'အစ်ကိုကြီး ပုသိမ်က ခုထက်ထိ ပြန်မလာသေးဘူးတဲ့။ တစ်နေ့က သန်းသန်း ပြောသွားတော့ ပုသိမ်ရောက်မယ့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို သွားကြိုနေတယ် ဆိုလား. . .'

သခင်နေဦးမှာ မြို့ပေါ်ရှိ အစိုးရအရာရှိများ မဆုတ်ခွာခင်ပင် ပုသိမ်သို့ ထွက်သွားလေသည်။ ပုသိမ်၌ ဘီအိုင်အေတပ်များနှင့်တွေ့ရန် တိတ်တဆိတ် အစီအစဉ်ရှိလေသည်။

အစိုးရများ ဆုတ်ခွာသွားသွားချင်း မြို့ကို သခင်အဖွဲ့က သိမ်းလိုက်သည်။ မြို့ကို သိမ်းထားသည့် မြို့အုပ်ချုပ်ရေးအဖွဲ့မှ သခင်များသည် အာဏာလက်ကိုင်ဖြင့်မိုးမမြင်လေမမြင် ဖြစ်ကုန်ကာ အမိန့်အမျိုးမျိုး ထုတ်နေကြ၏။

ဦးစောဟန်မှာ ဖြုန်းခနဲ ကစဉ့်ကရဲ ဖြစ်သွားသောတိုင်းပြည်အခြေအနေအရ အလုပ်တိုက်ကို ဖျက်သိမ်းလိုက်ရကာ၊ မော်လမြိုင်ကျွန်းတွင် သောင်တင်နေတော့သည်။

အစိုးရများ ဆုတ်ဆုတ်ချင်း သခင်များက ဦးစောဟန်လက်ထဲမှ မျက်နှာဖြူပိုင် ငွေများကို လာသိမ်းကြရာ၊ လက်ကျန်ရှိသမျှ အားလုံး အပ် လိုက်လေ၏။

ဦးစောဟန်မှာ သခင်များ မြို့သိမ်းပြီးသည့်နောက် အိမ်ပြင်သို့ပင် မထွက်တော့ချေ။ အိမ်ထဲ၌သာနေလေ၏။ အားလုံး အဆက်ပြတ်ကုန်သည့်အတွက်၊ ဝေ့ရောဂါအတွက် ရှေ့ရေး ပူပန်နေလေသည်။ သောက်ဆေး၊ ထိုးဆေးများ လုံလောက်ပါ့မလားဟု ကြောင့်ကြစိုးရိမ်နေရသည်။

ဆရာဝန်မှာ အစိုးရများ ဆုတ်ခွာသွားသည့်အထဲတွင် လိုက်မသွား ကျန်ရစ်ခဲ့၍၊ ဝေ့အတွက် တော်သေးရဲ့ဟု အောက်မေ့ရသည်။ ဆရာဝန်နှင့်သာအပေါင်းအသင်းလုပ်လျက် အိမ်ထဲတွင် ခပ်ကုပ်ကုပ် နေလေ၏။

ဝေ့မှာ ရန်ကုန်တွင် ဂျပန်ဗုံးချပြီဟု သိသိချင်း ထားထားတို့ ရန်ကုန် ပြောင်းသွားသည့်အတွက် စိတ်သက်သာရာရသည်။ ရန်ကုန်၌ လူပေါင်း

www.burmeseclassi.com



မြောက်မြားစွာ သေကျေ ပျက်စီးသည့် သတင်းမှာ နှလုံးကို ထိခိုက်ကာ သွေးပြန်ပါနေလေသည်။ အိမ်၌ ထမင်းချက်ကုလားကြီး ပြန်သွားသည်။ မောင်မြနှင့်ပင် စခန်းသွားကြရသည်။ မီးဖိုချောင်ကိစ္စ ချက်ရေးပြုတ်ရေးများကို ဝင်ပါ စီမံပေးရသည်။

ရှိသည့် ခွန်အားလေးနှင့်ပင် အိမ်ထဲ၌ လှုပ်ရှားသွားလာ စီမံပေးနေလျက်၊ ဦးစောဟန်၏ အနောက်နိုင်ငံ စနစ်များ ဖရိုဖရဲ မဖြစ်ရစေအောင် ထိန်းသိမ်းထားလေသည်။ "ကို့"အတွက် "ကို"ကြိုက်တတ်သည့် ဝီစကီအရက်ပုလင်းများနှင့် ငါးသုံးလုံးစီးကရက်ဘူးများကို စုဆောင်းဝယ်လှောင်ထားလိုက်သည်။ နောင် ဝယ်မရမှာကို စိုးရိမ်ကာ ဆပ်ပြာမွှေး၊ သွားတိုက်ဆေး၊ မုန့်သေတ္တာ၊ ထောပတ် စသော အိမ်သုံးပစ္စည်းများကို သေတ္တာနှင့် ရိုက်လှောင်ထားလေသည်။ "ကို"နှင့် ဆေးပေါ့လိပ်မဖြစ်။ "ကို"နှင့် ကောက်ညှင်းပေါင်းနှင့်မဖြစ်။ "ကို့"အတွက်က အရေးကြီးသည်။ နိုင်ငံခြားပစ္စည်းများပြတ်မှာ၊ ငတ်မှာ "ကို့"အတွက် သနားနေလေသည်။

ဆရာဝန် ညနေပိုင်းရောက်လာမှ မြို့ရေး ရွာရေး သတင်းများ ပြောပြ၍ ကြားသိကြရသည်။ သခင်များသည် ခြောက်လုံးပြူး ခါးထိုးကာ ရုံးထိုင်နေကြ၏။ မြို့မှာ မငြိမ်မသက်ဖြင့် ကျီးလန့်စာစားဖြစ်နေလေသည်။

ဆရာဝန်မှာ ဝေ့ကို ဆေးထိုးပြီး အရက်ခွက်ကို ကိုင်လိုက်ကာ၊ ဦးစောဟန်နှင့် ခေါင်းချင်းဆိုင်လျက် တိုးတိုး တိုးတိုး ပြောကာ အရက်သောက်ကြသည်။ မြို့ထဲတွင် ဝီစကီပုလင်း ဝယ်မရတော့ချေ။ ဦးစောဟန်ဆီ လာမှ သောက်ရလေသည်။

ဗမာ့ လွတ်လပ်ရေးတပ်မတော် ဆိုက်ရောက်လာသည်။ ကိုနေဦး ပါမလာ၍ ဝေ့မှာ ကိုနေဦးအတွက် စိတ်ပူနေသည်။ ကိုနေဦးမှာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးနှင့် အထက်သို့ လိုက်သွားကြောင်းကို လူကြုံနှင့်တစ်ဆင့် သိကြရသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် အတူ ဂျပန်စစ်တပ်မှ ဂျပန်စစ်ဗိုလ်များ ပါလာရာ၊ တို့ဗမာ အစိုးရရုံးတွင် ဂျပန်



BURMESE CLASSIC .com

www.burmeseclassi.com



အလံကြီး လွှင့်ထူကြလျက် ဂျပန်ကို မာစတာ ခေါ်ကြ၏။

ဝေ့မှာ ဂျပန်တွေ လာသည်ဟုသာ သိလိုက်ရကာ မမြင်ဖူးချေ။ မကြာမီ ရန်ကုန်၌ ဂျပန်က ပါးရိုက်နေသော သတင်းဆိုးကြီး ပျံ့နှံ့လာလေသည်။ ဦးစောဟန်မှာ ရေဒီယိုကို ဝှက်ထားလိုက်သည်။ ဂျပန်ဆိုလျှင် ကျောထဲက စိမ့်လာသည်။

ကိုနေဦး ပြန်မရောက်မီ သန်းသန်းမှာ မျက်နှာမြင်နေရာ၊ ဝေသည် သန်းသန်းထံသို့ သတင်းမေးသွားချင်နေသည်။ သန်းသန်းထံသို့သွားနိုင်ရန် သူ့ကိုယ်သူ နေကောင်းသလိုလုပ်ပြနေရ၏။ နေကောင်းသလို ဆိုသည်မှာ လန်းနေရသည်။ရွှင်ရွှင်ပျပျဖြင့် ဖျတ်ဖျတ်လတ်လတ် အမူအရာလေးရှိနေရ၏။ စိတ်ကိုဆောင်ကာ ရွှင်ပျ ဖျတ်လတ်ရသည်မှာ သိပ်မသက်သာလှ။ လှုပ်ရှားခြင်းများလျှင် မောလာ၍ လူမသိအောင် တိတ်တခိုး မောရလေသည်။

မသွားမီ တစ်ရက်နှစ်ရက် ကြိုတင်လျက် မမောမပန်း လန်းပြနေပြီးမှ တစ်ညနေတွင် 'ကိုရယ် သန်းသန်း မျက်နှာမြင်နေလို့ သွားကြည့်ပါရစေ'ဟု ခွင့်တောင်းလိုက်လေသည်။

ဦးစောဟန်မှာ မျက်မှောင်ကြုတ်သွားလျက် 'လမ်းလျှောက်နိုင်ရဲ့လား ဝေရယ်၊ မောနေပါဦးမယ်'ဟု ဆိုကာ ဝေ့ကျန်းမာရေး အခြေအနေကို စူးစမ်းစစ်ဆေးသော မျက်လုံးကြီးများဖြင့် တစ်ကိုယ်လုံး သိမ်းကျုံးကြည့်လိုက်သည်။ ဝေက ပြုံးလိုက်ကာ 'နီးနီးလေးပဲဟာ၊ ဝေ လျှောက်နိုင်ပါတယ်၊ မမောပါဘူး'ဟု ပြောလိုက်သည်။

ဦးစောဟန်မှာ ဖြစ်ပါ့မလားဟု တွေးတောပူပန်သော အမူအရာများဖြင့် ဝေ့အား ကြည့်နေ၏။ ဝေ့မှာ ရင်ထဲက ဖိုလျက် ပြုံးနေလေသည်။ ဦးစောဟန်သည် ခေါင်းကို ခါလိုက်ကာ 'ဟိုကျ အိမ်ပေါ်တက်ရမှာ၊ မဖြစ်ပါဘူး ဝေရယ်၊ မသွားပါနဲ့'ဟု ဆိုလလေသည်။

'အိမ်ပေါ်မှာ မဟုတ်ဘူး ကိုရဲ့။ မျက်နှာမြင်တာ အောက်မှာပါ၊

www.burmeseclassi.com



ဝေ သွားကြည့်ပြီး ပြန်လာခဲ့မှာပဲ၊ တစ်အောင့်ပါ’

ဝေသည် စိတ်အားထက်သန်သော အမူအရာလေးဖြင့် ပြောဆိုနေလေသည်။ ဝေ့မျက်လုံးမှာ မျှော်လင့်ခြင်းအပြည့်ဖြင့်။ ဝေ့နှလုံးမှာ တဆတ်ဆတ် ခုန်နေလေသည်။

ဦးစောဟန်မှာ တွေ၍ နေပြီးလျှင်၊ စိတ်ထဲ၌ သဘောမတူဘဲ မကောင်းတတ်လွန်း၍သာ ခွင့်ပြုလိုက်ရတော့သည်။

‘သွားလေ၊ သိပ်ကြာကြာတော့ မနေနဲ့၊ ဘာကျွေးကျွေးမစားနဲ့နော်။ မယ်အေး ခေါ်သွား၊ စကားလည်း သိပ်မပြောနဲ့ဦးနော်၊ နန္ဒင်းနံ့တွေလည်း မခံနဲ့၊ ချောင်းဆိုးလာဦးမယ်၊ ဇာကက်သာပုလင်းလေး ယူသွား’

ဝေ့မျက်နှာလေးမှာ ကြည်လင်တောက်ပသွားကာ ဝမ်းသာလွန်း၍ လက်ကလေးများ တုန်နေလေသည်။ ဦးစောဟန်မှာ ဝေ့ကို အိမ်ဝအထိ လိုက်ပို့သည်။ ဝေက ရှေ့ကတဖြည်းဖြည်းလျှောက်သွားလျက်၊ မယ်အေးက နောက်မှ သွားကြပုံကို မျှော်ကြည့်နေသည်။ ဝါးခြမ်းပြားလေး ထောင်ထားသလို ဝေ၏ လူစဉ်မမီသော ကိုယ်လုံးကလေးကို နောက်ကနေကြည့်လျက် သက်ပြင်းကြီးချကာ အိမ်ထဲသို့ ဝင်သွားလေ၏။

‘ဟယ်- ဝေတို့ လာတယ်ဟဲ့’ဟု ကြီးတော်သက်က ဝမ်းသာအားရ ဆီးကြိုသည်။ ဝေ့မှာ အိမ်ထဲတွင်နေစဉ်က သည်လောက် အားကုန်ခန်းနေမန်း မသိခဲ့။ လမ်းထွက်လာမှ တလှပ်လှပ်ဖြင့် မောနေရင်း အားအင်မရှိတော့မှန်း သိလာလေသည်။

ထမင်းစားခန်းထဲ၌ ကွပ်ပျစ်ပေါ်တွင် သန်းသန်းကို တွေ့ရသည်။ သန်းသန်းမှာ အိပ်ရာပေါ်လှဲလျက် တစ်ကိုယ်လုံး ဝင်းထိန်နေကာ ခေါင်းပေါင်း ပေါင်းထားသည်။ သန်းသန်းဘေးနားရှိ ဖာထဲတွင် အဝတ် အုပ်ထည့်ထားသော ကလေးကို အဝတ်သွားလှပ် ကြည့်လိုက်သည်။ နီထွေးသော ကလေးမျက်နှာလေးကို တွေ့ရ၍ ‘သန်းသန်းရယ်၊ အစ်ကိုကြီးနဲ့ တူတယ်နော်’ဟု ဝမ်းသာအားရ ပြောလိုက်လေသည်။



BURMESE CLASSIC .com

www.burmeseclassi.com



သန်းသန်းသည် သွားများ ဖွေးနေအောင် ဖော်ပြီးနေ၏။

'သူက သမီးလေး လိုချင်တာမဟုတ်ဘူး ဝေရဲ့၊ သားလေး လိုချင်တာ'ဟု ပြောလိုက်သည်။

ဝေသည် ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်၏။

'နေမကောင်းဘဲနဲ့ ဘာလုပ်လာရလဲ ဝေဝေရယ်၊ သန်းသန်းနေကောင်းပါတယ်'ဟု သန်းသန်းက ပြောနေသည်။ မီးနေသည်ကိုယ်မှ နနွင်းနံ့များဖြင့် ဝေ့မှာ ချက်ချင်းခေါင်းထဲက အုံလာသည်။ ကြီးတော်သက်မှာ ကိုနေဦးအတွက် စိတ်မအေးဘဲ၊ ပူပန်စကားများပြောနေ၏။

ကိုနေဦးမှာ တပ်မတော်နှင့် အထက်သို့ ပါသွားကြောင်းသာ သိကြရကာ၊ ဘယ်ရောက်နေမှန်းမသိရပေ။ အိမ်ရှေ့ခန်း၌ လူဝင်လာသံကြား၍ ကြီးတော်သက် ထွက်ကြည့်ပြီး 'ဘိုးမြိုင်၊ မင်းနှယ်ကွယ် ပျောက်ချက်သားကောင်းလိုက်တာ၊ ပြန်လာသေးသကိုး'ဟု အံ့ဩစွာ အော်ပြောလိုက်လေသည်။

ဝေသည် နေရာမှ ရုတ်တရက် ထလိုက်ကာ 'ဦးလေးဘိုးမြိုင်'ဟု တလျက် အပြင်ခန်းသို့ ထွက်လာလေသည်။ ဝေ့ကိုမြင်သော ဦးလေးဘိုးမြိုင်မှာ မျက်လုံးကြီး ပြူးသွားလျက် မျက်စိမျက်နှာ ပျက်ပျက်ဖြင့် 'ဟင် . . . ဝေဝေ. . ကလေး ဘာဖြစ်နေသလဲ'ဟု တုန်တုန်ယင်ယင် လှမ်းမေးနေသည်။ ဝေသည် ဦးလေးဘိုးမြိုင်နားသို့ ကပ်သွားသည်။ ဝေ့ပခုံးလေးကို ဆီး၍ ကိုင်လိုက်ရာ ဝေ့မှာ မချုပ်တည်းနိုင်ဘဲ မျက်ရည်များ ဝဲလာလေသည်။

'ထိုင်စမ်းဟယ်. . . ထိုင်စမ်း၊ ကလေး အိမ်ထောင်ကျတယ်ဆိုတာ ဦးလေး ပြန်ရောက်မှ သိရတယ်၊ အစ်ကိုဆုံးပြီးမှ တောင်တွင်းကြီးလာတဲ့ မိတ်ဆွေတစ်ယောက်က အစ်ကိုဆုံးတာ ပြောလို့ ပုပ္ပားသွားခါနီး သိရတယ်။ ဦးလေးလည်း သွားချင်ရာသွားနေလိုက်တာ နှံ့နေတာပဲ၊ တိုင်းပြည် ပျက်ခါနီးမှ ပြန်လာရတယ်။ ဦးလေး ကျိုက်ပိရောက်တာ အင်္ဂလိပ် မပြေးခင် ကလေးပဲ'

www.burmeseclassi.com



ဝေ့ကို ကုလားထိုင်၌ အထိုင်ခိုင်းကာ စကားဆုံးမှ ဝေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် သွားထိုင်သည်။

ဦးလေး ဘိုးမြိုင်မှာ ဝေ၏ အချစ်ဆုံး ဦးလေးဝမ်းကွဲ ဖြစ်သည်။ ဦးစောဟန်နှင့် အသက်ချင်း မတိမ်းမယိမ်းပင်ရှိမည်။ ဝေ အိမ်ထောင်မကျမီက တောင်တွင်းကြီးက ဆေးဆရာတစ်ယောက်နှင့် အထက်သို့ လိုက်သွားရာ သတင်းမကြားရဘဲ မြုပ်နေလေ၏။ သားမယားမရှိ တစ်ကိုယ်တည်း အစ်မနှင့်နေကာ၊ အထက်မသွားခင် ကျိုက်ပိတွင် ဆေးဆရာ လုပ်နေလေသည်။

'ဦးလေးတို့များ နေနိုင်လိုက်တာ. . .'ဟု ဝေက ငိုသံလေးဖြင့် အပြစ်တင်နေလေသည်။

'ဆရာ သွားရာလိုက်ပြီး ဆေးပညာသင်နေလို့ ကြာနေတာပါ။ ကဲ ကလေးအဖြစ်ကို ဦးလေး ပြောစမ်းပါဦး၊ ကတဲ လူရုပ်တောင် မပေါ် တော့ပါကလား၊ ဘာရောဂါတုံး ကလေးရယ်'

'ဘာရောဂါရမလဲ၊ မောင်ဘိုးသိန်း ရောဂါမျိုးပေါ့ကွယ်။ ချောင်းဆိုးသွေးပါလေ၊ ခုတော့ ဆေးထိုးနေရတယ်'

ကြီးတော်သက်က ပြောပြီး စကားဖြတ်ချင်၍ 'သန်းသန်းလည်း မျက်နှာမြင်နေတယ်။ မောင်နေဦးလည်းမရှိဘူး။ တပ်မတော်နဲ့ ပါသွားတာ ပြန်မလာသေးဘူး။ မိန်းကလေးကွယ့်၊ ချစ်စရာလေး'ဟု ဆက်ပြောလိုက်သည်။

'သြော်. . သြော်'ဟု ဆိုကာ ဝေ့ကို 'ဆေးထိုးတော့ သက်သာရဲ့လား' ဟု မေးပြန်သည်။ ဦးဘိုးမြိုင်မှာ ဝေ့ ဝေဒနာကို ဆေးဆရာမျက်စိဖြင့် ဝေဖန်ကာ စစ်ဆေးလိုပေသည်။ ဝေ့မှာ မည်သူက မေးမေး၊ သက်သာပါတယ် ဟုချည်း ပြောခဲ့သူ ဖြစ်သည်။ သည်မေးခွန်းမျိုးကို ဖြေနေကျအတိုင်းမဖြေ။

'ဦးလေးရယ်. . မသက်သာပါဘူး။ ဒီရောဂါက မသေမချင်းထိုးနေရမှာပါ'ဟု တုန်ယင်သောအသံလေးဖြင့် ရင်ထဲရှိတာ ဖွင့်အန်ညည်းပြော



BURMESE CLASSIC .com

www.burmeseclassi.com



လိုက်သည်။

ဒေါ်သက်မှာ မျက်နှာကြီး ပျက်သွားကာ ဝေ့အား လှမ်းကြည့်လျက် ရင်ထဲ နောက်သွား၏။

'မဟုတ်တာကွယ်၊ မသက်သာရင် မထိုးနဲ့လေ။ ကလေးတို့က တယ် ခေတ်ဆန်ကြတာကိုး၊ တစ်ဆိတ်ရှိ ဆေးထိုးချင်တာပဲ။ ဦးလေးသာ ကုရင် ဒီရောဂါ ဆေးတောင်မတိုက်ဘူး။ ဓာတ်စာကျွေး ကုတာနဲ့ ပျောက်တယ်။ ဘယ့်နှယ်လဲ. . ဦးလေးကုပေးမယ်၊ ဦးလေးက အပ်နဲ့မကုဘူး။ ဓာတ်နဲ့ ကုမှာ'

ဝေ့မှာ မိမိအသက်ကို ဦးလေးဘိုးမြိုင် လက်ထဲသာ ပုံအပ်လိုက်ချင် သည်။ နေ့စဉ်နှင့်အမျှ ဆေးချည်းထိုးနေရကာ လူမှာ တစ်နေ့ထက်တစ်နေ့ ပိန်ချုံးလျက် တစ်နေ့ထက်တစ်နေ့ အားနည်းလာခြင်းကို ကိုယ့်ဟာကို အသိဆုံးဖြစ်၍၊ အပြောင်းအလွဲကုကြည့်ချင်သည့် စိတ်ကလေးဖြစ်ပေါ်လာ မိသည်။ ဖခင်ရှိစဉ်က ဦးလေးဘိုးမြိုင် သွေးပါဖူးရာ ဆေးမထိုးဘဲ ဓာတ်စာ များများစားပြီး ပျောက်သွားခြင်းကို ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့သည်။

ဦးလေးဘိုးမြိုင်မှာ ဓာတ်ဆရာ ဖြစ်သည်။ တောင်တွင်းကြီးက ပြန်လာမှ လေးလုံးခြောက်ဖက်ကြီးဖြစ်လာသော ကိုယ်ခန္ဓာကြီးမှာ ကျန်းမာ ရေး ပြည့်စုံလျက် အားရစရာကောင်းနေ၏။ အသက်သာ အသေခံလျှင် ခံရမည်။ ဦးလေးဖိုးမြိုင်နှင့်ကုဖို့ရာမဖြစ်နိုင်သောအခြေအနေကို တွေးကာ စိတ်ထဲ နာကျင်ပြင်းပြသွားလေ၏။

'ဘယ့်နှယ်လဲ. . ကုမလား၊ ကုပါကလေးရယ်၊ ဦးလေး တာဝန် ယူပါတယ်'

ဒေါ်သက်မှာ မျက်မှောင်ကြုတ်လျက် မျက်လုံးမှာ ဝေးငိုင်နေသည်။ ဦးလေးဘိုးမြိုင်မှာ စိတ်ပျက်လက်ပျက်ဖြင့် တွေမှိုင်နေသော ဝေ့ကို အားမလို အားမရဖြင့် 'ကလေး. . ဆေးထိုးတာ ဖြတ်လိုက်တော့၊ ဦးလေးလည်း ရွာမပြန်ဘူး၊ ကလေး မပျောက်မချင်းမပြန်ဘူးလေ၊ ကလေးကို ကုပြီးမှ



BURMESE CLASSIC .com

www.burmeseclassi.com



ရွာပြန်မယ်၊ ဘယ့်နှယ်လဲ’ဟု တွင်တွင်သာ ပြောနေ၏။

ဝေသည် ဦးလေးဘိုးမြိုင်ကို မကြည့်ဘဲ ခေါင်းကိုယမ်းကာ‘မဖြစ်ပါဘူး ဦးလေးရယ်၊ ဝေ့ကံနဲ့ဝေရှိပါစေတော့’ဟု ဆိုလျက် နေရာမှ ထသွားလေသည်။ ဦးလေးဘိုးမြိုင်၏ မျက်ဝန်းမှ အဆမတန် ကျယ်သွားလျက် နားမလည်သည့်အတိုင်း ဝေ ထသွားခြင်းကို တမ်းတမ်းစွဲ လိုက်ကြည့်နေစဉ်၊ ဒေါ်သက်မှာ ဦးဘိုးမြိုင်အနား ကပ်သွားကာ လက်တို့လျက်လေသံဖြင့် တိုးတိုးတိုးတိုး ပြောနေလေသည်။

‘သန်းသန်း၊ ဝေ ပြန်မယ်နော်၊ အစ်ကိုကြီးရောက်ရင် မယ်အေးကိုပြောလိုက်နော်၊ မေမေ့ဆီက စားလည်းမရဘူး၊ မေမေနေကောင်းရဲ့လားမသိဘူး၊ မမထားတို့ သတင်းလည်း ဘာမှ မကြားရဘူး’

ဝေသည် သန်းသန်းအား နှုတ်ဆက်ပြီး စကား ရပ်ပြောနေ၏။ သန်းသန်းမှာ ဝေ၏ အားနည်းနေသော အသံကလေးကို ဂရုထားမိလျက် စိတ်ထဲ လေးလံကာ ဝေ့ကို စိုက်ကြည့်နေလေသည်။

‘လမ်းတွေက အဆက်ပြတ်သွားတော့ ဘယ်လာဦးမလဲ ဝေဝေ၊ နောက်တော့ လာမှာပေါ့၊ ပူမနေပါနဲ့၊ ကိုနေဦးလည်း ပြန်လာမှာပဲ၊ လာတော့ ပြောလိုက်မယ်၊ ပြန်. . . ပြန်’

ဝေသည် သန်းသန်းနားမှ လှည့်ထွက်လာခဲ့သည်။ ဧည့်ခန်းတွင် ခေါင်းချင်းဆိုင်လျက် တီးတိုးပြောနေကြသော ဦးလေးဘိုးမြိုင်နှင့် ဒေါ်သက်တို့သည် စကားပြောရပ်လိုက်ကြကာ ကိုယ်ရှိန်သတ်လျက် ဝေ့ကိုလှမ်းကြည့်လိုက်ကြသည်။

‘ဦးလေး၊ ဝေဝေ ပြန်တော့မယ်’

ဦးလေးဘိုးမြိုင်မှာ ဒေါ်သက်ထံမှ ကြားရသိရ၍ အဓိပ္ပာယ် နားလည်ရှင်းလင်းသွားသည့် မျက်စိမျက်နှာဖြင့် ‘ကလေး ပြန်တော့မယ်လား၊ အေးအေး. . . ပြန်’ဟု သူ့အသံကို သူထိန်း၍ ပြောနေသည်။

ဦးလေးဘိုးမြိုင်၏ ထိန်းပြီး ပြောလိုက်သော အသံမှာ အသည်းထဲ



BURMESE CLASSIC .com

www.burmeseclassi.com



အေးစက်သွား၏။ တစ်ထိုင်ချင်း ပြောင်းလဲသွားပုံများမှာ ရင်ထဲကို ဟာသွားလေ၏။ "ငါ့အကြောင်း ဦးလေးဘိုးမြိုင် သိသွားပြီ"ဟု ရင်ခေါင်းထဲဆို့တို့တို့ဖြင့် မျက်နှာမထားတတ်သလောက် တင်းကျပ်သွားလေ၏။

ဝေသည် ခြေလှမ်းမှားမတတ်ဖြင့်ပင် အိမ်ဝသို့ ရောက်လာခဲ့သည်။ ဒေါ်သက်သည် ဝေ့ကိုအိမ်အဝအထိလိုက်ပို့ကာ 'နေကောင်းအောင်နေဟယ်' ဟု မှာလိုက်လေ၏။

ဦးစောဟန်သည် ဝေ၏ ညှိုးလာသော မျက်နှာကလေးကို ဒက်ခနဲ မြင်မိသည်။ ဝေ့မျက်နှာမကောင်းလျှင် ရင်ထဲ အနှောင့်အယှက်ဖြစ်တတ်သည့်အတိုင်း စိတ်ညစ်သွားသည်။ ဝေ့စိတ်ကို အနှောင့်အယှက်ဖြစ်အောင် ဘာများဖြစ်လာပြန်သလဲဟု ရင်ထဲ၌ ထိတ်သွားသည်။

'သန်းသန်း နေကောင်းရဲ့လား ဝေ'

ဝေသည် ဆိုဖာပေါ်တွင် ထိုင်ကာရုတ်တရက် မဖြေနိုင်။ နားပြီးမှ 'နေကောင်းပါတယ်'ဟု ပြောသည်။

'ဘယ်သူနဲ့ တွေ့ခဲ့သေးသလဲ'

ဦးစောဟန်၏ မျက်နှာကို လှမ်းကြည့်လိုက်ကာ ဦးလေးဘိုးမြိုင်နှင့် တွေ့ခဲ့ကြောင်းကို ဖွင့်ပြောချင်လာသည်။ ဝေသည် မရဲတရဲဖြင့် ရှေ့တိုးရန် ဟန်ပြင်လျက် နေ၏။

'ဦးလေးဘိုးမြိုင်နဲ့ တွေ့ခဲ့တယ်'

'ဘယ်သူလဲ၊ ဝေပြောတဲ့ ဆေးဆရာဆိုတာလား'

ဝေသည် ခေါင်းညိတ်ပြ၏။ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်ကြသည်။ ဦးစောဟန်သည် ဝေ တစ်ခုခု ပြောစရာရှိမှန်းကို ရိပ်မိလာသည်။ ဘာများလဲဟု တွေးထင်လိုက်၏။

'ပြောပါဦး၊ ဆေးဆရာက ဘာပြောလိုက်သလဲ'

ဦးစောဟန်မှာ ဝေနှင့် မျက်လုံးလွှဲလိုက်သည်။ ဝေသည် စိုက်လျက်ကြည့်လျက် တွေနေပြီးနောက် ပြုံးလိုက်၍ အပြုံးတွင် မဲ့ယောင်ယောင်



BURMESE CLASSIC .com

www.burmeseclassi.com



ကလေးများ ဖက်နေလေသည်။

'ဆေးဆရာက ဝေ့ကို ဆေးကုပေးမယ် ပြောတာပေါ့'

ဦးစောဟန်သည် 'ဟဲ. . ဟဲ'ဟု ရယ်လိုက်၏။ ထင်ချက်နှင့် ကိုက်နေသဖြင့် ပြက်ရယ်ပြုသောရယ်သံမှာ ဝေ့ရင်ထဲ အောင့်သွားလေသည်။

'ဒီတော့ ဝေက ဘာပြောခဲ့သလဲကွယ်'

ဦးစောဟန်သည် ဝေ့ကိုကြည့်လျက် ဝေ့သဘောထားကို အကဲခတ်နေသည်။ မြန်မာ့ဆေးများ စိတ်လည်လာသလားဟု အမူအရာတွင်ရှာကြည့်ရသည်။ စိတ်အားထက်သန်နေသော အရိပ်အယောင် မတွေ့ရ၍ ရင်အေးရလေ၏။ ဝေသည် အသက်မဝင်သောမျက်နှာဖြင့် ဦးစောဟန်အားခြောက်သွေ့သွေ့ အေးစက်စက် ကြည့်ရှုနေလေသည်။ ဦးစောဟန်မှာ ထိုအကြည့်မျိုးကို မကြိုက်၍ ကြာရှည်စွာ ရင်မဆိုင်ဘဲ တစ်နေရာသို့ မျက်နှာလွှဲသွားသည်။

'ဝေက ပြောခဲ့ပါတယ်၊ ဝေ့ကဲနဲ့ဝေ ရှိပါစေ၊ မကုဘူးလို့ ပြောခဲ့ပါတယ်'

ဝေသည် ပြောပြီး မျက်လွှာချလိုက်ကာ ငြိမ်သက်စွာပင် ရင်ထဲမှ ခုန်နေသံကို ပြန်နားစိုက်နေလေသည်။ ဝေ့အသံမှာ ဝမ်းနည်းသံလေးအဖျားခတ်သွားရာ ဦးစောဟန်မှာ မျက်နှာပျက်သွားလျက် ဝေ့ရှေ့၌ လာရပ်လိုက်သည်။

'ဝေ ဘယ်လို ပြောတာလဲ၊ ဆရာဝန်နဲ့ ကုနေတာ မကြိုက်လို့လား ဟင်'

ဝေသည် မျက်လွှာကလေး ပင့်ကြည့်လျက် 'မကြိုက် မရှိပါဘူးကိုရယ်'ဟု တောင်းပန်သံကလေးဖြင့် ပြန်ပြောလေသည်။ ဦးစောဟန်မှာ ဝေ့အတွက် စိတ်မချမ်းမသာ ဖြစ်သွားမိသည်။ ဝေ၏ စိတ်အားလျှော့ထားသော လက္ခဏာနှင့် ဆို့နှစ်သော အသံကလေးမှာ ရင်ထဲ ဂယက်ရိုက်ထသွားသည်။



BURMESE CLASSIC .com

www.burmeseclassi.com



ဦးစောဟန်မှာ အင်္ဂလိပ် မပြေးမီက ဝယ်ရသမျှ ထိုးဆေးများကို ဘယ်လောက်စျေးဆိုဆို သိုလှောင်စုဆောင်းထားလိုက်ကာ၊ ဆရာဝန်အား အရက်ကလေး လှိုင်လှိုင်တိုက်လျက် အကြိုက်ပေးပေါင်းနေရ၏။ ဆရာဝန် မရှိမှာ အကြောက်ဆုံးဖြစ်သည်။ ဆရာဝန်မလာမှာ အလန့်ဆုံး ဖြစ်သည်။ ဆရာဝန်နှင့်ဝေးလျှင် ခုချက်ချင်း အသက်ပျောက်သွားတော့မလောက် ဝေ့အတွက် စိုးကြောက်ပူပန်နေရသည်။ သည်ရောဂါမျိုး ဆရာဝန်ကလွဲ၍ ဘယ် မြန်မာဆရာမှမကုတတ်ဟု တစ်ထစ်ချ တွက်ထားသည်။ ဝေ့ကို ဆရာဝန်လက်ထဲ အပ်ထားသော်လည်း သေမှာပဲဟုတော့ တွက်ထားလေ သည်။ ဝေ့အခြေအနေမှာ တစ်နေ့ထက် တစ်နေ့ အားမရစရာ၊ မတိုးတက် တာလည်း သိ၏။ တစ်နေ့ထက်တစ်နေ့ ဆုတ်ယုတ်နေတာလည်း မြင်၏။ မတိုးတက်ဘဲ ဆုတ်ယုတ်နေသည့် အကြောင်းရင်းကို အဖြေရှာသည်မှာ

'ရောဂါအဆောက်အအုံကကြီးလို့ပဲ' ဟု ကိုယ့်အဖြေနှင့် ကိုယ်။ ကိုယ့်အသိနှင့်ကိုယ် ဆေးတွေ ထိုးနိုင်လွန်းလို့ ဆရာဝန်ကြောင့် သည် လောက် ခံနေပါကလားဟုသာ အတွေးအခေါ်ရှိလျက်။ သည်လောက် ဆေးထိုးနေလျက် မသက်သာပါကလားဟု အတွေးမခေါ်တတ်ပေ။

အလုပ်မလုပ်ဘဲ အိမ်တွင် နားနေခိုက် ဝေ့ကို နေ့စဉ်နှင့်အမျှ အကဲခတ်နေရသည့် အလုပ်ကြီးတစ်လုပ်ဖြင့် စိတ်ပင်ပန်းနေလေသည်။ ဝေ့ကိုလည်း သနားလှသည်။ ဝေ့ကိုကြည့်ကြည့်ပြီး သက်ပြင်းချသည်။ လူမမာလို ဘယ်တော့မှမနေဘဲ ထူထူထောင်ထောင်နေလျက်၊ ဘယ်အခါ ကြည့်ကြည့် သပ်သပ်ရပ်ရပ်ကလေး တွေ့ရကာ ငြိမ်ငြိမ်သက်သက်လေး၊ အေးအေးဆေးဆေး နေတတ်ပုံကြောင့် သနားစရာ၊ ချစ်စရာ ကောင်းနေ လေသည်။

'ဆရာဝန်ကလွဲပြီးဘယ်သူကုနိုင်မှာလဲ ဝေရယ်၊ မြန်မာဆေးဆိုတာ နှစ်ဆွေးနှစ်ချို့ ပိုးကိုက်လောက်ထိုး အမြစ်အရွက်တွေကိုမဆလာလို သံဆုံ ထဲ စုထောင်းပြီး ညစ်ညစ်ပတ်ပတ် ဖော်သောက်တဲ့ တစ်ပဲခြောက်ပြား



BURMESE CLASSIC .com

www.burmeseclassi.com



ဆေးတွေ ဝေရဲ့၊ ဘယ်လို အစွမ်းအာနိသင်များရှိဦးမှာလဲ။ အင်္ဂလိပ်ဆေးက ကမ္ဘာအရပ်ရပ်က သုံးရတာ၊ ဘယ်လောက် သန့်ရှင်းသလဲ၊ ဆေးဖော်တာ လက်နဲ့တောင် ထိတာမဟုတ်ဘူး။ ဝေ မြင်တယ်မဟုတ်လား၊ ထိုးဆေး ဖန်ပုလင်းလေးတွေ လုပ်ထားတာများ ဘယ်လောက် စနစ်ကျသလဲဆိုတာ။ ပြီး. . . တစ်ပဲ ခြောက်ပြား မဟုတ်ဘူး'

ဦးစောဟန်မှာ ဆေးတစ်ဖုံ ငါးမူးခြောက်မူးသာ ကုန်သည် ကြားဖူးသော မြန်မာဆေးကို များစွာမှ စိတ်ပျက်လေ၏။ မသက်သာချင် နေ၊ သက်သာချင် သက်သာ အင်္ဂလိပ်ဆေးဖြစ်လျှင် ကျေနပ်သည်၊ စိတ်ချသည်။ ပိုက်ဆံကုန်လျှင် ကုန်ပေ့စေ၊ သူ့ယုံကြည်ချက်နှင့်သူ။

ဝေ့မှာ "ကို" ပြောသလိုလည်း ဟုတ်သလိုလိုပင် ဖြစ်၍ ငြိမ်နားထောင်နေသည်။

'ဟုတ်တယ် မဟုတ်လား ဝေ'

ဝေက ခေါင်းညိတ်လိုက်ရာ၊ သည်တော့မှ စိတ်သက်သာရာ ရသွားလျက် ဝေ့ရှေ့က ဆိုဖာတွင် သွားထိုင်လေသည်။

မှောင်ရီစ ပြုလာလေပြီ။ ဝေသည် အနားမှ ခြေသံမကြား ထသွားလျက်၊ အိမ်ထဲတွင် ခြေသံမကြား တလှုပ်လှုပ် တရွေ့ရွေ့ သွားလာနေ၏။ အချိန်ကျ၍ စားပွဲခုံတွင် တစ်ယောက်တည်း သွားထိုင်ကာ သူ့ပန်းကန်နှင့်သူ ကြက်စွပ်ပြုတ်ကို တစ်ဇွန်း၊ နှစ်ဇွန်း သွားသောက်သည်။ ပေါင်မုန့်ကလေး တစ်ဖဲ့ နှစ်ဖဲ့ စားသည်။ ကြက်ဥဟပ်ဘွိုင်ကို တို့ကနန်း ဆိတ်ကနန်း မြည်းလျက် စားသောက်ပြီး ခြေသံမကြား အိမ်ပေါ်သို့ တက်သွားလေ၏။

ဦးစောဟန်မှာ အရက်သောက်ရင်း ဝေ့အကြောင်းကို တစ်မျှင် တစ်တန်းကြီး အတောမသတ် စဉ်းစားနေလေသည်။ ဝေနှင့် ရခါစက နေကြ ထိုင်ကြပုံများမှာ ခေါင်းထဲသို့ဝင်ဝင်လာသည်။ မျက်စိထဲ ပေါ်ပေါ်လာသည်။ ယခု ဝေ့အခြေအနေမှာ အားရစရာမရှိ၍ ရင်ထဲပူလာလျက် ဦးနှောက် ရှုပ်လာ၏။ ဦးနှောက်ရှုပ်ရှုပ်ဖြင့် နောက်ဆုံး အတိတ်နှင့် ပစ္စုပ္ပန်ကို ဘယ်



BURMESE CLASSIC .com

www.burmeseclassi.com



ဒင်းမှ မစဉ်းစားမိအောင် တစ်ခွက်ပြီးတစ်ခွက်မော့ကာ၊ လူခြေတိတ်လောက်မှ နေရာမှ ထလိုက်သည်။

ဦးစောဟန်သည် ထမင်းစားပွဲကြီးကို တစ်ချက်ကြည့်လျက် မောင်မြအား ခေါင်းခါပြလိုက်ကာ အိမ်ပေါ်သို့ တက်လာခဲ့သည်။ ခြေသံမကြားအောင် သတိနှင့် ထိန်းနင်းလျက် ယိုင်တိယိုင်တိုင်ဖြင့်ပင် သူ့အိပ်ခန်းထဲသို့ မဝင်ခင်၊ ဝေ့အခန်းမှ ခန်းဆီးကိုသာ အသာ လက်နှင့် ဖယ်၍ ကြည့်လိုက်လေ၏။

လရိပ်ဖြင့် ခွေလျောင်းလဲနေသော ဇာခြင်ထောင်အတွင်းမှ ဝေ့ပုံသဏ္ဍာန်လေးကို ဝိုးတဝါး မြင်ရကာ၊ နှလုံး တစ်လှပ်လှပ်ခုန်လျက် သူ့အိပ်ခန်းထဲသို့ ချာခနဲ လှည့်ဝင်သွားရလေ၏။

## (၂၁)

ဝေသည် မှန်ရှေ့တွင် ထိုင်လျက် မှန်ရိပ်ထဲမှ သူ့ရုပ်ပုံလွှာကို တစိမ့်စိမ့် ကြည့်မိလေသည်။ အသားရောင်မှာ ဖျော့တော့ကာ ဝါလွဲ့လွဲ့ ဖြစ်နေ၏။ ယခင်က ပြည့်ဖောင်းနေသော ပါးမှာ ချိုင့်ခွက်ကာ သွယ်ကျနေလေသည်။ နှုတ်ခမ်းမှာ ဖြူလွှန်းသည်။

မျက်နှာမှ ကိုယ်ကို လှမ်းကြည့်လိုက်သည်။ လက်မောင်းတို့သည် ကြုံလှီသေးကွေးကာ အသားလုံးလုံး မရှိပေ။ လက်မောင်းလုံးကလေးကို ဆုပ်ကြည့်လိုက်ရာ လက်မနှင့်လက်ညှိုးအကွေးထဲတွင် ချောင်ချောင်ကလေး ဖြစ်နေသည်။ လက်ဖဝါးများမှာ ဖြူနေကာ အကြောစိမ်းတို့ကို မြင်ရ၏။

အခန်းထဲသို့ "ကို"ဝင်လာမည်ကို စိတ်မချသလို တံခါးဘက်ကို လှည့်ကြည့်ပြီးမှ ထဘီရင်ရှားကို ဖြုတ်ကာ၊ ကရမက်ခွက်ထဲက ကရမက်ရည်ဖြင့် ရင်ကို သပ်လူးနေသည်။ ကိုယ်တွင်းမှ ပြိုင်းပြိုင်းထလျက် ငေါ်နေသော နံရိုးချောင်းများနှင့် ကြမ်းကြမ်းတမ်းတမ်း ထိမိခိုက်မိ၍ မှန်ထဲတွင်

www.burmeseclassi.com



နံရိုးပြိုင်းပြိုင်းကို ဖော်လှုပ်လျက် အမှတ်တမဲ့ ကြည့်လိုက်သည်။

ငေါထွက်နေသော နံရိုးတို့ပေါ်တွင် အရေပြားကလေးသာလျှင် ဖုံးကပ်နေကာ၊ နံရိုးများကြားတွင် ချိုင့်ဝင် ဟောက်နက်လျက် ရှိသည်။ ဝေသည် ပုံထဲတွင် တွေ့ဖူးသော ကမ္ဘဋ္ဌာန်း ရုပ်ကောင်ကြီး၏ ကိုယ်ခန္ဓာ အရိုးစုကြီးကို ရှုနေရသလို စိတ်ဝယ် မှတ်ထင်မိကာ စိုက်၍ ကြည့်နေမိ၏။

မယ်အေးမှာ ကျောနောက်၌နေလျက် ကျောကိုလူးလိမ်းပေးနေရာမှ မှန်ထဲက မြင်ကွင်းကို ရဲရဲ မကြည့်ရဲပေ။ မကြည့်ဘဲလည်း မနေနိုင်၍ တစ်ချက် ကြည့်လိုက်သည်။ အရိုးများပေါ်ကာ၊ အချောင်းလိုက် အကြောင်းကြောင်း ထင်နေသော ရင်အုံတစ်ခုလုံးသည် မယ်အေး မျက်စိထဲတွင် ရှုပ်ယှက်ခတ်သွားလေ၏။ ဝေ၏ ခန္ဓာကိုယ် အတွင်းကို မယ်အေး တစ်ယောက်သာ စေ့စေ့စပ်စပ် မြင်ဖူးသည်။

ဝေသည် ထဘီကို ပြင်၍ အသာ ရင်ရှားလိုက်သည်။ မယ်အေး ဘက်သို့ ကိုယ်ကိုလှည့်ပေးလိုက်ကာ ထဘီကို ဒူးဆစ်အထိ ဆွဲတင်လိုက်၏။ မယ်အေးသည် ခွက်ထဲမှ သနပ်ခါးနှင့် ခြေသလုံးကို ညင်သာစွာ ပွတ်လူး ပေးသည်။

ကြွက်သားမရှိသော ခြေသလုံးမှာ အသားကုန်၍ အရိုးချည်း ကျန်သော ဘဲ ခြေထောက်ရိုး၊ ကြက်ခြေထောက်ရိုးကဲ့သို့ အရိုးချောင်းလိုက် ကိုင်မိကာ အငွေ့တစ်စက်မှ မရှိချေ။

မယ်အေးမှာ ရှားရှားပါးပါး အသားရှာမရသော ခြေသလုံးကလေးကို ဆွဲသပ်လျက် လူးနေရင်း 'အကြီးက နံ့သာဖြူတုံး ဈေးထဲက ဝယ်လာ မယ် ပြောတယ်၊ ကျွန်မ ပြီးတော့ သွားယူမယ်နော်၊ မမ ဘာမှာဦးမလဲ' ဟု မေးကြည့်သည်။

'အစ်ကိုကြီးကို ရေဒီယို ခိုးမဖွင့်နဲ့လို့ ပြောလိုက်'

ဝေမှာ ကိုနေဦး ပြန်ရောက်လာသည်ကိုသာ သိရကာ မတွေ့ရချေ။ ကိုနေဦးမှာ ဗမာ့တပ်မတော်နှင့် အထက်သို့ ပါသွားကာ၊ ဒေါက်တာဘမော်

www.burmeseclassi.com



အစိုးရ မဖွဲ့မီကလေးပင် ပြန်ရောက်လာသည်။ ယခင်က ဂျပန်လာလျှင် လွတ်လပ်ရေးရမည်ဟူသော စွဲမြဲယုံကြည်ချက်သည် လွဲမှားသောယုံကြည်ချက်ဟု သိမြင်လာသည်။ တိုးတက် တက်ကြွခဲ့သော နိုင်ငံရေး စိတ်ဓာတ်များမှာ ပျက်ပြားဆုတ်လျော့ သွားလေသည်။ ဂျပန်၏ ညှဉ်းပန်းဖိနှိပ်မှုကို ကိုယ်တွေ့မျက်မြင် ကြုံခဲ့ရ၍ ဂျပန်ကို မုန်းတီးလာခဲ့၏။ 'ဂျပန်ကို မောင်းထုတ်ရမည်'ဟု တပ်မတော်အတွင်း၌ ကြားခဲ့ရသော တီးတိုးသံကို အချင်းချင်း တစ်ဆင့် ပြန်လက်တို့လျက် "ဂျပန်ကို ပြန်ချမှ" ဟု တီးတိုး ပြောနေလေ၏။

ကိုနေဦး ဂျပန်ကို ဆန့်ကျင်နေကြောင်း ဒေါ်သက် ပြောသွား၍ ဝေ့မှာ နိုင်ငံရေး မလုပ်ဘဲ အေးအေးနေရန် လူကြုံတိုင်း သတိပေး မှာကြားနေရ၏။

ဝေသည် လေသံကလေးနှင့် ပြောလိုက်သည်။ လေသံကလေးနှင့် ပြောရသည်ပင် မောသည်ထင်၍ သူ့အသံကို သူငြိုးငြိုသကဲ့သို့ လက်တို့ ခြေတို့ဖြင့် အရိပ်ပြလိုက်သည်သာ များသည်။ "ကို့"တစ်ယောက်သာလျှင် အပင်ပန်းခံလျက် အသံထွက်ပြီး စကားပြောသည်။

'မမဖို့ ဒီညစာ ကြက်ဝယ်မရခဲ့ဘူးတဲ့၊ အဲဒါ ကိုမြက သေတ္တာထဲက အသာဘူး ဖောက်ပြုတ်ရမလားတဲ့'

ဝေသည် ပြီးစလွယ်ပင် ခေါင်းညိတ်ပြလိုက်သည်။ ကြက်ပြုတ်ရည်နှင့် လူလုပ်နေသော ဘဝတွင် ငြီးငွေ့လွန်လွန်း၍၊ ကြက်သံကြားလျှင် ရင်ထဲက ထိတ်လန့်တတ်သည်။ ထမင်းပွဲတွင် နှုတ်ခမ်းပေါ်သို့ ကျလာသော စွပ်ပြုတ်အရည်အစက်များကို လျှာဖြင့် မနည်းသိမ်းရသည်။

ဝေသည် မှန်ဘက်သို့ လှည့်လိုက်ကာ သွားပွတ်တံဖြင့် မျက်ခုံးကို ပွတ်ခြစ်ပြီးနောက်၊ တစ်ဆောင့်ရပ်နားက အသက်ကိုမှန်မှန်ရှူလျက် အမောဖြေနေလေသည်။ ပြီးမှ လုပ်ရိုးလုပ်စဉ်အတိုင်းပင် လက်ခုပ်ထဲမှ ကိုယ်လူး ပေါင်ဒါမှုန့်များဖြင့် ကိုယ်တွင်းသို့လောင်းလျက် ပွတ်လူးလိုက်ရာ၊ မွှေးကြိုင်

www.burmeseclassi.com



သော ရန့်ဖြင့် အမောပြေရာ ရလေသည်။

ဝေသည် စိတ်ရှိသလောက် လူက မလိုက်နိုင်ဘဲ ဖြည်းဖြည်းသာသာ လှုပ်ရှားသည်ပင် မောလာလေသည်။ မောလာ၍ နားနားနေနေ အဝတ်လဲရသည်။

ဝေ ဝတ်သည့် အဝတ်များမှာ အအေးမိမည်ကို စိုးရိမ်ခြင်းမျိုးဖြင့် သူတစ်ပါး မြင်ကောင်းအောင် တစ်ထပ်ပြီးတစ်ထပ် ဖုံးဝတ်ထားသည်။ ဆွယ်တာနှင့် ကုတ်အင်္ကျီဝတ်မှ စိတ်ထဲ လုံခြုံသွားလေသည်။ ပူအိုက်သည့် ရာသီများတွင် အတွင်း၌ ပိတ်လက်ရှည်အင်္ကျီကို အထပ်ထပ်ဝတ်ကာ၊ အပေါ်က ပဒုမ္မာအင်္ကျီပွပွ ရွှေဝတ်၏။ လုံချည်ဝတ်ရာ၌လည်း အသားနှင့် ကပ်နေသည့် ပါးပါးချောချော ထဘီများကို မဝတ်တော့ပေ။

ဝေ့ ခန္ဓာကိုယ်လုံးကလေးမှာ နွေဦးတွင် ရော်ရွက်များ ကြွေကျလျက် အရိုးပြိုင်းပြိုင်း ကျဲနေသည့် နွေဦးသစ်ပင်နှင့် တူနေတော့သည်။ တစ်နေ့ထက်တစ်နေ့ ချုံးကျပိန်လှီလာသည့် ခန္ဓာကိုယ်အား နေ့စဉ်မှန်မှန် ပြုပြင်မွမ်းမံ ခြယ်သလျက် ကြည့်ပျော်ရှုပျော် ဖြစ်နိုင်သမျှ ဖြစ်အောင် ဂရုစိုက်နေနေရ၏။ ပိန်ချုပ်ကြုံလှီလာသည့် အဆုံးတွင်သေမှာကိုသိလျက်နှင့် လည်း သူ့တွင် သံဝေဂတရားဟူ၍ မရှိတော့ပေ။ "ကို" စိတ်ချမ်းသာအောင် ဆိုသည့် အသိသာ တစ်ခုတည်း ရှိတော့သည်။

မယ်အေးသည် ဝေ့နားတွင်တစ်ချိန်လုံးရပ်စောင့်ကာ ကူညီလုပ်ကိုင်ပေးနေသည်။ အင်္ကျီကိုလက်လျှိုရန် အဆင်သင့်ဖြစ်အောင် လုပ်ပေးလိုက်လျှင်၊ ဝေသည် သူ့လက်ကလေးကို သူ မသယ်နိုင်သကဲ့သို့ အားယူလျက် မြှောက်လျှိုသွင်းလိုက်ပုံမှာ၊ အရိုးစုကြီး လေးလံစွာ ထောင်လာသကဲ့သို့ တွေ့ရ၍ မယ်အေးမှာ အသက်ရှုပင် မှားသွားလေ၏။ အဝတ်လဲနေခိုက် မောနေသည့် လက္ခဏာမှာ မသက်သာ၍ မယ်အေးရင်ထဲတွင် ဒိတ်ဒိတ် ဒိတ်ဒိတ် ဖြစ်နေလေ၏။

ဝေသည် ဝတ်စားဖြီးလိမ်းပြီး အမောဖြေနေရင်း လက်က နာရီကို



BURMESE CLASSIC .com

www.burmeseclassi.com



ကြည့်လိုက်ရာ လေးနာရီ ထိုးနေသဖြင့် ဆရာဝန်လာချိန် နီးနေပြီ။

အားတင်းလျက် နေရာမှ ထလိုက်ကာ အခန်းထဲမှ ချည့်နဲ့နဲ့နှင့် တဖြည်းဖြည်း နားနားပြီး လှမ်းထွက်လာလျက်၊ လှေကားတွင် အားမကုန်အောင် တစ်ထစ် တစ်ကြိမ်လောက်နားပြီး ဆင်းလာခဲ့သည်။

ဝေသည် အားထုတ်လျက် ပုံပန်းမပျက် ဦးစောဟန်နားသို့ လျှောက်သွားလေသည်။ ဦးစောဟန်မှာ လက်ထဲက စာအုပ်ကို ချလိုက်ကာ၊ ဆိုဖာမှ ထ၍ ဝေ့လက်ကလေးကို ဆွဲယူပြီး ဆိုဖာကုလားထိုင်ပေါ်သို့ ပို့လိုက်သည်။

'ဝေရေ . . . ဒီညနေ အဖျားဝင်ပုံမရဘူး။ "ကို့"မျက်စိထဲမှာ လန်းသလိုပဲ၊ ရေပတ်တိုက်ခဲ့သလား'

ဝေ၏ အသည်းနှလုံးသည် လျှင်မြန်စွာ ခုန်နေသဖြင့် စကားမဖြေနိုင်။ အပြုံးဖြင့် ခေါင်းညိတ်ရသည်။

ဦးစောဟန်သည် ဝေ၏ လှပသော ကြက်သွေးရောင်ခံ ပွင့်ရိုက်အနွယ်အခက် ဖြူဖြူကလေးတွေကို ကြည့်လျက် 'ဝေ့လုံချည်ကလေးက ဝေနဲ့ သပ်လိုက်တာပဲကွယ့်'ဟု ပြောလိုက်သည်။ ပြောနေကျ ပြောရိုးထုံးစံအတိုင်းပင် ဝေ့ကိုယ်မှ အဝတ်အစားများကိုရှာကြံပြီး ချီးမွမ်းနေသည်။ ဝေ့ကို သေသေချာချာ ကြည့်လေသည်။ သူ့အကြည့်မှာ ဝေ့အလှကို ကြည့်သော အကြည့်မျိုး လုပ်၍ ကြည့်နေလျက်၊ သူ့မျက်လုံးများမှာ ဝေ့၏ ရုပ်မပေါ်သော ပုံပန်းကို ဖယ်ရှားထားပြီးသား ဖြစ်သည်။

'ဒီနေ့ ဘယ့်နှယ်နေသလဲ ဝေရယ်'

ဝေသည် တတ်နိုင်သလောက် အားထုတ်ပြောရသော အသံဖြင့် 'ပေါ့ပါတယ် ကို'ဟု ဆိုလေသည်။

ဦးစောဟန်သည် ခေါင်းကိုညင်သာစွာညိတ်လိုက်သည်။ သေချာစွာ ကြည့်လိုက်သောအခါ သူ့မျက်လုံးများမှာ ငေး၍နေကာ၊ ပူဆွေးနေသည့် အစအနများသည် မျက်ရည်ထဲတွင် ပေါ်နေပေသည်။

စကားစ ရှာရင်း ဝေသည် နှုတ်ခမ်းကို လျှာနှင့်လျက်ကာ 'ကို

www.burmeseclassi.com



ရေချိုးလေ’ဟု လှမ်းပြောလိုက်သည်။

ဦးစောဟန်သည် မျက်မှောင်ကုတ်ကာ နာရီကို ငုံ့ကြည့်လျက် ထိုင်ရာမှအထ၊ ပန်ချာပီ ဆရာဝန်ကြီး၏ ဖြူဖွေးသော ဦးပေါင်းထုပ်မှာ လိုက်ကာတွင်းသို့ ရောက်လာလေ၏။

ဆရာဝန် အထဲရောက်လာလျှင် ‘ဒီနေ့ ဘာထူးသလဲ ဒေါက်တာ’ ဟု ဆီး၍ နှုတ်ဆက်ပြီး မေးလိုက်၏။

‘အို . . . ရှိတယ်၊ ရန်ကုန်မှာ အစိုးရအဖွဲ့ ဖွဲ့လိုက်ပြီ’ဟု သူကြားသိရသော သတင်းများကို အင်္ဂလိပ်လိုရော၊ မြန်မာလိုရောပြောပြလေသည်။

ဦးစောဟန်မှာ အစိုးရအဖွဲ့ ဖွဲ့ပြီးပြီဆိုသောသတင်းဖြင့် ရင်ထဲသက်သာရာ ရသွားသည်။ သခင်များ၏ အုပ်ချုပ်ရေးအဖွဲ့မှ ကမောက်ကမ ဥပဒေများမှာ ပရမ်းပတာ နိုင်လွန်း၍ နှလုံးမချမ်းသာအောင် ဖြစ်နေလေရာ၊ မကြိုက်နှစ်သက်သော်လည်း မဝေဖန်ရဲပေ။

ဆရာဝန်သည် ဝေ့အနားသို့လာကာ လက်ကလေးကိုလာကိုင်လျက် သွေး စမ်းကြည့်နေရင်း ‘မောတာ သက်သာသလား’ဟု မေးကြည့်သည်။

ဝေက ပြုံးကာ ခေါင်းကို ညိတ်နေသည်။ ‘ကောင်းပါတယ်’ ဟု ဆိုလျက် လက်ကလေးကို လွှတ်ချလိုက်မှ ဦးစောဟန်သည် ဆရာဝန်ထံ ခွင့်တောင်းကာ ရေသွားချိုးလေသည်။

ဝေသည် ထမင်းစားခန်းထဲသို့ ဆရာဝန်နှင့်အတူ ဝင်လာခဲ့ကြသည်။ မောင်မြမှာ ရေနွေး၊ ရေအေးများ အဆင်သင့်ဖြစ်အောင် ပြင်ဆင်လျက် အလုပ်များနေလေသည်။ ‘လက်မောင်းလား၊ တင်ပါးလား ဒေါက်တာ’ဟု ဝေက မေးလိုက်ရာ၊ ဆရာဝန်သည် လက်ဝါးကိုဖြန့်ကာ ခေါင်းနှင့်အတူ လှုပ်ရင်း ‘တင်ပါး ထိုးမယ်’ဟု ပြော၍၊ ဝေမှာ ထမင်းစားခန်းထဲတွင် ရွှေ့ထားသော ညောင်စောင်း ခုတင်လေးပေါ်တွင် ထိုင်ချလိုက်သည်။

‘မယ်အေးကို အစ်မ ခိုင်းလိုက်သလား၊ ဟိုဘက် ကူးသွားတယ်



BURMESE CLASSIC .com

www.burmeseclassi.com



ထင်တယ်’

မောင်မြမှာ တင်ပါးဆေးထိုးခါနီး မယ်အေးအနားတွင် ရှိရမည်ဖြစ်၍ ဝေ့ကို မေးနေသည်။ ဝေက ခေါင်းညိတ်လျက် ‘ကိစ္စ မရှိဘူး’ဟု မောသံဖြင့် စကားပြန်သည်။

မောင်မြသည် ပြင်ဆင်ပေးပြီး ရှောင်ထွက်သွားလေသည်။ ဝေသည် ဈောင်စောင်းပေါ်၌ အသာကလေး လဲလျောင်းလိုက်ကာ၊ ဆရာဝန်လက်မှ အပ်ချောင်းကို လှမ်းစိုက်ကြည့်နေလေသည်။ ဆေးထိုးခါနီးတိုင်း ဝေ့ရင်မှာ ခုန်နေကျ။ အကြောအခြင်များလည်း ဖျင်းတင်းတင်း၊ ကျင်တင်တင် ဖြစ်လာသည်။

ဆရာဝန်သည် တဟဲဟဲရယ်လျက် စကားရော ဖောရောဖြင့် ဝေ့နားသို့ လျှောက်လာသည်။ ဝေသည် ကိုယ်ကို စောင်းပေးလိုက်ကာ မျက်စိကို စုံမှိတ်လိုက်လေ၏။

သည်တစ်ကြိမ်အနာဆုံးပဲဟု ဝေ့စိတ်ထဲတွင် ထင်မှတ်လိုက်သည်။ အားကို တင်းခံသော်လည်း၊ ခြေထောက်တွေ တဆတ်ဆတ် တုန်နေကာ ပါးစပ်မှာ ရွဲ့သွားလေ၏။

ဝေသည် အသက်အတန်ကြာမရှူဘဲ အပ်ဖြုတ်လိုက်မှ ပါးစပ်ရွဲ့ရွဲ့ပင် ရှိုက်၍ ပြန်ရှူလိုက်လေသည်။ မောဟိုက်ပန်းရှိုက်စွာဖြင့် နောက်ဆုံးအကြိမ်ပဲ ဖြစ်ပါစေတော့ဟု စိတ်ထဲတွင် ကျိတ်ဆုတောင်းလိုက်မိသည်။ ဆရာဝန်မှာ ဆေးထိုးပေးပြီး တင်ပါးကိုလက်ဝါးနှင့်ဖိ၍ နယ်ပေးလိုက်ရာ၊ ဝေ့မှာ အရိုးကွဲမတတ်နာသွားပြန်လေသည်။ ဝေသည်တင်ပါးအောင့်အောင့်ဖြင့် ဈောင်စောင်း၌ပင် လှဲခွေ၍ နေသည်။ ဦးစောဟန်မှာ ရေချိုးပြီးဆင်းလာကာ ဝေ့ကို ငုံ့ကြည့်လျက် ‘နာသေးသလား ဝေ’ဟု မေးသည်။

ဝေသည် ငိုမလို ရယ်မလို မျက်နှာဖြင့် ခေါင်းကို ခါပြနေလေရာ၊ ဦးစောဟန်က ပြုံးလျက် ‘ခဏပါ ဝေရယ်၊ လာလေ အပြင်ကို’ဟု ဆိုကာ ဝေ့ပခုံးကို ဖေးမ ဆွဲ ထူပေးလိုက်သည်။

www.burmeseclassi.com



ဝေသည် "ကို့"ကို ဖက်ပြီး ရင်ခွင်ထဲတွင် ခေတ္တခဏလောက် နေလိုက်ချင်သောစိတ်မှာ ဘယ်လို ထိန်းရမည်မသိအောင်ပင် ပေါ်ပေါက်လာသည်။ သို့ရာတွင် ဝေသည် တံတွေးကို မျိုချလိုက်ကာ၊ လူချင်း မနီးကပ်အောင် ထ၍ ရပ်လိုက်လေသည်။ "ကို့"ရင်ခွင်နှင့် ဝေးသည်မှာ ကြာပါပြီကော။

သညာကင်းမဲ့သော သူကဲ့သို့ ချည့်နဲ့သော ခြေလှမ်းများဖြင့် ကို့နောက်မှ လျှောက်လိုက်လာသည်။ ဆိုဖာတွင် လှဲမှီ၍ထိုင်ကာ နွမ်းနယ်သော စိတ်မှာ ကြေကွဲ ဝမ်းနည်းခြင်းဖြင့် မျက်ရည်တို့သည် မျက်လုံးအိမ်တွင် ဥလာ၍ လက်ကိုင်ပဝါနှင့် မျက်လုံးကို ပွတ်နေလေသည်။

ဦးစောဟန်သည် ဆရာဝန်နားတွင် ထိုင်မည်ပြုပြီးမှ 'ဝေ့ မျက်လုံး ဘာဖြစ်သလဲ'ဟု ပြောကာ ထ လာပြန်သည်။

ဝေသည် မျက်လုံးကို ပွတ်မြဲပွတ်လျက် 'မျက်လုံး ယားလို့ပါ'ဟု ဆိုသော အသံမှာ တစ်ဆို့ကာ လှိုက်လှဲနေ၏။

'သိပ်မပွတ်နဲ့လေ'ဟု ဆို၍ ဝေက လက်ကိုင်ပဝါကို ရုပ်လိုက်လျှင်၊ ဆရာဝန်လည်း ဝေ့နားရောက်လာကာ မျက်စဉ်းရည်ကလေး ခတ်လိုက်ရန် ပြော၍၊ ဦးစောဟန်က 'မယ်အေး'ဟု လှမ်းခေါ်လိုက်သည်။

မယ်အေးမှာ တော်တော်နှင့် ထွက်မလာ။ မောင်မြသည် မီးဖိုထဲမှ ပြေးထွက်လာပြီး 'မယ်အေးမရှိပါဘူး။ ဘာလိုချင်ပါသလဲ'ဟု လာမေးသည်။

'ဘယ်သွားပြန်သတုံး၊ ဒီကောင်မလေးဟာ ဟိုဘက်အိမ် သွားပြန်ပြီ ထင်တယ်၊ ဝေ ဘာခိုင်းလိုက်သလဲ'

'နံ့သာဖြူတုံး သွားယူတယ်'ဟု ဝေက ပြောပြီး၊ သွားတာ ကြာလိုက်တာဟု စိတ်ထဲက အပြစ်တင်နေလေသည်။

ဦးစောဟန်သည် ကိုယ်တိုင် အိမ်ပေါ်သို့ ပြေးတက်ယူပေးကာ၊ ဆရာဝန်က ဝေ့မျက်စိထဲသို့ အစက်ချပေးလိုက်သည်။

နေရောင်မှာ ပို၍ရဲလာကာ ပြတင်းမှ ခန်းဆီး အစိမ်းပုပ်များလည်း

www.burmeseclassi.com



လူးလွန့်နေ၏။ လေက ခပ်ပြင်းပြင်း တွန်းလိုက်သည့်အခါ တဖျပ်ဖျပ် ခတ်နေလေသည်။

ဝေသည် အရက်သောက်နေကြသော ဆရာဝန်နှင့်ဦးစောဟန်တို့ကို ကျော်လျက် ပြတင်းကိုငေးကြည့်နေလေသည်။ တစ်ဖက်အိမ်ကြီး၏ ဝေနေ ခဲ့သော အခန်းပြတင်းပေါက်ကို မြင်ရလေသည်။ ပြတင်းပေါက်မှာ ၁၂ ရာသီ ပိတ်ဆို့လျက် ယနေ့မှ ထူးထူးခြားခြား တစ်ခြမ်းပွင့်နေသည်။ ကာလအတန်ကြာ ဖြေဖျောက်နေခဲ့သော အတိတ်တို့သည် ဟိုနေရာက ဖျတ်ခနဲ၊ သည်နေရာက ဖျတ်ခနဲ အလျှိုအလျှို လှုပ်ရှားပေါ်ထင်သွားကာ ကွယ်လိုက် ပျောက်လိုက်၊ ပေါ်လိုက် မြင်လိုက် ဖြစ်နေလေ၏။

အထူးသဖြင့် ဖခင်၏မျက်နှာကို မြင်မိရာအသက်ရှင်စဉ်က မျက်နှာကိုမမြင်မိဘဲ၊ သေစဉ်က ပဝါလှပ်ကြည့်ခဲ့သောမျက်နှာကို သွားမြင်မိသည်။ ချုပ်ငြိမ်းသွားသော ဘဝ. . .။

သည်ပုံမှာ အာရုံထဲက တော်တော်နှင့်မထွက်ဘဲ ဖြစ်နေစဉ်၊ လိုက်ကာနောက်၌ ခြေသံကြားရမှ ဖျတ်ခနဲ ပျောက်ကွယ်သွားတော့ကာ နေရာမှ ထ လိုက်သည်။

'ဝေ ဘယ်လဲ'

ဦးစောဟန်သည် ဆရာဝန်နှင့် စကားပြောဖြတ်လျက် လှည့်မေးသည်။

'ရေချိုးခန်းကို'

ဝေ အခန်းတွင်းသို့ဝင်လျှင် ထိတ်လန့်စွာဖြင့် မယ်အေးမျက်နှာကို ကြည့်လိုက်မိသည်။ မျက်နှာကြီးတစ်ခုလုံး ရဲလျက်။ မျက်လုံးမှာ အစ်နေသလိုလို၊ မျက်စိပျက် မျက်နှာပျက်ပြီးနေကာ ဝေ့ကို မြင်မှ ပြင်လိုက်သော မျက်နှာကြောင့် သာ၍ပင် ထိတ်လန့်သွားကာ ခြေလှမ်းကိုဆိုင်းလိုက်သည်။ ဖုံးကွယ်မှုများကို လုပ်ရဖန်များသော ဝေ့မှာ သူတစ်ထူး၏ ဖုံးကွယ်ခြင်းကို လျင်ပြီး မြင်ပြီး ဖြစ်နေလေ၏။



BURMESE CLASSIC .com

www.burmeseclassi.com



မယ်အေး၏ ငိုလာသော မျက်နှာကြီးမှာ သိသာ ထင်ရှားလွန်း၍ မယ်အေးအနားသို့ နှလုံးတုန်တုန်ဖြင့် ဆက်လျှောက်သွားကာ မယ်အေးကို စေ့စေ့ကြည့်လျက် 'ဘာဖြစ်လို့လဲ'ဟု မေးလိုက်သည်။

မယ်အေးမှာ ဝေ့ကို မျက်တောင်မခတ် မျက်လုံးကြီး ပြူးလျက် ပြောရန် ထစ်အနေ၏။

'ပြောစမ်း'

ဝေ့လေသံမှာ တုန်ယင်နေလေရာ မယ်အေးမှာ ပြောသင့် မပြောသင့် ချိန်နေရာက သိစေသချင်သည့်စိတ်က ပိုများလာကာ၊ မအောင့်နိုင်လွန်း၍ ဝေ့နားသို့ တိုးတိုး ကပ်ပြောလိုက်သည်။

'အစ်ကိုကြီးကိုလေ ဂျပန်တွေ လာဖမ်းသွားတယ်၊ ကမ်းနားမှာ မော်တော်တော့ မထွက်သေးဘူး၊ မမသန်းတို့ လိုက်ပို့တယ်'

ဝေသည် မယ်အေးပခုံးကို လှမ်းကိုင်လိုက်ကာ အံကိုကြိတ်လျက် တုန်နေလေသည်။ မျက်လုံးမှ စီးကျတော့မည့်မျက်ရည်တွေကို အစွမ်းကုန် ကြိုးစားပြီး ထိန်းလိုက်သည်။ လေမုန်တိုင်းတိုက်သောအခါ လှိုင်းလုံးကြီး သည် ကမ်းပါးကို ပြင်းထန်စွာ ရိုက်ခတ်နေသကဲ့သို့ အသည်းနှလုံးတို့သည် ရင်ဘတ်ကို ပြင်းထန်စွာ ရိုက်ခတ်လျက် ရှိနေ၏။

နတ်ဝင်သည်လို တုန်နေသော ကိုယ်ဖြင့် အိမ်ရှေ့သို့ လှမ်းထွက် လာကာ၊ ဦးစောဟန်တို့အနားရောက်လျှင် လဲကျတော့မလောက်ဖြစ်လာ၍ လဲမကျအောင် ထိန်းလိုက်ရသည်။

ဦးစောဟန်မှာ ဝေ၏ ချောက်ချားလာသော အမူအရာကို အံ့အား သင့်စွာဖြင့် 'ဝေ. . ဘာဖြစ်သလဲ ဝေ'ဟု ကမန်းကတန်း မေးလိုက်သည်။

'အစ်ကိုကြီးကို ဂျပန်တွေ ခေါ်သွားတယ်၊ ကမ်းနားမှာ'

ဝေသည် မောဟိုက်သံဖြင့် တုန်တခိုက်ခိုက် ပြောလိုက်ရာ၊ ဦးစော ဟန်မှာ 'ဟိုက်'ဟု တစ်ချက်သာ အော်နိုင်လျက် မျက်လုံးပြူးနေလေ၏။

ဆရာဝန်မှာ 'အို'ဟု ဆိုကာ မတ်တပ် ထရပ်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassi.com



'ကို၊ ဝေ့ကို ခွင့်ပေးပါ၊ ဝေ သွားတွေ့ပါရစေ၊ ဝေ့ကို ခွင့်ပေးပါ၊ ဝေ တွေ့ပါရစေ'

ဝေသည် မျက်စိမှိတ်ပြီး အတင်းမရမက ပြောနေလေ၏။ ဦးစောဟန်မှာ မျက်လုံးကြီးဝိုင်းလျက် ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေကာ 'မဟုတ်တာ ဝေရယ်. . ဝေသွားလို့ဘယ်ဖြစ်မလဲ၊ ဂျပန်တွေဆီသွားလို့ ဘယ်ဖြစ်မလဲ၊ တော်တော်ကြာ တသီတတန်းကြီး လိုက်နေဦးမယ်။ ပြီးတော့ ကမ်းနားက အဝေးကြီးရယ်၊ ဝေ သွားလို့ ဘယ်ဖြစ်မလဲ'

ဦးစောဟန်သည် အသက်မရှူဘဲ ကမူးရှူးထိုး ပြောနေရာ ဝေ့မှာ ရင်ထဲ၌ အောင့်နာလှစွာဖြင့် ဦးစောဟန်၏ လက်ကို ခွန်အားရှိသရွေ့ ညှစ်ထုတ် ဆုပ်ထားလေပြီး၊ မျက်ရည်အသွယ်သွယ် ကျလျက် တိုးလျှိုး တောင်းပန်သော မျက်နှာလေးဖြင့် ငိုသံပါပါ ထပ်မနား တောင်းပန် ပြောနေလေသည်။

'ကိုရယ်၊ နောက်ဆုံးခွင့်ပြုလိုက်ပါ၊ တွေ့ရုံလေးပါ၊ နှုတ်ဆက်ရုံလေးပါ။ ဝေ သွားရမှ ကျေနပ်မယ်၊ ဝေ သွားရင်း လမ်းမှာပဲ သေချင်သေပါစေတော့၊ သွားပါရစေ ကို. . သွားပါရစေ၊ နောက်ဆုံးပါ'

ဝေ့မှာ အစ်ကိုကြီးနဲ့တွေ့ရခြင်းသည် နောက်ဆုံးပါပဲဟု သိလိုက်၏။ ထိုနောက်ဆုံးမှာ သူ့ကို အစ်ကိုကြီးကို တွေ့သွားရသည့် နောက်ဆုံးလောဟု သို့မဟုတ် သူက အစ်ကိုကြီးကို တွေ့လိုက်ရသော နောက်ဆုံးလောဟု ခွဲခြားမည်ဆိုသော် သူရော၊ အစ်ကိုကြီးရော နောက်ဆုံးချည်းပဲ ဟူသော အသိမျိုးဖြင့် ဇွတ်တိုး တောင်းပန်နေခြင်းဖြစ်လေ၏။

ဦးစောဟန်မှာ ခေါင်းကို ယမ်းနေကာ 'အို-မဟုတ်တာ၊ မဟုတ်တာ' ဟု ဒါပဲ ပြောနိုင်၏။

ဝေ့ပခုံးလေးကို ဆရာဝန်က ကိုင်ကာ 'မသွားပါနဲ့၊ သွားဖို့မကောင်းဘူး၊ သူ့ကို စစ်ဆေးပြီးပြန်ပို့မှာပေါ့'ဟု မသွားရန် ဖျောင်းဖျပြောနေသည်။

ဝေ့မှာ စိတ်ရှိသရွေ့ အားကိုတင်းကာ နောက်ဆုံးအနေဖြင့် ဦးစော

www.burmeseclassi.com



ဟန်၏ မျက်နှာကို စိန်းစိန်းကြီးကြည့်လျက်၊ သူ ပြောချင်သည့် စကားကို ပါးစပ်က ထွက်အောင် ကြိုးစားအားထုတ်ပြီး ပြောလိုက်သည်။

'ဝေ့ကို မသနားဘူးနော်၊ မချစ်ဘူးနော်'

ပါးပေါ်တွင် မျက်ရည်ပေါက်ကြီးများဖြင့် လှိုက်လှိုက်လှဲလှဲ ပြောလိုက်သော၊ နာကြည်းကြေကွဲလှသောအသံမှာ ဦးစောဟန်၏ နားထဲတွင် တူးတူးခါးခါး ဖြစ်သွားလေသည်။ ဦးစောဟန်မှာ မျက်စိမျက်နှာပျက်သွားလျက် နှုတ်ခမ်းကိုကိုက်ကာ၊ ပြန်မပြောနိုင်လောက်အောင် ရင်ထဲဆို့သွားလေ၏။

ဝေသည် ချာခနဲလှည့်၍ ကြီးမားသော ဆန္ဒဖြင့် ဖွတ်တိုး၍ သွားတော့မည့်ဟန်ပြုရာ၊ ဆရာဝန်နှင့် ဦးစောဟန်ပါ ဝေ့ကို ဝိုင်းဆွဲကြလျက် ဆိုဖာပေါ်သို့ ပို့လိုက်သည်။

အစ်ကိုကြီးနှင့် မတွေ့ရတော့ပြီဖြစ်၍ ရင်ထဲတွင် နာဟာသွားလျက်'အစ်ကိုကြီးရေ'ဟု တတ်နိုင်သမျှ ကြုံးအော်လိုက်မိပြီးနောက်ပျော့ကျသွားလေသည်။

ဝေသည် သုံးရက်လုံးလုံး အိပ်ရာပေါ်မှ မထဘဲလဲနေသည်။ အိပ်ရာထဲဝယ် ငြိမ်သက်စွာ ရှိလှသည်။ လူ အနားလာလျှင် မျက်လုံးကလေးဖွင့်ကြည့်လျက်၊ လူကွယ်သွားလျှင် ပြန်မှိတ်လိုက်သည်။ သူ့ကို စကားပြောလျှင် ခေါင်းညိတ်သည်၊ ခေါင်းခါသည်။ သည့်အပြင် ပို၍ လှုပ်ရှားခြင်းမပြုတော့ချေ။ ဦးစောဟန်မှာ ဝေ့နားက မခွာ၊ စကားလည်းမပြော။ ဝေ့ကို တွေတွေငိုင်ငိုင်ကြီး ကြည့်နေလေသည်။

သုံးရက်မြောက်၍ နောက်တစ်နေ့မနက် ဝေလီဝေလင်းတွင် ဝေသည် အိပ်ရာထဲတွင် လှုပ်ရှားနေလေ၏။ ထနိုင်အောင် ကြိုးစားပြီး ထနေလေသည်။ ထနိုင်အောင် ထူထလျက် မွေ့ရာပေါ်တွင် မြဲမြဲထိုင်မိတော့မှ အမောဖြေနေကာ၊ တစ်ဖန် ခုတင်ပေါ်မှ ဆင်းရန် ကြိုးစားပြန်သည်။

ခုတင်နှင့် မနီးမဝေးတွင် မယ်အေးမှာ ပိုးလိုးပက်လက် အိပ်ပျော်



BURMESE CLASSIC .com

www.burmeseclassi.com



နေသည်။

ဝေသည် မှန်တင်ခုံရှိရာသို့ သွားချင်နေသည်။ မှန်ခုံအံဆွဲထဲတွင် သူဝှက်ထားသော“ဒိုင်ယာရီ”စာအုပ်ကလေးကို သွားယူချင်သည်။ ဒိုင်ယာရီ စာအုပ်ကလေးထဲတွင် လက်ထပ်ပြီးနောက် ရေးမှတ်ထားမိသော စာရွက် များကို ဆုတ်ပစ်ချင်သည်။

သူ၏ အိမ်ထောင်သည်ဘဝ၌ နှလုံးသား၏ ဒဏ်ရာများကို ဤ ဒိုင်ယာရီကလေးထဲ၌ လာထင်ခဲ့သည်ချည်း ဖြစ်သည်။ မျိုသိပ်ခဲ့သမျှ ဆုံးရှုံးခဲ့သမျှ ဆုတ်နစ်ခဲ့သမျှတို့၏ ဝေဒနာကို စာလုံးကလေးများဖြင့်သာ ဖော်ပြ အန်ထုတ်ထားခဲ့နိုင်သည်။ ဤစာအုပ်ကလေးသည် မျက်ရည်၏ မြေအောက် ပင်လယ်နက်ထဲ၌ သိုဝှက်ခဲ့ရာ ဖြစ်သည်။

**စိတ်အဆင်းရဲဆုံးနေ့ . . . ။**

**ဖေဖေ့ မျက်နှာကလေး မြင်ချင်လိုက်တာ. . . ။**

**ရင်သွေးလောင်းလေးရယ် ဝဋ်ကျွတ်သွားပြီ . . . ။**

**ဩော်. . . ငါ့ဘဝ။**

**အချစ်သည် နာကျင်လှပါတကား . . . ။**

**မမထားနှင့် ပူးကပ်ပြီး အိပ်လိုက်ရသည်။**

. . . စသည်တို့ကား မှတ်စဉ်အချို့ ဖြစ်၏။ သည်စာအုပ်မှာ သူ၏ အလျှို့ဝှက်ဆုံးပစ္စည်းဖြစ်၏။

အလင်းရောင်သည် မှုန်မွှားမွှားဖြင့် ဝိုးတဝါးဝင်နေကာ မှန်တင်ခုံ ပေါ်မှ မီးတိုင်ကလေးကို ရေးရေးမှေးမှေး မြင်ရသည်။ ဝေသည် မယ်အေးကို နှိုး၍ ယူခိုင်းရမလား၊ သို့မဟုတ် သူကိုယ်တိုင် ယူရန် မှန်တင်ခုံနားသို့ သွားနိုင်မည်၊ မသွားနိုင်မည် ချိန်ဆလျက်လှမ်းကြည့်နေသည်။ မယ်အေးကို သွားနှိုးရမည့် ခရီးက နီးလျက်၊ မှန်တင်ခုံမှာ အခန်းထောင့်တွင် ရှိကာ ခရီးလှမ်းနေ၍ မယ်အေးကို နှိုးရန် ကြံစည်လိုက်သည်။

ဝေသည် ခုတင်အောက်သို့ ဆင်းလိုက်ရာ မူးဝေ၍ သွားသဖြင့်



BURMESE CLASSIC .com

www.burmeseclassi.com



ခုတင်တိုင်ကို မြဲမြဲ လှမ်းကိုင်ရသည်။ အတန်ကြာအောင်ပင် မောဟိုက်နေ၏။ ခေါင်းထဲ၌ ပွက်ပွက်ဆူနေသလိုလို၊ လည်ချောင်းထဲ၌ တစ်နေသလို၊ ရင်ထဲ၌လည်း လှိုက်လှိုက်လာကာ နွမ်းနယ် ပန်းလျလှသော်လည်း စိတ်ထဲ၌ အားအင်ရှိသေး၏။

ထိုစိတ်ထဲက အားအင်ဖြင့် ဝေသည် မယ်အေးနားသို့ တရွေ့ရွေ့ သွားနေသည်။ မယ်အေးနားသို့ မရောက်မီ မယ်အေးသည် ဆတ်ခနဲ မျက်လုံးဖွင့်လိုက်ကာ လူးလဲလျက် ကျုံးထလိုက်သည်။ မယ်အေးကို ဝေက လှမ်းဖက်လိုက်သည်။ မယ်အေးကလည်း ဝေ့ကို ပြန်ဖက်လိုက်ရာ အရှိန်ဖြင့် ဝေရော မယ်အေးရော နှစ်ယောက်စလုံး ကြမ်းပေါ်သို့ ပုံလဲသွားကြသည်။ မယ်အေးမှာ ကပျာကယာ လူးလဲထနေကာ ဝေ့မှာ သတိလစ်နေလေ၏။

ဝုန်းခနဲအသံကြီးကြား၍ အိပ်ရာမှ ပြေးထလာသော ဦးစောဟန်မှာ ဝေ့ကို မြင်မြင်ချင်း မျက်လုံးများ ပြာသွားလေသည်။

ဦးစောဟန်သည် တုန်ယင်စွာဖြင့် ဝေ့ကို ကုန်း၍ ထိတ်ထိတ်လန့်လန့် ကြည့်နေလျက်၊ မယ်အေးက ကုန်းပွေ့လိုက်မှ ဝိုင်းပွေ့ရန် သတိရလေသည်။

မယ်အေးသည် ပိုက်ပွေ့ထားရင်း 'ထ လာပြီး မူးလဲသွားတယ် အစ်ကိုရယ်'ဟု အက်ကွဲတုန်ရီသောအသံဖြင့် ပြောကာ၊ ဝေ့ကို ခုတင်ပေါ်သို့ ချလိုက်သည်။

ဦးစောဟန်သည် ဝေ့လက်ကလေးကို ကိုင်လျက် 'ဝေဝေ. . . 'ဟု ခေါ်နေစဉ်၊ မယ်အေးမှာ အောက်သို့ ပြေးဆင်းလျက် မောင်မြကို ဆရာဝန်ခေါ်ခိုင်းလိုက်သည်။

ဦးစောဟန်မှာ အသက်မှ ရှိသေးရဲ့လားဟု စိုးရိမ်ကြီးစွာဖြင့် လက်စမ်းလိုက်၊ ခြေစမ်းလိုက်ဖြင့် ဘာလုပ်ရမှန်းမသိအောင် မွှန်နေလျက် ကတုန်ကယင်နှင့် ချောက်ချားနေသည်။

ဆရာဝန် ရောက်လာ၍ ဆရာဝန်၏ စိုးရိမ်ပူပန်နေသော မျက်လုံး

www.burmeseclassi.com



ကြီးကိုကြည့်ရင်း ခေါင်းထဲသွေးရောက်လာကာ 'ဝေရေ. . ဝေ'ဟု တဝေဝေ တ ခေါ်နေသောအသံကို လှိုက်လှဲစွာ ကြားကြရသည်။

ဆရာဝန်မှာ ဝေ၏ ရင်ညွှန့်ကို နားကြပ်ဖြင့် ထောက်လျက် နှလုံး ခုန်သံကို နားထောင်ကြည့်သည်။ ဖျော့တော့အားနည်းစွာဖြင့် ခုန်နေသော နှလုံးကို ဂရုစိုက် နားထောင်နေ၏။

'မူးသွားတာပဲ၊ ဘယ်လို လဲတာလဲ'

ဆရာဝန်က မယ်အေးကို လှမ်းမေးလျှင် မယ်အေးမှာ ဘယ်လိုဖြေရ မှန်း မသိအောင် တဆတ်ဆတ် တုန်နေလျက် 'ကျွန်မကို လှမ်းဖက်လိုက် တာပဲ'ဟု သည်မျှသာ ပြောနိုင်တော့သည်။

တစ်နာရီလောက်ကြာမှ ဝေ့မျက်လုံးကလေး ပွင့်လာကာ ဟိုဟို သည်သည် ကြည့်၏။ ကြီးတော်သက်ကို ခပ်မှုန်မှုန် မြင်မိသည်။ ကြီးတော် သက်မှာ ရင်ထဲက အပူလုံးကြီးကို ဖုံးဖိလျက် မချိပြုံး ပြုံးလိုက်လေသည်။

'ဝေဝေ . . . သက်သာရဲ့လား'

ဝေသည် 'ကို့'ကို လှမ်းကြည့်လေသည်။ "ကို့"ကို ကောင်းကောင်း မမြင်ရသော်လည်း သတိကောင်းကောင်း ရနေသည်။ "ဆရာဝန်က မရနိုင် တော့ဘူး"ဟု နောက်ဆုံးစကား ပြောထား၍ ဦးစောဟန်မှာ ကြေကွဲစွာဖြင့် ဝေ့ဘေးတွင် တွေတွေကြီး ကြည့်နေလေ၏။

ဝေ့ဘဝသည် သစ်ပင်တွင် တစ်ရွက်တည်းမကြွေဘဲ ကျန်ရစ်ခဲ့သည့် နောက်ဆုံး ရွက်ဝါလေးနှင့်သာတူတော့သည်။ ထိုရွက်ဝါလေးသည် ကြွေလု ကြွေခင် ဖြစ်နေလေပြီ။

ဦးစောဟန်သည် 'ဝေ'ဟု ခေါ်လိုက်သည်။ ဝေသည် ကြားပုံမရ။ ဝေ့မျက်လုံးသည် တစ်ဦးတစ်ယောက်ကို ရှာသလို၊ တစ်ဦးပြီးတစ်ဦး လိုက် ကြည့် နေလေသည်။ မယ်အေး၏ မျက်နှာမှာ မျက်လုံးထဲတွင် ကောင်းစွာ မပီသသော်လည်း မယ်အေးမှန်းတော့ သိသည်။ ဝေသည် မယ်အေးအား တစ်သမတ်တည်း စိုက်ကြည့်လျက် နေ၏။ မှုန်ငေးစွာကြည့်နေရင်း မျက်နှာ



BURMESE CLASSIC .com

www.burmeseclassi.com



လေးမှာ ပြာနှမ်းနှမ်းဖြစ်လာသည်။ မျက်လုံးများသည် မှုန်၍ မှုန်၍ လာလေကာ တဖြည်းဖြည်း မှိတ်သွားလေသည်။

မကြာမီ ဝေ၏ လည်ချောင်းမှ တဂီဂီ ချွဲသံကို သဲ့သဲ့ကြားကြရသည်။ ရင်ဘတ်လေးမှာ မို့မောက်လာလေကာ လှိုင်းထစ ပြုလေပြီ။

'ဝေရယ်. . ဝေရေ. . ဝေ'

ဦးစောဟန်၏ အသံမှာ အက်ကွဲခြောက်သွေ့နေ၏။ မောပန်း၍ လာသည်။ မျက်လုံးတွင် မျက်ရည်တွေ ပြည့်နေလေသည်။ ဝေ၏ မဟန်သည့်အဖြစ်ကိုကြည့်ကာ နှုတ်ခမ်းကို ကိုက်လျက်ရှိသည်။

အမောပြင်းထန်လာ၍ ဆရာဝန်သည်အမောပြေစေရန်ဆေးထိုးပေးတော့မည်။ အားလုံးပင် ဝေ့ကို တစ်လှည့်၊ အပ်ကိုတစ်လှည့် စိုက်ကြည့်ကြလေသည်။ ဝေ့မှာ အပ်ကို မမြင်ရတော့ပေတကား။

လက်မောင်းအကြောထဲသို့ အပ်ထိုးသွင်းလိုက်လျှင်၊ ဝေသည် မေးကို ငေါ့ပြီး နှုတ်ခမ်းရွဲ့လိုက်ကာ ရုန်းကန်ရင်းပင် အသက်ထွက်သွားလေသည်။

နွေနှောင်းရာသီသို့ ရောက်ပေပြီ။ ရွက်ကျင် ရွက်ဝါတို့ တဖြုတ်ဖြုတ် ကြွေကျလျက် ရှိလေရာ၊ တမြည့်မြည့် ကြွေကျသွားသောရွက်ဝါကလေးသည် လေသယ်ရာသို့ လွင့်တော့လေပြီ. . .။

**ဂျာနယ်ကျော်မမလေး**

❑

www.burmeseclassi.com

# မုန်းရွေ့မဟု

ဂျာနယ်ကျော်မမလေး

BURMESE CLASSIC .com